

လေးကျွန်းကေရီသိုင်းဒေါ

ပဟ

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၅၃၃/၉၄(၁၁)
စာမူ ခွင့်ပြုချက်အမှတ် ၁၈၂/၉၄(၁၀)

ထုတ်ဝေခြင်း
ပထမအကြိမ်
၁၉၉၄ ခု၊ နိုဝင်ဘာလ
အုပ်ရေ
၅၀၀ အုပ်
တန်ဖိုး
သုံးဆယ်ကျပ်တိတိ

စာပေ
၁၀၀ ကျော်မြန်မာပြည်ဖြန့်ချိရေးမဏ္ဍလေး

# ရဲမာန်အောင်

‘လေးကျွန်းခေတရီသိုင်းဒေဝီ’
စာစဉ် (၁)

ဖြန့်ချိရေး

မြနှိုးဆောင်း
စာပေ
အမှတ် ၅၂၊ ဗိုလ်လမ်း [illegible]
[illegible]
[illegible]

ထုတ်ဝေသူ
ဦးစိန်ကြီး(၀၅၄၁)
ရွှေရုပ်လွှာစာပေ၊
အမှတ် ၆၄၊ ဗညားဒလလမ်း၊
မြေညီထပ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်မြထွေး(၀၂၂၇၄)
တော်ဝင်ပုံနှိပ်တိုက်
အမှတ် ၉၂၊ ၂၈ လမ်း၊
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း(၀၁၄၂၇)
သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၀ လမ်း
ရန်ကုန်မြို့။

# ရဲတန်ဆောင်

လေးကျွန်းကောရီ သိုင်းဒေဝီ

စာစဉ် ( ၁ )

(၁)

သေးသွယ်ကျစ်လျစ်သော ကိုယ်လုံးပေါ်တွင် ချည်ကြမ်းဖြင့် ရက်လုပ်ထားသော အနွေးထည်များကို ဝတ်ဆင်ထားသော ဝမ်ကျင်ယီသည် ဈေးနှင့် မလှမ်းမကမ်းတွင်ရှိသော လမ်းထိပ်သို့အရောက်တွင် မြင်းရထားမှ ဆင်းလိုက်သည်။

ထို့နောက် အင်္ကျီလက်မောင်းပေါ်တွင် တင်နေသော ဖုန်များကို ခါလိုက်ပြီး လမ်းထဲသို့ ချိုးဝင်ခဲ့လေသည်။

မြို့တွင် သူမ မရှိခဲ့သည်မှာ တစ်လကျော်ပြီ ဖြစ်သည်။

အကြောင်းမှာ ဆင်တပ် မြင်းတပ်ကြီးများ မြို့တော်တွင်းသို့ တိုးဝင်ချီတက်မလာနိုင်ရန် ကတုတ်ကျင်းများ တူးနေသည့် နေရာသို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။

ပထမဆုံး မြို့တော်၏ တောင်ဘက် ထို့နောက်မြို့တော်၏ ဆင်ခြေဖုံး တစ်ခုဖြစ်သော အိုရင်ချ်နှင့်ချပ်၏ အနောက်တောင်ဘက်၊ ထို့နောက်တွင် မွန်ဂိုတပ်များက ချန်ဘီမြို့ကို သိမ်းပိုက်လိုက်ပြီဟု ဆိုသောအခါတွင် မြို့တော်၏ မြောက်ဘက်တွင်ရှိသော ကန်ဘီရွာဘက်တွင် ဖြစ်သည်။

ထိုအချိန်များကဆိုလျှင် သူမနှင့်အတူ ထောင်ပေါင်းများစွာသော အမျိုးသမီး အမျိုးသားတို့သည် ရှုံ့မြတ်ငုတ်များနှင့် လယ်ကွက်များထဲတွင် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် မြေကြီးပေါ်၌ အိပ်စက်ခဲ့ကြရသည်။

— ထိုထောင်ပေါင်းများစွာသော လူများသည် မွန်ဂိုတပ်ကြီး ချီတက်လာနိုင်သည်ဟု ယူဆရသော လမ်းတစ်လျှောက်တွင် ဆင်တား၊ မြင်းတား၊ မြောင်းကြီးများ၊ ပြောင့်ကျင်းများ တူးဖော်ပြီး ရန်သူသိနိုင်အောင် ဖုံးဖျက်ထားခြင်း၊ အသေးစား သစ်လုံးခံအပ်ငယ်များ ဆောက်လုပ်ခြင်း စသည့်အလုပ်များကို ပင်ပန်းစွာ ပြုလုပ်ခဲ့ကြရသည်။

ဝမ်ကျင်ယီ အပါအဝင် သိုင်းပညာ အတန်အသင့်တတ်မြောက်ထားကြသော လူအချို့မှာမူ အားစပ်ရန်သို့မဟုတ် လမ်းပန်းအခြေအနေ သိရှိနိုင်ရန် မကြာခဏ ထိုးဖောက်ချီတက်လာကြသော ရန်သူမွန်ဂိုစစ်သည်များကို တွန်းလှန်တိုက်ခိုက်ရန်အတွက် အမြဲတမ်း စောင့်ကြပ်နေကြရသည်။



ဤရက်များအတွင်း၌ နန်ကင်းမြို့ကြီးအတွင်းမှ သတင်းများကို မကြားရသလောက်ပင် ဖြစ်သည်။

သူတို့အနေဖြင့် အလွန်သေချာစွာ သိနေသောအချက်ကား စစ်အင်အား အလုံးအရင်းဖြင့် ချီတက်လာသော ရန်သူမွန်ဂိုတပ်များသည် မကြာမီသောအချိန်အတွင်း၌ နန်ကင်းမြို့တော်ကြီးအား အဘက်ဘက်မှ ဝိုင်းညှပ်တိုက်ခိုက်ကြတော့မည်ဆိုသော အချက်ပင်ဖြစ်၏။

ယခု သူမသည် တာဝန်ယူရသော လုပ်ငန်းကိစ္စများ ပြီးမြောက်သဖြင့် မြို့တော်သို့ ပြန်လာခဲ့ရခြင်း ဖြစ်သည်။

သူမထင်ထားသည်ကား မြို့တော်မှာ အလွန်ချောက်ချောက်ချားချား ရှိနေလိမ့်မည်၊ သို့မဟုတ်လျှင်သော် ကြောက်ရွံ့စွာ ငြိမ်ကုပ် တိတ်ဆိတ်နေလိမ့်မည်ဟု...

သို့သော်လည်း သူမ ယခုမြင်နေရသော မြို့တော်သည် ယခင်အတိုင်းပင် ရှိနေသည်မှာ အံ့သြစရာကောင်းလှသည်။

လမ်းဘေးတွင်ရှိသော ဈေးဆိုင်များသည် ဝယ်ယူသူတို့နှင့် စည်ကားလျက်ပင် မိန်းကလေးငယ်များသည် လမ်းဘေးတွင် လေးထောင့်ကွက်များသား၍ ခြေတစ်ပေါင်ကျိုး ခုန်တမ်းကစားနေကြသည်။

ယောကျ်ားလေးများကား ဝါးခြမ်းပြားကို ဓားလုပ်၍ စစ်တိုက်တမ်း ကစားနေကြသည်။

ဝမ်ကျင်ယီသည် အေးအေးဆေးဆေး လမ်းလျှောက်နေကြသော လမ်းသွားလမ်းလာများ ကြားမှ လျှောက်လာခဲ့ရင်း လေ့ကျင်းတူးမြောင်းအနားသို့ ရောက်လာခဲ့၏။

သူမတွင် အဆောတလျင်ဖြစ်ရန် အကြောင်းမရှိချေ။
အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့် အိမ်သို့ အဆော
တလျင် ပြန်သွား၍လည်း ကြိုမည့်သူ ရှိနေမည်မဟုတ်သော
ကြောင့် ဖြစ်သည်။

ဝမ်ကျင်ယီသည် တူးမြောင်းကို ခွကျော်ထားသည့် ကုန်း
တံတားပေါ်သို့ တက်ခဲ့၏၊ ဤကုန်းတံတားသည် နှစ်ပေါင်း
များစွာက တည်ဆောက်ခဲ့သော ကုန်းတံတား ဖြစ်သည်။

ထုထည်ကြီးမားသော သစ်သားများဖြင့် စက်ဝိုင်းခြမ်း
ပုံ တည်ဆောက်ထားသော တံတားလည်းဖြစ်သည်။ တံတား
၏ လက်ရန်းတိုင်များသည် လက်နှစ်ဖက်ကို မြှောက်ထား
သော ကညာစင်ရုပ်များဖြစ်၍ ရှည်လျားကြီးမားသော နဂါး
ရုပ် လက်ရန်းကို ကိုင်မြှောက်ထားခြင်းဖြစ်သည်။

လက်ရန်းနှစ်ခုဖြစ်သော ခြူးနဂါးကြီး နှစ်ကောင်၏
ခေါင်းမှာ အလွန်လက်ရာမြောက်လှသည်၊ ဆေးများကွာနေ
ပြီ ဖြစ်သော်လည်း အသက်ဝင်နေသကဲ့သို့ပင် ထင်ရ၏။

ဝမ်ကျင်ယီသည် နဂါးရုပ်ကျောကုန်းပေါ်တွင် လက်
ထောက်၍ အောက်သို့ ငုံ့ကြည့်လိုက်သည်၊ နန်ကင်းမြို့တော်
ကို ကန့်လန့်ဖြတ်၍ ဖောက်လုပ်ထားသော တူးမြောင်းတွင်းမှ
ရေမှာ ရွှံ့နှစ်ရောင် ထနေသည်။

ပေနှစ်ဆယ်ကျော်မှာ တူးမြောင်းထဲတွင် သစ်သီးတင်
လှေတလေးများ အစုန်အဆန် လှော်ခတ် သွားလာနေကြ
သည်။ နေထွက်သည်မှာ မကြာသေးသောကြောင့် ကုန်း



တံတား၏အရိပ်မှာ သူမ၏ ရှေ့ဘက်တူးမြောင်းရေထဲတွင်
ကုန်းကုန်းကြီး ကျနေ၏။

ကုန်းတံတားအောက်ဘက်သို့တည့် ရေထဲသို့ ငုံ့ကြည့်လိုက်
သောအခါ ခေါ့ကျင့်၏ မျက်နှာကို မြင်လိုက်ရသလိုလို....

အမှန်အတိုင်းဆိုရလျှင် ဝမ်ကျင်ယီသည် ခေါ့ကျင့်ကို
ယခင်က ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သည်မဟုတ်။ ပြီးတော့
ခေါ့ကျင့်က သူမထက် အသက်လည်းကြီးသည်။ သို့သော်
ဝမ်ကျင်ယီသည် ခေါ့ကျင့်နှင့် သိုင်းသင်တန်းအတူတူ တက်
ဖူးခဲ့သည်။

တစ်ပြိုင်တည်း နေသူများလည် ဖြစ်၍ အမြင်အတွေ့ကား
များ၏။ သို့သော် ဝမ်ကျင်ယီထက် အသက်ဆယ်နှစ်မျှကြီး
သော ခေါ့ကျင့်သည် ခပ်တန်းတန်း နေတတ်သူဖြစ်သည်။
အဆွေခင်ပွန်း ဖွဲ့လိုကန်လည်း မပြုသောကြောင့် ဝမ်ကျင်
ယီနှင့် ရင်းရင်းနှီးနှီး မဖြစ်ခဲ့ဖူးချေ။

သို့ရာတွင် ယခုအရေးကိစ္စကြီး၌ အတူတကွ နေထိုင်ကြ
ရသော တစ်လတာကာလအတွင်းတွင်ကား သူတို့နှစ်ယောက်
သည် တစ်ယောက်ကိုတစ်ယောက် ခင်တွယ်မိကာ ကျွမ်းဝင်
သွားကြသည်။

ထိုအခါတွင်ကား ခေါ့ကျင့်မှာ နားလည်စာနာတတ်သူ
သူတစ်ပါး၏ ပူပင်သောကကို နှစ်သိမ့်ဖျောင်းဖျနိုင်သူအဖြစ်
သိရှိခဲ့ရပြန်၏။

တကယ်တွင် ဝမ်ကျင်ယီသည် တစ်စုံ တစ်ခုသော
အကြောင်းဖြင့် စိုးရိမ်ကြောင့်ကြနေသူ....

ထို စိုးရိမ်ကြောင့်ကြမှုသည် နန်ကင်းမြို့တော်ကြီးအား မှုန်မှုန်ညက်ညက်ကြေမွဖျက်ရန် ဝိုင်းဝန်း ချီတက်လာနေကြသော မွန်ဂိုတပ်များကြောင့်ကား မဟုတ်ပါချေ။

သူ၏ စိုးရိမ်ကြောင့်ကြမှုများသည် ဤစစ်သတင်းနှင့် အခြေအနေများ ထက်ပေါ်မလာမီ ကြိုခဲ့သည့် နှစ်ဦးပေါက် ကာလကပင် စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဤအကြောင်း မုဆိုးမတစ်ယောက်ဖြစ်သော ဝမ်ကျင်ယိ သည် ကိုယ်သူ အံ့ဩနေမိ၏။

သူမသည် မမျှော်လင့်ဘဲ တွေ့ခဲ့သော သူရင့်မြင်းတပ်သား အိုရန်လုနှင့် ချစ်ကြိုက်မိခဲ့ခြင်း ဖြစ်သည်။ ထူးခြားသည်ကား အိုရန်လုမှာ သူမထက် အသက်ခြောက်နှစ်မျှ ငယ်ရွယ်သော လူပျိုစစ်စစ် ဖြစ်နေခြင်းပင်။

ဝမ်ကျင်ယိ၏ ခင်ပွန်းသည်မှာ စီးတင်ရှားလှသော ဓားသိုင်းသမား တစ်ဦး ဖြစ်သည်။ သူနှင့် ဝမ်ကျင်ယိသည် ချစ်သူများအဖြစ် နှစ်နှစ်ကြာမျှ နေခဲ့ပြီးမှ အိမ်ထောင်ပြုခဲ့ကြသူများ ဖြစ်သည်။

အိမ်ထောင်ပြုခဲ့သော အခါတွင်လည်း သတို့အတွက် အဖုအထစ်ဟူ၍ မရှိခဲ့။ ဥယျာဉ်ခြံကလေးတစ်ခုကို ထူထောင်ခဲ့ကြပြီး အကယ်၍ သူသာ ချောင်းဆိုးနေသူပါရောဂါ မစွဲကပ်ခဲ့လျှင် ပျော်ရွှင်စွာ နေထိုင်သွားကြရမည် ဖြစ်၏။

သို့သော် ဝမ်ကျင်ယိ၏ခင်ပွန်းဖြစ်သူမှာ အိမ်ထောင်သက် သုံးနှစ်အတွင်း ရောဂါမှာ တစ်စထက်တစ်စ ဆိုးရွားလာခဲ့ကာ မည်သို့မျှ ကုသ၍မရတော့ဘဲ ဆုံးပါးခဲ့ရသည်။



ခင်ပွန်းဖြစ်သူ ဆုံးပါးသွားသောအခါ ဝမ်ကျင်ယိမှာ ကြေကွဲဝမ်းနည်းမဆုံး ရှိခဲ့သည်။

သူမအနေဖြင့် နောက်တစ်ကြိမ် အိမ်ထောင်ပြုရလိမ့်ဦးမည်ဟုလည်း စိတ်ကူးမဝင်ခဲ့။ ထိုသို့ရှိစဉ်မှ အိုရန်လုနှင့် မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ ထိုအခါကစ၍ ဒုတိယအချစ်သည် သူမအား ခြောက်လှန့်ခဲ့ခြင်းပင်ဖြစ်တော့သည်။

ထိုအခါ ကုန်ဆုံးသွားပြီထင်ခဲ့သော အချစ်က ပြန်လည်နိုးကြားလာသည်။ လှိုက်လှိုက်လှဲလှဲနိုးကြားလာခြင်းမျိုးဖြစ်သည်။ အချစ်ဆိုသည်မှာ ဤလိုမျိုး ဖြစ်နိုင်လိမ့်မည်ဟု ဝမ်ကျင်ယိ လုံးဝမထင်မိခဲ့။ ယခုတော့ အရာရာကို ပျက်ပြုန်းစေနိုင်သည့် စိတ်လှုပ်ရှားမှုမျိုးဖြင့် ပြန်လည်နိုးကြားလာသည်။ သို့ရာတွင် သူမ၏ စိတ်ဆန္ဒသည် ပကတိ လွတ်လပ်မှုရှိပေသည်။

မွန်ဂိုတပ်များ၏ လှုပ်ရှားမှုသတင်း ပေါ်ထွက်မလာမီ ကလေးတွင် အိုရန်လုက သူမထံ လက်ထပ်ခွင့် တောင်းခဲ့သည်။

ဝမ်ကျင်ယိ အလွန်ကြည်နူးမိသည်၊ သို့သော် တစ်ချိန်တည်းမှာပင် ဤအချက်ပေါ မဖြစ်နိုင်ဟု တွက်ဆကာ ငြင်းပယ်ရန်လည်း သတိရခဲ့၏။

'ရှင် ကျွန်မကိုလက်ထပ်ချင်တယ် ဆိုတာဟာ ရှင့်စိတ်ကို ရှင်တာသာ ဖြန်ဖြည့်စားတာပဲ ဖြစ်လိမ့်မယ်၊ ကျွန်မ ဘဝ အခြေအနေကြောင့် သနားတယ်ဆိုတာမျိုးကနေ လက်ထပ်ချင်တဲ့စိတ် ဖြစ်လာခဲ့တာဆိုရင် တကယ် လက်ထပ်လိုက်တဲ့

အခါမှာ အဲဒီသနားစိတ်ဟာ ပျက်ပြယ်သွားလိမ့်မယ်၊ အဲဒီအခါကျရင် ရှင် စိတ်ညစ်ရမှာပဲ၊ မဖြစ်နိုင်ပါဘူးရှင်'

ဝမ်ကျင်ယီက ပြောခဲ့သည်။ သို့ရာတွင် အိုရန်လု၏ နွေးထွေးသော ဆက်ဆံမှုများ၊ ကြင်နာသော အကြည့်များနှင့် ပတ်သက်၍ သူမ၏ တိတ်တခိုးမျှော်လင့်ချက်များအတွက်မူ ထိုစကားများကို ပြောအပြီး၌ သက်ပြင်းချခဲ့ရပေသည်။

သူတို့သည် တစ်ဦးနှင့်တစ်ဦး ခုနစ်ကြိမ်ရှစ်ကြိမ်ခန့်မျှသာ တွေ့ခဲ့ကြသည်။ သည့်ထက်မပိုသေးချေ။ ဈေးတွင် ပထမဆုံး တွေ့ဆုံသိကျွမ်းခဲ့ကြပြီးနောက် အိုရန်လုသည် သူမနေထိုင်ရာ မြို့စွန်းရှိ ဥယျာဉ်ခြံကလေးသို့ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်မျှ လာရောက်ခဲ့ပေ၏။ ထိုအခါ သူတို့နှစ်ယောက် လမ်းလျှောက်ထွက်ကြသည်။ ဝမ်ကျင်ယီအတွက် ခြံနီးနားချင်းများ၏ အကြည့်များက ရင်ဆိုင်ရခက်ခဲလှ၏။ တစ်ကြိမ်တွင် သူတို့နှစ်ယောက် လမ်းလျှောက်ထွက်အလာတွင် ခြံနီးနားချင်းမှ မိန်းမကြီးသုံးယောက်နှင့် ဆုံမိကြသည်။ မိန်းမကြီးများက နှုတ်ဆက်သောအခါ ဝမ်ကျင်ယီ အိုးပုံးအသံ ဖြစ်နေ၏။ အိုရန်လုမှာလည်း အနေကျပ်သောအပြုံးကိုပြုံးရင်း စကားတစ်လုံးမျှမပြော။

ဝမ်ကျင်ယီက ငြင်းပယ်လိုက်ပြီးသည့် နောက်ပိုင်းတွင် အိုရန်လုအား ဘယ်တော့မျှ တွေ့ရတော့မည်မဟုတ်ဟု ဝမ်ကျင်ယီ ထင်ခဲ့သည်။ သို့ရာတွင် နောက်ရက်သတ္တပတ် လာနေကျရက်တွင် အိုရန်လု ရောက်လာဦးမည်ဟုလည်း မရှုံ့မရဲ



မျှော်လင့်နေမိပြန်၏။ တကယ်တွင်လည်း အိုရန်လုကလာခဲ့ပေ၏။

အိုရန်လုရောက်လာသည်ကို တွေ့ရသောအခါ သူမ ရွှင်မြူးသွားခဲ့သည်။

ထိုနေ့မှာ မွန်ဂိုတပ်များ၏ စစ်သတင်းကြောင့် မြို့တော်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်နေသောနေ့။

အိုရန်လုက သူတို့စစ်ထွက်ရတော့မည့်အကြောင်းပြော၍ နှုတ်ဆက်သည်။

ဝမ်ကျင်ယီသည် အိုရန်လုနှင့်အတူ လမ်းလျှောက်လိုက်ခဲ့၏။ အိုရန်လုတို့၏ မြင်းသည်တော် တပ်စခန်းမှာ မြို့နှင့် အတော်လှမ်းသောနေရာတွင် ရှိပေသည်။

ထိုညနေတွင် လေအေးက ထူးထူးခြားခြား တိုက်ခတ်နေသည်။

အိုရန်လု၏မျက်နှာမှာ ယခင်အခါများကထက်ပို၍ ဖြူရော်နေသည်။

သူတို့နှစ်ယောက်စလုံး စကားမပြောဘဲ တိတ်တိတ် ဆိတ်ဆိတ် လျှောက်ခဲ့ကြသည်။

လမ်းပေါ်တွင် သစ်ပင်ကြီးများ၏ အရိပ်ရှည်က ကန့်လန့်ဖြတ် ကျဆင်းနေ၏။

အတော်ကြီးကြာသောအခါ မြို့ပြင်သို့ ရောက်လာကြသည်။

အိုရန်လုက ဘေးချင်းယှဉ်၍ လျှောက်နေရာမှ ဝမ်ကျင်ယီ၏ လက်ကိုဆုပ်ကိုင်လိုက်သည်။ ထို့နောက် နှစ်ယောက်စလုံး ရပ်တန့်လိုက်ကြ၏။

ဝမ်ကျင်ယီက အိုရန်လုကို မော့ကြည့်သည်။

အိုရန်လု ဘာတွေ ခံစားနေသနည်းဟု မှန်းဆကြည့်သည်။

သို့ရာတွင် အချည်းနှီးသာတကား။

အိုရန်လု၏အကြောင်းကို သူမက မဆိုသလောက်သာ သိသည်။ ထိုအချက်ကို တွေးလိုက်မိသည်နှင့် ဝမ်ကျင်ယီ ထိတ်လန့်တုန်လှုပ်သွားမိသည်။

သူတို့နှစ်ယောက်သည် ကိုယ့်အတွေးနှင့်ကိုယ် နစ်မြုပ်နေကြပြီး စကားမပြောမိကြပေ။ ဝမ်ကျင်ယီမှာမူ သူတို့ နောက်တစ်ကြိမ် တွေ့ရတော့မည် မဟုတ်ဟု ယူဆကာ သူ့မျက်နှာကို အသည်းထဲ ပုံတူကူးနေသည့်အလား ရီဝေစွဲနှစ်နေမိသည်။

'ကိုယ့်ကိုယ်ကို ဂရုစိုက်နော်'

မခွဲခွာမီတွင် အိုရန်လုက ပြော၏။ ထို့နောက် သူက သူ့ကိုယ်ကို ကိုင်ညွှတ်ကာ ဝမ်ကျင်ယီ၏နဖူးကို နမ်းလေသည်။ ထို့နောက် ခေါင်းငိုက်စိုက်ကျလျက် ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားလေတော့သည်။

ဝမ်ကျင်ယီသည် ကြေကွဲဆွေးမြည့်စွာဖြင့် မြို့ကိုဖြတ်၍ ပြန်ခဲ့သည်။

ယခုကား လွန်ခဲ့ပြီး



ဝမ်ကျင်ယီသည် ဤအကြောင်းများကို မည်သူ့အားမျှ မပြောခဲ့။ ခေါ်ကျင် သေမည့်ညကမှသာ သူမသည် ဤအကြောင်းများကို ခေါ်ကျင်အား ပြောပြသွားခဲ့၏။

ထိုညက လေကြမ်းတိုက်သည်။

သူတို့နှစ်ယောက်သည် ကျီတစ်ခုအတွင်း၌ လဲလျောင်းနေကြသည်။ မလုံခြုံသော အမိုးကိုဖြတ်၍ ကြယ်များကိုမြင်နေရသည်။ တစ်နေ့လုံး အလုပ်လုပ်ထားကြရသဖြင့် မောပန်းနွမ်းနယ်နေသော လူများသည် သူတို့ပတ်ပတ်လည်တွင် အိပ်ပျော်လျက် ရှိကြသည်။ ပူနွေးစေရန် တစ်ဦးကိုတစ်ဦး ဖက်ထားရင်း အိပ်ပျော်နေခြင်း ဖြစ်သည်။

ဝမ်ကျင်ယီသည် သူမနှင့် အိုရန်လုတို့ အကြောင်းကို လေသံတိုးတိုးဖြင့် ပြောပြနေခဲ့သည်။

ဘာတစ်ခုမှ မဖုံးကွယ်ဘဲ ခံစားချက်ကိုပါ ရောနှော၍ အလုံးစုံ ပြောပြနေခြင်း ဖြစ်သည်။ ငယ်ငယ်ကလေးကတည်းက အတူကြီးပြင်းခဲ့ကြသည့် သူငယ်ချင်းတစ်ယောက်ကို ပြောပြနေသကဲ့သို့ လုံးဝ ယုံကြည်စိတ်ချစွာ ပြောပြနေခြင်း ဖြစ်သည်။

ခေါ်ကျင်ကား ကျေးဇူးတင်စရာ ကောင်းလှသည်။ လုံးဝအိပ်စက်သွားဟန် မပြဘဲ နားထောင်နေခဲ့သည်။ ဝမ်ကျင်ယီ ပြောဆို၍ ပြီးဆုံးသွားသောအခါကျမှသာလျှင် သူမက အလွန်သေချာသော လေသံဖြင့် ဤကိစ္စမှာ သည်းခံစောင့်ဆိုင်းကြဖို့သာ ဖြစ်သည်။ ဝမ်ကျင်ယီနှင့်အိုရန်လုတို့နှစ်ဦးမှာ

ပြန်လည်တွေ့ဆုံကြဦးမည်မှာ သေချာသည်ဟု ဆို၏။ ထို့နောက် ခဏမျှဆိုင်းလျက်....

'မင်းတို့နှစ်ယောက်လုံး အသက်ရှင်နေကြသေးမှင်ပေါ့ကွယ်'

ဖြည့်စွက်ပြောလိုက်၏။

ထို့နောက် သူတို့နှစ်ယောက် တစ်မှေးမျှ အိပ်စက်လိုက်ကြသည်။ သို့သော် အရုဏ်တက်ချိန်တွင် ရုတ်ဘရက်နိုးလာကြရသည်။ အင်အားသုံးရာခန့်မျှရှိသော မွန်ဂိုတပ်ဖွဲ့တစ်ဖွဲ့က အလစ်ဝင် တိုက်ခိုက်လာသောကြောင့် ဖြစ်သည်။

ဤနေရာတွင် ရှိနေသူများကား ကာကွယ်ရေးတပ်ဖွဲ့ဝင်များချည်းသာမဟုတ်၊ အလုပ်သမားများ အများစု နေထိုင်နေသော အစ်အားစု ဖြစ်သည်။ ထို့ကြောင့် အရည်အချင်းအရ သိပ်သည်းကျစ်လျစ်မှု မရှိ။ သို့သော် ကျူးကျော်သူကို မုန်းတီးစက်ဆုပ်သော စိတ်ဓာတ်ခွန်အားရှိသူချည်း အလစ်ဝင်ရောက် စီးနင်းတိုက်ခိုက် ခံရခြင်းကြောင့် အကျအဆုံးများသည် မှန်စေ စီးနင်း တိုက်ခိုက်လာသော မွန်ဂိုများအား အလုပ်သမားများပင် ရှိရာလက်နက်ဖြင့် ရဲရဲစွာ ပြန်လှန်တိုက်ခိုက်ကြသည်။

မွန်ဂိုများ ပြန်ဆုတ်ပေးသည်။

သေကျန်ရစ်သော မွန်ဂိုအလောင်း တစ်ထားကျော်ထဲတွင် သွေးစွန်းသော သောင်ခါးကို ကျစ်ကျစ်ဆုပ်လျက် ကျဆုံးသွားခဲ့သော ခေါ်ကျင်၏အလောင်းကို တွေ့ရလေသည်။

( ၂ )

ဝမ်ကျင်ယ°သည် မြို့တော်၏ မြောက်ပိုင်းတွင် နေထိုင်သူ ဖြစ်သည်။ ထိုမှာဘက်အပိုင်းမှာ လူလတ်တန်းစားအနည်းငယ်နှင့် ဆင်းရဲသူများ ရောနှောနေထိုင်ရာ အပိုင်းဖြစ်၏။ ယခု သူရောက်နေသည်ကား မြို့တော်၏ အလယ်ပိုင်းဖြစ်၏။ ဤအပိုင်းမှာ မင်းစိုးရာဇာများ သူဌေးသူကြွယ်များနေထိုင်ရာ အပိုင်းဖြစ်သည်။ တစ်မြို့တည်းပင် ဖြစ်စေကာမူ ဝမ်ကျင်ယ°သည် ဤအပိုင်းသို့ အရောက်အပေါက် နည်း၍ ကျွမ်းကျင်မှုမရှိပါချေ။ ထို့ကြောင့် ခေါ်ကျင်၏ မိသားစုနေထိုင်ရာအိမ်ကို အတော်ပင် မေးမြန်း၍ လာခဲ့ရ၏။

ဝမ်ကျင်ယီသည် လမ်းဖြတ်တစ်ခု၏ ထိပ်သို့ရောက်ရှိလာ၏။ လမ်းဖြတ်အဆုံးတွင် ချောင်းကမ်းပါးကို မြင်ရသည်။ ချောင်းကမ်းပါးစပ်တွင် ငုတ်တိုင်၌ ကြိုးဖြင့်ချည်ထားသော ပိန်းကောလှေတစ်စင်းကိုလည်း မြင်ရသည်။

ထိုပိန်းကောလှေတည့်တည့်သို့ ဆင်းသွားသော ကျောက်ခင်းလမ်းသည် တံတောင်ဆစ်ချိုး၍ လမ်းဖြတ်နောက်ဘက်ရှိ ခြံသို့ ဦးတည်နေသည်။ ထိုခြံရှေ့မြက်ခင်းပြင်တွင် ကလေးများ မပြေးလွှား အော်ဟစ် ဆော့ကစားနေကြသည်။ နောက်ဆုံး မေးမြန်းကြည့်သူထံမှ လမ်းညွှန်ချက်အရဆိုလျှင် ထိုကလေးများ ဆော့ကစားနေသောခြံမှာ ခေါ်ကျင်၏ မိသားစု နေထိုင်ရာခြံနှင့်အိမ်ပင် ဖြစ်ပေသည်။

ဝမ်ကျင်ယီသည် လမ်းဖြတ်ထိပ်တွင်ရပ်၍ ခြံဆီသို့ မျှော်ကြည့်လိုက်သည်။ ခြံကြီးတစ်ခုလုံးမှာ သစ်ပင်များ အုပ်ဆိုင်းနေသည်။ ခမ်းနားကြီးကျယ်သော အိမ်ကြီးအိမ်ကောင်းများဖြင့် ဖွဲ့စည်းထားရာ အလယ်တွင် အလွန်သာတောင့်သာယာသော တောအုပ်ကလေးတစ်ခု ရှိနေသကဲ့သို့ပင် ဖြစ်သည်။

ဤခြံကြီးအတွင်းတွင် ခေါ်ကျင်၏ ဖခင်ဖြစ်သူ သမားတော်ကြီးခေါ်ဖျူနှင့်သမီး သမီးကွန်ကျင်ယီ၊ သားကွန်ယုတိုင်တို့ နေထိုင်လျက် ရှိကြသည်ဟု ခေါ်ကျင် ပြောပြထားချက်အရ ဝမ်ကျင်ယီ သိနေသည်။ ခေါ်ကျင်၏ ခင်ပွန်းမှာ ဘုရင့်တပ်မတော်မှ တပ်မှူး ကွန်တိုင်ပေါင်ဟု သိရ၏။ ယခုကား သက်ရှိထင်ရှား မရှိတော့။



လွန်ခဲ့သော ခြောက်နှစ်ကျော်က ဖြစ်ပွားခဲ့သော နယ်စားတစ်ဦး၏ ထောင်ထားမှု အရေးအခင်း၌ ကျဆုံးခဲ့ပြီဟု ဆိုသည်။

ဝမ်ကျင်ယီသည် မြင်နေရသောခြံကို လှမ်းကြည့်နေ၏။

ခြံကြီးမှာ သစ်ပင်များနှင့် အုပ်ဆိုင်းလျက်ရှိသောကြောင့် ခြံတွင်းရှိ အိမ်ကိုပင် မမြင်ရ။

ဤစိမ်းစိုသာယာသော ခြံတွင်း၌ နေထိုင်သော မိသားစုကို ခေါ်ကျင် သေဆုံးသွားပြီဖြစ်ကြောင်း အဘယ်ပုံပြောရမှန်း စဉ်းစားမရ။ ပြီးတော့ ဝမ်ကျင်ယီ တွေ့ဆုံပြောပြရမည့် သူများမှာ သူတစ်ကြိမ်တစ်ခါမျှ တွေ့ဆုံဖူးသူများလည်းမဟုတ်။

မည်မျှ စိတ်ညစ်ညူးစရာကောင်းသော ကိစ္စပါနည်း။

သို့သော်မတတ်နိုင်ပြီ။ သွားတွေ့ရတော့မည်။

ဝမ်ကျင်ယီ ရှေ့သို့ လျှောက်လာခဲ့၏။

ပျော်ရွှင်မြူးတူးနေသော ကလေးတစ်သိုက်သည် မြက်ခင်းပေါ်တွင် ပြေးလွှားလျက် ရှိသည်။ သူတို့အသံများသည် လေထဲတွင် ပြည့်လျှံနေသည်။ ယောကျ်ားကလေးတွေများသည် တော်တော်ငယ်ကြသည်။ သို့ရာတွင် ခြေတံရှည်ရှည် အရပ်မြင့်မြင့်နှင့် အားလုံးထက်ပို၍ ဆူညံသော မိန်းကလေးတစ်ယောက်ကိုလည်း ဝမ်ကျင်ယီက ချက်ချင်း သတိပြုလိုက်မိသည်။

သူတို့သည် စိန်ပြေးတမ်း ကစားနေကြခြင်း ဖြစ်သည်။ ခြေတံရှည် မိန်းကလေးသည် ကစားတွင် စိတ်ဝင်စားနေပြီး

ဝမ်ကျင်ယီနှင့် တိုက်မိတော့မလို ဖြစ်သွားသည်။ အံကေသာ နုနုကြော့ကြော့၊ ပါးစပ်ပြည့်ပြည့်ကြီး၊ နှာတံ ဖြောင့်ဖြောင့်စင်းစင်း၊ ပါးပြင် ပြည့်ပြည့်မို့မို့၊ မျက်လုံး ရွှန်းလဲ့လဲ့တို့ကို ဝမ်ကျင်ယီ သတိပြုလိုက်မိသည်။

ဝမ်ကျင်ယီက ခြံတံခါးရှေ့တွင် ရပ်လိုက်သည်။ ခြံတံခါးမှာ ပိတ်ထားသောကြောင့် အတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ ပန်းပင်နှင့် ရွက်လှပင်များ ဝိုင်းနေသော အိမ်ကို လှမ်းမြင်ရသည်။ လူရိပ်လူယောင်ဟူ၍ကား မမြင်ရ။ ခြံတံခါးနှင့် အိမ်က အတန်လှမ်းသည်။ အသံကို မြင့်၍ခေါ်မှသာ ကြားနိုင်မည့် အကွာအဝေးမျိုး။

ဝမ်ကျင်ယီမှာ ခြံတံခါးကိုဖွင့်၍ ဝင်သွားသင့် မသင့် ချိန်ဆနေမိ၏။ ထိုစဉ် သူမ၏နောက်ဘက်မှ ပြေးလာသော ခြေသံ ကြားရသည်။

ဝမ်ကျင်ယီ လှည့်ကြည့်လိုက်သည်။

သူမနှင့် တိုက်မိတော့မလို ဖြစ်ခဲ့သော ခြေတံရှည်ရှည် မိန်းကလေး....

'ကျွန်မတို့ကို လာရှာတာ မဟုတ်လား၊ ဟုတ်ပါတယ်၊ ကျွန်မသိပါတယ်'

မိန်းကလေးက ပြောသည်။ အသက်ရှူမမှန်ဘဲ အမောတကော ပြောနေသော မိန်းကလေးကို ကြည့်ရင်း ခေါ်ကျင်၏ သမီး ကွန်ကျင်ယီဆိုသူကလေးပင် ဖြစ်လိမ့်မည်ဟု ဝမ်ကျင်ယီက တွက်ဆလိုက်မိသည်။ ဤမသိကို သူမနှင့် တိုက်မိတော့မလို ဖြစ်စဉ်ကတည်းက ဘာကြောင့်မသိခဲ့ရပါ



လိမ့်။ ခေါ်ကျင်နှင့် ဤမိန်းကလေးမှာ မျက်နှာပေါက်ချင်း ဆင်လှချေသည်တကား။

ဝမ်ကျင်ယီက မိန်းကလေးကို ကရုဏာသက်စွာ ကြည့်လိုက်သည်။

မိန်းကလေး၏ မျက်လုံးများတွင် လွန်ခဲ့သည့် အချိန်အနည်းငယ်အတွင်းက ပြည့်လျှံနေခဲ့သော ကလေးသူငယ်တို့၏ ပျော်ရွှင်မှုမျိုး၊ တောက်ပမှုမျိုးများ မရှိကြတော့ပြီ။ ကလေးမသည် ဝမ်ကျင်ယီအား ထိတ်လန့်ခြင်း၊ မျှော်လင့်ခြင်းဖြင့် ကြည့်နေသည်။

'မေမေ့ဆီကလာတာ မဟုတ်လား'

မိန်းကလေးက လျင်မြန်စွာ မေးလိုက်သည်။ ဝမ်ကျင်ယီသည် ဤမိန်းကလေးမှာ သူမနှင့် မျိုးရိုးအမည်မှလွဲ၍ နာမည်ချင်းတူလှသည်ကို စဉ်းစားရင်း ခေါင်းကို ခပ်လေးလေး ညိတ်လိုက်မိသည်။

မိန်းကလေးက လျင်မြန်စွာ ဆက်ပြောပြန်သည်။

'အဲဒီကလာတာပဲလို့ ကျွန်မထင်သားပဲ၊ ဒေါ်လေးရဲ့ အဝတ်အစားတွေပေါ်မှာ ရွှံ့တွေပေနေတယ် မဟုတ်လား'

မိန်းကလေးမှာ ပြောနေရင်းပင် မျက်နှာ ဖြူရော်လာကာ ပိုမိုထိတ်လန့်လာသော အမူအရာမျိုး ဖြစ်လာလျက်....

'မေမေ ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ'

'မင်းဟာ ကွန်ကျင်ယီ....'

ဝမ်ကျင်ယီက စကားစရုံရှိသေးသည်။ မိန်းကလေးက လျင်မြန်စွာဖြတ်၍....

'မေမေ သေပြီလား'

မေးလိုက်၏။ ဝမ်ကျင်ယီက ခေါင်းညိတ်လိုက်သည်။ ဤမျှလောက် ထင်းဖောက် သိမြင်နိုင်မှုကို အံ့အားသင့်လျက် သားနှင့် ဖြစ်သည်။ ထို့နောက် စိတ်မသက်မသာနှင့်မျက်နှာကို လွှဲလိုက်မိသည်။

သို့သော် မိန်းကလေး၏ အသက်ရှူသံကို ကြားနေရသည်။

ထိုအသံမှာ ရှိုက်နေသောအသံမဟုတ်သလို သက်ပြင်းချနေသော အသံ မဟုတ်သည်မှာလည်း သေချာသည်။

သူတို့သည် အတန်ကြာအောင်ပင် ထိုအတိုင်း ရပ်နေမိကြသည်။ ထို့နောက် ဝမ်ကျင်ယီသည် ကြိုးဖြင့်ချည်ထားသော အထုပ်ကလေးကိုမြှောက်၍ မိန်းကလေးဘက်သို့ ပြန်လှည့်လိုက်၏။

ထိုအခိုက်တွင် မိန်းကလေး၏ မျက်လုံးများသည် ပြူးကျယ်၍ မျက်ရည်စက်များသည် ပါးပြင်ပေါ်သို့ ကျကာ မေးစေ့ပေါ်တွင်သွားစုနေကြသည်။ သို့ရာတွင်သူမကိုယ်တိုင်မူ ထိုအဖြစ်ကို သတိပြုမိဟန်မရှိချေ။

'ဘာဖြစ်လို့လဲ'

မိန်းကလေးက မေးလိုက်၏။ ဝမ်ကျင်ယီက....

'တို့ကို မွန်ဂိုတွေက အလစ်ဝင်တိုက်တယ်လေ၊ မင်းအမေဟာ မွန်ဂိုကောင် တော်တော်များများကို သတ်ပြီးမှ ကျဆုံးခဲ့ရတာပဲ'

'ဘယ်တုံးကလဲ'



မိန်းကလေးက မေးပြန်ရာ ဝမ်ကျင်ယီက မျက်တောင် တစ်ချက် နှစ်ချက် ခတ်လိုက်ပြီး....

သောကြာနေ့က'

မေမေ့ကို သင်္ဂြိုဟ်ကြရဲ့လား'

'ဟင့်အင်း....လာတိုက်တဲ့ မွန်ဂိုတပ်က အင်အားသုံးရာလောက်ပဲ ရှိတယ်၊ တို့တွေရဲ့အင်အားက အဲဒီထက် အများကြီး ပိုတယ်၊ တို့တစ်တွေ သူတို့ ဆုတ်ပြေးတဲ့နောက်ကို လိုက်တိုက်ကြတယ်၊ ရန်သူငါးဆယ်ကျော်လောက် တို့က ထပ်ပြီး သတ်လိုက်နိုင်တယ်၊ တို့ပြန်လာတော့ တို့ဘက်က ကျဆုံးတဲ့ လူတွေအားလုံးကို မြေကျင်းကြီးတစ်ခုထဲမှာပဲ အတူတူရောပြီး မြှုပ်လိုက်ကြပြီလေ၊ ရန်သူက တို့နဲ့ သိပ် နီးတဲ့နေရာကို ရောက်နေပြီဆိုတော့ ခုခံ တွန်းလှန်ဖို့ကိစ္စတွေကလွဲလို့ တခြားကိစ္စတွေမှာ အချိန်မပေးနိုင်တော့ဘူးလေ'

ဝမ်ကျင်ယီက ပြောလိုက်ပြီး လက်ထဲမှ အထုပ်ကို လှမ်းပေးလိုက်သည်၊ အထုပ်ထဲတွင် ပါရှိသည်များမှာ စာတစ်စောင်၊ ထိပ်ပြောင်ပြောင် အညိုရောင် ဝတ်စုံနှင့် လူတစ်ယောက် ပန်းချီပုံ၊ ငွေစအချို့တို့ဖြစ်သည်။ ခေါင်းကျင်၏ အလောင်းအား မြေမြှုပ်ကာနီးတွင် သူမ၏ကိုယ်ပေါ်မှ တွေ့သမျှအားလုံးပင်ဖြစ်ပေသည်။

မိန်းကလေးသည် အထုပ်ကိုယူ၍ လက်ကိုဆန့်တန်းလျက်ပင် ကိုင်ထားသည်။

ကြည့်ပင်မကြည့်ချေ။ သူမ၏မျက်လုံးအိမ်မှ မျက်ရည်စက်ကြီးများကား မြက်ခင်းပေါ်သို့ ကျနေကြ၏။

ဝမ်ကျင်ယီက မိန်းကလေး၏ပခုံးကို ညင်သာစွာ ကိုင်လိုက်သည်။

ထိုအခိုက်မှာပင် ခြံအတွင်းဘက်မှ ပန်းပင်၏ အကိုင်းအခက်များကို တွန်းဖယ်၍လျှောက်လာသော အသံမျိုး ထွက်ပေါ်လာ၏။ ထိုအခါ ကလေးမသည် ထိတ်လန့်သွားပြီး မျက်နှာသည် ချက်ချင်းပင်တည်ငြိမ်သွား၏။

ကလေးမက မျက်ရည်များကို အင်္ကျီလက်ဖြင့် သုတ်ပစ်လိုက်ပြီး အထုပ်ကို အင်္ကျီအောက်သို့ ထိုးသွင်းလိုက်သည်။

'တဆိတ် ပြန်ပါတော့ရှင်၊ ကျေးဇူးတင်ပါတယ်'

ကလေးမက ဝမ်ကျင်ယီအား တိုးတိုးမြန်မြန်ပြောလိုက်သည်။

ဝမ်ကျင်ယီက လာရာလမ်းဘက်သို့ပြန်လှည့်မည်ပြင်လိုက်၏။ ဤအခိုက် ခြံတံခါးပွင့်သွားသည်။

ထို့နောက် ဝတ်ရုံပြာပြာ၊ ညှပ်ဖိနပ် နီနီ ဝတ်ထားသော လူဆေးသေးတစ်ယောက် ပေါ်ထွက်လာသည်။ ခေါ့ကျင်၏ ဖခင်ဟုပင်ထင်ရသော ထိုလူကြီးသည် နှာခေါင်း ကောက်ကောက်၊ နှုတ်ခမ်းမွေးဖြူဖြူပြာပြာ၊ မျက်နှာ နီ့တွတွနှင့်ဖြစ်သည်။

ထိုလူသည် မတ်မတ်ခန့်ခန့်ရပ်၍ သံပရာသီးကို ထက်ခြမ်းခြမ်းထားသည်နှင့်တူသော ဦးထုပ်ကို ဆောင်း ထားသည့် ခေါင်းကို နောက်သို့ပစ်ထား၏။ စိတ်နေ မြင့်သည့် အသွင်မျိုးနှင့် ဖြစ်သည်။

'ခေါ့ကျင်ဆီကလား'



လူကြီးက ခပ်ပြတ်ပြတ်မေးလိုက်သည်။ မိန်းကလေးက ဝမ်ကျင်ယီ၏ တင်ပါးကို တွန်းလွှတ်လိုက်ရင်း....

'ဟုတ်ကဲ့၊ မေမေက သူ့နောက်ထပ် ကြာဦးမယ် ဆိုတဲ့ အကြောင်း အပြောခိုင်းလိုက်လို့တဲ့ ဘိုးဘိုး'

တည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။ လူကြီးက တောင် လှမ်းထွက်သွားပြီ ဖြစ်သော ဝမ်ကျင်ယီကိုသာ ခပ်မှေးမှေး ကြည့်ရင်း....

'ငါပြောသားပဲ၊ တို့ဒီက ထွက်သွားကြဖို့ စောပါသေးတယ်၊ သူ့ကို စောင့်ကြတာပေါ့'

ပြောလိုက်၏။ မိန်းကလေးသည် အဘိုးဖြစ်သူ အနီးသို့ တိုးလိုက်ပြီး အဘိုးဖြစ်သူအား တံခါးနောက်ဘက်သို့ ရောက်သွားအောင် သူ့ကိုယ်လုံးကလေးဖြင့် သတိကြီးစွာ တွန်းလိုက်၏။ ထို့နောက် ခြံတံခါးကို အသံမမြည်အောင် ပြန်၍ ပိတ်လိုက်လေသည်။

( ၃ )

မွန်ဂိုများ၏ အတိအလင်း စစ်ခင်းတိုက်ခိုက်မှုကို မခံရမီကပင် နယ်စပ်ဒေသများ၌ မွန်ဂိုများ၏ လှုပ်ရှားမှု သတင်းများကို အထောက်တော်များထံမှ မှန်မှန်ကြီး ရရှိခဲ့ပြီး ဖြစ်သည်။ ထိုအချိန်ကတည်းကပင် မကြာမတင်သော ကာလ၌ မွန်ဂိုများသည် အင်အား အလုံးအရင်းဖြင့် ပြည်မကြီးအား စစ်ခင်းတိုက်ခိုက်တော့မည်ကို ကြိုတင်တွက်ဆခဲ့ပြီးသား ဖြစ်သည်။

သို့သော်လည်း တန်ခိုးအရှိန်အဝါနှင့် စည်းစိမ်ဥစ္စာတို့ဖြင့် ပြည့်စုံမွန်းနစ်လျက်ရှိသော ကေရာဇ်မင်းမြတ်သည် ဤကိစ္စကို အလေးအနက် မထားခဲ့ချေ။

ကျယ်ပြောလှသော နိုင်ငံတော်၊ များပြားလှသော စစ်သည်အင်အား၊ ကြွယ်ဝလှသော သယံဇာတ ထိုအရာအားလုံးတို့အပေါ်၌ မိမိ၏ တန်ခိုးအာဏာတော် တည်နေသမျှ ကာလပတ်လုံး မည်သည့်ရန်သူမျိုးမျှ ထိပါး ကျူးကျော်ခြင်း မပြုဝံ့။

အကယ်၍ ပြုဝံ့ခဲ့သည်ဆိုလျှင်လည်း မိမိ၏တန်ခိုး ဘုန်းအာဏာအောက်၌ ပျက်သုဉ်းမှုန့်ညက်ရလိမ့်မည်ဟူသော ဘုရင်မင်း ကေရာဇ်၏ ဘဝင်တော်က အထောက်တော်တို့၏ အစီရင်ခံစာများကို ဥပေက္ခာ ပြုထားခဲ့ပေ၏။

စစ်သေနာပတိကြီး ချန်သည် သေနင်္ဂဗျူဟာတွင် ကျွမ်းကျင်သူ မှန်၏။ သို့သော် အသက်ကြီးလာပြီဖြစ်၍ ယခင်ကကဲ့သို့ တက်ကြွပြင်းထန်ခြင်း မရှိတော့သူ။ ဘုရင်ကေရာဇ်က အရေးမစိုက်သောကိစ္စကို ရေးကြီးခွင့်ကျယ် လုပ်ရဲသော သတ္တိစွန်အားကို လျော့ပါးကုန်ပြီ ဖြစ်သည်။

ထို့ကြောင့် မွန်ဂိုတို့၏တိုက်ခိုက်မှုကို ကာကွယ်ရန် သာမန်မျှသာ အစီအမံများ ပြုလုပ်ခဲ့သည်။ သို့ဖြစ်သောကြောင့် မွန်ဂိုများက အလုံးအရင်းနှင့် အားသွန်၍ တိုက်ခိုက်လာသောအခါ သေနာပတိကြီး၏ ကာကွယ်ရေး အစီအစဉ်များက မွန်ဂိုတပ်ကို တန့်သွားရုံမျှပင် မစွမ်းဆောင်နိုင်ခဲ့ချေ။



မွန်ဂိုတပ်များသည် ကူမင်နယ်စပ်မြို့ကလေးကို အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ပြီးနောက် စစ်ကြောင်းလေးခုခွဲကာ နန်ကင်းမြို့တော်ဆီသို့ ချီတက်လာခဲ့ကြသည်။

ဤအချိန်ကျမှ ဘုရင်မင်းမြတ်သည် စိုးရိမ်ထိတ်လန့်ကာ မွန်ဂိုတပ်များကို ဟန့်တားချေဖျက်ရန် သေနာပတိကြီးအား အစီအမံများ ချမှတ်စေတော့၏။

သေနာပတိကြီးအနေဖြင့် ဤအချိန်ကျမှ စစ်ကြောင်းလေးခုခွဲ၍ အင်နှင့်အားနှင့် ချီတက်လာသော မွန်ဂိုတပ်များကို တစ်ပြိုင်တည်း ချေဖျက် တိုက်ခိုက်ရန် မဖြစ်နိုင်တော့ချေ။

သေနာပတိအနေဖြင့် အားကိုးအားထား ပြုနိုင်သော မြို့စားနယ်စား အတော်များများမှာ သူတို့တွင် ရှိသမျှ အင်အားနှင့် မွန်ဂိုများကို ခုခံတိုက်ခိုက်ရင်း ကစဉ့်ကလျား ပျက်သုဉ်းသွားခဲ့ကြပြီး ဖြစ်နေပေပြီ။

ထို့ကြောင့် သေနာပတိကြီးမှာ မြို့တော်တွင် ရှိသမျှ စစ်သည်အင်အားဖြင့် မွန်ဂိုတပ်များကို ကြံ့ကြံ့ခံ ခုခံနိုင်ရန် အပူတပြင်း စီမံရလေတော့သည်။

သို့ဖြင့် မြို့တော်တွင် ရှိသမျှ အရွယ်ရောက်ပြီးကြသူ၊ ကျန်းမာသန်စွမ်းသူ မှန်သမျှ ယောကျ်ားမိန်းမ မခွဲခြားဘဲ မြို့တော်ကာကွယ်ရေးအတွက် သေနာပတ်ကြီး၏ အစီအမံများတွင် ပါဝင်လုပ်ကိုင်ကြရလေတော့သည်။

ထိုအတွင်း မွန်ဂိုတပ်များသည် ချန့်ဘီမြို့ကို သိမ်းပိုက်လိုက်ကြသည်။ ထို့ပြင် ယန်စီမြစ်ခံနေသောကြောင့် မွန်ဂို

တပ်များ ဝင်ရောက်လာခြင်း မရှိနိုင်ဟု သေနာပတိကြီး တွက်ဆထားသော ထားဝယ်မြို့ကိုပါ မွန်ဂိုတပ်များက သိမ်း ပိုက်လိုက်ပြန်၏။

ထိုနောက်ပိုင်းရက်များတွင် နန်းကင်းမြို့တော်ကြီး၌ မွန်ဂို တို့၏ စစ်ဘေးစစ်ဒဏ်မှ လွတ်ကင်းအောင် ပြေးလာကြ သော ဒုက္ခသည်များ တိုးပွားလာသည်။ ထို့ကြောင့် စား သောက်ကုန်များ ချက်ချင်း ဈေးတက်လာတတ်၏။

ထိုထက်ဆိုးသည်ကား ပြေးလွှားရောက်ရှိလာသော ဒုက္ခ သည်များမှာ မွန်ဂိုတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို နား နှင့် ဆတ်ဆတ် ဆိုသကဲ့သို့ ကြားခဲ့ရ၊ မျက်စိနှင့် တပ်အပ် ဆိုသကဲ့သို့ မြင်ခဲ့ရသောသူများ ဖြစ်သောကြောင့် သူတို့နှင့် ပါလာသော အကြောက်တရားက မြို့တော်ကြီးကို လွှမ်းခြုံ သွားသကဲ့သို့ ရှိလာခြင်းပင် ဖြစ်သည်။

ထို့ဖြင့် အေးချမ်းသာယာလှသော မင်းနေပြည်တော်ကြီး မှာ ချောက်ချားတုန်လှုပ်ခဲ့ပြီး ဖြစ်လေသည်။

24/12/01

( ၄ )

မိခင်ဖြစ်သူ သေဆုံးကြောင်း ကြားသိခဲ့ရသည့် တစ်ဆယ့် သုံးရက်မြောက်နေ့ ဖြစ်သည်။

ကွန်ကျင်ယီသည် နံနက်စာဟင်းအတွက် မုန်လာဥများကို လှီးနေရင်း ထိုအကြောင်းကို တွေးနေသည်။

အတွေးထဲတွင် မျောသွားသောကြောင့် ကွန်ကျင်ယီသည် မုန်လာဥ လှီးနေသည်ကိုပင် မေ့သွားကာ မကြာခဏ ရပ် နေသည်။

ကွန်ကျင်ယီသည် အပျိုဖော်ဝင်စ မိန်းကလေးတစ်ဦးမျှ သာ ဖြစ်သည်။

သို့သော် သူမအသည်ပါးရည်နပ်၍ရှိ၍ ဉာဏ်ပညာထက်မြက်လှသူ ဖြစ်သည်။ ထို့ကြောင့်ပင် သူမအနေဖြင့် မိခင်ဖြစ်သူသေဆုံးခဲ့ပြီကိုအဘိုးဖြစ်သူနှင့် မေခင်ငယ်တို့အားပြန်မပြောဘဲ မျိုသိပ်ထားခဲ့ခြင်းဖြစ်သည်။

အကြောင်းမှာ မောင်ဖြစ်သူအား ပြောလိုက်လျှင် အားငယ်စိတ် ဝင်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။

အဘိုးဖြစ်သူကို ပြောမပြခြင်းကား အဘိုးဖြစ်သူမှာ မြေးဖြစ်သော သူတို့မောင်နှမကို ချစ်သည်ထက် သူ့သမီးဖြစ်သော သူတို့မိခင်ကို ပိုလွန် ချစ်ခင်သည်ဟု ထင်သောကြောင့် ဖြစ်သည်။

သမီးဖြစ်သူ သေဆုံးပြီး၍သာ သိခဲ့လျှင် အဘိုးဖြစ်သူသည် အလွန်ပင် ထိခိုက် ကြေကွဲပေလိမ့်မည်ဟု ကွန်ကျင်ယီ တွေးနေမိသည်။

သို့ဆိုလျှင် မိမိတစ်ယောက်တည်းသာ သိရှိ ကြေကွဲနေရသည်ထက် များစွာပို၍ ဆိုးရွားသွားပေလိမ့်မည်။

ယခုဆိုလျှင် အဘိုးသည် သူ့သမီး သေဆုံးသည်ကိုမသိ။

အဘိုးသည် နေမြဲတိုင်းပင်ရှိနေ၏။

ထို့ကြောင့် သူတစ်ယောက်တည်း ကျိတ်မှိတ်မျိုသိပ် ခံစားနေရသည်မှာ မှန်ကန်သည်ဟုပင် ကွန်ကျင်ယီ ယူဆလိုက်တော့သည်။

'အာ့....'

ကွန်ကျင်ယီမှာ အတွေးလွန်သွားသဖြင့် လက်ကို ဓားထိသွားသည်။ လက်ညှိုးကို ထိသွားသောဒဏ်ရာမှာ မများသော်



လည်း သွေးသားကောင်းမွန်သော အရွယ်ဖြစ်သဖြင့် သွေးတွေက ချက်ချင်း စီးထွက်လာသည်။

ကွန်ကျင်ယီ၏ အဘိုးဖြစ်သူ ခေါ်ဖျူသည် နာမည် ထင်ရှားသော ဆေးသမားတော်ကြီးတစ်ဦး ဖြစ်သည်။

ဆေးဝါးနှင့်ရင်းနှီးသော ကွန်ကျင်ယီသည် လုပ်လက်စအလုပ်ကို ထားခဲ့ကာ သူမ၏ အိပ်ခန်းဆီသို့သွား၍ ပိတ်စငယ် တစ်ခုဖြင့် ဓားထိသွားသော လက်ညှိုးကို စည်းနှောင်လိုက်သည်။ ထိုအခိုက်မှာပင် အဘိုးဖြစ်သူ ခေါ်ဖျူ၏ခေါ်သံထွက်ပေါ်လာသည်။

'ကွန်ကျင်ယီ'

'ရှင်....ဘိုးဘိုး'

ကွန်ကျင်ယီက အိပ်ခန်းထဲမှ လှမ်းထွက်ရင်း ထူးလိုက်သည်။

'လာစမ်း ဒီကို'

ကွန်ကျင်ယီက သူ့အဘိုး၏ အသံထွက်ပေါ်ရာ စာဖတ်ခန်းထဲသို့ ဝင်လိုက်သည်။

ဤအခန်းသည် စာဖတ်ခန်းဟုဆိုသော်လည်း ဆေးကျမ်းစာအုပ် အမျိုးမျိုးအပြင် ဆေးဝါးကုန်ကြမ်း အမျိုးမျိုးနှင့် ဖော်စပ်ပြီးသား ဆေးဝါးအမျိုးမျိုးထားရှိရာ အခန်းလည်းဖြစ်သည်။

ထို့ကြောင့် ဤအခန်းမှာ ပရဆေးနံ့များ မွှန်နေသော အခန်းဖြစ်သည်။

အခန်းတွင်းသို့ ကွန်ကျင်ယံ ဝင်ရောက်သွားသောအချိန်တွင် အတိုးဖြစ်သူ ခေါ်ဖျူသည် စာကြည့်စားပွဲတွင် ထိုင်လျက် စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေသည်။ ခေါ်ဖျူသည် ဤစာအုပ်ကို ဖတ်နေရင်းပင် မြေးဖြစ်သူကို လှမ်းခေါ်ခဲ့ခြင်းဖြစ်၍ ယခု ကွန်ကျင်ယံ ဝင်လာသောအခါတွင်လည်း စာအုပ်နှင့်မျက်နှာ မခွာဘဲ ရှိနေ၏။

ကွန်ကျင်ယံက စားပွဲရှေ့ သုံးခုံမျှအကွာတွင် လက်နှစ်ဖက်ကို နောက်ပစ်၍ ရပ်လိုက်ပြီး....

'ဘာခိုင်းမလို့လဲ ဘိုးဘိုး'

မေးလိုက်လေသည်၊ ခေါ်ဖျူက မော့မကြည့်သေးဘဲနှင့်ပင်....

'နင် ဘာလုပ်နေလဲ'

'ဟင်းချက်ဖို့ မုန်လာဥလှီးနေတယ် ဘိုးဘိုး'

'အဲဒါတွေ ထားလိုက်စမ်း.... အငယ်ကောင် လုပ်လိမ့်မယ်'

'အို...ဘိုးဘိုးကလဲ မောင်လေးက ဟင်းမှမချက်တတ်တဲ့ဟာ'

ကွန်ကျင်ယံက လွတ်ခနဲ ပြောလိုက်ရာ ခေါ်ဖျူက ဆတ်ခနဲ မော့ကြည့်လိုက်ပြီး....

'မချက်တတ်လို့ရမလား၊ နောက်ဆိုရင် နင်တို့ဘာသာ....'

ဒေါသတကြီးပြောရင်းပင် ရုတ်တရက်ပြောလက်စစကားကို ရပ်လိုက်သည်။



ကွန်ကျင်ယံက သူ့အဘိုးမျက်နှာကို ထိတ်လန့်တကြားကြည့်လိုက်၏။

'နောက်ဆိုရင် နင်တို့ဘာသာလုပ်ရမှာ' ဟု ပြောလိုရင်းရှိလိမ့်မည်ဟု တွေးကာ သူ့သမီး သေဆုံးသွားပြီကို အဘိုးသိသွားလေပြီလားဟု တွေးမိသောကြောင့် ဖြစ်သည်။

ခေါ်ဖျူက ရုတ်တရက် မျက်မှောင်ကြုတ်လိုက်ပြီး....

'ငါ့မြေးကို တာဝန်ပေးစရာရှိလို့ အဘိုးကပြောတာ၊ ထားပါလေ ငါ့မြေးကို ပြောစရာရှိလို့ ထိုင်စမ်းပါဦး'

စားပွဲဘေးတွင်ရှိသော ထိုင်ခုံကိုညွှန်ပြလိုက်၍ ပြောသည်။ ကွန်ကျင်ယံက အဘိုးဖြစ်သူ၏မျက်နှာကို မျက်ခြည်မပြတ် အကဲခတ်ရင်း ညွှန်ပြသော ထိုင်ခုံရှိရာသို့ တိုးသွားပြီး ထိုင်လိုက်သည်။

ခေါ်ဖျူက သဲကြီးမဲကြီး ဖတ်နေခဲ့သော စာအုပ်ကို ပိတ်လိုက်ပြီး ကွန်ကျင်ယံ မြင်သာအောင် ထောင်ပြလိုက်သည်။

စာအုပ်မှာ အတော် ဟောင်းနွမ်းနေသော စာအုပ် တစ်အုပ်ပင်။

'ဘိုးဘိုး တာဝန်ပေးမလို့ဆိုတာက'

ကွန်ကျင်ယံက အဘိုးဖြစ်သူ၏ မျက်နှာကို အကဲခတ်ရင်း ဇဝေဇဝါအသံနှင့် ပြောလိုက်၏။

ခေါ်ဖျူက စာအုပ်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီး....

'ပြောမယ်မြေး.... အဘိုးပြောပြမယ်'

ပြောလိုက်ပြီးလျှင် ထိုစီရာမှထ၍ထိုင်ခုံကိုနောက်သို့ တွန်းလိုက်သည်။ ထို့နောက် စားပွဲတစ်ဖက်မှပတ်၍ ရှေ့ဘက်သို့ လျှောက်လိုက်သည်။ ပြီးလျှင် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း....

'လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ငါးကျော်လောက်ကပေါ့ကွယ်'

အစချီလျက် နောက်ကြောင်းကို ပြန်ပြောင်း၍ ပြောလေတော့သည်။

* *

ထိုအချိန်က ခေါ့ဖျူ၏ အသက်မှာ လေးဆယ်ခန့်မျှသာ ရှိသေးသည်။ ဇနီးလည်း မကွယ်လွန်သေး။ သမီးအပျို ခေါ့ကျင်နှင့် မိသားစု သုံးယောက်တည်း အေးအေးချမ်းချမ်း နေထိုင်စားသောက်နိုင်သော ကာလ။

ခေါ့ဖျူမှာ ထိုအချိန်ကာလကပင် ထင်ရှားသော သမားတော်တစ်ဦး ဖြစ်နေလေပြီ။

သူသည် ဆင်းရဲချမ်းသာမရွေး၊ ငွေကြေးကို အဓိက မထားဘဲ ဆေးဝါးကုသမှု တစ်ခုတည်းကိုသာ အလေးထားသော သမားတော်ဖြစ်ခဲ့သည်။



သို့သော် သိုင်းလောကနှင့် မပတ်သက်လိုသဖြင့် သိုင်းသမား လူနာများကိုကား အထူးဂရုထား၍ စဉ်းစားချိန်ဆပြီးမှ ကုသပေးလေ့ရှိသည်။

ထိုသို့ရှိနေစဉ် တစ်နေ့....

ညကြီးသန်းခေါင်အချိန်တွင်ဖြစ်သည်။

ခေါ့ဖျူသည် ဆေးကျမ်းတစ်စောင်ကို စိတ်ဝင်စားစွာ ဖတ်လျက်ရှိစဉ် အိမ်တံခါးခေါက်သံ ထွက်ပေါ်လာခဲ့လေသည်။

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်မို့ ခေါ့ဖျူမှာ တံခါးခေါက်သံကို ရုတ်ချင်းကြားလိုက်ပြီး အရေးတကြီးလူနာရောက်လာပြန်သလေပြီဟု တွေးမိကာ ထိုင်ရာမှ ထလိုက်တော့သည်။

ထိုစဉ်မှာပင် တံခါးဆီမှ တစ်စုံတစ်ယောက် လဲပြိုကျသွားသံကို ကြားလိုက်ရသည်။

ခေါ့ဖျူသည် အရေးတကြီးပင် အိမ်တံခါးကို သွားဖွင့်လိုက်သည်။ ထိုအခါ အိမ်တံခါးပေါက်တွင် လဲကျနေသော လူတစ်ယောက်ကို တွေ့ရှိသည်။

ခေါ့ဖျူကား သမားတော်စိတ်အပြည့်ရှိသော သမားတော် ဖြစ်သည်။

ထိုလူကို သူကိုယ်တိုင်ပင် ပွေ့ချီကာ ဆေးဝါးကုသပေးသည့် အခန်းတွင်းသို့ ခေါ်ခဲ့သည်။ ချက်ချင်း စမ်းသပ်စစ်ဆေးသည်။ ဤတွင် သွေးထွက်သံယို ဖြစ်နေသော ဒဏ်ရာဟူ၍ ရှိ၏။

အတွင်းဒဏ်ဟုခေါ်သော ဒဏ်ရာ အညိုအမည်းများ၊ ဘယ်ဘက်နံစောင်းတွင် တစ်ချက်၊ လည်မျိုအောက် ရင်ဘတ်ပေါ်တွင် တစ်ချက်ရှိနေသည်။ ရင်ဘတ်ဒဏ်ရာမှာ အလွန်ပြင်းထန်သည်၊ နံရိုးများဖြာထွက်ရာ အလယ်ရိုးမှာ အက်သွားသည်ဟု ထင်ရသည်။

လူနာမှာ သတိလစ်ခြင်းမရှိ။ သို့သော် ရင်ဘတ်ဒဏ်ရာကြောင့် အသက်ကောင်းကောင်း မရှူနိုင်၊ စကားပြောဆိုနိုင်ခြင်းလည်း မရှိ၊

သေချာစမ်းသပ်ကြည့်သောအခါ လူနာမှာ အဆုတ် တစ်ဖက်ကြေနေပြီး အသည်း၏ တစ်စိတ်တစ်ပိုင်းလည်း အတော်နာသွားကြောင်း ခန့်မှန်းသိရှိရတော့သည်။

လူနာသည် ဤမျှ ဒဏ်ရာကြီးနှင့် မည်သို့ အသက်ရှင်ကာ သူ့ဆီသို့ မည်သို့လာခဲ့လေသနည်းဟု ခေါ်ဖျူ အံ့ဩရတော့သည်။

သို့သော်လည်း ဆက်လက် စမ်းသပ်ရင်းပင် လူနာမှာ သာမန်လူမျိုးမဟုတ်ဘဲ အတွင်းအား လွန်စွာပြည့်ဝင်းလျက် ကိုယ်တွင်း သွေးလည်ပတ်မှုကိုပါ လိုသလို ထိန်းချုပ်နိုင်စွမ်းသော ပညာရှင်မျိုးဖြစ်ကြောင်း တွေ့လိုက်ရပြန်သည်။

သို့ဆိုလျှင် ဤကဲ့သို့သောလူမျိုးကို ဤမျှအထိပြင်းထန်စွာ ထိခိုက်အောင် ပြုလုပ်နိုင်စွမ်းသူမှာ ပို၍ပင် အံ့ဩစရာဖြစ်နေချေပြီ။

ခေါ်ဖျူက လူနာကို ကုသနိုင်ရန် ကြိုးစားသည်။



ထိုလူနာ အသက်မရှင်နိုင်တော့မှန်း သိလျက်နှင့် ကြိုးစားကုသခဲ့ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့်လည်း အမှန်ပင် သေရတော့မည် ဖြစ်သော လူနာအား ညင်သာစွာ သေဆုံးသွားနိုင်စေရန် ကူညီသည်ဟုလည်း ပြောနိုင်ပါပေသည်။

ထိပ်တန်း သိုင်းသမား တစ်ယောက်ဖြစ်သော လူနာကလည်း သူ့အခြေအနေကို သူသိပြီးသားပင် ဖြစ်သည်။ သို့သော် သူ၏ နောက်ဆုံးအချိန်တွင် သမားကောင်းပီသစွာ ကိုယ်ဖိရင်ဖိပြုစုကုသပေးခဲ့သောခေါ်ဖျူကိုအထူးပင်ကျေးဇူးတင်ခဲ့ပုံရသည်။ စကားမပြောနိုင်တော့သော်လည်း၊ သူ့အိတ်ထဲမှ စာအုပ်တစ်အုပ်ကိုထုတ်၍ ကန်တော့သည့်အနေဖြင့် ပေးခဲ့သည်။

ထို့နောက် မနက်အရုဏ်တက်ချိန်လောက်တွင် ထိုလူမှာ သေဆုံးသွားခဲ့လေတော့သည်။

ထိုလူပေးခဲ့သော စာအုပ်အမည်ကား 'လေးကျွန်းရာဇာ မဟာသိုင်းကျမ်း' မည်သည်။

ခေါ်ဖြူသည် ထိုလူအား သူ့ခြံတွင်းမှာပင် ကောင်းစွာ မြေမြှုပ် သင်္ဂြိုဟ်ခဲ့သည်။ ထိုလူ မသေမီတွင် စကားပြောဆိုရခြင်းလည်း မရှိသောကြောင့် ထိုလူ၏အမည်ကိုလည်း မသိခဲ့။ ထို့ပြင် ကိုယ်တိုင်ကလည်း သိုင်းပညာမတတ်။ သိုင်းလောကသားများနှင့်လည်း အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်း နေခဲ့သောခေါ်ဖျူမှာ ထိုလူပေးခဲ့သော သိုင်းကျမ်း

စာအုပ်၏တန်ဖိုးကိုလည်း နားမလည်။အသုံးလည်းမချတတ်ခဲ့ချေ။

သို့သော် ပြင်းထန်သော အတွင်းဒဏ်ရာများ ရလျက် ထူးဆန်းစွာ ရောက်လာခဲ့သော လူနှင့်ပတ်သက်၍ အလွန်စိတ်ဝင်စားလာခဲ့သောကြောင့် သိုင်းလောကမှ သတင်းများကို မသိမသာ စုံစမ်းကြည့်မိခဲ့သည်။

ထိုအခါ အလွန် စိတ်ဝင်စားစရာလည်း ကောင်း၍ အလွန်လည်း တရားသံဝေဂ ရစရာကောင်းသော သိုင်းလောက ဇာတ်လမ်းတစ်ပုဒ်ကို ခေါ့ဖျူ သိရှိရပြန်လေတော့သည်။

'လေးကျွန်းရာဇာ မဟာသိုင်းကျမ်း'ကို ခေါ့ဖျူ ရရှိသည့်အချိန်မတိုင်မီ လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က သိုင်းလောကတွင် အလွန်တရာ ဆိုးသွမ်းရက်စက်သောပန်းဘီလူး ကျို့ကုံးဆင်ဆိုသည့် သိုင်းသမားကြီး တစ်ယောက် ရှိခဲ့သည်ဟု ဆိုသည်။

ကျို့ကုံးဆင်မှာ ဝမ်းတွင် ပါ ဗီဇအရပင် မကောင်းမှုနှင့် ရက်စက်ခြင်းကို နှစ်လိုခုံမင်သူဟူ၍ပင် ဆိုရပေလိမ့်မည်။

သူသည် အတည်တကျ နေထိုင်ခြင်းလည်းမရှိ။သွားချင်ရာ သွားကာ ရောက်လေရာတွင် ဒုစရိုက်မျိုးစုံကို ကမ်းကုန်အောင် ကျူးလွန်လေ့ရှိသူ။

သူကား ဒုစရိုက်သားချင်းကပင် အော့နှလုံး နာရသူဖြစ်သည်။

သို့သော် သူ့ကို မည်သူမျှ မော့မကြည့်ရဲပေ။



သူသည် သိုင်းပညာတွင် အလွန်ထက်မြက်သူ ဖြစ်သည်။ အလွန်လည်း ပါးနပ်သူ ဖြစ်ရာ အမျိုးမျိုးသောအကြောင်းတို့ဖြင့် သူ့ကို မကျေနပ်သော လက်စားချေလိုကြသော လူများမှာ သူ့အနားသို့ပင် မသီနိုင်ကြချေ။

ထိုအချိန်က အဖြူရောင် သိုင်းလောကတွင် ထူးချွန်သော သိုင်းသမားတို့လည်း မရှိမဟုတ်။ ရှိကြသည်။ သို့သော် စည်းမှုမရှိကြ။ ငါနှင့်ငါသာ နှိုင်းစရာဟု ပညာမာန် မြောက်ကြသူတွေသာ များကြသည်။ ထိုအထဲမှ ပန်းဘီလူး ကျို့ကုံးဆင်ကို စိန်ခေါ် တိုက်ခိုက်ခဲ့ကြသူတွေ အများကြီး။

ခုနစ်စဥ်ကြယ်ဓား ဝမ်မန်။

သေမင်းတမန် ဝူရို့နန်။

သံခြေထောက် ယံပုန်ဟန် အစရှိသော ထိုအခါက ထိပ်တန်း စာရင်းဝင် အဖြူရောင် သိုင်းသမားကြီးများသည် ပန်းဘီလူး ကျို့ကုံးဆင်၏ မိုက်ဇာတ်ကို သိမ်းရန် ကြိုးပမ်းခဲ့ကြဖူးသည်။

သို့သော် ကျို့ကုံးဆင်က မိုက်ဇာတ်မသိမ်းဘဲ သူတို့သာလျှင် လူ့ဘဝကြီးမှ ကြွေလွင့်သွားခဲ့ရရှာသည်။

ထိုသို့ ထိပ်တန်းသိုင်းသမားကြီးများ မယှဥ်နိုင်သောကျို့ကုံးဆင်ကို တခြားမည်သူတွေက တားဆီးရဲကြပါတော့မည်နည်း။

ကျို့ကုံးဆင်ကား ဆိုးချင်တိုင်း ဆိုးနေခဲ့လေပြီ။

တရုတ်ပြည်ကြီးက အကျယ်ကြီးမို့သာ ခပ်ကျဉ်းကျဉ်းသာဆိုလျှင် ကျို့ကုံးဆင် နင်းခြေသည်နှင့်ပင် ဖွတ်ဖွတ်ကြေလောက်ပေ၏။

သိုင်းလောကကြီးတစ်ခုလုံး ကျို့ကုံးဆင်ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော ကာလမှာ ခြောက်နှစ်ပင်ကျော်ခဲ့သည်။

သို့ဖြစ်သော်လည်း လောက၏သဘောသည် တစ်သမတ်တည်း နေသည်မဟုတ်။

အကွေ့အကောက်ရှိသလို အဖြောင့်အစင်းလည်းရှိသည်။

ရက်စက်ယုတ်မာမှုရှိသလို ရိုးသား ကြင်နာမှုလည်းရှိသည်။

အတောင်ပါသောငှက်ပင် မြေမသက်ဘဲ နေနိုင်ရိုးတဲ့လား။

ဘယ်မျှလောက်စွမ်းအားရှိသော သူကိုပင်ဖြစ်စေ အနိုင်သဘောကို တစ်သမတ်တည်း သဘောကိုပေးတတ်သော ထုံးစံ လောကတွင် မရှိ။

ကျို့ကုံးဆင်ကို တစ်ယောက်ချင်းယှဉ်ရန် မလွယ်မှန်းတွက်မိသော အဖြူရောင် သိုင်းသမားများ ပေါ်ထွက်လာသည်။

နဂါးပျံ တီချိန်။

အလှရှင် ကျန်ရှိလင်။

သံမဏိလက်သီး ချန်ချိန်တောက်။

တောင်သုံးလုံးမင်းသား ရန်ကာဝမ်း။



သူတို့က ပန်းဘီလူးကျို့ကုံးဆင်ကို မဖြစ်မနေ သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ထို့နောက် သူတို့လေးယောက် တွေ့ဆုံကာ သိုင်းလောကအတွေ့အကြုံများ ရင့်ကျက်လှသည်နှင့်အမျှလူပါးလှုပ်ကြီးသည်းဖြစ်သော ကျို့ကုံးဆင်ကို အနိုင်ရရန် အစီအမံများကို အသေးစိတ် စီစဉ်ချမှတ်ကြသည်။

ကျို့ကုံးဆင်က လူတို့၏စိတ်အကြံကို ဖောက်ထွင်းသိမြင်နိုင်လျက် မြေလျှိုးမိုးပျံနိုင်သော စိဇ္ဇာဇော်ဂျီတပသီမှ မဟုတ်လေပဲ။

ပြီးတော့ ကြံစည်ကြသည့် သိုင်းသမားလေးယောက်ကသည်း အတွေ့အကြုံ ရင့်ကျက်လျက် ကျို့ကုံးဆင်ထက်ပင် အသက်အရွယ်ကြီးရင့်ကြသော ထိပ်တန်း သိုင်းသမားများ ဖြစ်ကြသည်မဟုတ်လား။

ရှေ့ကျင်ဆိုသော ရွာကလေး၌ ကျို့ကုံးဆင်ကို ဝိုင်းဝန်းလုပ်ကြံကြသည့် သိုင်းသမားကြီး လေးယောက်၏ စွမ်းရည်နှင့် စုပေါင်းအားကို သူမခံသာ။ ကျို့ကုံးဆင်၏ ဘယ်လက်မှာ လက်မောင်းရင်းမှ တိတိရိရိ ပြတ်ကျသွားသည်။ သို့တိုင် ကျို့ကုံးဆင်သည် ထိုသိုင်းသမားကြီး လေးယောက်၏ လက်တွင်းမှ ကိုယ်လွတ်ရုန်း၍ ပြေးလွှားနိုင်ခဲ့သေးသည်။

ထိုနောက်ပိုင်းတွင်ကျို့ကုံးဆင်၏ ဆိုးမိုက်သောသတင်းများကို မကြားရတော့။

ကျို့ကုံးဆင်ကိုတွေ့သည် မြင်သည်ဆိုသော သတင်းများကိုလည်း မည်သူမှ မကြားရလေတော့။

ထို့ကြောင့် ရရှိသွားသော ဒဏ်ရာများဖြင့် ကျို့ကုံးဆင် သေဆုံးသွားပြီဟု သိုင်းလောကတစ်ခုလုံးက ယူဆသွားကြ တော့သည်။

တကယ်တော့ကား ကျို့ကုံးဆင်မသေသေးချေ။

လက်တစ်ဖက်ပြတ်ပြီးထွက်ပြေးသွားသော ကျို့ကုံးဆင် သည် တန်ပေ၊ ချန်ဆီ၊ ကန်ချောင်ပြည်နယ်သုံးခု၏ကြားရှိ တောကြီးထဲတွင် ရောက်ရှိနေသည်။

ကျို့ကုံးဆင်ကား အငြိုးအတေးနှင့် မာန်ကြီးလှသူ တည်း။

သူ၏ လက်တစ်ဖက် ဆုံးရှုံးရသော ကိစ္စမှာ ဆိုးဒဏ်၊ မိုက်ဒဏ်ကိုပြန်ခံရသည်ဟု လူများကဆို၏။ သူ့အားဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသော သိုင်းသမားလေးယောက်ကို နည်းနည်း မျှ မကျေနပ်ချေ။ သူဒဏ်ရာ ပျောက်ကင်းသည့်နောက်တွင် လက်စားချေနိုင်ရန် ကြံစည်တော့သည်။

ထိုအခါတွင် သူ့အား ဝိုင်းဝန်းတိုက်ခိုက်ခဲ့ပုံများကို တရေးရေး မြင်ယောင်နေသော ကျို့ကုံးဆင်သည် ထိုသိုင်း သမားလေးယောက်ကို တစ်ပြိုင်နက်တည်း တိုက်ခိုက်အနိုင်ယူ နိုင်စွမ်း မည့် သိုင်းကွက်များကို တီထွင်တော့သည်။

ကျို့ကုံးဆင်မှာလူကောင်းမဟုတ်၍သာ၊ဉာဏ်ပညာကမူ ထူးချွန်ထက်မြက်သူ ဖြစ်သည်။ သူသည် တောတွင်း၌ ငါးနှစ် ကျော်မျှ အပတ်တကုတ် ကြိုးစား တီထွင်ကာ အပြန်ပြန် အလှန်လှန် စမ်းသပ်ရင်းဖြင့် ကြောက်စရာကောင်းလှသော



ငွမ်းရည်ရှိသည့် သိုင်းကွက် တစ်ဆယ့်ခြောက်ကွက်ကို ရရှိ သွားလေတော့သည်။

၎င်းသိုင်းကွက် တစ်ဆယ့်ခြောက်ကွက်ကို တတ်မြောက်လျှင် သူ့အား ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသူ လေးယောက်မျှကို သိုထားနှင့် ဆယ်ယောက်လောက်ကိုပင် အလွယ်တကူ အနိုင် ယူနိုင်မည်ဟုယုံကြည်သော ကျို့ကုံးဆင်သည်သူ၏သိုင်းကွက် တစ်ဆယ့်ခြောက်ကွက်ကို စုစည်းလျက် 'လေးကျွန်းရာဇာ ဟူရာဆိုင်းကျမ်း' ဟု အမည်တပ်လိုက်သည်။

ထို့နောက် သိုင်းလောကသို့ ပြန်ဝင်ကာ သွေးလက်စား ချေနိုင်ရန်အတွက် သူတီထွင်ထားသည့် သိုင်းကွက်များကို ကျမ်းကျင်သည်ထက်ကျမ်းကျင်အောင် အပြင်းအထန် လေ့ ကျင့်ပြန်သည်။

ထိုသို့ ကျို့ကုံးဆင်တစ်ယောက် သူတီထွင်ထားသော သိုင်းကွက်များကို အပြင်းအထန် ပြန်လှန် လေ့ကျင့်နေစဉ် တစ်နေ့၌ တောနက်တွင်းသို့ မျက်စိလည်၍ ရောက်လာသော ဆိုးတစ်ယောက်က တွေ့ရှိ သွားလေတော့သည်။

ထိုမုဆိုးကား သိုင်းပညာ အတော်အတန် တတ်မြောက် ထားသူဖြစ်သည်။ သို့သော် ကျို့ကုံးဆင်လေ့ကျင့်နေသည် ကို မြင်ရသောမုဆိုးမှာ ကျို့ကုံးဆင်ကို သိုင်းကွက်များ လေ့ကျင့်နေသည်ဟုပင် မထင်မိလောက်အောင် အံ့အား သင့်သွားခဲ့သည်။

သိုင်းကွက်များက ထက်မြက်လွန်း၍ ကြောက်ပါးလိုလို လှသည် မဟုတ်ပါလား။

မျက်တောင်မခတ်ဘဲ ကြည့်နေမိသော မုဆိုးသည် ကျို့ကုံးဆင်တစ်ယောက် အတန်ကြာအောင် လှုပ်ရှားလေ့ကျင့်လိုက်ပြီးလျှင် အနီးရှိ ကျောက်တုံးပေါ်၌ တင်ထားသော စာအုပ်ကိုကြည့်လိုက်နှင့် သိုပ်နေသည်ကိုတွေ့ရသောအခါမှ အလွန်ထက်မြက်သော သိုင်းကွက်များကို လေ့ကျင့်နေမှန်း ရိပ်စားသိရှိသွားတော့သည်။

မုဆိုးမှာ ရပ်ရွာထဲတွင် ခပ်ကြွားကြွား နေထိုင်တတ်၍ စိတ်ကူးယဉ်တတ်သူလည်း ဖြစ်သည်။ ထို့ကြောင့် သိုင်းကွက်များ လေ့ကျင့်နေသော ကျို့ကုံးဆင်ကိုကြည့်၍ ဤသိုင်းကျမ်းကိုသာ ရရှိခဲ့လျှင် ဇမ္ဗူတွင် တုသူမရှိတော့ဆိုသော အတွေးမျိုးပေါက်ခဲ့ပုံလည်းရသည်။ ထို့ကြောင့် ခိုးယူရန် ဆုံးဖြတ်ခဲ့ပုံရသည်။

ကျို့ကုံးဆင်မှာကား မုဆိုးကသူ့အား ချောင်းမြောင်းကြည့်၍နေသည်ကို မတွေ့ချေ။ ဤနေရာတွင် သူနေခဲ့သည်မှာ ခြောက်နှစ်တာကာလမျှ ရှိခဲ့ပြီဖြစ်ရာ ထိုကာလအတွင်း၌ လူသူ တစ်စုံတစ်ယောက်မျှ ရောက်ရှိလာသည်ကို မကြုံဖူးသောကြောင့် စိတ်ချလက်ချလည်းရှိနေသည်။ ထို့ကြောင့် စနောင်းစိတ်မျိုးမရှိဘဲ လေ့ကျင့်ရင်းပင် မောဟိုက်လာသောအခါတွင် စာအုပ်ကို ထိုအတိုင်းထားခဲ့ကာ ခပ်လှမ်းလှမ်းတွင်ရှိသော စမ်းချောင်းဆီသို့ ရေချိုးသွားလေတော့သည်။

မုဆိုးမှာ မမျှော်လင့်ဘဲ ရရှိလာသော အခွင့်အရေးကို လက်လွတ်မခံချေ။ ကျို့ကုံးဆင် ထားခဲ့သော သိုင်းကျမ်း



စာအုပ်ကို အလွယ်တကူပင် ရယူကာ ထိုနေရာမှ ထွက်ပြေးလေတော့သည်။

ကျို့ကုံးဆင်မှာ သူ့ထုံးစံအတိုင်းစမ်းချောင်းနံဘေးတွင် အမောအပန်းပြေအောင် ထိုင်သေးသည်။ ထို့နောက်မှ စိတ်အေးလက်အေးနှင့် ရေချိုးကာ သူနေထိုင်ရာ သစ်လုံးအိမ်ကလေးသို့ ပြန်လာခဲ့သည်။

ထို့နောက် အသားခြောက်များကို ကင်၍စားသောက်ပြီး တရေးတမော အိပ်သည်။ အိပ်ရာကနိုးလာမှ သိုင်းလေ့ကျင့်ရာ နေရာသို့ ပြန်လာသည်။

ထိုအခါမှ သိုင်းစာအုပ် မရှိမှန်း သိသွားသည်။

ထိုနား ပတ်ဝန်းကျင်ကင် သေသေချာချာ ရှာသည်။ မတွေ့။ မျောက်တစ်ကောင်ကောင်ယူသွားသည် ဆိုရအောင်လည်း သူနေသော အနားပတ်ဝန်းကျင်တွင် မျောက်ဟူ၍ မရှိ။ တခြား တိရစ္ဆာန်များ ကိုက်ချီ သွားစရာလည်း အကြောင်းမရှိ။

ကျို့ကုံးဆင် ဒေါင်းတောက်နေသည်။

သူ့အနေဖြင့် သိုင်းပညာများကို တတ်မြောက်ထားပြီးသား ဖြစ်သည်။ သို့သော် ဤသိုင်းကျမ်းစာအုပ်ကို တခြားလူများ၏ လက်တွင်းသို့ ရောက်သွားပါက သူ့ကို ယှဉ်ပြိုင်နိုင်သူ ရှိလာတော့မည်ဖြစ်၍ ကျို့ကုံးဆင်မှာ နေမထိထိုင်မသာဖြင့် သိုင်းကျမ်းကို ရှာဖွေရန် ထိုနေရာမှ ထွက်ခွာလာခဲ့ရတော့သည်။

* * *

သိုင်းကျမ်းကို ရရှိလာခဲ့သော မုဆိုးသည် သူနေထိုင်ရာ ရွာသို့ ပြန်လည်ရောက်ရှိလာသည်နှင့် သိုင်းကျမ်းတွင် ဖော်ပြထားသော သိုင်းကွက်များကို ကျိတ်၍ လေ့ကျင့်လေတော့သည်။

မုဆိုးမှာ လူကြွားတစ်ယောက်ဖြစ်သောကြောင့် သိုင်းကျမ်းမှ အစဦး သိုင်းကွက်သုံးကွက်ကို တတ်မြောက်သွားသည်နှင့်သူ့စိတ်ကို ချုပ်တည်းမထားနိုင်တော့ချေ။ သူ့တွင် မကျေနပ်သူလည်း ရှိနေသည်။

ထိုလူသည် သူနေသောရွာမှ လူကြီး၏တူဖြစ်ပြီး သူ့လိုပင် မုဆိုးတစ်ဦး ဖြစ်သည်။ ထိုလူသည် အစားခွန်ဗလကောင်း၍ သူ့ထက်လည်း သိုင်းပညာ ပိုမိုတတ်မြောက်သူဖြစ်သည်။ ထိုလူသည် မကြာသေးမီကာလက ကိစ္စတစ်ခုအတွက် သူ့ပါးကို ရိုက်ခဲ့၏။ သူ့မိန်းမရှေ့တွင် အရိုက်ခံရခြင်းဖြစ်သောကြောင့် သူ အလွန်ရှက်သည်။ နာလည်း နာကြည်းခဲ့ရသည်။

ယခု ထိုလူကို နိုင်လောက်သော သိုင်းကွက် သုံးကွက်ကို သူ တတ်မြောက်ပြီ။

စမ်းသပ်ကြည့်ချင်စိတ်က တားမနိုင်ဆီးမရ ဖြစ်ပေါ်နေသည်။ ထိုလူကို မြင်၍ လက်စားချေ အရှက် ခွဲလိုက်မည်။ ထိုအခါ လူကြီးက သူ့ကို ရန်ရှာချင်ရှာနိုင်သည်။ ရှာလျှင်လည်း ဂရုစိုက်စရာ မရှိ။ လူကြီးတပည့် လူမိုက်သုံးယောက်တို့ တစ်ယောက်စီ ရိုက်လှဲပစ်လိုက်ရုံသာ။



မုဆိုးသည် ထိုအတွေးဖြင့် ရွာကိုပြန်ရောက်ပြီး ရှစ်ရက်မြောက်သော ညနေခင်း၌ သူ့တွင် ရှိသမျှ အဝတ်အစားထဲမှ အကောင်းဆုံးကို ရွေးချယ်ဝတ်ဆင်ကာ သူကြီးတူ လူမိုက်ရှိနိုင်မည့်နေရာသို့ လျှောက်လာခဲ့သည်။

သူကြီးတူမှာ ညအချိန်ရောက်ဆိုလျှင် ရွာအရှေ့ဖျားရှိသော သေတင်းကုပ်တွင် ရောက်နေလောက်ပြီ ဖြစ်သည်။

မုဆိုးထင်သည့်အတိုင်းလည်း မှန်ပေသည်။

သူရောက်သွားသောအချိန်တွင် သူကြီးတူ လူမိုက်မှာ သူကြီးတပည့် လူမိုက်သုံးယောက်နှင့် အရက်သောက်နေပြီဖြစ်သည်။

သေတင်းကုပ်ထဲတွင် ရွာသား အရက်သမားတွေကလည်း နည်းပင်။ အကျအနဝတ်ဆင်ထားသော မုဆိုးက သေတင်းကုပ်တွင်းသို့ ခပ်တင်းတင်းဟန်ဖြင့် ဝင်သွားသည်။ သူကြီးတူက သူ့ကို ပါးရိုက်ခဲ့သည့်ကိစ္စမှာ ပူပူနွေးနွေးမျှသာ ရှိသေးသည်ဖြစ်ရာ သူကြီးတူနှင့် တပည့်များ အရက်သောက်နေသော နေရာတို့ ခပ်တင်းတင်းရောက်လာသော မုဆိုးကို ရွာသားများက စူးစမ်းသော မျက်လုံးများဖြင့် ကြည့်ကြသည်။

မုဆိုးက ဘယ်သူမျှ ဂရုမစိုက်။

လွတ်နေသော ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက်....

'ဟေ့....ခိုင်မောင်း'

သူကြီးတူကို အထက်စီးလေသံမျိုးဖြင့် လှမ်းခေါ်လိုက်ရာ သူဝင်လာကတည်းကပင် သတိထားမိပြီး အထူးအဆန်းလို ဖြစ်နေသော သူကြီးတူမှာ အံ့အားသင့်သွားပြီး ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်နေသည်။

မုဆိုးက သူကြီးတူဘက်သို့ လှည့်၍ပင် မကြည့်ဘဲ ပြောပြန်သည်၊

'ငါ့ဖို့ အရက်အိုးဆေးတစ်လုံးနဲ့ အမြည်းကောင်းကောင်း ယူခဲ့ကွာ'

'ဘာကွ'

သူကြီးတူက ဒေါသနှင့် အော်လိုက်ရင်း ဝုန်းခနဲ ခုန်ထသည်၊ မုဆိုးက ဂရုမစိုက်ဘဲ....

'အဲဒီအရက်အိုးနဲ့ အမြည်းဖိုးကို မင်းပဲ ပေးရမှာနော်'

ပြောလိုက်ပြန်ရာ သူကြီးတူမှာ တစ်ကိုယ်လုံး တုန်ယင်လာပြီ....

'မှင်း ဟိုနေ့က ပါးရိုက်ခံရတာ မနာသေးလို့လား'

ပြောရင်း မုဆိုးရှိရာသို့ ရှူးခနဲ ရောက်လာ၏။ မုဆိုးက မည်သို့မျှ ဟန်မပျက်ဘဲ....

'အေး....ငါက အဲဒီအတွက်ပဲ မင်းတိုက်တဲ့ အရက်ကို သောက်ပြီး မင်း ကန်တော့ပြီး တောင်းပန်တာကို ခံဖို့ လာခဲ့တာကွ'

ပြောလိုက်ရာ သူ့စကားအဆုံးတွင်ပြီ လက်ရဲဇက်ရဲဖြစ်နေသော သူကြီးတူက ညစ်ညစ်ညမ်းညမ်း ဆဲဆိုလိုက်ပြီးလျှင် ညာလက်ဖြင့် မုဆိုး၏ပါးကို ရိုက်ချလိုက်သည်။



'ဖြန်း'

လက်ဝါးနှင့်ပါးပြင်ထိတွေ့သံက သေထင်းကုပ်အတွင်း၌ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အချင်းဖြစ်ပြီဆိုသည်နှင့် သူတို့နှစ်ယောက်ကိုသာ အာရုံစိုက်၍ ကြည့်နေကြသော ရွာသားများ၏မျက်လုံးထဲ၌ မုဆိုးမှာ မည်သို့မျှ ဟန်ပျက်သွားခြင်း မရှိဘဲ သူကြီးတူသာလျှင် တစ်ပတ်လည်သွားသည်ကို မြင်လိုက်ရသည်၊

သူကြီးတူမှာ မျက်လုံးကြီးများ ပြူးကျယ်နေ၏။

သူ့လက်ဝါးက မုဆိုး၏ပါးကိုမထိဘဲ မုဆိုး၏လက်ဝါးက သူ့ပါးပေါ်သို့ မည်သို့ရိုက်လိုက်သည်ကို သူ နည်းနည်းမျှ မသိလိုက်သောကြောင့် အံ့အားသင့်နေခြင်း ဖြစ်သည်။ ထိုနောက်မှ သူ့မျက်နှာကြီးမှာ ရှတ်ခြည်း နီရဲသွားကာ ပူထူသွားသော ပါးကို ပွတ်လိုက်ပြီး....

'ဟင်....မင်းကလားကွ ငါ့ကို'

ပြောပြောဆိုဆို သူ့ရှေ့တွင်ထိုင်နေသော မုဆိုး၏ပါးကို ထပ်၍ရိုက်လိုက်ပြန်၏။

'ဖြန်း'

လက်ဝါးနှင့် ပါးပြင် ထိခိုက်သံ ထွက်ပေါ်လာနေ၏။ သို့သော် စောစောကအတိုင်းပင် မုဆိုး၏ပါးကိုထိသွားခြင်း မဟုတ်ဘဲ သူကြီးတူသာ ပါးရိုက်ခံလိုက်ရခြင်း ဖြစ်သည်။ ဤတစ်ကြိမ်တွင် ရိုက်ချက်မှာ ပထမတစ်ချက်ထက် ပိုမိုပြင်းထန်သောကြောင့် သူကြီးတူမှာ တစ်ပတ်လည်သွားရုံမျှမက လဲ့ကျတော့မလိုပင် ယိမ်းယိုင်သွားသည်။

'ဒီတစ်ခါရိုက်ရင်တော့ မင်းသွားတွေပါ စဉ်ထွက်သွား လိမ့်မယ်နော်၊ ငါခိုင်းတဲ့အတိုင်းသာ အေးအေးဆေးဆေး လုပ်စမ်းပါ၊ ငါ အရက်သောက်ချင်နေပြီကွ'

မုဆိုးက သူကြီးတူကို ခပ်မှုန်မှုန်ကြည့်ရင်း ပြောပြန် သည်။ ဤအကြိမ်တွင် သူကြီးလက်ဖုံး လူမိုက်သုံးယောက်မှာ ထူးဆန်းလှသောအဖြစ်ကြောင့် ကြက် သခေသလိုကြည့်နေ ရာမှ ဝုန်းခနဲ ထလိုက်ကြကာ ထိုင်နေသော မုဆိုး ဆီသို့ တန်ပြိုင်နက်တည်း ပြေးဝင်ထိုးကြိတ်ကြတော့သည်။

'ဒုန်း...ဝုန်း'

'ခွပ်....အား'

'ဖုန်း'

'အီး'

ထိုခိုက် လဲပြို ဖော့်ဟက်သံများ ထွက်ပေါ် လာသည်။ ရွာသားများ မြင်လိုက်ရသည်ကား တုံးလုံးပက်လက် လဲကျ သွားသော သူကြီးတပည့် လူမိုက်သုံးယောက်နှင့် ထိုင်ခုံတွင် ပြန်ထိုင်လိုက်သော မုဆိုးတို့သာဖြစ်သည်။

သေတင်းကုပ်အတွင်း၌ရှိနေကြသော အရက်သမား ရွာ သားတို့မှာ အလွန်ထူးခြားသော ပဥ္စလက် ပြကွက်တစ်ခုကို ကြည့်နေရသကဲ့သို့ ရှိနေကြသည်။ မုဆိုးက မည်သို့ လှုပ်ရှား ထိုးကြိတ်လိုက်သည်ကို မည်သူ တစ်ဦးတစ်ယောက်မျှမမြင် လိုက်ကြ။

ထိုစဉ် မုဆိုးက စားပွဲပေါ်သို့ လက်ကို တင်လိုက်ပြီး....

'ခိုင်မောင်း....ငါခိုင်းတာ မလုပ်သေးဘူးလားကွ'



ကျောက်ချပ်ပိုဖြစ်နေသော ခိုင်မောင်းက တစ်ခွန်းမျှ ဆဲရေးလိုက်ပြန်ကာ မုဆိုး၏နားထင်ကို လက်သီးနှင့် ထိုးချ လိုက်ပြန်သည်။ မုဆိုးသည် အထိုင်မပျက်ဘဲနှင့် ခေါင်းကို လှတ်ရုံမျှ တိမ်းလျက် ခိုင်မောင်း၏ ရင်ဝကို ညာတံတောင် ဖြင့် ဆောင့်လိုက်သည်။

'ဒုတ်'

'အွတ်'

ခိုင်မောင်းမှာလဲကျသွား၊ ကိုယ်ကြီးကိုင်းလျက် မျက်လုံး ကြီးများ ပြူးထွက်ကာ အသက်ရှူနိုင်ဘဲ ဖြစ်နေသည်။ မုဆိုးက ခိုင်မောင်း၏နားရွက်တစ်ဖက်ကို လှမ်းဆွဲလိမ်လိုက် ရင်း....

'မင်းတို့တွေဝရီးတွေ မိုက်လုံးကြီးနေတာ တော်တော်ကြာ ပြီကွ၊ ဒီနေ့ကစပြီး မင်းတို့တွေ ဆောင်ကြွကြွလုပ်တာနဲ့ ငါ့လက်နဲ့တွေ့ပြီသာမှတ်ပေတော့၊ ကြားလား'

ပြောလိုက်ရာ အလွန်ဒေါသဖြစ်ခံပြင်းနေသောခိုင်မောင်း က မုဆိုး၏မျက်နှာကို ဘယ်လက်သီးနှင့်ကျုံးထိုးလိုက်ပြန်၏။ သို့သော် ခိုင်မောင်း၏လက်သီးချက်မှာ မုဆိုး၏ခေါင်းပေါ် မှ ကျော်သွားပြီး မုဆိုး၏လက်သီးချက်ကသာ ခိုင်မောင်း၏ ရင်ဝကို ကပ်၍ထိသွားပြန်သည်။

'ဘုန်း'

'အွတ်'

ဤတစ်ကြိမ်တွင် ခိုင်မောင်းမှာ ဒေါင့်ခံမထားနိုင်တော့ ချေ။ အောင့်လွန်းသောဝေဒနာကြောင့် မျက်ဖြူလန်သလို

ဖြစ်သွားပြီး လဲကျသွားသည်။ ထို့နောက် သဲရှပ်ရှပ်ရှိနေသော သေတင်းကုပ်ကြမ်းပြင်ပေါ်တွင် လိမ့်နေတော့၏။

မုဆိုးက ထိုင်ရာမှ ထလိုက်သည်။ ပြီးလျှင် သေတင်းကုပ်အတွင်း၌ရှိနေသော ရွာသား အရက်သမား အားလုံးကို ရည်ရွယ် ပြောသည့်ဟန်ဖြင့်....

'အေးကွာ....ဒီကောင်ဆီက အရက်ကို သောက်ချင်လွန်းလို့ မဟုတ်ပါဘူး၊ ဟိုတစ်ခါက ငါ့ခေါင်းငုံ့ခံခဲ့တာဟာ ကြောက်လို့ မဟုတ်ဘူးဆိုတာ သိသွားအောင်လို့ပါ၊ ခုတော့ ဒီကောင်တွေ ငါဘာကောင်လဲဆိုတာ နားလည်သောက်ပါပြီ'

အလွန်ခန့်ညားသော လေသံမျိုးဖြင့် ပြောလိုက်ပြီးလျှင် သေတင်းကုပ်ထဲမှ အလွန်တည်ငြိမ်သော ခြေလှမ်းများဖြင့် ထွက်ခွာသွားတော့သည်။

သို့သော် မုဆိုးသည် သေတင်းကုပ်၏အပြင်ဘက်သို့အရောက်တွင် သေတင်းကုပ်ဆီသို့ ဦးတည်၍လာနေသော လူတစ်ယောက် မြင်လိုက်သည်၌ ဆောက်တည်ရာ မရတော့သကဲ့သို့ တစ်ကိုယ်လုံး တုန်ယင်ကာ ခြေလှမ်းရပ်တန့်သွားသည်၊

ထို့နောက်မှ သူ့ကိုယ်သူ ထိန်းလိုက်ကာ ယိမ်းယိုင်သော ခြေလှမ်းများဖြင့် သေတင်းကုပ်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားတော့သည်။

ဘယ်ဘက်လက်တစ်ချောင်း လက်မောင်းရင်းမှ တိတိရိရိ ပြတ်နေသော ကျို့ကိုးဆစ်သည် သေတင်းကုပ်အတွင်းသို့ ဝင်လာ၏။ သို့သော် သူ့ကို ဘယ်သူမှ ဂရုမစိုက်မိကြ။



သေတင်းကုပ်အတွင်းရှိ လူများမှာ ကြက်သေသေနေကြဆဲ ဖြစ်သည်။

ဆိုင်အတွင်း၌ စတင်လှုပ်ရှားလာကြသူများမှာ သူကြီး၏ တပည့် လူမိုက်သုံးယောက် ဖြစ်သည်။ သူတို့က ဆိုင်ပြင်သို့ မုဆိုးရောက်သွားကြောင်း သေချာသည်နှင့် လဲနေရာမှ ထလိုက်ကြသည်။ ထို့နောက် သူကြီးတူကို သွားထူကြသည်။

သေတင်းကုပ် အတွင်း၌ရှိနေကြသော ရွာသားများမှာ သူကြီးတူနှင့် တပည့်လူမိုက်များကို မုန်းတီးကြသူများသာ ဖြစ်၏။ သို့သော် သူကြီး၏ အရှိန်အဝါက သူတို့ကို လွှမ်းခြုံထားသည်က တစ်ကြောင်း၊ ယခုလောလောဆယ် အချိန်တွင် ယုံနိုင်စရာမရှိလောက်အောင် ပြောင်းလဲသွားသော မုဆိုးအကြောင်း သိလိုကြ၍တစ်ကြောင်း သူကြီးတူအနားသို့ ဝိုင်းအုံလာကြသည်။

သူကြီးတူက ပေါက်ကရ ဆဲရေးတိုင်းထွာလိုက်ပြီး....

'သူကြီးမင်းဆီ သွားတိုင်မယ်ဟေ့၊ သိကြသေးတာပေါ့ကွာ'

ကြိမ်းမောင်းလိုက်သည့် သူကြီးတူ ခိုင်မောင်းကား ယခုအထိ အအောင့်မပြေသေး။ အသက်ရှူမမှန်သော သူ့ရင်ဝသူ လက်နှင့်ဖိရင်း ကိုင်းကိုင်းကြီး ဖြစ်နေဆဲ၊

'ခင်ဗျားတို့ကို ဒီကောင်က ဘယ်လိုလုပ်လိုက်တာလဲဗျာ'

အောင့်မထားနိုင်သော ရွာသားတစ်ယောက်က မေးလိုက်သည်။ ကြိမ်းမောင်းလိုက်သော သူကြီးတပည့်မှာ ထို

အမေးစကားကို မဖြေနိုင်သောကြောင့် မေးလိုက်သော ရွာသားကို မျက်လုံးပြူးကြီးနှင့် ကြည့်နေသည်၊

'ဟုတ်ပါ့ကွာ ဘယ်လိုလုပ်လိုက်မှန်းကို မသိဘူး'

ရွာသားတစ်ယောက်က ပြောပြန်၏။ ထိုအခါ ပထမ မေးလိုက်သော ရွာသားက ...

ငါတော့ ဒီကောင် မတ်တတ်ရပ်လိုက်တာပဲ မြင်လိုက်ရ တယ်၊ ထိုးလိုက်သလား ကန်လိုက်သလားဆိုတာတော့ မြင်ကို မမြင်လိုက်ပါဘူးကွာ'

အသက်ကြီးကြီး ရွာသားတစ်ယောက်က မျက်မှောင်ကုတ်၍ စဉ်းစားနေရင်း....

'နေဦးကွ၊ ဟိုတစ်နေ့က ဒီကောင့်မိန်းမ ငါ့အိမ်ကို လာပြီး မုန့်ညှင်းခြောက်တောင်းရင်း ပြောသွားတယ်၊ ဒီကောင် တောထဲမှာ မျက်စိလည်ပြီး ပြန်လာကတည်းက အပမှီလာတာလား မပြောတတ်ဘူးတဲ့၊ အမဲလိုက်မထွက်တော့ဘဲ အိမ်ထဲမှာ တရှူးရှူး တရှားရှားနဲ့ စာအုပ်ကြည့်လိုက်၊ ကလိုက်နဲ့ အချိန်ကုန်နေသတဲ့၊ အဲဒါကြောင့် ဟင်းချက်စရာမရှိလို့ မုန့်ညှင်းခြောက် နည်းနည်းလောက် ပေးပါတဲ့၊ ကောင်တော့'

ပြောလိုက်သည်၊ သို့သော် ထိုရွာသားမှာ သူ့အဆင်ကို ဆက်ပြောခွင့် မရလိုက်။ လက်တစ်ချောင်းက သူ့ပခုံးတစ်ဖက်ကို ဆုပ်ကိုင်၍ ဆွဲလှည့်လိုက်သောကြောင့် စကားပြတ်သွားကာ နောက်ဘက်သို့လှည့်ပြီးသား ဖြစ်သွားသည်။

'ဒီကောင်ဆိုတာ ဘယ်သူလဲ ပြောစမ်း'



ကျို့ကုံးဆင်က မေးလိုက်သည်။ ရွာသားကြီးသည် ကျို့ကုံးဆင်၏ စိမ်းညို့နေသော အကြည့်စူးစူးကို ရှောင်လွှဲရင်း ရှုံ့လိုက်သည်။

သို့သော် သူ့ပခုံးကို အုပ်ထားသည့်လက်မှလွတ်အောင် မရုန်းနိုင်ဘဲ ညှစ်အား၏ နာကျင်မှုကြောင့် မျက်နှာရှုံ့မဲ့၍ သွားသည်။

ငါမေးတာကို ပြောစမ်း၊ ဒီကောင်ဆိုတာ ဘယ်သူလဲ'

ကျို့ကုံးဆင်၏အသံမှာ အေးစက်စူးရှလှသောကြောင့် အမေးခံရသော ရွာသားကြီးမှာ ရင်ထဲသို့တိုင် စိမ့်ခနဲ ဖြစ်သွားပုံရသည်။ တစ်ချက်မျှ တုန်သွားပြီး....

'ဟို....ဟို'

ထစ်ငေါ့နေပြန်ရာ ကျို့ကုံးဆင်က သူဆုပ်ကိုင်ထားသော ရွာသားကြီး၏ ပခုံးကို တစ်ချက်မျှ ဆောင့်လှုပ်လိုက်ပြီး....

'ပြောစမ်း....မြန်မြန်'

'ဒီကောင်ဆိုတာ ကွမ်ရှိကိုပြောတာပါ'

ရွာသားကြီးက အသံတုန်တုန်တိမ်တိမ်နှင့် ပြောလိုက်သည်။ ကျို့ကုံးဆင်က....

'သူ ဘယ်မှာလဲ'

ရွာသားကြီး မျက်လွှာတစ်ချက် လှန်ကြည့်လိုက်ပြီး....

အခုလေးတင် သူ့ကို ထိုးကြိတ်ပြီး ထွက်သွားတာပဲ၊ ခင်ဗျားအဝင် သူအထွက်'

'သူ ဘယ်သွားသလဲ'

'သူ့အိမ်သူသွားမှာပေါ့ဗျ'

'အေး....ဟုတ်ပြီ၊ သူ့အိမ်ကို မင်းလိုက်ပြ'

ကျို့ကုံးဆင်က ပြောပြောဆိုဆိုပင် ဆုပ်ကိုင်ထားသော ရွာသားကြီး၏ပခုံးကို ဆွဲလိုက်ပြီး ဆိုင်ပေါက်ဝဆီသို့ တွန်းလိုက်သည်။

ရွာသားကြီးမှာ ဆိုင်ပေါက်ဝသို့ လွင့်သွားပြီး တံခါးပေါင်နှင့် တိုက်ကာ ရပ်သွားသည်၊ ပြီးလျှင် သူက မကျေမချမ်းနှင့် ပြောဆိုရန်နောက်သို့ပြန်လှည့်လိုက်သည်။ သို့သော် အနေအထား အပြည့်မလှည့်နိုင်မီမှာပင်သူ့နောက်သို့ရောက်နေသော ကျို့ကုံးဆင်က သူ့ကိုတွန်းလိုက်ပြန်ရာ ဆိုင်ပြင်သို့ လွင့်သွားပြီး ကိုးရိုးကားရား လဲကျသွားတော့သည်။

ကျို့ကုံးဆင်က လဲကျသွားသော ရွာသားကြီးအနီးသို့ ဖျတ်ခနဲ ရောက်လာပြီး....

'ဘာမှပြန်မပြောနဲ့၊ အဲဒီကောင်ဆီကို မြန်မြန်လိုက်ပို့၊ စကားတစ်ခွန်းပြောတာနဲ့ မင်းလက်တစ်ဖက်ကို ချိုးပစ်မယ် နားလည်လား၊ ကဲ....ထစမ်း'

ပြောရင်း ရွာသားကြီး၏တင်ပါးကို ခြေဦးနှင့်ထိုးလိုက်သည်။

သေတင်းကုပ်အတွင်းမှ ရွာသားများမှာ ထိုအဖြစ်အပျက်ကို အားလုံး ကြည့်နေကြသည်။ သို့သော် တစ်ယောက်မှ ဝင်ရောက်ပြောဆိုရန် သတိမရကြ။ ထိုအထဲမှ ရှက်ဒေါသဖြစ်နေသော သူကြီး၏တပည့်တစ်ယောက်က....



'အောင်မာ....လက်တစ်ဖက်မရှိတဲ့ဒုက္ခိတက လူဝါးဝလို့ ...ယ်ရွာသား အချင်းချင်းပဲ သည်းခံမယ်ဟော့၊ ဝခြားက ...ပြီး လူစွာလုပ်လို့ကတော့....'

ပြောပြောဆိုဆိုနှင့်ပင် ဘေးဘက်တွင်ရှိနေသော ထိုင်ခုံ ...ဆွဲကာ သေတင်းကုပ်အပြင်ဘက် အစပ်နားတွင် ရပ်နေ ...သော ကျို့ကုံးဆင်ရှိရာသို့ ပြေးသွားကာ ထိုင်ခုံနှင့် လွှဲရိုက် ...က်သည်။

ခုပ်ခနဲအသံနှင့်အတူ နွားရိုးနဲ့ကျိုးသံလိုလို ကြားလိုက်ရ ...ည်။

ထို့နောက် ပြေးရိုက်သော ရွာသားထံမှ ဂီးခနဲ အော် ...း

ထို့နောက် လှည်မျိုကို လက်ဝါးစောင်းဖြင့် ဖြတ်အခုတ် ...ိုက်ရသော ရွာသားမှာ ပက်လက်လန် လဲကျသွားပြီး ...ချက်နှစ်ချက်မျှ အကြောဆွဲပြီး ငြိမ်ကာ လဲသွားတော့ ...ည်။ ထိုရွာသားရိုက်ရန်ဆွဲသွားသည့်ထိုင်ခုံကား ထိုင်နိုင်ရန် ...ားသည့်အလား ကျို့ကုံးဆင်ဘေးနားတွင် ကျနေ၏။

ကျို့ကုံးဆင်က ဆိုင်တွင်းသို့ တစ်ချက် ကြည့်လိုက်ပြီး ...င်ခုံကို တစ်ဖက်တည်းသာရှိသည့် ညာလက်ဝါးဖြင့် ပိချ ...က်သည်။

ကြည့်နေရင်းပင် ထိုင်ခုံ၏ ခြေထောက် လေးချောင်းက ...ကြီးထဲသို့ မြုပ်ဝင်သွားသည်။ ကျို့ကုံးဆင်က ထိုင် ...ည့်နေရာနှင့် မြေကြီးထဲမှ လက်ကိုရုပ်လိုက်ပြီး ခါးဆန့် ...လိုက်သည်။ ထို့နောက် ကျောက်တိုင်ကြီး စိုက်ထားသလို

တောင့်တောင့်ကြီး ရပ်ကြည့်နေသော ဆရာသားကြီး အာ
ရှေ့ဘက်သို့တွန်းလိုက်ပြီး....

'သွားစမ်း....မြန်မြန်'

ဆရာသားကြီးမှာ လေးငါးလံမျှ လွင့်သွားပြန်သည်။
သော် သူက သဲကျမသွားအောင် ထိန်းလိုက်ပြီး နောက်ဘ
သို့ တစ်ချက်မျှ ပြန်မကြည့်တော့ဘဲ ရွာတွင်းဘက်သို့
သွားသည်။

ကျို့ကုံးဆင်က ဆရာသားကြီးနောက်သို့ လိုက်သွ
သည်။

* * *

မုဆိုးကွမ်ရှိတစ်ယောက် အိမ်ရှိရာသို့ ဒရောသောပ
ပြေးလွှား ရောက်ရှိလာချိန်တွင် သူ့ဇနီးမှာ ဟင်းရွက်
ထွက်နေသောကြောင့် အိမ်တွင် မရှိချေ။

မုဆိုး ကွမ်ရှိမှာ သိုင်းကျမ်းပိုင်ရှင်ရောက်လာသည်ကို မြ
သဖြင့် သေလုအောင် ကြောက်လန့်နေပြီ ဖြစ်သည်။ သူ
သူ့အသက်မှတစ်ပါး တခြား ဘာကိုမျှ မစဉ်းစားနိုင်သေ
ချေ။ သူ ယခုအချိန်ထိ အသက်ရှင်နေသည်မှာ သိုင်းကျမ



သွားသူမှာ သူ ဖြစ်သည်ဟု ပိုင်ရှင်ဖြစ်သူ မသိသေးသော
ကြောင့်သာဖြစ်သည်ဟု စဉ်းစားမိသည်။ သို့သော် ပိုင်ရှင်
သူ ဤရွာအထိ လိုက်လာပြီဆိုလျှင် မိသွားတော့မည်ဟု
ားမပြန်၏။ သူသည် ဇနီးဖြစ်သူ အတွက်ပင် စောင့်မနေ
တော့ပေ။ အမဲလိုက်ရာတွင် အသုံးပြုသော ဒူးလေးနှင့် မြား
ံ ကျည်တောက်ကိုယူ၍ ရွာအနောက်ဘက် တောဆီသို့
သည်၍ ပြေးလေတော့သည်။

လိုက်ပြရသော ဆရာသားနှင့် ကျို့ကုံးဆင်တို့ ရောက်ရှိ
သောအခါတွင် တံခါးဟင်းလင်းပွင့်နေသောအိမ်ထဲတွင်
ည်သူမျှ မရှိတော့ချေ။

ကွမ်ရှိ၏အိမ်ကို လိုက်ပြရသော ဆရာသားကြီးက အိမ်ရှေ့
က်တွင် ကစားနေသော ကလေးများကို မေးသည်။

'အမဲလိုက်သွားတာနဲ့တူတယ်၊ ဟောဟိုဘက်ကို ပြေးသွား
ယ်'

ကလေး တစ်ယောက်က ပြောလေသည်။ ကလေး၏
ားအဆုံးတွင် ကလေးညွှန်ပြသည့်ဘက်သို့ ကျို့ကုံးဆင်
ုးလိုက်သွားသည်။

'ဟာ....'

'ဟာ....မြန်လိုက်တာ'

ကလေးတွေက အလန့်တကြား အသံများနှင့် အော်ကြ
ည်။ ပြေးထွက်သွားသော ကျို့ကုံးဆင်မှာ ခဏချင်းမှာ
သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

သို့သော် သူသည် ကွမ်ရှိကို မမီလိုက်ပါ။

ဤရွာကလေးမှာ တကယ့် တောရွာကလေးဟု ဆိုရအောင် တောနှင့်ကပ်နေသော ရွာကလေးဖြစ်ရာ ရွာမှထွက်လိုက်သည်နှင့် တောတွင်းသို့ ရောက်သွားသလို ဖြစ်နေ၏။ ဤမျှ ကျယ်ပြောသော သစ်တောကြီးတွင် မတွေ့လိုက်၍ ရှောင်ပြေးသော လူတစ်ယောက်ကို တွေ့အောင် ရှာဖို့ဆိုသည်မှာ ခက်လှပါတိ။

ကျို့ကုံးဆင်မှာ သိုင်းပညာတွင် ကြောက်စရာကောင်းအောင် မြင့်မားသည်မှန်သေ၊ တောတွင်းကား ကျွမ်းကျင်သူမဟုတ်။ ခြေရာခံခြင်း၊ အနံ့ခံခြင်း စသည့် အတတ်ပညာတို့ကိုလည်း သာမန်လူတစ်ယောက်ထက်ပို၍ ဘာမျှမတတ်။

သူ့ကို ရှောင်ပြေးသူကမူ တောနှင့် ရင်းနှီးသော မုဆိုး၊

ကျို့ကုံးဆင်ကမူ အချည်းအနှီး အပင်ပန်းခံ၍ လိုက်မရှာချေ၊

* * *

မုဆိုးကွမ်ရှိ နေထိုင်သည့် ရွာကလေးကို ဘယ်လက် ဖက် မရှိသော လူတစ်ယောက်က မီးတိုက်သွားသည်ဆိုသော သတင်းကို ကြားရသည့်အချိန်တွင် ကွမ်ရှိမှာသူတို့ရွာကလေး၏ တောင်ဘက်တွင်ရှိသော တခြားရွာကလေးတွင် ရှိနေသည်။

သူသည် ထိုရွာကလေးတွင်ရှိသော အသိမိတ်ဆွေ မုဆိုးတစ်ဦး၏ နေအိမ်တွင် ပုန်းလျှိုးကာ သူ့ရွာမှ သတင်းကို မိတ်ဆွေမုဆိုးအား စုံစမ်းခိုင်းလိုက်ခြင်းဖြစ်သည်၊ မိတ်ဆွေမုဆိုးက သူ့ရွာ မီးရှို့ခံရသည်ဆိုသော သတင်းကို ယူလာသောအခါတွင် ကွမ်ရှိသည် ဤရွာကလေးတွင် ကြာရှည် ပုန်းအောင်းနေ၍ မရကြောင်း တွေးမိသွားသည်။

ဤအနား ဝန်းကျင်တွင် ရွာကလေးငါးရွာသာ ရှိလေသည်။

ရွာတစ်ရွာ ဆိုသည်ကလည်း အိမ်ခြေတစ်ရာမကျော်၊ သူတို့ ရွာမြောက်ဘက်က ဝိပန်ရွာဆိုလျှင် အိမ်ခြေ ငါးဆယ်ပင်မပြည့်။

ရွာ ငါးရွာစလုံးကို ငါးရက်လောက်နှင့် ရှာဖွေနိုင်လေသည်၊

သူ့အနေဖြင့် တစ်ရွာပြီးတစ်ရွာ လှည့်ပုန်းနေ၍ကား ရသည်။ သို့သော် လိုက်ရှာသူ လက်ပြတ်ကြီးက ရွာတိုင်းကို မီးလိုက်တိုက်မည်ဆိုလျှင် ရွာများ မီးရှို့ခံရသည်မှာ သူ့ကြောင့် ဆိုသည့် သဘောမျိုးဖြစ်သွားမည်ကိုကား မကျေနပ်သော ရွာသားတွေစုကာ သူ့ကို လက်ပြတ်ကြီးဆီ ဖမ်းပို့နိုင်သည်၊ သို့မဟုတ် လက်ပြတ်ကြီးဆီ သတင်းအတိအကျပို့နိုင်သည်။

ဤသို့တွေးမိသော ကျွမ်းရှိသည် ဤနေရာ ဤဒေသကို လုံးဝစွန့်ခွာ၍ ဝေးလံသော အခြားတစ်နေရာသို့ သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သူ့အနေဖြင့် ဘယ်နေရာကိုမရောက်ရောက် ဂရုစိုက်နေစရာမလို။

သူ့လက်ထဲတွင် သိုင်းကျမ်းက ရှိနေပြီပဲ။

သိုင်းကျမ်းထဲမှ သိုင်းပညာဖြင့် ရောက်ရာနေရာတွင် လူ့ပေါ် လူဇော်လုပ်ပြီး နေနိုင်သည်။ နောက်ဆုံး သိုင်းကျမ်းထဲမှ သိုင်းပညာအားလုံး တတ်မြောက်သွားပြီ ဆိုသော အချိန်တွင် သူ့ရွာ သူ့ဒေသသို့ ပြန်လာမှန်လည်း ရသေးသည်။ ထိုအချိန်တွင် ပိုင်ရှင် ဒုက္ခိတကြီးနှင့် တွေ့လျှင်လည်း အရေးမဟုတ်။

သူက လက်တစ်ဖက်မရှိသော ဒုက္ခိတကိုယ်က လက်နှစ်ဖက် ခြေနှစ်ဖက်နှင့် လူကောင်းပကတိ၊ တတ်ထားသည့် ပညာချင်း တူလျှင်ပင် ကိုယ်ကပင် နိုင်လိမ့်ဦးမည်။

ကျွမ်းရှိသည် ထိုအတွေးကို သေသေချာချာတွေးကာ ထိုနေ့ မွန်းလွဲအချိန်မှာပင် ခေတ္တပုန်းခိုနေထိုင်သောရွာမှ ထွက်ခွာလာခဲ့တော့သည်။

* * *



ယွမ်လေမြို့ကလေးသည် ချင်ဆီပြည်နယ်နှင့် ကန်ချောင်ဒေသ၏ အစပ်နားတွင်ရှိသော မြို့ကလေးဖြစ်၏။

ဤမြို့ကလေးမှ ဒေသအတွင်းဘက်ရှိ ကျန်းဆိုင်မြို့ကြီးသို့ တိုက်ရိုက်ရောက်နိုင်သောလမ်း ရှိသော်လည်း မြို့ကလေးမှာ စည်စည်ကားကား ရှိလှသည်ကား မဟုတ်။ တောရိပ်တောင်ရိပ်နှင့် အမြဲတမ်းလို အေးချမ်းတိတ်ဆိတ်နေတတ်သော မြို့ကလေး ဖြစ်သည်။ သို့သော်လည်း ဤကဲ့သို့သော အေးချမ်းတိတ်ဆိတ်သော မြို့ကလေး၏ ငါးရက်တစ်ဈေး နေ့များမှာမူ မြို့ကလေးနှင့်မလိုက်အောင် ဆူညံရှုပ်ထွေးလှပေ၏။

ဤဈေးနေ့မျိုးတွင် ဈေးနှစ်ခုကြား အခေါင်အဖျား ရွာကလေးများမှ ရောင်းရန်ဝယ်ရန် လူပေါင်းစုံတို့ လာရောက်ကြသည့်အပြင် ထိုလူများအပေါ်၌ အညွန့်ခူး အမြွတ်ထုတ်လိုသော လူဆိုး လူမိုက်များကလည်း ရောက်လာတတ်ပေသေးသည်။

ဤနေ့မှာ လူပြည့်နေ့။

ငါးရက်တစ်ဈေးနေ့ကျသော နေ့ဖြစ်သည်။

မိုးမလင်းမီ အချိန်ကပင် ယွမ်လေမြို့ကလေးမှာ တလှုပ်လှုပ် တရွရွ ဖြစ်နေပြီး မြို့လေးမှာ အမှောင်ထဲမှာပင် လူများ တရွရွ တိုးများလျက် ကြီးထွားလာစေသလိုမျိုး ဖြစ်သည်။ မိုးလင်းတလင်းအချိန်သို့ အရောက်တွင်ကား ဈေးလမ်းများတွင် လူသံသူသံများ ဆူညံနေလေပြီ။

နေခြည်ဖြာကျလာသော အချိန်တွင် လူသွားလူလာ အလွန်စည်ကားနေပြီ ဖြစ်သည်။ ထိုအချိန်တွင် လက်တလော

စားသောက် နေထိုင်ရေးအတွက် ပစ်ခတ် ဖမ်းဆီးလာသော ချေတစ်ကောင်ကို ပခုံးပေါ်တွင် ထမ်း၍ ကွမ်ရှိက ဈေးလမ်းဝသို့ ရောက်ရှိလာ၏။

သူသည် ဒူးလေးနှင့် မြားကျည်တောက်ကို ကျောတွင် သိုင်းလွယ်ထားလျက် အမဲလိုက်ဓားတစ်ချောင်းကို ခါးတွင် ထိုးထားသည်။ သူ့ပုံမှာ ရုတ်တရက်ကြည့်လျှင် လူကြမ်းလူရိုင်း တောမုဆိုးကြီး အသွင်မျိုးဖြင့် ကြောက်စရာရှိသည်။ သို့သော် အကယ်တမ်း၌ ကွမ်ရှိမှာ သဘောဘေးမှ ပြုံးလာရသူဖြစ်ရာ နုတ်ခမ်းမွေး ငုတ်စိစိရှိနေသည့် သူ့မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်ခြင်း အရိပ်အယောင်တွေက ထင်နေသည်။ ပြီးတော့ သားကောင်ကို သူရောင်းရန် နေရာကိုကြည့်ရင်း ကျီးကန်းတောင်းမှောက် ဖြစ်နေပုံတွေကလည်း ပေါ်လွင်နေသည်။ ပြီးတော့ သူ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော နေရာသို့ ရောက်လာသောကြောင့် မျက်စိလျင်စွာ လူငယ်ပုံစံမျိုးကလည်း အထင်းသား။

ဈေးလူမိုက် သုံးယောက်က ခပ်လှမ်းလှမ်းမှ ရပ်၍ လူကို အကဲခတ်နေကြသည်။ ကွမ်ရှိမှာ လမ်းဘေး တစ်လျှောက်တွင် သူ့အလျင်ရောက်နှင့်နေသော ဈေးသည်များနှင့် ပြည့်နေသောကြောင့် ပခုံးပေါ်က ချေကောင်ကို မည်သည့်နေရာတွင် ချ၍ရောင်းရမှန်းမသိဘဲ ဖြစ်နေသည်။ သူသည် ချေကောင်ကိုထမ်းထားရင်းက ဈေးလမ်းအလယ်၌ ရပ်နေရာ လူများက သူ့ကိုကြည့်ရင်း အနားမှ ပွတ်သပ်လျှောက်သွားနေကြသည်။



ကွမ်ရှိမှာမူ ဟိုလှည့်ကြည့် သည်လှည့်ကြည့်နှင့်....

ထိုစဉ် ဈေးလူမိုက်သုံးယောက်က ကွမ်ရှိအနားသို့ရောက်လာသည်။ ထို့နောက် တစ်ယောက်က ကွမ်ရှိနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး....

'ဒီချေက ရောင်းမှာလားကွ'

မေးလိုက်ရာ၊ ကွမ်ရှိမှာဝမ်းသာသည့်မျက်နှာမျိုးဖြစ်သွားပြီး....

'ဟုတ်တယ်ဗျ'

'အေး....ရောင်းမှာဆိုရင် ငါတို့ကို ခေါင်းနဲ့ပေါင် နှစ်ချောင်းပေး'

ဈေးလူမိုက်တစ်ယောက်က ပြောလိုက်သည်။ ထိုအခါ ကွမ်ရှိမှာ စိတ်ပျက်သလိုဖြစ်သွားပြီး....

'ဟာဗျာ....ကျုပ်မှာ ချေရောင်းစရာနေရာတောင် ရှာမရတဲ့ဟာ ခေါင်းနဲ့ပေါင်နှစ်ချောင်းတင် ဖြတ်ရောင်းလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီလိုလုပ်ပါလားဗျာ၊ ကျုပ်မှာ အခက်အခဲရှိနေလို့ပါ၊ တစ်ကောင်လုံး ယူလိုက်ပါလား'

'ဟဲ....ဟဲ....မင်းက တစ်ကောင်လုံးမှတဲ့လား'

'ဟုတ်ကဲ့၊ ကျုပ် လျှော့ပြီးရောင်းပါ့မယ်ဗျာ'

'တို့က အလကားပေးဖို့ ပြောနေတာကွ'

ဈေးလူမိုက်က ပြောလိုက်ရာ ကွမ်ရှိမှာ မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် မျက်ခုံးနှစ်ဘက် မြင့်တက်သွားကာ....

'ဗျာ....'

'မျောနဲ့ပေါ၊ ဒီဈေးထိုးစံပဲ၊ ဈေးဆောက်ပေးရတာ ပေါ့ကွာ'

'ဟာမျာ၊ မဟုတ်တဲ့ဟာ'

ကွမ်ရှိက ခေါင်းတခါခါနှင့် ပြောလိုက်သည်။ ဈေးလူမိုက်များက မျက်နှာကိုမဲ့လျက်....

'မဟုတ်တဲ့ဟာဆိုရင်တော့ မင်းအကောင် မင်းသိမ်းပြီး ပြန်ပေတော့ ဒီဈေးမှာ မရောင်းရဘူး'

'ဟာမျာ'

'ဟာမျာ....ဟာမျာနဲ့ ရှုးသလိုလို ကြောင်သလိုလို လုပ် မနေနဲ့ ခုချက်ချင်း ပြန်ပေတော့'

ဈေးလူမိုက်က တအံ့တဩဖြစ်နေသော ကွမ်ရှိကို ထိုး တော့ ကြိတ်တော့မလိုလုပ်ရင်း ပြောလိုက်သည်။ ကွမ်ရှိကား မည်သို့သောအခြေအနေကို ရောက်နေသည်ပင်ဖြစ်စေ ဂို ဓာတ်ခံအားဖြင့် ခပ်ကြွားကြွားလူစားထဲက ဖြစ်သည့်အပြင် သူကြီးတွေနှင့် သူကြီးတပည့်လူမိုက်များကို အနိုင်ယူလာသည့် အငြိနိုက်ကလေးကလည်း ဝင်နေဆဲဖြစ်ရာ ထို့အပေါ်တွင် ဤမျှ တင်စီးလာသော ဈေးလူမိုက်ကို မိုက်ကြည့် ပြန်ကြည့် လိုက်တော့သည်။

ဤအချိန်တွင် အနားတွင်ရှိနေသော ဈေးသည်များမှာ သူတို့ကို အာရုံစိုက်နေကြပြီ ဖြစ်သည်။ ထို့ပြင် လမ်းသွား လမ်းလာများမှာလည်း တစ်စုံတစ်ခု ဖြစ်တော့မည်ဟု တွက် ဆလျက် သူတို့အနားမှ ဖြတ်သန်းမသွားတော့ဘဲ ရပ်ကြည့် နေကြသည်။



ကွမ်ရှိမှာ လူတွေက ကြည့်နေသည်ကို တွေ့ရသဖြင့်ပို၍ ပင် ရင်ကော့လာကာ....

'နေစမ်းပါဦး....ဒီလိုပြောရအောင်မင်းတို့က ဘာကောင် တွေလဲ'

လေသံပြောင်းလိုက်ပြီး ခပ်ရိုင်းရိုင်းပင် မေးလိုက်တော့ သည်။

'ဒီကောင် ဒီဈေးကို တစ်ခေါက်မှ မရောက်ဖူးဘူးနဲ့တူ တယ်'

ကွမ်ရှိ၏ နောက်ဘက်တွင်ရှိနေသော ဈေးလူမိုက် တစ် ယောက်က ပြောလိုက်ခြင်း ဖြစ်သည်။ ကွမ်ရှိက ထိုလူမိုက် ဘက်သို့ ခပ်စောင်းစောင်းကြည့်လိုက်ပြီး....

'အေး....မရောက်ဖူးတော့ ဘာဖြစ်လဲကွာ'

ပမာမခန့်ပင် ပြောလိုက်သည်။ ဈေးလူမိုက် များကလည်း သူတို့ မိုက်ကြေးခွဲထားသော ဈေးသည်များရှေ့တွင် ဖြစ်၍ အလျှော့မပေးတော့ဘဲ....

'မရောက်ဖူးတော့ တို့အကြောင်းမသိဘူးပေါ့ကွ'

'မင်းတို့အကြောင်းသိလို့ ဘာဖြစ်မှာလဲ'

ကွမ်ရှိကလည်း ညစ်ကန်ကန် စကားချည်း ပြောနေသည်။ ဈေးလူမိုက်က ခေါင်း တဆတ်ဆတ်ညိတ်ရင်း....

'တို့အကြောင်းသိရင် ဒီလိုစကားမျိုး ဘယ်ပြောမလဲ'

'ငါကတော့ မင်းတို့ အကြောင်းသိရင်လဲ ဒီလိုပဲပြောမှာ ပဲ'

'ဩော်....ဩော်....မင်းက မုဆိုးဆိုတော့ တို့ကို တောထဲက အမဲကောင်တွေလိုပဲ သဘောထားတယ်ပေါ့...ဟုတ်လား....ကဲကွာ'

ဘေးဘက်မှ ဈေးလူမိုက်က ကွမ်ရှိ၏ နံဘေးကို လက်သီးနှင့် လှစ်ခနဲ ထိုးချလိုက်သည်။ ထိုလူမှာ ဗလအတောင့်ဆုံးလူဖြစ်သည်။ သုံးယောက်ထဲတွင် အမိုက်ဆုံးလည်းဖြစ်ပုံရသည်။ သူ့လက်သီးချက်မှာ ထိလိုက်လျှင် တုံးခနဲ ဖြစ်သွားမည့် လက်သီးချက်မျိုးလည်း ဖြစ်၏။

သို့သော် သူ့လက်သီးချက်မှာ ဘေးကိုသာ ထိုးမိသွားသည်။ ထို့ပြင် လွဲချော်သွားသော သူ့လက်ကောက်ဝတ်ကို ကွမ်ရှိက ဘယ်လက်နှင့်ဆွဲလိုက်ပြီး ညာဒူးနှင့် သီးခုံကိုတိုက်လိုက်ပြန်ရာ....

'ဘုတ်'

'အူး'

ဈေးလူမိုက်မှာ တစ်ချက်တည်း ခွေကျသွားတော့သည်။ ထိုအခိုက်အတန့်တွင် ကျန်သည့် ဈေးလူမိုက်နှစ်ယောက်က ကွမ်ရှိကို တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ကြပြန်၏။

သို့သော် ကွမ်ရှိကို မထိခိုက်။

ပခုံးပေါ်တွင် ထမ်းထားသော သားကောင်ကို ညာလက်ဖြင့် ထိန်းကိုင်ထားရင်း တုံ့ပြန် တိုက်ခိုက်လိုက်သော ကွမ်ရှိ၏ ခြေလက်တို့ကသာ ထိုလူနှစ်ယောက်ကို ထိခိုက်သွားကာ....

'ခွပ်'



'ဝုန်း'

'ဘုန်း'

'အား'

ဈေးလူမိုက်နှစ်ယောက်မှာ လမ်းဘေးရှိ ဈေးဗန်းများပေါ်သို့ ကိုးရိုးကားရား လွင့်စဉ် လဲကျသွားတော့သည်။

ဈေးလူမိုက်သုံးယောက်စလုံး ပြန်မထနိုင်ကြတော့။

ကွမ်ရှိက သားကောင်ကို ထမ်းထားရင်း ခါးဆန့်၍ ရင်ကော့လိုက်သည်။ ထိုစဉ်....

'ဟိတ်ကောင် မပြေးနဲ့'

ကျယ်လောင်သည်နှင့်အမျှ စူးရှလှသော အော်သံထွက်ပေါ်လာသည်။

ဝိုင်းကြည့်နေကြသော လူများ၏ နောက်ဘက် ပေတစ်ရာခန့်အကွာမှ လူတစ်ယောက်က အော်ဟစ် ပြောဆိုလိုက်ခြင်းဖြစ်သည်။

ထိုသူသည် ပြောရင်းပင် လူနှင့်ဈေးသည်များကို ခုန်ပေါက်ကျော်လွှားကာ ကွမ်ရှိ ရှိရာသို့ ပြေးလာသည်။

ကွမ်ရှိသည် ဘယ်ဘက်လက်မောင်းတစ်ဖက် ပြတ်နေသော ပြေးလာသူကို မြင်လိုက်သည်နှင့် ဘာဖြစ်ပြီကိုသိလိုက်သည်။ ထို့ကြောင့် ထမ်းထားသော ချေသကောင်ကို ပြေးလာသူရှိရာသို့ အားကုန် ပစ်လိုက်ပြီး နောက်ဘက်သို့လှည့်၍ အားကုန်ပြေးတော့သည်။

လူအများ ရှုတ်ရှက်ခတ်သဲသဲ ဖြစ်သွားသည်။

အသံတွေကလည်း ပွက်ပွက်ညံသွား၏။

လဲသူလဲ၊ ကွဲသူကွဲ၊ ဆဲသူဆဲနှင့် တိုးကြ တိုက်ကြ၊ ရှုပ်ရှုပ် ထွေးထွေး ဖြစ်ကုန်သည်။

အခင်းဖြစ်နေရာတွင် အတော် ရှုတ်ရှက်သဲသဲ ဖြစ်သွားသော ဤကိစ္စမှာ တစ်ခဏအတွင်း တစ်ဈေးလုံးပြန့်သွားကာ ထိတ်လန့်တကြားဖြစ်ကုန်သည်။ သို့သော် အဖြစ်မှန်ကိုကား သေချာမသိကြ။

ထမင်းချဉ်သုပ်ဆိုင်ရှင်သည် တစ်ဆိုင်လုံး ပြည့်နေသော စားသောက်သူများကိုကြည့်ရင်း လက်နှစ်ဖက်ကို မြှောက်၍....

'အေးအေးဆေးဆေးစားကြပါ၊ ဘာမှ မဖြစ်ပါဘူး၊ ဒီလိုဖြစ်တာက ငါးရက်ဈေးနေ့တိုင်းပါပဲ၊ ဟိုတစ်ပတ်ကလဲ လူတွေ တအုန်းအုန်းနဲ့ဖြစ်နေလို့ ဘာလဲဆိုပြီးသွားကြည့်တာ မိန်းမတစ်ယောက်က ခြေထောက်ပြတ်နေတဲ့ သူ့ယောကျ်ား ကို ကုန်းပိုးလာလို့တဲ့၊ အခုလဲ အဲဒီလိုမျိုးပဲဖြစ်မှာပါ'

ဆိုင်ရှင်၏စကားကြောင့် ထိုင်ရမလို ထရမလို ဖြစ်နေသော စားသောက်နေသူများမှာ စိတ်အေးသွားပုံဖြင့် ဣနြေ္ဒ ရရ ပြန်စားနေကြသည်။

ထိုခဏမှာပင် လူတစ်ယောက်က အော်ကြီး ဟစ်ကျယ် ပြောရင်း ဆိုင်တွင်းသို့ဝင်လာသည်။

'သောက်ကျိုးနည်းကွာ သူ့ထက်သူ လူစွမ်းကောင်းတွေ ချည်းပဲ အံ့ရော'

'ဘာဖြစ်လို့လဲဗျ'



ထမင်းချဉ်သုပ် စားနေသူ တစ်ယောက်က မေးသည်။ ဝင်လာသူက မောကြီးပန်းကြီးဟန်ဖြင့်....

'ဈေးဟိုဘက်မှာလေဗျာ ချဲ တစ်ကောင်ကို ရောင်းဖို့ ယူလာတဲ့ မုဆိုးတစ်ယောက်ကို ဈေးထဲမှာ မိုက်ကြေးခွဲနေတဲ့ လူမိုက်သုံးယောက်က ဝိုင်းရိုက်တယ်လေ'

'သေရောပေါ့'

မအောင့်နိုင်သူတစ်ယောက်က ဖြတ်မေးလိုက်ရာ ပြောနေ သူက မျက်လုံးကိုပြူးလျက်....

'ပေါက်တီးပေါက်ရှာ မုဆိုးက ထမ်းထားတဲ့ ချဲသေ တစ်ကောင်ကို ပခုံးပေါ်ကမချဘူး၊ ဘယ့်နှယ်ပြန်လုပ်လိုက် တယ်လဲ မပြောတတ်ပါဘူး လူမိုက်သုံးယောက်စလုံး အတုံး အရုံးပဲ'

'အဲဒီလိုဖြစ်တာ ကောင်းတယ်ဗျို့'

'အခု အဲဒီမုဆိုး ပြန်သွားပြီလား၊ ဒီကောင်တွေက အုပ်စုနဲ့နော်'

ဆိုင်တွင်းသို့ရောက်နှင့်သူတွေက တစ်ယောက်တစ်ပေါက် ပြောကြသည်။ သတင်းကိုအယ်လာသူက ထိုအသံအားလုံး ကို ကျော်အောင် အသံကိုမြှင့်၍ဆက်ပြောသည်။

'ကျုပ်မျက်စိနဲ့ တပ်အပ်မြင်ရလို့သာဗျာ လက်စ မြစ ၍တဲ့ လူမိုက်သုံးယောက်ကို မျက်စိတစ်မှိတ်လောက်အတွင်းမှာ ဘယ်လိုလုပ်လိုက်မှန်းမသိဘဲနဲ့ တုံးခနဲ တုံးခနဲလဲသွားအောင် လုပ်နိုင်တယ်ဆိုတာ နို့မို့ဆိုရင် ယုံမှာမဟုတ်ဘူး'

'တောကမုဆိုးဆိုတော့ ပွဲစားတာများ ဖြစ်နေမလား'

မိန်းမ တစ်ယောက်က သူ့ဘာသာ ပြောသလို ပြောသည်။

သို့သော် သူ့စကားကို ပြောသူက ဂရုမစိုက်ဘဲ....

'အဲဒီသက်ပိုပြီးတော့အံ့သြဖို့ကောင်းတာက အဲ့ဒီလောက်အစွမ်းထက်တဲ့မုဆိုးဟာ လက်တစ်ဖက်မရှိတဲ့ လူတစ်ယောက်ကိုလဲ မြင်လိုက်ရော သေခင်းကိုမြင်လိုက်ရတဲ့အတိုင်းပါပဲဗျာ ဝိုင်းကြည့်နေတဲ့လူတွေကို တိုးတိုက်ပြီး ပြေးလိုက်တာများ အဲဒီမှာတင် ဝိုင်းကြည့်နေတဲ့လူတွေ လဲသူလဲ ကွဲသူကွဲနဲ့ အတတ်တလန့်ဖြစ်ကုန်တော့တာပဲ'

'ဟုတ်လား'

'ဘာဖြစ်လို့လဲ မသိဘူးနော်'

'လက်တစ်ဖက်မရှိတဲ့လူက သူ့ထက် ပိုစွမ်းလို့နေမှာပေါ့နော်'

ဆိုင်တွင်းမှလူတွေက တစ်ယောက် တစ်ပေါက် ပြောကြပြန်သည်။

'စွမ်းမစွမ်းတော့ စဉ်းစားကြည့်ပေါ့ဗျာ၊ မုဆိုး ထွက်ပြေးတာက လူတွေကြားထဲကနေ တိုးတိုက်ပြီး ပြေးတာဗျ၊ ပြေးလိုက်သွားတဲ့ လက်တစ်ဖက်မရှိတဲ့လူက လူတွေကို ခုန်ကျော်ပြီးမှ ပြေးလိုက်သွားတာ၊ တစ်ချက်တစ်ချက်ခုန်လိုက်တာများ ဝါးတစ်ရိုက်လောက်တောင် မြင့်မလား မသိဘူး'

မျက်မြင်တွေ့ခဲ့ရသည်ဆိုသူက အားရပါးရ ပြောနေသည်။ ထိုလူစကားအဆုံးတွင် ဆိုင်ထောင့်စားပွဲဝိုင်းထိုင်ကာ ထမင်းချဉ်သုပ်နှင့် သားရေပွကြော်ကိုစားရင်း နားစွင့်နေကြ



သော လူခြောက်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် ...မ်းကြည့်လိုက်ကြသည်။ ထို့နောက် အသက် အကြီးဆုံး ...ကြီးနှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ခေါင်း ...တ်ပြလိုက်ကြသည်။ ပြီးလျှင် စားပွဲထိုးကိုခေါ်၍ ကျသင့် ...ငွေကို ရှင်းပေးလိုက်ပြီး စားလက်စပန်းကန်များကိုယားကာ ...ိုင်တွင်းမှ ခပ်သွက်သွက် ထွက်ခွာသွားကြတော့သည်။

* * *

ကုမ်ရှိပြေးသည်မှာ ဘယ်ဆီဟု ဦးတည်၍ ပြေးသည် ...တ်။ သိုင်းကျမ်းကို ပြန်ပေးရတ် သူ့အသက်ဘေးမှ ...တ်မြောက်နန် ခြေဦးတည်ရာ ပြေးထွက်ခဲ့ခြင်းဖြစ်သည်။

သူသည် တောထဲတောင်ထဲတွင် ကြီးပြင်းခဲ့သူ ဖြစ်သည့် ...င့် မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သူ ...၍ အကြမ်းပတမ်း ခံနိုင်စွမ်းရှိသည်။

တောင်ရှုလူများထက်လည်း ပိုမို၍ လျင်မြန်စွာ ပြေးလွှား ...သည်။ သို့သော် သိုင်းကျမ်းစာအုပ်ပိုင်ရှင် လေ့ကျင့် ...ရွားသည်ကို မြင်ဖူးသည်ဖြစ်ရာ ...မြန်သမျှ ...က်ဖြင့် ...ပြေး၍ မလွတ်နိုင်မှန်း သိနေ၏။ တောထဲတောင်ထဲမှာ

ဆိုလျှင်ကား ဝင်မျိုး၊ သူ၏ တောကျွမ်းမှုဖြင့် သူ့ထက် မျှားစွာ ပိုမိုလျှင်မြန်သော သိုင်းကျွမ်းပိုင်ရှင်ကို မျက်ခြည် ပြတ်သွားနိုင်မည်ဟု သိနေပြန်၏။

ထို့ကြောင့် ကွမ်ရှီမှာ သစ်ပင်ထူသော မြို့ပြင်သစ်တော ဆီသို့ အားသွန်၍ပြေးသည်။

အမှန်အားဖြင့် ဤအချိန်အထိ ကွမ်ရှီ အမိမခံရသေး သည်မှာ ကွမ်ရှီအပြေးမြန်လှသောကြောင့်မဟုတ်ချေ။

လူများကို ခုန်ကျော်၍ပြေးလာသော ကျို့ကုံးဆင်မှာ အားနှင့်ခုန်လိုက်ရာမှ ပြန်အကျတွင် တို့ဟူးများအပြည့်ရှိနေ သော လင်ပန်းကြီးတစ်ခုအတွင်းသို့ ခြေထောက်မိပြီးသား ဖြစ်သွား၏။

တို့ဟူးမှာ အပျော့များဖြစ်ရာ ခြေထောက်လိုက်မိသည် နှင့် ကျို့ကုံးဆင်မှာ ချော်ထွက်သွားပြီး မဟန်နိုင်တော့ဘဲ လဲကျသွားသည်။ အကယ်၍ ကျို့ကုံးဆင်သာ လူသာမန် တစ်ယောက်ဆိုလျှင် ဤသို့လဲလိုက်သည်နှင့် ပြန်ထနိုင်တော့ မည် မဟုတ်ချေ။ သို့သော် ကျို့ကုံးဆင်မှာ ထိပ်တန်း သိုင်းသမားဖြစ်ရာ သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ လဲကျသွား သည်နှင့် ရှေ့သို့ ကျွမ်းပစ်၍ လှိမ့်လိုက်၏။

ရိုးရိုးမြေပြင်တွင်ဆိုလျှင် သူသည် ထိုသို့ လှိမ့်လိုက်ပြီး သည်နှင့် ချက်ချင်း ခုန်ထနိုင်မည်သာဖြစ်သည်။

ယခုမှာ ကျို့ကုံးဆင် လှိမ့်လိုက်ရာတွင် ဘူးသီး ခရမ်း သီးများ ဟင်းရွက်တောင်းများ ရှိနေရာ ထိုအရာများ ကြောင့်ပင် လှိမ့်လိုက်သော ကျို့ကုံးဆင်မှာ ကိုးရိုးကား



ား လိမ့်သွားရပြန်သည်။ ခည်သို့ပင်ဖြစ်စေ ကျို့ကုံးဆင်က တစ်ခဏချင်းမှာပင် ပြန်ထရပ်လိုက်သည်။

ဤအချိန်တွင် ကြောက်လန့်တကြား အော်ဟစ်သံများ၊ ညည်းနေပြီး ပတ်ဝန်းကျင်၌ ရှက်ရှက်သဲသဲ ပြေးလွှားနေသူ များဖြင့် ရှုပ်ထွေးနေ၏။ ထိုပြေးလွှားနေသူများ ကြားတွင် ကွမ်ရှီမှာ ရှင်တရက် မမြင်သာဘဲရှိနေ၏။

ထို့ကြောင့် ကျို့ကုံးဆင်မှာ မည်သည့်ဘက်သို့ပြေးလိုက် ရမှန်းမသိဘဲ ကြန့်ကြာသွားခဲ့သည်။

ထို့အတွက်ကြောင့်ပင် ကွမ်ရှီမှာ ဤမျှလောက်အထိ ပြေးလွှားလွတ်မြောက်နေခြင်း ဖြစ်သည်။

ခြေကုန်သုတ်၍ပြေးလာသော ကွမ်ရှီမှာ မြို့ပြင်သို့ရောက် သွားပြီ ဖြစ်သည်။ မြို့ပြင်တွင် သစ်ပင်များ ရှိသည်၊ သို့သော် တောဟုမခေါ်သာ၊ သစ်ပင်များက ကျဲလှသည်၊ ဤကို နေရာမျိုးတွင် ပုန်းကွယ်ရာမရနိုင်။

ကွမ်ရှီ ဆက်၍ပြေးသည်။

ဤအချိန်တွင် ကွမ်ရှီမှာ တော်တော် မောနေပါပြီ။ သို့ သော် မောနေသည်ကို သူ့ဘာသာမသိချေ။ သူသည် ကုန်း ဆင်းတစ်ခုကို အရှိန်နှင့်ပြေးဆင်းလာပြီးနောက် ခပ်မတ်မတ် ငြင့်တက်သွားသော နေရာနားတွင် အရှိန်ကိုမထိန်းနိုင်ဘဲ လဲကျသွားသည်။ သိုင်းလွယ်ထားသော ဒူးလေးကိုင်းနှင့် တောင်းကို စောင့်မိသွားသောကြောင့် တော်တော်အောင့် သွားသည်။

ကွမ်ရှီက လေးဖက်ထောက်၍ ပြန်ကုန်းထသည်။ ထိုစဉ်—

'သူခိုးကောင်....ပင်းပြေးလို့ လွတ်မလားကွ'

အသံကြီးကို ကြားလိုက်ရသည်။

အနားမှ ကပ်အော်လိုက်သလို ကျယ်လောင်လှသောကြောင့် ကွမ်ရှိမှာ ထိတ်လန့်သွားပြီး ခုန်မျှားပစ် ခုန်လိုက်မိ၏။ ပြီးမှ နောက်ဘက်သို့ လှည့်ကြည့်သည်။ သစ်ပင်များရှိနေသော်လည်း လူရိပ်လူယောင်ကိုမှ မတွေ့ရ။

ပတ်ပတ်လည်သို့ လှည့်ကြည့်ပြန်၏၊ ထို့အတူသာ။

ကုန်းတက်ကို ကွမ်ရှိပြေးတက်သည်။

'ဟား....ဟား....ဟား....ဟား'

ကျယ်လောင်လှသော ရယ်သံကြီးကို ကြားရပြန်၏။ ထို့နောက် ဆက်၍....

'ငါ့ကို ဒုက္ခပေးသွားတဲ့ကောင်၊ ခုတော့ လွတ်အောင် ပြေးနိုင်သေးရဲ့လား'

အသံက ကွမ်ရှိနောက်ကျောနားမှ ကပ်အော်လိုက်သည့် အသံ၊ ကွမ်ရှိ ပြေးရင်း လှည့်ကြည့်ရသည်၊ လူဟူ၍မရှိ၊

ကွမ်ရှိ ခလုတ်တိုက်ပြီး လဲပြန်၏။

ဒူးနာသွားသောကြောင့် ရုတ်တရက် ပြန်မထနိုင်။

မြေပေါ်သို့ ဖင်ထိုင်ချကာ နောက်ဘက်သို့ ပြန်ကြည့်သည်။

သူသည် ထိုအချိန်တွင် ကုန်းတက်၏ တစ်ဝက်ခန့်သို့ ရောက်နေပြီဖြစ်ရာ အနိမ့်ပိုင်းကျသော နောက်ဘက် အတော်ဝေးဝေးကို လှမ်းမြင်ရသည်။ သူ နောက်သို့ ပြန်ကြည့်လိုက်သော



အခိုက်ပင် ကိုက်သုံးရာမျှဝေးသော နေရာ၌ ပြေးလာသော လူတစ်ယောက်ကို မြင်လိုက်ရသည်။

ထိုလူ ပြေးလာသည်က မြန်လွန်းလှသည်။

သစ်ပင်များကြားတွင် ရိပ်ခနဲ ရိပ်ခနဲ ပေါ်လာလိုက် ပျောက်သွားလိုက်နှင့် ဖြစ်သည်။ ထိုလူက ပြေးနေရင်းမှ အော်ဟစ်လိုက်ပုံရသည်။

'ဟား....ဟား....ပြေးဦးလေကွာ'

အသံက ကျယ်လောင်လွန်းလှသောကြောင့် ကွမ်ရှိမှာ နားအူသွားသလို ဖြစ်သွားသည်။ ဤမျှ အကွာအဝေးမှနေ၍ ဤမျှ ကျယ်လောင်စွာ ကြားရခြင်းက ကွမ်ရှိကို ကြောက်လန့်သွားစေပြန်ကာ ကျိုးရှန်းထပြီး ကုန်းမော့ပေါ်သို့ပြေးတက်ပြန်၏။

ကုန်းမော့ထိပ်သို့ အရောက်တွင် ကွမ်ရှိမှာ ခြေကုန်သွားလေပြီ။

မောဟဲလိုက်အောင် မောနေသော ကွမ်ရှိမှာ သူ့ကိုယ်သူ မသယ်နိုင်တော့ချေ။ လေးဘက်းထောက်ပြီး ကျသွားသည်။ ချက်ချင်းပြန်ထိုင်ပြီး ကြည့်သည်

လိုက်လာသူက ကုန်းမော့အောက်သို့ ရောက်နေပြီ။

ကျိုးကုန်းဆင်သည် အဝါရောင်အင်္ကျီပွပွကြီးကိုဝတ်ထားသည်။ ထို့ကြောင့်ဘယ်ဘက်အင်္ကျီလက်မောင်းမှာတွဲလောင်းကျနေသည်။

ကျို့ကုံးဆင်သည် သိုင်းကျမ်းစာအုပ် ခိုးသွားသူအား သေချာမိပြီဟု တွက်သွားပြီဖြစ်ရာ ကုန်းမော့ကို လမ်းလျှောက်၍ တက်လာ၏။

'မင်းအဖြစ်က မြွေပွေးကို လက်နဲ့သွားတို့တာ ထက် ဆိုးတယ်ဟေ့၊ ငါ့ပစ္စည်းကိုမှ လာခိုးတာဆိုတော့ မင်း သိပ်ပြီး ကံဆိုးတာပဲ ပေါ့ကွာ'

ကျို့ကုံးဆင်က လမ်းလျှောက်တက်လာရင်း ပြောနေသည်။ သူက အတွင်းအားသုံး၍ ပြောနေခြင်း ဖြစ်သော ကြောင့် အသံမှာ ဆူညံနေကာ ပဲ့တင်သံ ထွက်ပေါ်နေလေ သည်။

ဟမ်ရှိမှာ တိုး၍ မထိတ်လန့်သာတော့မအောင် အစွမ်းကုန် ထိတ်လန့်နေခဲ့ပြီ ဖြစ်သည်။

ထို့ထက်ပို၍ ထိတ်လန့်စရာ မရှိတော့သောအခါ သူ့စိတ် မှာ မူလအခြေအနေသို့ ပြန်၍ကျလာ၏။ သူသည် မုဆိုး တစ်ယောက်ဖြစ်၏၊ သေကောင်ပေါင်းလဲဖြစ်မျိုး ကြုံဖူးသူ လည်း ဖြစ်သည်။

ယခု သူ့အခြေအနေမှာ ချောင်ပိတ်မိနေလေပြီ ဖြစ်ရာ မုဆိုးတစ်ယောက်စိတ်ဓာတ်က ရုတ်တရက် နိုးကြွလာသည်။

ကွမ်ရှိက သိုင်းလွယ်ထားသော ဒူးလေးကို ဖြုတ်လိုက် ကာ မြားတံကိုတည့်၍ သူ့ဆီသို့ တည့်တည့်တက်လာနေသော ကျို့ကုံးဆင်ကို ချိန်ရွယ်လိုက်သည်။

သူ့လက်မှာ အနည်းငယ် တုန်ယင်နေသော်လည်း ပစ်မှတ် ကို မလွဲနိုင်ကြောင်း သူသိ၏။



'ခင်ဗျား ရှေ့မတိုးနဲ့၊ ခင်ဗျားစာအုပ်ကို ကျုပ်ခိုးတာ မဟုတ်ဘူး၊ ခင်ဗျား ထားပစ်ခဲ့ပြီထင်လို့ ယူသွားတာ'

ကွမ်ရှိက အာခေါင်ခြောက်နေသော အသံဖြင့် အော်ပြော လိုက်သည်။ ကျို့ကုံးဆင်က ရယ်သည်။

'ဟား....ဟား....မင်းက ငါ့ကိုပစ်မလို့လား....ထိပါ့မလား ကွ'

ကျို့ကုံးဆင်က ခိုးသည် မခိုးသည်ကို စကားထဲ ထည့် မပြော။ ကွမ်ရှိက အသက်ပြင်းပြင်း ရှူသွင်းလိုက်ပြီး....

'ကျုပ်လက်က ပျံနေတဲ့ တောကြက်ကိုတောင် မလွဲဘူး ဗျ'

အော်လိုက်၏။

'မင်းအသံတွေ တုန်နေပါလား၊ ငါမယုံဘူးကွ၊ မင်း စမ်းကြည့်ပါဦး'

'ထောင်း'

ကျို့ကုံးဆင်၏ စကားအဆုံးတွင် ကွမ်ရှိက ဒူးလေး ခေါင်းခလုတ်ကို ဖြုတ်ချလိုက်ရာ လေးကိုင်း၏ ကန်အား ဖြင့် မြားတံက ပြင်းထန်စွာ ပြေးထွက်သွားသည်။

ကွမ်ရှိက ဒူးလေးကို ဖြုတ်ချလိုက်သည့်အချိန်၌ ကျို့ ကုံးဆင်မှာ ပေတစ်ရာမကျော်မျှ ဝေးသည်။ ဤအကွာ အဝေးမှာ ကွမ်ရှိအတွက် ပြေးလွှားနေသော ယုန်တစ် ကောင်ကိုပင် လွဲချော်သည့် အကွာအဝေးမဟုတ်ပါချေ။ ဒူးလေးမှ ပျံထွက်လာသော မြားတံသည် ကျို့ကုံးဆင်၏ ဥဝဆီသို့ ပြေးဝင်သွားသည်။

ကျို့ကုံးဆင်ကား ရှောင်တိမ်းခြင်း မပြုပါ။

အစ်ဖက်တည်းသာရှိသည့် ညာလက်ဖြင့် မြားတံကိုဆီး၍ ဖမ်းလိုက်သည်။ ဤမျှ ပြင်းထန်သော အရှိန်ဖြင့် ပြေးဝင်လာသောမြားတံကို ဤသို့ ဖမ်းယူသည်ကား ကြောက်စမန်းလိလိ အံ့ဖွယ်ဖြစ်သည်။ ကွမ်ရှီမျက်လုံးပြူးသွားသည်။ သို့သော် သူ့အတွက် ထူးဆန်းစရာ မဟုတ်တော့သဖြင့် ဒူးလေးမောင်းကို ပြန်၍တင်လိုက်ကာ မြားတံတစ်ချောင်း ထပ်၍ တင်ထားလိုက်သည်။

ကွမ်ရှီမှာ ဒူးလေးကိုင် ကျွမ်းကျင်သော မုဆိုးတစ်ဦးဖြစ်သည်။ ဒူးလေးကို မောင်းတင်ခြင်း၊ မြားတံအသစ်ထည့်ခြင်းတို့ကို ပြုလုပ်သည်မှာ မျက်တောင် သုံးလေးခတ်စာထက် ပို မကြာချေ။ သို့သော် ဤမျှ အချိန်အတွင်းမှာပင် ကျို့ကုံးဆင်သည် ကွမ်ရှီနှင့် ပေငါးဆယ်မျှ အကွာသို့ခုန်လွှား ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ကွမ်ရှီက တည့်မတ်စွာ ချိန်ရွယ်ထားသည်။ ဒူးလေးကိုချိန်ရွယ်ထားသော သူ့လက်နှစ်ဖက်မှာ တည်ငြိမ်နေ၏။ သို့သော် မျက်နှာတွင် ချွေးပေါက်ကြီးတွေ စီးကျနေသည်။

'မဆိုးဘူးကွ၊မင်းလက်ကလဲ တည့်တယ်၊မင်း ဒူးလေးက လဲအတော်ကောင်းပုံရတယ်'

ကျို့ကုံးဆင်က မြားတံကို ကိုင်ထားရင်း ပြောလိုက်သည်၊သူက ရပ်နေသည်။ကျန်သည့် အကွာအဝေးမှာ သူ တစ်ချက်ထောက်၍ ခုန်လိုက်သည်နှင့် ရောက်နိုင်သည်။ သို့သော် ခုန်လိုက်သည့် အချိန်တွင် ပျံထွက်လာမည့်မြားတံကို



ဤအကွာအဝေးအတွင်း၌ ရှောင်တိမ်းရန် ခက်လှသည်။ ထို့ကြောင့် သူ ချိန်ဆတွက်ချက်နေခြင်း ဖြစ်သည်။

ကွမ်ရှီမှာမူ အလွန်အရေးကြီးသော အချိန်သို့ ရောက်နေပြီဖြစ်သောကြောင့် စိတ်ကိုညှစ်၍ ပစ်မှတ်ပေါ်တွင် အာရုံစိုက်ထားသည်။

သူသိသည်။ဤတစ်ချက်လွဲလျှင် သူသေပြီ။

'ပြောစမ်းပါဦးကွ၊မင်းကို ဘယ်သူက အခိုးခိုင်းတာလဲ'

ကျို့ကုံးဆင်က မေးသည်။

ကွမ်ရှီကလည်း မဖြေ။လှုပ်လည်း မလှုပ်။

'မင်းတာသာခိုးသွားတာဆိုရင်တော့မင်းဟာတော်တော်အံ့ဩစရာကောင်းတဲ့ကောင်ပဲကွ'

ကျို့ကုံးဆင်က ကွမ်ရှီ စိတ်လှုပ်ရှားစေရန် ပြောနေခြင်းဖြစ်သည်။

ကွမ်ရှီမှာ စိတ်ကိုတည်ငြိမ်အောင်ထားလျက် စကားမပြောဘဲ နေ၏။သို့သော် မြားတစ်ချောင်းတည်းသာ ရှိတော့သည်။ကျားကြီးသည် လူနှင့် တိုက်ခိုက်ဖူး၍ လူသားစားဖူးသည်။ပါးနပ်၍ ကောက်ကျစ်လှသည်။

ကျားကြီးသည် ကွမ်ရှီ ပိတ်မိနေသော နေရာနားမှမခွာဘဲ လှည့်ပတ်၍ ချောင်းမြောင်းနေသည်။ ကွမ်ရှီ ရှိနေသော ပတ်ပတ်လည်တွင် လူတစ်ရပ်မျှရှိသော ချုံကြီးတွေက ရှိနေ၏။ ကွမ်ရှီသည် သူ့ခြေသလုံးမျှသာ ရှိသော သဖန်းပင်

ကလေးနှားတွင် ကပ်ကာ မည်သို့ရှင်းထွက် လွတ်မြောက်နိုင်မည်ကို ပထမဆုံးစဉ်းစားမိခဲ့၏။

ထိုစဉ်က အချိန်မှာ ညနေစောင်းဖြစ်သည်။

သူ့အတွက် အခွင့်အလမ်းရှိသော အချိန်က သိပ်ပြီးများများစားစား မရှိတော့။ နေဝင်သွားလျှင် သူ ကျားစာဖြစ်မည် ကျိန်း။ သို့သော် သူသည် ထိုအခါက တောဘုရင် ကျားကို ညဏ်ရည်တွင် အသာရလျက် အသက်ဘေးမှ လွတ်မြောက်ခဲ့ရ၏။ ဓာတ်ချောင်းတည်းသော မြားတံဖြင့် ကျားကြီး၏လည်မျိုတွင်းသို့ အနီးကပ် ပစ်သွင်းနိုင်ခဲ့၍လည်း ကျားကြီးကိုပါ ရရှိခဲ့ရ၏။

ယခုကား လူသားမုဆိုးချင်း ညဏ်ရည်ချင်း ယှဉ်ရမည့် အခြေအနေ။

သူနှင့် ရင်ဆိုင်နေရသူကို မည်သူဟု ကွမ်ရှီမသိ။ သို့သော် ထိုလူမှာ အလွန်တစ်ရာ သေးခအေးစွာဖြင့် ရက်စက်လိမ့်မည်ကိုကား သိနေ၏။ ထိုလူသက်တွင်း၌ အမိခံရလျှင် အသက်သေရမည်မှာ တွေးစရာမလို၊ မည်သို့သော ရက်စက်လှသည့် သတ်နည်းမျိုးကို သုံးလျက် သတ်လိမ့်မည်ကိုသာ တွေး၍ ကြောက်စရာလိုသည်။

ကွမ်ရှီမှာ တွေးရင်း ချွေးဒီးဒီးကျလာသည်။

ထိုစဉ် ကျို့ကုံးဆင် ရှေ့သို့ တရွေ့ရွေ့တိုးလာနေသည်ကို သတိပြုမိသည်။

'ခင်ဗျား ရှေ့မတိုးနဲ့၊ ကျုပ်ပစ်လိုက်မယ်နော်'



ကွမ်ရှီမှာ လွတ်ခနဲ အော်လိုက်မိသည်။ ကျို့ကုံးဆင်အဟက်ခနဲ ရယ်လိုက်ပြီး....

'ပစ်လေကွာ....ပစ်လိုက်လေ!'

မထီမဲ့မြင် မျက်နှာပေးနှင့် ပြောလိုက်၏။ ကွမ်ရှီက ချိန်ထားသော ဒူးလေးကို ရင်ဘတ်ဆီသို့ မြှောက်လိုက်သည်။

ဤအခိုက်အတန့်မှာပင် ကျို့ကုံးဆင်က သူဖမ်းယူထားသော မြားတံဖြင့် ကွမ်ရှီကိုပစ်လိုက်၏။

'ဝှစ်....'

ကျို့ကုံးဆင်၏ ကြီးမားသော အတွင်းအားကြောင့် သူ့လက်နှင့် ပစ်လိုက်သော မြားတံမှာ ဒူးလေးနှင့် ခွင်းလိုက်သကဲ့သို့ပင် ပြင်းထန်သော အရှိန်ဖြင့် ကွမ်ရှီ၏ ညာဘက် ပခုံးစပ်၌ စိုက်ဝင်ပြီး....

'အား....'

'ဒေါင်း....'

ကွမ်ရှီက အော်လည်းအော် ဒူးလေးမောင်းကိုလည်းညှစ်လိုက်၏။ သို့သော် သူ့ပခုံးကို ကျို့ကုံးတင် ပစ်လိုက်သော မြားတံစိုက်ဝင်ချိန်၌ ကွမ်ရှီ၏ကိုယ်မှာ နောက်သို့ အနည်းငယ် လန်သွားခဲ့ရာ ဒူးလေးမှထွက်သွားသော မြားတံမှာ အထက်သို့ ထောင်သွားတော့သည်။

'ဟိုင်း....'

ပစ်ချက် လွဲချော်သွားသည်နှင့် ကျို့ကုံးဆင်က မာန်သွင်း အော်ဟစ်၍ ခုန်လွှားလိုက်ကာ ကွမ်ရှီကိုညာလက်ပါးဖြင့် ရိုက်ချလိုက်သည်။

'ဝှမ်း....'

ကွမ်ရှီက ကြောက်ကြောက် လန့်လန့်ဖြင့် ခိုး၍လေ့ကျင့်ထားသော သိုင်းကွက်အတိုင်း လှုပ်ရှားလိုက်ရာ လက်ဝါးချက် လွဲချော်သွားသည်။

ကျို့ကုံးဆင်၌ အတွင်းအားကား ကြောက်ပါးလိလိ ရှိလှ၏။

လေထုကိုလက်ဝါးချက်ဖြတ်သန်းသွားသံကပင် ကြောက်စရာ ကောင်းလှသည်။

ကွမ်ရှီမှာ ဒူးလေးကိုကိုင်လျက်သားနှင့် မက်တတ်ရပ်နေသည်။

သူသည် ပခုံးတွင်စိုက်ဝင်နေသော မြားတံကို ဘယ်လက်ဖြင့် ဆောင့်ဆွဲလိုက်၏။

မြားတံ ကျွတ်ပါလာသလို သွေးများ ပွက်ခနဲထွက်လာသည်။

ကွမ်ရှီ၏ကိုယ်မှာ တဆတ်ဆတ်တုန်နေသည်။

'ငါ့စာအုပ် ပေးစမ်း'

ကျို့ကုံးဆင်က ပြောသည်။

ကွမ်ရှီက နောက်သို့ဆုတ်လိုက်ပြီး စာအုပ်ထဲမှ ပထမဆုံး သိုင်းကွက်အတိုင်း၊ သိုင်းကွက်ဟန်ဖြင့် ပြင်ထားသည်။

'ဩော်....မင်းက ဒီလိုတောင်ဖြစ်နေပြီလား'

ကျို့ကုံးဆင်က ပြောရင်း လက်ဝါးနှစ်ဖက်ဖြင့် ရှေ့ဘက် လေထဲသို့ ဆောင့်တွန်းလိုက်လာသည်။ လေသံက တဟူး



ဟူး ထွက်သွားသည်။ ကွမ်ရှီ၏ ဆံပင်များ လှုပ်ရှားသွားသည်။

ကွမ်ရှီမှာ နောက်ဘက်သို့ ထပ်၍ ဆုတ်သွားပြန်၏။

ကျို့ကုံးဆင်က ရှေ့သို့ ထပ်၍ တိုးဝင်သွားသည်။ ထိုအခိုက်အတန့်မှာပင် ကျို့ကုံးဆင်က မည်သို့မျှ မပြုလုပ်ရသေးဘဲ ကွမ်ရှီလဲကျသွားသည်။

ကျို့ကုံးဆင်ပင် အံ့အားသင့်သွားသည်။

ပရိယာယ်ဆင်သည် ထင်သောကြောင့် ရှေ့ဘက်မတိုးဘဲ ရပ်ကြည့်နေသည်။

သူ မြားဆိပ်ဒဏ်ကို သူ ပြန်၍ခံနေရသော ကွမ်ရှီမှာ လူးလိမ့်နေရင်း မခံသာတော့သည့်ဟန်ဖြင့် အော်ဟစ်လိုက်သည်။

'အား....အား'

'အမယ်လေး'

ကျို့ကုံးဆင် သဘောပေါက်သွားသည်။ အေးစက်စက် ပြုံးလိုက်၏။

'ကောင်းကွာ'

အားရပါးရ ကျေကျေနပ်နပ်ကြီးလည်း ပြောလိုက်သည်။

ထိုစဉ် ကုန်းမော့အောက်ခြေမှ လူခြောက်ယောက်က အလွန်လျင်မြန်စွာ ပြေးတက်လာကာ ကျို့ကုံးဆင်ကို ဝန်းရံထားလိုက်ကြသည်။

ကျို့ကုံးဆင်က တုန်လှုပ်ခြင်းမရှိ။ လူခြောက်ယောက်ကို တစ်ယောက်ချင်း လိုက်ကြည့်သည်။ ထိုအထဲမှ တစ်ယောက်ကိုသာ သူမှတ်မိသည်။

နဂါးပျံတီချိန်။

သူ လက်မောင်းပြတ်ရသည့် တိုက်ပွဲတွင် ပါဝင်ခဲ့သူတစ်ယောက်။ ရှာလျှင်လွယ်ချင်မှ လွယ်ဦးမည်။ ယခု မတွေ့ပြီ။ ကျိုးကုံးဆင် ထသွားပြီး ရယ်လိုက်၏။

'ဟား....ဟား....ဟား'

နဂါးပျံတီချိန်မှာ သေပြီဟု စိတ်ချလက်ချ ယုံထားသော ရန်သူကြီးကို မျက်နှာချင်းဆိုင် တွေ့လိုက်ရသဖြင့် ဘာမျှ မပြောနိုင်လောက်အောင် အံ့အားသင့်နေသည်။

နဂါးပျံတီချိန်သည် သိုင်းလောကထဲမှ ကျိုးကုံးဆင် ပျောက်ကွယ်သွားသည့်နောက်ပိုင်း၌ ကန္တာရဂိုဏ်းဟူသော သိုင်းဂိုဏ်းတစ်ခုကို ထူထောင်ကာ ဂိုဏ်းချုပ်အဖြစ် သိုင်းလောက ကောင်းကျိုးကို ဆောင်ရွက်နေသူ ဖြစ်၏။

ယခု ဤနယ်စွန်နယ်ဖျားသို့ သူရောက်ရှိလာသည်မှာ သိုင်းလောက အရှုပ်အထွေးတစ်ခုကို ဖြေရှင်းနိုင်ရန်အတွက် သူ့မိတ်ဆွေ ပင်လယ်တံငါ တာအိုချူးဆိုသော ထိပ်သီးသိုင်းသမားတစ်ဦးနှင့် တွေ့ဆုံရန်အတွက် ဖြစ်သည်။

နဂါးပျံတီချိန်မှာ သူနှင့်အတူ ဂိုဏ်းအဖွဲ့မှူး လေးယောက်ကိုပါ ခေါ်လာခဲ့သည်။ သူတို့အဖွဲ့နှင့် တာအိုချူးတို့ ထမင်းချဉ်သုပ်ဆိုင်တွင် တွေ့ဆုံကြစဉ် ဈေးတွင်းမှ ကြားရသော သတင်းကို ထူးခြားသည်ထင်၍ လိုက်လာခဲ့ခြင်းပင် ဖြစ်၏။

ကျိုးကုံးဆင်က အလွန်သဘောကျသည့်ပုံစံနှင့် ရယ်နေရာမှ....



'ဘယ်လိုလဲ နဂါးပျံကြီးရဲ့ စကားတောင် မပြောနိုင်တော့ဘူးလား'

ခနဲ့တဲ့တဲ့ ပြောလိုက်၏။ နဂါးပျံတီချိန်က တံတွေးကို မျိုချလိုက်ပြီး....

'မင်းသေပြီလို့ တို့အားလုံးက ထင်နေကြတာ၊ မင်းက သိပ်အသက်ပြင်းပါလား ပန်းဘီးလူး'

သူ့ကိုယ်သူ ထိန်းလျက် တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောလိုက်သည်။ ထိုအခါ ပန်းဘီးလူးကျိုးကုံးဆင်က သဘောကျသွားသလို တဟားဟားနှင့် ရယ်မောလိုက်ပြီး....

'ခင်ဗျားတို့ကို မသတ်ရသေးလို့ ကျုပ် မသေသေးတာပဲလေ၊ အခု ခင်ဗျားကို ပထမဆုံး ဈေးဦးပေါက် သတ်ရတော့မှာပဲ၊ အခန့်သင့်တွေ့ရတာ စိတ်မကောင်းပါဘူး'

'အင်း....မင်းမိုက်လုံးက ကြီးတုန်းပါပဲလားကွာ'

နဂါးပျံတီချိန်က စိတ်မသက်မသာပုံစံနှင့် ပြောလိုက်၏။ ထိုအခါတွင် ပန်းဘီးလူးဆိုသော အသံကိုကြားလိုက်မှ၍ အံ့အားသင့်နေသော ပင်လယ်တံငါ တာအိုချူးက....

'သူက ပန်းဘီးလူး ကျိုးကုံးဆင်လား'

နဂါးပျံတီချိန်ကို လှမ်းမေးလိုက်၏။ နဂါးပျံတီချိန်က ခေါင်းငဲ့ကြည့်ရင်း....

'အစစ်ပေါ့'

ပြောလိုက်ရာ တာအိုချူးက ဒေါသဖြစ်သွားပုံဖြင့် ခြေဆောင့်လိုက်ပြီး....

'အေး...တွေ့ကြပြီပေါ့ကွာ၊ ငါတပည့် လင်မယားကို သတ်သွားတဲ့ကောင်'

ထိုအခါ ကျို့ကုံးဆင်က အံ့ဩဟန်ဖြင့်....

'မင်းက ဘယ်သူလဲ၊ မင်းတပည့် လင်းမယားဆိုတာက ရော'

'ငါက ပင်လယ်တံငါ တာအိုချူးပဲ၊ ငါ့တပည့် လင်မယားဆိုတာက မင်း ရက်ရက်စက်စက်သတ်သွားတဲ့ သံဆူးဟွေဖုန်းတို့ လင်မယားကို ပြောတာ'

'သံဆူးချိတ် ဟွေဖုန်း'

ကျို့ကုံးဆင်က ပဲ့တင်ထပ်သည့်ပမာ ပြောလိုက်ပြီး စဉ်းစားနေသည်။ ခဏကြာမှ အမှတ်ရသွားသည့်ပုံဖြင့်....

'ဟုတ်ပြီ...ဒီကောင့်မိန်းမက ငယ်ငယ်လေး၊ တော်တော့်ကို ချောတာ၊ ဒီကောင်က အတင်းဝင်တိုက်လို့သာ သတ်လိုက်ရတာ၊ ငါ့ရည်ရွယ်ချက်က သတ်ဖို့မဟုတ်ဘူးကွ'

'အယုတ်တမာကောင်'

ပင်လယ်တံငါ တာအိုချူးက ဒေါသနှင့် ရေရွတ်လိုက်ပြီး လှံစ်ခနဲ ပြေးဝင်သွားသည်။

'တာအိုချူး....'

နဂါးပျံတီချိန်က အော်ဟစ် တားဆီးလိုက်သေး၏။ စိတ်မြန်လက်မြန်ရှိလှသော တာအိုချူးကို တုံ့ရပ်သွားအောင် မတတ်နိုင်ခဲ့ချေ။ တာအိုချူးသည် ဟူးခနဲ ပြေးပွဲသွားတာ စင်ရော်သုတ် သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်တော့၏။



တာအိုချူး၏ လှုပ်ရှားမှုမှ လျင်မြန်လှသောကြောင့် ကုံးဆင်မှာ လန့်သလိုဖြစ်သွားပြီးဘေးဘက်သို့ခုန်ထွက် ားသည်။ သို့သော် လက်ရဲဇက်ရဲနိုင်သော ထိပ်တန်း သိုင်း ားတစ်ယောက်ဖြစ်သဖြင့် ချက်ချင်းပင် ပြန်လှန်တိုက်ခိုက် သည်။

ကျို့ကုံးဆင်က သူကိုထွင် လေ့ကျင့်ထားသော ပထမ သိုင်းကွက်ဖြင့် ပြန်လှန်တိုက်ခိုက်ခြင်း ဖြစ်သည်။

ထိုသိုင်းကွက်သည် အကွက်ခွဲသုံးခုရှိရာ ပထမအကွက်ခွဲ တိုက်ခိုက်မှုကို တာအိုချူး တိမ်းရှောင်နိုင်သည်။ သော် တစ်ဆက်တည်းဖြစ်သော ဒုတိယအကွက်ခွဲကို ကုံးဆင် အသုံးပြုလိုက်သောအခါတွင်မူ တာအိုချူး ကြောင်အမ်းအမ်း ဖြစ်သွားတော့သည်။ ထိုစဉ် ကျို့ းဆင်က တတိယအကွက်ခွဲကို အသုံးပြုလိုက်ပြန်ရာ တာ ချူးမှာ အသေအလဲ တိမ်းရှောင်လိုက်သည့်တိုင် မလွတ် ဘဲ ညာဘက်နံစောင်းကို ရှပ်၍ ဓားမိသွားပြီး ယိမ်းယိုင် ားတော့သည်။

ကျို့ကုံးဆင်က ဒုတိယသိုင်းကွက်ကြီးကို အသုံးပြုရန် သည်။

ထိုစဉ် သိုင်းကွက်အစ်ကွက်တည်းနှင့် တာအိုချူး အခြေ တော့သည်ကို မြင်လိုက်ရသော နဂါးပျံတီချိန်က....

'အားလုံးဝင်တိုက်ကြ'

သူ့တပည့်အဖွဲ့မှူးများကို အော်ဟစ် အမိန့်ပေးလိုက် တော့သည်။ ထိုအခါကန္တာရကြက်အဖွဲ့မှူး ယန်းခေဝ၊ ကန္တာရ

မြွေအဖွဲ့မှူး ခူမှန်ချင်း ကန္တာရ သိမ်းငှက်အဖွဲ့မှူး တုံးဆင်တို့၊ ကန္တာရဝံပုလွေအဖွဲ့မှူး ဖူကိုးတို့က တုံ့ဆိုင်းခြင်းမရှိ ပန်းဘီလူး ကျို့ကုံးဆင်ရှိရာသို့ ပြေးဝင်ကာ တစ်ပြိုင်နက်တည်း တိုက်ခိုက်ကြတော့သည်။

ထိုအဖွဲ့မှူးလေးယောက်၏ သိုင်းပညာမှာ ကန္တာရဂိုဏ်းချုပ် နဂါးပျံ တီချိန်၏ သိုင်းပညာကို မမီသော်လည်း သိုင်းလောကရှိ အချို့သော သိုင်းဂိုဏ်းချုပ်များထက် သာလွန်ကြသူများ ဖြစ်သည်။ ထို့ကြောင့် သူတို့လေးယောက်၏ ဝိုင်းဝန်းတိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ပြင်းထန်လှပေသည်။

သို့ရာတွင် အဖွဲ့မှူးလေးယောက်စလုံးမှာ လက်နက်ကိုယ်စီနှင့် ဝင်ရောက်တိုက်ခိုက်ကြသည်ဖြစ်ရာ သာ၍ပင် ကြောက်စရာ ကောင်းသေးတော့သည်။

အတွင်းအား နက်ရှိုင်းသော အဖွဲ့မှူးလေးယောက်၏ တစ်ပြိုင်နက်တိုက်ခိုက်မှုကြောင့် ထိုအနားတွင် လေမိုးကြိုး ကျလာသကဲ့သို့ အသံကြီးများ ပေါ်ထွက်လာသည်။

သို့သော် အံ့ဩစရာ ကောင်းလှသည်။

ပန်းဘီလူး ကျို့ကုံးဆင်သည် ဤမျှ ပြင်းထန်လှသော တိုက်ခိုက်မှုများကြားတွင် အလွန်ပေါ့ပျောင်းသော နှယ်ပင် တစ်ပင်ကဲ့သို့ ယိမ်းနွဲ့လှုပ်ရှားတိမ်းရှောင်နေရင်းမှပင် ကိုယ် ခန္ဓာကို ဝပ်ကာလျှိုးကာနှင့် သံမဏိလက်စွပ်များနှင့် တိုက် ခိုက်နေသော ကန္တာရကြွက်အဖွဲ့မှူး ယန်းဝေ၏ ယယ်ထိပ် ရိုက်ချလိုက်သည်။



ယန်းဝေက တိမ်းရှောင်ခြင်းမပြုဘဲ သံမဏိလက်စွပ်များ ...တားသော ညာလက်ကို ထောင်၍ ခံဆောင်လိုက်၏။ ...ကုံးဆင်က သူ့လက်ကို ရုပ်သိမ်းလိုက်ခြင်း မပြု။ ...သော် ရိုက်ချလိုက်သော လက်ဝါးချက်သည် အရှိန်နှင့် ...လိုက်ရင်းမှပင် လေထဲတွင် လည်သွားကာ ခံဆောင် ...သော ယန်းဝေ၏လက်ကို တိမ်းရှောင်လျက် ယန်းဝေ၏ ...ယ်ဘက်ပခုံးစွန်းကို ရိုက်ချလိုက်တော့သည်။

ယန်းဝေသည် ဤပရိယာယ်ကို လုံးဝ မရိပ်မိလိုက်ချေ။ ...ကြောင့် တိမ်းရှောင်ရန် မတတ်နိုင်ဘဲ အထိခံလိုက်ရ၏။

ဒုတ်....'

ထိုအသံက သိပ်မကျယ်လှ၊ သို့သော် ယန်းဝေမှာ ကိုယ် ...ခြမ်း သေသွားသကဲ့သို့မြေပေါ်သို့ တုံးခနဲ လဲကျသွား ...ည်။

သို့သော် ယန်းဝေက အသည်းကောင်းလှသည်။ ...ခြင်းမပြုဘဲ လဲရာမှလှိမ့်ကာ ကျို့ကုံးဆင်ကို ညာခြေဖြင့် ...နိလိုက်၏။

'ငါလာပြီဟေ့'

နဂါးပျံတီချိန်က အော်ဟစ်လိုက်ရင်း နဂါးရုပ် တောင် ...ားကို ဝှေ့ယမ်းလိုက်သည်။

အတွင်းအားပြင်းထန်လှသောကြောင့် လေဆင်နှာမောင်း ...က်ခတ်သံမျိုး ထွက်ပေါ်လာ၏။ သူသည် ကျို့ကုံးဆင် ...၏ အကြောင်းကို သိသူဖြစ်ရာ သူ့အဖွဲ့မှူးများနှင့်ချည်း

လွှတ်မထားဝံ့ဘဲ တိုက်ပွဲတွင်းသို့ လျှင်မြန်စွာ ဝင်ရောက်လာခြင်း ဖြစ်သည်။

နဂါးပျံတီချိန်မှာ နာမည်နှင့် လိုက်ဖက်လှသည်။

တိုက်ပွဲတွင်းသို့ ဝင်ရောက်သွားသည်ကပင် အမြင့်ရှစ်ပေ ခန့်မှ ခုန်လွှားဝင်ရောက်သွားခြင်း ဖြစ်သည်၊ သူသည် ထို ခုန်လွှားဝင်ရောက်သွားရင်း နဂါးရုပ်သံတောင်ဝှေးနှင့် တ စပ် ရိုက်ခတ်လိုက်ရာ ရိုက်ချက်များမှာ လျှင်မြန်လှသော ကြောင့် အနက်ရောင် သံပြားကြီးတစ်ချပ်ဖြင့် ရိုက်ချလိုက် သကဲ့ပင် ထင်လိုက်ရ၏။

ကျို့ကုံးဆင်သည် တီချိန် ဝင်ရောက် တိုက်ခိုက်လာ သည်နှင့် တီချိန်ကိုသာ အာရုံစိုက်၍ တိုက်ခိုက်တော့သည်။

ထိုအချိန်တွင် မြွေအဖွဲ့မှူး ခူမွန်ချင်၊ သိမ်းငှက်အဖွဲ့မှူး တုံးဆိတင်နှင့် ဝံပုလွေအဖွဲ့မှူး ဖူးကိုးတို့ကပါ ကျို့ကုံး ဆင်ကို ဝိုင်းဝန်းတိုက်ခိုက် နေကြခြင်း ဖြစ်သည်။

သို့တိုင် သူတို့အားလုံးမှာ ကျို့ကုံးဆင်ကို အသာစီးရ အောင် မတတ်နိုင်ကြချေ။

နဂါးပျံတီချိန်မှာ ချက်ချင်းလိုပင် အသေအလဲ ခုခံ တိမ်းရှောင်နေရသော ဘဝသို့ ကျရောက်နေပြီ ဖြစ်သည်။ သူ့အနေဖြင့် အဖွဲ့မှူးသုံးယောက်ကသာ ဝင်ရောက် တိုက် ခိုက်နေခြင်းမရှိလျှင် ခဏချင်းမှာပင် ရှုံးနိမ့်သွားတော့မည့် အခြေအနေမျိုး ဖြစ်သည်။



ဤအချိန်၌ ဒဏ်ရာရသွားသော ပင်လယ်တံငါ တာအို ချူးနှင့် ကန္တာရကြွက်အဖွဲ့မှူး ယန်းဝေတို့မှာ တိုက်ပွဲအပြင် ဘက်သို့ ရောက်ရှိနေကြသည်။

သူတို့နှစ်ယောက်စလုံးမှာ သိုင်းလောကတွင် နှစ်ရှည်လ များ ကျင်လည်နေခဲ့ကြလျက် အတွေ့အကြုံများပြားသူများ ဖြစ်ကြသည်။ သူတို့သည် ကျို့ကုံးဆင်၏ တိုက်ခိုက်မှုကို အံ့ဩနေကြသည်။ သူတို့အနေဖြင့် ဤမျှထက်မြက်သော သိုင်း သမားမျိုးကို မကြုံဖူးကြသေးချေ။

အခြေအနေမှာ နဂါးပျံတီချိန်တို့ဘက်က ရှုံးနိမ့်တော့ မည်မှာ သေချာနေသည်။ သူတို့အားလုံးပင် ကျို့ကုံးဆင် ၏ အကြောင်းကို ကြားဖူးကြသည်ဖြစ်ရာ သူတို့ဘက်က ရှုံးနိမ့် လျှင် သူတို့အားလုံး အသက်ခံရမည်ဖြစ်ကြောင်း တွေးနေမိ ကြ၏။ ထို့ကြောင့် ဖြစ်သည့်နည်းဖြင့် ကျို့ကုံးဆင်ကို အနိုင်တိုက်ခိုက်ရမည်ဖြစ်ကြောင်း တွက်မိနေကြသည်။

တာအိုချူးသည် သူ ထိခိုက်ထားသည်ကို ဂရုမစိုက်ဘဲ အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုအရာမှာ လက်သီးဆုပ်သာသာ ချည်ထွေးတစ်ခုသာ ဖြစ်၏။ သို့သော် ဖြန့်လိုက်သောအခါ ပိုက်ကွန်တစ်ခု ဖြစ်သွားလေသည်။ သူ သည် ထိုပိုက်ကွန်ကို အသင့်ကိုင်ထားရင်း အခွင့်ကောင်းကို ချောင်းနေသည်။

ထိုစဉ် နဂါးပျံတီချိန်မှာ ကျို့ကုံးဆင်၏ ခြေကန်ချက် တစ်ချက် ထိသွားရာ လွင့်စဉ်သွားသည်။ ထိုအချိန်မှာ လဲကျ ၍ကား မသွား။ အံကိုတင်းတင်းကြိတ်ထားရင်း သူ့ဆီသို့

တိုးဝင်လာသော ကျို့ကုံးဆင်ကို နဂါးရုပ် ထောင်ဝှေးဖြင့် တရစပ် လှည့်ပတ်၍ ဟန့်ထားထားသည်။

ထိုအခိုက်....

ရွှီး....

ကြွက်တစ်ကောင် မာန်ဖီသကဲ့သို့ အသံပြုရင်း ယန်းဝေက ကျို့ကုံးဆင်ရှိရာသို့ ပြေးဝင်သွားသည်။ သူသည် ကြွက်တစ်ကောင်ကဲ့သို့ ပြေးဝင်သွားခြင်းဖြစ်သည်။ သူသည် ကျို့ကုံးဆင်၏ တိုက်ခိုက်မှုကို ဂရုမစိုက်ဘဲ ပြေးဝင်သွားခြင်းဖြစ်သည်။ သူ့အသက်ကို စွန့်လွှတ်လျက် ကျို့ကုံးဆင်ကို ထိအောင် တိုက်ခိုက်မည်ဆိုသော ဆုံးဖြတ်ချက်နှင့် ဝင်ရောက်သွားခြင်းဖြစ်သည်။

'ဝုန်း....'

ယန်းဝေ၏နံဘေးကို ကန်မိသွားသည်၊ ယန်းဝေသည် အသက်မရှုနိုင်ဘဲ ဖြစ်နေသည့်ကြားမှပင် ကျို့ကုံးဆင်၏ ခြေထောက်ကို အမိအရ ဆွဲလိုက်၏။

ကျို့ကုံးဆင်က ရှုန်းသည်။

ယန်းဝေမှာ ရှေ့သို့ဟပ်ထိုးပါသွားကာ ဖမ်းထားသော ခြေထောက် လွှတ်သွားတော့မည့်ကဲ့သို့ ဖြစ်သွား၏။ ဤအခိုက်မှာပင် ဘာအိုချူး၏ ပိုက်ကွန်က ကျို့ကုံးဆင်၏ ခေါင်းပေါ်သို့ လွှားခနဲ ကျသွားတော့သည်။

'ယား'

ကျို့ကုံးဆင်က ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်ရင်း ရုန်းလိုက်၏၊ အလွန်ခိုင်ခံ့လှသော သက်ရင့်မြွေကြောများ



နှင့် ရက်လုပ်ထားသောပိုက်ကွန် ကွဲထွက်ကာ ကျို့ကုံးဆင်၏ ညာလက်က လွတ်ထွက်လာ၏။

သိမ်းငှက်အဖွဲ့မှူးတုံးဆီတင်က လေထဲသို့ ခုန်လိုက်၍ ကျို့ကုံးဆင်၏ ငယ်ထိပ်ကို ရိုက်ချသည်။ ကျို့ကုံးဆင်က တုံးဆီတင်၏လက်ကို ဆီး၍ဖမ်းလိုက်ကာ ဆွဲယမ်းလွှင့်ပစ်လိုက်သည်။

'ဖုန်း....'

တုံးဆီတင်မှာ ဝါးတစ်ရိုက်မျှ လွင့်စဉ်ကာ ခြေပစ်လက်ပစ်ကျသွားသည်။ ဤအခိုက်တွင် မည်သူမျှမထင်သော အဖြစ်တစ်ခု ဖြစ်လာသည်။

'ထုန်း....'

'အား....'

ကျို့ကုံးဆင်မှာ အော်ဟစ်ရင်း ခုန်လိုက်ရာ ဆယ်ပေကျော်မျှ မြောက်တက်သွားပြီးမှ ပြန်ကျလာ၏။ သို့သော် လဲကျမသွား။ ပိုက်ကွန်အုပ်လျက် ကိုးရိုးကားရား ပုံစံနှင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ မောင်းဖြုတ်လိုက်သော ဒူးလေးကိုကိုင်လျက် ပြန်၍လဲကျသွားသော မုဆိုးကို မြင်ရသည်။ အနီးကပ် ပစ်လွှတ်လိုက်သော မြားတံသည် ကျို့ကုံးဆင်၏ ကျောကုန်းတွင် မြား၏အမြီးပိုင်းအထိ စူးဝင် နစ်မြုပ်လျက်ရှိသည်၊ သို့တိုင် ကျို့ကုံးဆင်သည် ပိုက်ကွန်ထဲမှ လွတ်မြောက်လျက်ရှိသော ညာလက်ကိုမြှောက်၍ မုဆိုးရှိရာသို့ လျှောက်သွားနေ၏။

'ယား'

မြွေအဖွဲ့မှူး ခုမ္ဗန်ချင်က အော်ဟစ်မာန်သွင်းရင်း ပြေးဝင်သွားကာ ကျို့ကုံးဆင်၏ လည်ကုပ်နေရာသို့ စုံလက်ဝါးစောင်းနှင့် ညှပ်၍ခုတ်ချလိုက်သည်။

'ဂုတ်....'

ရှေ့သို့ စိုက်ကျသွားလေသည်။ သို့သော် ကျို့ကုံးဆင် မလဲဘဲ သူ့ကိုယ်သူထိန်း၍ နောက်ဘက်သို့ ပြန်လှည့်ကြည့်ပြန်သည်။

မြွေအဖွဲ့မှူး ခုမ္ဗန်ချင်က လန့်သွားကာ နောက်ဘက်သို့ ဆုတ်လိုက်သည်။ သူက အထိတ်တလန့်ဖြင့် ကျို့ကုံးဆင်ကို ကြည့်နေသည်။

ကျို့ကုံးဆင်က မြှောက်ထားသော ညာလက်ဖြင့် ခုမ္ဗန်ချင်၏ မျက်နှာကို ရိုက်ချလိုက်၏။ သို့သော် ယမ်းခုလတ်မှာပင် အသက်ထွက်သွားသောကြောင့် အရုပ်ကြိုးပြတ်လဲကျသွားတော့သည်။

'ဝုန်း'

ခုမ္ဗန်ချင်မှာ ကြောင်ကြောင်ကြီးဖြစ်နေ၏။

တုံးဆိုကင်က အသက်မရှိတော့သော ကြက်အဖွဲ့မှူး ယန်းဝေကို သွားပွေ့သည်။

နဂါးပျံတီချိန်နှင့် ပင်လယ်တံငါ တာအိုချူးက မုဆိုးရှိရာသို့ လျှောက်သွားသည်။ သိုသိပ်ကျစ်လျစ်စွာ မနေတတ်



သဖြင့် အသက်ဘေးအန္တရာယ်နှင့်ကြုံရသော ကွမ်ရှီက သူ့ရင်ဘတ်ထဲမှ သိုင်းကျမ်းစာအုပ်ကိုထုတ်ပေးသည်။

သို့သော် လက်ထိလက်ရောက် မပေးနိုင်မီ အသက် ထွက်သွားလေပြီ။

( ၅ )

လမ်းလျှောက်ရင်း ပြောပြနေသော သမားတော်ကြီး ဒေါ်ဖျူူက ညောင်းညာလာသည့်ဟန်ဖြင့် စားပွဲခုံတွင် မှီ၍ရပ်လိုက်၏။

အဘိုးဖြစ်သူ ပြောနေသောအကြောင်းကိုနားထောင်ရင်း စိတ်ဝင်စားနေသော ကွန်ကျင်ယီက....

'ဘိုးဘိုးပြောတာ သိပ်နားထောင်ကောင်းတာပဲ၊ ဘိုးဘိုး ကိုယ်တိုင် တွေ့နေရတဲ့အတိုင်းပဲနော်'

ပြောလိုက်ရာ ဒေါ်ဖျူမှာ ရုံ့မဲ့သွားပြီး....

အဘိုးက မြေးကလေးနားလည်အောင် အဘိုး သိခဲ့ရတဲ့ အကြောင်းတွေကို ဆယ်စပ်ပြီးပြောပြရတာပေါ့၊ အဘိုးကိုယ်တိုင်တော့ ဘယ်တွေ့ခဲ့ရမှာလဲ'

'ဒါနဲ့ ဘိုးဘိုးပြောတာ ပြီးပြီလား၊ မြေး ဟင်းချက်စရာ ရှိသေးတယ်'

'အဲဒါ ထားလိုက်စမ်းပါ၊ ငါပြောတာ မဆုံးသေးပါဘူး'

ခေါ်ဖျူက အသံမာမာနှင့်ပြောလိုက်သောကြောင့် ထရန်ဟန်ပြင်နေသော ကွန်ကျင်ယိမှာ ပြန်၍ ထိုင်လိုက်ရပြန်သည်။

သဖားတော်ကြီးခေါ်ဖျူက ခြောက်သွေ့နေသော နှုတ်ခမ်းကို လျှာနှင့်တစ်ချက်သပ်လိုက်ပြီး....

'အဲဒီလိုနဲ့ အဲဒီသိုင်းကျမ်းဟာ ကန္တာရဂိုဏ်းချုပ် နဂါးပျံ တီချိန်ရဲ့လက်ထဲကိုရောက်သွားတယ်၊ အဲဒီမှာ ပင်လယ်တံငါ တာအိုချူးကလဲ အဲဒီ သိုင်းကျမ်းကို လိုချင်ရော၊ နဂါးပျံ တီချိန်ကလဲ သူ့အဖွဲ့မှူးတစ်ယောက် အသေခံထားရတာမို့ သူပဲရထိုက်တယ်လို့ယူဆတယ်၊ တာအိုချူးကိုမပေးဘူး ပေါ့လေ။

'အဲဒီလိုဖြစ်တဲ့အခါမှာ တာအိုချူးဘက်ကနေ မကျေနပ်ချက်ကို ဖွင့်ပြောရင်းနဲ့ ဒီသိုင်းကျမ်းရဲ့သတင်းဟာ သိုင်းလောက တစ်ခုလုံး သိသွားရော ဆိုပါတော့။

'ဒီတော့ သိုင်းကျမ်းကိုလိုချင်တဲ့လူတွေကလဲအလျှိုအလျှိုပေါ်လာပြီး နဂါးပျံ တီချိန်ရဲ့နောက်ကို အရိပ်လို လိုက်ကြ



ရော ဆိုပါတော့ကွယ်၊ လောဘသားတွေများ သိပ်ကြောက်စရာ ကောင်းတာကိုး။

'အဲဒီလိုဖြစ်နေတဲ့အချိန်မှာ ဒီသတင်းဟာ ပန်းဘီလူး ကျို့ကုံးဆင်ရဲ့ အဖေတူအမေကွဲညီဖြစ်တဲ့ ကျို့ဟိုက်ပေါင်ဆီ ရောက်သွားတယ်၊ သူက လူကောင်းပါ၊ သူ့အစ်ကို အသတ်ခံရပြီလို့ သတင်းဖြစ်လာတဲ့ အချိန်မှာတောင် သူ့အစ်ကို ဆိုးလို့ အသတ်ခံရတာပဲဆိုပြီး အေးအေးနေခဲ့တဲ့လူ၊ ဒါပေမယ့် အခုတစ်ကြိမ်ကျတော့ သူ့အစ်ကိုရဲ့ပစ္စည်းဟာ သူပဲရထိုက်တယ်လို့ပြောတယ်၊ တီချိန်ကလဲ သူနဲ့ထိုက်ပို့ရတာ မပေးနိုင်ဘူးပေါ့လေ၊ ဒီတော့ ကျို့ဟိုက်ပေါင်က တီချိန်ဟာ မားပြပဲ၊ မားပြအလုပ်မျိုးလုပ်တယ်လို့ စွပ်စွဲတယ်။

'ကန္တာရဂိုဏ်းချုပ် နဂါးပျံ တီချိန်ဆိုတာက သိုင်းလောကမှာ နာမည် ဂစ်လုံးနဲ့လူပဲလေ၊ ပြီးတော့ အဖြူရောင် သိုင်းလောကကို ဦးဆောင်နိုင်အောင်ကြိုးစားနေသူဆိုတော့ ဒီလိုစွပ်စွဲခံရတဲ့အခါမှာ ဆတ်ဆတ်ခါအောင် နာသွားတယ်၊ ဒီလိုနဲ့ သူတို့နှစ်ယောက် ချိန်းဆိုတိုက်ခိုက်ကြတဲ့အထိဖြစ်သွားပြီး မြို့တော်ရဲ့ အရှေ့ဘက်က တောင်နီ တောင်ပေါ်မှာ သိုင်းကျမ်းအတွက် တိုက်ခိုက်ကြရော၊ အဲဒီမှာ တီချိန် သေဆုံးသွားသလို ကျို့ဟိုက်ပေါင်လဲ ဒဏ်ရာအပြင်းအထန် ရသွားတယ်၊ တီချိန်ဆီက သိုင်းကျမ်းကို ကျို့ဟိုက်ပေါင် ယူနေတဲ့အခိုက်မှာပဲ ပင်လယ်တံငါ တာအိုချူးက ရောက်လာတော့ ဒဏ်ရာရနေတဲ့ ကျို့ဟိုက်ပေါင်ဟာ ထွက်ပြေးလာခဲ့ရင်းနဲ့ ဘိုးဘိုးဆီရောက်လာခဲ့တယ်မြေး'

'အဲဒီ ကျို့ဟိုက်ပေါင်က ဘိုးဘိုးနဲ့သိလို့လား'

ကွန်ကျင်ယီက မေးလိုက်၏။

'မသိပါဘူးမြေးရယ်၊ ဒီလူက ဘိုးဘိုးဆီရောက်လာတော့ စကားလဲမပြောနိုင်တော့ပါဘူး၊ ဘိုးဘိုးအထင်တော့ ဒီလူဟာ သူ့ ဒဏ်ရာတွေကို ကုသနိုင်ဦးမယ်ထင်ပြီး ဘိုးဘိုးဆီရောက်လာခဲ့တာထင်ပါတယ်၊ ဒါပေမယ့် သူရလာတဲ့အတွင်းဒဏ်တွေက ပြင်းထန်လွန်းတော့ နောက်တစ်နေ့မနက်မှာတဲ့ ဒီလူဟာ သေဆုံးသွားခဲ့တယ်'

'အဲဒီတော့....'

ကွန်ကျင်ယီက စကား ထောက်လိုက်သည်။ ခေါ့ဖျူက....

'အဲဒီတော့ ဒီလူက မသေခင်မှာ သူရလာတဲ့ သိုင်းကျမ်းစာအုပ်ကို ဘိုးဘိုးကိုပေးခဲ့တယ်လေ၊ ဒီကိစ္စက တခြားလူတွေ မသိတော့ ဘာမှ ဆက်ဖြစ်မလာဘူး၊ ဘိုးဘိုးအနေနဲ့ကလဲ ဒီစာအုပ် ဘိုးဘိုးဆီမှာရှိနေတာ သိသွားကြရင် ဘိုးဘိုးတို့ မိသားစုကို အန္တရာယ် ပြုလာကြမှာစိုးလို့ မျိုသိပ်ထားခဲ့ရတယ်၊ မြေးတို့အမေက သိုင်းပညာဝါသနာပါလို့ သိုင်းသင်တန်းတစ်ခုမှာ သွားသင်နေတာတောင် ဒီသိုင်းကျမ်းရထားတယ်ဆိုတာ ဖွင့်မပြောခဲ့ဘူးလေ'

ပြောလိုက်ရာ ခေါ့ဖျူ၏ စကားအဆုံးတွင် ကွန်ကျင်ယီက စားပွဲပေါ်မှ သိုင်းကျမ်းစာအုပ်ကို လက်ဖြင့်ပုတ်လိုက်ပြီး....



'ဘိုးဘိုး လိုက်တဲ့ သိုင်းကျမ်းစာအုပ်ဆိုတာ ဒီစာအုပ်လား'

'ဟုတ်တယ်မြေး'

ထိုအခါ ကွန်ကျင်ယီက စာအုပ်ကိုယူကြည့်သည်။ သိုင်းကွက်များကို ရုပ်ပုံများနှင့်သာမက စာ ဖြင့်ပါ ရေးသားရှင်းလင်းထားသော စာအုပ်တစ်အုပ် ဖြစ်နေသည်။ ကွန်ကျင်ယီက စာအုပ်ကို အစအဆုံး ခပ်မြန်မြန် လှန်လိုက်သည်။ ပြီးမှ....

'အခု မြေးကို ဒီအကြောင်းတွေ ခေါ်ပြောတာ ဘာအကြောင်းရှိလို့လဲအဘိုး'

မေးလိုက်သည်။ ခေါ့ဖျူက သက်ပြင်းချလိုက်ပြီး....

'ရှိတာပေါ့မြေးရယ်၊ အခုအချိန်မှာ မွန်ဂိုတွေကလဲ ...တော်ကို ဝိုင်းတော့မယ်၊ အန္တရာယ်ဆိုတာက ကျောနားကပ်နေတဲ့အချိန်၊ ဘိုးဘိုးတို့ မြေးအဘိုးတွေမှာက မားမား...မတ် ရပ်မယ့်လူဆိုတာ မရှိဘူး၊ ဒီတော့ တကယ်လို့များ...ကအခဲတစ်ခုခုနဲ့ အန္တရာယ်ဆိုတာ ကြုံလာခဲ့ရင် လည်စင်း...ရမယ့် အဖြစ်မျိုးပဲ မဟုတ်လား၊ အခု ဘိုးဘိုးက ...မြေးကို ခေါ်ပြောတဲ့သဘောက ဘာပဲပြောပြော မြေးဆို...မကြာခင်မှာ အရွယ်ရောက်တော့မယ်၊ ဘိုးဘိုးနဲ့မြေး...လေး ကွန်ယုတိုင်ကိုထားဦးတော့၊ ဘိုးဘိုးက အရွယ်လွန်...ကွန်ယုတိုင်ဆိုတာကလဲ ကလေးဆိုတော့ အန္တရာယ်မရှိလှ...သေးဘူး၊ ငါ့မြေးကျတော့ မိန်းကလေးဆိုတော့ အရွယ်...ရောက်တာနဲ့ အန္တရာယ်တွေရှိလာနိုင်တယ်လေ၊ ဒီတော့

ဗီသိုင်းကျမ်းထဲ သိုင်းကွက်တွေကို ငါ့မြေး လေ့ကျင့်ထားမယ်ဆိုရင် ဘိုးဘိုးတို့အတွက်ကို ထားဦးတော့၊ ငါ့မြေးအတွက်တော့ ကာကွယ်နိုင်မှာပေါ့၊ ဘိုးဘိုးစုံစမ်းလို့ သိသမျှဆိုရင် ဗီသိုင်းကွက်တွေဟာ အလွန်အစွမ်းထက်တယ်ဆိုတာပဲ၊ ဘိုးဘိုးပြောတာ မကောင်းဘူးလားမြေး'

ကွန်ကျင်ယီက ရုပ်ပုံနှင့်စာများ ကြည့်တဲ စာရွက်များကို လှန်နေရင်းမှ....

'လေ့ကျင့်လောက်တော့ဟုတ်ပါရဲ့၊ဘယ်သူကသင်ပေးမှာတဲ့လဲ'

'ကိုယ့်ဘာသာ လေ့ကျင့်ရမှာပေါ့၊ စာအုပ်တစ်အုပ်လုံး ဘိုးဘိုးကြည့်ပြီးပါပြီ၊ ရုပ်ပုံ တွေနဲ့ ပြထားပြီး စာနဲ့ပါ ရှင်းပြထားတော့ လေ့ကျင့်ရ မခက်ပါဘူး၊ ပြီးတော့ မြေးရယ် ခုနဘိုးဘိုးပြောတဲ့ အထဲမှာ ဗီသိုင်းကျမ်းစာအုပ်ကို ခိုးသွားတဲ့ မုဆိုးအောင် လေ့ကျင့်လို့ ရသေးတာပဲ၊ မြေးလဲ လေ့ကျင့်လို့ ရမှာပေါ့၊ ဘိုးဘိုးကလဲ ဘေးနားကနေ ပြောမှာပေါ့၊ ဘယ့်နှယ်လဲ'

'စမ်းကြည့်မယ်လေဘိုးဘိုး'

ကွန်ကျင်ယီက စိတ်မပါလက်မပါနှင့် ပြောလိုက်ပြီး တစ်စုံတစ်ခုကို သတိရကာ...

'မြေးတစ်ယောက်တည်း လေ့ကျင့်ရရင် တော်တော်ပျင်းစရာကောင်းမှာ မောင်လေးနဲ့ပါတွဲပြီး လေ့ကျင့်မယ် ဘိုးဘိုးရယ်'

'မြေးမောင်လေးက မငယ်လွန်းဘူးလား'



'ငယ်လွန်းလဲဘာဖြစ်လဲဘိုးဘိုးရဲ့၊နောက်တော့ ကြီးလာမှာပေါ့၊ ပြီးတော့ မောင်လေးက ဉာဏ်လဲကောင်းတဲ့ဟာပဲ'

ကွန်ကျင်ယီက ပူဆာသောလေသံနှင့် ပြောလိုက်၏။ ဘိုးတော်ကြီး ခေါ့ဖျူ ခေါင်းညိတ်သည်။

'အေးလေ....မောင်နှမနှစ်ယောက်ဆိုတော့ မပျင်းတော့ဘူးပေါ့၊ ကောင်းပြီ....ကောင်းပြီ၊ ဒါပေမယ့် ငါ့မြေးကို ပြောထားရဦးမယ်၊ ဗီလိုသိုင်းသင်နေတယ်ဆိုတာ တခြားဘယ်သူမှ မသိစေရဘူးနော်'

'စိတ်ချပါဘိုးဘိုး'

ကွန်ကျင်ယီက သူ့မောင်ပါ လေ့ကျင့်ရမည်ဆို၍ ဝမ်းသာအားရ ပြောလိုက်သည်။

# ( ၆ )

အမှတ်ပြည်တောင်ဘက်ပိုင်း အစွန်အဖျားကျသော ကာ
ကလေးတွင် နေထိုင်သည့် ဟိုမင်တင်ကို တစ်မြို့လုံးတ
ကြသည်။

ချစ်ခင်နှစ်လိုစွာ သိကြသည်ကား မဟုတ်ချေ။

ဟိုမင်တင်အား တစ်မြို့လုံး သိရသောအကြောင်းမှာ နှစ်
ရှိသည်။

ပထမတစ်ချက်မှာ ဟိုမင်အင်၏ဖခင် ဟိုမန်တာမှာ မှန်ဂို
နှင့် ပထမအကြိမ် စစ်မက်ဖြစ်ပွားစဉ်အခါများတ

တိုက်ခိုက်ရာတွင် အလွန်တင်ရှားခဲ့သည့် သူရဲကောင်းကြီးတ
ဦး ဖြစ်သောကြောင့်ပင်။

ဒုတိယအကြောင်းမှာကား ဟိုမင်တင်မှာ ဖခင်ထံမှ ပညာ
စုံ အကုန်ရထားသော်လည်း အလိုလိုက်ခံရသော တစ်ဦးတည်
သောသား ပီပီမိဘနှစ်ပါးတွင်ရှိသမျှပစ္စည်းဥစ္စာတို့ကိုလော
ကစားခြင်း၊ သောက်စားခြင်းတို့ဖြင့် ဖြုန်းတီးခဲ့သောကြော
ဖြစ်၏။

ဟိုမင်တင်၏ဖခင် ဟိုမန်တာမှာ မဟုတ်မခံလူစားမျိုး
သည်။ ထို့ကြောင့် ထူးချွန်ကျော်ကြားခဲ့သော်လည်း ရာထူး
ကြီးကြီး မရခဲ့သည့်အပြင် ရာထူးမှပင် ရပ်ဆိုင်းခြင်း ခံ
သည်။ ထိုအခါ သူ့တွင် ငွေကြေးဥစ္စာဟူ၍ များများစ
စားမရှိ။ မိဘထံမှ အမွေရသော်လည်း သစ်သီးခြံကို လုပ်ကို
စားရင်း အသက်မွေးဝမ်းကျောင်း ပြုခဲ့ရသည်။

ထိုခြံလုပ်ငန်းမှ ဝင်ငွေမှာ မဆိုးလှသော်လည်း ဟို
တာတို့ လင်မယားမှာ ငွေကြေးစုဆောင်းမိသည်မရှိ။ အသုံ
အဖြုန်းကြီးလှသော သားဖြစ်သူက သူတို့ ရှာဖွေသမျှ
အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ ဖြစ်စေခဲ့သည်။

မည်သို့ပင် ဖြစ်စေ ဇနီးမောင်နှံ နှစ်ယောက်စလုံး သား
ဖြစ်သူကို မငြိုငြင်ခဲ့ကြ။

ထိုသို့ သားအပေါ်တွင် အချစ်ပိုခဲ့ကြသော ဟိုမန်တာ
ဇနီးမောင်နှံမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်က အပြင်းဖျားနာ
ရွေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြသည်။



ထိုစဉ်က အသုဘကိစ္စများ ပြီးစီးသွားသောအခါတွင် သားဖြစ်သူကို ဟိုမင်တင်သည် မိဘနှစ်ပါး လုပ်ကိုင်စားသောက်ခဲ့ကြသော ဥယျာဉ်ခြံတွင်းမှ သုံးလတိတိ မထွက်ဘဲ နေခဲ့သည်။ ထို့နောက် ဟိုမင်တင်က ဥယျာဉ်ခြံကြီးကိုရောင်းပစ်လိုက်ပြီဟု ကြားရတော့သည်။

ထို့နောက်တွင်ကား ဟိုမင်တင်ကို လောင်းကစားဝိုင်းများ၊ အရက်ဆိုင်များတွင် မပြတ်တွေ့လာရပြန်သည်။ သို့သော် သူသည် မိဘများရှိစဉ်ကကဲ့သို့ ပျော်ပျော်ပါးပါး၊ ရယ်ရယ်မောမော နေတတ်သောလူငယ်တစ်ဦး မဟုတ်တော့ချေ။

ဟိုမင်တင်သည် အမြဲတမ်း မှုန်တေတေဖြစ်နေကာ စကားအလွန်နည်းသွားသည်။ ထို့ပြင် စိတ်မထင်လျှင်မထင်သလို ရိုက်နှက် ထိုးကြိတ် ရန်ဖြစ်တတ်သော လူငယ်တစ်ယောက်ဖြစ်လာလေသည်။

သူသည် လောင်းကစားဝိုင်းများတွင် နိုင်လိုက်၊ ရှုံးလိုက် အရက်ဆိုင်များတွင် သောက်လိုက်စားလိုက်ဖြင့် အကောင်းစား တည်းခိုဆောင်တစ်ခုတွင် နေထိုင်ခြင်း ပြုလေသည်။ မည်သို့ပင်ဖြစ်စေ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဖြစ်နေသော ဟိုမင်တင်သည် မိန်းမကိစ္စတွင် အလွန်ကပ်ရှင်းစွာနေထိုင်တတ်သည်မှာကား ချီးကျူးစရာပင် ဖြစ်သည်။

ဟိုမင်တင်သည် လွန်ခဲ့သည့် နှစ်လခန့်ကစ၍ လောင်းကစားဝိုင်းများတွင် ဆက်တိုက်ရှုံးခဲ့သည်။ ထိုအခါ သူသည် အကောင်းစား တည်းခိုခန်းတွင် မနေနိုင်တော့ချေ။ သို့

သော် ဤသို့ မနေနိုင်ခြင်းအတွက် ဟိုမင်တင် ထိခိုက်ပုံမရှိ။ သူသည် ပို၍ သဲသဲမဲမဲလောင်းကစားကာ ကစားဝိုင်းဘေးမှာပင် အိပ်စက်နားနေခြင်းပြုခဲ့သည်။

ယခုကား ဟိုမင်တင်မှာ ဘာမျှမကျန်တော့ချေ။

သူ့တွင် ဝတ်စရာ ဝတ်စုံဟူ၍လည်း သုံးစုံမျှသာ ရှိတော့သည်။ သုံးစရာ စွဲ ရာဟူ၍လည်း ငွေစအနည်းငယ်သာ ရှိတော့သည်။ ဤအခြေအနေတွင်သူသည် မည်သူ့ထံကမှ ဆက်အညီ တောင်းခံခြင်းမပြုဘဲ အချက်လည်းမသောက်၊ လောင်းကစားခြင်းလည်း မပြုဘဲ နေခဲ့၏။ ရှိသမျှ ငွေစကလေးကို ချွေတာလျက် သူတစ်ကြိမ်မျှ မစားဖူးသော ဈေးသက်သာသည့် အစားအစာကြမ်းများနှင့်လည်း တင်းတိမ်ရောင့်ရဲခြင်း ပြုခဲ့၏။

ထိုရက်များအတွင်းမှာပင် ဟိုမင်တင်မှာ နေပြည်တော်ဆီသို့ မှန်ဂိုဘပ်များ ချီတက်တိုက်ခိုက်နေပြီဆိုသော သတင်းကို ကြားရခြင်းဖြစ်သည်။

ထိုအခါတွင် ဖခင်ဖြစ်သူကဲ့သို့ပင် နိုင်ငံချစ်စိတ်အပြည့်အဝရှိနေသော ဟိုမင်တင်မှာ နေပြည်တော်သို့ သွားရောက်ကာ မွန်ဂိုတပ်များကို တိုက်ခိုက်ချင်စိတ်များ ပေါ်ပြင်းအထန်ဖြစ်ပေါ်လာပြန်သည်။

သို့ရာတွင် တစ်ဖက်ကလည်း ရဲရင့် ဖြောင့်မှန်၍ စွမ်းရည်ထက်မြက်သော မိမိ၏ ဖခင်ကဲ့သို့ တပ်မှူးကြီးတစ်ဦးအား ရာထူးမှ ဖယ်ရှားခံခဲ့ရသည့်အတွက် နာကြည်းစိတ်ကလည်း ဖြစ်နေပြန်သေး၏။



မည်သို့ပင်ဖြစ်စေဟိုမင်တင်မှာ နေပြည်တော်သို့သွားမည် ဆိုချင်လည်း မသွားနိုင်ပါချေ။ အဘယ်ကြောင့် ဆိုသော် သူ့တွင် ငွေကြေးဟူ၍ မရှိတော့သောကြောင့်ဖြစ်သည်။

# ( ၇ )

နေက ပြင်းပြင်းပူနေသည်။

ဖုန်ထူသော ကာချီ မြို့လယ်လမ်းမကြီးအတိုင်း မြင်းပါးစီး ဒုန်းစိုင်း ဝင်လာသည်။ ထိုအချိန်တွင် နေပူပြင်းသော်လည်း လမ်းသွားလမ်းလာများ ရှိနေသည်။ သို့သော် မြင်းပေါ်မှ လူများမှာ မြင်းများကို အရှိန်လျှော့ခြင်းမပြုဘဲ အပြင်းပင် စီးနင်းလာရာ ထောင်းထောင်းထနေသော ဖုန်များကြောင့် လမ်းသွားလမ်းလာများမှာ စိတ်ဆိုးကာ ရေရှုတ် ဆဲဆိုကြသည်။

သို့သော် အရှိန်ဖြင့် နှင်နေသော မြင်းပေါ်မှ လူများမှာ ကြားကြဟန် မတူ။

မြင်းများကို အပြင်းပင် ဆက်လက်၍ စိုင်းနှင်သွားကြသည်။ ထိုအခါတွင် မြင်းပေါ်မှ လူအားလုံးပင် ဓားကိုယ်စီကို ဓားအိမ်နှင့်တကွ ကျောတွင် သိုင်းလွယ်ထားကြသည်ကို မြင်လိုက်ကြရသည်။ ထိုအခါ ရွှတ်ဆဲဆိုနေသူများ ပါးစပ် ပိတ်သွားကြတော့သည်။

ထိုမြင်းငါးစီးနှင့် လူငါးယောက်သည် လူသွားလူလာ ပိုမိုထူထပ်သော လမ်းဆုံနေရာအထိ တရကြမ်း စီးနင်းသွားပြီးလျှင် ပျော်ပွဲစားရုံတစ်ခုရှေ့၌ ရုတ်တရက် ထိုးရပ်လိုက်သည်။ ထို့နောက် လူငါးယောက်စလုံးပင် မြင်းများပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ကြသည်။

ထိုလူငါးယောက်မှာ ခရီးဝေးမှ လာခဲ့ကြသူများဖြစ်ပုံရသည်။ လူငါးယောက်စလုံးပင် ထောင်မောင်း ကြံ့ခိုင်သော အသွင်မျိုးရှိသော်လည်း ခရီးကို အပြင်းနှင်လာခဲ့သည့်ပုံဖြင့် မျက်တွင်းများ ဟောက်ပက်ကျလျက်ရှိ၏။

သူတို့တစ်ကိုယ်လုံးမှာ ဖုန်အလိမ်းလိမ်းကပ်လျက် ရက်ပေါင်း များစွာ ရေမိုးသန့်စင်ခြင်းမပြုသည့်အသွင်မျိုး ပေါ်လွင်နေသော တစ်နည်းအားဖြင့် ထိတ်လန့် ကြောက်ရွံ့စရာ အသွင်မျိုးဖြစ်လျက်ရှိ၏။

ဆူညံသော မြင်းခွာသံများကိုကြားရပြီး ကြောက်စရာကောင်းသော လူငါးယောက်ဆိုင်ရှေ့တွင် ရောက်လာသည်ကို



မြင်ရသောကြောင့် ပျော်ပွဲစားရုံနှင့် အနီးအပါးရှိ လူများပင် ထိတ်လန့်တကြား ဖြစ်သွားကြသည်။

ထိုလူငါးယောက်သည် ဆိုင်တွင်းသို့ တန်း၍ဝင်သွားကြသည်။ ထို့နောက် ငွေသိမ်းစားပွဲတွင် ထိုင်နေသော ဆိုင်ရှင်ရှိရာသို့ လျှောက်သွားပြီး....

'ခင်ဗျားတို့မြို့မှာ တပ်မှူးကြီးဟောင်း ဟိုမန်တာဆိုတာ ရှိတယ် မဟုတ်လား'

ရုတ်တရက်မေးလိုက်၏။ မေးသူမှာ အသက်လေးဆယ်ခန့်မျှရှိ၍ သူတို့လူစုတွင် ခေါင်းဆောင်ဖြစ်ပုံလည်း ရသည်။

ဆိုင်ရှင်သည် ကျီးလန့်စာစား ဖြစ်နေသော တိုင်းရေးပြည်ရာ သတင်းများကြောင့် ထိတ်လန့်နေသူဖြစ်သည်။

ယခု တစ်နယ်တစ်ကျေးမှ ဖြစ်ပုံရသော လူတစ်ယောက်က သူတို့မြို့၏ ဂုဏ်ဆောင် တပ်မှူးကြီးဟောင်း တစ်ယောက်ကို မေးလိုက်သောအခါ မည်သည့်အဓိပ္ပာယ်နှင့် မေးမှန်းမသိသောကြောင့် ကြောင်အမ်းအမ်းမျက်နှာနှင့် ပြန်ကြည့်ရင်း....

'တပ်မှူးကြီး ဟိုမန်တာ ဘာ....ဘာဖြစ်လို့ မေးတာလဲဗျာ'

ခပ်ထစ်ထစ်အသံနှင့် မေးလိုက်၏။ မေးသူ လူကြီးမှာ စိတ်တိုနေပုံရသည်။

'ကျုပ် မေးတာပဲဖြေစမ်းပါ၊ ခင်ဗျားတို့မြို့မှာတပ်မှူးကြီးဟောင်း ဟိုမန်တာ ရှိတယ်မဟုတ်လား'

ခပ်တင်းတင်း မေးလိုက်ရာ ဆိုင်ရှင်မှာ လန့်သွားပြီး....

'ရှိ....ရှိပါတယ်'

'ဘယ်မှာလဲ'

လူကြီးက လျှင်မြန်စွာမေးလိုက်ရာဆိုင်ရှင်မှာမျက်တောင်ခတ်ရင်း....

'မ....မရှိ....မရှိဘူးခင်ဗျ'

'ဖြန်း....'

'အောင်မယ်လေးဗျ'

လူကြီးက စားပွဲကို လက်ဝါးနှင့်ရိုက်လိုက်ခြင်း ဖြစ်သည်။ ဆိုင်ရှင်မှာ လန့်၍အော်လိုက်ပြီး မတ်တတ် ရပ်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာလည်း တုန်တုန်ယင်ယင်ဖြစ်နေ၏။

'မင်းက ငါ့ကို စိတ်တိုအောင် လုပ်နေတာလား'

လူကြီးက မျက်လုံးကိုပြူး၍ ဆိုင်ရှင်ကို စိုက်ကြည့်ရင်း မေးသည်။

'မ....မ....မဟုတ်....မဟုတ်'

'ဘာမဟုတ်တာလဲကွ၊ ဒီမြို့မှာ ဟိုမန်တာရှိတယ်၊ သူ ဘယ်မှာနေသလဲ၊ ငါ့ကို အချိန်ဖြုန်းနေရင် မင်း ကုပ်ကိုဆွဲပြီး အပြင်ဘက်ရောက်အောင် ပစ်လိုက်မယ်'

ဆိုင်ရှင်မှာ နတ်ပူးသလို ဖြစ်နေလေပြီ။ ထို့ပြင် ဆိုင်တွင်းမှ လူအချို့လည်း စားပွဲထိုးများကို ငွေရှင်းကာ ခပ်သုတ်သုတ် ထွက်သွားကြသည်။

'ပြောလေကွာ မြန်မြန်'

လူကြီးက ဟောက်လိုက်ရာ ဆိုင်ရှင်မှာ ထခုန်တော့မည့်ပမာ ဖြစ်သွားပြီး....

'မ....မရှိ....မရှိတော့ဘူး ခင်ဗျ'



'ဘယ်သွားလို့လဲ'

လူကြီးက လေသံကိုလျှော့၍ မေးလိုက်ပြန်၏။ ဆိုင်ရှင်က....

'တပ်မှူးကြီး ဆုံးသွားတာ နှစ်နှစ်တောင်ရှိပြီခင်ဗျ'

'ဘာ....'

ဆိုင်ရှင်မှာ တုန်သွားပြန်ကာ....

'ဆုံးသွားပြီ ခင်ဗျ'

'ဒုက္ခပဲ'

လူကြီးက ညည်းတွားလိုက်သည်။ ဆိုင်ရှင်က မရဲတရဲနှင့်....

'သူ့သားတော့ ရှိသေးတယ် ခင်ဗျ'

ပြောလိုက်ရာ လူကြီးက ဆတ်ခနဲ ကြည့်လိုက်ပြီး....

'ဟုတ်လား....ဘယ်သူတဲ့လဲ'

'ဟိုမင်တင်တဲ့ ခင်ဗျ၊ တပ်မှူးကြီး လူပျိုတုန်းကနဲ့ တစ်ရုပ်တည်းပဲ'

'ဟုတ်လား'

လူကြီးက ပြောလိုက်ပြီး လျှင်မြန်စွာ စဉ်းစားလိုက်ကာ....

'မတတ်နိုင်ဘူး၊ သူ့ပဲ ခေါ်သွားရမှာပဲ'

'ဗျာ....'

ဆိုင်ရှင်က အလန့်တကြား ဗျာ လိုက်သည်။ လူကြီးက ဆိုင်ရှင်ကို မျက်လုံးပြူးကြီးနှင့် ကြည့်လိုက်ပြန်ပြီး....

'သူကရော ဘယ်မှာနေသလဲ'

'မသိ....မသိဘူး ခင်ဗျ'

ဆိုင်ရှင်က ပြောလိုက်ရာ လူကြီးမှာ ကကယ်ပင် ဒေါသထွက်သွားပြီး....

'ဟေ့ကောင်....'

'ဗျာ....'

ဆိုင်ရှင်ကလည်း အလန့်တကြား ထူးပြန်၏။ ထိုအခါ လူကြီးက လက်နှင့်ရွယ်သည်။ ဆိုင်ရှင်က ကြောက်ကြောက်လန့်လန့်နှင့် လက်ဝါးနှစ်ဖက်ကာသည့် လူကြီးမှာ တကယ်မရိုက်ဘဲ....

'ဟေ့ကောင်....မင်းက ငါ့ကို ဘာကောင်များ ထင်နေလို့လဲ၊ မင်း မအူမလည်လုပ်နေတာ ငါ ဆက်ပြီး သည်းမခံနိုင်တော့ဘူး၊ ငါ့ကို အချိန်မဖြုန်းနဲ့ ငါတို့မှာ သိပ်ကိုအရေးကြီးနေတာ၊ ကဲ....ပြော၊ အဲဒီ ဟိုမင်တင် ဘယ်မှာလဲ'

အလွန်လေးနက်သော လေသံဖြင့် ပြောလိုက်၏။ ထိုအခါ ဆိုင်ရှင်ကလည်း သူ့ကိုယ်သူထိန်းလျက်....

'ဒီလိုပါ ကျွန်တော် ရှင်းပြပါ့မယ်၊ တပ်မှူးကြီး သေသွားတော့ ကျန်ခဲ့တဲ့ ခြံနဲ့အိမ်ကို ဟိုမင်တင်က ရောင်းပစ်လိုက်ပါတယ်၊ သူကတော့ တည်းခိုဆောင်မှာနေပြီး ပျော်ပွဲစားတက် လောင်းကစားအိမ်တကာ လှည့်သွားနေတာပါ၊ အခုရက်ပိုင်းမှာတော့ လောင်းကစားဝိုင်းမှာ အကြီးအကျယ်ရှုံးလို့ တည်းခိုဆောင်မှာတောင် မနေနိုင်တော့ဘူးလို့ သိရပါတယ်၊ ဒါကြောင့် သူဘယ်မှာနေတယ်ဆိုတာ မသိဘူးလို့ ပြောတာပါ၊ ကျွန်တော်ပြောတာ အမှန်ပါ၊ စုံစမ်းကြည့်ပါ၊ သူ့အကြောင်း တစ်မြို့လုံးသိပါတယ်'



ဆိုင်ရှင်က ခပ်သွက်သွက်ပြောလိုက်သည်။ လူကြီးက....

'အရင်ကနေတဲ့ တည်းခိုဆောင်ကရော'

'မြင်းနီ တည်းခိုဆောင်ပါ၊ ဒီကနေ ဆက်သွားရင် ပထမဆုံးတွေ့တဲ့ ဖြတ်လမ်းလက်ဝဲဘက်ကို ချိုးလိုက်၊ တစ်ဖက်လမ်းထိပ် ညာဘက်ထောင့်မှာရှိပါတယ်'

'ဟုတ်ပြီ အဲဒီမှာ မတွေ့ရင်ကောကွာ'

လူကြီးက မေးပြန်၏။

'အဲဒါကတော့ဆရာ၊ ဒီမြို့မှာ တည်းခိုဆောင်က လေးခုပဲရှိပါတယ်၊ သွားလို့လဲ လွယ်ပါတယ်၊ ကျွန်တော်တို့လိုစားသောက်ဆိုင်ကတော့ နည်းနည်းများတယ်ဆရာ၊ အဲ....လောင်းကစားဝိုင်းကတော့ မှိုလိုပေါက်နေတာပဲ၊ သူက ရှိချင်တဲ့ နေရာမှာ ရှိနေမှာဆိုတော့ ပြောဖို့ မလွယ်ပါဘူး'

'ေတာက်'

လူကြီး ေတာက်ခေါက်သည်။ ထို့နောက် ခေါင်းကုတ်လျက်....

'တကယ့်ကောင်နဲ့တော့ လာတွေ့နေပြီ'

ပြောလိုက်သည်။ ပြီးမှ....

'ကျေးဇူးပဲကွာ၊ ငါတို့ လိုက်ရှာလိုက်ဦးမယ်'

'ဟုတ်ကဲ့ဆရာ....ဟုတ်ကဲ့'

ဆိုင်ရှင်က ပျာပျာသလဲ ပြောသည်။ လူကြီး ဆိုင်ပြင်သို့ပြန်ထွက်၏။ သူ့လူလေးယောက်က နောက်မှ လိုက်သွားသည်။ ဆိုင်ပြင်သို့ အားလုံးရောက်သွားသောအခါ....

'ဒီအတိုင်းဆိုရင် လူခွဲပြီး ရှာမှ ဖြစ်မယ်ဟေ့'

လူကြီးကပြောသည်။ ထိုအခါ တစ်ယောက်က....

'လူခွဲရှာလို့ တစ်ယောက်ကတွေ့ရင် ကျွန်တော်တို့ အချင်းချင်း ဘယ်လိုပြန်ရှာမလဲ တပ်မှူး'

မေးသည်။ တပ်မှူးအခေါ်ခံရသူ လူကြီးက....

'အေး....ဟုတ်တယ်၊ ဒီလိုလုပ်၊ တွေ့တဲ့လူက ဒီဆိုင်ကို ခေါ်လာခဲ့၊ အရက်ဖြစ်ဖြစ် မုန့်အောင်တိုက်ပြီး စောင့်ခိုင်းထားကွာ၊ ကျန်တဲ့လူတွေက ညနေစောင်းရင် အားလုံး ဒီမှာ ပြန်ဆုံကြမယ်၊ ဘယ့်နှယ်လဲ'

'ကောင်းတယ် တပ်မှူး'

'အဲဒီအတိုင်းပဲ ကောင်းပါတယ်'

ကျန်သည့်လူများက ပြောသည်။ ထို့နောက် မြင်းများပေါ်သို့ တက်ကာ လမ်းကြောင်းခွဲ၍ ထွက်သွားကြတော့သည်။

• • •

တပ်မှူးဆိုသူ လူကြီးနှင့် ပျော်ပွဲစားရုံ ပိုင်ရှင်တို့ မေးမြန်း ပြောဆိုနေကြသော အချိန်က ဆိုင်တွင်းမှ ထွက်ခွာသွားကြသူများထဲတွင် ဟိုမင်တင်နှင့် ခင်မင်သိကျွမ်းသူ လူငယ်တစ်ဦး ပါသည်။



ထိုလူငယ် တင်သည်မှာ ယခုလာသူများသည် တပ်မှူးကြီးဟောင်း ဟိုမန်တာတို့ကို ဒုက္ခပေးမည့်သူများဖြစ်၍ ရေးတကြီး မေးနေကြခြင်း ဖြစ်သည်ဟူ၍ ဖြစ်၏။

ထိုလူငယ်သည် တပ်မှူးကြီးဟောင်း ဟိုမန်တာကို ကောက်ရှဲ့ရှိသေခဲ့၍ ဟိုမန်တာကို အားကျသူ ဖြစ်သည်။ ကြောင့် ပျော်ပွဲစားရုံအတွင်းမှ ထွက်ခဲ့ပြီးနောက် ဟိုမင်ကို သတိပေးနိုင်ရန် ခပ်သွက်သွက် လျှောက်လာသည်။

သူသည် မစနကပင် ဟိုမင်တင်တစ်ယောက် သူ့မိဘများ ချော်ခြံရှိစဉ်က ခြံထွက်သီးနှံများကို ဖောက်သည်ယူ၍ င်းချသော အဘချန်တို့အိမ်တွင် ရှိနေသည်ဟု သိရသော ကြောင့် ထိုအိမ်သို့ သွားနေခြင်း ဖြစ်သည်။

အဘချန် ဆိုသည်က အသက်ခြောက်ဆယ်ခန့်မျှ ရှိပြီး သားသားမြေး မရှိ။ ဇနီးအဘွားကြီးနှင့် အေးချမ်းစွာ ကြခြင်း ဖြစ်သည်။

ဟိုမင်တင်၏ မိဘများရှိစဉ်ကပင် ဟိုမင်တင်မှာ အဘချန်အိမ်ကို မကြာခဏ ားရောက် လည်ပတ်နေကျ။ အဘိုး လင်မယားကလည်း ဟိုမင်တင်ကို သားလိုမြေးလို ချစ်သည်။

ပျော်ပွဲစားရုံနှင့် အဘချန်နေ့သော အိမ်မှာ ဝေးသော ကြောင့် အတော်ကြာအောင် လျှောက်ရသည်။ သတိပေးသွားသော လူရွယ် ရောက်သွားသောအချိန်တွင် အိမ်တွင် ချန်ရော ဟိုမင်တင်ရော မရှိ။ အဘချန်က နတ်ဘုရား

ကျောင်းသို့ သွား၍ ဟိုမင်တင်က ထမင်းစားချိန်နီးမှ အ
ဘက်သို့ ထွက်သွားသည်ဟု ဆိုသည်။

လူရွယ်က သူလာခဲ့ရသည့် အကြောင်းကို သူနားလည
သလို ရှင်းပြသည်။

အဘွားကြီး သူ့ရင်ဘတ် သူဖိပြီး မျက်လုံးပြူးနေ

ဒုက္ခပါပဲတော်၊ အဲဒီလူတွေက လူဆိုးတွေသာ

အဘွားကြီးက မေးသည်။ လူရွယ်က....

'အတိအကျတော့ မပြောတတ်ဘူး အဘွား၊ ဒါပေ
လူပုံတွေ ကြည့်ရတာတော့ လူကောင်း မဖြစ်နိုင်ဘူး
တာပဲ'

အဘွားကြီး ပို၍ စိုးရိမ်သွားသည်။

'ငါ့မြေးကလေးကို ဘာများလုပ်ကြမလို့ပါလိမ့်၊ အ
ထဲ ကိုချွန်ကလဲ မရှိ'

ထို့နောက် ဆက်၍....

လုပ်ပါဦး ကလေးရယ်၊ ငါ့မြေးကို လိုက်ရှာပေးပါ
တွေ့ရင် အကျိုးအကြောင်းပြောပြီး တစ်နေရာမှာ ရှေ
ထားခိုင်းစမ်းပါကွယ်၊ ဒုက္ခပါပဲ'

လူရွယ်က....

'ဟုတ်ကဲ့ အဘွား၊ ကျွန်တော် လိုက်ရှာပေးပါ့မယ်'

လူရွယ်မှာ ပြောသာပြောသည်။ ဤမျှအထိ ဒုက္ခ
ဆန္ဒမရှိ။ ထို့ကြောင့် အဘွားကြီးကို နှုတ်ဆက်ပြီးသည်
အိမ်ဘက်သို့ပြန်ခဲ့သည်။



သို့သော် လမ်းသွယ်နှစ်ခုကို ဖြတ်ကျော်ပြီးသည့်အခါတွင်
ာ်နှာချစ်းဆိုင်အရပ်မှ လျှောက်လာနေသော ဟိုမင်တင်ကို
ိလိုက်ရသည်။

ဟာ....'

လူရွယ်က အံ့ဩဝမ်းသာ အသံပြုလိုက်ပြီး ဟိုမင်တင်ရှိရာ
ပြေးသွားသည်။

ဟိုမင်တင်က ရပ်စောင့်နေပြီးမှ မှုန်တေတေနှင့် ကြည့်
း....

'ဟေ့ကောင်....ဘာဖြစ်လာတာလဲ'

'ငါ မင်းကို လိုက်ရှာနေတာကွ၊ ခုပဲ အဘချုန်တို့အိမ်ထဲက
်လာခဲ့တာ၊ မင်းမရှိဘူးဆိုလို့ ဘယ်မှာရှိမလဲလို့ လိုက်ရှာ
'

လူရွယ်က အရေးတကြီးပြောသည်။ ဟိုမင်တင်က မတုန်
ပ်နှင့်....

'ဘာဖြစ်လို့လဲ'

လူရွယ်က တောင်မြောက်လေးပါးကိုကြည့်လိုက်ပြီး....

'လာ....လာ....ငါပြောပြမယ်'

ဟိုမင်တင်၏ လက်ကိုဆွဲ၍ ခြံထောင့်ဆီသို့ ခေါ်သွား
ည်။ ဟိုမင်တင်က မလိုက်ချင် လိုက်ချင်နှင့် လိုက်လာပြီး....

'ဘာဖြစ်လို့လဲကွ၊ ပြောစမ်းပါ'

'အေးပါ....ပြောပါ့မယ်'

လူရွယ်က ပြောပါ့မယ်ဆိုသော်လည်း မပြောသေးဘဲ ခြံ
ထောင့် သစ်ပင်ကွယ်သို့ ရောက်သည်အထိ ဆွဲခေါ်သွား

သည်။ သစ်ပင်ကွယ်သို့ရောက်မှ တောင်မြောက်လေးပါး
ကြည့်ပြန်ကာ....

'မင်းကို လူကြီးငါးယောက် လိုက်ရှာနေကြတယ်ကွ'

'ဘယ်သူတွေလဲ'

'ဘယ်သိမတုံး၊ ဗိုလ်မြို့မှာ တစ်ခါမှ မမြင်ဘူးတဲ့ လူစိမ်း
တွေပဲ'

'မင်းမသိရင် ငါလဲ ဘယ်သိလိမ့်မလဲ၊ လူမှားတာ ဖြစ်
လိမ့်မယ်'

ဟိုမင်တင်ကပြောသည်။ လူရွှယ်က ခေါင်းကိုယမ်းရင်း

'မဟုတ်ဘူးကွ၊ သူတို့က ပျော်ပွဲစားရုံထဲဝင်ပြီး မင်း
အဖေကို ပထမမေးတာ၊ ပျော်ပွဲစားရုံပိုင်ရှင်က မင်းအဖေ
မရှိဘူး မင်းပဲရှိတော့တယ်ပြောမှ မင်းကိုပဲ ခေါ်သွားဖြ
တော့မတဲ့၊ ငါက သူတို့ဘေးကစားပွဲမှာ၊ ငါနားနဲ့ဆတ်ဆတ်
ကြားခဲ့ရတာ'

'ဖေဖေ့မိတ်ဆွေတွေလား မသိဘူး'

ဟိုမင်တင်က စဉ်းစားရင်းပြောသည်။ လူရွှယ်က....

'မဖြစ်နိုင်ဘူးထင်တယ်၊ လူပုံတွေက ညစ်ပတ်ပတ်နဲ့ ဓား
ကိုယ်စီကလဲ ဆောင်ထားသေးတယ်၊ သူခိုး ဓားပြပုံတွေကွ'

'ငါ့ကို ဓားပြတိုက်ရင် ရယ်စရာတွေဖြစ်ကုန်မှာပေါ့ကွာ'

ဟိုမင်တင် ပြောလိုက်ပြီး မချိသွားဖြဲရယ်သည်။

'ငါအကြောင်းပြောနေတာ ဟေ့ကောင်'

လူရွှယ်မှာ ဟိုမင်တင်ကိုကြည့်၍ မချင့်မရဲဖြစ်နေ၏။ သူ
က ဟိုမင်တင်၏လက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း....



'မင်း တခြားသွားရှောင်နေရစ် ကောင်းမယ်ကွ'

'ဘာလို့ ရှောင်ရမှာလဲ'

'မင်းကိုခေါ်သွားမယ်လို့ ပြောနေတာကွ'

'သူတို့ခေါ်တိုင်း ငါက လိုက်ရမှာတဲ့လား'

ဟိုမင်တင်မှာ ပြောရင်း မျက်နှာက မှုန်ကုပ်ကုပ်ဖြစ်
သွားသည်။ လူရွှယ်က....

'လူကြီးတွေပုံက ကြောက်စရာကြီးတွေကွ၊ ပြီးတော့ ငါး
ယောက်တောင်'

'ငါးယောက်မကလို့ ဘယ်လောက်ဖြစ်ဖြစ်ကွာ၊ ငါမလိုက်
ချင်ရင် မလိုက်ဘူးပေါ့'

ဟေ့ကောင်....ဇွတ်မလုပ်နဲ့ကွ၊ ဒုက္ခဖြစ်ကုန်လိမ့်မယ်'

လူရွှယ်မှာ ပြောပြီး ဘေးဘီသို့ ကြည့်ပြန်သည်။ ဟိုမင်
တင်မှာမူ ဘာမှထူးခြားမလာဘဲ....

'ငါ့မှာ အခုလဲ ဒုက္ခဖြစ်နေတာပဲကွ၊ ရေထဲကျတဲ့ရေဟာ
ရေပဲဖြစ်မှာပဲ၊ ငါ့အတွက် မထူးပါဘူး'

'အဘချွန် မိန်းမကလဲ မင်း တစ်နေရာ သွားရှောင်နေဖို့
မှာလိုက်တယ်ကွ'

'လူလူချင်းရှာတဲ့ဟာများကွာ၊ ပုန်းနေရမယ်လို့၊ သူတို့က
တွေ့ချင်လို့ရှာနေတဲ့ဟာ၊ ငါက သွားတွေ့လိုက်ရုံပေါ့'

ဟိုမင်တင်မျက်နှာမှာ ပြောသည့်အတိုင်းလုပ်မည့်မျက်နှာ
ဖြစ်လာ၏။

'မင်းပြန်သွားရင် အဘချွန်တို့လင်မယား ဒုက္ခဖြစ်နေ
လိမ့်မယ်....စဉ်းစားဦး'

'မစဉ်းစားပါဘူးကွာ၊ ငါမရှိတုန်း ဒုက္ခဖြစ်မှာပဲ စိုးရိမ်တာပါ၊ ကဲ....ငါသွားဦးမယ်

'မင်းကွာ'

လူရွယ် ညည်းသည်။ ဟိုမင်တင်က ခြေလှမ်းကို ပြင်လိုက်ပြီး....

'မင်း လိုက်ဦးမလား'

'ဟာ....ငါမလိုက်တော့ဘူး၊ မနက်စောစောကတည်းက အိမ်က ထွက်လာတာ၊ ခုထိပြန်မရောက်သေးဘူးကွ'

'အေး....ဒါဆိုရင် ငါသွားမယ်'

ဟိုမင်တင် ပြောပြောဆိုဆို လှမ်းထွက်သွားသည်။ လူရွယ် ကျန်ခဲ့၏။

* * *

ဟိုမင်တင်၏အကြောင်းမှာ တစ်မြို့လုံးလိုလိုက သိကြသည် ဖြစ်ရာ လိုက်လံစုံစမ်းသူ သုံးယောက်သည် တစ်ပြိုင်တည်းလိုလိုပင် အဘချွန်၏အိမ်သို့ ရောက်ရှိလာကြသည်။

အဘချွန်၏ဇနီးမှာ မြင်းများကို စီးနင်းလျက် ဓားနှင့် ဓားအိမ်ကို ကျောတွင် သိုင်းလွယ်ထားသော လူကြီး သုံး



ယောက် ဝင်ရောက်လာသောအခါ တုန်တုန်ယင်ယင် ဖြစ်နေတော့သည်။

'အမကြီး....ခင်ဗျားတို့အိမ်မှာ ဟိုမင်တင် ရှိတယ်မဟုတ်လား'

လူကြီးတစ်ယောက်က အိမ်ပေါက်ဝတွင် မားမားကြီး ရပ်ရင်း မေးလိုက်သည်။ ထိုလူမှာ အသက်သုံးဆယ်ကျော်ခန့် ရှိ၍ ထောင်ထောင်မောင်းမောင်း မေးရိုးကားကားနှင့် ဖြစ်ရာ ညစ်ပေနေသော ပုံစံကြောင့် ကြောက်စရာကောင်းသော ပုံစံမျိုးပေါက်နေသည်။

'မရှိဘူးကွယ့်....ဟိုမင်တင် ဒီအိမ်ကထွက်သွားတာ သုံးရက်ရှိပါပြီ'

အဘိုးကြီးချွန်၏ဇနီး အဘွားကြီးက လိမ်ညာပြောလိုက်သည်။

'ခင်ဗျား မညာနဲ့ဗျာ၊ ကျုပ်တို့က အသေအချာ စုံစမ်းပြီးမှ လာခဲ့တာ၊ ဒီအိမ်မှာ မနေ့ညကပဲ ဟိုမင်တင်ကို တွေ့ခဲ့သေးတယ်လို့ ပြောတယ်'

'မဟုတ်ပါဘူးကွယ်....ပြောတဲ့လူ အမှတ်မှားလို့ ဖြစ်ပါလိမ့်မယ်၊ အလျင်က ဟိုမင်တင် ဒီအိမ်မှာနေတာ မှန်ပါသည်၊ အခုထွက်သွားတာ သုံးရက်ရှိပါပြီ'

အဘွားကြီးမှာ ကြောက်ရွံ့နေသော်လည်း ထိုလူရှေ့တွင် ရပ်ရင်း ငြင်းဆန်ပြောဆိုလိုက်သည်။

'ဒါဆိုရင် ကျုပ်တို့ဝင်ရှာမယ်ဗျာ၊ ခင်ဗျား ညာပြောလို့ တွေ့ရင်တော့ မကောင်းဘူး'

ထိုစဉ်....

'ဘာဖြစ်လို့ ငါ့အိမ်ထဲ ဝင်ရှာရမှာလဲကွ၊ မင်းတို့က ဘယ်သူတွေလဲ'

အဘချွန်၏အသံ ထွက်ပေါ်လာသည်။ အဘိုးကြီးက စကားအဆုံးတွင် နောက်ဘက်မှ လူနှစ်ယောက်ကို တွန်းဖယ်၍ ရှေ့ဆုံးမှ ပြောနေသောလူကို ကိုယ်လုံးချင်းတိုက်ကာ အိမ်ထဲသို့ ဝင်လိုက်သည်၊ ထို့နောက် အဘွားကြီးကို ဘေးသို့ တွန်း၍ ရှေ့ဆုံးမှလူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်သည်။

အဘချွန်က အဆက်ခြောက်ဆယ်ကျော်ပြီ။ ခါးအနည်းငယ် ကိုင်းနေသင့်ကာစား ရှေ့ဆုံးမှပြောနေသူနှင့် အရပ်ချင်းညီနေ၏။ အဘချွန်မှာ ပိန်သည်ဟုဆိုသော်လည်း ပခုံးကျယ်ကျယ်၍ အကြောပြိုင်းပြိုင်းထနေသော လက်မောင်းများက တော်ရုံလူလောက်ကို ကိုင်ပေါက်နိုင်သောခွန်အား ရှိသေးကြောင်း ဖော်ပြနေ၏။

တကယ်တွင်လည်း အဘချွန်သည် တပ်မှူးကြီး ဟိုမန်တာ၏ ခြေလျင်တပ်မှ နာမည်ကြီး အကြပ်ကြီးတစ်ဦး ဖြစ်ခဲ့၏။ ယခု အသက်ကြီးသော်လည်း စိတ်ကထက်ဆဲ၊ နှုတ်ခမ်းမွေး ကားကားကြီးအောက်မှ တင်းတင်းစေ့ထားသော နှုတ်ခမ်းများ၊ တည်ငြိမ်စူးရှသော မျက်လုံးများက မည်သည့်ကိစ္စကိုမဆို တည်ငြိမ်ပြတ်သားစွာ ရင်ဆိုင်မည်သူဖြစ်ကြောင်း ဖော်ပြနေသည်။



'ကျုပ်တို့မှာ သိပ်အရေးကြီးတဲ့ ကိစ္စရှိတယ်၊ ဝင်မရှာစေချင်ရင် ခင်ဗျားကိုယ်တိုင် ခေါ်ပေးပေါ့ဗျာ'

ရှေ့ဆုံးမှလူက လေသံကိုထိန်း၍ ပြောလိုက်သည်။

'ဘာကိုရှာပေးရမှာလဲ'

အဘချွန်က မေးသည်။

'ဟိုမင်တင်'

'ဘာဖြစ်လို့ ရှာပေးရမှာလဲ'

'ကျုပ်တို့ အရေးတကြီး တွေ့စရာရှိလို့'

'ဘယ်လို အရေးကြီးကိစ္စလဲ ပြောပါ'

မေးသူ၏အသံ တည်ငြိမ်သလောက် ပြောသူ၏အသံကလည်း တည်ငြိမ်လှသည်။

'အဲဒါ ခင်ဗျားနဲ့မဆိုင်ဘူး'

'ဆိုင်တယ်'

အဘချွန်၏အသံက အနည်းငယ်ထန်လာသည်၊ သူက ဆက်ပြောသည်၊ မယဲသချာချာ ခိုင်ခိုင်မာမာ ပြောခြင်းဖြစ်သည်။

'ဆိုင်တယ်၊ ကျုပ်ဟာ တပ်မှူးကြီး ဟိုမန်တာရဲ့ လက်အောက်မှာ တာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့လူဖြစ်တယ်၊ အခု ကျုပ်ရဲ့ တပ်မှူးကြီး ကွယ်လွန်သွားတဲ့အချိန်မှာ တပ်မှူးကြီးရဲ့သားကို ကာကွယ် စောင့်ရှောက်ရမယ့် တာဝန်ဟာ ကျုပ်အပေါ်မှာရှိနေတယ်'

ဟိုမင်တင်ကိုသာ ဘဖွဖွမေးနေသူ၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီ....

'ဩ....ဒီလိုလား'

ပြောလိုက်ရာ အဘချွန်ကလည်း....

'ဟုတ်တယ်၊ ဒီလိုပဲ'

'အခုအထိ ဆစ္စာစောင့်သိနေသဲဆိုပါတော့'

'အခုထိမဟုတ်ဘူး၊ သေတဲ့အထိ'

အဘချွန်၏အသံက ပြတ်သထက်ပြတ်လာ၏။ မေးသူက အဘချွန်ကိုစိုက်ကြည့်ရင်း....

'နိုင်ငံတော်နဲ့ နိုင်ငံသားတွေအပေါ်မှာရော'

'ဖြန်း'

အဘချွန်က အင်္ကျီရင်ဘတ်နှစ်ဖက်ကို ဆွဲဖြုတ်လိုက်ပြီး....

'ဟောဒီမှာကြည့်'

ပြောလိုက်၏။ ထိုအခါ ရှေ့ဆုံးမှလူသာမဟုတ်၊ နောက်ဆက်မှ လူနှစ်ယောက်ကပါ အဘချွန်၏ရင်ဘတ်ကိုကြည့်လိုက်ကြသည်။ အဘချွန်၏ နေလောင်ထားသော ရင်ဘတ်နှင့် ပခုံးအောက်ဘက်တို့တွင် အနာရွတ်ကြီးသုံးခု ရှိနေ၏။

'ဒါတွေက'

ရှေ့ဆုံးမှလူက မေးလိုက်၏။

'ဒါတွေက မွန်ဂိုတွေနဲ့ ပထမဆုံး တိုက်ရတဲ့ တိုက်ပွဲမှာ ရခဲ့တဲ့ ဒဏ်ရာတွေ၊ အဲဒီတိုက်ပွဲမှာ ကျုပ် တစ်ယောက်တည်း မွန်ဂိုသုံးဆယ်ကျော် သတ်ခဲ့တယ်၊ အဲဒီအထဲမှာ တပ်ဗိုလ်လေးယောက် ပါတယ်'

'အခုရော'



'မင်းတို့မှာ မွန်ဂိုသွေးပါတယ်ဆိုရင် အခုချက်ချင်း ငါ့ဓားမကနေ ကန်ထုတ်ပစ်လိုက်မယ်'၊

အဘချွန်က ပြတ်သားတိကျသောလေသံဖြင့်ပြောသည်။ မေးသူက အဘချွန်၏ မျက်လုံးများကို ဆိုင်ကြည့်သည်။ ပြောသည့်အတိုင်းလုပ်မည်ကို ယုံမှားစရာမရှိသော အဘချွန်၏ အကြည့်ကြောင့် မေးသူ မျက်တောင် ခတ်လိုက်သည်။ ထို့နောက် ချက်ချင်း လေသံပြောင်းသွားပြီး....

'ဒါဆိုရင် ကျွန်တော်တို့ ပြောလို့ရပါပြီ၊ ကျွန်တော်တို့ကို အိမ်ထဲဝင်ခွင့်ပြုပါ'

အဘချွန်တ အပေါက်ဝမှဖယ်လိုက်၏။ ထိုစဉ် ခပ်ကျဉ်းကျဉ်း ခြံကလေးထဲသို့ မြင်းနှစ်စီးနှင့် လူနှစ်ယောက်ရော အိုမင်တင်ရော ပြိုင်တူရောက်ရှိလာ၏။

အိုမင်ထင်က အဘချွန်အနီးသို့ လျင်မြန်စွာရောက်ရှိလာပြီး—

'ဘာဖြစ်တာလဲ အဘချွန်'

မေးလိုက်၏။ ထို့နောက် လူစိမ်းငါးယောက် မျက်နှာများကို တစ်ချက်တည်း ဝေ့၍ကြည့်လိုက်ပြီး....

'ခင်ဗျားတို့က ကျုပ်ကို လိုက်ရှာနေတဲ့ သူတွေဆိုတာလား'

ထိုအခါ နောက်မှရောက်လာသော အသက် အကြီးဆုံး ခေါင်းဆောင်လူကြီးက....

'မောင်ရင်က....'

အမေးကို အမေးနှင့် တုံ့ပြန်လိုက်သည်။ အိုမင်တင် မျက်မှောင်ကြုတ်လိုက်ပြီး....

'ကျုပ်မေးတာ ပြောစမ်းပါ'

ထိုအခါ အဘချွန်က....

'အဘနားလည်ပြီလူလေး၊ တို့တစ်တွေ အေးအေး ဆေးဆေး စကားပြောကြရအောင်၊ ကဲ....မင်းတို့လဲ အိမ်ထဲဝင်ကြပါ၊ ဒီကလေးဟာ တပ်မှူးကြီး ဟိုမန်ကာရဲ့သားပါ'

ပြောလိုက်ပြီး ဟိုမင်တင်၏ပခုံးကိုဆွဲ၍ အိမ်ပေါက်ဝဖယ်ပေးလိုက်သည်။ ထို့နောက် အဘွားကြီးဘက်သို့ လှည့်၍....

'အမယ်ကြီးကလဲ ကျုပ်တို့သောက်ဖို့ အဖန်ရည်လေးကျိုပေးပါဦး'

ပြောလိုက်၏။ အဘွားကြီး မီးဖိုခန်းဘက်သို့ ထွက်သွားသည်။

'ကဲ....အားလုံးထိုင်ကြပါ'

အဘချွန်က အိမ်ရှေ့ခန်း တွင် ခင်းထားသော ကောက်ရိုးဖျာဆီသို့ လက်ကိုဝှေ့ယမ်းရင်းပြောလိုက်ရာ ရောက်လာသူများက ဝင်ထိုင်ကြသည်။

* * *



'ကျွန်တော်ကတော့ ဘုရင့်မြင်းတပ်က တပ်မှူးရှင်ချိတင် ဖြစ်ပါတယ်၊ ပြီးတော့ ဟောဒီက လူတွေအားလုံးဟာ ဘုရင့်တပ်မတော်က လက်ရွေးစင် တပ်မှူးများ ဖြစ်ပါတယ်၊ သူငယ် ဗိုလ်မှူး ဟိန်ကန်၊ ဗိုလ်ကြီးချင်းပင်၊ ဗိုလ်ထေးယန်နဲ့ ဗိုလ်ဟာရှမ်းတို့ပဲ ဖြစ်ပါတယ်'

ခေါင်းဆောင်ဖြစ်သော တပ်မှူးရှင်ချိတင်က မိတ်ဆက်စကား ပြောလိုက်ပြီး သူ့လူများ၏ အမည်များကို ပြောလိုက်သည်။ ထို့နောက်....

'ကျွန်တော် လာခဲ့ရတဲ့အကြောင်းကို ဆက်ပြောပါမယ်၊ မွန်ဂိုတွေဟာ လွန်ခဲ့တဲ့နှစ်ဘည်းက စစ်ပြင်လှုပ်ရှားခဲ့ကြပြီး ပြီးခဲ့တဲ့သုံးလလောက်ကအနောက်မြောက်ဘက်ကနေ အလုံးအရင်းနဲ့ ဝင်ရောက်ခဲ့ကြပါတယ်၊ အဲဒီနောက် မွန်ဂိုတွေဟာ စစ်ကြောင်းလေးကြောင်းခွဲပြီး ကတာန်းလက်မမျှားသဖွယ် နေပြည်တော်ကို ဝိုင်းဝန်းညှပ်ပိတ်ပြီး တိုက်ခိုက်ဖို့ ချီတက်လာခဲ့ကြပါတယ်၊ ဒီသတင်းတွေကို ဒီမှာလဲ သိပြီးပြီလို့ထင်ပါတယ်၊ ခက်တာက ခင်ဗျာ....ဘေဗုချင်းမြတ်ဟာ မွန်ဂိုတွေနဲ့ စစ်ဖြစ်ကတည်းက ရောက်လာတဲ့ စစ်သတင်းတွေကို လျှစ်လျူရှုထားတဲ့ ကိုယ့်ဘက်က တပ်တွေကို စုစည်း ပြင်ဆင်ထားခြင်း မပြုခဲ့ဘူး၊ အဲဒီတော့ မွန်ဂိုတွေ အလုံးအရင်းနဲ့ ဝင်လာတော့မှ ကွဲပြားနေကြတဲ့မြို့စား၊ နယ်စားတွေရဲ့ တပ်ကလေးတွေလောက်နဲ့ ဟန့်တား တိုက်ခိုက်ကြရတော့ မွန်ဂိုတပ်တွေကို ကျားစာ ကျွေးနေရသလိုပါပဲ။

'အဲ...အခုဆိုရင် မွန်ဂိုတပ်တွေဟာ နေပြည်တော်ရဲ့ အနီးဝန်းကျင်မှာ ရောက်ရှိနေကြပြီ၊ ဒါပေမယ့် ကျွန်တော်တို့ဘက်က ဘုရင့်တပ်မတွေ အားလုံးကို နေပြည်တော်မှာ စုစည်းထားနိုင်ပေမယ့် မွန်ဂိုတွေကို တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ မွန်ဂိုတပ်တွေ အလုံးအရင်းနဲ့ ဝင်ရောက်မလာနိုင်အောင် အဟန့်အတားတွေလောက်ပဲ လုပ်ထားနိုင်ပါသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နေပြည်တော်မှာ စုရုံးထားတဲ့ တပ်တွေထဲက အတော်များများဟာ မွန်ဂိုတွေကို ဟန့်တားတိုက်ခိုက်ရင်းနဲ့ ရှုံးနိမ့်ပြီး ဆုတ်ခွာလာကြရတဲ့ တပ်တွေဖြစ်နေလို့ပါပဲ၊ ဆိုလိုတာက စုရုံးထားတဲ့ တပ်မအများစုဟာ စိတ်ဓာတ်ရေးရာ အရ သွေးပျက်ထိတ်လန့်နေကြတဲ့ တပ်တွေ ဖြစ်နေကြလို့ပါပဲ၊ ကျွန်တော်ပြောတာ သဘောပေါက်မယ် ထင်ပါတယ်၊ အဲဒီတော့ ဒီအခြေအနေကို တွက်မိတဲ့ သေနာပတိကြီးဟာ နေပြည်တော်မှာရှိနေတဲ့ တပ်တွေအားလုံးကို စိတ်ဓာတ်မြင့်တင်ပေးဖို့ ရန်သူကို အနိုင်တိုက်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေ တက်ကြွလာဖို့ လိုတယ်လို့ နားလည်လာပါတယ်။

'ဒီအတွက် စည်းရုံးဖို့ဆိုတာကလဲ အချိန်မရှိပါဘူး၊ အကောင်းဆုံးနည်းလမ်းဟာ စုရုံးထားပြီး တပ်တွေအားလုံးက ရန်သူကို အနိုင်တိုက်နိုင်စွမ်းရှိတယ်လို့ ယုံကြည်တဲ့ ခေါင်းဆောင်တစ်ယောက် ရရှိဖို့လိုတယ်၊ ဒီလိုခေါင်းဆောင်မျိုး ရမှသာလျှင် တပ်တွေရဲ့ စိတ်ဓာတ်ဟာ ရုတ်တရက် မြင့်တက်လာမယ်လို့ ယုံကြည်ပါတယ်'



'ဒီတော့ မွန်ဂိုများနဲ့ ဖြစ်ပွားခဲ့တဲ့ ပထမအကြိမ် စစ်ပွဲတုန်းက စွမ်းစွမ်းတမံ အောင်ပွဲတွေကို ရယူပေးနိုင်ခဲ့တဲ့ တပ်မှူးကြီး ဟိုမန်တာကို သတိရပြီး အခေါ်ခိုင်းလိုက်ခြင်း ဖြစ်ပါတယ်။

'ဘုရင့်တပ်တွေထဲမှာ တခြားလူတော်တွေ မရှိတော့ဘူးလားဗျ'

မွန်ကုပ်ကုပ်နှင့် နားထောင်နေသော ဟိုမင်တင်က ရုတ်တရက် ဝင်မေးလိုက်ခြင်းဖြစ်သည်။ တပ်မှူး ရှင်ချိတင်က....

'ရှိပါတယ်၊ စစ်ရေးအတွေ့အကြုံ အလွန်များတဲ့ တပ်မှူးကြီးတွေ၊ သေနင်္ဂဗျူဟာ ကျွမ်းကျင်တဲ့ တပ်မှူးကြီးတွေ အများကြီးပေါ့၊ ဒါပေမယ့် ဒီပုဂ္ဂိုလ်တွေအားလုံးဟာ တပ်တွေရဲ့ ရှေ့မှာ ရပ်ပြရုံလောက်နဲ့ နိမ့်ပါးနေတဲ့ စိတ်ဓာတ်အင်အားတွေကို ဟုန်းခနဲ ကြွတက်မြင့်မားလာစေမယ့် သမိုင်းတက်သမရှိကြဘူးလေ၊ အဲဒါကြောင့် တပ်မှူးကြီးကို အခေါ်လွှတ်ရတာပေါ့၊ ဘာကြောင့် တပ်မှူးကြီးကိုမှ သတိရရသလဲဆိုရင် အခုမွန်ဂိုတပ်တွေကို ခေါင်းဆောင်တိုက်လာတဲ့ မွန်ဂို သေနာပတိချုပ်ကြီး စီဓာကမ်းစင်းဆိုတာက ပထမအကြိမ် စစ်ပွဲတုန်းက ကျွန်တော်တို့ တပ်မှူးကြီး ဟိုမန်တာရဲ့လက်ချက်နဲ့ မျက်လုံးတစ်ဖက်ပျက်ပြီး အသက်ကလေးကလွတ်အောင် ခွေးပြေးဝက်ပြေး ပြန်ပြေးခဲ့ရတဲ့ တပ်မှူးကြီး တစ်ယောက်ဖြစ်ခဲ့လို့ပါပဲ၊ ဒီအချက်ဟာ နေပြည်တော်မှာ စုရုံးထားတဲ့ တပ်တော်တွေရဲ့ စိတ်ဓာတ်ကို မြင့်တင်ပေးဖို့ရာ သော့ချက်ဖြစ်မနေဘူးလားဗျာ'

တပ်မှူး ရှင်ချိတင်ပြောသော အချက်ကား အမှန်ပင် အရေးပါလှသည်။

'ဒါဖြင့် အခုနေပြည်တော်မှာ ဘုရင်မင်းမြတ်နဲ့သေနာပတိကြီးက ဦးဆောင်နေတာပေါ့ ဟုတ်လား'

အဘချွန်က ဝင်မေးလိုက်သည်။ တပ်မှူးရှင်ချိတင်က....

'သေနာပတိကြီးက ဦးဆောင်နေတာပါ'

'ဘုရင်မင်းမြတ်က....'

အဘချွန်က ပြောရင်း တပ်မှူး ရှင်ချိတင်၏မျက်နှာရိပ်ကို ကြည့်ရင်း ရပ်လိုက်၏။ ရှင်ချိတင်က သက်ပြင်းချလိုက်ပြီး....

ဒါ အထူးလျှို့ဝှက်သတင်းပါ၊ ဘုရင်မင်းမြတ်က ဘေးတင်းတဲ့ တစ်နေရာမှာ ရောက်နေပါပြီ'

ပြောလိုက်ရာ အဘချွန်က အံကြိတ်လိုက်ပြီး....

'နေပြည်တော်က ဒီလောက်တောင် အခြေအနေဆိုးနေလား'

'မဆိုးသေးပါဘူး၊ မွန်ဂိုတွေက အခုချိန်ထိလူလေးငါးထောင်လောက်ပါတဲ့ တပ်ကလေးတွေနဲ့ ဟိုနေရာဖောက်ဝင်လာ ဒီနေရာကဖောက်ဝင်လိုက်နဲ့ အခြေအနေသုံးသပ်နေတာစမ်းနေတဲ့သဘောလောက်ပဲရှိပါသေးတယ်၊ ကျွန်တော်တို့မှာရှိတဲ့ အင်အားအခြေအနေကလဲ မဆိုးပါဘူး၊ ဆိုးနေတာက စိတ်ဓာတ်ပါ၊ တပ်မှူးကြီး ဟိုမန်တာသာ သူတို့ရှေ့ကရပ်ပြလိုက်ရင် အင်အားတောင့်တင်းတဲ့ တပ်တော်ကြီး ဖြစ်သွားမှာပါ'



တပ်မှူး ရှင်ချိတင်က အားရပါးရပြောနေသည်။

'ဒါပေမယ့် ကျုပ်ဖေဖေကမှ မရှိတော့တဲ့ဟာ'

ဟိုမင်တင်က ဝင်ပြောသည်၊ တပ်မှူးရှင်ချိတင်က....

'ဒါကြောင့် မင်းကို မရမက လိုက်ရှာရတာပေါ့ ညီလေးရဲ့'

ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းက မင်းခမည်းတော်တပ်မှူးကြီး ဟိုမန်တာနဲ့ အလွန်တူတယ်ဆိုလို့ပေါ့'

'ဘယ်လို... ခင်ဗျားဆိုလိုတာက'

ဟိုမင်တင်က အလန့်တကြားဖြစ်သွားသည့်ပုံစံနှင့် မေးသည်။ တပ်မှူး ရှင်ချိတင်က ပြုံးလိုက်ပြီး....

ရှင်းပါတယ် ငါ့ညီရာ၊ မင်းကို တပ်မှူးကြီးဟိုမန်တာဖြစ်သွားအောင် ရုပ်ဖျက်ပြီး နည်းနည်းပါးပါး ပြုပြင်ပေးလိုက်မယ်၊ ပြီးတော့ ခေါ်သွားရုံပေါ့'

ဟာ....ကျွန်တော်မလုပ်နိုင်ဘူး၊ ကျွန်တော်က ဖေဖေမှ မတွေ့ဖူးတဲ့ဟာ၊ ဖေဖေ့နာမည်ကို ဖျက်သလို ဖြစ်ကုန်မှာပေါ့'

ဟိုမင်တင်က အကြောက်အကန်ငြင်းသည်။

'မင်းက ဘာမှလုပ်စရာ မလိုဘူးလေ၊ မင်းလုပ်ရမှာက တပ်တော်တွေ အားလုံးရဲ့ရှေ့မှာ အခု ချိတက်လာတဲ့ မွန်ဂိုစစ်သေနာပတိ စီမံကမ်းစဉ်းကို အနိုင်တိုက်ခဲ့ဖူးတဲ့ တပ်မှူးကြီး ဟိုမန်တာဟာ အခု စစ်ပွဲမှာလဲ စီမံကမ်းစဉ်းကို အနိုင်ယူဖို့အတွက် နေပြည်တော် တပ်တော်စုကို ဦးဆောင်ဖို့

ရောက်လာပါပြီ၊ ဗီးလာက်ပဲ ကြေညာဖို့ပဲ၊ ကျန်တာတွေက စစ်ရေးကျွမ်းကျင်တဲ့ တပ်မှူးကြီးတွေ သေနင်္ဂဗျူဟာ ပညာရှင်တွေက လုပ်လိမ့်မယ်'

'ဟာ....မဟုတ်ဘဲနဲ့ ဟန်မဆောင်ချင်ဘူးဗျာ၊ ဗီအလုပ်မျိုးကို ဖေဖေလဲ သဘောတူမှာ မဟုတ်ဘူး'

ဟိုမင်တင်က ခေါင်းကို သွက်သွက်ခါအောင် ယမ်းရင်း ပြောပြန်သည်။ ထိုအခါ တပ်မှူး ရှင်ချီတင်၏ မျက်နှာမှာ အလွန့်တည်ငြိမ် လေးနက်လာပြီးလျှင် ဟိုမင်တင်၏မျက်နှာကို စိုက်ကြည့်ရင်း....

'အခု ကိစ္စဟာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ, လူတစ်ယောက်ရဲ့ အကျိုးစီးပွား ကိစ္စမဟုတ်ပါဘူး ညီလေး၊ တစ်တိုင်း တစ်ပြည်လုံး တစ်မျိုးသားလုံးနဲ့ဆိုင် ဘဲ့ကိစ္စ၊ တစ်တိုင်းပြည်လုံး သူများခြေဖဝါးအောက် ရောက်မယ့်ကိစ္စ၊ အဲဒီလိုကိစ္စမျိုးမှာ လူတစ်ယောက်ဆိုတာက ကိုယ်နိုင်ငံကိုယ့်လူမျိုးကိုချစ်တဲ့နိုင်ငံသားတစ်ယောက်၊ ကိုယ့်နိုင်ငံ လွတ်လပ်ရေးကိုချစ်တဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ အသက်ပဲပေးရမလား၊ ကိုယ့်ရဲ့အိုးအိမ်စည်းစိမ်တွေကို စွန့်လွှတ်ဖို့ ဝန်လေးစရာမရှိဘူး၊ ကိုယ့်စီးပွားရေးကို စွန့်လွှတ်ပြီး တစ်မျိုးသားလုံး ကြီးပွားချမ်းသာအောင်လုပ်တာဟာ ဂုဏ်ယူစရာအလုပ်မဟုတ်ဘူးလား၊ ပြီးတော့ အခုကိစ္စဟာ ကိုယ့်ဖခင်ရဲ့ ဂုဏ်ကိုချစ်ခင်မြတ်နိုးလေးစားတဲ့သားတစ်ယောက်အနေနဲ့အမျိုးကိုချစ်တဲ့ ဖခင်ရဲ့ လက်ဆင့်ကမ်းအမွေကို ဆက်ခံတဲ့သဘောမျိုးကို ယူဆလို့ရော မရဘူးလား၊အဲဒီလို ခံယူပြီး လုပ်လိုက်



...း ကွယ်လွန်သွားတဲ့ ကိုယ့်ဖခင်ရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်...ရာ မရောက်ဘူးတဲ့လား'

အလေးအနက် ပြောတော့သည်။

'ဟုတ်တယ်....လူကလေး၊ တကယ်လို့များ အခုအချိန်မှာ ...မှူးကြီးဟာ မသေသေးဘဲအိပ်ရာထဲမှာ မထနိုင်အောင် ...နေတယ်ဆိုရင် အခုကိစ္စမှာ သူ့ရဲ့ကိုယ်စား လူကလေး ...ထည့်လိုက်မှာ အမှန်ပဲ'

အဘချွန်ကလည်း ဝင်ပြောသည်။

'ကျွန်တော်မှ စစ်မတိုက်ဖူးတဲ့ဟာ'

ဟိုမင်တင်က ပြောမိပြောရာ ပြောသည်။

အဘချွန်က....

'စစ်တိုက်တာ မခက်ဘူး လူကလေး၊မင်းက တပ်မှူး...ဆီက ပညာတွေရပြီးသား အတွေ့အကြုံပဲ လိုတာ၊ ခက်...က တိုင်းပြည်နဲ့ လူမျိုးကို တကယ်ချစ်တတ်ဖို့ တကယ်...ျိုးစွန့်ပြီး မြတ်နိုးတတ်ဖို့၊ မင်းမှာ အဲဒါတွေလဲ ပြည့်စုံ...ားပဲကွာ'

'...ါဆိုရင် ကျွန်တော် လိုက်သွားရမှာလား'

...မင်တင်က မေးသည်။

'...က်ရမှာပေါ့'

...ဘချွန်က မဆိုင်းမတွ ပြောသည်။

'...ဒီလို လိုက်သွားရင် ဖေဖေ့သိက္ခာကို စော်ကားရာ ...တ်ဘူးနော်'

...မင်တင်က သေချာအောင် မေးပြန်သည်။

အဘချွန်က....

'မရောက်ပါဘူး....မင်းက တိုင်းပြည်နဲ့ လူမျိုးရဲ့အကျိုး အတွက် လုပ်တဲ့ဟာပဲ'

'ကဲ....ဒါဆိုရင် ကျွန်တော် လိုက်မယ်'

'နေဦးလေ'

အဘချွန်က ပြောသည်။

တပ်မှူး ရှင်ချီတင်က....

'ကျွန်တော်တို့ဒီမှာ ကြာလို့မဖြစ်ဘူးခင်ဗျ၊နေပြည်တော် ရဲ့ အရေးက သေရေးရှင်ရေး ဖြစ်နေတာ၊ တစ်ရက်နောက်ကျ ရင် တစ်ရက် အကျိုးယုတ်တာပဲ၊ပြီးတော့ ခရီးကလဲ ဝေး တယ်'

အချိန်မဆွဲလိုသော သဘောနှင့် ဝင်ပြောသည်။အဘချွ က ရယ်သည်။

ပြီးမှ....

'ကျုပ် နေဦးလေလို့ ပြောတာက လူကလေးနဲ့အတူ ကျုပ်လဲ လိုက်ခဲ့မလို့ ပြောတာ'

'ဗွမ်း....'

'ချလွမ်....လွင်'

ရေနွေးဗန်းနှင့် ကြွေကသား ကျကွဲသွားသော အသံကို ကြားရသည်။

လှည့်ကြည့်လိုက်သောအခါ သူ့ယောကျ်ား အဘချွန်ကို ကြည့်နေသည့် အဘွားကြီးကို မြင်ရ၏။

'ရှင်....လိုက်သွားမယ်ဟုတ်လား'



အဘွားကြီးက မယုံနိုင်သည့် အသွင်မျိုးဖြင့် ပြောသည်။ ဘချွန်က ခပ်အေးအေးပင်....

'အေးလေကွာ ငါမှ မအိုသေးတဲ့ဟာ ဒီမှာကြည့်ပါဦး'

အဘချွန်က လက်မောင်းနှစ်ဖက်မှ ကြွက်သားများကို ပြလိုက်သည်။

အဘွားကြီး ခြေဆောင့်ပြီး ဇာတိခန်းထဲ ပြန်ဝင်သွား ည်။

'စိတ်မဆိုးပါနဲ့ ဟိုတုန်းကလဲ ဒီလိုပါပဲ၊ ပြီး ာ့ အသက်ကြီးလာတော့ ပိုပြီး သံယောဇဉ်ကြီးတာ ါလေ'

အဘချွန်က ဧည့်သည်များကို ပြန်၍ နှုတ်သိမ့်လိုက်သေး ည်။

( ၈ )

မြို့တော်သို့ လေးဘက်လေးတန်ညှပ်၍ ချီတက်လာကြသော မွန်ဂိုတပ်များသည် မြို့တော်နှင့် လီပေါင်းသုံးဆယ်ခန့်စီမျှဝေးသော အရပ်ဒေသများတွင် တပ်စွဲ ချရပ်နေကြသည်။

သူတို့သည် တပ်ဖြန့်၍ ဝိုင်းရံခြင်းလည်း မပြု၊ ချရပ်တပ်ချထားသော နေရာများမှနေ၍ တပ်ခွဲများဖြင့်သာ မြို့တော်အနီးသို့ ချဉ်းကပ်၍ မြို့တော်ကာကွယ်ရေးတပ်များ၏ စစ်ရေး အခင်းအကျင်းများကို လေ့လာခြင်း၊ စစ်သတင်းများစုံစမ်းခြင်း၊ မြို့စောင့်တပ်သားများနှင့် မြို့တော်လူထု စိတ်

ချောက်ချားအောင် အရံခံတပ်ခန်းများကို အားစမ်းတိုက်ခိုက်ခြင်းများသာ ပြုလုပ်နေသည်။

လကွယ်ညတစ်ညတွင် အင်အားလေးရာကျော်မျှရှိသော မွန်ဂိုတပ်ခွဲတစ်ခုသည် မြို့တော်၏ လက်ယာခုံတောင်ဘက်တွင် ဆည်ဆောက်ထားသော ခံတပ်ကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ကြသည်။

မွန်ဂိုတပ်ဖွဲ့သည် ထိုခံတပ်၏ မြောက်ဘက်တွင်ရှိသော စမ်းချောင်းကလေးတစ်ခုမှ ခိုး၍ ဝင်ရောက် လာကြကာ အလစ်အငိုက် တိုက်ခိုက်ကြခြင်း ဖြစ်သည်။

အတိုက်ခံရသော ခံတပ်သည် ပင်မခံတပ်မှ ကိုက်ငါးရာခန့်မျှ ဝေးသည်။ အရံခံတပ်ကလေးတစ်ခုသာဖြစ်၍ ခံတပ်တွင် လူအင်အားတစ်ရာကျော်ခန့်မျှသာ ရှိသည်။

ထိုခံတပ်မှ ရဲမက်များသည် နေ့ဘက်တွင် ခံတပ်ပတ်လည်၌ ဆင်တပ် မြင်းတပ်များ လျှပ်တစ်ပြက် ချီတက်မလာစေနိုင်ရန် လျှို့ဝှက် ဗြောင့်ကျင်းကြီးများ ရင်စို့ခန့်မြင့်မားသော ဗြောင့်တိုင်ကြီးများ စိုက်ထောင်ခြင်းတို့ကို ပြုလုပ်ကြရသည်။

ယခု မွန်ဂိုတပ်များ ချီတက်လာသော စမ်းချောင်းဘက်မှာ အနီးပတ်ဝန်းကျင်ရှိ ခံတပ်များမှ စစ်သည်များသောက်ရေ၊ သုံးရေအဖြစ် မှီခိုနေကြရသောကြောင့် အတားအဆီးများ မပြုလုပ်ရသေးသည့် နေရာဖြစ်၏။

စီးနင်းတိုက်ခိုက်လာသော မွန်ဂိုတပ်များသည် အလွန်ပိရိကြပါပေသည်။ ပိန်းပိတ်သော အမှောင်ထုကို အား



…က် ခံတပ်အနီးသို့ ချဉ်းကပ်လာကြရာတွင် အသက်အသံ …၍ မထွက်ခဲ့ကြချေ။

ခံတပ်မှ အစောင့်များသည် အိပ်ပျော်နေခြင်း မရှိကြ …ချေ။ သို့သော် မွန်ဂိုတပ်များ အနီးသို့ ရောက်ရှိလာမှသာ …ချင် သိရှိခဲ့ကြသည်။

ခံတပ်မှာမည်ကာမတ္တမျှသာ ဖြစ်သည်။

သစ်လုံးချွန်များကို လူတစ်ရပ်ကျော် အမြင့်မျှဖြင့် ခပ် …လုံ စိုက်ထောင်ကာ ဝက်ပါပုံစံမျိုး ပြုလုပ်ထားခြင်း ဖြစ် …သည်။ ရည်ရွယ်ချက်မှာ အလုံပိတ်ဆို့ ခုခံရန် မဟုတ်ဘဲ …လုံးအရင်းနှင့် ချီတက် ဝင်ရောက်လာနိုင်သည့် ဆင်တပ်၊ …င်းတပ်များကိုဟန့်တားကာ လျှပ်တစ်ပြက်အထိနာအောင် …က်ခိုက်လျက် ပင်မခံတပ်ကြီးသို့ သွားရောက်ပူးပေါင်းကာ …အခါကျမှ အသေအကြေ ရပ်ခုခံရန်ဖြစ်၏။

ထို့ကြောင့် ဆင်၊မြင်းမပါဘဲ ချီတက်လာသော မွန်ဂို …သည် အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် အော်ဟစ် …ကြွေးကြော်ကာ ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

…ခံတပ်တွင်ရှိသော ရဲမက်များမှာ အစောင့်များမှလွဲ၍ …လုံးလောက်နီးပါး အိပ်ပျော်နေကြသည်။ မွန်ဂိုများ …သို့ရောက်လာမှသိကြရသော အစောင့်များ၏အော်ဟစ် …နှင့် ဝင်ရောက်တိုက်ခိုက်သော မွန်ဂိုများ၏ မာန်သွင်း …အော်ဟစ်သံများမှာ ပြိုင်တူလောက်နီးပါး ပေါ်ထွက်လာ …ဖြစ်ရာ အိပ်ပျော်နေသော ရဲမက်များမှာ မွန်ဂိုများ …ခံတပ်တွင်းသို့ ရောက်လာမှ နိုးကြခြင်းဖြစ်သည်။

သို့ဆော် တစ်ခုက်ကောင်းသည်မှာ ခံတပ်စောင့် ရဲမက် အများစုမှာ ဝက်ပါခံတပ် အလယ်ကောင် နေရာလောက် တွင်သာ အိပ်နေကြသည် ဖြစ်ရာ အများစုမှာ ရန်သူ၏ လက်ဦးမှုကို မခံလိုက်ကြရပေ။ အစောင့်များနှင့် ခံတပ်ပေါက် နားတွင် အိပ်နေကြသော ရဲမက်စုစုပေါင်း သုံးဆယ်ခန့်မှာ မူ မွန်ဂိုများလက်ဦးမှုကို ခံလိုက်ကြရသည်။

မွန်ဂိုများသည် ခံတပ်၏ ဝက်ပါလမ်းများ ဖတွင်းသို့ အောဟစ်ရင်း ဒလဟော ဝင်ရောက်လာကြသည်။

ခံတပ်တွင် ဝင်ပေါက် သုံးပေါက်ရှိ၍ အတွင်း၌ ခရုပတ် လမ်းများဖြင့် ဝင်ပြီးလျှင် ပြန်မထွက်နိုင်အောင် စီမံထား သည်။ လမ်းတစ်ခုစီမှာ ဆယ့်ငါးပေခန့်မျှကျယ်သည်။

ထိုလမ်းများတွင် ဒုံးဆစ်ရင်စို့အမြင့် အမျိုးမျိုးရှိသော ခြောင့်များထောင်ထားသကဲ့သို့ ခြောင့်ကျင်း၊ ဆူးကျင်း များလည်း ပြုလုပ်ထားသည်။

အမှန်တကယ်အားဖြင့်ခံတပ်ဆိုသည်ထက် ထောင်ချောက် ဆိုက ပို၍မှန်မည်ဖြစ်သည်။

အလုံးအရင်းဖြင့် တရကြမ်းဝင်လာသော မွန်ဂိုများမှာ အမှောင်တွင်း၌ ထိုထောင်ချောက်များကို မမြင်နိုင်ကြပါ ချေ။ တရကြမ်း ပြေးလွှားဝင်ရောက်လာကြရင်း ငုတ်များ နှင့် တိုးမိသူတိုးမိ ခြောင့်ကျင်း၊ ဆူးကျင်းများ အတွင်းသို့ အစုလိုက် အပြုံလိုက် ကျသူကျနှင့်ဖြစ်ကုန်သည်။

မာန်သွင်းအော်ဟစ်သံများနှင့် ထိတ်လန့်တကြား အော် ဟစ်သံများ ရောထွေးသွားသည်။



မည်သို့ပင်ဖြစ်စေ ထိုအချိန်ထိ ကျန်ရှိနေသော ခံတပ် စောင့်များသည် ဝင်ရောက်လာသောမွန်ဂိုများကို ပြန်လှန် တိုက်ခိုက်ခြင်း မပြုနိုင်သေးချေ။

သူတို့မှာ ဝရုန်းသုန်းကားဖြစ်နေကြသည်။

ထိုခံတပ်၏ တာဝန်ခံမှာ ဘုရင့်မြင်းတပ်မှ တပ်ဗိုလ် လေး အိုရန်လုဖြစ်သည်။ သူသည် ဤခံတပ်တွင် တာဝန်ခံ အဖြစ် ရောက်ရှိနေခဲ့သည်မှာ လေးလခန့်မျှ ရှိပြီဖြစ်သည်။ သူ သည် ဤခံတပ်ကို တာဝန်ခံပြုလုပ်ရသူလည်း ဖြစ်သည်။

မွန်ဂိုများ ဝင်ရောက်လာသည့် အချိန်က အိုရန်လုမှာ အိပ်ပျော်ခြင်းမရှိသေးချေ။ သူသည် အိပ်ရာထဲတွင် ဝမ်ကျင် ယီ အကြောင်းကို တွေးနေခြင်းဖြစ်သည်။

သူ့သူငယ်ချင်းတပ်ဗိုလ်များမှာ အလွန်မျက်နှာပွင့်လန်း မိန်းမစွဲကြသည်။ သူတို့အနေဖြင့် ကိုယ့်ထက် အသက် ကြီးသော မုဆိုးမတစ်ဦးကို စိတ်ကူးထဲတွင် ထည့်ကြမည် မဟုတ်၊ မုဆိုးမတစ်ယောက်က အိုရန်လုအား လက်ထပ်ရန် ငြင်းဆိုသည့်ကိစ္စကိုသာ သူတို့သိသွားကြလျှင် ရှောင်ကြဉ်၍ လှောက်ပြောင်၍ ဆုံးတော့မည်မဟုတ်။

ထို့ကြောင့် အိုရန်လုမှာ ဝမ်ကျင်ယီအကြောင်း မည် သူ့ကိုမျှ မပြောမပြဝံ့ဘဲ တစ်ယောက်တည်း မျိုသိပ်ကျိတ်မှိတ် ခံစားနေရခြင်းဖြစ်သည်။

မြို့တော်ကြီးတစ်ခုလုံး ချောက်ချား တုန်လှုပ်နေချိန်တွင် ဝမ်ကျင်ယီတစ်ယောက် မည်သို့ရှိလေမည်နည်း။

သူ့မအနားတွင် အားပေးဖော် တင်ယောက် ရှိသင့်သည်ကား အမှန်ဖြစ်သည်။ သို့သော် ထိုလူမှာ သူမဖြစ်နိုင်တော့။

သို့ဆိုလျှင် တခြား မည်သူဖြစ်လေမည်နည်း။

အိုရန်လုမှာ တွေးရင်းနှင့်ပင် ဝမ်းကျင်းယိုက သူ့ကို လက်မထပ်နိုင်ဘဲနှင့်ချစ်ခဲ့သည်ကို စဉ်းစားမရအောင်ဖြစ်လာသည်။

ထိုစဉ် ခံတပ်အစောင့်တစ်ယောက်၏ အော်သံကို သူကြားလိုက်ရခြင်း ဖြစ်သည်။

'ရန်သူ...ရန်သူ'

ထို့နောက် ထိုအစောင့်၏ အော်ဟစ်သံ တစ်ဆက်တည်း ရန်သူများ၏ မာန်သွင်းအော်ဟစ်သံများ အပြေးအလွှား ဝင်ရောက်လာသံများ....

အိုရန်လု ငေါက်ခနဲထထိုင်သည်။ တစ်ပြိုင်တည်းတွင် ဆီး ရာဇားမှ ဓားကို ကောက်ကိုင်ပြီးသား ဖြစ်သည်။

မည်သူ့ကိုမျှ သူ မနိုးရ။

အားလုံး ဝရုန်းသုန်းကား နိုးလာကြသည်။

ဒုတိယတာဝန်ခံ ဗိုလ်ကလေး ဘိုရှန်က ရန်သူဆိုသော စကားကို အဆက်မပြတ် အော်ဟစ်နေသည်။ ထို့ကြောင့် အိုရန်လု၏ခေါ်သံကို မကြား။

'ဘိုရှန်'

အိုရန်လုက အသံကိုညှစ်၍ အော်လိုက်သည်။ ဘိုရှန်၏ ဆယ်ပေမျှအကွာမှ အော်ဟစ်ခေါ်လိုက်ခြင်း ဖြစ်သည်။



ဘိုရှန် လှည့်ကြည့်သည်။

အိုရန်လုက လှုပ်ရှား ပြေးလွှားနေသော ရဲမက်များ အကြားမှ ဖြတ်၍ သူ့ထံသို့ လျှောက်သွားပြီး ပခုံးကို ဘယ်လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

'ရန်....ရန်သူတွေ ဝင်လာပြီ ဗိုလ်ကြီး'

ဘိုရှန်၏အသံမှာ တုန်ယင်နေရုံသာ မဟုတ် အက်ကွဲ၍ သည်း နေသည်။

'အေးပါ'

အိုရန်လုက ခပ်အေးအေး ပြောလိုက်ပြီးမှ ဆက်၍....

'မင်း လူခြေ ကိုဆယ်လောက်ခေါ်ပြီး လျှို့ဝှက်အပေါက် ကနေ အပြင်ကိုထွက်၊ ခုအချိန်က မှောင်နေတယ်၊ သူ့လူ ကိုယ့်လူ မကွဲဘူး၊ အပြင်ရောက်ရင် လူနှစ်ဆယ်ခွဲပြီး အဝင် ပေါက် သုံးပေါက်စလုံးကနေ နောက်ကဝင်တိုက်'

'ဗိုလ်ကြီးက....'

ဘိုရှန်က ချက်ချင်းတည်ငြိမ်သွားပြီး မေးသည်။

'ငါနဲ့ ကျန်တဲ့လူတွေ အတွင်းဘက်က ထိုက်မယ်'

'မဟုတ်တာ၊ ကျွန်တော် အတွင်းဘက်က....'

ဘိုရှန်က အတွင်းဘက်က တိုက်ရသည်မှာ ပို၍အန္တရာယ် ကြီးသောကြောင့် အတွင်းဘက်တွင် သူ နေရစ်ချင်သည့် အကြောင်း ပြောမည်ပြုသည်။ အိုရန်လုက ဘိုရှန်၏ပခုံးကို တင်းတင်းဆုပ်လိုက်ပြီး...

'ဒါ စစ်တိုက်နေတာ၊ မင်းနဲ့ စကားအခြေအတင် ပြော နေတာ မဟုတ်ဘူး၊ ငါ့စကားဟာ အမိန့်ပဲ'

ထို့နောက် အမှောင်ထဲမှပင် ဘိုရှန်က မျက်လုံးများကို အနီးကပ် စိုက်ကြည့်ရင်း....

'ကဲ....သွားတော့'

ဘိုရှန်သည် တစ်ခွန်းမျှ ပြန်မပြောတော့ချေ။ နောက်ဘက်သို့ လှည့်လိုက်ပြီးလျှင် ရဲမက်ခြောက်ဆယ်ကို သူ့နောက်သို့ လိုက်ခဲ့ရန် ပြောလိုက်ပြီးလျှင် မြေအောက်တံခါးကို ဖွင့်၍ ဝင်သွားသည်။ နဂိုကပင် ကြိုတင်လေ့ကျင့် ထားပြီးသည့်အတိုင်း ရဲမက်ခြောက်ဆယ်က တစ်နှစ် သုံး စသည်ဖြင့် အမှတ်စဉ်ကို အော်ဟစ်၍ ဘိုရှန်နောက်သို့ လိုက်သွားကြသည်။

'ကျန်တဲ့လူတွေ အတွင်းတိုက်ပွဲ ဆင်မယ်၊ ကိုယ့်အချင်းချင်း မမှားစေနဲ့'

အိုရန်လုတ ကျန်သည့်ရဲမက်များကို ပြောလိုက်သည်။ ရဲမက်များသည် တိုတောင်းသော ဤအချိန်တလေးအတွင်းမှာပင် တည်ငြိမ်သွားကြကာ ဝက်ပါါအတွင်း တိုက်ပွဲအတွက် လေ့ကျင့်ထားကြသည့်အတိုင်း နေရာယူ လှုပ်ရှားကြတော့သည်။

သူတို့သည် ဝက်ပါါခံတပ်ကို တည်ဆောက်ပြီးချိန်မှ စ၍ အတွင်းသို့ ဝင်ရောက်လာသော ရန်သူများကို တိုက်ခိုက်နိုင်ရန် ကြိုတင်စီစဉ်ထားခဲ့ကြပြီးသား ဖြစ်သည်။

ဝက်ပါါအတွင်းလမ်း၌ သူတို့ပြုလုပ်ထားသော ဆူးကျင်း၊ မြွေခင့်ကျင်းများနှင့် တုတ်ချွန်များကို သူတို့ကိုယ်တိုင် ဝင်



တိုးမိမနင်းမိစေရန် အကြိမ်ကြိမ် လေ့ကျင့်ထားပြီးသားသည်း ဖြစ်သည်။

ထိုအချိန်တွင် အတွင်းသို့ ဝင်လာသော ရန်သူ အတော်များများမှာ တုတ်ချွန်များကို တိုးမိ၍ လည်းကောင်း၊ ဆူးကျင်း၊ မြွေခင့်ကျင်းများ အတွင်းသို့ ကျ၍ လည်းကောင်း၊ အတော်များများ ထိခိုက်သေကျေကုန်ကြပြီ ဖြစ်သည်။

သို့သော် သူတို့သည် ဤခံတပ်ကို လက်ရ သိမ်းပိုက်ရန် ဆန္ဒရှိကြသလား မသိ။ လူအင်အားနှင့် အတင်းဖိ၍ ပတ်လမ်းအကာအဖြစ် စိုက်ထားသော သစ်လုံးများအနီးမှ ကပ်၍ ဆက်လက် ဝင်ရောက်လာကြသည်။

မှန်ဂိုများသည် ခရပတ်လမ်း၏အဆုံး ကွက်လပ်ထဲသို့ ရောက်လာကြတော့မည် ဖြစ်သည်။ ထိုစဉ် ခံတပ်အဝင်တံခါးပေါက်များဆီမှ အော်ဟစ်မာန်သွင်းသံများ၊ လက်နက်ချင်းခိုက်သံများ၊ ထိခိုက် အော်ဟစ်သံများ လုံးထွေးကာ ကြောက်စရာအသံကြီးများ ထွက်ပေါ်လာ၏။

ဘိုရှန်တို့က အပြင်ဘက်မှ တိုက်ခိုက်ကြပြီဖြစ်သည်။

ထိုအခါ အိုရန်လုက ကျွဲချိုခရာကို မှုတ်လိုက်၏။ လေးသံသော်လည်း ကျယ်လောင်လှသော ခရာသံသည် ဆူညံလှသော အော်ဟစ် တိုက်ခိုက်သံများကို ကျော်လွှား၍ ထွက်ပေါ်လာသည်။ ထို့နောက်တွင်....

'ဖြောင်း....'

'ဝုန်း....ဝုန်း....ရုန်း'

'အိုး'

'အား....အား'

° အတွင်းဘက်တွင် မြေပြင်၌ စိုက်ထားသည့်ဟန်ဖြင့် အရှင် ပြုလုပ်ထားသော သစ်လုံးနံရံများကို ဝင်လာသော ရန်သူ များအပေါ်သို့ လှဲချလိုက်သောကြောင့် ထွက်ပေါ်လာသော ထိတ်လန့်စရာကောင်းလှသည့် အသံကြီးများ၊ ရန်သူမှန်ကို များ၏ ငယ်သံပါအောင် အော်ဟစ်သံများက အသည်းပျက် စရာ ထွက်ပေါ်လာတော့သည်။

ထို့နောက်တွင် အိုရန်လုနှင့် အတွင်းဘက်၌ ကျန်ရစ် သော ရဲမက်များက လှဲချလိုက်သော သစ်လုံးကပ်များပေါ် တွင် ပြေးလွှားလျက် ကျန်ရစ်သော ရန်သူများက ထရှိန်ထို ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

တိုက်ပွဲကား မှောင်နှင့်မည်းမည်းတွင် ကြောက်ပါးလိ ဖြစ်တော့သည်။

ရန်သူများမှာ သေးပျက်သွားကြပြီး ဖြစ်၍၊ နောက်ဘက် သို့ ဆုတ်ပြေးကြသည်။ သို့သော် ဝက်ပါလမ်းဖြစ်၍ အထွ နှေးသည်။

ထို့ပြင် တံခါးပေါက်မှာ ရှစ်ပေခန့်မျှသာ ကျယ်သ ဖြစ်ရာ ထွက်လာသမျှ ရန်သူများကို အိုရန်တို့လူစုက ပိုင်ပို နိုင်နိုင် စောင့်ကြို၍ ထိုးခုတ်တိုက်ခိုက်နေကြရာ တိုးထွ သွားနိုင်သော ရန်သူအရေအတွက် နည်းပါးလှသည်။



သို့ဖြင့် ဝက်ပါခံတပ်ငယ်ကို ဝင်ရောက်စီးနင်းရန် ကြိုး ား ခဲ့ကြသော မွန်ဂိုတပ်မှာ အသေအပျောက် များစွာဖြင့် တပ်လန့်၍ သွားရလေသည်။

တိုက်ပွဲမှာ အရုဏ်တက်အချိန်တွင် လုံး၀ ပြီးစီးသွားလေ သည်။

ခံတပ်စောင့် ရဲမက်ငါးဆယ့်သုံးယောက် ကျဆုံးသည်။ သေကျေကျန်ရစ်ခဲ့သော ရန်သူအလောင်း သုံးရာနှစ်ဆယ်ရှိ သည်။ ထိုအလောင်းများကို ရှင်းလင်းဖယ်ရှားရသည်မှာ နောက်တစ်နေ့ ညနေသို့တိုင်အောင်ပင် ဖြစ်သည်။

## ( ၉ )

တပ်ဗိုလ် အိုရန်လု ဦးစီးသော ဝက်ပါခံတပ်ကို ဝင်ရောက်တိုက်ခိုက်သော မွန်ဂိုတပ်တစ်ဖွဲ့လုံးကို ပြုတ်အောင် ချေမှုန်းလိုက်သည်ဆိုသော သတင်းများ မြို့တော်အတွင်း၌ ခဏချင်း ပျံ့နှံ့သွားသည်။

ဤသတင်းအတွက် မြို့တော်သားများ အားတက်ကြသည်မှာ မှန်သည်။

သို့သော် ဤသို့သော တပ်ငယ်လေးတစ်ခု ပျက်စီးသွားရုံဖြင့် မြို့တော်ကို ဝိုင်းရံထားသော မွန်ဂိုတပ်ကြီး ဆုတ်ခွာသွားလိမ့်မည် မဟုတ်ဆိုသော အတွေးများက မြို့တော်

သူ မြို့တော်သားများ၏စိတ်ကို လေးလံစွာ နှိပ်စက်လျက်ပင် ရှိသည်။

တချို့ကမူ ဤသို့ မွန်ဂိုတပ်တစ်တပ်ကို ချေမှုန်းလိုသည့်အတွက် ဝိုင်းရံထားသော မွန်ဂိုတပ်ကြီးကို ပို၍ စိတ်ဆိုးဒေါသထွက်အောင် လုပ်ရာရောက်သဖြင့် မွန်ဂိုများက မြို့တော်ကို ပို၍ ပြင်းထန်ရက်စက်စွာ တိုက်ခိုက်လာလိမ့်မည် ဆိုသော အတွေးဖြင့် ယခင်ကထက်ပင် ပို၍ ကြောက်ရွံ့စိုးရိမ်နေသူများလည်း ရှိကြသေးသည်။

ထိုလူများကား အညွှံ့စားစိတ်ဓာတ်၊ အောက်တန်းကျသော စိတ်ဓာတ်သတ္တိရှိသူများပင် ဖြစ်၏။ ထိုလူများ၏ အရေအတွက်ကလည်း မြို့တော်ထဲတွင် နည်းမည်မဟုတ်ချေ။

ထို့ထက်ဆိုးသည်ကား မြို့တော်အတွင်း၌ရှိသော တောကြောင် ဒုစရိုက်သမားများပင်။ တောမီးလောင်လျှင် တောကြောင် ထသည်မှာ ဓမ္မတာပင်ဖြစ်သော်လည်း ထိုလူများက ယုတ်နိမ့်ရက်စက်လှပေသည်။

မြို့တော်ကို ရန်သူတပ်ကြီးက ဝိုင်းထားသဖြင့် အာဏာပိုင်တို့က မြို့ပြအုပ်ချုပ်ရေး ကိစ္စများကို လျစ်လျူရှု ထားရချိန်တွင် ဒုစရိုက်သမားများသည် ထိတ်လန့်တကြားဖြစ်နေသော မြို့တော်သားများကို လုယက်၊ တိုက်ခိုက်မှုများ ကျူးလွန်လျက် ရှိကြသည်။

ကျယ်ဝန်းလှသော မြို့တော်အတွင်း၌ ထိုအမှုများ တ...ကြမ်း ဖြစ်ပွားလျက်ရှိသည်။ မဖြစ်ပွားသောနေ့မရှိ။ အကာ...



...ကျယ် ကင်းမဲ့သလိုဖြစ်နေသော လူထုကား ထိုဆိုးသွမ်း...တ်မာမှုများကို ကျောခင်းကာ ခံနေကြရသည်။

ထိုအတွင်း မြို့တော်အတွင်းသို့ မွန်ဂိုများ ရှပ်ဖျက် ဝင်...ရောက်နေကြကာ ခိုးဆိုး၊ လုယက်၊ တိုက်ခိုက်မှုများကို ကျူးလွန်နေကြသည့်အပြင် မီးရှို့ဖျက်ဆီးမှုများ၊ လူအများ...များကို သတ်ခြင်းများကိုပါ ပြုလုပ်လိမ့်မည် ဆိုသော ...တင်းများ ထွက်ပေါ်လာ၏။

မြို့လူထုမှာ နေစရာမရှိအောင် ထိတ်လန့်ရလေပြီ။

ကျယ်ပြောလှသော မြို့တော်ကြီး အတွင်း၌ နေ့အချိန်...းတွင်ပင် လမ်းထွက်သူမရှိသလောက် တိတ်ဆိတ်ခြောက်...သွားသည်။ အိမ်များမှာ တံခါး အမြဲဘမ်း ပိတ်ထား...သည်။

ထိုအတွင်း မြို့ပြအုပ်ချုပ်ရေးအရာရှိတစ်ဦး အသတ်ခံရ...ည်။

...ည်သူသတ်သည်ဟုလည်း မပေါ်။

ထိုအခါ မြို့တော်အတွင်းသို့ မွန်ဂိုသူလျှိုများ ဝင်ရောက်...ပြီဆိုသော သတင်းက ပိုမိုကြီးထွား ခိုင်မာလာသည်။

...အမှန်မှာ ထိုအရာရှိမှာ မိန်းမမှုပေါ်ခဲ့သော ကိစ္စအတွက် ...ဆိုင်သူ တစ်ဦးက လက်စားချေ သတ်ဖြတ်ခဲ့ခြင်းသာဖြစ်...ည်။

...အဖြစ်မှန်ကို မသိရသော မြို့တော်လူထုကား ပိုမိုကြောက်...ကြ၏။

လူနေရပ်ကွက်များ၌ အချိန်မရွေးကျယ်ကျယ် ဖော
ဆောင် အသံပြုဝံ့သူဆို၍ ခွေးများသာ ရှိတော့သည့် အခ
အနေမျိုး၊

* * *

မြို့တော်တွင် ထိုအခြအနေမျိုး ဖြစ်ပေါ်နေသောအခ
မြို့တော်နှင့် ဝေးလံသော တောလက် ကျေးရွာများတွင်က
ဆိုစရာမရှိတော့ပြီ။

နေ့ခင်းကြောင်တောင်မှာပင် အိမ်ပေါ်တက်၍ လုယ
သတ်ဖြတ်မှုများ၊ အုပ်စုနှင့် အနိုင်ကျင့်ရက်စက်မှုများ ဖြ
ပွားနေသည်။

မိန်းမပျိုကလေးများမှာ အိမ်ထဲမှအိမ်ပြင် မထွက်ရဲ
တော့။

ကာချီမြို့ကလေးမှ နေပြည်တော်ဆီသို့ အပြင်းထွက်
လာခဲ့ကြသော တပ်မှူး ရှင်ချိတင်တို့အဖွဲ့မှာ ထိုသို့ေ
ဥပဒေမဲ့လုပ်ရပ်များ၊ ရက်စက် ယုတ်မာမှုများကို အ
အလိုမဲ့ခံနေကြရသော မြို့ပြ၊ ကျေးရွာများကို ဖြတ်သန်
လာခဲ့ကြရသည်။



ထိုသတင်းများကို ကြားရ၍ စိတ်မချမ်းမြေ့သော လူ
များ၏ မျက်နှာများကို မြင်ကြရ၍ သူတို့အစုမှာ နေပြည်
တော်သို့ အမြန်ရောက်ချင်နေကြပြီ။

စစ်ကြီးကို အမြန်ပြီးဆုံးစေချင်သောကြောင့် ဖြစ်သည်။

စစ်သည် အနိဋ္ဌာရုံဖြစ်သည်။

ကောင်းကျိုးဟူ၍ မပေး။

နယ်ချဲ့မွန်ဂိုများကို တိုက်ထုတ်ကာ စစ်ကြီးကို ပြီးဆုံး
အောင် ကြိုးစားကြရမည်။ ထိုစိတ်ဖြင့် သူတို့လူစု မနား
မနေ နှင်ခဲ့ကြသည်။

ကာချီမြို့မှထွက်ခွာခဲ့စဉ် တစ်ဆယ့်သုံးရက်မြောက်နေ့တွင်
ရွာလေးတစ်ရွာသို့ သူတို့လူစုရောက်လာကြသည်။ ရွာကလေး
ရှိ လူများမှာ လက်နက်ကိုယ်စီနှင့် မြင်းများကို အပြင်းစိုင်း
နှင်၍ လာကြသော သူတို့လူစုကို မြင်သောအခါ ထိတ်လန့်
ကြောက်ရွံ့စွာ ထွက်ပြေးကြသည်။ ငိုယိုနေသော မိန်းမကြီး
သုံးယောက်နှင့် လူတချို့သာလျှင် သေလျှင်လည်းမထူး ဆို
သော ပုံစံမျိုးနှင့် လမ်းပေါ်တွင် ရပ်မြဲရပ်နေကြသည်။

သူတို့လူစု မြင်းများကို ရပ်လိုက်ကြရသည်။

မရပ်လိုက်လည်း မဖြစ်။ သူတို့မှာ ဆာလောင်နေကြပြီ။
ဤရွာတွင် တစ်ခုခု ဝယ်ယူစားသောက်ရမည်။ ပြီးတော့
ခရီးအတွက် စားသောက်စရာ ဝယ်သွားရမည်။

လမ်းပိတ်ရပ်နေသော လူအများနားမှာပင် မြင်းများကို
ရပ်တန့်လိုက်ကာ သူတို့အားလုံး မြင်းများပေါ်မှ ဆင်းလိုက်
ကြသည်။

'ဘာဖြစ်နေကြလို့လဲဗျ'

ထပ်မံ၍ ရှင်ချိုတင်က မေးလိုက်သည်။ သူ့လေသံသည် ကြမ်းတမ်းခက်ထန်နေသော ရုပ်လက္ခဏာနှင့်မလိုက်။ နူးညံ့သော လေသံကြောင့် ငိုကြွေးနေသောမိန်းမကြီးတစ်ယောက်မှာ အားကိုးထကြီးပုံစံဖြင့် ရှင်ချိုတင်ရှိရာသို့ တိုးလာရင်း....

'ငါ့မောင်ရယ်...အစ်မကြီးတို့ ဒုက္ခရောက်နေလို့ပါကွယ် ကယ်နိုင်ရင် ကယ်ပါ'

ပြောလိုက်ပြီး ဟီးခနဲငိုချလိုက်သည်။ ရှင်ချိုတင်က...

'ဘယ်လိုဖြစ်ထယ်ဆိုတာ ပြောပါဦး'

ပြောလိုက်သည်။ ထိုအခါ နောက်ထပ် မိန်းမကြီး နှစ်ယောက်နှင့် ယောကျ်ားကြီးတချို့ပါ ရှင်ချိုတင်တို့ လှေအနီးသို့ တိုးကပ်လာကြ၏။ စောစောက ထွက်ပြေးကြသော လူများကလည်း ဆက်မပြေးကြတော့ဘဲ ခြံထောင့် အိမ်ထောင့်တို့မှ ချောင်းကြည့်နေကြ၏။

ရှင်ချိုတင်ကပြောလိုက်သောအခါ ငိုချလိုက်သော မိန်းမကြီးမှာ ရုတ်တရက် ပြောနိုင်ဖြစ်နေရာ ပိုမို၍ မွန်ရည်ပုံရှိသော မိန်းမကြီးတစ်ယောက်က....

'အစ်မကြီးတို့သုံးယောက်ရဲ့ သမီးကလေးတွေကို ပြန်ပေးသွားကြလို့ပါကွယ်၊ မနက်ဖြန်ညနေမှာမှ တစ်ယောက်ကို ရွှေဒင်္ဂါးတစ်ရာစီနဲ့လာမရွေးရင် သတ်ပစ်မယ်လို့ ပြောသွားပါတယ်၊ အစ်မကြီးတို့မှာ တစ်ရွာလုံးစုဆို့မှ ရွှေဒင်္ဂါး တစ်ရာ မရှိတဲ့ဟာ ဘယ်လိုလုပ်ပြီးတော့ ရွေးနိုင်မှာလဲကွယ်'



'ဟုတ်ပါတယ် ငါ့မောင်ရယ်၊ ဒီ ပြန်ပေးသမားတွေ ဘက်ထဲမှာ သမီးလေးတွေ ဘယ်လိုဖြစ်မလဲဆိုတာ မစဉ်းစားရဲ အောင်ပါပဲကွယ်'

ကျန်သည့် မိန်းမကြီးကလည်း မျက်ရည်စမ်းစမ်းနှင့် ဝင်ပြောပြန်၏။

'ရွာထဲကယောကျ်ားတွေက ဘယ်သွားနေလို့လဲ'

စိတ်ဆတ်သော တပ်ဗိုလ်ထေးယန်က ဝင်မေးသည့်အခါ ယောကျ်ားကြီးတစ်ယောက်က....

'ရှိပါတယ်ခင်ဗျား'

'ရှိရင် ပြန်ပေးသမားတွေကို ဒီအတိုင်းပဲ ကြည့်နေကြသလားဗျ'

'သူတို့က လက်နက်တွေနဲ့ လူနှစ်ဆယ်လောက် ရှိတာခင်ဗျ'

လူကြီးက ကြောက်လန့်နေသည့်မျက်နှာနှင့် ပြောသည်။ ထေးယန်က စိတ်ဆိုးသည့်မျက်နှာဖြင့် အိမ်ခြေရှစ်ဆယ်ခန့်မျှ ရှိသော ရွာကလေးကို ဝေ့ကြည့်လိုက်ပြီး....

'ခင်ဗျားတို့ရွာမှာ ယောကျ်ားက နှစ်ဆယ်လောက် မရှိဘူးလား'

'ရှိတော့ရှိတာပေါ့ခင်ဗျ၊ ဒါပေမယ့် သူတို့က လက်ရဲ ...၊ ခုတ်တတ် ကစ်တတ်သူတွေဆိုတော့ ထင်းလောက်ပဲ ခုတ်တတ်တဲ့ ကျွန်တော်တို့က ဘယ်ယှဉ်ရဲပါ့မလဲ'

တောသားပီပီ အရိုးခံအတိုင်းပင်ပြောလိုက်သည်။

'ခင်ဗျားတို့တွေ မိန်းမတွေနဲ့ ဘောင်းဘီချင်းလဲဝတ်လိုက်ကြဗျာ'

တပ်ဗိုလ်ထေးယန်က အပေါက်ဆိုးတော့သည်။ တပ်မှူးရှင်ချီတင်က ထေးယန်ကို မျက်လုံးအကြည့်ဖြင့် တားဆီးလိုက်ပြီး....

'မြန်ပေးသမားတွေက ဘယ်တုန်းက ဝင်ဆွဲသွားကြတာလဲ'

'အခုလေးတင်ပဲ၊ ဆရာကြီးတို့ မြင်းခွာသံတွေတောင် သူတို့ ကြားကြမှာသေချာတယ်'

ရွာသားတစ်ယောက်က လျင်မြန်စွာ ဝင်ပြောသည်။

'ဟုတ်လား'

ရှင်ချီတင်မှာ လှုပ်လှုပ်ရှားရှားအမူအယာမျိုး ဖြစ်သွားပြီး....

'တကယ်လို့ လာရွေးမယ်ဆိုရင်ရော ဘယ်နေရာမှာ လာရွေးရမယ်လို့ ပြောသွားသလဲ'

'ရွာကနေ ဒီအတိုင်းထွက်သွားရင် တော်တော်ကြာတဲ့အခါ နတ်ကျောင်းပျက်တစ်ခုရှိတယ်၊အဲဒီနောက်မှာ သစ်ပင်ခပ်ကျဲကျဲနဲ့ တောင်တစ်လုံးရှိတယ်၊ အဲဒီမှာ လာရွေးရမယ်လို့ ပြောသွားတယ်'

ရွာသား၏စကားဆုံးသွားသည်နှင့် ရှင်ချီတင်က သူ့လူများဘက်သို့ လှည့်လိုက်ပြီး....

'ကဲ'



ရှင်ချီတင်ဆိုလိုသည့်အဓိပ္ပာယ်ကို အားလုံး နားလည်ကြသည်။ လူတိုင်း၏မျက်နှာပေါ်တွင် စိန်လိုက်ဆိုသော မျက်နှာအမူအယာမျိုး ဖြစ်ပေါ်သွားသည်။

ထို့နောက် အားလုံး မြင်းများပေါ်သို့ တက်လိုက်ကြသည်။ ရှင်ချီတင်က....

'ကျွန်တော်တို့ လိုက်သွားမယ်'

ပြောလိုက်ပြီး သူ့ မြင်းနံဘေးကို ဖနောင့်နှင့် ဆောင့်လိုက်ပြီး....

'ဟိုင်းယား'

အော်ဟစ်လိုက်သည်။ သူ့မြင်းက လေးညို့မှ ထွက်သော မြားတစ်စင်းလို တစ်ဟုန်ထိုး ဆောင့်ပြေးသည်။ နောက်လူများ၏ မြင်းများကလည်း မြား တစ် စင်း ၏ နောက်ပိုင်းကဲ့သို့ ရှင်ချီတင်၏ မြင်းနောက်မှ တပ်ပါသွားကြသည်။

အံ့သြမှုကြောင့် မိန်းမကြီးသုံးယောက်စလုံး အငိုတိတ်နေကြသည်။

ရွာသားများမှာလည်း ပါးစပ်အဟောင်းသားနှင့်။

ရှင်ချီတင်ပြောလိုက်သော စကားကို ကြားလိုက်ရသည့် ကလေးများက ပြေးထွက်လာကြရင်း လက်ခုပ်တီး၍ အားပေးကြသည်။

'သူတော်ကောင်းကြီးများ ဘေးကင်း ရန်ကင်းနဲ့ သမီးလေးတွေကို ကယ်နိုင်ပါစေတော့'

သမီးရှင် မိန်းမကြီးတစ်ယောက်က လက်အုပ်ချီ၍ ဆုတောင်းလိုက်သည်။

*  *  *

ရှင်ချိတင်တို့လူစု ရွာကလေးအတွင်းသို့ ရောက်ရှိသွားကြ ချိန်တွင် ပြန်ပေးသမားများမှာ ရွာနှင့် အတန်လှမ်းသော တောင်မ်းတစ်နေရာတွင် ရောက်ရှိနေကြပြီ ဖြစ်သည်။

ပြန်ပေးသမားများမှာ အမှတ်အသား ကောင်းသော ရွာသားပြောင်က်သည့် အချိန်အတိုင်းပင် လူနှစ်ဆယ်တိတိ ရှိပေသည်။ သူတို့သည် ပြန်ပေးဆွဲလာခဲ့သော မိန်းကလေး သုံးယောက်ကို အလယ်တွင်ထားကာ ထိကပါး ရိကပါး ပြောသူကပြော မကြားဝံ့ မနာသာ ဆိုသူကဆိုနှင့် အပ အပင် အကြောင့်ကြမရှိသကဲ့သို့ သွားနေကြခြင်း ဖြစ်သည်။

သည်ကြားထဲတွင် မိန်းကလေးများကို တို့ကနန်း ဆိတ် ကနန်း ပြုလုပ်သူက ပြုလုပ်နေသေးသည်။



မိန်းကလေးများမှာ ကြိုးနှင့် တုပ်မထားသော်လည်း တစ်ဦးနှင့်တစ်ဦး ပူးကပ်၍ နောက်ဘက်သို့ တကြည့်ကြည့် နှင့် လျှောက်နေကြသည်။

'ဟေ့....ရှေ့ကို ဖြောင့်ဖြောင့် လျှောက်ကြစမ်း၊ နင်တို့ နောက်ကို ဘယ်သူလိုက်ပြီး ကယ်နိုင်မယ်ထင်လို့လဲ'

ဓားပြတစ်ယောက်ကပြောရင်း အညိုရောင် ချည်ထည် တ်ရှည်နှင့် မိန်းကလေးကို အသားချင်းထိလိုသည့် ရည်ရွယ် ချက်ဖြင့် ပခုံးကို လှမ်း၍ ဆုပ်လိုက်၏။

မိန်းကလေးက အတင်းရုန်းပြီး ရှေ့သို့ တိုးသွားသည်။ ထိုမိန်းကလေး၏ ညာဘက်ဘေးမှ မိန်းကလေးက ဓားပြကို မကျေမနပ်နှင့် တစ်ချက် ပြန်ကြည့်သည်။

'မင်းက ဘာပြန်ကြည့်တာလဲ'

ဓားပြက ပြောရင်း ပြန်ကြည့်သည့် မိန်းကလေးဘေးသို့ ကပ်သွားပြီး....

'မင်းကို မကိုင်လို့ မကျေနပ်တာလား'

ပြောပြောဆိုဆို မိန်းကလေး၏ လက်မောင်းကို ရှက် ဘရက် ဖမ်းဆုပ်လိုက်၏။ ထိုမိန်းကလေးကား ရွာတွင် ဆတ် ဆတ်ကြဲ မိန်းကလေးတည်း။

မိန်းကလေးက အဆွဲခံရသည့်လက်ကို မရုန်းဘဲ အလိုက် သင့် လျှော့၍ ဓားပြ၏ နံဘေးကို တံတောင်နှင့် တွတ် လိုက်သည်။ အတွင်းအားမရှိ၍သာ အတွင်းအားသာရှိလျှင် အင်ချက်တည်းနှင့် ပွဲပြီးသွားနိုင်သော တိုက်ကွက်င် ဖြစ် သည်။

'ဒုတ်....'

'အာ့....'

ဓားပြမှာ မထင်မှတ်ဘဲ ခံလိုက်ရသောကြောင့် အတော် အောင့်သွားသည်။ မိန်းကလေး၏လက်ကို လွှတ်လိုက်မိပြီး အောင့်သွားသောနေရာကို လက်နှင့်ဖိလိုက်၏။

'ဟေ့....ဒီဟာမအေးက တယ်စွာပါလား'

'အကြောင်းပြလိုက်မှနဲ့ တူတယ်'

ကျန်သည့် ဓားပြလေးယောက်က တစ်ယောက်တစ်ပေါက် ပြောရင်း မိန်းကလေးအနားသို့ တိုးကပ်လာကြသည်။ မိန်း ကလေးက ထိုဓားပြများကို စူးစူးရဲရဲကြည့်ရင်း....

'ရှင်တို့ ကျွန်မအသားကို မထိနဲ့၊ သတ်ချင်ရင် အခု ချက်ချင်းသတ်လိုက်'

မကြောက်မရွံ့ပင် ပြောလိုက်သည်။ ထိုအခိုက် တခြား မိန်းကလေးနှစ်ယောက်က သူမ၏ နောက်ဘက်တွင် ကပ်နေ ကြသည်။

တံတောင်နှင့် အတွက်ခံရသော ဓားပြက မိန်းကလေးကို ရိုက်တော့မလို လက်ရွယ်လိုက်ပြီး....

'တောက်....ငါရိုက်လိုက်ရ သေတော့မယ်၊ ဒီလောက် တောင် ကြွပ်ဆတ်ဆတ်နိုင်တဲ့ဟာတော့ စခန်းရောက်ရင် တွေ့ကြသေးတာပေါ့'

'ကျွန်မကလဲ အသေခံဖို့ အသင့်ပါပဲ၊ ဒါပေမယ့် အစော် ကားတော့ ခံမယ်မထင်နဲ့'



မိန်းကလေးက တစ်ခွန်းမှမခံဘဲ ပြန်ပြောသည့်အတွက် ...ပြောခံရသော ဓားပြမျက်နှာကြီး မည်းသွားသည်ကိုကြည့် ...တခြား ဓားပြတစ်ယောက်က ရယ်သည်။ပြီးမှ....

'ဟေ့ကောင်....အခုအချိန်မှာ မင်းရိုက်လို့မရသေးဘူးကွ ...သူက ရွှေဒင်္ဂါးတစ်ရာတန်နေတာကွ'

'အေး....လာမရွေးလို့ကတော့ အတွေ့ပေါ့ကွာ'

ထိုအခါ ရယ်သည့်ဓားပြက ရွှေဆုံးမှ လျောက်သွားနေ ...သော ခေါင်းဆောင်ဖြစ်သူကို လက်ညှိုးညွှန်ရင်း....

'အဲဒီတော့လဲ မင်းတွေလို့ မရသေးဘူး'

ထိုအခါ ကျန်သည့်ဓားပြများက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ...မောကြသည်။သူတို့ ရယ်မောသံများမှာ အတော်ကျယ် ...သောကြောင့် ရွှေဆုံးမှ လျှောက်သွားနေကြသော ...ပြခေါင်းဆောင်မှာ သူတို့ပြောသည်ကို မသိဘဲ နောက် ...ဘက်သို့ လှည့်၍....

'မင်းတို့က တစ်ယောက်ကို ရွှေဒင်္ဂါးတစ်ရာနဲ့တွက်ပြီး ...များနေကြတယ် ထင်တယ်၊ ငါတော့ ပြောသာပြောခဲ့ရ ...ထွက်မယ်မထင်ဘူးဟေ့'

'မရွေးတော့လဲ မရှုံးပါဘူးဆရာရယ်'

ဓားပြတစ်ယောက်က ရယ်မောသံစွက်လျက် ဝင်ပြော ...သည်။ခေါင်းဆောင်က....

'ခွေးကောင်....အခုအချိန်က ရွှေနဲ့ငွေရအောင် ရှာရမယ့် ...ချိန်ကွ၊အခု ငါစဉ်းစားနေတာက ဒီလိုရွာကလေးတွေ ...တိုက်နေလို့ကတော့ အရိုးကြားမှာကပ်နေတဲ့ အသားကို

စားရသလိုပဲ ဖြစ်နေမှာကွ၊တို့တစ်တွေ မြို့ပေါ်တက်ပြီး ကြ
ကြံစည်ကြမှ ကောင်းမယ်ထင်တယ်'

'ဒီမှာက ကိုယ့်ကို ဘယ်သူကမှ မော့မကြည့်ဝံ့တာကိုပဲ
တွေ့ါသင့်တာပေါ့ ဆရာကြီးရယ်'

ဓားပြတစ်ယောက်က စဉ်းစားရင်းဝင်ပြောသည်။ခေါင်း
ဆောင်က....

'ကြောက်ပေမယ့် ရွှေနဲ့ငွေကတို့အိတ်ထဲမှ မရောက်ဘဲကွ
ရွာဆေးလေးတွေမှာ ငမ့်ဝေတွေချည်းပဲဟာ၊ မြို့ပေါ်မှာတ
တစ်ချက်ကောင်းမိလိုက်တာနဲ့ ဒီဘက်မှာ ဆယ်ကြိမ်စာ
လောက်ဇကာ ရမှာကွ'

မစားရ ဝမခန်း ပြောလိုက်၏။ခေါင်းဆောင်၏ စကာ
အဆုံးတွင်အသက်ကြီးကြီး ဓားပြတစ်ယောက်က....
ကျွန်တော် ကြားထားတာတစ်ခုတော့ရှိတယ် ဆရာ
ကြီး'

'ဘာလဲကွ ပြောစမ်းပါဦး'

'မြို့ပေါ်တွေမှာ သူ့အပိုင်းနဲ့သူ ...ယ်ရေး အဖွဲ့တွေ
ဆိုလားပဲ ဖွဲ့လိုက်ကြပြီတဲ့၊အရင်က မြို့ပေါ်မှာ အရချောင်
တာ အမှန်ပဲတဲ့၊ပြီးခဲ့တဲ့အပတ်ထဲက တာဝပ်မြို့ပေါ်ကို ဝ
တိုက်တဲ့ ဓားပြသုံးဖွဲ့စလုံး သေသတဲ့'

ထိုစကားကြောင့် ဓားပြခေါင်းဆောင်က ပခုံးတွန့်လိုက်
ပြီး....



'မင်းသတင်းက ဟုတ်မှဟုတ်ရဲ့လားကွာ၊ဒါမှ မဟုတ်ရင်
ဝင်တိုက်တဲ့ ဓားပြသုံးဖွဲ့ဆိုတာ ထက်ဖွဲ့ကို လူငါးယောက်
ယောက်ရှိတဲ့ အဖွဲ့တွေလားကွာ'

'မဟုတ်ဘူး....ဆရာကြီး၊သေကုန်တယ်ဆိုတဲ့ အဖွဲ့သုံးဖွဲ့ထဲ
ကျွန်တော်သိတဲ့အဖွဲ့ဆိုရင် ကျွန်တော်တို့ထက်တောင် လူ
င်အားတောင့်သေးတယ်'

'ဟေ....ဘယ်အဖွဲ့'

ခေါင်းဆောင်ဖြစ်သူမှာ မည်သည့် အဖွဲ့ဆိုသည်ကို မေး
ပြောလိုက်ရင်း စကားမဆုံးဘဲ ရပ်သွားသည်။မျက်မှောင်
လည်း ကုတ်လိုက်၏။

'ဟော....'

ဓားပြတစ်ယောက်ကလည်း ထိတ်လန့်သံမျိုးပြု၏။ သူ့
နောက်ဘက်ဆီမှ အသံကြားလိုက်ရသောကြောင့် ဖြစ်
ည်းထိုအသံများသည် သစ်တောကြောင့် ရုတ်တရက်မြည်
သည့်အသံဟူ၍ မခွဲခြားနိုင်အောင် လုံးထွေးနေသော်လည်း
မှာပင် အပြင်းစိုင်းနှင်လာသော မြင်းခွာသံများဖြစ်
ကြောင်း ဧဝချာသွားသည်။

'ရွာသားတွေ လူစုပြီး လိုက်လာကြပြီနဲ့ တူတယ်'

ဓားပြတစ်ယောက်က ဓားအိမ်ထဲမှ ဓားရိုးကိုဆုပ်ကိုင်
လိုက်ရင်းပြောသည်။ခေါင်းဆောင်ဖြစ်သူက ဓားပြကို မျက်
စောင်းထိုးရင်း....

'မင်းကြီးတော်ကြီးပဲ ရွာသားတွေလိုက်လာကြပါမလား မြင်းခွာသံ ကြားနေရတဲ့ဟာ၊ အဲဒီရွာမှာ မြင်းနဲ့တူ အကောင်တောင် ရှိလို့လား'

'မြည်းပိန်လေးတစ်ကောင်တော့ ကျွန်တော် တွေ့ခဲ့တယ် ဆရာကြီး'

တခြား ဓားပြတစ်ယောက်က ဝင်ပြောလိုက်ရာ ခေါင်း ဆောင် ဓားပြက ထိုလူကို ပျစ်ပျစ်နှစ်နှစ် ဆဲရေးလိုက် သည်။

'ဒီနားက တခြားရွာတွေမှာလဲ မြည်းရယ်လို့ သိပ်မတွေ့ ပါဘူး'

ဓားပြတစ်ယောက်ကမူ သူ့ဘာသာ ပြောသလို ပြော သည်။

'ဟေ့…ဘာဖြစ်ဖြစ် တွေးမနေနဲ့၊ ကောင်မလေး သုံး ယောက်ကို မြင်းတို့ထဲက သုံးယောက်က လမ်းဟိုဘက် တောထဲ ခေါ်သွား၊ ဒီကနေ မမြင်ရတဲ့နေရာမှာ ထား အသံမထွက်စေနဲ့၊ ကျန်တဲ့ကောင်တွေက ဒီဘက်မှာ သစ်ပ တွေကို ကွယ်နေစမ်း'

ခေါင်းဆောင်ဖြစ်သူက ပြောလိုက်ရာ….

'လာကြစမ်း'

စောစောက တံတောင်နှင့် အတွက်ခံရသည့် ဓားပြ မိန်းကလေးတစ်ယောက်၏ လက်မောင်းကို တအားဆုပ်ည ၍ လမ်းတစ်ဖက် သစ်ပင်များကြားသို့ ခေါ်သွားသည်



သော် သူခေါ်သွားသည့် မိန်းကလေးမှာ တံတောင်နှင့် တွက်ခဲ့သည့် မိန်းကလေး မဟုတ်ချေ။

တခြားမိန်းကလေးတစ်ယောက်သာ ဖြစ်၏။ တံတောင် ပြန်တွက်ခဲ့သည့် မိန်းကလေးမှာ မည်သူ့ ဆွဲအခေါ်မှ ဘဲ သူ့ဘာသာပင် ရှေ့ဆုံးမှ ဆွဲသွားသည့် မိန်းကလေး နောက်သို့ လိုက်သွားရာ ကျန်သည့် မိန်းကလေးကလည်း ဘားမှ ကပ်လိုက်သွားသည်။ ဓားပြနှစ်ယောက် ထို မိန်း လေးနှစ်ယောက်နောက်မှ ကပ်လိုက်သွားကြသည်။

ဓားပြခေါင်းဆောင်က မိန်းကလေးများကို ခေါ်သွား ည့်ဘက်မှ သစ်ပင်ကြီးတစ်ပင်နားတွင် ကပ်ကာ ကွယ်ရပ် ည်။

ကျန်သည့် ဓားပြများက လမ်းတစ်ဖက်ရှိ သစ်ပင်များ တွင် လက်နက်များကို အဆင်သင့်ကိုင်၍ နေရာယူ ပုန်းကွယ် ကြသည်။

မြင်းများကို ဇက်ကုန်ဖွင့်၍ လိုက်လာကြသော ရှင်ချိတင် လူစုသည် ဓားပြများ ပုန်းကွယ်နေသောနေရာနှင့် ပေ ဘကျော်မျှအကွာသို့ အရောက်တွင် မြင်းများကို အရှိန် ၍ ရပ်တန့်လိုက်ကြသည်။

အဘချွန်က မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီး လမ်း ါ်မှ ခြေရာများကို ကြည့်သည်။

'ဒီလမ်းအတိုင်းသွားတာ သေချာတယ်'

အဘချွန်က ပြောသည်။

'သူတို့ပြောလိုက်တဲ့ နတ်ကျောင်းပျက်ဆိုဘာက ဒေါ်[illegible] တော် ဝေးသေးလား မသိဘူး'

တပ်ဗိုလ် ကုချင်းဖန်ကပြောသည်။ ရှင်ချိုတင်က....

'တို့တစ်တွေ အလာတုန်းကလဲ ဒီလမ်းကပဲ လာခဲ့ကြတာ[illegible] ပဲ၊ တို့က မြန်မြန် ရောက်အောင်သာ ဇုန်းစိုင်းလာကြတော့[illegible] မမှတ်မိတော့ဘူး'

ထိုအချိန်တွင် တစ်ချိန်လုံး စကားတစ်လုံးမျှ မပြောခဲ့ဘဲ[illegible] လိုက်လာခဲ့သော ဟိုမင်တင်က မျက်မှောင်ကုတ်၍ တွေး[illegible] ရာမှ....

'ရှာသားတွေပြောတဲ့အတိုင်းဆိုရင် ဓားပြတွေထွက်သွား[illegible] တဲ့ အချိန်နဲ့ ကျွန်တော်တို့ရောက်သွားတဲ့အချိန်ဟာ ဘာ[illegible] မကွာဘူးလို့ ထင်တယ်၊ ပြီးတော့ ဓားပြတွေက ဒီအတိုင်[illegible] ခြေကျင်သွားကြတာ၊ ကျွန်တော်တို့က မြင်းကိုဇက်လွှတ်[illegible] လိုက်ခဲ့တာ၊ ပြီးတော့ ကျွန်တော်တို့ အခုနေနဲ့ မမီ[illegible] အကြောင်းကို မရှိဘူး၊ ဖြစ်နိုင်တာက ကျွန်တော်တို့ စီး[illegible] တဲ့ မြင်းခွာသံတွေကို ကြားလို့ ဓားပြတွေပုန်းနေတာပဲ ဖြ[illegible] နိုင်တယ်'

ပြောလိုက်၏။ ထိုအခါ တပ်မှူးရှင်ချိုတင်က လက်ဖျော[illegible] တီးလိုက်ပြီး....

'သေချာပြီ'

'ဒီလိုဆိုရင် ကျွန်တော်တို့တစ်တွေ ကျော်များလာခဲ့[illegible] လား မသိဘူး'

တပ်ဗိုလ်ဟာရှမ်းက လွှတ်ခနဲပြောလိုက်၏။ အဘအချိန်က[illegible]



'မကျော်နိုင်ပါဘူး၊ ဒီခြေရာတွေဟာလတ်လတ်ဆတ်ဆတ် [illegible]ရှိနေသေးတာပဲ၊ ရွာသားတွေပြောလိုက်တဲ့ ဓားပြ အရေ[illegible]တွက်နဲ့လဲ ကိုက်နေတယ်၊ ဟောဒီမှာကြည့်စမ်း၊ ပူးကပ်နေ[illegible] ခြေရာသုံးစုံဟာ ပြန်ပေးအဆွဲခံရတဲ့ မိန်းကလေးတွေရဲ့ [illegible]ခြေရာတွေဆိုတာ သေချာနေတယ်'

'ဒီလိုဆိုရင် ကျွန်တော်တို့တစ်တွေ မြင်းမစီးဘဲ ခပ်သွက်[illegible] လိုက်ကြရင်ကောင်းမယ်၊ နေက အားတော်နည်းနေပြီ'

[illegible]ဗိုလ်စူးမိန်တန်က ပြောသည်။

# ( ၁၀ )

'ဟုတ်တယ်....အဲဒီအတိုင်းပဲ လိုက်ကြရအောင်'

တပ်မှူး ရှင်ချီတင်က ပြောလိုက်ပြီး မြင်းပေါ်မှ ဆင်း

ကျန်လူများကလည်း မြင်းပေါ်မှ ဆင်းလိုက်ကြသည်။

တပ်မှူး ရှင်ချီတင်က....

'ကဲ....သွားကြရအောင်'

'နေဦးဗျ'

ဟိုမင်တင်က တားလိုက်ပြီး....

'အခု ကျုန်တော်တို့က ခုနစ်ယောက်နော်၊ ငါးယောက်

ဒီလမ်းအတိုင်းလိုက်ပြီး လမ်းရဲ့ ဟိုဘက် ဒီဘက် တောထဲ

က တစ်ယောက်စီက ကိုယ်ရောင်ဖျောက်ပြီး လိုက်ကြရင် မကောင်းဘူးလား’

အများဆန္ဒကို ဘောင်းခံသလိုပြောသည်။ တပ်မှူး ရှင်ချီတင် သဘောကျသွားသည်။

‘ကောင်းတယ်....ဓားပြတွေက တို့လာတာကို ကြို့မြင်ပြီး ပုန်းနေနိုင်တာပေါ့....မဟုတ်ဘူးလား’

သူ့တပ်ဗိုလ်များနားလည်အောင် ထပ်၍ပင် ရှင်းပြလိုက်သေးသည်။ တပ်ဗိုလ်များကလည်း ဟိုမင်တင်ပြောလိုက်သည်နှင့် သဘောပေါက်ကြပါသည်။

ထို့ကြောင့် သေးယန်နှင့် ကုချင်းတို့က လမ်းတစ်ဖက်စီသို့ သွားကြမည်ဖြစ်သည်။ တကယ်တွင် ဤသို့သွားခြင်းမှာ မြင်မြင်ထင်ထင် လမ်းပေါ်မှသွားခြင်းထက် ပိုမို၍ အန္တရာယ်များပေသည်။

ထို့ကြောင့် ဟိုမင်တင်က....

‘ခင်ဗျားတို့တော့ လမ်းပေါ်ကသွားကြပါ၊ ကျွန်တော်နဲ့ အဘချွန် တစ်ဖက်စီခွဲပြီး လိုက်ပါ့မယ်’

ပြောပြောဆိုဆို လမ်း၏လက်ယာဘက် တောတွင်းသို့ ဝင်သွားသည်။ အဘချွန်ကလည်း အချိန်မဆိုင်းဘဲ လက်ဝဲဘက် တောထဲသို့ ဝင်သွားသည်။

တပ်မှူး ရှင်ချီတင်တို့လူစုက အဘချွန်နှင့် ဟိုမင်တင်တို့၏ မြင်းများကိုပါဆွဲ၍ လမ်းအတိုင်း ဆက်လျှောက်သွားကြသည်။



ဓားပြများမှာ ခပ်စိုက်စိုက်ကွေ့နေသော လမ်းကြောင်းဆီသို့ လူစုခွဲလာကြသည်ကို မမြင်ကြရချေ။ သို့သော် အမြင်းစီးလာသော မြင်းများကိုရပ်၍ လမ်းလျှောက်ရင်းဆွဲလာကြသည်ကို တွေ့သောအခါ သဘောကျသွားသည်။ လူကလည်း ငါးယောက်တည်းသာ ဖြစ်သောကြောင့် အင်အားသာလွန်သော သူတို့အနေဖြင့် မြင်းများကိုပါ ရတော့မည်ဟု ဝမ်းသာနေကြသည်။

တပ်မှူး ရှင်ချီတင်တို့လူစုမှာ ပုန်းကွယ်နေသော ဓားပြများကို မမြင်ဘဲလျှောက်လာကြရာ ဓားပြများ စောင့်နေသော နေရာသို့ ရောက်လာ၏။

‘ဟေ့ကောင်တွေ....ရပ်လိုက်ကြစမ်း’

ဓားပြခေါင်းဆောင်၏အသံ ထွက်ပေါ်လာပြီး လူအပေါ သစ်ပင်ကွယ်မှ ထွက်လာသည်။

ထို့နောက် တခြား ဓားပြများကပါ ပုန်းကွယ်နေရာများမှ ထွက်လာကာ လမ်းဘေးဝဲယာမှနေ၍ ရှင်ချီတင်တို့ကို ဝိုင်းရံထားသည့် အနေအထားမျိုး ယူလိုက်ကြသည်။

ဓားပြခေါင်းဆောင်က သူ့ကိုယ်သူ ခန့်ညားသည့်အသွင်မျိုး ဆောင်ကာ လက်နှစ်ဖက်ကို ပိုက်လိုက်ပြီ....

‘မင်းတို့က ဘယ်သွားကြမလို့လဲ’

စိတ်ဆတ်သော တပ်ဗိုလ် လေးယန်က....

‘ဘယ်မှမသွားဘူး၊ မင်းတို့နောက် လိုက်လာတာ’

‘အို....ဘာကိစ္စလဲ’

ဓားပြခေါင်းဆောင်က မျက်လုံးကိုပြူးလျက် ပြော၏။ လေးယန်က ရှင်း၍ပြတ်သူ....

'မင်းတို့ ဖမ်းခေါ်သွားတဲ့ မိန်းကလေးသုံးယောက်ကို ပြန်ခေါ်မလို့'

'အ....ဟိုး....ဟိုး....ရွှေဒင်္ဂါးသုံးရာ ပါတယ်ပေါ့....ဟုတ်လား'

ဓားပြခေါင်းဆောင်က လှောင်သံဖြင့် မေးသည်။ လေးယန်မှာ ဓားပြခေါင်းဆောင်ကို အလွန်မြင်ပြင်းကပ်နေပြီး ဖြစ်သောကြောင့်....

'အေးပါကွ....ဒါပေမယ့် မင်းတို့ကို ပေးဖို့တော့ မဟုတ်ဘူး၊ ငါတို့ သုံးဖို့စွဲဖို့ပဲ၊ မင်းတို့အတွက် ပါလာကတော့ ဓားပဲ'

'အဟက်....အဟက်....ဟက်'

ဓားပြခေါင်းဆောင်က မရယ်ချင်ဘဲ ရယ်လိုက်ပြီး....

'တကယ့်သူရဲကောင်းကြီးတွေပါလား'

ပြောလိုက်ရာ ဝိုင်းရံနေသော ငယ်သားတပည့်များအလည်း ဝိုင်းရယ်ကြသည်။ လေးယန်က....

'သူရဲကောင်းလား ဘာလား ပြောမနေနဲ့၊ မင်းနဲ့ငါနဲ့ တစ်ယောက်ချင်း ယှဉ်ကြည့်ပါလား'

ပြောလိုက်ရာ ဓားပြခေါင်းဆောင်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး....

'မင်းက ဇက်ကောင်းလို့ ဓားတောင်းတာပေါ့....ဟုတ်လား၊ ဟေ့ကောင်တွေ အကြောင်းပြလိုက်ကြစမ်း'



သူ့တပည့်များကို အမိန့်ပေးလိုက်သည်။ ထိုအခါ ဝိုင်းရံနေသော ဓားပြများက လေးယန်တို့လူစုဆီသို့ ချဉ်းကပ်လာကြသည်။

'မင်းတို့လောက်တော့ကွာ ဓားတောင် အယားပြေပါ့လားမသိဘူး'

'ရှမ်း....'

လေးယန်က ပြောပြောဆိုဆို ဓားကို ဆွဲထုတ်လိုက်သည်။ လေးယန်ဓားကို ဆွဲထုတ်လိုက်ပုံက အဆင့်မြင့်သည်။ ဓားသွားခါခြင်း စားယမ်းခြင်း မရှိ။

ထိုသည်ကို ဓားပြခေါင်းဆောင် သတိပြုမိပုံရသည်။ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။

'လာကြစမ်းပါကွ၊ ခပ်မြန်မြန် လာကြစမ်းပါ'

လေးယန်က ကျိတ်မနိုင် ခဲမရ လေသံမျိုးဖြင့်ပြောလိုက်ရာ ဓားပြများမှာ လူအင်အား များသော်လည်း ကြောက်စိတ်ကင်းလှသော အသံနှင့် အမူအရာကြောင့် ရပ်တန့်၍ သွားကြ၏။

'ဝင်တိုက်ကြပါတော့လား'

ဓားပြခေါင်းဆောင်က လည်ချောင်းကွဲသံကြီးနှင့် အော်လိုက်သည်။

'ယား....'

'ကျား....'

ဓားပြကလည်း လေးယန်တို့လူစုံထံ အော်ဟစ်မာန်သွင်း ပြေးဝင်လာကြသည်။ လေးယန်ကလည်း ဓားပြခေါင်း

ဖဆောင်ဆီသို့ ပြေးဝင်သွားသည်။ သို့သော် ဓားပြ ခေါင်း ဆောင်ဆီသို့ လေးယန် မရောက်မီ ဓားပြနှစ်ယောက်က လေး ယန့်ရှေ့မှ ဖြတ်ဝင်လာကြသည်။

လေးယန် လှုပ်ရှားလိုက်သည်။ ဓားရောင် လက်ခနဲ ဖြစ် သွားပြီး....

'ဒုတ်...'

'ရှပ်....'

'အား....အီး'

ဓားပြနှစ်ယောက်က အော်ဟစ်ရင်း ဗိုင်းခနဲလဲကျသွား သည်။ လက်ရည်ချင်း နည်းနည်းမှမမျှ၊ တပ်မှူး ရှင်ချိတင် နှင့် တခြားတပ်ဗိုလ်များသည်လည်း တခြားငါးယောက်ကိုခုတ် လှဲချလိုက်ပြီး ဖြစ်သွားသည်။

သွေးညှီနံ့ ထောင်းထောင်းထ,လာသည်။

မည်သူမျှ အကြောက်တရားကင်းသည်မရှိ။

ယုံကြည်ချက် ကင်းမဲ့၍ အသိတရား နည်းပါးသော လူဆိုးများဆိုတော့ ပိုဆိုးသည့်အခါဆိုင်၍တိုက်လိုက်ရုံမျှနှင့် မိမိတို့ဘက်မှ လူခုနစ်ယောက် သွေးရဲရဲနှင့် ဗုန်းဗုန်းလဲကျ သွားသည်ကို မြင်လိုက်ရသော ဓားပြများမှာ ကြောက်စိတ် မွန်သွားကြတော့သည်။

ခြေဦးတည့်ရာသို့ ပရမ်းပတာ ထွက်ပြေးကြတော့သည်။ လမ်း၏ လက်ဝဲဘက်သို့ ဝင်ပြေးမိသော ဓားပြများမှာ မှော ထပ်မံ၍ ကံဆိုးကြပြန်သည်။ ထိုဘက်သို့ ပြေးသွားသော



ဓားပြငါးယောက်အနက် သုံးယောက်ကို အဘချုန်ကခုတ်ချ လိုက်သည်။

ထိတ်လန့်နာကျင်စွာ အော်ဟစ်သံများက ဆိပ်ကမ်း ဘက်ရန် ပျံလာသော ငှက်များကိုပင် လန့်ပျံစေကုန်တော့ သည်။

အော်ဟစ်သံစဲသောအခါ ထိုအနားတွင် အသက်ရှင် ကျန်ရှိသော ဓားပြဟူ၍ တစ်ယောက်မျှ မရှိတော့။ လေး ယန့်မှာ ဓားပြခေါင်းဆောင်ကို မမိလိုက်သောကြောင့် ဒေါက်ခေါက်နေသည်။

'လူကလေးရော'

အဘချုန်က သူ့ဓားတွင် ပေသွားသော သွေးများကို သုတ်ရင်းမေးသည်။

ဟုတ်သည်။ ဟိုမင်တင်ဘက်က ဘာသံမှ မကြားရ၊ ဟိုမင် တင်ကိုလည်း မတွေ့ရချေ။ တပ်မှူး ရှင်ချိတင်က ဘာမျှပြန် မပြောဘဲ ဟိုမင်တင်ဝင်သွားသော လက်ယာဘက်တောထဲသို့ ဝင်သွားလေသည်။

( ၁၁ )

ပြန်ပေးဆွဲလာခဲ့သော မိန်းကလေး သုံးယောက်အနက် တစ်ယောက်၏ လက်မောင်းကို ဆွဲ၍ ရှေ့ဆုံးမှဝင်သွားသော ဓားပြသည် အကြံသမားဖြစ်သည်။ ယုတ်မာသူလည်း ဖြစ်သည်။

ထိုလူသည် အကြံအစည် ပြူစားနှင့်သူ ဖြစ်သောကြောင့် မိန်းကလေးများကို လမ်းနှင့်အတော်ဝေးသော နေရာသို့ ခေါ်လာခဲ့၏။ ထို့နောက် မဟုတ်မခံ ဆတ်ဆတ်ကြဲ မိန်းကလေးနှင့် တခြားမိန်းကလေးကို တခြားဓားပြနှစ်ယောက်နှင့်

ထားခဲ့ပြီး သူဆွဲခေါ်လာခဲ့သော မိန်းကလေးကို ခပ်လှမ်း
လှမ်းရှိ ချုံကွယ်တစ်ခုသို့ ခေါ်သွား၏။

ထိုအခါ တခြားဓားပြတစ်ယောက်က....

'ဟေ့ကောင်....ဘယ်ခေါ်သွားမလို့လဲ၊ ဒီမှာပဲ နေပါ
လား'

ပြောသည်။ ထိုဓားပြက မိန်းကလေး လက်မောင်းကို
ဆွဲထားရင်း....

'မေးစရာရှိလို့ကွ၊ သူတို့ရွာထဲမှာ တခြား ချမ်းသာတဲ့
လူတွေ ရှိသေးသလား ဒမေးရဦးမယ်'

ပြောပြောဆိုဆို မိန်းကလေးကို ဆွဲခေါ်သွားသည်။ ဆွဲ
အခေါ် ခံရသော မိန်းကလေးမှာ အသက် တစ်ဆယ့်ခုနစ်
နှစ်မျှသာ ရှိသေး၏။ ပြန်ပေးဆွဲလာသော မိန်းကလေးသုံး
ယောက်တွင် သေးသေးသွယ်သွယ်နှင့် အချောမောဆုံးလည်း
ဖြစ်၏။ ပြီးတော့ အကြောက်တတ်ဆုံးလည်းဖြစ်သည်။

မိန်းကလေးသည် သူတစ်ယောက်တည်း ဆွဲခေါ်သွား
သည်ကို မလိုက်လိုသောကြောင့် ကြောက်ကြောက်နှင့် ရုန်း
သည်။

'အောင်မာ ကောင်းကောင်းခေါ်လို့ ကောင်းကောင်း
မလိုက်ဘူးလား'

ဓားပြက ပြောပြောဆိုဆိုနှင့် ဆောင့်ဆွဲလိုက်ရာ မိန်း
ကလေးမှာ ဟပ်ထိုးလဲတော့မလိုပင်ဖြစ်သွားပြီး ပါသွား
၏။ ထိုအခါ ဆတ်ဆတ်ကြဲမိန်းကလေးက....

'ရှင် မတရားမလုပ်နဲ့ ရှင့်အမီးလောက်ပဲရှိသေးတယ်'



ပြောလိုက်ပြီး ပြေးလာမည်ပြု၏။ ထိုအခါ ဓားစာ
...င် ဆတ်ဆတ်ကြဲ မိန်းကလေးကို ကြည့်မရဖြစ်နေသော
...ပြက ရုတ်တရက် ဆောင့်တွန်းလိုက်ပြီး....

...နင်တကယ်စွာပါလား တို့က ညှာနေလို့ ကိုယ့်ကိုယ်ကို
...တ်အောက်မေ့နေသလား

ဆောင့်အတွန်းခံရသော မိန်းကလေးမှာ လဲသွားသည်။
...ဘင်နှင့်တောက်၍ လဲသွားခြင်းဖြစ်သောကြောင့် ပွန်း
...ာ တံတောင်ဆစ်မှ သွေးများထွက်လာ၏။ မိန်းကလေး
...် လဲနေရာမှ လျင်မြန်စွာထလိုက်ကာ....

ခွေးကြီး'

ဒေါသနှင့် စူးရှစွာအော်ဟစ်လိုက်ပြီး တွန်းလိုက်သော
...ပြကို ဝင်လုံးသတ်သည်။ တကယ်တွင် မိန်းကလေးမှာ
...ရှိသူသာဖြစ်၍ မည်သည့်ကိုယ်ခံပညာမှ တတ်သူမဟုတ်။
...ကြောင့် အလုံးခံရသောဓားပြက ဆောင့်တွန်းလိုက်သော
...ါ ပက်လက်လန် လဲကျသွားပြန်သည်။ သို့သော်
...ပြမှာလည်း မျက်နှာတွင် ကုတ်ဆွဲမိသွားရာ သွေးများစို့
...လာသည်။

...ားပြမှာ မျက်နှာကြီး ရဲလာအောင် ဒေါသဖြစ်လာ

...အင်း....နင်က သိပ်ပြီး ကြမ်းချင်တယ်ပေါ့ ဟုတ်လား၊
...နင်က ဒီလိုမှသဘောကျရင် ငါကလဲ ကြမ်းပြရသေး
...ပေါ့'

ပြောရင်း ပြန်ထလိုက်သော ဆတ်ဆတ်ကြဲ မိန်းကလေး အနီးသို့ တိုးဝင်သွားသည်။

ထိုအခါ ကျန်သော မိန်းကလေးက....

'မလုပ်ပါနဲ့ မလုပ်ပါနဲ့'

အော်ပြီးငိုသည်။

'ဟိတ်....တိတ်စမ်း'

ငိုသောမိန်းကလေးကို စောင့်ကြည့်နေသည့် ဓားပြက အော်သည်။ ထိုအချိန်တွင် အကြံသမားဓားပြက သူ ဖမ်းထားသော မိန်းကလေးကို အတင်းဆွဲသွား၏။

ကုတ်ဆွဲခြင်းခံရသောဓားပြက ဆတ်ဆတ်ကြဲမိန်းကလေးကို လှမ်းဆွဲလိုက်ရာ အင်္ကျီလက်မောင်းကို ဆွဲမိသွားသောကြောင့် အင်္ကျီ လက်မောင်းရင်း နေရာမှ ပြဲထွက်ပါသွားသည်။

'လွှတ်....လွှတ်၊ လူယုတ်မာကြီး'

ချုံနောက်သို့ ဆွဲအခေါ်ခံရသောမိန်းကလေး၏အော်သံ ထွက်လာ၏။

ထို့နောက် ထုရိုက်သံ တွန်းလှဲသံ။

'အား'

မိန်းကလေး၏ အထိတ်တလန့်အော်သံ။

ထို့နောက် အော်သံ တိုးခနဲရပ်သွားပြီး ငြိမ်သက်သွားသည်။

ပြဲပါလာသော အင်္ကျီလက်မောင်းစကို ကိုင်ထားသည့် ဓားပြက ချုံဘက်သို့လှမ်းကြည့်ပြီး စပ်ဖြဲဖြဲဖြစ်လာကာ...



'နှင့်ကိုလဲ အဲသလိုငြိမ်းအေးကျွေးရမယ်'

ပြောပြီး အင်္ကျီ လက်မောင်းပြဲကို လွှင့်ပစ်လိုက်သည်။ ...နောက် ဆတ်ဆတ်ကြဲမိန်းကလေးအနီးသို့ တိုးကပ်လာသည်။

ဆတ်ဆတ်ကြဲ မိန်းကလေး ပထမဆုံး အကြိမ် အဖြစ် ...ဘက်သို့ ခြေတစ်လှမ်းဆုတ်သည်။ ထိုစဉ်....

'...ခွေးထက်ယုတ်မာတဲ့ကောင်တွေပါလား'

အလွန် စက်ဆုပ် ရွံရှာသော အသံဖြင့် ပြောလိုက်သော ...ားသံ ထွက်ပေါ်လာ၏။ ဓားပြနှစ်ယောက်ရော မိန်း...အား နှစ်ယောက်ပါ လှည့်ကြည့်လိုက်ကြသည်။

ချောမောခန့်ညားသော အသွင်အပြင်မျိုး ရှိသော်လည်း ...ဘတော၊ ရှုသိုးသိုးမျက်နှာမျိုးဖြစ်နေသည့် လူငယ် တစ် ...ာက်ကို မြင်လိုက်ရသည်။ အသက်ငယ်သော်လည်း အနက် ...င် ဝတ်စုံနှင့် ခက်ထန်သော မျက်နှာကြောင့် အသက် ...ကြီးသလို ထင်ရသည်။

ထိုလူငယ်သည် အော်သံထွက်လာခဲ့သော ချုံနောက်မှ ...လာခြင်းဖြစ်သည်။ ထိုလူငယ်သည် ခါးတွင် ယှည့်ထား... ဓားရှည်တစ်လက်ကို ကျောတင် သိုင်းလွယ်ထား...လည်း ထုတ်၍ကိုင်ဆောင်ထည့်ပုံမရှိ၊ လူရွယ်၏နောက် ...ကြောက်ရှုံ့ တုန်လှုပ်နေသော မိန်းကလေးက ရပ်...

စပ်ဖြီးဖြီး လုပ်နေခဲ့သော ဓားပြက သူ့ဆောင်ဓားကို ...တ်လိုက်ပြီး....

'မင်း ဘယ်သူလဲ'

'မင်းတို့ကိုသတ်ဖို့ လိုက်လာတဲ့လူ'

လူငယ်က အေးစက်စက်နှင့် ပြောလိုက်ရာ ဓား
မျက်နှာတင်ခတ်သွားသည်၊ ပြီးမှ....

'သေပေတော့'

ပြောပြောဆိုဆိုနှင့် လူငယ်ရှိရာသို့ ပြေးဝင်ကာ ပိုင်း
လိုက်သည်။ လူငယ်သည် ခန္ဓာကိုယ်ကို အနည်းငယ် ညွှတ်
ဘယ်ဘက်သို့ တိမ်း၍ ရှောင်လိုက်ပြီး ဓားပြ၏ ဓား
လက်ကောက်ဝတ်ကို ညာလက်ဖြင့် ဖမ်းဆုပ်လိုက်သည်။

တစ်ပြိုင်တည်းတွင် ဓားပြ၏လက်ကို ထမ်းထောင်နေရ
ဘယ်လက်ဖြင့် ဖမ်းဆွဲလိုက်၏။ ဓားပြသည် အရှိန်နှင့်
ခုတ်သူဖြစ်ရာ လူငယ်က လက်ကောက်ဝတ်နေရာကို အန
ငယ် ဆွဲလိုက်ရုံနှင့် ရှေ့သို့ ငိုက်ပါသွားပြီး သူ့ဓားနှ
အထိုးခံလိုက်ရသည်။

'စွပ်....'

'အု....'

ဓားပြမှာ ရင်ဝ ခေါင်းသို့ နစ်ဝင်သွားသော ဓား
ကြောင့် သူ့ကိုယ်သူ ပြန်မထိန်းနိုင်တော့ဘဲ ရှေ့သို့ မှေ
လျက်သား လဲကျသွားသည်။ ထိုအခါ ဓားရှည်အသွ
ဓားပြ၏ ကိုယ်လုံးကို ဖောက်၍ ကျောကုန်း အပြင်ဘ
တစ်တောင်ခန့်မျှ ထိုးထွက်လာ၏။

ဓားပြမှာ နည်းနည်းမျှ မလှုပ်တော့။



သတ္တိကောင်းလှသော ဆတ်ဆတ်ကြဲ မိန်းကလေးလည်း
တစ်ချက်အော်လိုက်သည်၊ ကျန်မိန်းကလေး နှစ်ယောက်မှာ
မူ မျက်လုံးကိုစုံမှိတ်ကာ ရှူးရှူးရှရှအော်နေတော့သည်။

## ( ၁၂ )

'ဝှစ်....'

'ဝှစ်....ဝှစ်'

တစ်ယောက်တည်းသာ ကျန်တော့သောဓားပြက လူငယ် နှင့်ထံသို့ ပြေးဝင်ကာ အဆက်မပြတ်ခုတ်ချသည်။ ဤဓားပြ မှာ သိုင်းပညာ အတန်တတ်ပုံရသည်။ သူ့ဓားချက်များမှာ ပြင်းသည်။ သို့သော် လူငယ်က ပထမဆုံး ကျရောက်လာသော ဓားချက် သုံးချက်ကို လွတ်ရုံမျှ တိမ်းရှောင်ပေးလိုက်ပြီး ဓားပြက နောက်တစ်ချက် ခုတ်ရန် ဓားကိုအမြှောက်လိုက်

တွင် လျပ်စီးလက်လိုက်သည့်နှယ်ပင် ဓားပြဖြစ်သူ၏ လည်မျို ဆီသို့ အနူဆုပ်လက်သီးနှင့် ထိုးချလိုက်သည်။
လည်ချောင်းရိုးကျိုးသံ ထွက်ပေါ်လာသည်။
ဓားပြမှာ ခေါက်ခနဲလဲကျသွားကာ ခြေထောက်များ အကြောဆွဲပြီး အသက်ပျောက်သွားသည်။ ထိုစဉ် ပြေးလာသော ခြေသံများ ကြားလိုက်ရပြီး....

'အား....'
ဆက်ဆတ်ကြဲမိန်းကလေး၏ စူးစူးရှရှအော်သံ....
'တစ်ယောက်မှ ငါ့အနားမကပ်ကြနဲ့၊ ဒီမှာမြင်လား'
ဓားပြခေါင်းဆောင်၏ အသံလည်း ထွက်ပေါ်လာ၏။
ဓားပြ ခေါင်းဆောင်သည် သတ္တိခဲ မိန်းကလေး၏ လည်ပင်းကို နောက်ဘက်မှနေ၍ ဘယ်လက်ဖြင့် သိမ်းညှပ် ထားပြီး ညာလက်မှ ဓားရှည်ဖြင့် မိန်းကလေး၏ ရင်ဝကို ထောက်ထားသည်။
လည်ပင်းကို ခပ်တင်းတင်းညှစ်ထားခြင်းခံရသော မိန်း ကလေးမှာ ခြေဖျား ထောက်၍ အသက်ဝဝရှူနိုင်အောင် ကြိုးစားနေသည်။
တပ်မှူး ရှင်ချီတင်၊ တပ်ဗိုလ် စူးမိန်တန်နှင့် အဘချန်တို့ က ဓားပြခေါင်းဆောင် နောက်ဘက်တွင် ဝန်းရံထား သည်။ ဓားပြခေါင်းဆောင်သည် မိန်းကလေးကို ချုပ်ကိုင် ထားရင်းပင် သူ့အား ဝန်းရံထားသူများကို အလစ်မပေး ဘဲ ကြည့်ရင်း....



'မင်းတို့က ဒီမိန်းကလေးတွေအသက်ကိုကယ်ဖို့ လိုက်လာ ကြတာ မဟုတ်လား၊ ဒီမှာမြင်ရဲ့လား၊ မင်းတို့ အားလုံး နောက်ဆုတ်ကြစမ်း'
မိန်းကလေး၏ ရင်ဝအတွင်းသို့ ဓားကို ထိုးသွင်းတော့ မလိုပြုရင်း ပြောနေသည်။
တပ်မှူး ရှင်ချီတင်၊ တပ်ဗိုလ် စူးမိန်တန်နှင့် အဘချန် တို့မှာ တိုးလည်းမတိုးဆုတ်သည်လည်းမဆုတ် ပြီးတော့လှုပ်လည်း မလှုပ်သာကြ။ ဓားပြခေါင်းဆောင်မှာမိန်းကလေး၏ ကိုယ်ကို သူ့ကိုယ်နှင့် အတင်းဆွဲကပ်ပြီး လှည့်ပတ်ကြည့်နေသည်ဖြစ် ရာ သူတို့လှုပ်လိုက်သည်နှင့် လူယုတ်မာဓားပြက မိန်းကလေး ၏ ရင်ဝအတွင်းသို့ ဓားဦးကို ထိုးသွင်းလိုက်မည်သာဖြစ်၏။
ငြိမ်ရပ်နေသော ဟိုမင်တင်၏ ညာဘက်တွင်းသို့ ဖြက် တစ်လက်းခန့်မျှရှိ၍ခြောက်လက်မခန့်မျှရှည်သောဓားမြှောင် လေး တစ်ချောင်း ရောက်ရှိနေသည်။
'အယုတ်တမာကောင်ကြီး မိန်းကလေးကို လွှတ်လိုက်စမ်း'
ဟိုမင်တင်က ပြတ်တောင်းစွာ ပြောလိုက်သည်။ အဘ ချန်ကို ကြည့်နေသော ဓားပြခေါင်းဆောင်က ဟိုမင်တင် ဘက်သို့လှည့်လိုက်သည်။
ဤအနေအထားတွင် ချုပ်ကိုင်ခံထားရသောမိန်းကလေး ၏ ခေါင်းမှာ ဓားပြခေါင်းဆောင်၏ မျက်နှာတစ်ခြမ်းကို ကွယ်ထားသည်။ ဓားပြခေါင်းဆောင်၏ နှာခေါင်းတစ်ဝက် မျက်လုံးနှစ်လုံးနှင့် နဖူးတို့သာ အကာအကွယ်မဲ့နေခြင်း ဖြင့်၏။

အလွန်ကျဉ်းသောပစ်ကွင်း။

ချုပ်နှောင်ခံထားရသော မိန်းကလေး အတွက်လည်း အလွန်အန္တရာယ်ကြီးသော ပစ်ကွင်း။

သို့သော် ဓားပြက လှည့်ကြည့်လိုက်သော ထိုအခိုက်မှာပင် ဟိုမင်တင်က သူ့လက်တွင်းမှ ဓားမြှောင်နှင့် ပစ်လိုက်သည်။

ဓားရောင်က လက်ခနဲ ပြေးသွားသည်။

ချုပ်ကိုင်ခံထားရသော မိန်းကလေးမှာ ဟိုမင်တင် ဓားမြှောင်နှင့် ပစ်လိုက်သည်ကိုပင် မသိလိုက်။

ရွှပ်ခနဲမြည်သံ ထွက်လာသည်။

အံ့အားသင့်ထိတ်လန့်သွားသော ဓားပြ၏ ညာဘက်မျက်လုံးတွင် ဟိုမင်တင်ပစ်လိုက်သော ဓားမြှောင်လေးသည် လက်ကိုင်ရိုးအထိ နစ်ဝင်လျက်ရှိသည်။

ထိုအချိန်ထိ ချုပ်နှောင်ခံရသော မိန်းကလေးမှာ ဘာဖြစ်နေသည်ကို မသိသေး။

ဓားပြမှာ မျက်လုံးတွင်းသို့ ဓားစိုက်ဝင်သွားသော အခိုက်တွင် မယုံနိုင်လောက်သော အံ့အားသင့်မှုကြောင့် အော်လိုက်ရန် မေ့နေသည်။

နောက်မှ ထိတ်လန့်တကြား အော်လိုက်သည်။ သို့သော် စိုက်ဝင်သွားသော ဓားသည် သူ၏ ဦးနှောက်အတွင်းသို့ပါ စူးဝင်သွားခြင်းဖြစ်ရာ အော်သံမှာ မပီမသနှင့် ရုတ်တရက် ရပ်တန့်သွားပြီး သူချုပ်ထားသော မိန်းကလေး၏ နောက်ကျောပေါ်သို့ မှို၍ လဲကျသွားသည်။



သေးသွယ် ပျော့နွဲ့သော မိန်းကလေးသည် ဓားပြ၏ ခန္ဓာကိုယ် အလေးချိန်ကို မခံနိုင်ဘဲ လဲကျတော့မည်ကဲ့သို့ ဖြစ်သွားသည်။ ထိုစဉ်အခိုက်မှာပင် ဟိုမင်တင်သည် လှစ်ခနဲ ခုန်လိုက်ကာ ထိုနေရာသို့ ရောက်ရှိသွားပြီး မိန်းကလေး၏ လက်ကိုကိုင်၍ ရှေ့ဘက်သို့ဆွဲလိုက်သည်။

ဓားပြ၏ ခန္ဓာကိုယ်ကြီး အိခနဲပြိုကျသွားသည်။

# ( ၁၃ )

သတ္တိခဲမိန်းကလေးမှာ ဘာဖြစ်မှန်းမသိဘဲ ကြောင်နေသည်။

'လှလိုက်တဲ့ ပစ်ချက်ကွာ၊ ဒါပေမယ့် မင်းပစ်ချက်က ငါ့ကို လာမှန်တာထက်တောင် ကြောက်စရာကောင်းတယ် ညီရာ'

တပ်မှူးရှင်ချိတင်က အံ့ဩဝမ်းသာ အသံမျိုးဖြင့် ပြောလိုက်သည်။ တကယ်တွင်လည်း သူသည် ဟိုမင်တင်အား လိုက်လူပုကလေးအဖြစ်သာ ထင်ထားခဲ့ရာ ဟိုမင်တင်က

ဓားမြှောင်ဖြင့် ပစ်လိုက်သောအခိုက်တွင်ဓားပြခေါင်းဆောင် ရှေ့မှကွယ်နေသောမိန်းကလေးတော့သွားရှာပြီဟု ထင်မိခဲ့၏

ယခုကား ဟိုမင်တင်၏ဓားချက်မှာ အလွန်တရာ ထက်မြက်သော လက်နက်ပုန်းပညာရှင်၏ ပစ်ချက်မျိုးဖြစ်ကြောင်း တွေ့လိုက်ရသောကြောင့် ချီးမွမ်းလိုက်ခြင်း ဖြစ်သည်။

ထိုစဉ် လမ်းဘက်မှ ခေါ်သံ ပြောသံများ ကြားရ၏

လမ်းပေါ်တွင်မြင်းများနှင့် သူတို့လူသုံးယောက် ကျန်ရစ်ခဲ့သေးသဖြင့်....

'ဟ....ဘာဖြစ်ပြန်ပြီလဲ'

ပယ်မှူးရှင်ချိတင်က ပြောရင်း ပြန်လှည့်ပြေးသည်။ ကျန်လူများပါ ရှင်ချိတင်နောက်က ပြေးလိုက်ကြ၏။

လမ်းပေါ်တွင်ကား လူတွေအများကြီး ဖြစ်နေပြီ အပြေးအလွှားလိုက်လာကြသော ရွာသားသုံးဆယ်ကျော်မှာ အတုံးအရုံးလဲကျသေဆုံးနေသော ဓားပြများ၏ အလောင်းများကို ကြည့်ရင်း တစ်ယောက်တစ်ပေါက် ဝမ်းသာအားရ ပြောဆိုနေကြသည်။

ရှင်ချိတင်တို့လူစုကို အံ့ဩချီးမွမ်းသည့် စကားများကား မိုးမွှန်မတတ်ပင်ဖြစ်သည်။

မိန်းကလေးသုံးယောက်မှာ သူတို့ရွာသားများကို တွေ့သောအခါ ဝမ်းသာလွန်းသဖြင့် ငိုကြွေးကြသည်။

'ကျွန်တော်တို့လဲ ဟောဒီက ဆရာပြောတာနဲ့ ရှက်ပြီး မခံချင်စိတ်တွေ ဝင်လာတယ်၊ ဒါနဲ့ ချက်ချင်း လူစုပြီး ရရာ လက်နက် စွဲပြီး လိုက်ခဲ့ကြတာ'



ရွာသားတစ်ယောက်က တပ်ဗိုလ် လေးယန်ကို လက်ညှိုး ထိုး၍ ပြောသည်။ လေးယန်က ရယ်လိုက်ပြီး....

ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျ၊ လူဆိုးကို လူကောင်းကကြောက် နေတဲ့လား၊ ဒီက ပြန်သွားရင် ခင်ဗျားတို့ရွာကို စည်းရိုးကာ ထားကြတော့ ချဗျာ၊ အခုအချိန်မှာ တောကြောင်တွေ ထနေ တာဗျ၊ သူတို့တွေကောင် တစ်သင်းတစ်ဖွဲ့ စုစည်းနိုင်ကြသေး တာပဲ၊ ခင်ဗျားတို့ကလဲ ကိုယ့်ရွာ ကိုယ့်ကျိုး မထိပါးဖို့ စည်းရုံးကြရမှာပေါ့၊ နေ့ကင်းညကင်းတွေချ၊ မသက်ာရင် ရွာထဲ အဝင်မခံနဲ့၊ တစ်ခုခု အရေးရှိရင် တစ်ညီတည်းထွက် အချက်ပေးနည်းကို ကြံပြီး ညှိထားကြ၊ ရွာသားတစ်ရာ ညီညွတ်ရင် ဓားပြတစ်ရာကို ကြောက်စရာ မလိုပါဘူးဗျာ'

အားရပါးရ ပြောနေသည်။ ရွာသားများမှာ ခေါင်း တညိတ်ညိတ်နှင့် လေးယန်ပြောသည့်အတိုင်း လုပ်ကြမည်ဟု ခံကြသည်။ ပြီးတော့ သူတို့လူစုကို ရွာသို့ ပြန်လိုက်ခဲ့ကြ ခေါ်သည်။

သို့သော် သူတို့မှာ အချိန်မရှိ။

ညနေစာ မစားရသေးသော်လည်း ရှေ့ခရီးဆက်ရန်ကိုစ ပို၍ အရေးကြီးသောကြောင့် ရွာသားအားလုံးကို နှုတ် ဆက်ရသည်။

မိန်းကလေး ုံးယောက်က သူတို့ကို ဆန်တော့သည်။

ပြီးသောအခါ လ.ဘ်ပြန္တတ်ဆက်နေသော ရွာသားများ ကို ကျောခိုင်းလျက် သူတို့အားလုံး မြင်းကို ဒုန်းစိုင်း၍ထွက် ခဲ့ကြသည်။

ထိုအချိန်တွင် ညအားမှောင်ထုက စိုးမိုးစ ပြုနေပြီ ဖြစ် သည်။

• • •

ရန်သူမွန်ဂိုဘပ်များသည် မြစ်ချောင်းအင်းအိုင်ပေါများ သော မြို့တော်၏ မြောက်ဘက်ပိုင်းတွင် တပ်စွဲချ ရပ်ထား သော တပ်မကြီးများကို ထိုအတိုင်းပင် ထားခဲ့သည်။ ထို့ ကြောင့် မိုကူနှင့် တီးဆားအကြားတွင် မွန်ဂိုများ မရှိချေ။

မိုကူနှင့် တီဆေးတွင် တပ်စွဲချုပ်ထားသော မွန်ဂိုတပ် များသည် လိုအပ်လာလျှင် နေပြည်တော်သို့ တရှိန်ထိုးချီတက် တိုက်ခိုက်နိုင်ရန်ကား အသေအချာ ပြင်ဆင်ထားကြပုံပေါ် သည်။

မြို့တော်၏ တောင်ဘက်ပိုင်းတွင်ကား မြောက်ဘက်မှာ ကဲ့သို့ မဟုတ်ချေ။



တာလေနှင့် ချန်ဘီမြို့များတွင် တပ်စွဲထားသော မွန်ဂို ...တော်စုမှာ မြို့တော်၏ မြောက်ဘက်ပိုင်းတွင် တပ်စွဲထား ...သော တပ်တော်စုထက် ပိုမို၍ အင်အား များပြားသည်။ ...တပ်တော်စုများတွင် ဆင်တပ်၊ မြင်းတပ်ကြီးများလည်း ...ရှိနေး၏။

၎င်းတပ်တော်စုများသည် မြစ်ဝါမြစ်ကို ဝါးဖောင်ကြီး ...ဖြင့် ကျော်ဖြတ်လာခဲ့ကြခြင်းဖြစ်သည်။ သူတို့က ချန်ဘီ ...တာလေတွင် အခိုင်အမာတပ်စွဲလိုက်သောအခါ မြို့တော် ... သူတို့ကြားတွင် ခက်ခက်ခဲခဲ ဖြတ်သန်းစရာဟူ၍မရှိတော့ ...။

ချန်ဘီနှင့် မြို့တော်သည် လီပေါင်း သုံးဆယ်ခန့်မျှသာ ...၍ တာလေကား ထို့ထက်ပင်ပို၍ နီးချေသေးသည်။ ...နေအထားတွင် တပ်စွဲထားပြီး အခိုင်အမာပြု၍နေကြ ...အားဘားမှာ မြို့တော်သို့ တစ်ရှိန်ထိုး ဝင်ရောက်တိုက်ခိုက် ...သည်ဟု တွက်ဆသောကြောင့်လည်း ဖြစ်ပေလိမ့်မည်။

ချန်ဘီနှင့် တာလေ မြို့များတွင် တပ်စွဲထားကြသော ...တပ်များသည်အစပိုင်းကာလများက ချန်ဘီနှင့်တာလေ ...ရှိ မြို့ရွာများကို သည်အတိုင်းထားခဲ့ကြသည်။

...သော် လဝက်ကျော်မျှကြာသောအချိန်တွင်မူ ကူမင်မြို့ ...ဘီတွင် တပ်စွဲထားသော မွန်ဂိုတပ်ကလည်းကောင်း၊ ...ကို တာလေတွင် တပ်စွဲထားသော တပ်တော်စုက ...ကောင်း ဖြန့်ကြက်တပ်စွဲလိုက်ကြလေသည်။

ထို့ကြောင့် မြို့တော်၏ မြောက်ဘက် တံခါးပေါက် အလွန်ကျဉ်းမြောင်းသွားသည့်အပြင် မွန်ဂို မြင်းတပ်ဖွဲ့များ လှုပ်ရှားနေသောကြောင့် အန္တရာယ်ကြီးလာပေသည်။

မွန်ဂိုတပ်များသည် ချန်ဘိုင် ဓာလေကို သိမ်းခဲ့ရာတွင် အစုချည်းသာရှိသော စပါးကျီတစ်ခုကို သိမ်းလိုက်သကဲ့သို့ သိမ်းလိုက်ရခြင်းသာ ဖြစ်သည်။ မြို့သူမြို့သားများသည် မွန် ဂိုတို့ကို မကာကွယ်နိုင်တော့ဟု ကျိန်းသေသည်နှင့် ရန်သူ အတွက် အသုံးကျနိုင်သော ပစ္စည်းမှန်သမျှကို သယ်နိုင်သ ယ်၊ မသယ်နိုင်သည်တို့ကို ဖျက်ဆီးကာ ဆုတ်ခွာသွားခဲ့ကြ သည်။

ထို့ကြောင့် မွန်ဂိုတို့မှာ မြို့များကို သိမ်းနိုင်သော်သည် ဘာအကျိုးအမြတ်မျှ မရချေ။ သူတို့ရသည်မှာ ထင်းအဖြ အသုံးပြုနိုင်သော အဟုမျှသာ ဖြစ်၏။

မွန်ဂိုတပ်၏ အင်အားမှာ အလွန် ကြီးမားလှသည်။ များပြားလှသော စစ်သည်ရဲမက်များအတွက် လုံလောက် သော စားရေရိက္ခာကို တစ်ခါတည်း အလုံအလောက်သယ် ယူလာနိုင်ခဲ့ကြသည်ကား မဟုတ်ချေ။

မွန်ဂိုတပ်များသည် စားရေရိက္ခာကြွယ်ဝသော အလယ် ပိုင်းဒေသကို ထိုးဖောက်ကာ မြို့တော်နှင့် မလှမ်းမကမ်းသို့ ရောက်မှ စစ်ကြောင်းကြီးလေးခုခွဲ၍ ဝိုင်းရံခဲ့ကြခြင်း ဖြစ် သည်။

ဤသို့ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်အား အလယ်ပိုင်းဒေသ မှ မြို့ရွာများကို တိုက်ခိုက်သိမ်းပိုက်ရင်း ဒေသခံပြည်သူများ



မှ စာရေးရိက္ခာများကို လုယက်ယူငင် သုံးစွဲရုံသာမဟုတ်၊ တော်ကို လျှပ်တစ်ပြက် လွယ်ကူလျှင် မြန်စွာမသိမ်းပိုက်နိုင် သော် ဝန်းရံထားသော ကာလတွင် စားသုံးနိုင်ရန် စုဆောင်း ယ်ယူလာနိုင်ရန် ဖြစ်သည်။

သို့သော် မွန်ဂိုတပ်များမှာ တွက်သလို ဖြစ်မလာခဲ့ချေ။ တို့ ထိုးဖောက်ချီတက်ခဲ့ရာ လမ်းတစ်လျှောက်၌ မြို့ ရွာ းမှာ စနစ်ကျနစွာ ဆုတ်ခွာခြင်းမျိုးဖြင့် ဆုတ်ခွာသွားကြ ည်ဖြစ်ရာ စစ်စစ်ကုတ်ကုတ် ရှာဖွေယူငင်ကြသည့်တိုင် သူတို့ ာ်မှန်းထားသည့် အပုံတစ်ရာပုံ တစ်ပုံမရကြချေ။

ယခု မြို့တော်ကို ဝန်းရံထားသော ကာလကြာမြင့်သော ခါ စားနပ်ရိက္ခာ ရှားပါးခြင်းနှင့် ရင်ဆိုင်နေကြရလေ ည်။

ထို့ကြောင့် မွန်ဂိုများသည် နယ်မြေကျယ်ပြန့်စွာ အုပ် ချုပ်ကာ ရိက္ခာပိုမိုရရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကုမင်နှင့် ချီမြို့များကို ဖြန့်ကြက် နေရာယူလိုက်ကြခြင်းပင် ဖြစ် ည်။

ထိုအချိန်တွင် ကပ်မှူး ရှင်ချီတင်တို့လူစုသည် မြစ်ဝါမြစ် သည်မှာဘက်ကမ်းရှိ တာဝမ်မြို့သို့ ဆိုက်ရောက်လာခဲ့ကြ သည်။

တာဝမ်မြို့တွင် ရန်သူဘက်မှသူလျှိုများရော မိမိတို့ဘက်မှ းချစ်သစ္စာခံများရော ခြေချင်းလိမ်လျက် ရှိကြသည်။

ရှင်ချီတင်တို့လူစုသည် မြို့တွင်းသို့ ညအချိန်တွင် တိတ် ဆိတ် ဝင်ရောက်လာကာ လာစဉ်ကပင် အဆက်အသွယ်

ပြုထားခဲ့ပြီ ဖြစ်သော မျိုးချစ်အစွာခံ ဝန်ချီတိုင်တို့ အိမ်သို့ ရောက်လာခဲ့ကြသည်။

ဝန်ချီတိုင်သား အဘချွန်ထက်ပင် အသက်ကြီးသော အတိုးကြီးဖြစ်သည်။ သို့သော် လူက ဝဝတောင့်တောင့်ကြီး ဖြစ်၍ နီးရှိတော့ဘဲ သား လူပျိုကြီးနှစ်ယောက်နှင့်အတူ နေသည်။

သူ့သားနှစ်ယောက်ဖြစ်သော ဝန်မင်နှင့် ဝန်ချီတို့မှာ လည်း တပ်မှူး ရှင်ချီဘင်နှင့် အသက်တူလောက်ပင် ရှိ သည်။

သူတို့သားအဖသုံးယောက်ကား မွန်ဂိုသူလျှိုများကြား တွင် ကျင်လည်ရင်း မွန်ဂိုတို့၏ စစ်သတင်းများကိုရယူကာ နေပြည်တော်သို့ ပို့ပေးနေကြသူများ ဖြစ်သည်။

ဝန်ချီတိုင်က ခရီးရောက်ဆိုက်ပင် မွန်ဂိုတို့၏ စစ်အင် အား ဖြန့်ချထားမှု ဒေသအခြေအနေ စသည်တို့ကို ရှင်း ပြီး....

'တပ်မှူးတို့ မိုးမလင်းခင် ပြန်ထွက်မှ ဖြစ်မယ်'

ပြောသည်။ တပ်မှူး ရှင်ချီတင်က ဘာဖြစ်လို့လဲ သော အကြည့်ဖြင့် ကြည့်လိုက်ရာ ဝန်ချီတိုင်က....

'ဘာဖြစ်လို့ ချက်ချင်း ပြန်ထွက်ရမယ်ဆိုတာကို ကျုပ် ပြောပြပါမယ်၊ တစ်ချက်က မနက်ဖြန်မနက်စော စားချိန်မှာ မွန်ဂိုအကြပ်ကြီး တစ်ယောက် ကျုပ်ဆီကို ရောက်လာလိမ့် မယ်၊ ကျုပ်က ထမင်းစားဖိတ်ထားလို့ပဲ၊ ဒီကိစ္စကို တပ်မှူး သတောပေါက်လိမ့်မယ် ထင်ပါတယ်၊ ဒုတိယအချက်



နီးနေမနက် အရုဏ်မထက်ခင်မှာ သစ်ဖောင်တွေ မျောသွား မယ့် ကျုပ်တို့လူတွေ ရှိနေတယ်၊ တပ်မှူးတို့အနေနဲ့က မြင်း တွေပါလာတော့ သစ်ဖောင်နဲ့မှပဲ လိုက်လို့ ဖြစ်လိမ့်မယ်၊ တပ်မှူးတို့စု မြင်းတွေပါတင်ပြီး သစ်ဖောင်တွေနဲ့လိုက်သွား၊ အမှောင်မကွဲခင်မှာ ဟိုဘက်ကမ်းက အန္တရာယ် ကင်းတဲ့ နေရာမှာ ကပ်ပေးဖို့ ကျုပ်စီစဉ်ပေးလိုက်မယ်၊ ဟိုဘက် မှာတော့ ခုန ကျုပ်ပြောပြထားသလိုပဲ မွန်ဂိုတွေက နေရာ ဖြန့်ချထားတယ်၊ ဒါပေမယ့် သူတို့တွေက လမ်းဆုံတွေ၊ မြို့မကြီးတွေသာ အဓိက နေရာယူထားကြတာပါ၊ အဲဒီ ဘက် ဒေသတွေကို ကျွမ်းကျင်ပြီးသားဖြစ်တဲ့ တပ်မှူးတို့ အနေနဲ့ သိပ်ပြီး အခက်အခဲမရှိလောက်ပါဘူး'

'ဒါပေမယ့် တပ်မှူးတို့လူစုကို မြင်းတွေနဲ့တွေ့ရင်တော့ ဘမဖမ်းတောင် လှည့်ပတ်ပြောလို့ ရချင်ရမယ်၊ မြင်းတွေကို ဒီမှာကျန်ခဲ့တော့ သေချာပဲ၊ အဲဒီဘက်မှာကွယ့်နွားတိရစ္ဆာန် ဆိုရင် ခွေးနဲ့ကြောင်တောင် မထားဘူး၊ အကုန်သိမ်းထား တာပဲ တပ်မှူး။

ဝန်ချီတိုင်က ပြောပြလေသည်။ ရှင်ချီတင်က သက်ပြင်း ချရင်း....

'ထယ်သားတွေတော့ တော်တော် ဒုက္ခရောက်ရှာမယ် နော်'

'အကုန်လုံးကို ဒုက္ခရောက်နေကြတာ၊ သူတို့မှာ စားရေး သောက်ရေး အလွန်ရှားနေပြီလေ၊ အင်း....ခုမှ သတိရတယ်၊ တပ်မှူး တို့လူစု ဟိုဘက်ကမ်းရောက်လို့ အခက်အခဲမတွေ့ရရင် နေပြည်

တော်ကို သုံးရက်ခရီးလောက်နဲ့ ရောက်မှာပဲ၊ လမ်းမှာစားဖို့ ရိက္ခာခြောက် စီစဉ်ပေးရဦးမယ်'

'ထမင်းဆိုင်တွေ ရှိပါတယ်လေ....ဒုက္ခမရှာပါနဲ့'

တပ်ဗိုလ် ဟာရှမ်းက ဝင်ပြောလိုက်ရာ ဝန်ချီတိုင်က မချိ သွားဖြဲ ရယ်လိုက်ပြီး....

'အဲဒီဘက်မှာ အစားအသောက်နဲ့ ပတ်သက်လို့ ဘယ်သူ ရောင်းမယ့်လူ မရှိဘူး၊ ရောင်းလို့လဲမရဘူး၊ အပိုအလျှံ ရှိလို့ ရောင်းတာဆိုပြီး မှန်ဂိုတွေ အကုန်သိမ်းနေတာကိုး'

ပြောလိုက်ရာ လေးယန်က ခေါင်းကိုကုတ်လိုက်ပြီး....

'ဒုက္ခပါပဲ....အရက်သောက်စရာတောင် ရှိပါ့မလား မသိ ဘူး'

ညည်းလိုက်၏။ ဝန်ချီတိုင်က....

'အရက်လဲ ရှားတာပဲ၊ ဒါပေမယ့် ငွေမြက်မြက်လေး ပေးနိုင်ရင်တော့ ရသေးတယ်၊ ဒါပေမယ့် ဒါကလဲ ရောင်းတဲ့ လူကို သိမှနော်'

လေးယန်က သက်ပြင်းချသည်။ ကုချင်က သမ်းဝေလိုက် သည်။

'တပ်မှူးတို့လူစု ခရီးသိပ်ပန်းလာကြတော့ အိပ်ကြပါ တရေးလောက်တော့ ကောင်းကောင်းအိပ်လို့ရပါသေးတယ် ဒီတစ်ညအတွက်တော့ ဘာမှ စိတ်မပူပါနဲ့၊ ကျုပ်သား နှစ် ယောက်ကို စောင့်ခိုင်းထားပါ့မယ်၊ စိတ်ချ လက်ချသာ အိပ် ပါ၊ သွားခါနီးတော့လဲ ကျုပ်နှိုးပါ့မယ်'



တပ်မှူး ရှင်ချီတင်က သူတို့ထဲမှ တစ်ယောက်ယောက်ကို င်းချထားဦးမည်ဟု တွေးသည်။ သို့သော် လူတိုင်း သေ အောက်အောင် ပင်ပန်းနေသည်ကို သူအသိ၊ မည်သူ့ကိုမှ င်းမချရက်။ ထို့ပြင် ထိုသို့ ကင်းချလျှင် ဝန်ချီတိုင်တို့ သားအဖကို မယုံကြည်ရာလည်း ရောက်ဦးမည်။

ထို့ကြောင့် မိမိသာလျှင် သတိနှင့်စောင့်ကြပ်၍ အိပ်တော့ ည်ဟု သဘောထားကာ ဝန်ချီတိုင် ပြောသည့်အတိုင်း အိပ် က် လိုက်ကြသည်။

# ( ၁၄ )

သတိထားရှ် အိပ်မည်ဟု စဉ်းစားထားသော တပ်မှူး ရှင်ချိတင်လည်း တုံးလှင်းသရော အိပ်ပျော်သည်။ ကျန်သည့် လူတွေလည်း အသောကောင်လို အိပ်ကြ၏။ ကြက်အိပ်ကြက်နိုး သဘောမျိုးနှင့် ရှင်ချိတင်တို့လူစုကို မှန်းသည့်အချိန်တွင် ညည်သည့်အချိန်က နိုးနေမှန်းမသိဘဲ ဝန်ချိတိုင်နှင့်ထိုင်၍ ရေနွေးကြမ်းသောက်နေသူမှာ အဘချန်သာဖြစ်၏။

အချိန်နီးနေပြီဆိုသောကြောင့် မျက်နှာသစ်ကာ ယာဂုပူပူ ကို အမြန်သောက်ကြရသည်။ ထို့နောက် ကိုယ့်မြင်း ကိုယ်ဆွဲ

လျက် ဝန်ချီတိုင် ဦးဆောင်ခေါ်ရာသို့ လိုက်လာကြရလေသည်၊

သူတို့ လျှောက်လာသောလမ်းကလေးမှာ လမ်းဘေးနှစ်ဖက်စလုံးတွင် ဝါးပင်များထူထပ်စွာ ပေါက်နေသောကြောင့် ဘာမျှ မမြင်ရအောင် မှောင်နေသည်။ အတော်ကျဉ်းသောလမ်းကလေးဖြစ်၍ ယခုလို အချိန်မျိုးတွင် ရန်သူကသာ အလစ်အငိုက် စောင့်ဆိုင်းတိုက်ခိုက်လျှင် အလွန် အကျဉ်းအကျပ် ရောက်မည့်နေရာဟု တပ်မှူး ရှင်ချီတင်က တွေးနေသည်။

တကယ်ကလည်း ယခုလိုအချိန်မျိုးတွင်မည်သူ့ကိုမှလည်း ယုံ၍မရ၊ မည်သည့်အရာကိုမှလည်း စိတ်ချ၍ မဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အဘိုးကြီး ဝန်ချီတိုင်သည် သူတို့လူစုအား ဝါးရုံပင် လမ်းကျဉ်းကလေးကို ကျော်ပြီးသောအခါ မြစ်ကမ်းဘေးများတွင် ပေါက်နေလ့ရှိသော ကိုင်းပင်ရှည်ကြီးများ အကြားမှ ထပ်၍ခေါ်သွားပြန်၏။

ဤလမ်းမှာ ကောင်းကင်ပေါ်မှ ကြယ်ကလေးများကို မြင်ရသောကြောင့် ဝါးရုံပင်လမ်းလောက် မမှောင်။ သို့သော် ရေစပ်စပ်နှင့် ရွံ့လမ်းဖြစ်၍ စောစောကလမ်းထက် အသွားရခက်သည်။

တော်ပါသေး၏၊ ဤအသွားရခက်သောလမ်းကို ကြာကြာ မလျှောက်လိုက်ကြရ၊



ခဏမျှပင် မြစ်ရေနံ့ပါသော လေကို ရှူလိုက်ရသည်။ ထို့နောက် ကြယ်ရောင်များ ရောင်ပြန်ထင်နေသော မြစ်ရေပြင်ပေါ်ကို မြင်လိုက်သည်။

မြစ်ဝါမြစ်ရေပြင်ကား ကျယ်ပြောလွန်းလှသည်၊

ကမ်းစပ်ရေပြင်တွင်ရှိသော သစ်ဖောင်များကို သေချာကြည့်မှ မြင်ရသည်။ အဘိုးကြီး ဝန်ချီတိုင်ကသူတို့ကို ကိုင်းတောကြီးအတွင်းမှ မထွက်စေသေးဘဲ လေချွန်သံတစ်မျိုးပြုလိုက်၏။ ချက်ချင်းပင် သစ်ဖောင်များဘက်မှ ထိုလေချွန်သံမျိုး ပြန်ထွက်လာသည်။

ဝန်ချီတိုင်က သူတို့ကို ကိုင်းတောထဲမှ ထွက်လာခဲ့ရန် အချက်ပြသည်။

ဖောင်ပေါ်မှလည်း လူသုံးယောက် ကမ်းပေါ်သို့တက်လာသည်။ ဝန်ချီတိုင်က ဘာမျှ ရှည်ရှည်ဝေးဝေးမပြော။ အလင်းရောင် ပေါ်မလာမီ ဘေးကင်းမည့် ဟိုဘက်ကမ်းတစ်နေရာသို့ ပို့ပေးရန်သာ အတိုချုပ်စကားဖြင့် ပြောသည်။

ဖောင်သမားများက စကားအလွန်နည်းသည်။

ဘာတစ်ခွန်းမှ မပြောဘဲ သူတို့ကို ဖောင်ပေါ်သို့လိုက်ခဲ့ရန် ပြောသည်။

သစ်ဖောင်တွဲများ အတော်ရှည်သည်။ ဖောင်ပေါ်သို့ မြင်းများကို တင်ရသည့်အခက်အခဲမှအပ တခြားအခက်အခဲမရှိ၊ မြင်းများ ပါလာသည့်အတွက် သစ်ဖောင်တွဲပေါ်တွင် ပုံထားသော ဝါးလုံးများကြားတွင် ထားရသည်။

သူတို့အားလုံးတက်ပြီးလျှင် သစ်ဖောင်ကို ဆိုင်းကြိုး ဖြုတ်၍ ထိုဝါးနှင့်ထိုးကာ ကမ်းမှခွာသည်၊ ရေစီးတွင်ဖောင် ကြီးက တငြိမ့်ငြိမ့်မျောလာ၏။

'အလာတုန်းက မြင်းတင်ပြီး ကူးခဲ့တဲ့ လှေကြီးပါရဲ့ ဒါ ဒသမယ့် လူးတော့ ကြောက်တာပဲ၊ အခုလို ဖောင်ကြီးနဲ့ဆို တော့ တယ်ဟန်ကျတာပဲဗျ'

ရေမကူးတတ်သော တပ်ဗိုလ် ဟာရှမ်းက သူ့ဘာသာ ပြောနေသည်။တခြား မည်သူကမျှ သူ့စကားအတွက် တန့် ပြန်မပြောကြ၊ထိုသို့ မည်သူကမျှ တုံ့ပြန်၍ ထောက်ခံခြင်း၊ ဖြည့်စွက်ခြင်း မပြုသောအခါ ဟာရှမ်းမှာ သူ့စကားသူ သံသယဖြစ်လာပုံရသည်။

'သစ်ဖောင်က အကြီးကြီးဆိုတော့ ခုန်ပေါက်လို့တောင် လူးမှာ မဟုတ်ဘူး'

အနားတွင်ရှိနေသော လှေသမားတစ်ယောက်က ကျီစား ဟန်ရှိသည်။

'ဝဲကြီးတွေထဲ ဝင်မိသွားရင် ပိုပြီးတော့ ပျော်စရာ ကောင်းသေးဗျ ။ဝဲ့က ဖောင်ကြီးကို ဆွဲလှည့်ပစ်လိုက် ရင် ဝိုင်းကြီး ပတ်ချာကိုလည်သွားရော၊ အဲဒီကြားထဲမှာ ကံကောင်းထောက်မပြီး ကျောက်စွန်းကျောက်တက် တစ်ခုခု နဲ့များ အရှိန်နဲ့ တိုက်မိလို့ကတော့ တစ်သက်လုံးကို စွဲသွား မှာပဲ'

ခပ်တည်တည် ပြောလိုက်သည်။ရေနှင့်ပတ်သက်၍ ဘာမှ နားမလည်သော ဟာရှမ်းက....



'ဘာဖြစ်လို့လဲဗျ'

'ကျောက်စွန်းကျောက်တက်ကို အရှိန်နဲ့ တိုက်မိမှတော့ သစ်လုံးကို ဆိုင်းထားတဲ့ကြိုးတွေ တိုင်တွေက ပြုတ်သတ် ကြိုးပဲ့ကုန်တော့တာပေါ့ဗျ၊ အဲဒီတော့ သစ်လုံးတွေက တစ်လုံးချင်း ပြုတ်ထွက်ပြီးတော့ တစ်လုံးနဲ့တစ်လုံးအရှိန် နဲ့ဆောင့်တော့ ဒီတော့ လူတွေက ရေထဲလဲမနစ်အောင် သစ်လုံးတွေကြားထဲလဲ မညပ်ရအောင် သစ်တုံးတွေပေါ်မှာ တိုလှမ်းခုန် ဒီလှမ်းခုန်'

'ဟာဗျာ....ခပ်ဗျားဥစ္စာကလဲ'

ဟာရှမ်း ရိပ်မိသွားပြီး စိတ်ပျက်လက်ပျက် ပြောသည်။

'ဟေ့ကောင်....ဘာတွေ လျှောက်ပြောနေတာလဲ၊ဖောင် ဦးစီးကြားသွားလို့ ဖောင်မပျက်ဘဲ ရေထဲ ကန်ချခံနေရဦး မယ်'

တခြား ဖောင်သမားတစ်ဦးက နောက်ပြောင်လိုက်သူ ဖောင်သမားကို ကြိမ်းသည်။ဟာရှမ်းမှာ စိတ်ပျက်သွားကာ ကုချင်းနှခါးသို့ သွားထိုင်သည်။ကုချင်းမှာ ထိုင်လျက်သား အိပ်ပျော်နေရာ ဟောက်သံပင် ထွက်နေသည်။

## ( ၁၅ )

ဟာရှမ်းမှာ စိတ်အေးလက်အေးနိုင်လှသော ကုချင်း ကြည့်ရင်း ခုနေမှား ပေါင်ပျက်ရင် ဗီလိုကောင်မျိုး အလျင်ဆုံးသေမှာဟု တွေးနေ၏။ တကယ်တွင်ကား သူတို့ စုတွင် ထိုအချိန်၌ အိပ်မပျော်ဘဲ ရှိနေသူမှာသူနှင့်အဘချုန် သာဖြစ်သည်။

သစ်ဖောင်သမားများသည် သစ်ဖောင်ကို သည်ဘက်ကမ်း ခွာ၍ ရေစီးနှင့်မြောင်းရေလယ်ကို တရွေ့ရွေ့ဖြတ်လျက် တစ်ဖက်ကမ်းသို့ ကပ်သည်။

သစ်ဖောင်ကပ်သော နေရာ၏ ကမ်းပေါ်တွင် စက်လာဟု ခေါ်သော အညံ့စား မြက်ဖျာရက်၍ရသည့်အပင်များ တောထအောင်ရှိနေ၏။

သစ်ဖောင်သည် မြစ်တွင်းသို့ ရေစီးဝင်သည့် ရိုးချောင်းကလေးထိပ်တွင် ကပ်လိုက်ခြင်းလည်း ဖြစ်သည်။

'ဒီမှာ လမ်းတော့ မရှိဘူး၊ အဲဒီရိုးချောင်းကလေးအတိုင်း သွား၊ ခွဆုံနေရာရောက်လို့ ညာဘက်ကို ချိုးသွားရင် မင်း မြို့ကိုသွားတဲ့ လမ်းကလေးကို တွေ့လိမ့်မယ်၊ အဲဒီရွှေဘ မှာတော့ မှန်ဂိုတွေ စောင့်တတ်တယ်၊ ဒါပေမယ့် ဒီကနေ ခွဆုံနေရာအထိတော့ မှန်ဂိုတွေ မရှိဘူး'

ဖောင်ဦးစီးက ပြောပြသည်။

'အေးဗျာ....ကျေးဇူးတင်ပါတယ်'

တပ်မှူး ရှင်ချိုတင်က ဆိုသည်။ ဖောင်ဦးစီးက....

'မလိုဘူးလေ၊ ကျုပ်တို့က သားကျွေးမှု၊ မယားကျွေး လုပ်နေတဲ့ အချိန်မှာ ခင်ဗျားတို့က သားပစ် မယားပစ် အားလုံးအတွက် လုပ်နေကြတဲ့ဟာပဲဗျာ၊ ကျုပ်တို့က ကျေးဇူးတင်ရမှာပါ၊ ကဲ....သွားကြတော့ဗျို၊ အားလုံး ဘေးကင်းရန်ကင်း ဖြစ်ပါစေ'

ပြောလိုက်ပြီး ဆုများပင် ပေးလိုက်သေးသည်။

ဤလူမျိုးအား အလုပ်အကိုင်အဆင့်အတန်း နိမ့်ကျသော်လည်း စိတ်ဓာတ်အား မြင့်မြတ်လှချေသည်၊ သူတို့ ကြုံခဲ့ရသော ဓားပြများ၏စိတ်ဓာတ်နှင့်ကား မနှိုင်းသာအောင်ပင် ကွာလေစွ။

* * *



အမှုက်ဦး ရောင်ခြည်များ ယှက်သန်းလာပြီ။

တပ်မှူး ရှင်ချိုတင်က လမ်းကို ဟိုဘက်သည်ဘက် မျှော်ကြည့်လိုက်သည်။ ဝေးဝေးကို မမြင်ရဘဲနှင့် လှမ်းမျှော်ကြည့်ခြင်းဖြစ်သည်။ ပြီးမှ....

'တို့အားလုံး ဒုန်းစိုင်းပြီး စီးသွားကြရင်တော့ မြင်းခွာသံတွေကို အဝေးကြီးက ကြားရမှာပဲ၊ အဲဒီလို စီးမသွားလို့လဲ မဖြစ်'

မည်သို့လုပ်ရမည်ကို စဉ်းစားမရသော လေသံနှင့်ပြောလိုက်သည်။

'တွေးမနေပါနဲ့ တပ်မှူး၊ ဒီကောင်တွေနဲ့ တစ်နေရာတော့ တစ်နေရာ တွေ့မှာပါ၊ အဲဒီကျတော့ မီးစဉ်ကြည့်ပြီး ..လိုက်ကြတာပေါ့၊ကျွန်တော်တို့လူစုက လက်အညီဘားပဲ ..'

လေးယန်က ပူပန်ခြင်းမရှိ ပြောလိုက်၏။ ရှင်ချိုတင်က ..ငြိုးစားရင်းပင်....

'အင်း....လူစုခွဲသွားလို့လဲမဖြစ်၊ မင်းပြောသလို မိုက်မိုက် ..န်းကန်းပဲ တိုးသွားရတော့မှာပဲ'

ပြောလိုက်ပြီး သူ့မြင်းပေါ်သို့ လွှားခနဲ တက်လိုက်၏။ ..မြင်းများကို ခပ်မှန်မှန်စီးခဲ့ကြပြီး ဖောင်ဦးစီး ပြောလိုက်သော ခွဆုံနေရာသို့ ရောက်သောအခါ မိုးလင်းစပြုပြီ။

'ဟိုးက ပျပျမြင်ရတဲ့တောမှာ ခဏနားပြီး အခြေအနေ ကြည့်ကြမယ်ဟေ့၊ အဲဒီရောက်အောင် နှင်လိုက်ကြစို့'

ရှင်ချိတင်က ခွဆုံ၏ဘယ်ဘက်သို့ မျှော်ကြည့်ရင်း မြေ လိုက်သည်။ ထို့နောက် သူ့မြင်းကို ဇက်ပုံ၍ဖွင့်လိုက်၏ ရွှေဆုံးမှ နှင်တော့သည်။

* * *

မွန်ဂိုစစ်သည်ငါးယောက်သည် စကား တပြောပြောနှ ရင်ပေါင်တန်း၍ လျှောက်လာခြင်းဖြစ်သည်။ ထို့ကြော လမ်းကျဉ်းကလေးမှာ သူတို့ငါးယောက်တည်းနှင့် ပြည့် သည်။

ဝါးဆွဲခြင်းကလေးကို ဆွဲလာသော အဘွားအိုသည် မွန် စစ်သည်ငါးယောက်ကို လှမ်းမြင်လိုက်ရသောအခါ ခြေလှမ် များ တုံ့သွားသည်။ သို့သော် သူ့အသက်မှာ ခုနစ်ဆယ် ပြည့်ရန် အနည်းငယ်သာလိုတော့သည့် အိုကြီးအိုမအရွယ် ဖြစ်ရာ မွန်ဂိုများအနေဖြင့် ဒုက္ခမပေးတန်ရာဆိုသောအတွေ မျိုး ရှိနေသောကြောင့် ဟန်မပျက်ပင် ဆက် လျှောက်လာ ခဲ့သည်။

အမှန်အားဖြင့်လည်း အဘွားအိုသည် ဤခရီးကိုသွားရန် အတွက် သူ၏ အိုမင်းသော အသက်အရွယ်ကို အားကိုး အားထားပြုကာ လာခဲ့ခြင်းဖြစ်သည်။



သူ၏မြေးမကလေးတစ်ဦးသည် တစ်ဖက်ရွာသားတစ်ဦး အကြောင်းပါ၍ ထိုရွာသို့ ပါသွားသည်။ ယခု ထို မကလေး၏ခင်ပွန်း ရွာသားမှာ မွန်ဂိုများက သူတို့ က် အလုပ်များလုပ်ပေးရန် အတင်းအကျပ် ခေါ်ဆောင် ားခြင်း ခံရသည်။ သူ့မြေးမလေးဆီသို့ ပြန်ခဲ့လည်း ဟုဆိုသည်။ မြေးမလေးမှာ ကိုယ်လေးလက်ဝန် ရှိနေ သာကြောင့် ဒုက္ခရောက်နေသည်ဟုသိရသည်။ ထို့အတွက် ့ မြေးမလေးထံသို့ လာခဲ့ခြင်းဖြစ်သည်။

# ( ၁၆ )

သူဆွဲလာသော ဝါးခြင်းတောင်းကလေးထဲတွင် ဆန်မုန့်အနည်းငယ်၊ မုန်လာဥခြောက်နှင့် ဘဲဥဆားစိမ်သုံးလုံးပါသည်။ ဤအရာများမှာ ပြောပလောက်အောင် တန်ဖိုးရှိသော စားသောက်စရာမဟုတ်လင့်ကစား အဘွားအိုအနေဖြင့် ဤမျှသာတတ်နိုင်ရှာသည်။ အဘွားအိုသည် သူ စုတ်နိုင်သမျှကို မြေးမလေးအား ပေးရန် လာခဲ့ခြင်းပင်ဖြစ်သည်။

စကားတပြောပြောနှင့် လျှောက်လာသော မွန်ဂိုများသည် အဘွားအိုနှင့် ပေ ဝါးဆယ်ခန့်မျှအကွာသို့ ရောက်လာ၏၊ သူတို့အသည် ကင်းတာဝန်ကျသောနေရာမှ တာဝန်ချိန်ပြီး

၍ ပြန်လာကြခြင်းဖြစ်သည်။ သူတို့သည် တစ်ညလုံးအလျှ
ကျ ကင်းစောင့်ခဲ့ကြရသူများဖြစ်သောကြောင့် ဆာမလာ
၍လည်း နေကြသည်။

'အဘွားကြီး ဆွဲထားတဲ့ ခြင်းထဲမှာ ဘာပါသလဲမသိဘူး
ဟေ့'

မွန်ဂိုတစ်ယောက်က ပြောလိုက်သည်။ ထိုအခါ အခြား
တစ်ယောက်ကလည်း....

'အေးကွ'

'စားစရာဆိုရင်တော့ ဟန်ကျတာပဲ'

နောက်တစ်ယောက်က ပြောပြီး အားလုံးထက်ရှေ့သို့ ချွန်
တက်သွားသည်။ အဘွားအိုနှင့် မွန်ဂိုများမှာ မျက်နှာချင်း
ဆိုင် လျှောက်လာကြခြင်းဖြစ်သောကြောင့်လျင်မြန်စွာနီးကပ်
သွားသည်။

အဘွားအိုသည် မွန်ဂိုများပြောသည်ကို တစ်စွန်းတစ်
ကြားရသောကြောင့် သူ့ကိုယ်သူ မထိန်းနိုင်အောင် ခြေ
လှမ်းများ မှားနေသည်။ ထို့နောက် ဆက်မလှမ်းနိုင်လောက်
အောင် ဒူးများ တုန်လာသောကြောင့် လမ်းဘေးသို့ကပ်၍
ရပ်လိုက်၏။

သို့သော် လမ်းမှာကျဉ်းလှသည်။

မွန်ဂိုများက ရှောင်သွားမည့်ပုံမပြဘဲ ဆက်လျှောက်လာ
ပြီး အဘွားအိုဘေးတွင် ဝိုင်းရပ်လိုက်ကြသည်။ ထို့နောက်
ရှေ့သို့ ချွန်ထွက်၍လျှောက်လာသော မွန်ဂိုက....

'အဘွားကြီး ခင်ဗျားခြင်းထဲက ဘာတွေလဲ'



မေးမေးပြောပြောပင် အဘွားအို၏လက်ကွင်းမှ ဆွဲခြင်း
ကြီးကန်းအစေ့သုတ်သလို ဆတ်ခနဲ လှမ်းဆွဲယူလိုက်
သည်။ အဘွားအိုသည် သူ့ဆွဲခြင်းကို ပြန်လုယူတော့မည်ကဲ့
သို့ လက်ကိုမြှောက်လိုက်၏။

သို့သော် စစ်ဝတ်စစ်စား အပြည့်ဝတ်ထားသော မွန်ဂို
များကို ထိုသို့မလုပ်ရဲပါချေ။ အင်အားချည့်နဲ့သော အဘွား
၏ လက်လေးသည် ဖြည်းဖြည်းချင်း ပြန် နိမ့်ကျသွား
သည်။

မွန်ဂိုစစ်သားသည် ဆွဲခြင်းထဲမှ ငှက်ပျောရွက်ကို ဖယ်
လိုက်သည်။

'ဟ....ဘဲဥနဲ့ မုန့်ဆော်ဦးခြောက် မုန့်တွေပါလား'

သူက အာလုတ်သံနှင့် ပြောသည်။

'အမေကြီးမြေးမလေး နေမကောင်းဘူးဆိုလို့ သွားပေး
မလို့ပါကွယ်'

အဘွားအိုက တစ်ဆို့တုန်ယင်နေသောအသံဖြင့် တောင်း
ပန်သလို ပြောလိုက်၏။ မွန်ဂိုစစ်သားက မျက်ခုံးနှစ်ဖက်ကို
တွန့်၍ အဘွားအိုကို စိုက်ကြည့်လိုက်ပြီး....

'အဘွားကြီး ခင်ဗျားက အသက်ဒီလောက် ကြီးနေတာ
တောင် လိမ်ပြောနေတုန်းပဲလား'

ဒေါက်သံနှင့် ပြောလိုက်ရာ အဘွားအိုမှာ တစ်ကိုယ်လုံး
တုန်ယင်သွားကာ....

'အမေကြီး မလိမ်ပါဘူးကွယ်၊ အမေကြီးရဲ့ မြေးမလေး တကယ် နေမကောင်းနေလို့ အမေကြီးမှာ ရှိသမျှလေး သွားပေးမလို့ပါ'

'ဟင်း....ဟင်း....ကျုပ်တို့ကို ခံတိုက်နေတဲ့ သူပုန်စစ်သား တွေကို သွားပေးမလို့ မဟုတ်လား၊ ခင်ဗျားမှန်မှန်ပြောနော် ဒါသိပ်ပြီး အပြစ်ကြီးတဲ့ကိစ္စ'

မွန်ဂိုစစ်သားအသံမှာ ပို၍ ထန်သည်ထက် ထန်လာသည် အဘွားအိုမှာ လက်ဝါးလေး တကာကာနှင့်....

'မ....မ....မဟုတ်ပါဘူးကွယ်'

ငိုသံရောလာသောအသံနှင့် ပြောလိုက်၏။

'မဟုတ်ရင် ဒါတွေက ဘယ်သူ့အတွက် ယူလာတာလဲ'

မွန်ဂိုစစ်သားက ငေါက်လိုက်ပြန်ရာ အဘွားအိုမှာ မျက် လုံး ဝိုင်းဝိုင်းလည်သွားပြီး ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်သွားသည်။

ထိုအခါ မွန်ဂိုစစ်သားလေးက တစ်ဖက်စီးနင်း လေသံ ဖြင့် ထ၍ ငေါက်ပြန်၏။

'ကျုပ်ပြောတာ မဟုတ်ဘူးလို့ ခင်ဗျား ပြောဦးမ လား'

'ဟုတ်....ဟုတ်ပါတယ်'

အဘွားအိုမှာ မျက်စိလည်သွားလေပြီ။

'ဘာ....ဟုတ်ပါတယ် ဟုတ်လား၊ ဒါ သူပုန် စစ်သား ပို့မယ့်ပစ္စည်းပေါ့၊ ကဲ....ခင်ဗျားကိုယ်တိုင် ဝန်ခံမှတော့ ဖမ်း ရတော့မှာပေါ့'



မွန်ဂိုစစ်သားက ပြောလိုက်ပြီး အရှိုးပေါ် အရေတင်နေ သည့် အဘွားအို၏လက်မောင်းကို တင်းတင်းကျပ်ကျပ် ဖမ်း ဆုပ်လိုက်သည်။

## ( ၁၇ )

အဘွားအိုမှာ အကြောက်တရားကြောင့် နာကျင်သည်ကို
င် သတိမပြုမိဘဲ....

'မ....မဟုတ်ပါဘူး၊ အဲဒီလိုပြောတာ မဟုတ်ပါဘူး'

ပြောလိုက်ရာ မွန်ဂိုစစ်သားက အကြီးအကျယ် ဒေါသ
ထွက်လာပုံ ပြုလျက်....

'ခင်ဗျားကြီး အသက်ကလဲ သေခါနီးနေပြီ၊ စကားကို
တစ်မျိုး ခုတစ်မျိုး ပြောနေတုန်းပဲလား၊ ခု ခင်ဗျား ပြော
နေတာတွေနဲ့ ခင်ဗျားကို ဖမ်းမသွားဘဲ ဗီနေရာမှာထင်

သင်္ချိုင်းတယ်၊ ဒါ သေဒဏ်ထိုက်တဲ့ပြစ်မှုဗျ၊ ကျုပ်တို့ သေနတ် အမိန့်ထုတ်ထားပြီးသား'

'မဟုတ်....မဟုတ်ပါဘူးကွယ်၊ အမေကြီး တောင်းပန်...'

'ဘာ....တောင်းပန် ခင်ဗျားတောင်းပန်လို့ ကျုပ်က ဘာ လုပ်ရမှာလဲ၊ ကဲ....သွားဗျာ၊ ခင်ဗျားကို ကျုပ်တို့မသတ်လဲ သေတော့မှာပဲ၊ သွား....သွား'

တွန်းလိုက်ရာ အဘွားအိုလဲသွားသည်။ မွန်ဂိုစစ်သားသည် အဘွားအို လဲသွားသည်ကို ဂရုမစိုက်ဘဲ အဘွားအို၏ ဝါးခြင်းကလေးကို ဆွဲ၍ ရှေ့သို့ ဆက်လျှောက်သွားသည်။

ထိုအခါ သူ့အဖော် ငါးယောက်ကလည်း နောက်ကျကျန်ရစ်သည်ကို စိုးသည့်အလား ထိုလူနောက်သို့ အတင်းပြေးလိုက်သွားကြသည်။

ထိုအခိုက် လမ်းဘေးရှိ သစ်ပင်တစ်ပင်နောက်မှ လူတစ်ယောက် ထွက်လာသည်။

ထိုလူထွက်လာသည်ကိုမြင်သောကြောင့် မွန်ဂိုငါးယောက်စလုံး ခြေလှမ်းများ ရပ်သွားသည်။

သို့သော် ထွက်လာသူမှာ အသက် ခြောက်ဆယ်ကျော်အရွယ် အဘိုးကြီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသောအခါ ဂရုမစိုက်ဘူးဆိုသော သဘောမျိုးဖြင့် ပြုံးသူက ပြုံးလိုက်သည်။

အဘိုးကြီးက မွန်ဂိုများဆီသို့ တည့်တည့် လျှောက်လာရင်း....

'ဆရာတို့ အမယ်ကြီးပစ္စည်းတွေ ပြန်ပေးလိုက်စမ်းပါ'



ပြောလိုက်ရာ မွန်ဂိုများ ချက်ချင်း မျက်နှာပြောင်းသွားပြီ—

'ဘာပြောတယ်'

'ဘာဖြစ်လို့ ပြန်ပေးရမှာလဲ'

ခိုင်းရိုက်ကြတော့မည့်ပုံစံမျိုးဖြင့် ပြောလိုက်ကြသည်။ အဘိုးကြီးကား မျက်နှာပျက်မသွားဘဲ မွန်ဂိုများအနီးသို့ လျှောက်လာကာ....

'ဆရာတို့ တောဝက်သား မစားချင်ဘူးလား'

လေသံနှိမ့်၍ ပြောလိုက်ပြန်ရာ မွန်ဂိုများ၏ မျက်နှာများမှာ ချက်ချင်းကြီး ပြောင်းသွားပြန်သည်။ ဆွဲခြင်းကို ကိုင်ထားသော မွန်ဂိုကပင် အငမ်းမရ မေးလိုက်၏။

'ဘယ်မှာလဲ'

'ကျွန်တော် ပြောပါ့မယ်၊ ဒီအမယ်ကြီးပစ္စည်းတွေသာ ပြန်ပေးလိုက်စမ်းပါ'

ထိုအခါ ခြင်းကိုကိုင်ထားသော မွန်ဂိုက....

'ခင်ဗျား ကျုပ်တို့ကို လိမ်ရင်တော့ ဒုက္ခဖြစ်ပြီသာ သတ်မှတ်တော့နော်'

'စိတ်ချပါဆရာရယ်'

အဘိုးကြီးက ပြောပြောဆိုဆို မွန်ဂိုစစ်သား၏ လက်တွင်းမှ ဆွဲခြင်းကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ ထို့နောက် နောက်ဘက်သို့ ပြန်လျှောက်ပြီး လဲရာမှပြန်ထရပ်ကာ မွန်ဂိုများကို မျှော်ကြည့်နေသော အဘွားအိုဆီသို့ လျှောက်သွား၏။

အဘိုးကြီးသည် အမယ်အိုအား တစ်စုံတစ်ခု ပြောလိုက်ပြီးနောက် ဤနေရာအနီးမှ အမြန်ထွက်ခွာသွားစေလိုပုံဖြင့် ပခုံးကို ခပ်သာသာ တွန်းလိုက်သည်။

ထို့နောက် မှန်ဂိုများရှိရာသို့ ပြန်လျှောက်လာသည်။

'ကဲ....ခင်ဗျား တောဝက်သားက ဘယ်မှာလဲ'

သွဲ့ခြင်းပြန်ပေးလိုက်သော မှန်ဂိုက ချက်ချင်းပင် စားချင်သောက်ချင်သော လေသံမျိုးနှင့် မေးလိုက်၏။ အဘိုးကြီးက....

'ကျွန်တော် ပြောမယ်ဆရာ၊ သူတို့က ကျွန်တော့်ကို အူအလေးဖြစ်ဖြစ် နည်းနည်းလောက် ပေးပါပြောတာ မပေးဘူး၊ အဲဒါကြောင့် ဆရာတို့ကို ကျွန်တော်ပြောပြတာ'

'ဟာ....ဘာတွေ ပြောနေတာလဲ၊ တောဝက်သားက ဘယ်မှာလဲ ပြောစမ်းပါ'

မှန်ဂိုစစ်သားက အော်လိုက်သည်။

'အဲဒါပြောနေတာပဲလေ၊ ခုနက စုကျင်းတို့သုံးယောက် တောဟိုဘက်နားက စပါးကျီထဲမှာ တောဝက်တစ်ကောင်ကို တိတ်တိတ်ကလေး ဖျက်နေကြတာ၊ ကျွန်တော်က သိလို့ အူကလေး နည်းနည်းလောက်ပေးပါဆိုပြီး သွားတောင်း....'

'ဘယ်နားကစပါးကျီလဲ၊ ပြစမ်း'

မှန်ဂိုစစ်သားက အဘိုးကြီး၏စကားမဆုံးမီ အဘိုးကြီး၏ ပခုံးကို ဆောင့်တွန်းလိုက်ပြီး ပြောလိုက်သည်။ အဘိုးကြီးက လဲကျမသွားအောင် သူ့ကိုယ်သူထိန်းလိုက်ပြီး စပါးကျီရှိရာသို့ သွားမည်ပြင်လိုက်ပြီးမှ....



'ကျွန်တော့်ကိုလဲ လိုက်ပြခအဖြစ် ကလီစာလေး နည်းနည်းတော့ ပြန်ပေးပါနော်'

ပြောလိုက်ရာ မှန်ဂိုစစ်သားမှာ စိတ်မရှည်နိုင်တော့ဘဲ....

'ဟာ....အဘိုးကြီး တယ်လျှာရှည်တာပဲ၊ ကဲ....သွားမှာသာ သွားစမ်း၊ ခင်ဗျားပြောတဲ့အတိုင်းမှန်ရင် ခင်ဗျားကိုလဲ ပေးမှာပေါ့'

ပြောလိုက်၏။ ထိုအခါ အဘိုးကြီးကလည်း ကျေနပ်သွားပုံဖြင့် ရှေ့မှ ခပ်မြန်မြန်လျှောက်သွားရင်း....

'လာ....ဆရာ၊ မြန်မြန် လျှောက်ကြ၊ ဒီကောင်တွေက တောဝက်ပေါ်နေကျကောင်တွေ၊ ဝက်တစ်ကောင်များ ခဏလေးရယ်'

တတွတ်တွတ်နှင့် လျှောက်သွားနေသည်။ မှန်ဂိုများကား ဘာစကားမျှ မပြောကြတော့၊ တောဝက် တစ်ကောင်လုံးသာ ရလိုက်လျှင်ဆိုသောအတွေးကို ကိုယ်စီတွေးကာ အဘိုးကြီး နောက်မှ ခပ်သွက်သွက် လျှောက်လိုက်လာကြ၏။

အဘိုးကြီးက လမ်းပေါ်မှ ဖဲ့ဆင်းကာ မြေသွားလမ်းကြောင်းကလေး အတိုင်း လျှောက်လာပြီး ခပ်လှမ်းလှမ်းရှိ ယာခင်းစပ်မှ တဲကြီးတစ်ခုကို လက်ညှိုးထိုးရင်း....

'ဆရာတို့ အသံမပေးကြနဲ့နော်၊ ဒီကောင်တွေက စပါးကျီထဲမှာ တိတ်တိတ်ကလေး ယုပ်ကိုင်နေကြတာ၊ ခု ထားတဲ့ ကျီတံခါးပေါက်ကို မြင်တယ်မဟုတ်လား၊ အထဲကို ရုတ်တရက်သာ ဝင်သွား၊ ဒါမှ ဒီကောင်တွေ ထွက်မပြေးနိုင်မှာ'

အဘိုးကြီးက တောဝက်သားပေါ်နေသူများ အားလုံးကို မိစေလိုပုံရသည်။ သူသည် ဤသို့ပြောပြီးသည့်နောက်တွင် မှန်ဂိုစစ်သား ငါးယောက်ကို ရှေ့မှ သွားစေကာ သူက နောက်ဆုံးမှ လိုက်လာသည်။ မှန်ဂိုများမှာ တောဝက် တစ်ကောင်လုံး ရတော့မည်ဆိုသော အတွေးဖြင့် ခြေသံမျှပင် မထွက်ရအောင် ဂရုစိုက်၍ စပါးကျီပျက်ကြီးဆီသို့ ငါးယောက်သား ရင်ပေါင်တန်း၍ အပြေးတစ်ပိုင်း လျှောက်သွားကြသည်။

ခဏမျှပင် စပါးကျီပျက်ကြီး၏ တံခါးနားသို့ မှန်ဂို ငါးယောက် ရောက်ရှိသွားသည်။

စပါးကျီပျက်ကြီးအတွင်းမှ တဒုတ်ဒုတ်နှင့် တစ်စုံတစ်ခုကို ခုတ်နေသောအသံ ထွက်ပေါ်နေရာ မှန်ဂိုများမှာ အတွင်း၌ တောဝက်ကို ခုတ်ထစ် ဖြတ်ပိုင်းနေပြီဟု သေချာပေါက် တွက်လိုက်ကြတော့သည်။ သူတို့က စေ့ထားသော စပါးကျီတံခါးရှေ့တွင် ရပ်လိုက်ပြီး နှစ်ယောက်က ရှေ့မှ နေရာယူထားသည်။ ကျန်သုံးယောက်က နောက်မှ အသင့် ဝင်လိုက်ရန် စောင့်နေကြသည်။

အဘိုးကြီးက သူတို့နောက်မှ ရပ်စောင့်နေ၏။

ချက်ချင်းကိုပင် ရှေ့ဆုံးမှနှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ပြီး....

'ရုန်း....'

'ဂျမ်း....'



တံခါးကို ပခုံးစောင်းနှင့်တိုက်၍ အတွင်းသို့ဝင်လိုက်၏။ ...က်မှသုံးယောက်ကလည်း - ထက်ကြပ်မကွာပင် စပါးကျီ ... အတွင်းသို့ ခုန်ဝင်လိုက်ပါသွားကြသည်။ ခဏတွင်....

'ဒုတ်....'

'အိ....'

'ခွပ်....အား'

'အွင့်....'

ထိခိုက်အော်ဟစ်သံများ မြေကြီးပေါ်သို့ လဲပြိုကျသွား...း ပေါ်ထွက်လာသည်။ ထိုအခါ အဘိုးကြီးသည် ခပ်...ပြုံး မျက်နှာဖြင့် စပါးကျီအတွင်းသို့ ဝင်သွားတော့သည်။

( ၁၈ )

ပေါးကျွီ၏ အမိုးပေါက်များမှ အလင်းရောင် ယိုကျနေ
[illegible]လည်း အတွင်း၌ အတန်မှောင်နေသည့် တံခါးပေါက်
[illegible]တွင် မွန်ဂိုစစ်သား ငါးယောက်မှာ အကုန်လုံး အတုံး
[illegible] လဲကျနေကြ၏။ တစ်ချက်ဆောင်း တိုက်ကွက်များဖြင့်
[illegible]အနိုင် စောင့်ကြို တိုက်ခိုက်ခံလိုက်ရသော မွန်ဂိုများမှာ
[illegible]ရှားခုခံချိန်ပင် ရလိုက်ပုံမပေါ်။ အသက်ပျောက်နေပြီ
[illegible]သော မွန်ဂိုစစ်သားများ၏ စစ်ဝတ်စုံများကို လူခြောက်
[illegible]ာက်က လျင်မြန်စွာ ချွတ်ယူနေကြသည်။

'ကဲ....ကျွန်တော်တို့က ခုနစ်ယောက်ရတဲ့ဝတ်စုံက ဒါ
ဘယ်သူတွေဝတ်ကြမှာလဲ'

တပ်မှူး ရှင်ချီတင်က မေးလိုက်သည်။

'မင်းတို့ပဲဝတ်ကြပါကွာ၊ ငါတော့ ဒီကောင်တွေအ
ကိုယ်ပေါ်မတင်ချင်ပါဘူး'

ဝက်ကလီစာ လိုချင်သော အဘိုးကြီးအဖြစ် ပိုင်နိုင်
ဟန်ဆောင်ခဲ့သော အဘချုန်က ပြောလိုက်၏။

'ဟုတ်တယ်၊ ခင်ဗျားတို့ငါးယောက် ဒီအဝတ်တွေ
ကျွန်တော်တို့က ဒီအတိုင်းပဲလိုက်မယ်'

ဟိုမင်တင်ကလည်း ပြောလိုက်သည်။

'ဒါဆိုရင် ငါတို့က နယ်ချဲ့ မွန်ဂိုတွေဖြစ်၊ မင်း
နယ်ချဲ့နဲ့ ပူးပေါင်းတဲ့သစ္စာဖောက်တွေဖြစ်၊ ကောင်း

တပ်မှူးရှင်ချီတင်က ပြောပြီးရယ်သည်။

'မတတ်နိုင်ဘူးလေ၊ ဒီလိုမှလုပ်မသွားရင် ဒီကောင်
ဝိုင်းထားတဲ့စည်းကို ဖောက်ထွက်ဖို့ဆိုတာ မလွယ်ဘူး'

တပ်ဗိုလ် ကုချင်းက ပြောရင်း အဝတ်အစားများ
ဝတ်ရန် သူ့ကိုယ်ပေါ်မှအဝတ်များကိုချွတ်နေသည်။
ဗိုလ် လေးယန်က ဘာပဲဖြစ်ဖြစ် မြန်သူဖြစ်သည်။ သူ
မွန်ဂိုအဝတ်အစားများကို အလျင်ဆုံးဝတ်ဆင်ပြီးသွား
သို့သော် သူ ဝတ်သော ဘောင်းဘီနှင့် အင်္ကျီမှာ
ကိုယ်ထည်ပွသော်လည်း ခြေဆန်လက်ဆန်က အထော
နေရာ ရယ်စရာလို့ဖြစ်နေ၏။



'ကြည့်စမ်းပါဦး၊ တော်တော်မှ ကျက်သရေမဲ့ရဲ့ထား
သိဘူး'

လေးယန်က ရှည်ထွက်မလာနိုင်သော အင်္ကျီလည်ကို ဆွဲ
ဆန့်ရင်း ပြောနေ၏။ ကုချင်းမှာမူ အင်္ကျီရင်ဘတ် ကျဉ်း
နေရာ အပေါ်ဆုံး ကြယ်သီးနှစ်လုံးကို ဖြုတ်ထားရသည်။
မွန်ဂို အဝတ်နှင့် အံဝင်ခွင်ကျဖြစ်သူကား စူးမိန်တန်
တစ်ယောက်သာရှိသည်။ သူသည် နှုတ်ခမ်းမွေးပါရှိသူဖြစ်ရာ
မွန်ဂို စစ်ဝတ်စစ်စားများကို ဝတ်လိုက်သောအခါ မွန်ဂို
တပ်ဗိုလ်တစ်ယောက်ဟုထင်ရလောက်အောင် ခန့်ခန့် ညား
ညား ဖြစ်နေ၏။

တပ်မှူး ရှင်ချီတင်က စူးမိန်တန်ကို စေ့စေ့စပ်စပ်
ကြည့်ရင်း....

'ဒီက ရွှေလျှောက်ပြီး မင်းက ခေါင်းဆောင်နေရာ ယူရ
မယ် စူးမိန်တန်'

ဟာ....တပ်မှူးကလဲ'

စူးမိန်တန်က အကြောက်အလန့်ပြောသည်၊ ရှင်ချီတင်
က....

'တပ်မှူးကလဲ မလုပ်နဲ့လေကွာ၊ ဒီအဝတ်အစားတွေ
ပြောင်းဝတ်လိုက်တော့ ငါ့ပုံစံက ကြွက်စုတ်နဲ့ တူသွားပြီ၊
မင်းပုံစံက တပ်မှူးနဲ့ တူနေတာပဲ၊မင်းက ခေါင်းဆောင်
လုပ်သွားမှ တို့ အယောင်ဆောင်ကိစ္စကြီးက ဟန်ကျတော့မှာ
ပေါ့'

ပြောလိုက်ရာ ဟာရှမ်းကလည်း စူးမိန်တန်ကို သေချာ ကြည့်၍....

'ဟုတ်ပါ့ကွာ.... တပ်မှူးပြောမှပဲ သေချာကြည့်မိတယ်။ စူးမိန်တန်က ဗီအဝတ်အစားတွေနဲ့ဆိုတော့ တကယ့်မွန်ဂို တပ်မှူးရုပ်ပဲ'

ဝင်ပြောသည်။ ထိုအခါ လေးယန်ကလည်း ရယ်ရင်း....

'တူမှာပေါ့....ဗီကောင်က ပထမအကြိမ် မွန်ဂိုတွေလာ တုန်းက မွေးတဲ့ကောင်ပဲ'

'ခွေးသူခိုး'

စူးမိန်တန်က ရေရွတ်သည်။ လေးယန်က သူ့ကို ဂရု မစိုက်တော့၊ ခြေလက်တို့၍ ကိုယ်လုံးမှုသော မွန်ဂိုစစ်သားကို ငုံ့ကြည့်ကာ....

'ဒီကောင်ကတော့ကဏန်းနဲ့ မျိုးစပ်ထားတဲ့ကောင် ဖြစ်ရ မယ်'

'ကဲ....တော်ကြတော့ဟေ့၊ ဒီမှာ ကြာကြာနေလို့မဖြစ် ဘူး၊သွားကြရအောင်'

တပ်မှူး ရှင်ချိတင်က ပြောလိုက်သည်။ ထိုအခါ လေးယန် က....

'ကျွန်တော်တို့က တပ်မှူးစကား နားထောင်ရမှာ လား၊စူးမိန်တန့် စကားကို နားထောင်ရမှာလား'

ပြောလိုက်ရာ စူးမိန်တန်က လေးယန်၏ပခုံးကို လက်သီး နှင့် လှမ်းထိုးသည်။လေးယန်က ရှောင်တိမ်းလိုက်ပြီး သူ့ မြင်းကို သွားဆွဲရင်း....



'မွန်ဂိုတပ်မှူးနဲ့ တူတယ်လို့ ပြောရုံရှိသေးတယ်၊ လူမြင် တာနဲ့ ထိုးချင်စိတ်က ပေါက်နေပြီ'

'ခွေးသူခိုး၊ ဝါစိတ်ဆိုးလာပြီနော်'

စူးမိန်တန်က မျက်နှာနီနီကြီးနှင့်အော်သည်။လေးယန်က အရယ်မပျက်၊ သူ့မြင်းကိုဆွဲ၍ စပါးကျီပေါက်မှ ထွက်သွား သည်။

ခဏအကြာတွင် မွန်ဂိုစစ်သား ငါးယောက်နှင့် တရုတ် လူငယ်တစ်ယောက်နှင့် အဘိုးကြီးတစ်ယောက်တို့ မြင်းကိုယ်စီ ဖြင့် ထွက်ခွာကြသည်ကို ခပ်လှမ်းလှမ်းတွင် ရှိနေသော ရွာ သား သုံးယောက်တို့က လှမ်း၍မြင်လိုက်ကြရသည်။

# ( ၁၉ )

ခြံတွင်းရှိထိုင်ခုံပေါ်တွင် သမားတော်ကြီး ခေါ့ဖျူ ထိုင်နေသည်မှာ အတော်ကြာပြီ။ မြေးများဖြစ်သော ကွန်ကျင်ယီနှင့် ကွန်ယုတိုင်တို့ မောင်နှမ အပြင်ဘက်တို့ သွားနေ်သောကြောင့် တစ်ခြံလုံးတွင် သူ တစ်ဦးတည်းသာ ရှိနေ၏။

ဤအချိန်တွင် သမားတော်ကြီးသည်သမီးဖြစ်သူ ခေါ့ကျင်၏ အကြောင်းကို တွေးနေ၏။

သမီးကား သေဆုံးခဲ့ချေပြီ။

အမျိုးသမီးတစ်ဦးက ခေါ်ကျင်အကြောင်း လာရောက်အကြောင်းကြားစဉ်ကပင် ခေါ်ဖျူ သိခဲ့ခြင်းဖြစ်သည်။ သူမကြားယောင် မသိယောင်ဆောင်ခဲ့သည်။

ယနေ့ဆိုလျှင် ခြောက်လတင်းတင်း ပြည့်ပြီ။

ဤအချိန်အတိုင်းအတာအတွင်း၌ ခေါ်ဖျူသည် သမီးဖြစ်သူ အသက်ရှင်နေသေးသည့်ပုံဖြင့် မြေးကလေးများ၏ ရှေ့တွင် နေပြခဲ့သည်။

သို့သော်လည်း သူက ဤကဲ့သို့ဟန်ဆောင်၍နေစဉ်မှာပင် မြေးမလေး ကွန်ကျင်ယီသည်လည်း အဘိုးဖြစ်သူနှင့် မောင်ကလေး ကွန်ယုတိုင်တို့စိတ်မချမ်းသာ မဖြစ်ကြရလေအောင် မိခင်ဖြစ်သူ ဆုံးပါးခဲ့ပြီကို ဖွင့်ထုတ်မပြောဘဲ မျိုသိပ် ချုပ်တည်း ထားပါကလားဆိုသော အတွေးက သူ့ရင်ကို ပြင်းထန်စွာ ဖိညှပ်ထားသကဲ့သို့ ခံစားရစေပြန်၏။

ဪ....သိတတ်လိုက်သည့် မြေးမလေး။

ယခုဆိုလျှင် မြေးမလေး ကွန်ကျင်ယီ၏အသက်က တစ်ဆယ့်ငါးနှစ်ကို နှစ်လစွန်းခဲ့ပြီ။

ကွန်ယုတိုင်က ဆယ့်သုံးနှစ်။

သမီးဖြစ်သူ ဆုံးပါးသွားပြီဟု သိရပြီးနောက်ပိုင်း ခြောက်လ ဆိုသော အချိန်အတွင်း သူတို့မောင်နှမ ထွားကျိုင်းလာလိုက်သည်မှာ ယုံနိုင်စရာပင်မရှိ။

ဤသည်မှာ လေးကျွန်းရာဇာ မဟာသိုင်းကျမ်းဆိုသော စာအုပ်အတွင်းမှ သိုင်းကွက်များကို နေ့စဉ်မပြတ် လေ့ကျင့်နေသောကြောင့် ဖြစ်မည်ဟု တွေးမိသည်။



သမားတော်ကြီးသည် မြေးကလေးနှစ်ယောက်ကို ဤသိုင်းကျမ်းစာအုပ်မှ သိုင်းကွက်များကို လေ့ကျင့်ကြလေတိုင်း ဘေးမှထိုင်ကာ စာအုပ်ကိုကြည့်ရင်း အကြံပေးခြင်း၊ စာအုပ်တွင်းမှ စာများကို ဖတ်ပြခြင်း စသည်ဖြင့် ပြုလုပ်ခဲ့သောကြောင့် စာအုပ်တစ်အုပ်လုံးကို အလွတ်ရမတတ် ဖြစ်နေခဲ့လေပြီ။

ဤသိုင်းကျမ်းစာအုပ်တွင် အမည်ခေါင်းစဉ်များ ရေးထိုးထားသော သိုင်းကွက်ကြီး တစ်ဆယ့်ခြောက်ကွက်ရှိသည်။ ထိုသိုင်းကွက်ကြီး တစ်ကွက်စီတွင် သိုင်းကွက်ခွဲ သုံးခုစီရှိပြန်ရာ စုစုပေါင်း သိုင်းကွက်ခွဲ လေးဆယ့်ရှစ်ကွက် ရှိသည်။

သူတို့မြေးအဘိုး သုံးယောက်သည် သိုင်းကွက်များကို ခမ်းတဝါးဝါး လေ့ကျင့်ခဲ့ရ၏။ အစပိုင်းတွင် စိတ်ပျက်စရာကောင်းလောက်အောင် ခက်ခဲသည်။ အစဦးဆုံး ပဉ္စမ သိုင်းကွက်ကြီး၏ သိုင်းကွက် သုံးခုကိုပင် ရက်သတ္တတစ်ပတ်ကြာသည်အထိ စာအုပ်တွင် ရှင်းလင်းပြထားသည်နှင့် ကိုက်ညီအောင် ပြုလုပ်နိုင်ခြင်းမရှိခဲ့။

သို့သော် သူတို့မြေးအဘိုး သုံးယောက်စလုံးပင် ဇွဲကောင်းခဲ့ကြသည်။ စိတ်ရှည်ကြသည်။ တစ်ဆယ့်နှစ်ရက်မျှ အကြာတွင် ပထမဆုံး ပဉ္စမသိုင်းကွက်ကြီး၏ သိုင်းကွက်ခွဲ သုံးခုလုံးကို စာအုပ်ပါအညွှန်းအတိုင်း လှုပ်ရှားနိုင်သော အခြေအနေကို ရယူနိုင်ခဲ့သည်။

မည်သည့် ညာရပ်မဆို ကိုယ့်စိတ်နှလုံး နှစ်မြှုပ်လျက် မတွန့်ဆုတ်သော ဇွဲနပဲဖြင့် ကြိုးပမ်းသည်ဆိုလျှင် မတတ်မြောက်နိုင်သည် မရှိ။

သမားတော်ကြီး ခေါ်ဖျူက ဤသို့ပင် ခံယူပြီးသား၊ သူ့အဏ္ဏဝစိတ်ဓာတ်ကို မြေးကလေးများ၏ စိတ်နှလုံးအတွင်းသို့ သွင်းသားပေးပြီးလည်း ဖြစ်သည်။

ကွန်ကျူင်ယီသို့ မောင်နှမသည် ပျင်းရိစရာလည်းကောင်း၊ ညောင်းညာပင်ပန်းခြင်းလည်း ဖြစ်လှသော သိုင်းကွက်များကို နေ့စဉ် မနက်ပိုင်း၊ ညနေပိုင်း နှစ်ကြိမ်မျှ လေ့ကျင့်ခဲ့ကြရသည်။ လေ့ကျင့်ချိန်ကလည်း အကြာကြီးဖြစ်သည်။

မောင်နှမနှစ်ယောက်သည် ဤသို့ လေ့ကျင့်ခြင်းကို စိတ်မပါ လက်မပါနှင့် စတင်ခဲ့ကြပြီး ဟစ်စတစ်စနှင့် စိတ်ဝင်စား ပျော်မွေ့လာကြသည်။ ပထမဆုံး သိုင်းကွက်ကြီးကို ချောမွေ့စွာ တတ်မြောက်သွားကြပြီး နောက်တွင် နောက်သိုင်းကွက်များကို လေ့ကျင့်ရာ၌ ပို၍ အဆင်ပြေလာသည့်သဘောနှင့် အထာကို နားလည်လာကြသောကြောင့် ဖြစ်သည်။

ယခုဆိုလျှင် သူတို့မောင်နှမသည် ရွယ်တူကလေးများနှင့် စိန်ပြေးတမ်း၊ ဖန်ခုန်တမ်း ကစားသောအလုပ်ကို လုံးဝပင် မလုပ်လိုတော့ချေ။

သိုင်းကွက် ငါးကွက်မျှ တတ်မြောက်သွားကြပြီးသည့် နောက်ပိုင်းတွင် မောင်နှမနှစ်ယောက်မှာ သိုင်းကွက်အသစ်ကို ထပ်၍လေ့ကျင့်လိုက်၊ ပြီးလျှင် လေ့ကျင့်တတ်မြောက်



ပြီးသား သိုင်းကွက်များဖြင့် မောင်နှမနှစ်ယောက် အပြန်အလှန် လှုပ်ရှားတိုက်ခိုက်ကြည့်ကြဖြင့် အလွန်စိတ်ဝင်စားပျော်ရွှင်လာကြသည်။

သမားတော်ကြီးကား ထိုင်ကြည့်သူသက်သက် ဖြစ်လာသည်။

( ၂၀ )

သူသည် မောင်နှမနှစ်ယောက် အပြန်အလှန် လှုပ်ရှား တိုက်ခိုက်နေသည်ကို ကြည့်ရင်း သမီး ခေါ့ကျင်အား ဤသိုင်း ကျမ်းကို ပေးအပ်၍ လေ့ကျင့်စေခဲ့သည်မှာ မှားပြီဟု နောင်တဖြင့် တွေးနေတတ်လေ့ရှိသည်။

သမီး ခေါ့ကျင်သာ ဤသိုင်းကျမ်းမှ သိုင်းကွက်များကို တတ်မြောက်ထားလျှင် ယခုအရေး၌ မွန်ဂိုများ၏လက်ချက် ဖြင့် သေချင်မှ သေရလိမ့်မည်။

'အို... သမီး ကုသိုလ်ကံကိုက ဒီလိုပါလာတာပဲ၊ ဘာတတ် နိုင်ပါ့မလဲ'

သမားတော်ကြီး အတွေးဖြင့်ငိုင်နေလျှင် မြေးမ ကွန်ကျင် ယီက သူ့မောင်လေးနှင့် တိုက်ခိုက်နေရပ်း လှမ်းအော်မေ တတ်သည်။

'အို....ဘိုးဘိုး၊ ကျွန်မတို့ကစားတာ ကောင်းရဲ့လား'

ထိုအခါ ခေါ့ဖျူက ကပျာကယာပင်....

'ကောင်းပါတယ်....ကောင်းပါတယ်'

တကယ်တွင်လည်း မောင်နှမ နှစ်ယောက်သည် ငါးဧ ကျော် အကြာတွင် သိုင်းကျမ်းစာအုပ်မှ သိုင်းကွက်ကြီ တစ်ဆယ့်ခြောက်ကွက်လုံးကို ကျေကျေညက်ညက် တတ် မြောက် သွားခဲ့ကြပြီးဖြစ်သည်။

သူတို့၏ လှုပ်ရှားမှုများသည် ယခင် ဝိန်ပြေးတမ်း ဖန်ချ တမ်း ကစားစဉ်ကနှင့် မည်သို့မျှ မဆိုင်တော့ပြီး သူတို့မှာ လည်း ဝါပွင့်များကဲ့သို့ ပေါ့ပါးနေပြီး တောတွင်းမှ ယုန် ကလေးများကဲ့သို့ လျင်မြန်စွာ ပြေးနိုင်ကြသည်။ သူတို့ ကိုယ်ကလေးတွေကလည်း ပျော့ညွတ်နိုင်ကြပြီ။

သမားတော်ကြီးသည် တစ်နေ့တွင် ကျေနပ်အားရမှု သော စိတ်ဖြင့် သူ့မြေးကလေးများကို စမ်းသပ်ကြည့်ခဲ့၏။

ထိုနေ့တွင် သမားတော်ကြီးသည် သုံးပေခန့်မျှရှည်သော ကြိမ်လုံးတစ်လုံးကို ယူ၍ သူ့မြေးများ လေ့ကျင့်ကစား နေရာသို့ လာခဲ့သည်။ ကလေးများသည် လေ့ကျင့်ပြီးသား သိုင်းကွက်များကို အသုံးပြု၍ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက် ကစားနေကြခြင်း ဖြစ်သည်။



သူတို့၏လှုပ်ရှားမှုများသည် တမင် ကြိုတင်ညှိနှိုင်းပြီး [illegible]ရှားနေကြသကဲ့သို့ အလွန်သပ်ရပ်၍ ကြည့်ကောင်းလှ [illegible]၏။

သမားတော်သည် ကလေးများ၏ လှုပ်ရှားမှုကို ခဏမျှ [illegible]ကြည့်နေပြီးမှ....

'နင်တို့မောင်နှမ ကောရပ်ကြစမ်း'

ပြောလိုက်ရာ ကွန်ကျင်ယီနှင့်ကွန်ယုတိုင်တို့ လှုပ်ရှားမှုကို [illegible]ရပ်လိုက်ကြပြီး သူတို့အဘိုးရှိရာသို့ လျှောက်လာကြသည်။

[illegible]သမားတော်ကြီးက ကြိမ်လုံးကို တဆဆနှင့်....

'နင်တို့ သိုင်းကွက်တွေ ကစားနေတာကို ငါကြည့်ရတာ [illegible]ပြီ၊ ဒီသိုင်းကွက်တွေ တတ်ထားလို့ နင်တို့ ဘယ်လောက် [illegible]မ်းထက်နေပြီ ဆိုတာတော့ ငါ မသိရသေးဘူး၊ အဲဒီ [illegible]တော့ ဒီကနေ့ မင်းတို့ကို ငါကိုယ်တိုင် စမ်းကြည့်မယ်'

'ဘိုးဘိုးက ဘယ်လို စမ်းကြည့်မှာလဲ'

မောင်နှမနှစ်ယောက်စလုံးက မေးသည်။ သမားတော် [illegible]က လက်ထဲမှ ကြိမ်လုံးကို လေထဲသို့ ရွှမ်းခနဲ ရိုက်လိုက် [illegible]

'ငါက ဒီကြိမ်လုံးနဲ့ နင်တို့ကို တစ်ယောက်ချင်း ရိုက် [illegible]ကြည့်မယ်၊ မထိအောင် ရှောင်နိုင်တဲ့လူကို ဒီနေ့မနက် ထမင်း [illegible]နှင့် ဝက်အူချောင်းကြော် တစ်ခုစီ အပိုဆုချမယ်'

'တကယ်လား'

အငယ်ကောင် ကွန်ယုတိုင်က တက်တက်ကြွကြွ မေး [illegible]သည်။

'တကယ်ပေါ့၊ ဒါပေမယ့် ငါရိုက်လို့ထိရင်တော့ ဝမ်း
ချောင်းတစရကို ခပ်ပြီး အိမ်ရှေ့က ပန်းပင်တွေကို ရေ
လောင်းပေးရမယ်....ဘယ့်နှယ်လဲ'

'စိမ်လိုက်'

အငယ်ကောင်က ပြောလိုက်ပြီးမှ ဆက်၍....

'ဒါပေမယ့် ဘိုးဘိုးပေးတဲ့ဒဏ်ကမျှားပြီး ဆက သိ
နည်းနေတယ်၊ တကယ်လို့ ဘိုးဘိုး ကျွန်တော့်ကိုရိုက်တ
တစ်ချက်မှမထိရင် ဝက်အူချောင်းကြော် နှစ်ခုပေးမလား'

ဈေးဆစ်သည်။ ထိုအခါ ကွန်ကျင်ယံက ဝင်၍....

'အို....မောင်လေးအလဲ ခုအချိန်မှာ ဘာပဲဖြစ်ဖြစ် သိ
ရှားပါးနေတဲ့ဟာ၊ တစ်ခုဆိုရင် တော်ရောပေါ့'

ဝင်ပြောသည်။ သမားတော်ကြီးက....

'အေးပါ....ထားပါ၊ မင်းပြောသလို နှစ်ခုပေးပါ့မယ်
ဒါပေမယ့် ထိရင်တော့ လောလောဆယ်တင် သက်သာမှာ
မဟုတ်ဘူးနော်'

'ဘိုးဘိုးထိအောင် မရိုက်နိုင်ပါဘူး'

အငယ်ကောင်က စိတ်ချယုံကြည်စွာ ပြောသည်။

'ကဲ....ဒါဆိုရင် ဘယ်သူ့ကို အရင်စမ်းကြည့်ရမှာလဲ'

သမားတော်ကြီးက မေးလိုက်ရာ အငယ်ကောင်အပင်

'ကျွန်တော့်ကို အရင်စမ်းကြည့်ပါ'

'ကောင်းပြီ'



သမားတော်ကြီးက ပြောလိုက်ပြီး မြက်ခင်းပြင် အလယ်
သို့ ဝင်လိုက်သည်။ အငယ်ကောင်က လက်မောင်းကိုပင့်၍
သမားတော်ကြီးရှေ့၌ ရပ်သည်။

'ဘယ်လိုလဲ....ငါရိုက်ရတော့မလား'

သမားတော်ကြီးက မြေးဖြစ်သူကို စိုက်ကြည့်ရင်း မေး
လိုက်သည်။

( ၂၁ )

'ရိုက်လေ'

'ကဲ.... ရွှမ်း'

သမားတော်ကြီးက မြေးဖြစ်သူကို ပေါင်ကို သူ လှမ်းရိုက်လိုက်သည်။ ကွန့်ယုတိုင်က ဘယ်ခြေကို တစ်လှမ်းဆုတ်၍ ရှောင်လိုက်၏။ သမားတော်ကြီး၏ ရိုက်ချက်က ကောင်းကောင်းကြီး လွဲချော်သွားလေသည်။ သမားတော်ကြီးက ကိုယ်ခန္ဓာအပေါ်ပိုင်းသို့ ရိုက်လျှင် မြေးဖြစ်သူ ပို၍နာမည်ဖြစ်သောကြောင့် ဒူးအောက်နေရာဆီသို့ ဘယ်ပြန် ညာပြန်နှင့်ချက်ဆင့်၍ ယမ်းလိုက်ပြန်၏။

'ရှမ်း.... ရှမ်း'

ကွန်ယုတိုင် ခုန်ရှောင်သွားသည်ကို မြင်လိုက်ရသည်။ ရုတ်တရက် ပျောက်သွား၏။ ကလေးများ၏ လေ့ကျင့်မှုကို အမြဲလိုကြည့်ခဲ့သော သမားတော်ကြီးမှာ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

'ဟီ....ဟီ'

ရယ်သံ သမားတော်ကြီး လှည့်လိုက်သည်။ သူ့နောက်ဘက်တွင် ရပ်နေသော မြေးငယ်ကို တွေ့လိုက်ရ၏။ ဘယ်လိုလုပ်ပြီး ရောက်သွားပါလိမ့်။

'မင်း ငါ့ကို လှောင်တာပေါ့ ဟုတ်လား၊ ငါက မင်းနာသွားမှာစိုးလို့ ညှာနေတာကွ၊ တကယ်ရိုက်ရင် မင်းကိုယ်မှာ အစင်းကြောင်းတွေ ထပ်သွားမယ်'

သမားတော်ကြီးက ပြောလိုက်သည်။

'ဟင်း....ဟင်း....တကယ်ပဲ ရိုက်စမ်းပါလေ၊ ဘိုးဘိုး ဝတ်အုပ်ချောင်း နှစ်ခုပေးရမှာ သေချာနေပါပြီ'

မျက်နှာပေါ်တွင် စိတ်ချယုံကြည်မှုများ ပြည့်လျှမ်းနေသော မြေးငယ်က သူ့အဘိုးကို စေ့စေ့နှင့် ကြည့်ရင်း ပြောလိုက်သည်။

'ကဲ....ဒီလိုဆိုရင် ရှောင်ပေတော့ကွာ'

သမားတော်ကြီးက ပြောပြောဆိုဆို စလွယ်သိုင်းရိုက်မည့်ဟန် ပြုလိုက်၏။ ကွန်ယုတိုင်ကလည်း တိမ်းမည့်ဟန် ပြုသည်။ ဤတွင် သမားတော်ကြီးက မရိုက်ဘဲ ကွန်ယုတိုင်၏ ဗိုက်ကို ကြိမ်လုံးဖြင့် ထိုးလိုက်သည်။



သမားတော်ကြီးက ထိပြီဟု ထင်လိုက်သည်။ သို့သော် မထိ။

ကွန်ယုတိုင်က ကိုယ်ကိုလှည့်၍ ရှောင်ထွက်လိုက်ပြီး....

'ဟီး....ဟီး....ဘိုးဘိုးက ညာထိုးချည်းပဲ'

'ချေးကောင်လေး....ဒီတစ်ခါတော့ တကယ်နာပေတော့'

'ရှမ်း.... ရှမ်း.... ရှမ်း.... ရှမ်း'

သမားတော်ကြီးက လေးချက်မျှဆင့်၍ ရိုက်လေသည်။ ရိုက်ရင်းပင် သမားတော်ကြီးမှာ သူ့မျက်လုံးများ ဝေဝါးသွားသည်ဟု ထင်သွားသည်။ ကွန်ယုတိုင်၏ ခန္ဓာကိုယ်က နှစ်ခုခွဲ၍ လှုပ်ရှားနေသကဲ့သို့ ထင်လိုက်ရသောကြောင့် ဖြစ်သည်။

ဤသို့မဖြစ်နိုင်။ သူ အားနည်းပြီး မျက်လုံးပြာသွားတာပဲ ဖြစ်ရမည်။

သမားတော်ကြီးက ထပ်၍ ရိုက်ပြန်၏။

'ရှမ်း....ရှမ်း'

'ရှမ်း'

သို့သော် သမားတော်ကြီးမှာ လေကိုသာ ရိုက်မိနေသည်။ ရိုက်မိသည့်အတွက် သူ့ကိုယ်သူ မကျေနပ်သော်လည်း သူရိုက်သည်ကို မြေးကလေးက ရှောင်နိုင်သောကြောင့် တစ်ဖက်ကလည်း ကျေနပ်နေသည်။

သမားတော်ကြီးသည် မြေးကလေးကို လိုက်ရိုက်နေရင်းနှင့်ပင် သူ၏ ပညာကို သူ့မြေးကလေးအား လွှတ်အောင်ရှောင်

နိုင်မည်ဟု လုံးဝပင် ယုံကြည်လာကာ နေရာမရွေးတော့ဘဲ ထိမည်ထင်သမျှကို ရိုက်ခတ်နေတော့သည်။

'ရှမ်း....ရှမ်း'

'ရှမ်း....ရှမ်း....ရှမ်း'

ကြိမ်လုံးသံက အဆက်မပြတ် ထွက်ပေါ်နေသည်။

ကွန်ယုတိုင်က သမားတော်ကြီး ပတ်ပတ်လည်သို့ လျင်မြန်စွာ လှမ်း၍ လှည့်ပတ်ကာ အဆက်မပြတ် ကျရောက်လာသော ကြိမ်ချက်များကို လွတ်လွတ်ကင်းကင်းပင် တိမ်းရှောင်နေသည်။

သမားတော်ကြီးသည် မြေးဖြစ်သူ လှည့်ပတ်နေသမျှ သူကလည်း လိုက်လှည့်ကာရိုက်နေရသောကြောင့် တကယ်ပင် မူးဝေလာသည်။

သမားတော်ကြီးက ရုတ်တရက် ရပ်ပစ်လိုက်သည်။

တကယ်ပင် မူးနေသောကြောင့် လဲမသွားအောင် ခြေနှစ်ချောင်းကို ဖြဲ၍ချပ်နေရသည်။ မြေးဖြစ်သူ ကွန်ယုတိုင်မှာ ခုန်ပေါက်လှုပ်ရှားနေဆဲ။

'ရိုက်ပါဦး ဘိုးဘိုးရဲ့၊ ရိုက်ပါဦး'

ပါးစပ်ကလည်း အော်နေသည်။

'မင်းက သိုင်းကွက်နဲ့ ရှောင်နေတာမှမဟုတ်ဘဲ ဝိုင်းပြီး ပတ်ပတ် ပြေးနေတာကို'

သမားတော်ကြီးက ပြောလိုက်ရာ ကွန်ယုတိုင် ငြိမ်ရ သွားပြီး....



'ဘိုးဘိုးမညစ်ပတ်နဲ့၊ ကျွန်တော် သိုင်းကွက်နဲ့ ရှောင်နေတာ၊ ဝက်အူချောင်းနှစ်ခုမပေးချင်လို့ ညစ်နေတာ မဟုတ်ဘူး၊ ကျွန်တော်သာ သိုင်းကွက်ကို တကယ်သုံးရင် ဘိုးဘိုး ကျွန်တော့်ကို တစ်ချက်ပဲရိုက်လို့ရမယ်'

'ဘယ်လို'

သမားတော်ကြီးက တအံ့တဩ မေးသည်။ ကွန်ယုတိုင် က...

'တကယ်ရန်ဖြစ်တာဆိုရင် ဘိုးဘိုးက တစ်ချက်ရိုက်လိုက်တာနဲ့ ကျွန်တော်က ရှောင်ပြီး ဘိုးဘိုးကို ပြန်ထိုးလို့လဲ ရတယ်၊ ပြန်ကိုင်ပေါက်လို့လဲရတယ်၊ ဒါမှမဟုတ် ဘိုးဘိုး လက်ထဲက ကြိမ်လုံးကို လုယူလိုက်လို့လဲရတယ်'

မျက်နှာထိ မျက်နှာထားနှင့် ပြောလိုက်သည်။

( ၂၄ )

'လူကြွားလေး ငါမယုံဘူး'

သမားတော်ကြီးကပြောသည်။ ကွန်ယုတိုင်က ရင်ဘော့ချက်....

'မယုံရင်စမ်းကြည့်လေ၊ ကိုင်ပေါက်လိုက်ရင်တော့ဘိုးဘိုးခါးကျိုးမှာပဲ'

'ဟဲ့မောင်လေး ကိုယ့်ဘိုးဘိုးကို ဒီလိုပဲ ပြောရသလား'

ကွန်ကျင်ယီက ပြောရင်း အနားသို့ လျှောက်လာသည်။ ထို့နောက် အဘိုးဖြစ်သူကိုကြည့်ရင်း....

'ဘိုးဘိုး ဒီလိုရိုက်လို့တော့ သူ့ကို တစ်သက်လုံးမယိဘူး၊ ပြီးတော့ သူပြောသလိုလဲ လုပ်ပစ်လို့ရတယ်'

'မဟုတ်တာ မြေးရယ်'

သမားတော်ကြီးက မာန်မချချင်သေးဘဲ ပြောသည်။

'မယုံရင် မြေးကိုပဲရိုက်ကြည့်လေ'

ကွန်ကျင်ယီက ခပ်လေးလေးပြောသည်။ ထိုအချိန်တွင် သမားတော်ကြီးနှင့် ကွန်ကျင်ယီမှာ လေးပေခန့်မျှသာ ဝေးသည်။ ပြီးတော့ ကြိမ်ဘစ်ကမ်းရိုက်၍ အကောင်းဆုံးအရှေ့ အထား။

သမားတော်ကြီးက ရှတ်တရက် ကြိမ်လုံးကို မြှောက်၍ ရိုက်ချလိုက်သည်။

ချက်ချင်း ထိတ်ခနဲဖြစ်သွားရ၏။

သူ့လက်ကို ချက်ချင်း အဖမ်ခံလိုက်ရသည်ကို သိလိုက်သည်။ ထို့နောက် သူ့ ပက်ထဲမှ ကြိမ်လုံးကိုဆွဲယူသွားခြင်း ခံလိုက်ရ၏။ သူ မည်သို့မျှမတားဆီးနိုင်။

'ဟား....ဟား....ဟား'

ကွန်ယုတိုင်က အားရပါးရ ရယ်မောနေ၏။

သမားတော်ကြီးမှာ ငေးတိငေးကြောင်နှင့် ထိုစဉ် ခြံဝ ဘက်မှ ခေါ်သံထွက်ပေါ်လာသည်။

'ကွန်ကျင်ယီ၊ ကွန်ကျင်ယီ'

'သူငယ်ချင်းရေ ငါတို့လာတယ်ဟေ့'

ခေါ်သံများမဆုံးမီ မောင်နှမ နှစ်ယောက်စလုံး မြေ ထွက်သွားသည်။ ငှက်ကလေးများ ရှတ်ခနဲ ထပျံသွားသကဲ့ သို့ပင် ဖြစ်သည်။



သမားတော်ကြီး သူ့နားထင်နှစ်ဖက်ကို လက်နှင့်ဖိရင်း ကလေးများပြေးသွားရာသို့ ခပ်ဖြည်းဖြည်း လျှောက် လိုက် သွားခဲ့သည်။

အိမ်ရှေ့ ပန်းပင်များ အနီးသို့ အရောက်တွင် ခြံတံခါး ဆီမှ ဟေးခနဲ အော်သံကြားရသည်။

ထို့နောက် ပျော်ရွှင်စွာ ပြေးလွှား ဝင်ရောက်လာကြ သော ကလေးများက သမားတော်ကြီးရှေ့သို့ ရောက်လာကြ တော့သည်။

သမားတော်ကြီးက ကလေးများဟုသာ ထင်သော် သည်း တကယ်တွင် သူ့မြေးနှစ်ယောက်ထက် အသက်ပိုကြီး ကြသော အပျို၊လူပျိုဖားဖားကြီးများ ဖြစ်ကြသည်။ သူ့ မြေးများအပါအဝင်ကတော့ ခုနှစ်ယောက်က သမားတော် ကြီးကို ဝိုင်းပတ်၍ ခုန်ပေါက်နေကြသည်။

'ဘိုးဘိုး....ဘိုးဘိုး'

ကွန်ကျင်ယီက လူချင်းနီးနီးကလေးဖြစ်လျက်နှင့် အသံကို မြှင့်၍ ခေါ်သည်။သမားတော်ကြီးက အသံကျယ်ကျယ်ပြော သည်ကို သဘောကျသူမဟုတ်။

'နင်တို့ ဘာဖြစ်နေကြတာလဲ၊ဘာအရှုးထနေကြတာလဲ'

ငေါက်လိုက်သည်။ သို့သော် ကလေးများအားလုံးက သူ့ကို ဂရုမစိုက်ကြချေ။သူ့မြေးမ ကွန်ကျင်ယီက ခုန်ပေါက် နေရင်းပင်....

'သိပ်ဝမ်းသာစရာကောင်းတာပဲ ဘိုးဘိုး၊ မြေးတို့တော့ လွတ်ပြီးပျော်တာပဲ'

အသက်ရှူမမှန်ဘဲ ပြောနေသည်။ သမားတော်ကြီးမှာ ဘာမှ နားမလည်နိုင်ဘဲ....

'နေကြစမ်းပါဦး၊ ဘာဖြစ်လို့ ဒီခလောက် ဝမ်းသာနေရတာလဲ၊ ပြောကြစမ်းပါဦး'

မေးလိုက်ရာ ထိုအခါကျမှ ခုန်ပေါက် အော်ဟစ်နေကြသော ကလေးများမှာ ငြိမ်သွားရ ရပ်လိုက်ကြသည်။ ထို့နောက် သူတို့၏ ငယ်နုသော မျက်နှာကလေးများမှာ လူကြီးများကဲ့သို့ လေးနက်တည်ငြိမ်သွားကြပြန်၏။

ကွန်ကျင်ယံ ကသူ့အဘိုးရှေ့တည့်တည့်တွင် ခပ်မော့မော့ ရပ်လိုက်ပြီး....

'ကျွန်မတို့ အားလုံးကို လက်ခံရွေးချယ်လိုက်ပြီတဲ့ ဘိုးဘိုး'

ပြောချင်ဇောနှင့် ဘာမှန်းမသိပြောချလိုက်ရာ...

'ဘယ်လို လက်ခံရွေးချယ်တာလဲ၊ ငါ နားရှင်းအောင်လဲ ပြောပါဦး'

အဘိုးဖြစ်သူက ပြောလိုက်ရာ ကွန်ကျင်ယံမှာ လျှာတစ်လစ် ဖြစ်သွားပြီးလျှင်....

'အဲ....ဒီလိုအဘိုးရဲ့၊ မြေးတို့မြို့တော်ကြီးကို ရန်သူတွေက အနီးကပ် ဝိုင်းထားတော့ မြေးတို့ရဲ့ စစ်သည်တော်တွေနဲ့ အနီးကပ်နေရာတွေမှာ နေရာယူပြီး စောင့်ကြည့်နေရတယ် မဟုတ်လား၊ အဲဒီတော့ မြေးတို့ရဲ့ မြို့တော်အတွင်းမှာ အုပ်ချုပ်ရေး ကိစ္စတွေကလဲ လျော့ရဲရဲဖြစ်၊ ကျီးလန့်စာစား ကိစ္စကြီးကို အကြောင်းပြုပြီး တောကြောင်တွေကလဲ ခိုးဆိုးလု



ယက် တိုက်ခိုက်နေကြတော့ မြို့တော်ကြီးအတွင်းမှာ မငြိမ်သက်တော့ဘူးလေ'

ကွန်ကျင်ယံက စိတ်ပါလက်ပါ ပြောနေသည်။ သူပြောချင်ရာ ပြောနေသောကြောင့် လိုရင်းသို့ မရောက်ဘဲဖြစ်နေရာ နားထောင်နေသော အဘိုးဖြစ်သူက....

'နေစမ်းပါဦး နင်က ငါ့ကို တရားဟောနေတာလား'

'မဟုတ်ဘူးလေဘိုးဘိုးရဲ့ မြေးက ရှင်းပြနေတာ'

'ထားစမ်း....နင်ခုနကပြောတဲ့ လက်ခံရွေးချယ်တယ်ဆိုတာနဲ့ ဘာဆိုင်လဲ'

'ဩြော်....ဘိုးဘိုးကလဲ မြေးက ဘိုးဘိုးတစ်ခါတည်း နားလည်သွားအောင် ရှင်းပြနေတဲ့ဟာကို စိတ်ရှည်ရှည်လဲ နားထောင်မှပေါ့၊ မြေးပြောပါမယ်၊ အဲဒီလို မြို့တော်ကြီး မငြိမ်မသက်နဲ့ ထိတ်ထိတ်ပလန့်လန့် နေကြရတော့ ရန်သူနဲ့ အနီးကပ် ရင်ဆိုင်နေရတဲ့ စစ်သည်တော်တွေ အနေနဲ့လဲ သူတို့မိဘ၊ ဇနီးအားမယားသားသမီးတွေက မြို့တော်ထဲမှာရှိနေတော့ ဘယ်စိတ်ဖြောင့်ကြတော့မှာလဲ၊ အဲဒီတော့ မြို့တော်မှာကျန်ခဲ့တဲ့ လူကြီးတွေက သမီးတို့မြို့တော်ကြီး တစ်ခုလုံး အေးချမ်းငြိမ်သက်အောင် အတွင်းရန်သူတွေကို နှိမ်နင်းရအောင် အပြင်က ဝင်လာရမယ့် ရန်သူ သူလျှိုတွေကိုလဲ ဖော်ထုတ်နိုင်အောင် မြို့ရွာကာကွယ်ရေးအဖွဲ့တွေ ဖွဲ့ပေးတယ်လေ'

'အင်း....အင်း'

သမားတော်ကြီးက အလွန်စိတ်ရှည်ရှည်ထားသည့်ပုံဖြင့် နားထောင်နေသည်။ ကွန်ကျင်ယီက ဆက်ပြောနေသည်။

'အဲဒီမြို့ရွာကာကွယ်ရေးအဖွဲ့တွေကို ရပ်ရွာထဲက လူကြီးသူကြီးတွေက ဦးဆောင်ပြီး စစ်ရေးအတွေ့အကြုံရှိတဲ့ လူ့စွမ်းတွေက ကွပ်ကဲတယ်၊ အများစုကတော့ သမီးတို့လို ရပ်ရွာသားတွေပဲပေါ့အဘိုးရယ်'

'သူတို့က စစ်ထွက်တိုက်ကြမှာလား'

သမားတော်ကြီးက အည်းမခံနိုင်တော့ဘဲ ဖြတ်မေး၏။

'မဟုတ်ပါဘူး ဘိုးဘိုးရဲ့ မြေးပြောတာ ဆုံးအောင် နားထောင်စမ်းပါဦး၊ ခုနက မြေးပြောတဲ့ စကားထဲမှာထဲ ပါပြီးသားပဲ၊ ရပ်ရွာကာကွယ်ရေးအဖွဲ့တွေက မြို့တော်ကြီး အေးချမ်းငြိမ်သက်အောင် မြို့တော်အတွင်းမှာပဲ ဆောင်ရွက်နေကြရမှာပဲ'

'မြေးတို့တွေက အဲဒီမြို့တော်ကာကွယ်ရေးအဖွဲ့ထဲမှာ ပါချင်လို့ သွားပြီးပြောထားခဲ့ကြတာ ဘိုးဘိုးရဲ့၊ ဒီကနေ့ မြေးတို့ကို ဝင်ခွင့်ပြုလိုက်ပြီဆိုလို့ မြေးတို့ပျော်နေကြတာ ဘိုးဘိုးရဲ့၊ ဘိုးဘိုးရော ဝမ်းမသာဘူးလားဟင်'

မြေးဖြစ်သူ၏ စကား အဆုံးတွင် သမားတော်ကြီး၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး....

'နှစ်တို့ကို လက်ခံလိုက်တယ် ဟုတ်လား'



'ဟုတ်တယ်လေ....အဲဒီတော့ မြေးတို့တွေ ကင်းစောင့်ရ ယ်၊ ရွပ်ရွာထဲကို လူစိမ်းတွေဝင်လာရင် စောင့်ကြည့်ရမယ်၊ ခြားရင် သတင်းပို့ရမယ်'

'ဒုက္ခပါပဲ'

သမားတော်ကြီးညည်းသည်။ ကွန်ကျင်ယီက....

'ဘာဖြစ်လို့လဲ ဘိုးဘိုးရဲ့၊ မြေးတို့ မလုပ်နိုင်ဘူး ထင်လို့ား'

ခေးလိုက်ရာ သမားတော်ကြီးမှာ ယခုလေးတွင်ပင် သူ့ ြေးငယ်လေးအား သူကိုယ်တိုင် ကြိမ်လုံးဖြင့် ထိအောင် က်နိုင်ခဲ့သည့်အဖြစ်ကို သတိရသွားပြီး ဘာမှ ပြန်မပြော ဘဲ နေလိုက်၏။

ထိုအခါ တခြား မိန်းကလေး တစ်ယောက်က ဝင်ပြော သည်။

'ကျွန်မတို့ကို လူကြီးတွေက အားကိုးတယ်တဲ့၊ ဒီညပဲ ီးတို့ကို ကင်းပုန်းစောင့်တဲ့တာဝန် ပေးမလို့တဲ့၊ အဲဒါ ်မတို့လာပြောတာ'

'နင်တို့ချည်းပဲလား'

သမားတော်ကြီး မေးပြန်၏။

'လူကြီးတွေလဲ ပါမှာပါ အဘိုးရဲ့၊ ပြီးတော့ ကင်းပုန်း င်မှာ လူအင်အားဆယ်ယောက်တောင်ရှိတာပါ'

ကလေးမက နှုတ်သွက် လျှာသွက်နှင့် ပြန်ရှင်းပြနေသည်
သို့သော် သမားတော်ကြီးမှာ ခေါင်းတယမ်းယမ်းနှင့်...

'ဆယ်ယောက်ဆိုတာက ဘယ်လောက်တောင်များတ
လို့ နင်ကထင်လို့လဲ'

ပြောသည်။ ကလေးမကလည်း အလျှော့မပေး။

'သိပ်တော့တဲ့ မများဘူးပေါ့၊ ဒါပေမယ့် မျက်လုံ
နှစ်ဆယ်ဆိုတာ လူနှစ်ရာလောက်ကို မြင်နိုင်တာပဲ မဟု
လား အဘိုးရဲ့၊ ပြီးတော့ ကင်းပုန်းစခန်းတွေက တစ်
တစ်ခု မဝေးပါဘူး၊ အရေးကြုံရင် ပြေးလာပြီး ကူနိုင်ပ
တယ်'

'အင်း....အင်း'

သမားတော်ကြီးသည် မကျေမနပ်နှင့် တစ်စုံတစ်ခု ပြော
မည် ပြုပြီးမှ သူ့သမီးဖြစ်သူမှာ ဤနယ်၌ မွန်ဂိုများ
လက်ချက်ဖြင့် သေဆုံးခဲ့ရသည်ကို နာကြည်းစွာ တွေး
သွားသဖြင့် ဘာမျှမပြောတော့ဘဲ အိမ်ဘက်သို့လှည့်ထွ
ခဲ့သည်။

သူက အရွယ်မရောက်သေးဟု ထင်နေသော လူငယ်များ
အား မြို့ပြကာကွယ်ရေးအဖွဲ့တွင် တာဝန်ပေးခြင်းခံရသည်
ကိုပင် အလွန်ကြီးမြတ်သောဆုလာဘ်ကိုရရှိသကဲ့သို့ ဝမ်းသာ
မြူးတူးနေကြသည်။

အင်း....ဒီလို မျိုးဆက်သစ်တွေ ရှိမနေဘူးဆိုလျှင်လည်း
နိုင်ငံတော်ကြီးမှာ ယခုအချိန်တွင် သူတစ်ပါး လက်အော



ကျေရောက်နိုင်ဟုဆိုစေ နေ့ခင်တစ်ချိန်မှာ သူတစ်ပါး
ဝါးအောက်တွင် ပြားပြားမှောက်၍ နေပေလိမ့်မည်။
သမားတော်ကြီးက တွေးရင်း အိမ်တံခါးကိုဖွင့်၍အတွင်း
ဝင်လိုက်သည်။

## (၂၄)

မြို့ပြ ကာကွယ်ရေးအဖွဲ့ဝင် လူငယ်များကို ကင်းပုန်းစောင့်ရန် တာဝန်ပေးရာ၌ အတွေ့ရဆုံး အခက်အခဲများမှာ ကင်းပုန်းစောင့် လူငယ်များအနေဖြင့် စကား ပြောဆိုနေတတ်ခြင်းပင် ဖြစ်သည်။

မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင် လူငယ်များသည် သူတို့အား ပေးအပ်သည့် တာဝန်ကို အလွန်ဂုဏ်ယူ ဝမ်းမြောက်စွာ လက်ခံတတ်ကြသည်။ ကျေပွန်အောင် ဆောင်ရွက်ရန်လည်း အလွန် စိတ်အားထက်သန် တက်ကြွကြသည်။ သူတို့သည် ကင်းပုန်းတာဝန်ကျလျှင် အိပ်စက်ရန်ပင် သတိမရကြ။ သို့

သော် နီးရာလူနှင့်အား စကားအဆက်မပြတ်ပြောနေတတ်ကြ
သည်။

ထို့ကြောင့် ကင်းပုန်းတာဝန်ချသော လူကြီးများသည်
စကားမပြောကြရန် အထူးတင်းကျပ်ထားကြရသည်။
အကယ်၍ ကင်းပုန်း တာဝန်ကျ လူငယ် တစ်ဦးသည်
တာဝန်ကျအချိန်၌ စကားပြောဆိုနေလျှင် နောက်နောင်
ထိုတာဝန်ကို မထမ်းဆောင်ရတော့ဟု ပြောထားကြရသည်
လူငယ်များသည် ဤသို့ တာဝန်မပေးတော့မည်ကိုအ
အလွန်စိုးရိမ်ကြသည်။
ထို့ပြင် ကင်းပုန်း တာဝန်ချရာ၌ မိမိတို့ မြို့ရွာတွင်း
ချသော ကင်းပုန်းနှင့် မြို့လေး၏ နယ်နိမိတ်အစပ်များရှိ
ထားသော ကင်းပုန်းဟူ၍ နှစ်မျိုးနှစ်စားရှိနေ၏။

မိမိတို့မြို့ရွာအတွင်း၌ ကင်းပုန်းစောင့်ရသူတို့၏ အဓိ
တာဝန်မှာ လူစိမ်းအဝင်အထွက်၊ သူခိုးဓားပြတို့၏ ဘေး
ကာကွယ်သတိပေးရန် အဓိက ဖြစ်သည်။
မြို့တော်၏ နယ်နိမိတ်အစပ်၌ ချထားကြသော ကင်း
ပုန်းသမားတို့၏ ရွှေကာတပ်များအကြားမှ ဖောက်ထွင်း
မြို့တော်အတွင်းသို့ ဝင်ရောက်လာမည့် ရန်သူမှန်ဂိုများ
စောင့်ကြည့်ရန် ဖြစ်သည်။
လူကြီးများသည် မြို့ပြများအတွင်း၌ ချထားသော
ကင်းပုန်းများတွင် တာဝန်ကျ၍ စိတ်ချရသောလူငယ်မျ
ကိုသာ မြို့တော်၏ နယ်နိမိတ်အစပ်များ၌ ချထားသော



ကင်းပုန်းများတွင် တာဝန်ပေး၍ စောင့်ကြပ်စေလေ့ ရှိပေ
သည်။

လူငယ်များသည် မြို့တော်၏ နယ်နိမိတ်ဝင်တွင် စောင့်
ကြပ်သော ကင်းပုန်းတာဝန်ချထားခြင်း ခံရသည့်အခါ သူ
တို့ တကယ့်စစ်မြေပြင်သို့ ထွက်ရသော စစ်သူရဲကောင်းများ
သဖွယ် အလွန်ဂုဏ်ယူလေ့ရှိ၏။

သူတို့သည် ထိုကင်းပုန်းဝပ်ရသော နေရာများသို့ ရောက်
ရှိသွားသောအခါ သူတို့၏ ရှေ့ဘက် အမှောင်တွင်းသို့ လှမ်း
မြင်နေရသော မိမိတို့၏ ရဲမက်စခန်းများမှ မှိတ်တုတ် မှိတ်
တုတ် မီးရောင်များ၊ ကြယ်ရောင်တွင် မှိုင်းမှိုင်းမည်းမည်းမြင်ရ
သော ခံကုပ်များကိုကြည့်ရင်း တကယ့်စစ်မြေပြင်တွင် ရောက်
နေသကဲ့သို့ ရန်သူတို့ကို တိုက်ခိုက်ချင်စိတ်များ တဖွားဖွား
ပေါ်ပေါက်နေကာ နောက်တစ်နေ့တွင် ဤအတွေ့အကြုံ
များကို အပေါင်းအသင်း သူငယ်ချင်းတို့အား လက်သီး
လက်မောင်းတန်း၍ ပြောပြနေလေ့ရှိကြသည်။
ဤနေ့ညတွင် အသစ်ထပ်မံ လက်ခံလိုက်ကြသော မြို့ပြ
ကာကွယ်ရေးတပ်ဖွဲ့ဝင် တစ်ရာကျော်ကို စမ်းသပ်၍ တာဝန်
ပေးသည်။အတွေ့အကြုံရှိပြီးသား လူများနှင့်တွဲ၍ အတွင်း
ကင်းပုန်းများတွင် တာဝန် ချထားပေးခြင်း ဖြစ်သည်။
တပ်ဖွဲ့ဝင် အသစ်များကို လူကြီးလေးယောက်က လူခွဲ၍
ခေါ်သွင်းကာ ကင်းပုန်းများတွင် အရေအတွက်ကိုကြည့်၍
တာဝန် ချထားခဲ့ခြင်းဖြစ်ရာ ကွန်ကျင်ယာတို့ လူသစ်များ

သည် ဦးဆောင်ခေါ်သော လူကြီးနောက်မှ တကောက်ကောက်နှင့် လိုက်နေကြရသည်။

ကျွန်ကျင်ယ°တို့ကို ဦးဆောင်ခေါ်သွားသော လူကြီးမှာ ခြေတစ်ဖက်ဆာနေ၍ ဘယ်ဘက်လက်မှာ လက်ကောက်ဝတ်နေရာမှ ပြတ်နေသည်။

ဤအလ်ရာများသည် မွန်ဂိုများနှင့် ခင်းကျင်းခဲ့ရသော ပထမအကြိမ် စစ်ပွဲက မရှိခဲ့ခြင်း ဖြစ်သည်၊ လူကြီးသည် အသက် ခြောက်ဆယ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်၏။

သို့သော် သူသည် ထိုစဉ်က မွန်ဂိုတို့ကို အနိုင်ရခဲ့သော တိုက်ပွဲအတွေ့အကြုံများကို ပြန်ပြောင်း၍ ပြောကောင်းဆဲပင် ရှိ၏။ သူသည် သက်ဆိုင်ရာ အာဏာပိုင်များထံသို့ ဤစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခွင့်ပြုရန် အကြိမ်ကြိမ်တင်ပြတောင်းခံခဲ့ပြီးလည်းဖြစ်သည်။ သို့သော် ရင်ဆိုင်တိုက်ခိုက်ရသော စစ်မြေပြင်တွင် တိုက်ပွဲဝင်ရန် မသင့်လျော်တော့သည့် သူ့အခြေအနေကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက မြို့ကာကွယ်ရေး အဖွဲ့များ ဖွဲ့စည်းသည့်အခါ ကြီးကြပ်ရေးတာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

စစ်သားဟောင်းဖြစ်သော လူကြီးသည် တာဝန်ကို ဦးလည်မသုန်ထမ်းဆောင်သော အကျင့်စွဲနေ၏။ သူသည် လူငယ်များကို ရယ်စရာမောစရာများပြောလိုက်၊ သူ့အတွေ့အကြုံများနှင့်ယှဉ်၍ တိတိကျကျ လိုက်နာရန် လိုအပ်သော စည်းကမ်းများကို ပြောပြလိုက်နှင့် ကင်းပုန်းစခန်း တစ်ခုမှ တစ်ခုသို့ ခေါ်သွားသည်။



နောက်ဆုံးတွင် လူကြီး၏နောက်၌ ကျွန်ကျင်ယ°တို့ မောင်နှမနှင့် ကွန်ယုတိုင်ထက်ပင် ငယ်သလိုရှိသောပိုးယန်ဟု ခေါ်သည့် လူငယ်လေးတစ်ယောက်သာ ကျန်တော့သည်။

အချိန်ကလည်း သူငယ်အိပ်ဆိတ်ချိန်သို့ ရောက်ခဲ့ပြီ။

( ၂၅ )

'ကဲ....မင်းတို့ကတော့ ငယ်သေးတယ်၊ ဒီနေ့အဖို့တော့ မင်းတို့ကို ဘယ်မှာမှ တာဝန်တွဲချမပေးတော့ဘူး၊'

လူကြီးကပြောလိုက်ရာ ကွန်ကျင်ယံတို့မှာ အလွန်စိတ်ပျက်သွားကြသည်. လူကြီးကား ခြေတော့နင်းနှင့်ပင်အလွန်လျင်မြန်စွာ ရှေ့မှ ပျောက်သွားရင်း....

'အဲဒီတော့ ငါနောက်ကသာ လျှောက်လိုက်ကြပေတော့၊ မင်းတို့အတွက် တစ်နေ့ရာတည်းမှာ ငြိမ်ပြီး ကောင်းပုန်းစောင့်ရတာထက် အများကြီး ပိုပြီးကောင်းတဲ့ အတွေ့အကြုံရလိမ့်မယ်'

ပြောပြီး အတုံ့အဆိုင်းမရှိ လျှောက်သွားနေသည်။

လူငယ်များမှာ မြို့စွန် ကင်းပုန်းစခန်းများသို့ လူကြီး သွားနေသည်ဟု မထင်ကြချေ။ သူတို့မှာ သူတို့သွားလာနေကျ မြို့တွင်း ကင်းပုန်းစခန်းများဆီသို့ လျှောက်သွားနေရသည်ကို ငြီးငွေ့နေကြပြီဖြစ်သည်။

သို့သော် သူတို့မှာ အကြီးအကဲဖြစ်သူအား ဘာမှလည်း မမေးရဲ၊ မပြောရဲသောကြောင့် နောက်မှ တိတ်တိတ် ဆိတ်ဆိတ်သာ လိုက်လာခဲ့ကြသည်။

လူကြီးသည် မြို့တွင်းလမ်းများကိုရော မြို့စွန်လမ်းများကိုပါ အလွန်ကျွမ်းကျင်နေပုံရသည်။ လမ်းသွယ်တစ်ခုမှ တစ်ခုသို့ ဖြတ်လမ်းများမှကူးကာ ချထားသော ကင်းပုန်းများကို လျှပ်တစ်ပြက် ဝင်ရောက်စစ်ဆေးသည်။

ထို့နောက် လမ်းမကြီးများမှ လမ်းချိုးများကိုဖြတ်၍ မြို့စွန်ဘက်သို့ ခေါ်ဆောင်လာခဲ့ရာ မှောင်နေသော်လည်း မြို့စွန် ဘက်သို့ ရောက်လာမှန်း သိလာကြသော လူငယ် သုံးယောက်မှာ ငုပ်ရွှင်လာကြသည်။

'ဟေ့....ကွန်ယုတိုင်၊ ဒါ မြို့စွန်ဘက်ကို ရောက်လာပြီကွ'

'အေး....ဟုတ်တယ်ဟေ့၊ တို့ကို ရှေ့တန်းကင်းပုန်းတွေကို ခေါ်သွားမလို့လား မသိဘူး'

ပိုးယန်နှင့် ကွန်ယုတိုင်က စကားပြောလာကြသည်။ သူတို့ နှစ်ယောက်မှာ မိန်းကလေးတစ်ယောက်ဖြစ်သော ကွန်ကျင်ယိကို အဖော်လုပ်လိုကြပုံ မပေါ်ကြချေ။



ကွန်ယုတိုင်မှာ အပျိုဖြစ်လာသော သူ့အစ်မ ကွန်ကျင်ယိနှင့်ပင် အတူသွားသွားလာလာမင် လုပ်ချင်သူမဟုတ်။ သူ့ကို သူ့ထက် အကြီးများက စကြ နောက်ကြသောကြောင့် အပျိုဖြစ်လာသော ကွန်ကျင်ယိကို အမြင်ကတ်နေသူလည်း ဖြစ်သည်။

သူတို့နှစ်ယောက် စကားပြောသည်မှာ အစဦးတွင် တိုးတိုးသာ ဖြစ်သည်။ ထို့နောက်တွင် တစ်စတစ်စ စိတ်ပါကာ ကျယ်လောင်လာကြတော့သည်။

'ဟို ကျန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက အိုဘာကက ခံတပ်ကို ဝင်တိုက်တုန်းကလဲ ဒီကောင်တွေပဲ ပြန်ပြေးရတာကွ၊ သေလိုက်တာလဲ မနည်းဘူးတဲ့'

ကွန်ယုတိုင်က အာလုတ်သံကြီးနှင့် ပြောနေသည်။

'အဲဒီ ခံတပ်မှူးရဲ့နာမည်ကို မှင်းမှတ်မိလား၊ သိပ်တော်တဲ့ ခံတပ်မှူးကွာ၊ ရန်သူတွေကို ခံတပ်ထဲ ကျုံးသွင်းသလိုသွင်းပြီး တိုက်ပစ်လိုက်တာ'

ပိုးယန်ကလည်း အားရပါးရ ပြန်ပြောသည်။

'အဲဒီ ခံတပ်မှူးနာမည်က အိုရိန်လုကွ၊ ငါ သေချာမှတ်ထားတာ'

ကွန်ယုတိုင်က ပြောလိုက်ရာ သူ့စကားအဆုံးတွင် ရှေ့မှ သွားကြသော လူကြီးက....

'အေး....မင်းတို့နှစ်ယောက်စလုံး လူတော်လေးတွေပဲ၊ ဒါပေမယ့် စကားများတာတော့ မကောင်းဘူးကွ'

ပြောလိုက်ရာ လူငယ်နှစ်ယောက်မှာ ခေါင်းများပုဝင်သွားကြကာ နောက်ထပ် စကားမပြောရဲကြတော့ချေ။

ခဏကြာသောအခါ သူတို့သည် ကင်းပုန်းစခန်းတစ်ခုသို့ ရောက်ရှိသွားကြ၏။ ရောက်မဆိုက်ပင် ကင်းပုန်းစခန်းတာဝန်ခံက....

'ဆရာကြီး .... ဟိုဘက်စခန်းမှာ တာဝန်ခံများနေတယ်ခင်ဗျ'

အကြောင်းကြားသည်။

လူကြီးက....

'အေး....ငါသွားကြည့်လိုက်မယ်'

ထို့နောက် လူကြီးသည် ကွန်ကျင်ယ°တို့ သုံးယောက်ကို ထိုစခန်းတွင် ထားခဲ့ကာ တစ်ဖက်ကင်းပုန်းစခန်းသို့ ထွက်သွားသည်။

'ဟောဟိုရှေ့က ဘာကြီးလဲဗျ'

ပိုးယန်က စခန်းတာဝန်ခံကို ရှေ့ဘက်သို့ လက်ညှိုးထိုးပြရင်း မေးသည်။ စခန်းတာဝန်ခံက ပြုံးရင်း....

'အဲဒါ တို့များရဲ့ နာမည်ကျော် ခံတပ်ကြီးတစ်ခုပေါ့ကွ'

'ပိုလ်အိုရန်လုရဲ့ ခံတပ်လား'

'မဟုတ်ဘူးကွ....အဲဒီခံတပ်က ချန်ဆီမြို့နဲ့တည့်တည့်မှာ'

'ဒီဘက်က ဘယ်ဘက်လဲ'

'ဒီဟာက မြို့တောင်ဘက်စူးစူးပဲ၊ စင်းချီမြို့နဲ့ တည့်တည့်ပေါ့ကွာ'

'ဩော်....အကြီးကြီးပဲနော်'



'ဘာလဲကွ'

ကင်းပုန်းတာဝန်ခံက ဘာကို အကြီးကြီး ပြောမှန်း မသိသောကြောင့် မေးသည်။

ပိုးယန်က ....

'ရှေ့ကခံတပ်ကြီးကို ပြောတာ'

'အေး....အကြီးကြီးပေါ့၊ အဲဒီဘေးမှာက တို့ကင်းပုန်းတွေလို လျှို့ဝှက်ခံ ကတုတ်ကလေးတွေ အများကြီးပဲကွ'

'သွားကြည့်ချင်လိုက်တာဗျာ'

ပိုးယန်က တောင့်တောင့်တတပြောသည်။ ကင်းပုန်းတာဝန်ခံက....

'မွန်ဂိုတွေကိုရော သွားမတိုက်ချင်ဘူးလား'

'အခုလား'

ပိုးယန်က မတ်တတ်ရပ်ရင်း မေးလိုက်ရာ ကင်းပုန်းတာဝန်ခံက သဘောကျသွားသည်။ ပိုးယန်၏ ခေါင်းကို ပွတ်သပ်၍....

'မင်းက ငယ်သေးတယ်ကွ၊ ဒါပေမယ့် မင်းက အခုလိုစစ်တိုက်နေတဲ့သဘောပဲလေ၊ မင်းက မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင်ပဲ၊ သူခိုး ဓားပြတွေ လူဆိုးတွေနဲ့ တိုက်ခိုက်နေရတဲ့ သဘောပဲပေါ့၊ ဒါပေမယ့် မင်းက တကယ့် စစ်သားစစ်စစ် ဖြစ်ချင်ရင် စည်းကမ်းကိုလိုက်နာတတ်အောင် လေ့ကျင့်ရမယ်ကွ၊ မင်းကလူသစ်မဟုတ်လား'

ဟုတ်ကဲ့'

ပိုးယန်က ဖြေရင်း ကင်းပုန်းတာဝန်ခံကိုမော့ကြည့်သည်။ ကင်းပုန်းတာဝန်ခံက....

'အေး....ဒါကြောင့် မင်း စကားများတာ၊ စစ်အား... လာဖို့ ရန်သူနဲ့ မျက်နှာချင်းဆိုင်မှာ ကင်းစောင့်ရင် ... စကားမပြောရဘူး၊ အဲ့ဒီလိုနေတတ်အောင် ခုကတည်း... လေ့ကျင့်ရမယ်ကွ၊ ကဲ....ဒီမှာလာစမ်း မင်းတို့သုံးယော... အဲ့ဒီရှေ့ဘက်ကိုကြည့်နေ ဒီဘက်ကို တစ်ယောက်ယော... လာတာ တွေ့ရင် ဗိုးကွက်လားလို့ လှမ်းမေး၊ အဲ့ဒီ လာ... လူက ငှက်ကျားလို့ ပြန်မဖြေရင် ဒီသံချောင်းကိုခေါ... ကြားလား'

'ဟုတ်ကဲ့'

'ငါ ဟိုဘက်ကိုသွားကြည့်ဦးမယ်၊ မင်းတို့ စကားပြော... မနေနဲ့နော်'

'ဟုတ်ကဲ့ပါ၊ တိတ်တိတ်ကလေးနေမှာပါ'

'ကဲ....ငါသွားမယ်'

ကင်းတာဝန်ခံထွက်သွားသည်။ သူတို့ ...းယောက်စလုံး သစ်လုံးကာထဲအပြင်ဘက်သို့ ရင်ပေါင်တန်း၍ ကြည့်နေကြသည်။ အပြင်ဘက်တွင် ကြယ်ရောင်မျှသာရှိ၏။

စကားမပြောရဘဲ အမှောင်ထဲသို့ စိုက်ကြည့်နေရသည်မှာ မျက်လုံးများညောင်းလှသည်။

( ၂၆ )

ကွန်ကျင်ယဂ်ကိုလှမ်းမြင်နေရသော ခံတပ်ကြီး၏တာဝန်ခံ ...တပ်မှူးမှာ စစ်သက်ရင့်လှပြီဖြစ်သော တပ်မှူးတာနင်ဗိုဟင်းဖြစ်သည်။

သူသည် နေပြည်တော်ရှိ ဘုရင့်တပ်မှ မဟုတ်ချေ။ မြောက်ပိုင်းပြည်နယ်စောင့်တပ်မှဖြစ်သည်။ မွန်ဂိုတို့ ဝင်တိုက်...သောအခါတွင် အင်အားချင်းမမျှသော မွန်ဂို စစ်ကြောင်း တစ်ခုကို တစ်ဆင့်ချင်းဆုတ်၍ ခုခံရင်း နေပြည်တော်သို့ ရောက်ရှိလာသူဖြစ်သည်။

သူကဲ့သို့ပင် မွန်ဂိုများကိုခုခံရင်း နေပြည်တော်သို့ရောက် လာသော တပ်များကို နေပြည်တော်ရှိ ဘုရင့်တပ် ...ငှ်ပေါ် စပ်၍ သေနာပတိကြီးက အသစ်ဖွဲ့စည်းရာတွင် သူ၏ စ... ထမ်းသက်၊ သူ၏ စစ်ပကိအရည်အချင်း၊ သူ၏ အတွေ့အ... များကြောင့် အရေးပါသော ဤ ခံတပ်ကြီးတွင် တပ်မှူး အဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

တပ်မှူး တန်ငိုမင်းကား အသက်ငါးဆယ်ငါးနှစ်... ဖြစ်သည်။

သို့သော် တိုက်ရင်း ခိုက်ရင်း ကြီးပြင်းလာသူ ဖြစ်သော ကြောင့် သံမဏိသားလို မာကျောနေသေးသည်။ သူသည် ဝူးရန်မြို့ကလေးတွင် ဇနီးနှင့် သားသမီးများကို ထားခဲ့... တပ်ကို ဦးစီး၍ ဆုတ်ခဲ့ရသူဖြစ်ကြောင့် တစ်ခါတစ်ရံ အလွန်စိတ်တိုတတ်နေသည်။

သူသည် ယခုကဲ့သို့ ရန်သူကို မြင်နေရလျက် မတိုက်ရဘဲ စောင့်ဆိုင်းနေရသည်ကိုလည်း မနှစ်သက်ချ။ သို့သော် စစ်ပွဲရည်ဝနေသောကြောင့် ဤ အခြေအနေတွင် စိတ်ထင် တိုင်း လုပ်၍မဖြစ်သည်ကိုလည်း ကောင်းကောင်းကြီးတွက်မိ နေသူဖြစ်၏။

သူသည် နေ့က်ပိုင်းက ရန်သူရှိရာဘက်သို့ လှမ်း၍ခေါ် လျှင်ပင် ကြားနိုင်လောက်သော အကွာအဝေးထိ ချဉ်းကပ် ကြည့်ခဲ့သေးသည်။

ရန်သူများသည် လှုပ်လှုပ်ရှားရှား သွားသွားလာလာ ရှိနေကြသည်။ သူတို့ပုံစံက ဤမှာဘက်မှ တပ်များ၏ ထိုးစစ် ...မျှော်လင့်ထားပုံမရှိ။ အခုအခံ အရံအတားဟူ၍ ဘာမျှ ...ထားသည်ကိုမတွေ့ရ။ သူတို့က တိုးဝင် တိုက်ခိုက်မှုသာ ...တ်ပွဲဖြစ်ပွားတော့မည်ဟု ယူဆထားကြပုံမျိုး ဖြစ်သည်။

ဤ အနေအထားမျိုးတွင် လျှပ်တစ်ပြက် ထိုးဖောက် ...တ်ခိုက်ပစ်လိုက်ရလျှင်....

တန်ငိုမင်း ဇချင့်မရဲဖြစ်မိသည်။

ဤကိစ္စကို အပတ်စဉ်ပြုလုပ်သော တပ်မှူးများ အစည်း ...ဝေး၌ တင်ပြရမည်။ ဤသို့ ခံစစ်ချည်း ဖြင့်နေခြင်းဖြင့် ...စိတ်ဓာတ်ရေးရာအရ အညွှံစားခံရ ရောက်ကြောင်းနှင့် ထိုး ...ဖောက်တိုက်ပွဲများ ဆင်နွှဲခြင်းဖြင့် ရန်သူတို့အား ကျီးလန့် ...စားဘဝသို့ ရောက်စေကြောင်းများ တင်ပြမည်ဟု ဆုံး ...ဖြတ်မိသည်။

ထိုမှ ပြန်ခဲ့သောအခါ တန်ငိုမင်း စိတ်တိုရကြုံရသည်။ ခံတပ်အတွင်း၌ ရဲမက်ချင်း ရန်ဖြစ်မှုဖြစ်သည်။

နေပြည်တော်စောင့်တပ်မှာ အငြိမ့်သားနေခဲ့သော တပ် ...ဖြစ်သောကြောင့် စစ်ရေးစွမ်းရည်တွင် ပြည်နယ်စောင့် တပ် ...များလောက် အဆင့်မရှိဆိုသော စကားကြောင့် ရန်ဖြစ်ခဲ့ ...ခြင်း ဖြစ်သည်။

ပြောသူက ပြည်နယ်စောင့်တပ်မှ ဗေသွးသောက်ကြီး....

ထိုစကားကို ဆန့်ကျင်ပြောသူက နေပြည်တော်တပ်မှ ...ကြပ်ကြီး။

ထိပ်ပေါက် ခေါင်းကွဲတော့မဖြစ်၊ သို့သော် ပဋိပက္ခ ...သည် ခံတပ်တစ်ခု၏ သိပ်သည်းကျစ်လျစ်နေရမည့်စည်းလုံးမှု

ကို ဖျက်ဆီးပစ်နိုင်ကြောင်း တန်ငိုဟင်း ကောင်းကောင်း သဘောပေါက်သည်။

ထိုသို့ဖြစ်ရခြင်း၏ အဓိကတရားခံကို သူရှာကြည့်သည်။

တရားခံကား ငြိမ်းငွေ့စရာကောင်းအောင် စောင့်ဆိုင်းနေရခြင်း ဖြစ်၏။ သူတို့တစ်တွေ လှုပ်ရှား တိုက်ခိုက်နေရလျှင် ဤသို့ဖြစ်မည်မဟုတ်။

လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်ခြင်းကို တင်ပြရမည် အောင် တင်ပြရလိမ့်မည်ဟု သူ တေးထားလိုက်သည်။

ယာခု ကင်းများကိုလှည့်ပြီး စစ်ဆေးခဲ့ပြီးပြီ၊

အားလုံး အသင့်ရှိနေကြသည်။

အိုရန်လု၏ခံတပ်ကို ဝင်တိုက်သလို သူ့ခံတပ်ကို ဝင်တိုက်စေချင်လွန်းသည်။

'ဟင်း....အလောင်းချင်း ထပ်သွားရစေ့မယ်'

တန်ငိုဟင်း သူ့အတွေးနှင့်သူ တက်ခေါက်လိုက်ရာ သူ့ဘေးနားတွင် အရိပ်အခြည်ကြည့်နေသော တပ်ငိုက်ကလေးမှာ လန့်၍ပြေးသွားသည်။

* * *



ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်နေပြီ။

ထင်မှူးတန်ငိုဟင်းသည် အိပ်စက်ရန်အတွက် သူ့အိပ်ရာဆီသို့ သွားတော့မည် ပြင်လိုက်၏။ ထိုစဉ်မှာပင် ပွက်နေသည့် သူသွားသောအသံများကို ကြားလိုက်ရခြင်း ဖြစ်သည်။

တန်ငိုမင်း ပြန်လှည့်ပြေးကာ ခံတပ်မျှော်စင်ထိပ်ပေါ်သို့ တက်ပြေးသည်။

သူ ခံတပ်မျှော်စင်သို့ပြေးစဉ် ရွှေမှ ကန့်လန့်ခံနေသော ခဲမက်နှစ်ယောက်မှာ သူ့ကိုယ်လုံးကြီးနှင့် အတိုးခံရသောကြောင့် ကိုးရိုးကားရား လဲကျကျန်ရစ်ခဲ့သည်။ တန်ငိုဟင်းကမူ ဘာမျှမဖြစ်သည့်အလား မျှော်စင်ဆီသို့ ဆက်ပြေးသွားကာ အပေါ်သို့ တစ်ရှိန်ထိုး တက်သွားသည်။

မျှော်စင်ထိပ်တွင် ကင်းသမားသုံးယောက် ရှိသည်။

သူတို့လည်း အသံကြားရာဘက်သို့ ကြည့်နေကြသည်။ တန်ငိုဟင်းက သူတို့ကြားသို့တိုးဝင်ကာ မျှော်ကြည့်သည်။

မျှော်စင်ပေါ်တွင် လေအေး တိုက်ခတ်နေ၏။

လဆုတ်ည လကွေးကလေး သာနေသော်လည်း အလင်းရောင်က မှုန်လွန်းသည်။ သည်ကြားထဲ မြူများက ကျနေသေးသည်။

အသံတွေက ကြားနေရဆဲ။

ကိုက်နှစ်ထောင်ခန့်မျှဝေးသော ရပ်သူတပ်ဦးဆီမှ ဖြစ်သည်။ မျှော်စင်ပေါ်မှ မည်သို့မျှ လှမ်းမမြင်ရ၊ သို့သော် တန်ငိုဟင်းက တစ်စုံတစ်ခုကို မြင်နေရသလို စိုက်ကြည့်နေသည်။

တစ်စုံတစ်ခုဖြစ်နေသည်ကား သေချာသည်။

'တပ်လှန့်လိုက်ရမလား အပ်မှူး'

သူ့နောက်မှ ပြေးတက်လာသော တပ်ဗိုလ်ကလေးက မေးသည်။

'နေပါစေ'

တန်ငိုဟင်းက ပြောလိုက်ပြီးမှ ဆက်၍....

'တို့ခေါင်းဆောင်တွေက တစ်ခုနဲ့ဖြစ်တာနဲ့ ထိတ်ထိတ်ပျာပျာ ပုံစံမျိုးဖြစ်နေရင် တကယ်တမ်း ဟိုကောင်တွေက ညာသံပေးပြီး တက်လာရင် သွေးလန့်ပြီးပြေးကုန်ကြမှာကွ၊ သူတို့လာရင်လဲ ဒီလိုအသံပေးပြီး မလာပါဘူး၊ လာရင်လဲ လာပါစေပေါ့ကွာ ငါမနက်ကတည်းက လက်ယားနေတာ'

ပြောလိုက်ရာ တပ်ဗိုလ်ကလေး ငြိမ်သွားသည်။ တန်ငိုဟင်း ဆက်ပြောပြန်သည်။

'ဒါပေမယ် မင်းအောက်ကို ပြန်ဆင်း၊ သွားအိပ်နေတဲ့ ကောင်တွေကိုနှိုးပြီး အသင့်ပြင်ထားပါစေ'

တပ်ဗိုလ်ကလေး အရိုအသေပေးကာ ပြန်ဆင်းသွား၏။

'မင်းတို့ဘယ်လိုတင်သလဲ'

မျှော်စင်အစောင့်များကို တန်ငိုဟင်း မေးပြန်၏။

'ဘာမှမမြင်ရဘူး တပ်မှူး'

ရဲမက်တစ်ဦးက ပြန်ဖြေသည်။

'မင်းကြီးတော်ကြီးမှုပဲ၊ ဘယ်လိုထင်လဲလို့ မေးတာကွ၊ မင်းမြင်မှတော့ ငါလဲမြင်မှာပေါ့'

'တစ်ခုခုတော့တစ်ခုခုပဲတပ်မှူး'



တန်ငိုဟင်း ဆဲဦးမည်ပြုသည်။ သို့သော် သူမဆဲဖြစ်၊ ဤမှာဘက်သို့ ဒုန်းစိုင်းလာသော မြင်းခွာသံများကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

'ဟော....ဒီဘက်ကို လာနေတဲ့ အသံကွ'

တန်ငိုဟင်း ပြောသည်။ ဤအခိုက်မှာပင် ခံတပ်၏ မျက်နှာစာရှိ ရွှေကာ တံတိုင်းများဆီမှ အချက်ပေးခရာသံ ပေါ်ထွက်လာသည်။

'ရန်သူ...ရန်သူ'

မျှော်စင်အောက်မှ အသံများထွက်လာသည်။ တန်ငိုဟင်း အနောက်ဘက်သို့ငုံ့၍ ကျယ်လောင်စွာ ဆဲရေးလိုက်ပြီး—

'ဟိတ်....နေရာယူပြီး ငြိမ်နေကြစမ်း၊မင်းတို့မှာ နားမပါဘူးလား၊ မြင်းခွာသံက ဘယ်လောက်များ များလို့လဲ၊ အနားရောက်မှ မြှားခြေထောက် ဖမ်းဆွဲထားလို့ထောင်ရတယ်'

အတွင်းအား ပြည့်ဝလှသော တန်ငိုဟင်း၏ အသံကြီးက ဟိန်းထွက်သွားသည်။ အောက်ဘက်မှ ပေါ်ထွက်နေသော အသံများရော လှုပ်ရှားမှုများပါ ချက်ချင်း တိတ်ဆိတ်ငြိမ်သက်သွားသည်။

မျှော်စင်ပေါ်မှ အစောင့်သုံးယောက်က လေးနှင့်မြှားကို ပြင်နေသည်။

'သောက်ရမ်းတွေ စွတ်ပစ်မနေနဲ့၊ ဘာမှ သဲသဲကွဲကွဲ မြင်ရတာ မဟုတ်ဘူး'

တန်ငိုဟင်းပြောလိုက်ပြီး မျှော်စင်ပေါ်မှ ဆင်းသည်။ မျှော်စင်လှေကားအောက်တွင် တပ်ဗိုလ်ကလေး စောင့်နေသည်။

'အားလုံးအသင့်ပဲ တပ်မှူး'

'အေး....မင်း ဒီအထဲမှာနေ'

တန်ငိုဟင်း တပ်ဗိုလ်ကလေးကို မကြည့်ဘဲ ပြောခဲ့ပြီး ရွှေ ကာကတုတ်များဆီသို့ ထွက်သွားသည်။

* * *

မွန်ဂိုများသည် ကိုက်တစ်ထောင်ခန့်မျှအထိ အတင်းလိုက်လာကြသေးသည်။ သို့သော် အတင်းစိုင်းနှင် ထွက်ပြေးလာသော တပ်မှူးရှင်ချီတင်တို့ မြင်းများမှာ ခရီးရှည် နှင်ခဲ့ရသောကြောင့်သာ ဤမျှအထိ ကပ်လိုက်နိုင်ခြင်းဖြစ်သည်။

မွန်ဂိုများသည် ကိုက်တစ်ထောင်ခန့်မျှအထိ လိုက်ခဲ့ကြပြီးနောက်တွင် မည်သူကမျှ ဟန့်တား အမိန့်ပေးခြင်းမရှိဘဲ သူတို့မြင်းများကို ရပ်လိုက်ကြသည်။ ထို့နောက် မြားမိုးရွာသလို ပစ်ခတ်ကြတော့သည်။

မြားတံများက တရှဲရှဲ တဗွီဗွီနှင့်....



မြားတစ်ကမ်း မမီတမီ အနေအထားတွင် နောက်ဆုံးမှ လေးယန်၏မြင်းနှင့် ဘေးချင်းယှဉ်၍ ပြေးနေသော စူးမိန်တန်၏ မြင်းမှာ ရှေ့သို့ ပစ်၍လဲသွားသည်။

လေးယန် ထိတ်နဲ့ဖြစ်သွားပြီး လှည့်ကြည့်လိုက်စဉ် စူးမိန်တန်က လေးယန်၏ မြင်းပေါ်သို့ ခုန်တက်လိုက်ကာ လေးယန်၏ နောက်ဘက်တွင် ထိုင်လိုက်၏။

သူက လေးယန်၏ပခုံးကို ကိုင်ရင်း....

'ငါ့မြင်းကို ထိသွားတာကွ'

'ဘာဖြစ်တာလဲဟေ့'

တပ်မှူးရှင်ချီတင်က အော်မေးသည်။ လေးယန်က....

'မွန်ဂိုတပ်မှူးကြီးရဲ့မြင်းကို ထိသွားတာပါ တပ်မှူး'

'ခွီးတဲ့မှပဲ'

စူးမိန်တန်က ဆဲသည်။ လေးယန်က ရယ်သည်။ တပ်မှူးရှင်ချီတင်မှာ မေးရင်း သူ့မြင်းကို အရှိန် လျှော့လိုက်ရာ လေးယန်၏မြင်းနှင့် ဘေးချင်းယှဉ်မိပြီးသားဖြစ်သွား၏။

'မင်း ဘာဖြစ်သွားသေးလဲ'

တပ်မှူးရှင်ချီတင်က လေးယန်ပခုံးကို ကိုင်၍ စီးလိုက်လာကြသော စူးမိန်တန်ကိုမေးသည်။

'ဘာမှ မဖြစ်ပါဘူး တပ်မှူး'

'ကျွန်တော် သန်းလို့ ခေါင်းဘင်လာခဲ့တာ၊ လားခဲ့ရင် မွန်ဂိုတွေက သူ့ကိုဝက်ဆိုပြီး ကင်စားကြမှာ'

ဤမျှပြေးနေသော မြင်းပေါ်မှပင် လေးယန်က နောက်ပြောင်ဖြစ်အောင် နောက်ပြောင်နေသေးသည်။

'ဇီးကောင်ကွာ'

တပ်မှူး ရှင်ချိတင်က ရေရွတ်လိုက်ပြီး....

'မင်းလိုက်လို့ရရဲ့လား'

'မရလဲ လိုက်ရမှာပဲ တပ်မှူး၊ ပြေးလိုက်လာလို့မှမဖြစ် ဘဲ ဟာ'

စူးမိန်တန်က ပြန်ဖြေပြောသည်။

'မင်းတို့နှစ်ယောက်ကတော့ကွာ'

ရှင်ချိတင် ပြောရင်း သူ့မြင်းကို ရှေ့သို့နှင်သည်။

'ငါ့မြင်းကြီး သနားပါတယ်ကွာ၊ ခရာက်ခါနီးမှ'

စူးမိန်တန် ပြောသည်။

'အေး....ဝက်အစား မြင်းကခံသွားတာပေါ့ကွာ'

လေးယန်က ပြောလိုက်ရာ စူးမိန်တန်က လေးယန်၏ပခုံးကို ညှစ်လိုက်၏။ လေးယန် တွန့်သွားပြီး....

'နာတယ်ဟ'

အော်သည်။ ထိုစဉ်....

'ရပ်'

ရှေ့ဘက်မှ အသံထွက်လာ၏။ ထိုအခါ ရှေ့ဆုံးမှ ယှဉ်ပြေးနေသော အဘချုန် ဟိုမင်တင်နှင့် တပ်မှူး ရှင်ချိတင်တို့က သူတို့မြင်းများကို ဆောင့်ရပ်လိုက်ကြရာ မြင်းကြီးများ ပတတ်တတ်ရပ်ပြီးဟီလိုက်၏။ နောက်လူ လေးယောက်မှာလည်း သူတို့မြင်းများနှင့် တိုက်မိတော့မလို ဖြစ်ပြီးမှ အရှိန်သတ်လိုက်နိုင်ကြသည်။



သူတို့အားလုံး ရှေ့ဘက်သို့ ကြည့်လိုက်သော အခါတွင် မည်သူ့ကိုမျှ မမြင်ရ။

'ဟေ့....ငါတို့ ဘုရင်တပ်မကကွ၊ သေနာပတိကြီးရဲ့ အထူးတာဝန်နဲ့ ပြန်လာတဲ့လူတွေ'

တပ်မှူး ရှင်ချိတင်က အော်သည်၊ ထိုအခါ ရှေ့ဘက်နားမှ အသံ ထွက်လာပြန်သည်။

'အဲဒီနားမှာ ရပ်နေ၊ မင်းတို့ ရှေ့ဘက်နားမှာ ချောင့်ကျင်းရှိတယ်၊ ချောင့်တွေက ဘုရင်တပ်မက လူဆိုပြီး မစူးစမ်းဘဲ နေမှာ မဟုတ်ဘူး'

'စောစောက ပြောပါလားကွ၊ တံကျင် လျှိုပြီးသား ဖြစ်သွားရင် ဘယ့်နှယ် လုပ်မလဲ'

လေးယန်က လူကိုမမြင်ဘဲ ပြန်အော်သည်၊ ရှေ့ဘက်မှ အသံကလည်း....

'ဟေ့....မင်းတို့ကို တို့အားလုံးမြားနဲ့ ချိန်ထားတယ်၊ ယီးတီးယားတားလုပ်ရင်ပစ်လိုက်မှာ'

'တို့ ဘုရင့်တပ်မကပါကွာ၊ မင်းတို့တပ်မှူးကို ခေါ်ပေးပါ'

'တပ်မှူး အခုပဲ လာနေပြီ'

ရှင်ချိတင်တို့လူစု ငြိမ်နေကြရသည်။ မြတ်များက တစိစိနှင့်၊ သူတို့အားလုံး လက်ကိုပင် မလှုပ်ရဲ၊

ခဏအကြာတွင်....

'ဘုရင့်တပ်မကဆိုတာ ဘယ်သူလဲဟေ့'

တပ်မှူး တန်ငိုဟင်း၏ အသံအောအောကြီး ထွက်လာသည်။ ရှင်ချိတင်မှာ တပ်မှူး တန်ငိုဟင်းနှင့် အဆင့်တူဖြစ်သည်။ လူချင်းလည်း အတန်ရင်းကြ၏။

'ကျွန်တော် တပ်မှူး ရှင်ချိတင်ပါ'

'ရှင်ချိတင်ဆိုရင် ငါသိတယ်၊ ဒါပေမယ့် စည်းကမ်းကို နားလည်တယ် မဟုတ်လား၊ မင်းကို သေနာပတိ စကားဝှက် ပေးလိုက်ပြီးသား၊ ကဲ....ငါမေးမယ်'

'မေးပါ'

ရှင်ချိတင်က ငြိမ်ချပ်နေရာမှ ပြောလိုက်သည်။ ထိုအခါ တန်ငိုဟင်း အသံက....

'ငွေရှာသွားတာလား'

'မဟုတ်ဘူး ရွှေ'

'ရခဲ့လား'

'မရဘူး'

'ဘာရခဲ့သလဲ'

'မြ....'

'ဟုတ်ပြီ'

ထို့နောက် ကတုတ်ကျင်းထဲမှ ခုန်ထွက်လိုက်သော တန်ငိုဟင်း၏ တောင့်ခိုင် ကြီးမားသော ခန္ဓာကိုယ်ကြီးကို မြင်ရသည်။

'မင်းတို့ မလာခဲ့နဲ့၊ ငါလာခေါ်မယ်'

တန်ငိုဟင်းက ပြောလိုက်ပြီး ဟိုကွေ့အည်ကောက်နှင့် သူတို့ရှိရာသို့လျှောက်လာသည်။ ထို့နောက် သူတို့ကို နောက်



သို့ ပြန်ဆုတ်စေပြီး တစ်နေရာမှ ကွေ့ပတ် ခေါ်သွားသည်။

ခဏကြာသောအခါ ရှင်ချိတင်တို့လူစုမှာ ခံတပ်ကျင်းသို့ ရောက်ရှိနေကာ အေးနေသောရေနွေးကြမ်းနှင့် မုန့်များကို စားသောက်နေကြပြီဖြစ်သည်။

# ( ၂၄ )

တန်ငိုဘဝ်းသည် သေနာပတိကြီး၏ လျှို့ဝှက်အစီအစဉ်ကို မသိပါချေ။ အထူးတာဝန်တစ်ရပ်ဖြင့် သွားသည်ဟုသာသိခဲ့၍ ပြန်အလာတွင် အသုံးပြုနိုင်ရန် စကားဝှက်များကလည်း ခံဘပ် ဟပ်မှူးတိုင်းသို့ ပေးထားပြီးသားဖြစ်သည်။

တန်ငိုဟင်းသည် အလွန် ဆာလောင် မွတ်သိပ်သည့်ပုံဖြင့် စားသောက်နေသော ရှင်ချိုတင်တို့လူစုကိုကြည့်ရင်း....

'မင်းတို့က ကိုးရိုးကားရားအဝတ်တွေနဲ့ ဘယ်လိုဖြစ်လာကြတာလဲ'

မေးသည်။ ရှင်ချိုတင်က....

'ရန်သူ့ ပတ်စည်းကို ဖောက်ပြီးဝင်ရတာလေ၊ ဒီလို မဝတ်ခဲ့ရင် ဘယ်လိုလုပ်ပြီး ဖြတ်လို့ရမှာလဲဗျ'

ပြန်ပြောလိုက်၏။ တန်ငိုဟင်းက ခေါင်းတညိတ်ညိတ်နှင့်....

'တွေ့ရာကောင်ဆီက ငှားဝတ်လာတယ်ဆိုပါတော့'

'အင်းပေါ့၊ အဆင်တော့ပြေသားဗျ၊ ဒီရင်ဆိုင်ထားတဲ့ ပတ်စည်းနားကို မရောက်ခင်အထိ ဒီ အဝတ်တွေကြောင့် အဆင်ကိုပြေနေတာပဲ၊ ဒီလဲရောက်ရော စစ်လား ဆေးလား ဖြစ်ရော၊ ကျွန်တော်တို့က စင်းချိကလာတာဆိုတော့ အဲဒီက တပ်မှူးနဲ့ ဒီကတပ်မှူးက ညီအစ်ကိုအ င်းတဲ့ဗျ၊ အဲဒါနဲ့ အဲဒီတပ်မှူးသွားခေါ် နတုန်းမှာ အတင်းလိုက်ထွက်ရတော့တာပဲ'

ရှင်ချိတင်က ပြောပြီး ရေနွေးတစ်ကျိုက် ကျိုက်ချလိုက်သည်။

'ဘယ်နှစ်ယောက်လောက် ကျကျန်ခဲ့လဲ'

'ဆယ်ယောက်တော့ ကျော်မှာပဲ၊ ကျွန်တော် တို့က လွတ်ဖို့အဓိကထားရတာမဟုတ်လား၊ အနားရှိတဲ့လူကို စွတ်ခုတ်ချပြီး ပြေးရတာ'

'မဆိုးဘူးလေ၊ ငါလဲ အဲဒီခရီးမျိုး ထွက်ချင်စမ်းတယ် ကွာ၊ တခြားရော ဘာများထူးသေးလဲ'

'ဒီကောင်တွေ ငတ်နေကြပြီ၊ ကျွန်တော်တို့ ဒီဝတ်စုံတွေ ရခဲ့တာ ဝက်သားစားချင်တဲ့ကောင်တွေကို မျှား ခေါ်ပြီး ရှင်းပစ်ခဲ့လို့ရခဲ့တာ'



အင်း....မြို့တော်ထဲမှာလဲ တော်တော် ရှားပါးနေပါပြီ

တန်ငိုဟင်းက ပြောလိုက်ပြီးမှ ခေါင်းကို ဆတ်ခနဲခါ ...ကာ ...

'ဒါနဲ့ မင်းတို့ မနက်ကျမှ မြို့တော်ထဲဝင်မှာလား'

မေးသည်။ ရှင်ချိတင်က....

'မဖြစ်ဘူး၊ ညတွင်းချင်း ဝင်ရမယ်'

'ဒါဆိုရင် ဒီကနေ လူထည့်ပေးလိုက်ရမှာပေါ့'

'ကျွန်တော်တို့ သွားတတ်ပါတယ်'

ရှင်ချိတင်ကပြောသည့်အခါ တန်ငိုဟင်း ပြုံးလိုက်ပြီး....

'မင်းတို့သွားတုန်းကလို မဟုတ်တော့ဘူးလေ၊ အခု မြို့ပြ ...ကာကွယ်ရေးတပ်ဖွဲ့ဆိုတာ အတွင်းစည်းတစ်ထပ်ရှိသေးတယ်၊ ...တို့ ဒီပုံအတိုင်းသွားရင် သူတို့က မင်းတို့ကို အရေခွံ ...တ်ပစ်မှာပဲ'

ပြောလိုက်၏။ ရှင်ချိတင်က ပခုံးတွန့်၍....

'ဒီရောက်တော့မှ မသေပါရစေနဲ့ဗျာ'

တန်ငိုဟင်း နောက်ဘက်သို့လှည့်လိုက်သည်။ တပ်ဗိုလ်က ...သားက အသင့်ရပ်နေ၏။

'မင်းကိုယ်တိုင်ပဲလိုက်သွားလိုက်ကွာ၊ သူတို့ကို မြို့ပြ ကာ ...ယ်ရေး တပ်ဖွဲ့ခေါင်းဆောင်ရဲ့လက်ထဲကို အပ်ပေးပြီး မင်း ...န်လာခဲ့'

'ဟုတ်ကဲ့'

'ဒီနေ့ည ဆက်သွယ်ရမယ့် စကားဝှက်ရော သိရဲ့လား'

'သိပါတယ် တပ်မှူး'

တန်ငိုဟင်းက ရှင်ချိတင်တို့ဘက်သို့ ပြန်လှည့်ပြန်က

'သွားကြတော့မလား'

'သွားမယ်'

ရှင်ချိတင် ထိုင်ရာမှထသည်၊ ကျန်လူများလည်း ထိုင်ရာမှ ထကြသည်၊ လေးယန်နှင့် စူးမိန်တန်တို့က ပန်းထဲတွင် ကျန်နေသည့်ပုန်းများကို ယူလိုက်သည်။

'ကဲ....သွားပေတော့ ရှင်ချိတင်'

တန်ငိုဟင်းက နှုတ်ဆက်သည်၊

ခံတပ်၏နောက်ဘက်တွင်လည်း လျှို့ဝှက် ခြောင်ကျဉ်း လျှို့ဝှက်ကတုတ်များရှိနေသောကြောင့် လိုက်ပို့သော ဗိုလ်ကလေးက ဦးဆောင်၍ ခေါ်သွားသည်။ သူတို့က မြင်းများကိုဆွဲ၍ တန်းစီလိုက်ရသည်။ ဘေးဘက်သို့ ဖဲ၍ မလျှောက်ရ။

ဘေးဘက်တွင် ရှိုးရှိုးမြေပြင် ရှိုးရှိုးချုံပုတ်များသာတွေ့ ထင်ရသည်။ သို့သော် လူတို့မမြင်ရသော ချောင်းဟန့်သံများ ကြားရသောကြောင့် လျှို့ဝှက်ကတုတ်များပါ ရှိနေကြောင်း သိလာရသည်။

'မှန်သူအင်အားက ဘယ်နှယ်လဲ'

ရှေ့မှ တိတ်တိတ်ဆိတ်ဆိတ် လျှောက်သွားနေသော တပ်ဗိုလ်လေးက ရုတ်တရက် မေးလိုက်သည်။

'နှံ့နှံ့စပ်စပ်တော့ မသိခဲ့ရဘူး၊ ဒါပေမယ့် တာဝမ်မှာ တို့လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်၊ တောင်ဘက်ပိုင်းက တပ်



အင်အားအများဆုံးလို့ သိရတယ်တဲ့၊ တို့ဖြတ်လာခဲ့တဲ့ ...းမှာလဲ မှန်ကင်းပတ်တွေချည်းပဲ'

ဆင်တပ် မြင်းတပ်တွေ ပါလာတယ်ဆိုတာကရော'

ဗိုလ်ကလေးက မေးပြန်သည်၊ ရှင်ချိတင်ကပင်ဆက်၍....

'အဲဒါ ငါမေးခဲ့တယ်၊ အဲဒီအချက်က စဉ်းစားစရာ ...ပ်ကောင်းတယ်၊ တောင်ဘက်ပိုင်းမှာ လူအင်အားအများ ...းစုထားတယ်၊ ဒါပေမယ့် မြင်းတပ်လှုပ်ရှားတာကို တွေ့ရပေ ...ယ့် တို့ရောက်သွားတဲ့အချိန်အထိ ဆင်တပ်ဆိုတာ လုံးလုံး ...တွေ့ရသေးဘူးလို့ ပြောတယ်၊ အဲဒါ ဘာသဘောလဲဆိုတာ ...ဘက်က ကင်းထောက်ပြီး စုံစမ်းဖို့ကောင်းတယ်'

အလေးအနက် ပြောလိုက်၏၊ ဗိုလ်ကလေးက....

'အဲဒီကိစ္စကို တပ်မှူးကဆက်ပြီး ဆင်ခြင်မှာလား'

'ဆင်ခြင်ရမှာပေါ့'

'အဲဒီလိုဆိုရင် အဲဒီလို ကင်းထောက်ထွက်တဲ့ အထဲမှာ ကျွန်တော်ကို ထည့်ပေးဖို့ ပြောပေးစမ်းပါ တပ်မှူးရာ၊ ကျွန်တော်နာမည် ကောင်းလိုပါ'

'မင်းက အဲဒီခံတပ်မှာ ဘာပြုလို့လဲ'

'ရှင်ချိတင်က စိတ်ဝင်စားစရာ ကြားရမည်လား' ဟု မေးလိုက်ခြင်း ဖြစ်သည်။

တပ်ဗိုလ်လေးက....

'ဘာမှ မဖြစ်ပါဘူး၊ စောင့်နေရတာ ပျင်းလွန်းလို့'

'သူတို့တောင်မှ စိတ်ရှည်နေကြသေးတာပဲကွာ တို့ကလဲ ပြန်ပြီး စိတ်ရှည်ရှည်ထားကြတာပေါ့၊ အချိန်ကြာတော့ သူတို့

တွေ အားငယ်နေကြပြီကွ၊ သူတို့အင်အားက အများကြီး
ကွ၊ သူတို့သိမ်းတဲ့ မြို့တွေက ရိက္ခာဆိုလို့ ဘာမှမရကြဘူး'

'ဟုတ်လား'

ဗိုလ်ကလေးက စိတ်အားတက်ကြွစွာ မေးသည်။

'ဟုတ်တယ်....ဒီကောင်တွေ ငတ်နေကြပြီ'

'ငတ်ရင်တော့ မြို့တော်ကို အတင်းဝင်တိုက်တော့မယ်
ထင်တယ်'

ဗိုလ်ကလေးက မျှော်သင့်သည့်လေသံဖြင့် ပြောသည်။

'တစ်ခုခုတော့ ဖြစ်လာရမှာပဲလေ၊ ဒါပေမယ့် သေချာ
တာ ရှိတယ်၊ ဘာလဲဆိုတော့ ဒီကောင်တွေ ဘယ်တော့မှ
တို့ကိုမနိုင်ဘူး....ရှုံးမယ်၊ အဲဒါသေချာတယ်'

ရှင်ချိုတင်၏အသံက ဒေါသသံကမောသံပင်ပေါက်နေ၏။
ဗိုလ်ကလေးက....

'ကျွန်တော်လဲ အဲဒီလိုပဲ ထင်ပါတယ်'

'မထင်နဲ့ကွ....ယုံလိုက်'

* * *



ထိုစဉ်....

'ဘယ်သူလဲ ရပ်'

လေသံ ထွက်လာသည်၊

အသံမှာ စိတ်ကြီးဝင်သွားသော ကလေးတစ်ယောက်
အသံမျိုးဖြစ်သောကြောင့် ရှင်ချိုတင်ပင် အံ့အားသင့်သွား
သည်။

ထိုအခါ ဗိုလ်ကလေးက နောက်ဘက်သို့ပြန်လှည့်၍....

'ကျွန်တော်တို့ မြို့ပြကာကွယ်ရေး တပ်ဖွဲ့ဝင်တွေပဲ'

ခပ်တိုးတိုးပြောလိုက်ပြီး ရှေ့ဘက်သို့ ပြန်လှည့်၍....

'ဘုရင့်တပ်မဟာလူ့တွေကို လိုက်ပို့တာ၊ ငါ တပ်မှူး တန်ဒိုင်
ဟင်းရဲ့ ခံထာစ်က တပ်ဗိုလ် ကောင်လီပဲ'

ခပ်ကျယ်ကျယ်လှမ်း၍ ပြောလိုက်၏။ သူ့ပြောသံအဆုံး
တွင် ဓါလေးသံကပင် ဆက်၍....

'ဒါဆိုရင် ဗီးကွက်ပေါ့....ဟုတ်လား'

တပ်ဗိုလ် ကောင်လီက....

'မဟုတ်ဘူး....ငှက်ကျား'

'ဟုတ်ပြီ....ဆက်လာလို့ရပြီ'

ခွင့်ပြုသံထွက်လာရာ တပ်ဗိုလ် ကောင်လီက ရှေ့သို့ဆက်
လျှောက်သည်။

ရှင်ချိုတင်က....

'ဘယ်လိုလဲ....ကလေးတွေကို ကင်းစောင့်ခိုင်းထားတာ
လား'

မေးလိုက်၏။

တပ်ပိုလ်ကလေးက....

'ခုပဲ တပ်မှူးတွေ တွေ့ရတော့မှာပါလေ'

တစ်စုံတစ်ခု ဖုံးကွယ်ထားလိုက်သည့်အလား ပြောလိုက်လေ၏။

စာစဉ် (၁) ပြီး။

ရဲမာန်အောင်

24120

( ၂၈ )

ခံတပ်မှူးဖြစ်သူ တပ်မှူး တန်ငိုဟင်း ထည့်ပေးလိုက်သော တပ်ဗိုလ်ကလေး ကောင်လ နှင့် စကားပြောရင်း လာခဲ့ကြရာ ခဏအကြာတွင် ရှေ့ဘက်မှ လှမ်း၍မေးလိုက်သံ ကြားရသည်။

'ဟိတ် .... ဘယ်သူတွေလဲ ရပ်'

အော်သံမှာ အလွန်မာန်ပါသည်။ သို့သော် လူကြီး တစ်ယောက်၏ အသံမျိုးမဟုတ်ဘဲ အရွယ် မရောက်သေးသော ကလေးတစ်ယောက် အသံမျိုးသာ ဖြစ်နေရာ တပ်မှူး ရှင်ချီတင်မှာ အံ့သြ၍ပင်သွားသည်။

တပ်ဗိုလ်ကလေး ကောင်လီမှာမူ အော်သံထွက်ပေါ်လာသည်နှင့် အလေးထားသည့်အနေဖြင့် တုံ့ခနဲရပ်လိုက်ပြီး—

'ဘုရင့်တပ်မက တပ်မှူးတို့အဖွဲ့ကို လာပို့တာ၊ ခံတပ်မှူး တန်ဖိုဟင်းရဲ့တပ်က တပ်ဗိုလ်ကောင်လီ'

တည်ငြိမ်သော အသံဖြင့် ပြန်ဖြေလိုက်သည်။ ထိုအခါ ရှေ့ဘက် အမှောင်တွင်းမှ ကလေးသံကပင် ဆက်၍....

'ဗိုလ်ဆို စကားဝှက်ပြောမယ်၊ နားလည်တယ် မဟုတ်လား'

'နားလည်ပါတယ်'

တပ်ဗိုလ်လေး ကောင်လီက ငြိမ်သက်စွာရပ်နေရင်း ပြန်ပြောသည်။ တစ်ဖက်က....

'ဗီးကွက်လား'

'မဟုတ်ဘူး....ငှက်ကျားပဲ'

'ဟုတ်ပြီ....ဆက်လာလို့ရပြီ'

ရှေ့ဘက် အမှောင်တွင်းမှ ခွင့်ပြုချက်ရသောအခါ တပ်ဗိုလ်လေး ကောဝ်လီက သူ့နောက်မှလိုက်ခဲ့ရန် လက်ပြင်း အချက်ပြရင်း....

'အဲဒါ မြို့ပြကာကွယ်ရေး အဖွဲ့ဝင်တွေပဲ'

တီးတိုးပြောသည်။ တပ်မှူး ရှင်ချိတင်က....

'ကလေးတွေကို ကင်းစောင့်ခိုင်းထားတာလား'

'ဟဲ....ဟဲ....ဟိုကျတော့ ခပ်ဗျားတွေ့မှာပေါ့'

တပ်ဗိုလ်လေးကောဝ်လီက တစ်စုံတစ်ခုသောအကြောင်းကို ဖုံးကွယ်ထားလိုသည့်လေသံမျိုးဖြင့် ပြောလိုက်ပြီး [illegible]



မဆက်တော့ဘဲ ရှေ့သို့ လျှောက်သွားသည်။ ခဏအကြာတွင် သူတို့ပတ်ပတ်လည် လှုပ်ရိပ်များချဉ်းကပ်လာကြသည်။ ထင်ထင်ရှားရှား မမြင်ရသော်လည်း လူငယ်ကလေးများသာ အများစု ဖြစ်ကြောင်း ကောင်းကောင်း သိနိုင်သည်။ ထိုအထဲမှ လူကြီး သုံးယောက်က သူတို့အနီးသို့ ရောက်လာ၏။ လူကြီးတစ်ယောက်မှာ ခြေတစ်ဖက်ဆာနေသည်။ တပ်မှူးရှင်ချိတင်မှာ ဘယ်ဟုတ်တဲ့ မြို့ပြကာကွယ်ရေး တပ်ဖွဲ့ဝင်တွေပါလား ဟု တွေးမိနေသည်။

ခေါင်းဆောင်ဖြစ်ပုံရသော လူကြီးသုံးယောက်က သူတို့ကို လျှို့ဝှက်မြေကတုတ်တစ်ခု အတွင်းသို့ ခေါ်ဆောင်သွားသည်။ လူငယ်များက တိတ်ဆိတ်စွာ ဝန်းရံ၍ လိုက်ပါလာကြသည်။

မြေကတုတ်မှာ ရှစ်ပေခန့်မျှကျယ်၍ လေးပေခန့်မျှ နက်သည်။ ရှည်ပျော့သော ကတုတ်၏ မျက်နှာစာ တစ်လျှောက်တွင် ခါးလောက် ရင်လောက်မြင့်သော ဝါးချွန်များကို စိုက်ထား၏။

ကတုတ်အတွင်း၌လည်း မှောင်နေသည်။

သို့သော် ထိုအမှောင်တွင်းမှာပင် ရှေ့ဘက် အမှောင်တွင်းသို့ စူးစိုက်ကြည့်ရှုရင်း ကင်းတာဝန်ကို ထမ်းဆောင်နေကြသည့် လူငယ်များကို မှိုးတိုးမတ်တတ်နှင့် မြင်နေရသည်။

မြို့ပြကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်လူကြီးတစ်ယောက်က မီးတုတ်တစ်ခုကို မြေကြီးတွင် စိုက်ထောင်၍ မီးထွန်းညှိလိုက်သည်။

မီးရောင် လင်းလာသောအခါ တပ်မှူး ရှင်ချီတင်တို့ ငါးယောက်မှာ ကုန်ရိုးကားရား မန်ချူး စစ်သားဝတ်စုံများနှင့် ဖြစ်နေသည်ကိုတွေ့သွားကြသည်။လူကြီးသုံးယောက် အံ့ဩသွားသလို အနားတွင် ဝိုင်းရံကြည့်နေကြသော လူငယ်ကလေးများ၏ မျက်နှာများတွင် ရွှံရှာသော အသွင်များပေါ်လွင်လာသည်။

တပ်မှူး ရှင်ချီတင်တို့ လူစုမှာမူ မြို့စွန်မြို့ဖျား၌ ကင်းစောင့်နေကြသူများမှာ လူငယ်ကလေးများဖြစ်နေ၍ အံ့ဩနေရသည့်အထဲတွင် ယခု မီး ထွန်းလိုက်သောအခါ၌ သူ့လူငယ်ကလေးများမှာ ယောကျ်ားကလေးများချည်းသာ မဟုတ်ဘဲ ငယ်ရွယ်သော မိန်းကလေးများပါ ပါဝင်နေသည်ကိုတွေ့မြင်လိုက်ရသောကြောင့် ပိုမို၍အံ့အားသင့်ကုန်ကြသည်။

'ဒီအဝတ်အစားတွေနဲ့ ဘယ်လိုဖြစ်လာကြတာလဲ'

မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင် လူကြီးတစ်ယောက်က မေးလိုက်သည်။ ထိုလူကြီးမှာ ခြေထောက်နင်းဖြစ်နေသော လူကြီးဖြစ်သည်။ ယခု မီးရောင်တွင် သူ့ကို ကြည့်လိုက်သောအခါ ခြေတစ်ဖက်ဆာရှိသာမကဘဲ ထိုလူကြီး၏ လက်တစ်ဖက်မှာ လက်ကောက်ဝတ်နေရာမှ တိတိရိရိပြတ်ကျနေသည်ကိုပါတွေ့လိုက်ရပြန်သည်။ ထိုလူကြီးမေးလိုက်သောမေးခွန်းမှာ ခံတပ်



တွင်း၌ အမေးခံခဲ့ရသော မေးခွန်းဖြစ်သည်။ ထို့ကြောင့် လေးယန်က အမြင်ကတ်ကတ်နှင့်....

'မွန်ဂိုတွေက လက်ဆောင်ပေးလိုက်လို့လေ၊ အဲဒီတော့ ဝတ်မလာရင် မကောင်းဘူးပေါ့၊ ဘာဖြစ်လို့လဲ ကျုပ်တို့နဲ့ သိပ်လိုက်နေလို့လား'

ငေါ့တော့တော့အသံနှင့် ပြန်မေးလိုက်၏။ ထိုအခါ လူကြီးများ၏ ဘေးဘက်တွင်ရှိနေသော အသက်တစ်ဆယ့်ခုနစ်နှစ်ခန့်မျှရှိမည့် လူငယ်တစ်ယောက်က....

'ဟော့လူ ခင်ဗျားကို မေးနေတာ၊ မြို့ပြကာကွယ်ရေးတပ်ဖွဲ့ ရှေ့တန်းကင်းအဖွဲ့မှူးကြီးဗျ၊ ကောင်းကောင်းမွန်မွန်ဖြေသော ပြောပါ'

မာဆတ်ဆတ်နှင့် ဝင်ပြောလိုက်၏။ သူ့ပုံက ပြောသည့်အတိုင်း မရလျှင် တစ်စုံတစ်ခုလုပ်တော့မည့်ပုံစံ လက်သီးနှစ်လုံးကို ဆုပ်ထားသည်။

လေးယန်မှာ ပြောသူလူငယ်ကို ကြည့်လိုက်ပြီး မျက်နှာကရှို၍ စပ်ဖြဲဖြဲနှင့် ဖြစ်လာသည်။ သူက....

'ဘုရင့်တပ်မက အမြောက်တပ်ဖွဲ့ဝင် တပ်မှူးနဲ့ တပ်သားတွေက ကလေးသူငယ် တွေ အိုနာကျိုးကန်းတွေနဲ့ အရေးပေါ်ဖွဲ့စည်းထားရတဲ့ ရပ်သားတပ်က လူကို ဘယ်လိုသဘောထားရမှာလဲ၊ ဟော့ ကောင် ချာတိတ် အခု မင်းငါ့ကို ကြည့်နေတဲ့ မျက်နှာမျိုးကို'

လေးယန်၏ စကား မီ ပြောလိုက်သော လူရွယ်က ရှေ့သို့ တိုးလာ၏။

'ခင်ဗျားပြောတာတွေ သိပ်မျှားနေပြီ၊ ပြီးတော့ သိပ်လွန်နေပြီ'

'အား....အဲဒီလိုပြောနေတာဟာ မင်း မှန်ကိုတစ်ယောက်မဟုတ်လို့ဘဲ မင်းတို့ဘာ မှန်ဂိုတွေဘိုရင် ငါတို့ဆီက စကားတွေကို ကြားရမှာမဟုတ်တာ သိပ်သေချာတာပေါ့ကွာ'

လေးယန်သည် စကားအဆုံးတွင် သူ့ကို အေးစက်စွာ ကြည့်နေသော တပ်မှူးရှင်ချိဘင်၏ အကြည့်ကို သတိပြုမိသွားကာ ဆုပ်ထားသော လက်သီးကို ဖြေလိုက်သည်။

ခြေတစ်ဖက်ဆာ နှ၍ လက်တစ်ဖက် လက်ကောက်ဝတ်နေရာမှ ပြတ်နေသော လူကြီးကား လေးယန်၏ စကားကြောင့် မျက်နှာပျက်သွားခြင်း မရှိချေ။ လေးယန်ကို တည်ငြိမ်စွာပင် ပြန်ကြည့်နေကာ....

'မင်းက ဘုရင့်တပ်မက အမြဲတမ်း တပ်ဖွဲ့ဝင်ဆိုရင် တာဝန်ကို ပိုပြီး လေးစားနားလည်ရမှာပေါ့၊ ပြီးတော့ အဲ တာဝန်ထမ်းဆောင်နေရတဲ့ အချိန်ဟာ မှန်ကို စစ်ဝတ်စစ်စားတွေ ဝတ်ပြီး တို့ဘုရင့်တပ်မကပါလို့ ပြောတဲ့လူတွေကို မစစ်မဆေးဘဲ လွယ်လွယ်ကူကူ လွှတ်ပေးရမယ့် အချိန်မဟုတ်ဘူးဆိုတာလဲ သတိထားမိရမှာပေါ့၊ကဲ....ကောင်းပြီ၊ မင်းတို့ဟာ ဘုရင့်တပ်မကအမြဲတမ်းတပ်ဖွဲ့ဝင်တွေဆိုရင် အထောက်အထားတွေပြ ဟုတ်ရဲ့လား'

ပြောလိုက်၏။ ထိုအခါ လိုက်ပါလာသော တပ်ဗိုလ်ဒေါကောင်လီက....



'ခံတပ်မှူး တပ်မှူးတန်ငိုဟင်းက စစ်ဆေးအတည်ပြုပြီး ကျွန်တော်ကို လိုက်အပို့ခိုင်းလိုက်တာပါ'

ဝင်ပြောလိုက်၏၊ ဒုက္ခိတလူကြီးက....

'တို့က ထပ်ပြီး စစ်ဆေးဖို့ မလိုတော့ဘူးဆိုတဲ့ သဘောလား'

'အဲဒီလိုတော့ မဟုတ်ပါဘူး'

ဗိုလ်လေးကောင်လီက ပြောလိုက်ပြီး ရှင်ချိတင်ကို အလွန်အားနာသော မျက်နှာဖြင့် ကြည့်သည်။ တပ်မှူးရှင်ချိတင်သည် သူ့ အလှည့်ရောက်ပြီဟု တွက်လိုက်ကာ ပြောတော့မည်ဟု ဟန်ပြင်လိုက်၏၊

ထိုစဉ်ပင်....

'ဟေ့ ကောင်'

ခပ်ငေါက်ငေါက် ခေါ်သံ ထွက်လာ၏။ ထိုခေါ်သံကြောင့် မြို့ပြကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင် လူကြီးသုံးယောက်စလုံး ခေါ်သံကြားရာသို့ ဆက်ခနဲ ကြည့်လိုက်ကြသည်။

ခေါ်သူကား အဘချွန်။ သူက ဒုက္ခိတလူကြီးကို စိုက်ကြည့်ရင်း....

'အ ထောက်အထားဆိုတာလဲ အတုလုပ်လို့ ရတာပဲကွ၊ မျက်မြင်အားဖြင့် စိတ်ချယုံကြည်လောက်တဲ့ အခြေနေမျိုးရှိနေလျက်နဲ့ တမင် ဖင့်နွှဲအောင်လုပ်နေရင် တာဝန် အလွဲသုံးစားပြုရာ ရောက်တာပဲကွ၊ အဲဒါကို မင်းမေ့သွားပြီလား'

တစ်လုံးချင်းပြောလိုက်၏။ ဒုက္ခိတလူကြီးကား အဘ ချန်ကိုကြည့်ရင်း တအံ့တဩနှင့် ပါးစပ် အဟောင်းသား ဖြစ်နေ၏။ ထို့နောက်မှ အားပဝမ်းသာအသံကြီးနှင့်....

'ကိုကြီးချန်'

ခေါ်လိုက်သည့် အဘချန်က ပြုံးရင်း....

'ငါ မိုးမထွန်းခင်ကတည်းက မင်းလာထိုင်နေခဲ့တာ၊ မိုး ထွန်းလိုက်ကတည်းက ဒီကောင် ရှဲကျူနန်ပဲလို့ သိလိုက် တယ်၊ ကဲ....ပြောစမ်းပါ၊ မင်းက ငါ့ကို မသိချင်ယောင် ဆောင်နေတာလား'

'မဟုတ်ပါဘူး ကိုကြီးချန်ရယ်၊ ကျွန်တော် တကယ် မမှတ်မိလို့ပါ၊ပြီးတော့ ကိုကြီးချန်ကို ဒီလိုပြန်တွေ့မယ်လို့ ဘယ်သူက ထင်မှာလဲ၊ကဲ....အခု ကိုကြီးချန် ဘယ်လိုဖြစ် လဲ၊ကျွန်တော် ဘာလုပ်ပေးရမလဲ ပြော'

ရှဲကျူနန်ဆိုသော လူကြီးမှာ အဘချန်ကို တွေ့သည်နှင့် တကယ်ကိုပင် ပျာပျာသလဲဖြစ်သွားသည်။ သူသည် အကြိမ် မွန်ဂိုတို့နှင့် စစ်ပွဲအတွင်းက အဘချန်၏ တပ် သွေးသောက်တစ်ဦး ဖြစ်ခဲ့သည်မဟုတ်ပါလား။

အဘချန်က ဝိုင်းရံထားသော ရန်သူတပ်ကိုဖောက်ထွက် လာခဲ့ရသဖြင့် ယခုကဲ့သို့ ဝတ်ဆင်လာရသည့်အကြောင်း၊ဝင် စုံများမှာ မွန်ဂိုများကိုဆတ်၍ ယူလာခဲ့သည့်အကြောင်းတို့ကို ခပ်တိုတိုပြောလိုက်သည်။

ထိုအခါ လူကြီးသုံးယောက်စလုံးရော မြို့ပြတာကွယ်ရော တပ်ဖွဲ့ဝင် လူငယ်အားလုံးပါ သူတို့နားသို့ ဝိုင်းလာ



လွန်စိတ်ဝင်စားစွာ နားထောင်နေကြသည့် အဘချန်ကို တိုတိုပြောပြီး ရပ်လိုက်သောအခါ သူတို့မှာ အားမလို အားမရဖြစ်နေကြပြန်၏။

'ကဲ....ဒီတော့ တို့တွေက အထောက်အထားပြဖို့ လိုသေး သား'

အဘချန်က စကားအဆုံးတွင် မေးလိုက်ရာရှဲကျူနန်ဆို သော လူကြီးမှာ မျက်နှာအထားရခက်သကဲ့သို့ဖြစ်သွားပြီး....

'ဟာ....ကိုကြီးချန်ကလဲ'

'ဒါဆိုရင်လဲ တို့သွားပါရစေ'

'ကျွန်တော့်ဆီမှာ ဘာမှ ကျွေးမွေးစရာ မရှိလို့ ညှော်ဝတ် ပြုနိုင်တာ ခွင့်လွှတ်ပါ ကိုကြီးချန်'

ရှဲကျူနန်က တောင်းပန်နေသည်။အဘချန်က....

'ကဲ....တပ်မှူး၊ကျုပ်တို့ သွားစို့'

တပ်မှူး ရှင်ချီတင်ကို ပြောလိုက်၏။ လူငယ်များကား ရန်သူတပ်ကို ဖောက်ဝင်လာခဲ့သည့် သူတို့လူစုကိုအထင်ကြီး လေးစားသည့် မျက်နှာများဖြင့် ဝိုင်းကြည့်နေကြသည်။

တပ်မှူးရှင်ချီတင်က လိုက်ပို့သော ဝိုလ်ကလေးကို နှုတ် ဆက်ပြီး ပြန်စေသည်။ထို့နောက် သူ့လူစုကို ဦးဆောင် ကာ သေနာပတိကြီးရှိရာ မြို့တွင်းသို့ သွားကြရန် ကင်းပုန်း စခန်းမှ ထွက်လာကြသည်။မြို့တွင်း၌လည်း ကင်းပုန်းများရှိ နေသည်ဖြစ်ရာ အခက်အခဲမရှိစေရန်အတွက် ရှဲကျူနန်က ခေါ်လာသော လူငယ်သုံးယောက်နှင့်အတူ သူတို့ကိုလိုက် ပို့လာသည်။

( ၂၆ )

ကွန်ယုတိုင်မှာ ဘုရင့်တပ်မှ တပ်မှူး၊တပ်ဗိုလ်များနှင့်
တွေ့ခဲ့ရသည်ကို ဂုဏ်ယူမဆုံး၊ ပြောမဆုံးဖြစ်နေသည်။ သူ့ကဲ့
သို့ မြို့ပြကာကွယ်ရေးတပ်ဖွဲ့အတွင်းသို့ ဝင်ရောက်ခွင့် မရ
သေးသော သူ့ထက် ငယ်ရွယ်သူ လူငယ်များမှာ ကွန်ယုတိုင်
ပြောသမျှကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေကြရ
သည်။ ကွန်ယုတိုင်သည် ဘုရင့်တပ်မတော်မှ တပ်မှူးများက
တော်ကြီးကို ဝိုင်းရံထားသည့် မွန်ဂိုတပ်အား ဖောက်ထွင်း
မြို့တော်သို့ ပြန်ခဲ့သည့်အကြောင်းများကို သူကိုယ်တိုင်

ပါဝင်ခဲ့သည့်အလား သူ့စိတ်ကူးဖြင့် ဖြည့်စွက်၍ ပြောခဲ့သည်။

သူပြောသမျှ အကြောင်းတို့မှာ တစ်နေ့တစ်မျိုး ပြောင်းလဲလျက် ပိုမို၍ အသေးစိတ်နိုင်လာသည်။ သို့သော် သူပြောသမျှ နေ့စဉ် လာရောက်နားထောင်ကြသော လူငယ်များမှာ ငြီးငွေ့သွားသည်လည်းမရှိ၊ ဆင်ခြေတက်သူလည်း မရှိချေ။

သူတို့သည် နေ့စဉ်ပင် နေ့လယ်ခင်းအချိန်များ၌ ကွန်ယူတိုင်ထံသို့လာ၍ ထိုအကြောင်းကိုပင် အပြောခိုင်းကြသည်။ ကွန်ယူတိုင်ကလည်း ညကင်းချထားသည့်တိုင် ဤအကြောင်းကို ပြောပြရန်အတွက် ငြင်းဆိုခြင်း မပြုချေ။

ကွန်ယူတိုင်သည် ထိုသို့ပင် နေ့စဉ်နှင့်အမျှ ဘုရင့်တပ်မတော် တပ်မှူးနှင့် တပ်ဗိုလ်များအကြောင်း သူ့စိတ်ကူးနှင့်သူ ချဲ့ထွင်ပြောဆိုရင်း သူ့ကိုယ်သူလည်း ဘုရင့်တပ်မှူးကြီးတစ်ဦးအလား စိတ်ကြီးဝင်လာသည်။ သူသည် သွားလာရာတွင် ယခင်ကကဲ့သို့ ပုံစံမျိုးလည်း မဟုတ်တော့ချေ။ ခေါင်းမော့မော့ ရင်ကော့ကော့နှင့် ဆောင့်ကြွားကြွားပုံစံမျိုး ဖြစ်လာသည်။

ထို့ကြောင့် ရပ်ရွာအတွင်းရှိ တချို့သော သက်တူရွယ်တူများ၊ သူ့ထက် အသက်အနည်းငယ်ကြီးသော လူငယ်ကလေးများက ကွန်ယူတိုင်ကို ကြည့်မရနိုင်တော့ချေ။

ထိုလူငယ်များမှာ ချမ်းသာကြွယ်ဝသူများ၏ သားသမီးများ ဖြစ်ကြ၏။ သူတို့သည် နဂိုကတည်းကပင် မိဘများသည်



အလိုလိုက်မှုကြောင့် ဆိုးမိုက်ရမ်းကားနေသူ့ ရှိကြသူများလည်း ဖြစ်၏။ ထို လူငယ်များမှာ မိဘများ၏ ဟန့်တားမှုကြောင့် လည်းကောင်း၊ သူတို့ကိုယ်တိုင်ကလည်း စည်းကမ်းနှင့် တာဝန်ကို ကြောက်ရွံ့ကြသောကြောင့်လည်းကောင်း၊ ကွန်ယူတိုင် ထိုကဲ့သို့ မြို့ပြကာကွယ်ရေးတပ်ဖွဲ့အတွင်းသို့ဝင်ရောက်ခြင်း မရှိသူများလည်း ဖြစ်သည်။

ထိုလူငယ်အုပ်စုသည် တစ်နေ့တွင် ကွန်ယူတိုင်ကို ဝိုင်း၍ ဝိုင်းဝန်းထိုးကြိတ်ကြသည်။

သူတို့အုပ်စုမှာ ငါးယောက်မျှသာရှိ၍ အရွယ်ကလည်း ကွန်ယူတိုင်ထက် ကြီးကြသောကြောင့် ကွန်ယူတိုင်က ခုခံနိုင်ခြင်း မရှိပါက ကွန်ယူတိုင်မှာ မရှုမလှ ခံလိုက်ရမည် ဖြစ်ပေသည်။

သို့သော် ကွန်ယူတိုင်မှာ ငယ်ပင်ငယ်သော်လည်း လေးကျွန်း ရာဇာ မဟာသိုင်းကျမ်းအမည်ရှိ သိုင်းကျမ်းမှ သိုင်းကွက်များကို လေ့ကျင့် တတ်မြောက်ထားပြီးသူ ဖြစ်သည်။

ထို့ကြောင့် ကွန်ယူတိုင်အား ရန်စကာ ထိုးကြိတ်ကြသူများမှာ ကွန်ယူတိုင်ကို ထိအောင်မျှပင် မတတ်နိုင်ဘဲ ကွန်ယူတိုင် ပြုသမျှခံရကာ နှာခေါင်းနှင့် ပါးစပ်မှာ သွေးထွက်ကျအောင် ခံရသူခံရ၊ ကိုင်အပေါက်ခံရ၍ ဘေးနံဘေးအောင့်သူ အောင့်နှင့် သူတို့သာလျှင် မရှုမလှ ခံလိုက်ရလေတော့၏။

တကယ်တွင်အား ကွန်ယူတိုင်ကလေးမှာ သိုင်းကွက်များကိုသာ တတ်မြောက်၍ အတွင်းအား နက်ရှိုင်းခြင်းမရှိ၍သာ ဤမျှလောက် ခံလိုက်ရခြင်းဖြစ်၏။ အတွင်းအား အနည်း

ပေါ်မှ ရှိလိုက်လျှင် သူမဆောင်မခြင် သတ်ပုတ်ပုံမျိုးနှင့်ဆိုလျှင် သူ့အား ရန်စ ထိုးကြိတ်ကြသူ လူငယ်များမှာ ဘဝ တစ်လျှောက်လုံးပင် လူစဉ်မမှီတော့သည့် ဒုက္ခိတများ ဖြစ် သွားနိုင်ပေသည်။

ဤရန်ပွဲကို မြင်လိုက်ရသူကား အနည်းငယ်မျှသာ ရှိ သည်။

ထိုမြင်လိုက်ရသူတို့မှာ ကိုယ့်ထက် အသက်လည်းကြီး သော လူငယ်ငါးယောက်ကို သူလို လူပျိုဖော်ပင်မဝင်သေး သော ကလေးသာသာအရွယ် ကလေးတစ်ယောက်က အလွန် တိုတောင်းသော အချိန်အတွင်း၌ မရှုမလှ ရှုံးနိမ့်သွားအောင် သတ်ပုတ်လိုက်သည်မှာ အံ့ဖွယ်သရဲဖြစ်နေတော့၏။

ကွန်ယုတိုင်ကား သူ လေ့ကျင့်ထားသော သိုင်းပညာ ဖြင့် အရွယ်နှင့်ခွန်အား ကြီးမားသော လူငါးယောက်တို့ အလွယ်နှင့် အနိုင်ရလိုက်ပြန်သောအခါ ယခင်ကထက်ပင် ပို၍ သွေးကြွကာ တကယ့်သူရဲကောင်းကြီးပုံစံ ဖမ်းနေ တော့သည်။



ကွန်ယုတိုင်၏ ရန်ပွဲဂယက်မှာ ဤမျှနှင့် ရပ်တန့်မသွား ချေ။

တစ်ဖက်လူငယ်များနှင့် ပတ်သက်သူများသည် ငွေကြေး ချမ်းသာ ကြွယ်ဝမှုဖြင့် လူတကာထက် ခေါင်းတစ်လုံး ပိုမြင့် သည်ဟု ထင်ကြသူများ ဖြစ်သည်။ သူတို့သည် ရန်ပွဲ ဘာ ကြောင့် ဖြစ်ရသည် မည်သူမှား၍ မည်သူမှန်သည်တို့ကို စဉ်း စားခြင်း မရှိကြ၊ သူတို့ဘက်က အထိနာရသည်ကိုသာ မခံ ချိ မခံသာ ဖြစ်ခဲ့ကြ၏။

ကွန်ယုတိုင်အား ရန်စကာ အနိုင်ကျင့်ရန် ကြိုးစားရင်း သူတို့သာ အထိနာခံခဲ့ကြရသည့် လူငယ်များ၏ အစ်ကိုများ သည် လူပျိုဖားဖား အရွယ်များ ဖြစ်ကြ၏။ သူတို့နေသော ရပ်ကွက်တွင် လူစွာလူမိုက်များ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့ညီများ ခံခဲ့ရသည့် ကိစ္စအတွက် မကျေနပ်နိုင်ကြဘဲ တစ်နေ့တွင် လက်စားချေရန် ကြိုးပမ်းလာကြပြန်လေသည်။

ထိုနေ့တွင် ကွန်ကျင်ယီနှင့် ကွန်ယုတိုင်တို့ မောင်နှမ နှစ် ယောက်တည်း ဈေးဘက်သို့ လျှောက်ထွက်လာကြသည်။

ဈေးသို့သွားရာ လမ်းတစ်လျှောက်တွင် လူသွားလူလာ ကျဲ၍ သိပ်ရှိလှချေ။

ဈေးမှာလည်း စည်ကားခြင်းမရှိ။ ဈေးသည်နည်းသလို ဈေးဝယ်သူလည်း နည်းသည်။

မြို့တော်သည် ရန်သူတို့၏ ပတ်ဝိုင်းထားခြင်း ခံရသည်မှာ လပေါင်းများစွာ ကြာပြီဖြစ်သောကြောင့် စားသောက်ဖွယ် ရာနှင့် ကုန်စည်ပစ္စည်းများ ရှားပါးခဲ့ပြီဖြစ်သည်။

ကွန်ကျင်ယီတို့ မောင်နှမသည် အကြောင်းအရာတစ်ခုကို စိတ်ဝင်စားစွာ ပြောဆိုလာကြခြင်းဖြစ်သည်။

'မ အခု ကျွန်တော်တို့ကို ဝိုင်းရံထားတဲ့ မွန်ဂိုတွေကို ဟိုအရင် ကျွန်တော် မာမွေးသေးခင်က သိပ်ပြီး ထင်ရှားခဲ့တဲ့ တပ်မှူးကြီးဟောဒီး ဟိုမန်တာက ဦးဆောင်ပြီး ပြန်တိုက် ထောင့်မှာတဲ့ဗျ၊ ညတုန်းက အဲဒီအကြောင်း ကင်းမှာ ပြောနေကြတယ်

ကွန်ယုတိုင်က ပြောသည်။

ကွန်ကျင်ယီက....

'အစ်မလဲ ကြားပြီးပါပြီ၊ မြို့တော်ကြီးမှာလဲ အမြဲပြောနေကြတာပဲ၊ အဲဒီတပ်မှူးကြီးက အခု အစ်မတို့ မြို့တော်ကြီးကို ဝိုင်းရံထားတဲ့ မွန်ဂိုတွေရဲ့ စစ်သေနာပတိ စီမာကမ်းစင်းကို အရင်စစ်ပွဲတုန်းက အနိုင်တိုက်ခဲ့တာတဲ့၊ အဲဒီတုန်းက တပ်မှူးကြီး ဟိုမင်တင်ရဲ့ လက်ချက်နဲ့ မွန်ဂိုတစ်တွေ ပျက်ခဲ့ရတဲ့အပြင် စီမာကမ်းစင်းရဲ့ မျက်လုံးတစ်ဖက်ထဲ ပျက်စီးပြီး ထွက်ပြေးရတာတဲ့'

'ဟုတ်လား....တကယ်တော်တဲ့ တပ်မှူးကြီးပဲနော်၊ အခုလဲ ဒီတပ်မှူးကြီး ဦးစီးပြီး တိုက်ရင် မွန်ဂိုတပ်တွေကို နိုင်ဦးမှာပဲထင်တယ်နော်....အစ်မ'

ကွန်ယုတိုင်က သူမမြင်ဖူးသော တပ်မှူးကြီး ဟိုမင်တင်ကို အလွန်အထင်ကြီး ကိုးစားသော လေသံမျိုးဖြင့်ပြောလိုက်၏။



'ထင်မနေနဲ့....နိုင်ကိုနိုင်မှာ၊ မွန်ဂိုတွေဟာ ဒီသတင်းကို ကြားရင် သိပ်ပြီးထိတ်လန့်သွားမှာပဲ၊ တပ်မှူး ဟိုမင်တင်ရဲ့ ...တ်သတင်းက မွန်ဂိုတပ်တွေကြားထဲမှာလဲ ကျော်ကြားနေ...ာ'

'ဟုတ်လား၊ တပ်မှူးကြီးကို မြင်ဖူးချင်လိုက်တာဗျာ'

ကွန်ယုတိုင်က အောင့်တောင့်တတ ပြောလိုက်သည်။

...ွန်ကျင်ယီက....

'တပ်မှူးကြီးကိုမြင်ရတာ မမြင်ရတာထက် တပ်မှူးကြီး ...းဆောင်တဲ့ တိုက်ပွဲတွေမှာ တို့ကိုယ်တိုင် ဝင်တိုက်ခွင့်ရရင် ...ကောင်းတာပေါ့ မောင်လေးရယ်'

'အင်း....မမပြောတာ ပိုမှန်တယ်'

စကားတပြောပြောနှင့် လျှောက်လာကြသော မောင်နှမ ...နှစ်ယောက်သည် ထိုခဏတွင် လမ်းကွေ့တစ်ခုသို့ ရောက်လာ ...ကြသည်။ ထိုအနားတွင် စိန့်ပန်းပင်ကြီးတစ်ပင်ရှိ၍ စိန့်ပန်း ...ပင်အောက်တွင် ပျံ ကြီးနှစ်ယောက် ထိုင်နေကြသည်။

'ကျွန်တော်တို့ ဈေးလာတာများပါပြီ၊ ဒီပျံ ကျလူကြီး ...တွေ တစ်ခါမှ မမြင်ဖူးပါဘူး'

ကွန်ယုတိုင်က ပျံ ကျလူကြီးနှစ်ယောက်ကို လှမ်းကြည့် ...င်း ပြောလိုက်သည်။ ပျံ ကျကြီးနှစ်ယောက်မှာ ခါးကုန်း ...သည့်ဟန်မျိုးဖြစ်သော်လည်း ခွန်အားဗလနှင့် ပြည့်စုံသည့် ...ပုံမျိုး ဖြစ်သည်။

'တချို့က လူပျင်းတွေ၊ ကိုယ့်ခွန်ကိုယ့်အားနဲ့ လက်ကြော ...တင်းအောင် ရှာစားချင်ကြတာ မဟုတ်ဘူး'

ကွန်ကျင်ယီက သူ့အတွေးနှင့်သူ ပြောလိုက်သည်။ ထိုစဉ် သူတို့နောက်ဘက်မှ ခြေသံများကြားရသည်။ ပြေးလာသော ခြေသံများဖြစ်သောကြောင့် မောင်နှမ နှစ်ယောက်စလုံး နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။

'အား...'

မနေ့စ်ဆာကျောင်းအကွာမှနေ၍ သူတို့ရှိရာသို့ ပြေးလာနေကြသော လူရွယ်ငါးယောက်ကို မြင်လိုက်ရသည်နှင့် ကွန်ယုတိုင်က ထိတ်လန့်အံ့ဩသည့် အသံမျိုး ပြုလိုက်သည်။

'ဘာဖြစ်လို့လဲ မောင်လေး'

ဘာမှမသိသော ကွန်ကျင်ယီက မေးလိုက်သည်။ ကွန်ယုတိုင်မှာ ဘာလုပ်ရမည်ကို စဉ်းစားနေသည့်ပုံစံမျိုးနှင့်—

'အစ်မ ဈေးကိုသွားနှင့်ပါလား'

ပြောလိုက်သည်။ ကွန်ကျင်ယီမှာ ဘာမှနားမလည်နိုင်တဲ့...

'ဘာဖြစ်လို့ သွားနှင့်ရမှာလဲ အတူတူ သွားကြမှာပေါ့'

ပြန်ပြောလိုက်သည်။ အမှန်တွင် ကွန်ယုတိုင်မှာ သူတို့ဆီသို့ ဦးတည်၍ ပြေးလာသော လူငယ်ငါးယောက်တွင် နှစ်ယောက်မှာ ဝန်နိုင်ရန်ဖြစ်ခဲ့သူ လူငယ်များဖြစ်၍ ကျန် သုံးယောက်မှာ ထိုလူငယ်များ၏ အစ်ကိုများဖြစ်ကြောင်း သိလိုက်သောကြောင့် ဖြစ်သည်။ ကွန်ယုတိုင်မှာ သူ့ကိစ္စတွင် အစ်မဖြစ်သူ မပတ်သက်စေချင်သောကြောင့် အသာ ခိုင်းလိုက်ခြင်းပင် ဖြစ်သည်။

ပြေးလာသူလူငယ်များမှာ ခဏမျှပင် သူတို့အနားသို့ ရောက်လာကြသည်။ ကွန်ယုတိုင်ထက် အနည်းငယ်ပို၍ကြီးသူ



လူငယ်နှစ်ယောက်က ကွန်ယုတိုင်တို့ နောက်ဘက်တွင် ပိတ်ရပ် သူတို့အသက်ပိုကြီးသူ သုံးယောက်မှာ ကွန်ယုတိုင်တို့နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

ဘာဖြစ်မှန်းမသိသော ကွန်ကျင်ယီမှာ သူတို့ရှေ့တွင် ရပ်လိုက်သော လူရွယ်သုံးယောက်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

လူရွယ်သုံးယောက်ထဲမှ တစ်ယောက်က...

'ဟေ့ကောင်...မင်းက မြို့ပြကာကွယ်ရေးအဖွဲ့ဝင်ဆိုပြီး ငါ့ညီလေးတွေကို အနိုင်ကျင့်လိုက်တာပေါ့ ဟုတ်လား'

ကွန်ယုတိုင်ကို မေးလိုက်၏။ ကွန်ယုတိုင်က...

'ခင်ဗျားတို့ မဆိုင်တာတွေ မပြောနဲ့ဗျာ၊ ပြီးတော့ ကျွန်တော်က အနိုင်ကျင့်တာလား၊ ခင်ဗျားညီတွေက ကျွန်တော့်ကို ရန်စပြီး ဝိုင်းထိုးကြလို့ ကျွန်တော်က ပြန်ခုခံတာလား ဆိုတာ အခုမျက်နှာချင်းဆိုင် မေးကြည့်ပေါ့ဗျာ'

ပြန်ပြောလိုက်သည်။ သို့သော် ကွန်ယုတိုင်ထက် ငါးနှစ်မျှ ကြီးမည့် ထိုလူရွယ်မှာ ကွန်ယုတိုင် ပြောသကဲ့သို့ တရားသဖြင့် ဖြေရှင်းလိုစိတ်ရှိပုံ မပေါ်။ သူက အရွယ်ချင်းကွာခြားသောကြောင့် ကွန်ယုတိုင်ကို သူလုပ်ချင်သလို လုပ်လို့ရမည်ဟု ထင်နေပုံရသည်။ ကွန်ယုတိုင်၏ အင်္ကျီကော်လာစကို လှမ်းဆွဲလိုက်သည်။ သို့သော် ကွန်ယုတိုင်က ထိုလူရွယ်၏ လက်ကို ပုတ်ထုတ်လိုက်ပြီး...

'ခင်ဗျား အကြီးဆိုပြီး နိုင်လိုမင်းထက် မလုပ်နဲ့ဗျာ'

'အံ့မာ...မင်းကလားကွ'

လူရွယ်က ပြောပြောဆိုဆိုနှင့် ကွန်ယုတိုင်ကို လက်သီးနှင့် ထိုးတော့မည်ပြုသည်။ ဤတွင် ကွန်ကျင်ယီက မောင်ငယ်နှင့် ထိုလူရွယ်ကြားတွင် ဝင်ရပ်လိုက်ပြီး....

'နေပါဦးဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မနားလည်အောင် ရှင်းပြပါဦး'

တည်ငြိမ်သောအသံဖြင့် ပြောလိုက်သည်

ကွန်ကျင်ယီ အသက်တစ်ဆယ့်ခြောက်နှစ်ကျော်သည်ဆိုရုံမျှသာ ရှိသေးသော်လည်း ထွားကျိုင်းသူဖြစ်ရာ သူမ၏ရှေ့မှ လူရွယ်နှင့် အရပ်အမောင်း အတူတူပင် ဖြစ်သည်။ ထို့ပြင် သူမမှာ တည်ငြိမ်သော အသွင်အပြင် ပါရှိသောကြောင့် ထို့ထက် အသက်ပို၍ ကြီးသည်ဟု ထင်ရသူဖြစ်၏။ ရန်ပြုလိုနေသော လူရွယ်သည် ကြားဝင်လာသော ကွန်ကျင်ယီကို ကြည့်၍ အနည်းငယ်တွန့်သွားပြီးမှ....

'ကျုပ်တို့ကိစ္စပါ၊ မင်းနဲ့ မဆိုင်ပါဘူး'

ပြောလိုက်၏။ ကွန်ကျင်ယီက တည်ငြိမ်သောအသံဖြင့်ပင်....

'ဒါကျွန်မ မောင်လေးပါ၊ ကျွန်မ မောင်လေး ဘာဖြစ်တယ်ဆိုတာကို သိရရင် ကျွန်မက ဖြေရှင်းပေးနိုင်ပါလိမ့်မယ်'

ပြောလိုက်ရာ မျက်နှာချင်းဆိုင် ရပ်နေသော လူရွယ်မှာ ကြောင်တက်တက်ပင်ဖြစ်၍သွားသည်။ သူသည် ညီဖြစ်သူက ပြော၍သာ လိုက်လာခဲ့သူဖြစ်ရာ တခြားဘာမျှ မသိပါချေ။ ဤကဲ့သို့ ထိုလူရွယ် ကြောင်တက်တက် ဖြစ်နေစဉ် သူ့ဘေးမှ



ရွယ်နှစ်ယောက်မှာ ကွန်ကျင်ယီပြောသည်ကို နားထောင် စပ်ဖြီးဖြီးမျက်နှာဖြင့် ကွန်ကျင်ယီကို ကြည့်လိုက်ကြ ...

'အိုး....ဟိုး....ဟိုး....မ က ဒီကောင်ဒလေးရဲ့ အစ်မကိုး၊ လိုဆိုရင်တော့ ဒီကောင်သေးကို ခွင့်လွှတ်ရတော့မလို ဖြစ် နေပြီ'

ပြောလိုက်၏။ ထိုအခါ ကွန်ယုတိုင်၏ အထိုးအကြိတ်ကို ခဲ့ရသော ညီဖြစ်သူက....

'ဘာဖြစ်လို့ ခွင့်လွှတ်ရမှာလဲ အစ်ကိုရ၊ ဒီကောင်က ကျွန်တော့်ကို နှာခေါင်းသွေးထွက်အောင် ထိုးထားတာ'

မကျေမနပ်နှင့် ဝင်ပြောသည်။ ထိုအခါ အစ်ကိုဖြစ်သူက....

'ဟာ....ခွင့်လွှတ်ရမှာပေါ့ကွ၊ မင်းကမှ ဒီကောင်ခလေးမှာ လောက်လှတဲ့ အစ်မရှိတယ်လို့မှ ငါ့ကို မပြောတဲ့ဟာ'

ပြောလိုက်ရာ ရုတ်တရက်....

'ခင်ဗျား ခွေးစကား မပြောနဲ့'

'ဖြန်း....'

ကွန်ယုတိုင်က ရှေ့သို့တက်၍ ပြောလိုက်ရင်း ထိုလူရွယ်၏ ပါးကို ရိုက်ချလိုက်၏၊ လူရွယ်မှာ မည်သို့မျှ ရှောင်တိမ်းနိုင် မရှိပါဘဲ ပါးရိုက်ခံလိုက်ရပြီးမျက်နှာကြီးနီသွားသည်။ နောက်တွင် လူရွယ်မှာ အလွန် ဒေါသဖြစ်သွားပြီး ကွန် တိုင်ကို အတင်းဝင်၍ ထိုးကြိတ်တော့သည်။

'နေပါဦး....နေပါဦး'

ကွန်ကျင်ယံက ဘားသေးသည်၊ သို့သော်....

'ဖယ်ဗမ်း'

တခြားလူရွယ်တစ်ယောက်က ပြောရင်း ကွန်ကျင်ယံ... ကြမ်းတမ်းစွာတွန်းပစ်လိုက်သည်။ ကွန်ကျင်ယံမှာ ... ဘက်သို့ ယိုင်သွားသည်။ ထိုအချိန်တွင် ပါးရိုက်ခံရသော... လူရွယ်ရော တခြားလူငယ်နှစ်ယောက်ကရော ကွန်ယုတိုင်... ဝိုင်းဝန်းထိုးကြိတ်နေကြပြီဖြစ်ရာ ကွန်ယုတိုင်မှာ သူတို့... တွင် သိုင်းကွက်နင်း၍ အလွတ် တိမ်းရှောင်နေရပေသည်...

ကွန်ကျင်ယံမှာ ဤကိစ္စကို အေးအေးချမ်းချမ်းဖြေရှ... ၍ မရနိုင်တော့ပြီကို နားလည်လိုက်လေပြီ။ ထို့ပြင် မော... ငယ် ဖြစ်သူအား ဝိုင်းဝန်းထိုးကြိတ်နေသည်ကိုလည်း မြင်... ရသောကြောင့် ရန်ပွဲကို ရှောင်လွှဲချင်စိတ်မရှိတော့ချေ။

ထိုမျှသာမဟုတ် ကွန်ကျင်ယံမှာ ငယ်ရွယ်သေးသူ... ဖြစ်၍ သူ့ကိုယ်သူလည်း ထိန်းချုပ်ရန် သတိမရတော့ဘဲ...

'ဒီလောက်တောင် တေရာ်းနိုင်တဲ့လူတွေ'

ရေရွတ်ရင်း မောင်ငယ်အား ဝိုင်းဝန်းထိုးကြိတ်နေသည့်... ကြားသို့ ဝင်သွားသည်။ ထို့နောက် လူရွယ်တစ်ယောက်... လက်ကို ဆွဲ၍ပစ်လိုက်၏။

'အား'

ဝိုင်း

လူရွယ်မှာ သူ့ကိုယ်သူ မည်သို့မျှမထိန်းနိုင် ဆယ်ပေခန့်... လွင့်သွားပြီး ပက်လက်လဲသွား၏။ ထိုအခါ ရန်ပွဲတွင်း... မဝင်သေးဘဲရှိနေသေးသော လူရွယ်နှစ်ယောက်က....



'ဟ.... အစ်မကလဲ စွာတာပဲ'

'ချပစ်ကွာ'

ပြောရင်း ကွန်ကျင်ယံရှိရာသို့ နှင်ဖက်ညှပ်၍ဝင်လာပြီး ...်းဆွဲလိုက်ကြသည်။ သို့သော် လူရွယ်နှစ်ယောက်ခမျာ လေ...သာ ဖမ်းလိုက်မိရှာ၏။ ထိုမျှသာမဟုတ်သေး ကွန်ကျင်...ကသူတို့နှစ်ယောက်၏နံဘေးနှင့်အရိုက်ဆိုသို့ တစ်ချက်စီ...လိုက်သောကြောင့် တအင့်အင့် တအားအား အော်ဟစ်...ာ ကုန်းကုန်းကွကွဖြစ်နေကြသည်။

ထိုအခိုက်မှာပင် လွင့်စဉ်လဲကျသွားသောလူရွယ်က ပြန်...လာကာ ကွန်ကျင်ယံရှိရာသို့ တစ်ရှိန်ထိုး ပြေးဝင်လာ...သည်။

လူရွယ်သည် နာကျင်မှုနှင့် ရှက်စိတ်ကြောင့် ကွန်ကျင်...အား မိန်းကလေးတစ်ယောက်ဟု သဘောထားပုံမရ...တော့ ပါးစပ်က အယုတ္တ အနတ္တ ရေရွတ်ရင်း အဘင်းပြော...်ကာ ညာလက်သီးနှင့် အားကုန်ထိုးချလိုက်သည်။

သို့သော် လူရွယ်မှာ သူ့ကိုယ်သူ မည်သို့ဖြစ်မှန်းမသိ...တောင်မပါဘဲ လေထဲတွင် ဝဲသွားပြန်ကာ မြေပေါ်သို့...လိမ့်ခေါက်ကွေးကျသွားပြန်၏။

'ဖုန်း'

'အား'

ဤတစ်ကြိမ်တွင် လူငယ်မှာ ပြင်းထန်စွာကိုရိုက်ခံလိုက်ရ...ကဲ့သို့ ဖြစ်သွားသောကြောင့် ပြန်မထနိုင်တော့ဘဲ ဖြစ်နေ...သည်။

ဤအချိန်၌ ကွန်ယုတိုင်ကလည်း သူ့အား ဝိုင်းဝန်း ထိုးကြိတ်နေသူများကို လွှတ်လွှတ်ကင်းကင်းတိမ်းရှောင်နေရင်းမှ ပြန်လှန် ထိုးသတ်နေရာ သူ့အားကလေးနှင့်ပင် ထိုလူငယ်များမှာ မရှုမလှခံနေကြရ၏။

'ခွပ်'

'ဒုတ်....အိုး'

'အောင်မယ်လေး'

ထိုအထဲမှ နှစ်ယောက်မှာ ကွန်ယုတိုင်၏ လက်စွမ်းကိုမြင်းစမ်းဖူးသူများဖြစ်ရာ ယခု တစ်ချက်၊ နှစ်ချက် ထပ်မံ၍ ထိသည်နှင့် ထပ်၍ အထိမခံရဲတော့ဘဲထွက်ပြေးကြလေတော့သည်။

ကွန်ကျင်ယီ၏ အရိပ်အခြည်ကို ကြည့်နေသော လူရွယ်များမှာလည်း အခြေအနေမလှသည်ကိုတွက်မိသွားပြီဖြစ်၏။ သို့သော် သူက အရှုံးနှင့်ပိုင်းရမည်ကို ရှက်နေသောကြောင့် ထွက်ပြေးကာနီးတွင် ကွန်ကျင်ယီကို အတင်းဝင်၍ထိုးကြိတ်သည်။

လူရွယ်သည် မျက်စိနှစ်လုံးကို စုံမှိတ်ကာ အတင်းဝင်၍ ထိုးကြိတ်သူဖြစ်၏။ သူသည် ခွန်အား ကောင်းသူ ဖြစ်၏။ ကွန်ကျင်ယီကို မထိသော သူ၏လက်သီးနှစ်လုံးမှာလေထဲတွင် တဝှီးဝှီးနှင့် လွဲချော်နေသည်။

ကွန်ကျင်ယီက ဘေးဘက်သို့အသာရှောင်၍ ထိုလူရွယ်၏ နံဘေးကို ခြေစောင်းနှင့်ကန်လိုက်သည်။

'ဘုန်း'



'အ့နိုး'

လူရွယ်မှာ ဘေးတစောင်းလဲကျသွားပြီး မျက်နှာကလည်း မြေကြီးနှင့်ရိုက်မိသွား၏။ လူရွယ်သည် နာကျင်သွားသော်လည်း ထိုအခါကျမှ သူ့မျက်စိနှစ်လုံးကိုဖွင့်ကြည့်ကာ ခါးထောက်၍ ကြည့်နေသော ကွန်ကျင်ယီကိုမြင်လိုက်ရသည်နှင့် တစ်ရှိန်ထိုးထပြေးလေတော့သည်။

'အင်း... ငါက အစ်မပါလာလို့ သည်းခံနေတာများ၊ သူတို့ ကြောက်လို့ထင်နေဘယ်

ကွန်ယုတိုင်ကလည်း သူ့ကို ကြောက်လန့်ပြီး ထွက်ပြေးသွားသော လူရွယ်များကိုကြည့်ရင်း မကျေမချမ်းနှင့် ပြောနေ၏။

ကွန်ကျင်ယီ၏ လက်ချက်ဖြင့် လေထဲတွင်ဝဲပြီးမှ လဲကျသွားသူမှာ အတော်နာသောကြောင့် နောက်ဆုံးမှထ၍ ပြေးနိုင်၏။ ထိုလူရွယ်သည် ခြေထော့နင်းနှင့် သူ့နံဘေးကို ဖိ၍ ပြေးရင်း....

'နောက်တစ်ခါကျရင်ခတော့ နင်တို့ခေါင်နှမ အသေပဲ'

ကြိမ်းမောင်းသွားလေသေးသည်။ မောင်နှမနှစ်ယောက် ထိုလူ၏ ကြိမ်းမောင်းသံကို ကြားရသောအခါ တစ်ယောက်ကို တစ်ယောက်ကြည့်၍ ရယ်မိကြသည်။

သို့နောက် ဈေးဘက်သို့ဆက်၍ လျှောက်သွားလေသည်။

( ၃၀ )

'အုံ့ဩစရာပဲကွ'

ကွန်ကျင်ယီတို့ မောင်နှမ ထွက်ခွာသွားသောအခါ ဝန်းပင်ကြီးအောက်တွင် ထိုင်နေသော ပျံကျူကြီးနှစ်ယောက် အနက် တစ်ယောက်က ပြောလိုက်၏။

သူ့ဘေးမှ ပျံကျူကြီးမှာမူ မျက်မှောင်ကြုတ်ကာ တစ် တစ်ခုကို အလေးအနက် စဉ်းစားနေသည်။ အဖော်ဖြစ်သူ ပြောသည့် စကားကိုပင် မကြားသည့်ပုံမျိုး၊ သို့ရာတွင် ခဏ ပင် သူက စကားပြန်ပြောလိုက်သည်။

'ဒီသိုင်းကွက်တွေကို ငါမြင်ဖူးသလိုပဲ တုံးဆိတင်'

'ဘယ်မှာမြင်ဖူးတာလဲ ဖူးကိုးရ'

တုံးဆိတင်ဆိုသော ပျံ့ကျကြီးက ပြန်မေးသည်။

'အဲဒါကို ငါစဉ်းစားနေတာပေါ့ကွာ'

ဖူးကိုးဆိုသူက ပြောလိုက်ပြီးနောက် နှစ်ယောက်စလုံး တိတ်ဆိတ် ငြိမ်သက်သွားကြပြန်၏၊ သူတို့နှစ်ယောက်စလုံး ကွန်ကျင်ယိတို့ မှောင်နှမ အသုံးပြုသွားသော သိုင်းကွက်များကို စဉ်းစားနေကြခြင်းပင် ဖြစ်သည်။

တကယ်တွင် ဖူးကိုးနှင့် တုံးဆိတင်တို့မှာ ပျံ့ကျအစစ်များ မဟုတ်ကြ၊ သူတို့နှစ်ယောက်စလုံးမှာ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်ခန့်မျှက ပျက်စီးပြိုကွဲသွားခဲ့သည့် ကန္တာရဂိုဏ်းမှ ဂိုဏ်းအဖွဲ့မှူးများ ဖြစ်ခဲ့သည်။

လေးကျွန်းရာဇာ မဟာသိုင်းကျမ်း အချုပ်တော်ပုံတွင် ပင်လယ်တံငါ တာအိုချုပ်နှင့် အခြား သိုင်းဂိုဏ်းများ၏ လက်ချက်ဖြင့် ကန္တာရဂိုဏ်းသားများ အသတ်ခံခဲ့ကြရသည်။ သူတို့နှစ်ယောက်မှာမူ လက်လွတ်ထွက်ပြေးကာ မွန်ဂိုများထံတွင် ခိုဝင်နေခဲ့ကြခြင်း ဖြစ်သည်။

ယခု မွန်ဂိုများက ပြည်မကြီးကို တိုက်ခိုက်သိမ်းပိုက်ရန် ချီတက်လာခဲ့ကြရာတွင် သူတို့နှစ်ယောက်က ရန်သူဟောင်းများကို လက်စားချေနိုင်ရန် ရည်ရွယ်ချက်ဖြင့် လိုက်ပါလာခဲ့ကြခြင်း ဖြစ်သည်။ သူတို့မှာ မြို့တော်တွင် ကျင်လည်ခဲ့သူများဖြစ်၍ မွန်ဂိုစစ်သေနာပတိကိုယ်တိုင်က သတင်းများ ရယူနိုင်ရန် ရှုပ်ဖျက်၍ စေလွှတ်ထားခဲ့ခြင်း ဖြစ်သည်။



'မင်း စဉ်းစားလို့ရပြီလား'

ကန္တာရဂိုဏ်းတွင် သိမ်းငှက်အဖွဲ့မှူးဟူ၍ ထင်ရှားခဲ့ဖူးသော တုံးဆိတင်က မေးလိုက်ခြင်း ဖြစ်သည်၊

'ရင်းနှီးတဲ့လူတစ်ယောက်နဲ့ အကြာကြီးကွဲသွားပြီး ပြန်တွေ့တော့ နာမည်မေ့သလို ဖြစ်နေတာမျိုးကွ၊ သိသလိုနဲ့ မသိဘဲ ဖြစ်နေတာ'

ဖူးကိုးဆိုသူက ပြန်ပြောသည်။ သူသည် ကန္တာရဂိုဏ်းတွင် ဝံပုလွေအဖွဲ့မှူးဖြစ်ခဲ့သူပင်၊ ဖူးကိုး၏ စကားကို ကြားရသောအခါ တုံးဆိတင်က မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်ပြီး....

'အကြာကြီး ကွဲသွားပြီးမှ ပြန်တွေ့တာ ဟုတ်လား မဟုတ်ကောင် ဖူးကိုး'

အလန့်တကြား ခေါ်လိုက်ရာ ဖူးကိုးမှာ သတိခနဲ ဖြစ်သွားပြီး ...

'ဘာလဲကွ'

'ငါမှတ်မိပြီကွ ငါမှတ်မိပြီ'

တုံးဆိတင်က ထိုင်ရာမှ ခုန်ထပြီး အော်သည်။ ဖူးကိုးက မေးကြည့်ရင်း....

'ဘာမှတ်မိတာလဲကွ'

ပြောလိုက်ရာ တုံးဆိတင်က တောင့်တောင့်ကြီးရပ်လိုက်ပြီး....

'ပန်းဘီလူး ကျိုက၊ဆင်ကို မင်းမှတ်မိလား'

'ဟာ....'

ဖူးကိုး အသေနှံတကြားအော်ရင်း ခုန်ထလိုက်ပြီး....

'မှတ်မိပြီ မှတ်မိပြီ၊ ဒါလေးကျွန်းရာဇာမဟာသိုင်းကျမ်းထဲက သိုင်းကွက်တွေပဲ'

'အစစ်ပေါ့ကွာ'

တုံးဆိတင်က ပြော၏။ ဖူးကိုးက တုံးဆိတင်၏ ပခုံးနှစ်ဖက်ကို ကိုင်ရင်း....

'ဘယ်လိုလုပ်မလဲ'

မေးသည်။ တုံးဆိတင်က....

'မင်း ဒီအကြောင်းကို သေနာပတိ စီမံကိန်းစင်းဆီ အကြောင်းကြား၊ ငါက ဒီမိန်းကလေးတွေကို စောင့်ကြည့်နေမယ်၊ တကယ်လို့ မင်းပြန်လာမှယ်ဆိုရင် နောက်ထပ် တွေ အင်အား အပိုပါရအောင် တောင်းခဲ့ကွာ၊ ဒီမှာ အကြမ်းပတမ်း လုပ်စရာကိစ္စလေးတွေ ဖြစ်လာနိုင်တယ်'

'အဝင်အထွက်က မလွယ်ဘူးဟော့ ကောင်၊ တို့နှစ်ယောက်တည်း လုပ်လို့မရဘူးလား'

ဖူးကိုးက မြို့ပြင်သို့ ပြန်ဖောက်ထွက်ရမည်ကို ဝန်လေးသည့်ပုံဖြင့်ပြောသည်။ တုံးဆိတင်က....

'ရတာ ရနိုင်တယ်၊ ဒါပေမယ့် အဲဒီကျရင် ပိုပြီးအတွင်းရခက်မှာပဲ၊ ဖြေးတာ သတင်းတွေပြန်ပို့ဖို့ ကိစ္စကလဲ ရှိသေးတယ်မဟုတ်လား'

'အေးကွာ'

ဖူးကိုးက စိတ်မပါတပါနှင့် ပြောသည်။



'အေးကွာဆိုရင် မင်း ဒီညပဲသွား အခု လူချင်းခွဲမယ်၊ ငါခုနကလေးနှစ်ယောက်နောက်ကို လိုက်တော့မယ်'

တုံးဆိတင်က ပြောပြောဆိုဆို ဈေးဘက်သို့ လိုက်သည်။ ဖူးကိုး ကျန်ခဲ့၏။

* * *

ဝမ်ကျင်ယီသည် မျှစ်ခြောက်များဝယ်ပြီး ပြန်အလှည့်တွင် ကွန်ကျင်ယီတို့မောင်နှမကို မြင်လိုက်ရခြင်း ဖြစ်သည်။

သူနှင့် ထိုကလေးမတွေ့ခဲ့ကြသည်မှာ ခြောက်လမျှပင်ရှိပြီ၊ သို့သော် ဤမျှလောက်သော အချိန်ကလေးအတွင်း၌ ကွန်ကျင်ယီဆိုသော ကလေးမကလေး ဤမျှထွားကျိုင်းလာလိမ့်မည်ဟု ထင်စရာမရှိ၊ ကလေးမကလေးသည် အလှသွေးလည်း ပို၍ကြွယ်လာသည်။ သူနှင့်အရောင်တူ ဝတ်ဆင်ထားသော ကလေးမကလေးသည် သူနှင့်ရွယ်တူမျှပင် ဖြစ်နေချေပြီ။

ကွန်ကျင်ယီတို့ မောင်နှမသည် ဝမ်ကျင်ယီကို သတိမထားမိဘဲ အနားမှ ဖြတ်လျှောက်သွားကြသည်။ သူတို့-မောင်နှမသည် မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ရုံးသို့ သွားကာ

ယနေ့ညတွင် တာဝန်ကျခြင်း ရှိမရှိ မေးကြမည်ဟုပြောသွားသည်။

ဝမ်ကျင်ယိသည် မောင်နှမနှစ်ယောက်ကို လှမ်းခေါ်မည် ပြုသေး၏။

သို့သော် လှမ်းခေါ်၍ မျက်နှာချင်းဆိုင်မိကြလျှင် ဘာပြောရ ရှိသနည်း၊ အကယ်၍များ ကလေးမလေးက သူကိုမှတ်မိလျှင် သူမ၏ မိခင်သေဆုံးသည့် အကြောင်းကို အစပြန်ဖော်၍ သတိရအောင် လုပ်ရမည်။ ကလေးမလေး သည် ဤအကြောင်းကို အဘိုးဖြစ်သူနှင့် မောင်ငယ်တို့ မသိ အောင် ဖုံးဖိနိုင်စရာရှိသည်။ အဘယ်ကြောင့်ဆိုသော် သူက ဤအကြောင်းသွားပြောခဲ့၍ အဘိုးဖြစ်သူ ရောက်လာသည်။ သူ့ကို နှင်လွှတ်ခဲ့သည် မဟုတ်ပါလား။

ဝမ်ကျင်ယိသည် ထိုအတွေးများဖြင့် လှမ်းမခေါ်ဖြစ် တော့ချေ။ ဈေးဆိုင်တန်းများကြားတွင် ကျောပေး၍ လျှောက်သွားနေသော မောင်နှမနှစ်ယောက်ကို ငေးမျှော ကြည့်နေပြီး တင်ပက်သို့ ပြန်လျှောက်လာခဲ့၏။ ဈေးဝသို့ ရောက်ခါနီးတွင် အသိမိန်းမကြီး တစ်ယောက်နှင့် တွေ့ပြန်၏။ ထိုမိန်းမကြီးမှာ သူနှင့်အိုရန်လုတို့အကြောင်းကို ရိပ်စားမိသူ များတွင် ပါဝင်၏၊ ပြီးတော့ မိန်းမကြီးမှာ အလိုက်ကမ်း ဆိုးမသိတဲ့ စကားအလွန်များသူလည်း ဖြစ်၏။

ဝမ်ကျင်ယိသည် ထိုမိန်းမကြီးနှင့် စကားမပြောချင် သောကြောင့် မမြင်ဟန်ပြုကာ ထမ်းစားတွင်ထိုင်နေသော



ဗျူကျကြီး၏ ခွက်တွင်းသို့ ငွေစတစ်စထည့်ရင်း မိန်းမကြီး သွားအောင် ကျော်သွားမည့်အချိန်ကို စောင့်နေသည်။

သို့သော် မိန်းမကြီးက သူမ၏ဘေးတွင်လာရပ်ပြီး ပခုံး ကို ပုတ်လိုက်ကာ....

'ဝမ်ကျင်ယိ'

ခေါ်သည်။ ဝမ်ကျင်ယိက မသက်မသာနှင့် လှည့်ကြည့် လိုက်ပြီး ယခုမှ တွေ့သယောင်ဖြင့်...

'ဩော်... အဒေါ်'

'ညည်းတစ်ယောက်တည်းလား၊ ညည်းမောင်လေးရော ပါဘူးလား'

အိုရန်လုကို ရည်ရွယ်၍ပြောကြောင်း ရိပ်မိသဖြင့် ဝမ် ကျင်ယိက....

'သူ သွားပြီ'

တိုတိုပင် ပြောလိုက်၏။ မိန်းမကြီးက ဝမ်ကျင်ယိကို စေ့စေ့ကြည့်ရင်း....

'ဒါကြောင့်ထင်တယ် ညည်း နည်းနည်းပိန်သွားသလိုပဲ'

'သိပ်နေမကောင်းဘူး အဒေါ်၊ ကျွန်မသွားမယ်'

ဝမ်ကျင်ယိက ပြောပြောဆိုဆို မိန်းမကြီးကို ကျော်၍ လျှောက်သည်။

'ဟဲ့....ဟဲ့....နေပါဦး၊ အခု ဘယ်ကို ပြန်မှာလဲ'

မိန်းမကြီးက မေးဖြစ်အောင် မေးသေးသည်။ သို့သော် ဝမ်ကျင်ယိက မပြောတော့။

တစ်ယောက်တည်းနေသော မုဆိုး တစ်ယောက်က ဘယ်ကို ပြန်ရမှာလဲ ငါက ကိုယ့်အိမ်ကိုယ်ရာနှင့်နေတဲ့ လူမဟုတ်တာကျလို့ မငေကျမနပ်ရေရွတ်ရင်း ခြေကိုဆောင့်နင်းလာခဲ့၏။
ဒေါသကြောင့် ဘာကိုမှ သတိမပြုမိ။

* * *

ထိုညဲတွင် ကွန်ကျင်ယ ိတို့ မောင်နှမှ ကင်းတာ မကျချေ။ ကွန်ယုတိုင်၏ သူငယ်ချင်း ပိုးယန်မှာမူ သူ့ထက် အသက်အနည်းငယ်ကြီးသော လူငယ် နှစ် ယောက် ဆ ြေသက်ငါးဆယ်ကျော်အရွယ် လူကြီးနှစ်ယောက်တို့နှင့်အတူ မြို့အရှေ့ဘက်ဖျား၊ရှိ ကင်းတစ်ခုတွင် တာဝန်ကျလသည်။
သူတို့အားလုံးသည် ညနေ မှောင်ရီပျိုးစအချိန်ကတည်း ထိုနေရာသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။ သူတို့အား ညကင်းကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးက ဗဟိုခန်းရုံးမှ ခေါ်ဆောင်လာ ကင်းတာဝန်ကျသည့် နေရာသို့ လာရောက်ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။
လူကြီးနှစ်ယောက်သည် ကင်းတာဝန်ကြရာသို့ ရောက်သည့်နောက်တွင် ညဘက်၌သောက်ရန်အတွက် ရေနွေးအိုး



တည်ကြလသည်။ ပိုးယန်တို့ လူငယ်ကလေးသုံးယောက်မှာမူ ညဘက်တွင် အဆာပြေစားရန်အတွက် ကိုယ်တတ်နိုင်သမျှ ဂေါးစရာအထုပ်ကလေးများ ပြုလုပ်၍ ယူလာခဲ့ကြ၏။ သူတို့အတွက် သောက်စရာမှာ ရေနွေးပဲဖြစ်ဖြစ်၊ ရေအေးပဲဖြစ်ဖြစ် မထူးခြားချေ။ ထို့ကြောင့် လူကြီးနှစ်ယောက် ရေနွေး တည်နေကြချိန်တွင် လူငယ်သုံးယောက်မှာ ကတုတ်ကျင်း အပြင်ဘက်သို့တက်၍ ကြည့်ကြသည်။
သူတို့ ကတုတ်ကျင်းနေရာမှာ ကသီးတခြားဆန်သလို ရှိနေသည်။ ရိုးနှစ်ခု၏အလယ်တွင်ရှိသောကြောင့် ဘေးနှစ်ခုရှိ ကင်းကတုတ်များနှင့်လည်း အတန်လှမ်းနေသည်။
ရှေ့ဘက်သို့လှမ်းကြည့်လျှင်လည်း ရှေ့က ခံတပ်များနှင့် ကိုက်နှစ်ထောင်နီးပါးမျှ လှမ်းနေသည်။ ထိုခံတပ်သည် သူတို့ကတုတ်ကင်း၏ ရှေ့တည့်တည့်တွင် ရှိနေသည်လည်း မဟုတ်၊ လကျာဘက် စေးလွယ်ခုတ်နေရာတွင် တည်ရှိနေခြင်း ဖြစ်သည်။
သူတို့တွေ့ကြည့်ကြသောအချိန်၌ အလင်းရောင်ရှိနေသေးသည်။
ရှေ့ဘက်ရှိခံတပ်မှ မီးခိုးများထွက်နေသည်ကိုလည်း မြင်ရသည်။
အတန်ကြာသောအခါ အမှောင်ဖုံးလာသည်။
လေမတိုက်သဖြင့် အပေါ်သို့ မြင့်မားစွာ ထိုးတက်နေသော မီးခိုးများကို မမြင်ရတော့။ သို့သော် ရန်သူများဘက်မှ မီးရောင်များ တလက်လက် ဖြစ်နေသည်ကိုမူ မြင်ရ

သည်။ တချို့မီးရောင်များမှာ တရွေ့ရွေ့ လှုပ်ရှားနေ သည်။

မီးတုတ်ကိုင်ပြီး သွားနေခြင်း ဖြစ်သည်။

ဤညမှာလပြည့်ကျော် တစ်ရက်ည ဖြစ်သည်။

အရှေ့ဘက်ဖုံးလာပြီး ခဏအကြာတွင် လ ထွက်လာသည်။ ထိုအခါ မြင်ကွင်းသည် ထင်းထင်းပြန်၍ ပေါ်လာ၏။ ငနေ့အလင်းရောင်ဖြင့် မြင်ရသော မြင်ကွင်းနှင့် မတူတော့။ လရောင်သည် လှည့်စားတတ်သော သဘောရှိသည့်ကို ကလေး များ မသိချေ။ သူတို့အမြင်တွင် မြင်ကွင်းမှာ ပိုမို၍လှပလာ သည်ဟုသာ ထင်နေသည်။

'ဟေ့ကောင်လေးတွေ....လာကြဟေ့'

လင်းကတုတ်ထဲမှ လူကြီးတစ်ယောက်က ခေါ်သည်။ လူ ငယ်သုံးယောက် ကင်းကတုတ်အတွင်းသို့ ပြန်ဆင်းလာခဲ့ သောအခါ လူကြီးနှစ်ယောက်မှာ အငွေ့ထသောင်းထောင်း ထသော ရေနွေးကို ကိုင်သောက်နေကြသည်။

လူကြီးတစ်ယောက်က သူနှင့် လူငယ်တစ်ယောက် ညဦး ပိုင်းတွင် တာဝန်ယူစောင့်မည့်အကြောင်း ပြောသည်။ သူက ပိုးယန်ကို သူနှင့်အတူစောင့်ရန် ရွေးလိုက်၏။

ငယ်တဲ့လူတွေက ညဥ့်နက်ချင် အိပ်ချင်တာပဲကွ'

ထိုလူကြီးက ပြောသည်။ ပိုးယန်ဘက် အနည်းငယ် ကြီး သော လူငယ်နှစ်ယောက်မှာ မည်သို့မျှ စောဒက မတက်ကြ ချေ။



ညဥ့်ဦးပိုင်းသို့ ရောက်သောအခါ နှင်းအနည်းငယ်ကျပြီး လေညင်း တိုက်သည်။

ကင်းကတုတ်မှ အမိုးမရှိပါချေ။ ကတုတ်ပေါ်တွင် ခေါင်းဖော်၍ ကြည့်ရသောကြောင့် လေတိုက်ခံရသော မျက်နှာမှာ အေးစက်၍ လာသည်။ ပိုးယန်မှာသူ့မျက်နှာကို လက်ဖြင့်ပွတ်သပ်၍ပူနွေးအောင် လုပ်နေရ၏။ ကျဆင်းနေသော နှင်းများကြောင့် ဆံပင်များမှာ စိုထိုင်း၍လာသည်။ ပိုးယန် နှင့်အတူ တာဝန်ယူသော လူကြီးက သူ့မျက်နှာသုတ်စောင် လေးကို ပိုးယန်၏ခေါင်းကို အုပ်၍ မျက်နှာတွင် သိုင်း ပေးသည်။

ပိုးယန် အတော်နွေးသွားသည်။

ပုစဥ်းရင်ကွဲအော်သံနှင့် လေတိုးသံမှတစ်ပါး တခြား သံမျှ မကြားရချေ။ လရောင် ထိန်နေရာ ငြိမ်သက်နေ ၍ ဟင်းလင်းပြင်ကို ကြည့်ရသည်မှာ သာယာသလိုရှိသော် ငြီးငွေ့လာ၏။ ပိုးယန်က လေတိုက်ခံရသဖြင့် ကျိန်း သော မျက်လုံးများကို ပွတ်သပ်လိုက်သည်။

အခိုက်အတန့်မှာပင် သီချင်းသံကို ကြားလိုက်ရခြင်းဖြစ် သည်။

ပိုးယန်ရော လူကြီးပါ ထိတ်လန့်သွားသည်။ သီချင်းသံက နောက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်၏။ သူတို့ ရှေ့ သို့သာ အာရုံစိုက်၍ ကြည့်နေကြသည်ဖြစ်ရာ သီချင်း ထွက်ပေါ်လာသောအခါ နောက်ဘက်သို့ လှည့်ကြည့် ကြသည်။

လူတစ်ယောက်....

ကျူပင်များ အနည်းငယ်ရှိနေသည့် ယက်ဝဲဘက် မိုး ကလေးအတွင်းမှ တက်လာနေသည်။

ထိုလူသည် သီချင်းကို စိတ်လွတ်လက်လွတ် သီဆိုနေခြင်း ဖြစ်၏။ သို့သော် သူဆိုနေသော သီချင်းသည် သီချင်း ဆုံး လေးခုမှ အဆက်အစပ်မရှိသော အပိုဒ်များကို တစ်လျှော က်စည်း ဆိုနေခြင်းဖြစ်ရာ အသံအနိမ့်အမြင့် မညီညာဘဲ

‘အရှုးနဲ့တူထယ်’

လူကြီးက လက်တစ်ဆုပ်စာမျှ တုတ်ခိုင်သည့် ကြိမ်လုံး ဆုပ်ကိုင်ထားရင်း ပြောလိုက်၏။ သီချင်းဆိုလာသူမှာ လ ကွင်းထဲတွင် လမ်းလျှောက်ရင်း လွတ်လွတ်လပ်လပ် သီချင်း ဆိုလာသူကဲ့သို့ ဘာကိုမှ ဂရုမစိုက်ဘဲ လာနေ၏။

ခဏမျှပင် ကင်းကတုတ်နှင့် ပေခြောက်ဆယ်ခန့်မျှ အကွာ သို့ ရောက်လာ၏။ ထိုလူ၏ကျယ်လောင်သော သီချင်းဆို ကြောင့် သူ့အလှည့် မရောက်သေးမီ အိပ်စက်နေသော ရ ကြီးတစ်ယောက်ကပင် နိုးလာ၏။

‘ဘယ်သူလဲ....ရပ်’

ပိုးယန်က အော်ဟစ်လိုက်သည်။ မျက်နှာကို လေထိုး ထားရသော ပိုးယန်၏ အော်သံမှာ မေးရိုးသံမျိုး ပါနေ၏ သီချင်းသံ ရပ်သွားသည်။ သို့သော် ခြေလှမ်း မပျက်။

‘ဘယ်သူလဲကွ....ငါ့ကို ပြောတာ၊ လူလဲမမြင်ရဘူး၊ သ ခြောက်တာလား’



သီချင်းဆိုလာသူက ခြေလှမ်းမပျက် လျှောက်လာရင်း ဘား ဘယ်ညာကြည့်၍ ပြောသည်။ ဤအချိန်တွင် ထိုလူမှာ ကတုတ်ကင်းနှင့် ပေလေးဆယ်မျှ အကွာသို့ ရောက်နေပြီ။ သရောင်က ဝင်းနေသောကြောင့် ညစ်ပေနေသော အဝတ် အစားများကို ကိုးရိုးကားရား ဝတ်ထားသည့် ထိုလူကို သေချာစွာ မြင်နေရပြီ။

‘ဟာ....ဈေးတောင့်နားမှာ ထိုင်တောင်းနေကျ ပျံကျ ကြီးပဲ’

ကလေးမိပိ နေရာအနှံ့ လျှောက်သွားနေတတ်သော ပိုး ယန်က ပြောလိုက်သည်။

‘ဒုက္ခပါပဲကွာ’

ကင်း အတူစောင့်သော လူကြီးက ညည်းတွားရင်း ကျင်းကတုတ်ပေါ်သို့ တက်လိုက်၏။ သူ့ကို မြင်သောအခါ သီချင်းဆိုလာသူက ကြောက်လန့်သွားသည့်ပမာ နောက်သို့ ခုန်လိုက်ပြီး....

‘သ.... သရဲလား’

တုန်ယင်နေသောအသံဖြင့် မေးလိုက်သည်။ ကင်းစောင့် လူကြီးက....

‘ပျံကျကြီး ဒီအချိန်မှ ဘယ်သွားမလို့လဲ’

မေးလိုက်သည်။ ပျံကျကြီးကမူ....

‘မင်း.... သရဲမဟုတ်ဘူးလား’

‘မဟုတ်ပါဘူး’

ကင်းစောင့်လူကြီးက ပြောလိုက်ကာမှ ပျံကျကြီးအ
သူ့ရင်ဘတ်ကို ဖိချင်း....

'တော်ပါသေးရဲ့'

ကင်းစောင့် လူကြီးက သူ့ကိုကြည့်ရင်း....

'ကျုပ်မေးတာ ပြောဦးလေ၊ ခင်ဗျား ဘယ်သွားမှာလဲ'

'ငါ ဘာမှ မစားရသေးဘူး'

'ခင်ဗျား ဘယ်သွားမှာလဲလို့ မေးနေတာ'

ကင်းစောင့်လူကြီးက အသံကို တင်းတင်းသား မေးပြန်၏။ ပျံကျကြီးက....

'ဟိုဘက်'

မြောက်ဘက်သို့ လက်ညှိုးထိုးပြရင်း ပြောသည်။

'ခင်ဗျား ဘယ်သွားလို့ရမလဲ၊ အဲဒီဘက်မှာ မွန်ဂိုတွေရှိတယ်၊ သူတို့က ခင်ဗျားကို သတ်လိမ့်မယ်၊ ပြီးတော့ ဒီကြား ထဲမှာလဲ ခြောင်ကျင်းတွေ အများကြီး'

'ငါ ထမင်းဆာတယ်'

ပျံကျကြီးက ကလေးမုန့်မှုအာသည့် အသံမျိုးနှင့်ပြော သည်။ ပြီးတော့ ဆက်သွားမည့်ခြေလှမ်းပြင်၏။ ကင်းစောင့် လူကြီးက လက်ထဲမှ ကြိမ်တုတ်ဖြင့် ဟန့်တားရင်း....

'ဘယ်သွားမလို့လဲ၊ သွားလို့မရဘူး'

'မသွားရင် ငါ့ကိုထမင်းကျွေး'

'ဟာ....ဒီမှာ ထမင်းဘယ်လိုရှိမလဲ၊ ရေနွေးသောက်ချင် ရင်တော့ ရမယ်'



'ငါ တစ်နေ့လုံး ရေသောက်နေရတာ၊ ထမင်းကျွေးမယ့် လိုက်ရှာနေတာ'

'အဲဒါဆို မြို့ထဲဘက် ပြန်လှည့်ပြန်၊ မြောက်ဘက်သွားရင် ခင်ဗျား ထမင်းကျွေးမယ့်လူ မရှိဘူး၊ သတ်မယ့်လူပဲရှိတယ်'

'ငါ့ကိုသတ်မှာ'

ပျံကျလူကြီးက သူ့ရင်ဘတ်သူ လက်နှင့်ပုတ်ပြပြီးပြော ည်။ ကင်းစောင့်လူကြီးက....

ဟုတ်တယ်'

'သတ်ချင်လဲသတ်ပေါ့၊ ထမင်းမစားရရင်လဲ ငါသေမှာ ာ'

ပျံကျကြီးက ပြောရင်း ကင်းစောင့်လူကြီးနှင့် ငါးပေ ျအထိ တိုးဝင်လာသည်။ ကင်းစောင့် လူကြီးက ကြိမ် ်ကို မြှောက်ရင်း....

ခင်ဗျား မသွားရဘူး'

မင်း ထမင်းလဲမကျွေးဘဲနဲ့ ငါ့ကိုရိုက်မလို့လား'

ပျံကျကြီးက ခေါင်းထိုးခံရင်း ပြောသည်။ ကင်းစောင့် ကြီး စိတ်ညစ်သွားပြီ....

ခင်ဗျား မြောက်သွားရင် သေမှာဗျ'

'မသေဘူး....ငါ ဟိုနေ့ကသွားတာ၊ ဟိုအိမ်အကြီးကြီးထဲ လူ ကက ငါ့ကို ထမင်းကျွေးလွှတ်တယ်၊ အဲဒီကို ငါ ားမှာ'

ပျံကျကြီးက လရောင်တွင် ထီးထီးကြီး ဖြစ်နေရသော ်ဆီသို့ လက်ညှိုးထိုးပြရင်း ပြောလာသည်။

'သွားပါစေ ဦးလေးရာ၊ သူ အဲဒီတ ရဲမက်တွေနဲ့ အသိ
ဖြစ်နေတယ်နဲ့ တူပါတယ်'

ကတုတ်ထဲမှ ပိုးယန်က ဝင်ပြောလိုက်သည်။ ကင်းစောင့်
လူကြီးက ပိုးယန့်ဘက်သို့ ပြန်လှည့်ကြည့်ရင်း....

'တို့တာဝန်က မြို့ပြအုပ်ချုပ်ရေးအဖွဲ့နဲ့ တပ်မအ ခွင့်
ချက် မရှိဘဲ ဘယ်သူမှ ဖြတ်သန်း မသွားရဘူးကွ မော
လေးရ'

'ငါမသွားရဘူးဆိုရင် ဒီကနေလှမ်းခေါ်မယ်'

ပျံကျကြီးက ပြောသည်။

'ဟာ....ဟေ့....ဟေ့....ဒီနားမှာ စကားတောင် ကျ
ကျယ် မပြောရဘူးကွ'

'မသွားရရင်တော့ ငါကအော်နေမှာပဲ'

ပျံကျကြီးက ပြောပြောဆိုဆိုနှင့် ကင်းစောင့်လူကြီး
ကိုယ်လုံးချင်းဝင်တိုက်ကာ ကတုတ်ကျင်းကို ကျော့လေ
သည်။ ကင်းစောင့်လူကြီးက ပျံကျကြီး လက်မောင်း
သူ့ဘယ်လက်နှင့် လှမ်းဆွဲသည်။ ပျံကျကြီးက ကင်းစော
လူကြီး၏လက်ကို ခါယမ်းထုတ်လိုက်ပြီး ပြေးသည်။

ထမင်းမစားရသေးဟုဆိုသော ပျံကျကြီး ပြေးသည်
အတော်မြန်သည်။

ဟေ့....ဟေ့....ရပ်လိုက်'

ကင်းစောင့် လူကြီး နှစ်ယောက်စလုံးက အော်
ကတုတ်ပေါ်သို့ တက်သွားနှင့်သည့် လူကြီးက ပြေး
သည်။ သို့သော် ကတုတ်ကျင်း၏ ရှေ့ဘက် ပေအ



အကွာတွင် ခြောင်းကျင်းများရှိနေသည်ကို သိနေသောကြောင့်
ရုတ်တရက် တန့်လိုက်သည်။

ပျံကျကြီးကမူ လက်နှစ်ဖက်ကိုမြှောက်၍ပြေးရင်း....

'စိန်....စိန်ကွ၊ ထမင်း စားရတော့မယ်ဟေ့'

အော်ဟစ်၍ပင် သွားသေးသည်။

'သေတော့မှာပဲ'

ကတုတ်ကျင်းထဲမှ လူကြီးက ရေရှုတ်ရင်း ကတုတ်ကျင်း
ပေါ်ကို တက်သွားသည်။ ပိုးယန်ကလည်း ကတုတ်ကျင်း
ပေါ်သို့ ရောက်သွားသည်။ သူတို့က လရောင်ဖြင့် ပြေးသွား
သော ပျံကျကြီးကို လိုက်ကြည့်နေကြသည်။ ဘယ်အချက်
တွင် လျှို့ဝှက် ခြောင်းကျင်းထဲသို့ ကျဆင်းသွားမည်ပဲ ဆို
သော စိုးရိမ်စိတ်နှင့် ဖြစ်သည်။

သို့သော် ပျံကျကြီးမှာ ဟိုခုန်သည်လွှားနှင့်ပင်ကိုက်တစ်
ရာခန့်မျှအထိ ရောက်သွားသည်။

'ဘယ်လိုဖြစ်တာလဲဟေ့'

'ဟိုဘက်က ပြေးသွားတာ ဘယ်သူလဲ'

သူတို့ဘေးနှစ်ဖက်ရှိ ကင်းများမှလူများက ဝိုးတစ်ဖက်စီ
မှ လှမ်းမေးသည်။

'ပျံကျကြီး အတင်းထွက်ပြေးသွားတာဗျို့'

ပိုးယန်က ပြန်အော်ပြောသည်။ လူကြီး နှစ်ယောက်မှာမူ
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်လေသည်။

သူတို့မှာ လျှို့ဝှက်ခြောင်းကျင်းများ တင်းကြမ်းရှိသော
လမ်းတစ်လျှောက် ဟိုခုန်သည်လွှားနှင့် ပြေးသွားနေသော

ပျံကျကြီးကို မျှော်ကြည့်ရင်း တစ်ခုခုတော့ တစ်ခုခုပဲဟုတွေး
နေကြပြီ။

ထိုအချိန်တွင် ပျံကျကြီးမှာ သူတို့နှင့် ကိုက်နှစ်ရာခန့်မျှ
အကွာသို့ ရောက်ရှိသွားကာ လရောင်တွင် ရေးရေးပျပျအ
မြင်ရလာတော့သည်။

ထိုသတင်းမှာ ချက်ချင်းလိုပင် ကုပ်ကဲမ္ဘအဖွဲ့ရုံးသို့ ရောက်
ရှိသွားသည်။

ကုပ်ကဲမ္ဘရုံးတွင် ရှိနေသော ရှဲကျူနန်သည် ထိုသတင်းကို
ရသည်နှင့် ဘုရင့်တပ်မရုံးသို့ ဆက်သွယ် သတင်းပို့လိုက်ပြီး
သည်။ ရှဲကျူနန်သည် ဤကိစ္စမှာ ရိုးရိုးအားသား ကိစ္စမဟုတ်
နိုင်ဟု ယုံကြည်သောကြောင့် အခင်းဖြစ်ပွားသော ကျင်း
ကတုတ်မှ တာဝန်ကျသူများကိုလည်း ချက်ချင်းပင်ခေါ်ယူ
စစ်ဆေးလေသည်။

ကင်းစောင့်လူကြီးမှာ ဖြင့်ပျက်ပုံမှအပ တခြားထူးထူး
ခြားခြား ဘာမှမပြောနိုင်ချေ။ ပိုးယန်ဆိုသော လူငယ်
ကား ကျင်းကတုတ်ကို အတင်းကျော်ဖြတ်သော ပျံကျကြီး



မှာ မြို့အရှေ့ဘက် ဈေးတွင် အမြဲလိုရှိနေတတ်သူဖြစ်ကြောင်း
သူ့တွင် တခြားပျံကျ အဖော်တစ်ယောက်လည်း ရှိသေး
ကြောင်း ပြောပြနိုင်သည်။

ရှဲကျူနန်က ဆက်လက်မေးမြန်းရာတွင် ထိုပျံကြီးနှစ်ဦး
မှာ မွန်ဂိုတပ်များ မြို့တော်ကြီးကို ဝိုင်းရံထားခြင်း မပြုမီက
ဤမြို့တော်အတွင်း၌ မတွေ့မြင်ခဲ့ရဘဲ မွန်ဂိုများ မြို့တော်ကို
ဝိုင်းရံလာပြီးနောက် နှစ်လခန့်မြာ အကြာတွင်မှ တွေ့မြင်ခဲ့
ကြောင်းများကို ပိုးယန်ဆိုသော လူငယ်ကလေးက အမှတ်
သားကောင်းကောင်းဖြင့် ပြောပြနိုင်ပြန်၏။

ရှဲကျူနန် အနေဖြင့် ကောက်ချက်ချရန် အကြောင်း
တစ်ခုသာ ရှိတော့သည်။

ပျံကျကြီးများသည် ရန်သူ၏ သူလျှိုဖြစ်သည်။ ထွက်ခွာ
သွားသော ပျံကျကြီးသည် အရေးတကြီး သတင်းပို့ရန်
အတွက် ထွက်ခွာသွားခြင်း ဖြစ်ရမည်။

သို့ဆိုလျှင် တခြားတစ်ယောက်ကရော ထွက်ခွာသွားလေ
သလော။

တခြား မည်သည့် ကျင်းကတုတ်ကမှ ဤသတင်းမျိုးလာ
...

သို့ဖြစ်၍ ကျန်သည့် တစ်ယောက်က မြို့တော်အတွင်း ချန်
ရစ်ခဲ့ခြင်း ဖြစ်မည်။ သည်လိုပဲ ကောက်ချက် ဆွဲရလိမ့်မည်။
ထို့ကြောင့် သူတို့တွင် သေချာပေါက် အကြောင်းတစ်ခု ရှိ

နေလိမ့်မည်။ ထွက်သွားသော ပျံကျကြီးသည် တစ်ဖန် ပြန်ဝင်လာလိမ့်မည်ထင်၏။

ထိုလူ ပြန်ဝင်မလာမီ မြို့တော်တွင် ချန်နေရစ်ခဲ့သော သူလျှိုကောင်ကိုဖမ်းဆီးကာ သူတို့ အကြံအစည်များကို ဖော်ထုတ်နိုင်လျှင် ပြန်ဝင်လာသော သူလျှိုကို အသာအယ စောင့်ဖမ်းရုံသာ ရှိတော့သည်။

ဘာလုပ်ရပါမလဲ။

ရှဲကျူနန် ဝဉ်းစားသည်။

ညတွင်းချင်း မြို့ပြ ကာကွယ်ရေး တပ်ဖွဲ့ဝင်အားလုံးကို တပ်လှန့်ပြီး ခေါ်ရလျှင်အုန်းအုန်းကျွက်ကျွက်ဖြစ်ပြီး ဘာမှန်း ညာမှန်းမသိဘဲ လူထုထိတ်လန့်သွားနိုင်သည်။

ထိုသို့ မဖြစ်အောင် လုပ်နိုင်ရန်မှာ ယခု လက်ရှိ ညကင်း တာဝန်ကျနေသူများကို မနက်တာဝန် ရုပ်သိမ်းချိန်တွင် ပြန်မလွှတ်တော့ဘဲ ဈေးလမ်းရပ်ကွက်များသို့ ဖြန့်ချ၍ ပျံကျကြီးကို စောင့်ကြည့်ခိုင်းရမည်။ ထိုအတွင်း ကျန် နေသေးသော တပ်ဖွဲ့ဝင်များအား သူတို့နှင့်ထိုင်ရာ ပတ်ဝန်း ကျင်တွင် ကျန်ရစ်ခဲ့သော ပျံကျကြီးကို ပိုက်စိပ်တိုက် အရှာခိုင်းရမည်။

ပြီးတော့ ဤသတင်းကို မပေါက်ကြားစေရန်၊ လျှို့ဝှက် ထမ်းဆောင်ရမည့် တာဝန်ဖြစ်ကြောင်း တပ်ဖွဲ့ဝင်များအား အသိပေးထားရမည်။

'ဒီလိုဆိုရင် သင်းဘယ်ပြေးနိုင်မလဲ'



မွန်ဂိုတို့နှင့် ပထမအကြိမ် စစ်ပွဲခင်းကျင်းရစဉ်က မသေဘဲ ကျန်ရစ်ခဲ့သော စစ်ပြန်ရဲမက်ဟောင်းကြီး ရှဲကျူဟန်က တွေးရင်း သူ့အစီအစဉ်များကို အကွက်ချဆောင်ရွက်ရန် အတွက် ထိုင်ရာမှ ထလိုက်လေသည်။

* * *

ကင်းကတုတ်ကို ဖူးကိုး ကျော်ဖြတ်သွားချိန်တွင် တုံးဆိ ဘင်သည် ဖူးကိုး၏ နောက်ဘက်လျှို့ထဲတွင် ပုန်းကွယ် စောင့်နေခဲ့သည်။ ထို့နောက်မှ လူများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်မလာမီတွင် ကိုယ်ရောင်ဖျောက်ကာ မြို့တွင်းသို့ ဝင်လာ သည်။

တုံးဆိဘင်ရင်ထဲတွင် ကြီးမားသော အကြံအစည်တစ်ခု ရှိနေသည်။ သူသည် ထိုအကြံကို လျပ်စစ်ပြက်အချိန်အတွင်း ရခဲ့ရရှိခဲ့ခြင်းဖြစ်၍ သူ့ကိုယ်သူပင် ဂုဏ်ယူနေမိသည်။

ဖူးကိုးအား မွန်ဂိုသေနာပတိ စီမာကမ်းစင်းဆီ ပြန်လွှတ် လိုက်ခြင်းမှာ ထိုအကြံအစည်၏ ပထမခြေလှမ်းပင်ဖြစ်၏။

မြို့တော်၏ ပတ်ပတ်လည်မှ ကတုတ်ကင်းများနှင့် ... တာန်းခံတပ်စခန်းရှိရာ ကြားကွက်လပ်တွင် ... လျှို့ဝှက်

ခြောင့်ကျင်းများ၊ တောင်ချောက်များ ရှိနေသည်ဖြစ်ရာ ဖူးကိုးအနေဖြင့် ကျော်လွှားနိုင်ချင်မှ ကျော်လွှားနိုင်မည်။

ကျော်လွှားသွားနိုင်သည် ဆိုဦး၊ တစ်ဖန် ပြန်ဝင်လာရန် လွယ်ဦးမည်မဟုတ်။

တုံးဆီတင် တွေးထားသည်မှာ ဖူးကို ထွက်သွားသည်နှင့် သူတစ်ယောက်တည်း စွန့်စားကာ လေးကျွန်းရာဇာ မဟာ သိုင်းကျမ်းကို အရယူရန်ဖြစ်သည်။

မျက်စိအနည်းငယ်မှုန်သော တုံးဆီတင်သည် ဝမ်ကျင်ယာ ကို ကွန်ကျင်ယာ အမှတ်ဖြင့် နောက်ယောင်ခံ လိုက်သွားခဲ့ သည်။

သူသည် ဝမ်ကျင်ယာ နေထိုင်ရာ ဥယျာဉ်ခြံနားအထိသို့ လိုက်၍ စနည်းနာခဲ့သည်ဖြစ်ရာ တစ်ခြံနှင့်တစ်ခြံ အလှမ်းကွာ သော အနေအထား၌ အဖော်ကင်းသော အမျိုးသမီးတစ်ဦး တည်းကို ကျိန်းသေပေါက် အနိုင်ယူမည်ဟု တွက်ဆခဲ့ပြီးဖြစ် သည်။

တုံးဆီတင်သည် ဤကိစ္စတွင် ဖူးကိုး ပြန်လာသည်အထိ စောင့်ဆိုင်းနေရန်လည်း စိတ်မကူးပါချေ။ ထို့ကြောင့် ဖူးကိုး ထွက်ခွာသွားသည်နှင့် သူသည် ဝမ်ကျင်ယာ နေထိုင်ရာအရပ် ဆီသို့ ဦးတည်၍ လာခဲ့၏။

သူသည် ရပ်ကွက်ကင်းစခန်းရှိရာ နေရာများကို သိရှိထား သူပီပီ ထိုနေရာများကို ရှောင်ရှားကာ ဝမ်ကျင်ယာ နေထိုင် ရာ ဥယျာဉ်ခြံနားသို့ အရောက်လာနိုင်ခဲ့၏။



ဥယျာဉ်ခြံကလေးမှာ ကျယ်လှသည်ကား မဟုတ်၊ ထို နားရှိ တခြား ဥယျာဉ်ခြံမြေကွက်များနှင့် နှိုင်းစာလျှင် ...ပ်လေးလေးသာ ဖြစ်သည်။ ထို့ပြင် မိန်းမသားတစ်ဦး စိုက် ...း လုပ်ကိုင်သည် ဖြစ်သောကြောင့် ပေနှစ်ရာပတ်လည်မျှ သာ ကျယ်သော ဥယျာဉ်ခြံ ကိုပင် အပြည့်အဝ စိုက်ပျိုး လုပ် ကိုင်နိုင်ခြင်း မရှိဘဲ ခြံနောက်ပိုင်းဘက်မှာ ပေါင်းမြက်များ ...ုံးလွှမ်းနေသည်။

တုံးဆီတင်သည် ပေါင်းမြက်များ ဖုံးလွှမ်းနေသော ခြံ နောက်ပိုင်းဘက်မှပင် ခြံတွင်းသို့ ဝင်လာခဲ့သည်။ ခြံရှေ့ ...ိုင်းဘက်သို့ တိုး၍ ဆောက်ထားသော အိမ်ကလေးက ...တော်ပင် သပ်သပ်ရပ်ရပ်ရှိသော အိမ်ကလေးဖြစ်သည်။ ...သော် အနီးသို့ကပ်၍ ကြည့်လိုက်သောအခါတွင်မူ ပြင်ဆင် ...င်း ကင်းမဲ့သဖြင့် အတန် ပျက်စီးယိုယွင်းနေပြီကို သိလိုက်ရ ...ပြန်၏။

တုံးဆီတင်သည် အိမ်ဘေးသို့ မကပ်မီကပင် အိမ်တွင်း၌ ...ီးထွန်းညှိထားသည်ကို သတိပြုမိပြီ ဖြစ်သည်။

အချိန်က သန်းခေါင်ယံသို့ တိုင်ခဲ့ပြီ

ဤအမျိုးသမီးသည် ယခုအချိန်ထိ မအိပ်စက် သေးပြီ ...လော။

သို့မဟုတ်လျှင် ဆီမီးတိုင်ကိုပင် ထွန်းညှိထားပြီး အိပ် ...က် နေလေသလော။ ဤအချက် ဖြစ်နိုင်သည်ဟု တုံးဆီတင် ...တွေးသည်။ အဖော် ခမောင်ငယ်နှင့် အတူနေခဲ့ရာမှ ခမောင်ငယ် ...ခြားသို့ သွားနေသောအခိုက်တွင် မိန်းကလေးတစ်ယောက်

သည့်ဂျကဲ့သို့ပင် ဆီမီးတိုင်ကို ထွန်းကာ အိပ်စက်နိုင်ပေ[illegible]
တုံးဆီဘင်သည် သူ့အတွေးနှင့်သူ ကျေနပ်သွားသည်။
[illegible]နေသော ပျဉ်ချပ်ကြားမှ အိမ်တွင်းသို့ ချောင်းကြည့်
လိုက်သည်။

အသို...တုံးဆီဘင် အံ့ဩသွားသည်။

အမျိုးသမီးက အိမ်ရှေ့ခန်းတွင် ထိုင်နေသည်ကို မြင်လိုက်
ရသောကြောင့် ဖြစ်သည်။ ဘေးစောင်းမကျတကျ အနေ
အထားဖြင့် မြင်နေရသော အမျိုးသမီး၏ မျက်နှာပေါ်သို့
ရှေ့အက်ရှိ မီးခွက်မှ မီးရောင်က တိုက်ရိုက်ထိုးကျနေ၏။
အမျိုးသမီး။ အသက်မှာ သုံးထင်ထားသည်ထက် [illegible]
သလို ဖြစ်နေ၏။
ဆံနက်ပိုင်းက မြင်ရစဉ် နှစ်ဆယ်ခန့်မျှသာ ရှိဦးမည်[illegible]
ထင်ခဲ့၏။ ယခုအမြင်၌ အသက် သုံးဆယ်အောက် လျော့
လျှင် တစ်နှစ်၊ နှစ် နှစ်ထက်မပို။
'အင်းလေ...မိန်းမတွေဟာ အဖြင့်ဘက်ကိုထွက်ရင် ပြင်[illegible]
ဆင်ကြတော့ ဒီလိုပဲ ထင်ရတာပေါ့၊ အခု အိမ်ထဲမှာ [illegible]
မပြင်နဲ့ဆိုတော့ အမှန်အတိုင်း ပေါ်လွင်လာတာပေါ့'
တုံးဆီဘင် သည့်သို့ပဲတွေးသည်။
အမျိုးသမီးသည် သူ့အား တစ်စုံတစ်ယောက် ချောင်း
မြောင်း ကြည့်ရှုနေသည်ကို နည်းနည်းမျှ ရိပ်မိပုံမရ။ တစ်[illegible]
တစ်ခုကို အမလေးအနက် တွေးနေပုံရသည်။ ပြီးတော့ မျက်[illegible]
မှောင်ကလေး ကြုတ်ထားသော အမျိုးသမီး၏ မျက်[illegible]



ပေါ်တွင် သောက အရိပ်အယောင်တို့ ပေါ်လွင်နေတော့
သည်။

အိမ်၏အခြေအနေမှာ ယိုယွင်းစပြုနေပြီ ဖြစ်သော်လည်း
ပြတင်းပေါက်နှင့် တံခါးများပိတ်ထားသော အိမ်တွင်းသို့
အလွယ်တကူ ဝင်ရောက်နိုင်ရန် အကြောင်းမရှိသေးချေ။
ကာထားသော ပျဉ်ချပ်များ ခိုင်ကြံ့နေသည် မှန်သော်လည်း
အသံမြည်သံနှင့် ဆွဲခွာ၍ ရနိုင်ရာအကြောင်း မရှိသေးချေ။
ဆွဲခွာလိုက်သည်နှင့် အိမ်ရှင်သိသွားမည်။ အိမ်ရှင်ကအော်လိုက်
သည်နှင့် အခြေအနေနှင့် အချိန်အခါအရ နီးနီးကြားကြား
ရှိနေသော ပတ်ဝန်းကျင်မှလူများ နိုးလာကြမည်။

သို့ဆိုလျှင် သူ့အကြံ ပျက်ပေတော့မည်။
ဤအမျိုးသမီး သူ့ဘာသာ တံခါးထဖွင့်အောင် ပြုလုပ်
ရမည်။
ဤအခိုက်အတန့်တွင်အလစ်ဝိုက်ရနိုင်အောင်လည်း ကြံစည်
ရမည်။ သို့မှသာ 'မလေးကျွန်းရာဇာ မဟာသိုင်းကျမ်း'မှ
သိုင်းကွက်များကို ပတ်မြောက်ထားသည့် အမျိုးသမီး
အား နိုင်နင်းစွာ ချုပ်ကိုင်နိုင်ပေလိမ့်မည်။

ကန္တာရဂိုဏ်းတွင် ကန္တာရသိမ်းငှက်အဖွဲ့မှူး ဖြစ်ခဲ့ဖူး
သော တုံးဆီဘင်သည် စဉ်းစားနေရင်းပင် အကြံတစ်ခုရ
လိုက်သည်။ ထို့ကြောင့်...
'ဂွဲ...'

သိမ်းငှက်တစ်ကောင်မြည်သံမျိုး ပြုလိုက်သည်။ ထို့နောက် ကြွက်တစ်ကောင်၏ အော်သံ မာန်ဖီသံများကိုပါ ဆက်၍ ပြုလုပ်လိုက်သည်။

အတွင်းဘက်တွင်ထိုင်နေသော အမျိုးသမီးသည် သတိခနဲ ဖြစ်သွားသည်။ အတွေးရေအလျဉ်တွင် မျောနေရာမှ ထူးဆန်းသော အသံများကြောင့် သတိဝင်လာသည့် ပုံမျိုးလည်း ဖြစ်သည်။ သို့သော် သူမ၏ပုံမှာ အလွန်အထူး သံသယဖြစ်ပုံလည်း မရှိ။

'ဂဲ....'

'ဖန်း....ဖန်း....ဖန်း'

သိမ်းငှက်တစ်ကောင်၏ အော်သံ၊ ဘောဝ်စံရိ ကြက်သံက ဆက်၍ ထွက်ပေါ်လာပြန်သည်။ အမျိုးသမီးသည် အပြင်ဘက်တွင် လသာနေသည်ကို မြင်သွားပုံရသည်။ ဆိမ်းခွက်ကို လှမ်းယူလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် အသံထွက်ပေါ်လာရာ ခေါင်းရင်းဘက် ပြတင်းပေါက်ဆီသို့ လျှောက်လာသည်။

စောင့်ဆိုင်းနေသော တုံးဆိတင်မှာ အံ့သြနေသည်။

ဤအမျိုးသမီးသည် လေးကျွန်းရာဇာ မဟာသိုင်းကျမ်းမှ သိုင်းကွက်များကို တတ်မြောက်ထားသော်လည်း ကိုယ်ဖော့ပညာတွင် အဆင့်မြင့်မြင့် တတ်ကျွမ်းဟန်ပုံ မရဟု တွေးမိနေသည်။ သို့မဟုတ်လျှင်လည်း အမျိုးသမီးသည် သူ့အမ်သူ့ရာအတွင်း၌ မည်သည့်အန္တရာယ်မှ မရှိနိုင်ဟု ယူဆသောကြောင့် ခပ်ပေါ့ပေါ့ပင် လျှောက်သည်လားမသိ။ ခြေ



သံမှာ ထိပ်တန်းသိုင်းအမားတစ်ယောက်နှင့်မတူဘဲ အသံ ထွက်ပေါ်နေသည်။

တုံးဆိတင်သည် အသက်ကိုအောင့်၍ အသင့်စောင့်နေ၏။ ထောတွင် ခြေသံရပ်သွားပြီး ပြတင်းပေါက်ဖွင့်သံ ကြားရသည်။ ထို့နောက် လရောင်ကျနေသော အိမ်ပြင် ဆီမီးရောင် ထွက်ကျလာသည်။

တုံးဆိတင်က အမျိုးသမီး၏ရှေ့တွင် ဘွားခနဲ ရပ်လိုက် သည်။ အမျိုးသမီးမှာ လန့်သွားကာ....

'အမေ့....'

အော်လိုက်သည်။ အမျိုးသမီး၏ အော်သံအဆုံးတွင် ဆိတင်က လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။ အမျိုး သမီးမှာ မည်သို့မျှ ခုခံနိုင်ခြင်းမရှိ။ ဆံ့အကြောနှင့် ပျော့ခွေ ကြောများကို အပိတ်ခံလိုက်ရသဖြင့် တံခါးပေါင်ကိုမှီရင်း ကြောင်သား ငြိမ်သက်နေသည်။

တုံးဆိတင်က အမျိုးသမီး၏လက်တွင်းမှ ဆီမီးခွက် ကျက်မသွားအောင် ဆွဲယူလိုက်ပြီးမှ အတွင်းသို့ ကျော်ဝင် လိုက်သည်။

ထို့နောက် ဆီမီးခွက်ကို စားပွဲပေါ်သို့ သွားတင်သည်။ ပြီးမှ အမျိုးသမီးရှိရာသို့ပြန်လျှောက်လာကာ ပခုံးနှစ်ဖက် ကိုင်မြှောက်၍ မ လာပြီး စောစောက သူမထိုင်နေခဲ့သည့် သက်မှီပါသောထိုင်ခုံပေါ်သို့ ထိုင်နေသည့်ပုံမျိုးဖြစ်အောင် ချလိုက်သည်။

အမျိုးသမီးသည် သတိလစ်နေခြင်း မဟုတ်ချေ။

အသံလည်းမထွက်နိုင်၊ လှုပ်လည်းမလှုပ်နိုင်နှင့် ထိတ်ထိတ်တကြား ကြည့်နေခြင်းသာ ဖြစ်သည်။ သူမသည် ဝိုင်းတိုင်းလည်းသာ မျက်လုံးများဖြင့် တုံးဆိတင်၏ လှုပ်ရှားမှုမှန်သမျှကို လိုက်ကြည့်နေသည်။ တုံးဆိတင်သည် သူသွားကြောင်း ပိတ်လိုက်စဉ်က အတွင်းအား တုံ့ပြန်မှု အနည်းငယ်ကိုသာ ခံစားရသည့် အချက်ကိုစဉ်းစားရင် အမျိုးသမီး၏ရှေ့တွင် ရပ်လိုက်သည်။

'ငါ့အသက် ခြောက်ဆယ်ရှိပြီ၊ နင်ဟာ ငါ့သမီးအရွယ်လောက်ပဲရှိတယ်၊ နင့်ကိုစော်ကားလိုတဲ့စိတ်လဲ ငါ့မှာမရှိဘူး၊ နေနာကျင်ကျင်ဖြစ်အောင် လုပ်ချင်တဲ့စိတ်လဲမရှိဘူး၊ နင့်ဆီမှာရှိနေတဲ့ လေးကျွန်းရာဇာ မဟာသိုင်းကျမ်းစာအုပ်ကို ရရင် ငါချက်ချင်း ပြန်သွားမယ်'

တုံးဆိတင်က တစ်လုံးချင်း ပီပီသသ ပြောလိုက်သည်။ သူ့စကားအဆုံးတွင် အမျိုးသမီး၏ မျက်လုံးများ ပိုမိုပြူးကျယ်သွားသည်ဟု ထင်ရသည်။ နှုတ်ခမ်းများ လှုပ်သွားသော်လည်း ဖြစ်သွားသည်။ သို့သော် ဆွံ့အကြောကို အပိတ်ခံထားရသည့်အတွက် အသံကား တစ်ချက်မျှမထွက်။

တုံးဆိတင်က ပိတ်ထားသော ဆွံ့အကြောကို ပြန်ဖွင့်ပေးရန် ပြင်လိုက်သည်။

ထိုစဉ် မျက်စိမှုန်သော်လည်း နား၏အလုပ်ပါးသော တုံးဆိတင်သည် ခြံအရှေ့ဘက်မှလူသံများကိုကြားလိုက်ရသည်။

တုံးဆိတင် တောင့်ခနဲ ဖြစ်သွားသည်။



ဖြတ်သန်းဖြတ်လာသူသံတွေများလားဟု တုံးဆိတင်နားစွင့်ကြည့်သည်။ မဟုတ်၊ စကားပြောသံတွေပါ ကြားရသည်။

'ကျွန်တော် ဝိုက်နာလို့ ခြံထောင့်ဘက်ကို ထွက်လာရင်း သမ်းဖြင့်လိုက်တာပါ၊ လရောင်ရှိနေလို့သာ၊ မဟုတ်ရင် သရဲတစ္ဆေတောင် ထင်မိမှာ၊ အဝတ်အစားတွေက တော့ စုတ်ပြတ်နေတာပဲ၊ ဒါပေမယ့် လူက ထောင်ထောင်မောင်းမောင်းကြီးပါ၊ ကျွန်တော် မသာက်လို့ ကြည့်နေတော့ ဒီခြံထဲကို ဘက်ဘက်ကနေ လှည့်ပြီး ဝင်သွားတာပဲ'

လူငယ်တစ်ယောက်၏အသံ....

'မင်းဟာက ဟုတ်ရဲ့ဟုတ်ရဲ့လားကွာ'

တခြားလူတစ်ယောက်၏ မယုံသင်္ကာမေးသံ။ ထိုအခါ အမအသံက....

'ကျွန်တော် မြို့ပြကာကွယ်ရေး တပ်ဖွဲ့ဝင် တစ်ယောက်ပါဗျာ၊ မဟုတ်တာ မပြောပါဘူး၊ ခင်ဗျားတို့ကို လာပြောတာက ဒီခြံထဲမှာ ဒေါ်လေးဝမ်ကျင်ယီ တစ်ယောက်တည်းနေလို့ဗျ၊ ကျွန်တော်မြင်လိုက်ရတဲ့လူဟာ လူဆိုးသူဆိုး တစ်ယောက်ဆိုရင် ဒေါ်လေး ဝမ်ကျင်ယီမှာ အန္တရာယ်ဖြစ်မှာစိုးလို့ ပြောတာ၊ ပြီးတော့ ကျွန်တော့်အနေနဲ့က ဒီလိုကိစ္စမျိုးတွေရင် အကြောင်းကြားဖို့ တာဝန်ကလဲ ရှိနေတယ်'

'မင်းပြောတာ သေချာတယ်နော်'

'သေချာပါတယ်ဗျာ'

'ဒါဆိုရင်တော့ တို့ပေါ်ဒေါ်ဆဆ ဝင်လို့ မရဘူးပေါ့'

ထို့နောက် အသံများ တိုးသွားသည်။ မသက်သာစရာလူကို ဖမ်းဆီးနိုင်ရန် အစီအစဉ်များကို တိုးတိုး ပြောနေကြ သည်။

အန္တရာယ်....

တုံးဆီတင်သည် အဖြူရောင် သိုင်းသမားဘဝမှ လော ကျွန်းရာဇာ မဟာသိုင်းကျမ်းကိုစွနှင့် ပတ်သက်ပြီး တခြား သိုင်းသမားများစွာ၏ အန္တရာယ်ကြောင့် မွန်ဂိုများ ဘက်သို့ ရောက်သွားသူ ဖြစ်၏။ သူ့တွင် သိုင်းသမားကောင်းတို့၏ စိတ်ဓာတ်က ကြွင်းကျန်နေသေးသည်။

လူ့တွေကို အဖမ်းကာရေ သဘောချင်စိတ် သူ့တွင်မရှိ။ အရေးပေါ် ကာခြေအနေတွင် အိုနာကျုံးကန်း စစ်ပြေ များနှင့် အရွယ်လွန် လူကြီးများ၊ အရွယ်မရောက်သေးသော ကလေး လူငယ်များဖြင့် ဖွဲ့စည်းထားသော မြို့ပြကာကွယ် ရေးတပ်ဖွဲ့ဝင်များလောက်ကို သူလို ထိပ်တန်း သိုင်းသမား တစ်ယောက်အနေဖြင့် မှုမလောက်စရာလည်း အကြောင်း မရှိ။ သို့သော် ဤသို့ရင်ဆိုင်လိုက်လျှင် မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင် ဆိုသူတွေမှာ ပိန်းတောကို ဓားနှင့်ယမ်းသလို အတုံးအရုံး ဖြစ်ကုန်မည်။ သို့ဆိုလျှင် မြို့ပြကာကွယ်ရေး တပ်ဖွဲ့ကတော့ ဘုရင့်တပ်မကပါ သူ့နောက်သို့ သဲသဲမဲမဲလိုက်ကြတော့မည်။ သူ့အလုပ်က သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ်ဖြစ်မှကောင်း သည့် အလုပ်မျိုး။ ထို့ကြောင့် ရှောင်သွားနိုင်သည့် အခြေ အနေတွင် ရှောင်သွားသည်က အကောင်းဆုံး။



တုံးဆီတင်က လျှပ်တစ်ပြက် ဆုံးဖြတ်လိုက်ကာ သွေး ကြောများ အပိတ်ခံထားရသဖြင့် လှုပ်လည်း မလှုပ်နိုင်၊ အော်လည်း မအော်နိုင်သော အမျိုးသမီးကို သူ့ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။ ထို့နောက် အိမ်နောက်ဘက် တံခါးကို ဖွင့်၍ထွက်လိုက်ပြီး ငှက်ပျောပင်ရိပ်များကို ခို၍ နောက် ဘက် ခြံစည်းရိုးဆီသို့ လျင်မြန်စွာ ပြေးသွားသည်။

'ဟိုမှာဟေ့'

'ဟိုမှာ... ဟိုမှာ....လိုက်ကြကွ'

'ဝိုင်းဟ'

အော်သံများထွက်လာသည်။ ထို့နောက် လူလေးငါး ယောက်က ဝမ်ကျင်ယီကို ပခုံးပေါ်သို့ ထမ်းထားသည့် တုံးဆီတင်ရှိရာသို့ အားကုန် ပြေးလာကြသည်။

တုံးဆီတင်က ဝမ်ကျင်ယီကို ထမ်းထားလျက်ပင် လေး ကျော်မျှ မြင့်သောခြံစည်းရိုးကို ခုန်ကျော်လိုက်ပြီး နောက် ဘက်သို့ အားကုန် ပြေးသွားသည်။

တုံးဆီတင်နောက်သို့ လိုက်လာသူများမှာ ခြံစည်းရိုး နားတွင် တန့်သွားကြသည်။ ခြံစည်းရိုးကို တစ်ရှိန်ထိုး ကျော်နိုင်ခြင်း မရှိကြသဖြင့် စည်းရိုး ခြံပေါက်များကြားမှ ထွက်သူကထွက်၊ ကျော်တက်သူကတက်နှင့် ဖြစ်ကုန်ကြ သည်။

ခြံပြင်ဘက်သို့ သူတို့ရောက်သွားသောအချိန်တွင် လရောင် လင်းနေလျက်နှင့် ဝမ်ကျင်ယီကို ထမ်း၍ ထွက်ပြေးသွား သော လူကြီးကို အရိပ်အယောင်မျှပင် မမြင်ရချေ။

( ၃၁ )

ထိုသတင်းသည် အရှက် မကျင်းမိမှာပင် အဆင့်ဆင့်ဆားဖြင့် တပ်မဌာနချုပ် စခန်းသို့ ရောက်ရှိသွားပြန်၏။ ထိုသော် တပ်မဌာနချုပ်သည် ထိုသတင်းအတွက် အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ချေ။ အဘယ်ကြောင့် ဆိုသော် ထိုသတင်းများထက် များစွာပို၍ အရေးကြီးသော အလုပ်များကို ဆောင်ရွက်နေရသောကြောင့် ဖြစ်သည်။

တပ်မဌာနချုပ်သည် ထိုညအရှက်ဦး အချိန်တွင် စစ်ဒေးငိမ်ချက်သုံးခုကို ဆောင်ရွက်ရန်အတွက် လွှန်ခဲ့သည့် ဆယ်ရက်ခန့်ကစ၍ လျှို့ဝှက်စွာ ပြင်ဆင်ခဲ့သည်။

ထိုစစ်ရေး စီမံချက်သုံးခုမှာ မြို့တော်၏ မြောက်ဘက် မိုကူမြို့ကို မျက်နှာမူလျက်ရှိသော ရွှေတန်း စစ်မျက်နှာမှ အင်အားတစ်ထောင်ရှိသော စစ်သည်ရဲမက်များကို မျက်နှာချင်းဆိုင်တွင်ရှိသော ဝိုင်းရံထားသည့် ရန်သူ၏စခန်းများသို့ လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်ရန်။

ဒုတိယစီမံချက်မှာ မြို့တော်၏အနောက်ဘက် အရပ်တွင်ရှိသည့် ရွှေတန်းစစ်မျက်နှာမှ အင်အား တစ်ထောင်ရှိသော စစ်သည် ရဲမက်များကို အောင်ပွဲပြီးဖြစ်သော တပ်ဗိုလ် အိုရန်လုက ဦးဆောင်လျက် ချန်ဘီမြို့နှင့်တည့်တည့်အရပ်တွင် တပ်စွဲထားသော ရန်သူများကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ရန်။

တတိယစီမံချက်မှာ မြို့တော်၏ တောင်ဘက်စစ်မျက်နှာမှ ထုတ်နုတ် အင်အား တစ်ထောင့်ငါးရာ ရှိသော စစ်သည်ရဲမက်များကို တပ်မှူးတန်ငိုဟင်းက ဦးဆောင်၍ တာတေမြို့နှင့် တည့်တည့်တွင် တပ်စွဲထားသော ရန်သူများကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ရန်....တို့ ဖြစ်သည်။

ထိုလျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်မည့် စစ်ရေး စီမံချက် သုံးခုကို တစ်ချိန်တည်းတွင် ပြုလုပ်နိုင်ရန်အတွက် အဲနာရီများဖြင့် အချိန်ကိုက်၍ သတ်မှတ်ထားသည်။

ထိုစစ်ရေးစီမံချက် သုံးခုအနက် မြောက်ဘက်စစ်မျက်နှာတွင် ဦးဆောင်ဦးရွက်ပြုရမည့် တပ်မှူးမှာ ရှင်ချိတင် ဖြစ်ရာ သူ့လက်အောက်တွင်သူနှင့်တွဲဘက်များဖြစ်သည့်တပ်မှူး ဗိုလ်မှူး ဟိန်တန်၊ ကုချင်းပန်နှင့် လေးယန်၊ ဟာရှမ်းရိုတို့



အပြင် အဘာချွန်နှင့် ဟိုမင်ဘင်တို့ပါ ဦးဆောင်နေရာမှ ပါဝင်ကြလေသည်။

ဟိုမင်တင်မှာ သေနာပတိကြီးက လိုက်ပါ မသွားရန် တားမြစ်ထားသည့်ကြားမှ စစ်ရေးအတွေ့အကြုံ ရယူချင်၍ဟု အကြောင်းပြပြီး အတင်းလိုက်ပါလာခဲ့သူဖြစ်၏။

သူတို့သည် ကြိုတင် ပြင်ဆင်ထားသည့်အတိုင်း ပင် ညသန်းခေါင်ကျော်အချိန်၌ ဝင်ရောက် စီးနင်းတိုက်ခိုက်ရည့် စစ်သည်ခုနစ်ရာကို ဦးဆောင်၍ ချီတက်ခဲ့ကြသည်။ ရန်သူများနှင့် သူတို့ကြားတွင်ရှိသော ကိုက်ငါးထောင်မျှရှိသော ကွင်းပြင်မှာ လယ်ကွင်းများဖြစ်သည်။

ရန်သူများ ချီတက်လာပြီး ဝိုင်းရံထားမှုကြောင့် စိုက်ပျိုးခြင်း မပြုနိုင်ဘဲ ပစ်ထားရသော လယ်ကွင်းများ ဖြစ်သည်။

ထိုလယ်ကွင်းများတွင် အကာအကွယ် ပြုစရာဟူ၍ ကန်သင်းရိုးများ၊ ရေစီးကြောင်းကလေးများနှင့် သစ်ပင်ကြဲအချို့သာ ရှိသည်။ သို့သော် မြက်ပင်များမှာ တစ်တောင်ခန့်မျှ မြင့်သည်အထိ သန်စွမ်းစွာ ပေါက်ရောက်နေကြရာ ချီတက်လာခဲ့သော စစ်သည်များသည် ထိုမြက်ပင်များကြားမှပင် မိကျောင်းများသဖွယ်တွားသွား၍လာခဲ့ကြရ၏။

လပြည့်ကျော် တစ်ရက်ညမှာ ထိန်ထိန်သာနေ၏။

အမှန်အားဖြင့် အလစ်အငိုက်ချယူကာ ဆင်နွှဲသော စစ်ပွဲများကို ထိုအချိန်ကာလမျိုး၌ ပြုလုပ်ကြရိုး မရှိချေ။ ယခုထိုအချိန်ကိုရွေး၍ ပြုလုပ်ရသည်မှာ ရန်သူများဘက်မှ

ထိုသို့အလစ်အငိုက် တိုက်ခိုက်လိမ့်မည်ဟု တွက်မိအောင်မှ ဖြစ်သည်။

ရန်သူများကား မြို့ကလေးဆီသို့ ထိုးဖောက်ချီတက်လာကာ အင်အားကြီးမားစွာဖြင့် ဝိုင်းရံထားနိုင်ကြသည်ကို အကြောင်းပြု၍ သူတို့ကိုယ်သူတို့ အထင်ကြီးနေကြသည်။ မြို့တော်တွင်းမှ တပ်များ အစာငတ်ရေပြတ်ဖြစ်မယ်အချိန်ကို စောင့်ဆိုင်း၍ သူတို့ဘက်မှ အသေအပျောက် အနည်းဆုံးဖြစ်မည့် မြို့သိမ်းတိုက်ပွဲကြီးကို ဆင်နွှဲရန် စောင့်ဆိုင်းနေရသည်ဟု သူတို့ကိုယ်သူတို့ အထင်ရောက်နေကြသည်။ ထို့ကြောင့် မထင်မှတ်သောအချိန်တွင် ဆင်နွှဲမည့် ယခုတိုက်ပွဲတွင် အောင်ပွဲနှင့် အကျိုးအမြတ် ရလဒ်ကောင်းများ မှာ ရရှိကြလိမ့်မည်ဟု ချီတက်လာသော ရဲမက်တိုင်းက ယုံကြည်နေကြသည်။

ရန်သူများသည် မညီမညာနှင့် မာကျောနေသော ထပ်မြေတွင် မိကျောင်းတွား၍ ချီတက်ကြရသဖြင့် များစွာပင်ပန်းကြသည်။

သို့သော် သူတို့အားလုံးသည် ညည်းတွားခြင်း မရှိကြ။ ရန်သူကို အလစ်အနိုင်တိုက်ခိုက်နိုင်ရေးအတွက် ကြိုးထင် လေ့ကျင့်ထားသည့်အတိုင်း စည်းကမ်းသေဝပ်စွာ ချီတက်နေကြသည်။ ထို့ကြောင့် လရောင်လင်းနေသည့်တိုင် တစ်တောင်ခန့်မျှမြင့်သော မြက်ပင်ရှည်များကြား၌ ချီတက်နေသော ရဲမက်များကို ကိုက်တစ်ရာခန့် အကွာမှပင် သတိပြုမိနိုင်ရန် မလွယ်ပါချေ။



တပ်မှူး ရှင်ချီတင်မှာ တစ်ခြားစစ်ကြောင်းနှစ်ခုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်နိုင်ရန်အတွက် သဲနာရီကြီးကို ယူဆောင်လာခဲ့ရသည်ဖြစ်ရာ ချီတက်ရာတွင် အများတကာထက် ပိုမိုခက်ခဲပင်ပန်းကြသည်။

အဘချန်မှာ အသက်ကြီးသော်လည်း လှုပ်ရှားချီတက်ရာတွင် ရပ်ပေါင်တန်း၍ လိုက်နိုင်သည်။

သူသည် နာမည်ကျော် ဝါရင့်စစ်ကဲတစ်ဦး ဖြစ်ခဲ့ရာ သူ၏ လှုပ်ရှားမှုများမှာ လျင်မြန်သည်နှင့်အမျှ သိုသိပ်လျှ ကျော့လျှ ပေသည်။

စိတ်တိုတက်သော တပ်ဗိုလ်လေးယန်မှာ မိကျောင်းကဲ့သို့ တွား၍ ချီတက်ရာတွင် ထိတရိုးပင်များကြားသို့ ရောက်သွားခဲ့ရာ တက်ဘခေါက်ခေါက်နှင့် ရန်သူများကို ကြိတ်၍ ကြိမ်းဝါးလျက် ရှိ၏။

ကိုက်ငါးထောင်မှာရှိသော ထိုခရီးကား အလွန်စိတ်ရှည်သည်းခံရသည်နှင့်အမျှ လူရောစိတ်ပါ ပင်ပန်းလှပေသည်။

မည်သူပင်ဖြစ်စေ စိတ်အားထက်သန် တက်ကြွနေကြသော စစ်သည်ရဲမက်များသည် သတ်မှတ်ထားသော အချိန်ထက် အနည်းငယ် စော၍ပင် တစ်ပြိုင်နက် ပြေးဝင်တိုက်ခိုက်ရန် စောင့်ဆိုင်း နေရာယူထားရမည့် အကွာအဝေးသို့ ရောက်ရှိသခြင်း၊ သူတို့သည် ထိုနေရာတွင် တပ်မှူး ရှင်ချီတင်၏ အမိန့်ပေးသံ မကြားရမချင်း ငြိမ်သက်စွာ အနားယူ စောင့်ဆိုင်း နေကြရမည် ဖြစ်သည်။

တပ်မှူးနှင့် တပ်ဖိုလ်များကား ရန်သူဘက်မှ အခြေအနေကို လေ့လာနေကြသည်။

ရန်သူသည် ကင်းစင်များ ဆောက်ထားသည်။

အမိုးမိုးထားသော ယာယီ တန်းလျားများဘေးတွင် ဝါးလုံးများကာရံထားသော်လည်း အဖြစ်သဘောမျှဘောက်ဟုသာ ခန့်မှန်းရသည်။ ရန်သူ၏ ထိုတန်းလျားများနှင့် ကိုက်နှစ်ရာနီးပါးမျှ ကွာဝေးနေသောကြောင့် လာရောင်ရှိနေသော်လည်း ခြား အတားအဆီးများ ရှိမရှိ မသိချင်၊ ရှိရှိမရှိရှိ သူတိုတာဝန်ကား ရန်သူကို အလစ်အငိုက် ရယူ၍ လျှပ်အင်မြက်နည်းဖြင့် ဝင်ရောက် တိုက်ခိုက်ကြရမည်သာ ဖြစ်ပြီး....

သဲနာရီက သတ်မှတ်ချိန်သို့ ရောက်လုနီးပြီဖြစ်ကြောင်း ပြနေ၏။ ထိုအချိန်မှာပင်....

'အား'

မိမိဘက် စစ်သည်များကြားမှ ထွက်ပေါ်လာသည်။ ထိုအသံမှာ ထိန်းချုပ်ထားသည့်ကြားမှ ကြောက်လန့်မှုကြောင့် ပေါက်ကွဲထွက်လာသည့် အော်သံမျိုးဖြစ်သည်။

အော်သံထွက်ပေါ်လာရာ နေရာတစ်ဝိုက်တွင်လည်း လှုပ်ရှားမှုများ မြင်လိုက်ရသည့် တပ်မှူး ရှင်ချီတင်မှာ ဒေါသဖြစ်သွားသည်၊ 'ဘာဖြစ်တာလဲ'ဟု လှမ်းအော်၍လည်းမဖြစ်။ အသံထွက်ပေါ်လာသည့်နေရာမှာ သူနှင့်လည်း အလှမ်းကွာသည်။

'မြွေ....မြွေ'



ထိုနေရာမှ အသံတွေ ထပ်ထွက်လာသည်။

မဖြစ်တော့၊ ရန်သူ့ကင်းမှ လှမ်း၍ကြားသွားနိုင်သည်။ သဲနာရီမှ သတ်မှတ်ချိန်ကြည့်ရန် အနည်းငယ်လိုသေးကြောင်း ပြနေသော်သည်၊ အခြေအနေအရ စောင့်ဆိုင်းနေ၍ မဖြစ်၊ ပြီးတော့ အချိန်စေ့ရောက်ရန်အသည်း ကွမ်းတစ်ယာညက်ပင် မလိုတော့။

တပ်မှူး ရှင်ချီတင်က သဲနာရီကို ပစ်ချလိုက်ပြီး သူ့ဓားကို ဆွဲထုတ်၍ အော်လိုက်သည်။

'တိုက်'

အမိန့်သံက ကျယ်လှသည်မဟုတ်၊ သူ့ ရဲမက်အားလုံး ကြားနိုင်ရုံမျှသာက် အော်လိုက်ခြင်းမျှ။ သို့သော် ထိုအမိန့်သံကြောင့် ငြိမ်သက်စွာ လှဲနေရာမှ ခုန်ထလိုက်ကြသော စစ်သည် အပေါင်းတို့၏ လှုပ်ရှားမှုများက ဝုန်းခနဲ ဖြစ်သွားသည်။

ထို့နောက် လေနီကြမ်းတစ်ခု တိုက်ခိုက်လိုက်သကဲ့သို့ ရန်သူ၏ တန်းလျားများရှိရာသို့ တစ်ရှိန်ထိုး ပြေးဝင်သွားကြရာ ခြေသံများကပင် ကြောက်စရာကောင်းလှသည်။

'ယား'

'ကျား... ကျား'

'ဘုရင့်တပ်မကွ'

'မင်းတို့ရဲ့ သေနာပတိကို အနိုင်ယူဖူးတဲ့ တပ်မှူးကြီး ဟိုမန်တာရဲ့တပ်ကွ'

အောင်ဟစ် မာန်သွင်းသံ၊ ကြွေးကြော်သံများကလည်း မိုးကြိုးမုန်တိုင်း တိုက်ခတ်သကဲ့သို့ ရန်သူများအား တကာယ ပင် အလစ်အငိုက် ခံလိုက်ကြရသည်၊ ကင်းတာဝန် ကျနေသူ များပင် အောင်ဟစ်သတိပေးရန် မေ့နေကြသည့်အလား ပါးစပ်အဟောင်းသားနှင့် ဖြစ်နေကြသည်။

ယာယီတန်းလျားအတွင်း အိပ်ပျော်နေကြသော ရဲမက် များမှာမူ ရုတ်တရက် ဘာဖြစ်၍ ဖြစ်မှန်းမသိလိုက်။ မာန် သွင်းသံ၊ အောင်ဟစ်သံများ ဟစ်ကြွေးကာ တရကြမ်း ချေမှု ဝင်လာသော ဘုရင့်တပ်မမှ စစ်သည်များ၏ ဓားချက်များ အောက်တွင် အကြောင်သား ဖြစ်နေကြသည်။

သူတို့သည်ခဏကြာသည်အထိအသက်မရှိသောအရုပ်များ နှယ် ဓားချက်များအောက်ဝယ် လဲပြိုသွားရုံသာ လှုပ်ရှားမှု ရှိကြသည်။

ခဏကြာမှ အတွင်းဘက်ကျသော ရန်သူ့ အိပ်ဆောင်များ ဆီမှ အောင်ဟစ် သတိပေးသံများ ထွက်ပေါ်လာသည်၊

သို့သော် သူတို့သည် ရုတ်တရက်တွင် မည်သို့မျှ ထိထိ ရောက်ရောက် တန့်နေနိုင်ခြင်းမရှိကြချေ။

ဘုရင့်တပ်မမှ စစ်သည်များမှာ အာရအတွက်အားဖြင့် များပြားလှသော ရန်သူများကို အဆက်မပြတ် ခုတ်ပိုင်းနေ ကြရ တစ်ယောက် ဓားချက်ကြောင့် စဉ်ထွက်သွားသော သွေးစက်များသည် အခြား တစ်ယောက်သို့ ထိစဉ်ထာ ကြောက်စရာကောင်းအောင် ချင်းချင်းနီနေတော့၏။



ဝင်ရောက် စီးနင်း ခြင်း ခံရသော အိပ်ဆောင်များမှ အသက်မသေဘဲ ထွက်ပြေးသွားနိုင်သူများမှာ သွေးပျက် သွားသည့်အလား နောက်ဘက် အိပ်ဆောင် များ ဆီသို့ ကြောက်လန့်တကြား အောင်ဟစ် ပြေးသွားကြသည့် ဒဏ်ရာ ကြီးနှင့် လူများသည် သွေးမွှေး သွေးတန်း ပြေးလွှားရင်း နှန်းပုန်းလဲသွားကြသည်။

မည်သို့ပင်ဖြစ်စေ ရန်သူတို့မှာ အရေအတွက် များသော စစ်သည်ရဲမက်များပင်ဖြစ်ရာ ခဏအကြာတွင် ပြန်လည်ခုခံ နိုင်သော အနေအထားသို့ရောက်လာ၏။ သို့ဆိုလျှင် ရန်သူ များသည် ခဏအကြာတွင် သူတို့အား ပြန်မဆုတ်သာအောင် ဝိုင်းပတ်ကာ ချေမှုန်းကြပေတော့မည့်ရန်သူက အထုအထည် နှင့် အင်နှင့်အားနှင့် မဟုတ်ပါလား။

'ဆုတ်'

'ပြန်ဆုတ်'

တပ်မှူး ရှင်ချိတင်က ပြန်ဆုတ်ချိန်တန်ပြီဟု တက်ထာ အတွင်းအားဖြင့် အသံကုန်ဟစ်၍ အမိန့်ပေးလိုက်သည်။ ရန်သူလည်း အတွင်းအား မြင့်မား နက်ရှိုင်းသူဖြစ်သည်။ သို့သော် ငရဲမှုက်သကဲ့သို့ဖြစ်နေသော တိုက်ပွဲကြားတွင် သူ့ အသံမှာ တိမ်ဝင်ပျောက်ကွယ်သွားနေသည်။

တပ်မှူး ရှင်ချိတင်သည် သွေးတို့ဖြင့် စိုစွတ် လိမ်းကျံ နေသော ဓားကြီးကို ကိုင်ထားရင်း ရှုန်းရင်းဆန်ခတ် တိုက်ပွဲကြားတွင် လူးလားဆန်ခတ် ဟိုမှ သည်မှ ပြေးလွှား ရင်း အဆက်မပြတ် အောင်ဟစ်နေသည်။

'ဆုတ်....ဆုတ်'

'ပြန်ဆုတ်ကြ'

ဓဏအ ဒတွင် သူ့အမိန့်သံသည် ဟိုမှာသည်မှာ ပျံ့၍နေသော တပ်ပိုလ်များဆီသို့ရောက်ရှိကာ ဆင့်ပွားထွက်ပေါ်လာသည်။

'ဆုတ်ကြဟေ့....ဆုတ်ကြ'

'တပ်မှူး အမိန့်ပေးနေပြီကွ၊ ဆုတ်ကြ'

'ဆုတ်....ဆုတ်'

ဤအစီအစဉ်ကို ကြိုတင်ချထားပြီးဖြစ်ရာ ဘုရင့်တပ်မှစစ်သည်ရဲမက်များသည် အမိန့်သံကို ကြားသည်နှင့် စတင်ဆုတ်ခွာကြလေတော့သည်။

ထိုအထဲတွင် လူအင်အားများစွာနှင့် ဆင်နွှဲသည့်တိုက်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှ ပါဝင်ဖူးခြင်း မရှိသေးသော ဟိုမင်တင်မှာ အစပိုင်းတွင် လမ်းမရဲသလို ရှိနေခဲ့သော်လည်း ပြင်းထန်သော ခုခံတိုက်ခိုက်မှုများနှင့် ရင်ဆိုင်လိုက်ရသည်နှင့် တိုက်ပွဲများစွာ ဆင်နွှဲဖူးသူကဲ့သို့ဖြစ်သွားတော့သည်။

သူသည် ရန်သူနှစ်ယောက်၏ကြားကို တိုးဝင်သွားကာ သူ့ကိုခုတ်ချလိုက်သည့်ဓားချက်များကို ခုခံရင်းပင် ဝိုက်ခုတ်လိုက်သောဓားချက်တစ်ချက်တည်းဖြင့်ရန်သူနှစ်ယောက်လုံးကို တုံးခနဲလဲကျသွားစေခဲ့သည်။

'လူကလေး... တပ်မှူးက ဆုတ်မိန့်ပေးနေပြီကွ'

တိုက်ပွဲစတင်သည့်အချိန်တည်းက ဟိုမင်တင်၏ ဘေးမှလည်းကောင်း၊ နောက်မှလည်းကောင်း စောင့်ရှောက်



လိုက်ပါလာခဲ့သော အဘချုန်က သတိပေး အော်ဟစ်လိုက်သည်။

'ဟုတ်ကဲ့အဘချုန်'

ဟိုမင်တင်က ပြန်ပြောသော်လည်း လူကမူ ဆုတ်ခွာသော မိမိတို့ရဲမက်များနောက်သို့ ပြေးလိုက်လာသော ရန်သူများ ဆီသို့ တိုးဝင်သွားသည်။

အဘချုန်က ဟိုမင်တင်နှင့် တေးချင်းယှဉ်လိုက်သည်။

'ဝှစ်..ဝှစ်'

'ထန်း....ထန်း....ထန်း'

'ယား'

'ဟိုင်း'

ထို့နောက် ထိခိုက် အော်ဟစ်သံများနှင့်အတူ ရန်သူသုံးယောက် ပြိုကျသွားသည်။

'လာ သွားကြစို့'

အဘချုန်က ဟိုမင်တင်၏ပခုံးကို ပုတ်၍ ပြောလိုက်သည်။ သူတို့နှစ်ယောက်မှာ အခြား နောက်ကျနေပြီ။ ချမှတ်ထားသော အစီအစဉ်တွင် ဆုတ်မိန့်ရသည်နှင့် ချက်ချင်း ဆုတ်ခွာရမည်ဖြစ်သည်။ အဘချုန်က ဟိုမင်တင်ကို ရှေ့မှပြေးရန် တွန်းလွှတ်ပြီး နောက်ဘက်မှပစ်လွှတ်လိုက်သော လှံတစ်စင်းကို ဓားနှင့်ခုတ်ဖယ်လိုက်သည်။

ဟိုမင်တင်က ရပ်စောင့်နေသည်။

'သွားလေ ဘာလုပ်နေတာလဲ'

အဘချွန်က ပြောပြောဆိုဆို ဟိုမင်တင်၏ပခုံးကို သွဲ့ပြေး
သည်။

သူတို့နှစ်ယောက် စည်းရိုး ဝါးလုံးတန်းကို ခုန်ကျော်
ထွက်လာချိန်တွင် ...နှင့်သူများက သံပြိုင်အော်ဟစ်ကာ လိုက်
လာကြပြီ။

'ပြေးစမ်း....ပြေးစမ်း'

အဘချွန်ကအော်သည်။ နှစ်ယောက်စလုံး အားသွန်ပြေး
လာသည်။ ခဏမှာပင် သူတို့လူများကို မီလာ၏။ ထိုစဉ်—

'ပစ်'

နေ့ခက်ချိန်၌ နေရစ်ခဲ့သော ရဲမက်သုံးရာကို အမိန့်ပေး
လိုက်သည့် တပ်ဗိုလ်၏ အော်ဟစ်အမိန့်ပေးသံကို ကြားလိုက်
ရသည်။

အဘချွန်က ရှေ့မှပြေးနေသောဟိုမင်တင်ကို ခုန်အုပ်ထား
မြေပေါ်သို့ လှဲချလိုက်သည်။ တစ်ပြိုင်တည်းတွင် နောက်ချန်
ကျန်ရစ်ခဲ့သော သေးကိုင် ရဲမက်သုံးရာ၏ တစ်ပြိုင်နက် ပစ်
လွှတ်လိုက်သော လေးညို့သံကို ကြားလိုက်ရ၏။ ထို့နောက်
ပိတုန်းအုပ်ကြီး ပျံဝဲသွားသကဲ့သို့ မြားတန်းများ ပျံဝဲ
ထွက်သွားသံကြားရပြန်သည်။

ရန်သူ မွန်ဂိုများသည် ထိုသို့ ဖြစ်လာလိမ့်မည်ဟု တွက်ဆ
ထားသည် မဟုတ်ချေ။ အလစ် အငိုက် ဝင်ရောက်တိုက်ခိုက်



...ခြင်းကြောင့် တစ်ယောက်မကျန်အမှုန့်ခြေပစ်ရန် ဓေါသ
...နှင့် ကမူးရှူးထိုး လိုက်လာကြသည် ဖြစ်ရာ အသင့်
...စောင့်ဆိုင်းနေသည့် ရဲမက်များက ခလုနှင့် တစ်ပြိုင်နက်
...ခွင်းလိုက်သောအခါ မည်သို့မျှ တိမ်းရှောင်နိုင်ခြင်း မရှိ
...တော့။ မြားသင့်ကာ အထွေးထွေး လဲပြိုကျကုန်တော့
...သည်။

ထိတ်လန့်နာကျင်စွာ အော်ဟစ်သံများက ပွက်ပွက်ညံ
...သွားတော့သည်။

ထို့နောက် မသေဘဲကျန်သူများသည် မည်သည့်အမိန့်သံ
...မျှ နာခံခြင်းမပြုကြတော့ဘဲ နောက်ဘက်သို့ လှည့်ပြေး
...တော့သည်။

ထိုအခါ အသင့်စောင့်ဆိုင်းနေသောရဲမက်များက မြား
... နောက်တစ်ကြိမ် ရွှာလိုက်သည်။ ဤအကြိမ်တွင် ပထမ
...ကြိမ်ကလောက် ထိမှန်သူ မများသော်လည်း တပ်ဝင်းထဲ
... ပြန်ဝင်ပြေးနိုင်သူကလည်း အတော်နည်းသွားချေပြီ။

ရန်သူတို့၏ အထိအခိုက် အကျအဆုံးကား ကြောက်ပါး
...လိ ရှိပေလိမ့်။

'မီးမြားတက်'

တပ်ဗိုလ် ဟာရှမ်းရို၏ အမိန့်သံကို ကြားရပြန်သည်။ ထို့
...က်တွင် မြားထိပ်၌ ဆီစိမ်၍ပင်ထားသော အဝတ်ကို
...ညှိလိုက်သဖြင့် မီးတောက်များထလာသည်ကိုမြင်ရသည်။

'အသင့်'
'ပစ်'

တပ်ဗိုလ် ဟာရှမ်းရိ၏ အမိန့်သံအဆုံး၌ မီးမြားတံ
က လေထဲတွင် လှပစွာ ဖြတ်သန်းသွားကြကာ ရန်သူတို့
ဆက်ကယ်မိုး တန်းလျား ခေါင်မိုးများပေါ်သို့ ကျရော
တောက်လောင်လေတော့သည်။
ရန်သူစခန်းမှအော်ဟစ်သံများကား ဘာမှန်းမသိအော
ပင် ဆူညံနေတော့သည်။

'အားလုံးဆုတ်'
တပ်မှူးရှင်ချိတင်၏ အမိန့်သံထွက်လာသည်။
လျပ်တစ်ပြက် တိုက်ခိုက်ရေး အစီအစဉ် ပြီးဆုံးပြီ
သည်။ ဘုရင့်တပ်မမှ ရဲမက်များသည် ခက်ခဲကြာညောင်
ချီတက်ခဲ့ရသော ကိုက်ငါးထောင်မျှရှိသည့် မြားနယ်
အလွန်လျင်မြန်စွာ ဖြတ်သန်း ဆုတ်ခွာလာကြသည်။
နောက် ကိုက်သေးထုခန့်မျှခရီးကား ဒရေသောပါး
လာ၍ မဖြင့်နိုင်သော ခရီးဖြစ်သည်။ ရန်သူတပ်များ
တစ်ပြက် ချီတက်မလာနိုင်ရန် လျှို့ဝှက်စီမံထားသော
ကျင်း၊ ဆူးကျင်းများ တင်းကြမ်းပြည့်နေသည့်ခရီးဖြစ်

ဤနေရာတွင် လျှို့ဝှက်လမ်း ကျွမ်းကျင်သော ရဲမက်
က အသင့် စောင့်ဆိုင်းနေကြသည်။ သူတို့က သွား
ခရီးလမ်းကြောင်းတွင် မီးတုတ်များ အသင့် စိုက်



ားကြသည်။ ခစ်ရေးစီမံချက်အတိုင်း အောင်မြင်စွာ ထမ်း
ဆောင် တိုက်ခိုက်ခဲ့သော စစ်သည် ရဲမက်များသည် ထိုလမ်း
ကြောင်းအတိုင်း ခံတပ်ရှိရာသို့ သေဝပ်စွာ လျှောက်သွား
ကြလေသည်။

( ၄၂ )

တုံးဆီတင်သည် အခက်အခဲမရှိဘဲ လွတ်မြောက်လာခဲ့ပြီး နောက် မြို့စွန်တွင်ရှိသော ကွမ်ယင် နတ်ဘုရားကျောင်းသို့ တည့်၍လာခဲ့၏။

ဤကွမ်ယင် နတ်ဘုရားကျောင်းမှာ ကြီး ကျယ်ခမ်းနား သည်ကား မဟုတ်။ သို့သော် ဆုတောင်းပြည့်သည်ဆိုသော ကိသတင်းကျော်ကြားသဖြင့် စစ်မက်ရေးရာကိစ္စ မပေါ် ကဆိုလျှင် လူစည်ကားသော နေရာတစ်ခုဖြစ်ခဲ့၏။

သို့သော်လည်း စစ်မက်ရေးရာကိစ္စ ပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်းတွင် ဤနတ်ဘုရားကျောင်းမှာ ရှေးကာလစခန်း

များနှင့် နီးသောကြောင့် လူသူအသွားအလာ မရှိသလောက် ဖြစ်သွားလေသည်။

တုံးဆီတင်သည် မြို့တော်တွင်းသို့ ဝင်ရောက်ခဲ့စဉ်က ဤ နတ်ဘုရားကျောင်းဘက်မှ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ဤနတ်ဘုရားကျောင်းရှိရာ တောင်ကုန်းဘက် လှမ်းကြည့်လျှင် မြင်ရအောင်နေရာ၌ စစ်ရေး အစီအမံဟူ၍ ဘာမျှ မပြုလုပ်ရသေးပေ။ ထိုစဉ်က တုံးဆီတင်သည် ပျံ အုပ် ကြီး တစ်ဦးအသွင်ဖြင့် ဖူးကိုးနှင့်အတူ ဝင်ရောက်လာခဲ့ ခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်သည် နတ်ဘုရားကျောင်း တွင် ခိုအောင်းကာ နတ်ဘုရားကျောင်းအခန်းဆောင်ကြီး စွန့်ကြသည့် သစ်သီးဝလံများကို စားသောက်၍ နေခဲ့ကြ သည်။

ယခု တုံးဆီတင်သည် သွေးကြောပိတ်ထားသောအမျိုး သမီးကို ထမ်းလျက် ဤနတ်ဘုရားကျောင်းသို့ ရောက်လာ သောအခါ ပ စုဏ်အတွင်းသို့ မဝင်ချေ။ နတ်ဘုရားကျောင်း ကို ပတ်၍ ကာရံထားသော အုတ်တံတိုင်းကို တောင်ဘက်မှ ပတ်၍ ကျောင်းနောက်ဘက်သို့ လာခဲ့သည်။

ဤနေရာတွင် ချုံပင်ကြီးများသည် နတ်ဘုရားကျောင်း တံတိုင်းပေါ်မှ တက်ကြည့်လျှင်ပင် မမြင်နိုင်လောက်အောင် ပေါက်ရောက်နေသည်ကို သူမှတ်သားခဲ့ပြီးသား ဖြစ်သည်။ ပြီးတော့ ထိုနေရာသို့ အောက်ဘက်မှ တက်ရောက်ရန်ကထည်း ကုန်းတက်မှာ မတ်စောက်လှပေရာ တစ်ယောက်ယောက် တက်လာမည်ကိုလည်း မစိုးရိမ်ရပေ။



တုံးဆီတင်သည် ထိုနေရာသို့ ရောက်လာသောအခါတွင် ခေါ်ဆောင်လာခဲ့သော ယမျိုးသမီးကို ချုံပင်များအစပ် တွင် ချထားလိုက်သည်။ ပြီးတော့ မလှုပ်မရှားနိုင် ဖြစ်နေ သော အမျိုးသမီးကို ဂရုမစိုက်နိုင်သေးဘဲ မြက်ပင်များပေါ် သို့ ထိုင်ချလိုက်သည်။

မြက်ပင်များမှာ နှင်းငွေ့ဖြင့် စိုစွတ်နေသည်။

တုံးဆီတင်သည် ခြေပစ်လက်ပစ် ထိုင်လိုက်ပြီးနောက် နှင်းငွေ့ရောနေသောလေကို တဝရှူလိုက်သည်။ ထို့နောက် လာရောက်လှမ်းမြှုံနေသော တောင်ကုန်းတစ်ဖက်ကို လှမ်းမျှော် ကြည့်လိုက်၏။

ကွင်းပြင်အစပ်တွင် မိုးမိုးမည်းမည်း ရပ်တည်နေသည် ကနာမည်ကျော် အိုရှန်လု ခံတပ်ဟု သိသည်။ လျှို့ဝှက် ကတုတ်များ၊ မြောင်းများကိုကား မည်သို့မျှ မမြင်နိုင်မှန်း သူ သိသည်။

ထို့နောက် တမျှော်တခေါ် ကွင်းပြင်....

သည်နောက် ဟိုဘက်တွင်မှ ယာယီအားဖြင့် သူ မဟာ မိတ် ပြုလုပ်ထားသော မှန်ကိုများ။

ဤအချိန်လောက်ဆိုလျှင် ဖူးကိုးတစ်ယောက် မှန်ကိုသေနာ ပတိ ဝီမာကမ်းစင်းနှင့် တွေ့ဆုံ တင်ပြပြီးလောက်ပြီဟု တွေးမိသည်။ သို့မဟုတ်လျှင်လည်း မြို့တော်ဘုရင်တပ်ဖွဲ့ဝင် များ ပြုလုပ်ထားသော လျှို့ဝှက်မြောင်းကျင်း တစ်ခုခု အတွင်းသို့ ကျ၍ သေလျှင်လည်း သေလောက်ပြီဟု တွေးမိ သည်။

တုံးဆီတင်သည် ရှေ့အက်မြင်ကွင်းကို ကြည့်ရင်း တော ရောက် တောင်ရောက် တွေးနေရင်း သူ့ပမ်းဆီးခေါ်ဆောင် လာခဲ့သော အမျိုးသမီးကို ဖျတ်ခနဲ သတိရလိုက်သည်။

ထိုစဉ် တစ်ခုံတစ်ခုသော အသံကို ကြားလိုက်ရသည်။

အလွန်နာ ပါးသော တုံးဆီအင်သည် ထိုအသံကို ကြား လိုက်သည်တွင် အချိန်မဟုတ်ဘဲ မိုးရွာပြီဟု ထင်လိုက်သည်။ အသံများက အရှေ်လေးမျက်နှာမှ ကြားနေရသလို သည်။

အဝေးကဝေးဝေးမှ ကြားရသော အသံဖြစ်မှန်း သိလိုက် ပြီးနောက်တွင် မိုးရွာခြင်း မဟုတ်ဟု သူ စဉ်းစားမိလိုက် သည်။

တစ်နေရာတွင် လျှပ်တစ်ပြက် စိမ်ချက်ဖြင့် မွန်ဂိုများ ဝင်ရောက်တိုက်ခိုက်ရာမှ ထွက်ပေါ်လာသော အသံများ တုံးဆီအင် ကြားရခြင်း ဖြစ်သည်။ သို့သော် မြို့တော ကျယ်ပြန့်လှသည်ဖြစ်ရာ တုံးဆီတင်မှာ မြို့တော်၏ မြောက် ဘက်နှင့် တောင်ဘက်တို့မှ ထွက်ပေါ်လာသော အသံများ ကို မကြားနိုင်ပါချေ။

တုံးဆီတင်မှာ ထွက်ပေါ်နေသော အသံများကို နား ထောင်ရင်းပင် လူအများ အော်ဟစ်လှုပ်ရှားရာမှ ထွက် ပေါ်လာသောအသံ ဖြစ်သည်ဟု စဉ်းစားမိသွားသည်။

တုံးဆီတင် ဆိတ်ခနဲ ဖြစ်သွားသည်။

မြို့တော်ကို ဝင်ရောက်သိမ်းပိုက်ရန် မွန်ဂိုတပ်များ ချီ လာကြလေပြီပေါ့။



ဤသို့ဆိုလျှင် သူ့အနေဖြင့် မည်သို့လှုပ်ရှားရမည်နည်းဟု တွေးလိုက်မိသည်။ သို့သော် တုံးဆီတင်သည် သူ့မျက်စိ အောက်တွင် မြင်နေရသော ခံတပ်ဆီမှ မည်သည့်လှုပ်ရှားမှုမျှ ဖြစ်ပေါ်လာခြင်း မရှိသည်ကို တွေ့ရပြန်သောအခါ အံ့ဩ သွားပြန်သည်။

ဤအသံများကို သူကြားရလျှင် ခံတပ်ဆီမှ ကင်းသမား များလည်း ကြားပေလိမ့်မည်။ သူရှိနေသော နေရာနှင့် ခံတပ် ၏အကွာအဝေးမှာ အချက်ပေးခေါင်းသံကိုပင် ကြားနိုင်သော အကွာအဝေး ဖြစ်သည်။

တုံးဆီတင်သည် မြို့စောင့်တပ်များက မွန်ဂိုများကို သွားရောက် တိုက်ခိုက်ခြင်း ဖြစ်လိမ့်မည်ဟု နည်းနည်းမျှ စဉ်းစားမိချေ။

အသံများကား လျော့ပါးသွားသည်မရှိ။

လေးဖြင့် တိုက်ခိုက်သံကို အဝေးမှ ကြားရသလို ဝေါဝေါမြည်နေသည် အဆက်မပြတ် ထွက်ပေါ်နေ သည်။

ထို့နောက် အသံထွက်ပေါ်နေရာ အရပ်ဆီမှ မီးပွား များ လွင့်တက်လာသကဲ့သို့ မီးရောင်အစက်အပြောက်များကို မြင်ရပြန်သည်။ ခဏတွင် ထိုမီးပွားများ ကျ ရောက်သွားရာ၌ တာက်ကလေးများ ဖြစ်လာပြီး ကူးစက်ကာ မီးတောက် များ ဖြစ်ပေါ်လာတော့သည်။

မီးလောင်နေပြီဟု တွေးမိသော်လည်း မွန်ဂိုအိမ်ဆောင် များကိုလောင်ခနေသောမီးဟုတာ မတွေးမိသေး။မီးတောက်

ဖြစ်ရာအရပ်မှာ မွန်ဂိုများ ချုပ်တပ်စွဲထားသော နေရာတွ
မှန်းဆပီသော်လည်း မြို့စောင့်တပ်များ၏ လက်ချက်တွ
လုံးဝပင်ပေါ့။

ထို့နောက် လူသံများသည် သူရှိရာဘက်သို့ လျှင်မြန်စွာ
နီးကပ်လာနေသည်ကို သတိပြုမိလာ၏။

ဟုတ်ပြီ။ မွန်ဂိုတပ်တွေ ချီတက်လာပြီ။

မြို့တော်သိမ်းတိုက်ပွဲကိုအပြီး ဆင်နွှဲမည်ဖြစ်သောကြောင့်
သူတို့ ချုပ်တပ်စွဲထားရာရှိ ယာယီတဲများကို ဖျက်သိမ်း
ပစ်ခဲ့ခြင်း ဖြစ်လိမ့်မည်။

တုံးဆီတင်က သည့်လိုပဲတွေးကာ ဖင်တကြွကြွဖြစ်လာ
သည်။

သို့သော် တစ်စတစ်စ နီးကပ်လာသော လူသံများ
အလွန်အတန် များပြားခြင်း မရှိသည်ကို တွက်မိပြန်သော
အခါ စဉ်းစားမရအောင် ဖြစ်လာပြန်သည်။

အသံများမှာ တစ်စတစ်စ နီးကပ်လာသည်။

လူအုပ်စုကြီး ပြေးလာသည့် ခြေသံဟု နားလည်လိုက်
ပြန်သည်။

ထို့နောက်တွင် စူးစိုက်၍ကြည့်နေသော တုံးဆီတင်
အမြင်၌ ရေစီးကြောင်းကြီးတစ်ခု စီးဝင်လာသကဲ့သို့ သူ့
အောက်ဘက်ရှိ ခံတပ်ဆီသို့ ဦးတည်၍ ပြေးလာနေကြသော
လူတန်းကြီးတစ်ခုကို လရောင်ဖြင့် ရိုးတိုးရိပ်တိတ် မြင်လိုက်
ရပြန်သတ်။



တုံးဆီတင်မှာ လျှင်မြန်စွာ စဉ်းစားနေသောကြောင့်
ခေါင်းကိုက်သလိုပင် ဖြစ်လာသည်။

သူသည် မွန်ဂိုတပ်များနှင့်အတူ ချီတက်လိုက်ပါလာခဲ့သူ
ဖြစ်သည်။

ထို့ကြောင့် မွန်ဂိုများ၏ ကြီးမားလှသော အင်အားကို
သူသိသည်။ ယခု ခံတပ်ဆီသို့ ဦးတည်၍ ပြေးလာနေကြသူ
များမှာ လူမနည်းလှပေ။ ထိုလူများမှာ မွန်ဂိုများပင်လော၊
မွန်ဂိုများလာဆိုလျှင် ဤလူအင်အားလောက်မှာ ငယ်စရာ
ကောင်းလှသည်၊ ဤလူအင်အားမျှလောက်ဖြင့် မြို့စောင့်
ခံတပ်ကို စစ်ထိုးမည်ဆိုလျှင် ခံတပ်သို့မရောက်မီ လျှို့ဝှက်
မြောင်းကျင်းများအတွင်းမှာပင် အားလုံး လက်စတုံးကြ
ရပေလိမ့်မည်။

ဤစစ်ဆင်ရေးကို မည်သူ စီစဉ်သနည်း။

စီစဉ်သူသည် မြို့စောင့်တပ်မကို ဤမျှ အထင်သေးရလေ
အလော။ ကြောက်စရာကောင်းလှသော လျှို့ဝှက်မြောင်းများ
ရှိနေသည်ကို သတင်းပို့ထားပြီးဖြစ်လျက် ဤမျှလောက် အရေ
အတွက်အင်အားဖြင့် တိုက်ခိုက်လျှင် အင်အားပြုန်းရာ
ရောက်မည်ကို မတွက်မိသလော။ ဤအင်အားလောက်ဖြင့်
တိုက်ခိုက်လျှင် အသင့်စောင့်နေသောကျားကို သားတစ်နှင့်
ပေါက်သလို ဖြစ်ပေရာမည်။

တုံးဆီတင် အမျိုးမျိုး တွေးတောနေစဉ်မှာပင် ပြေးလာ
သော လူတန်းကြီးသည် ခံတပ်၏ရှေ့ဘက် အလွန်နီးကပ်သော
အကွာအဝေးကို ရောက်ရှိလာကြသည်ကို မြင်လိုက်ရသည်။

ထို့နောက် ခံတပ်ရှေ့ဘက်တွင် မီးတုတ်များ ထွန်းညှိလိုက်သည်ကို ကြည့်လိုက်ရပြန်သည်။

ပြေးလာသော လူတန်းကြီးသည် မီးတုတ်များ ထွန်းညှိထားသောအခင်းတွင် ရပ်တန့်သွားကာ မီးတုတ်အဆောင်များ တန်းစီလျက် ခံတပ်ရှိရာသို့ လမ်းလျှောက်၍ သွားကြသည့်ပုံစံဖြင့် ခပ်ဖြည်းဖြည်း ရွေ့လျားသွားသည်ကို မြင်ရလေတော့သည်။

တုံးဆီတင်သည် သူ့နဖူးသူ ပြန်းခနဲ ရိုက်လိုက်ကာ—

ဟာ...ဒုက္ခပဲ

အသံထွက်အောင် ရေရွတ် ညည်းညူလိုက်မိတော့သည်။

လက်ခံသတ်တော့ မွန်ဂိုများက လာရောက်တိုက်ခိုက်သည် မဟုတ်ဘဲ မြို့စောင့်တပ်က မွန်ဂိုများကို သွားရောက်တိုက်ခိုက်ခြင်းပါကလား။

သူဘာကြောင့် ဤသို့ မတွေးမိပါလိမ့်။

ထို့နောက် တုံးဆီတင်မှာ ရုတ်တရက် ခေါင်းမူးများ ထောင်သွားသလို ခံစားလိုက်ရသည်။

မြို့စောင့်တပ်က ဤသို့တိုက်ခိုက်မည့်သတင်းကို သူတို့နှစ်ယောက်စလုံး အနံ့အသက်မျှပင် မရခဲ့။

သူတို့နှစ်ယောက်ကို မြို့တွင်းသို့ မစလွှတ်ခဲ့သည်မှာ ဤကိစ္စ ဤသတင်းမျိုးကို ကြိုတင်သိရှိနိုင်ရန် မဟုတ်ပါလား။

မွန်ဂို စစ်သေနာပတိ စီမာကမ်းစင်းဟား အကွပ်အမျက် ရက်စက် ပြင်းထန်လှသည်။ သူနှင့် ဖူးကိုးကိုလည်း သိပ်ပြီး ယုံစားခြင်း ရှိခဲ့သည်မဟုတ်။



ယခုကိစ္စတွင် မြို့စောင့်တပ်များသည် အလစ်အငိုက် ဝင်ရောက် တိုက်ခိုက်ခဲ့ကြပုံပေါ်သည်။ မြို့စောင့်တပ်များ ပြန်ဆုတ်လာရာသို့ မွန်ဂိုတပ်များ လိုက်ပါလာသည်ကိုလည်း မတွေ့ရလို့ဆိုလျှင် မွန်ဂိုတပ်သည် အလစ်အငိုက်ခံရတာ အထိနာခဲ့ပုံပေါ်သည်။

ဤသို့ဖြစ်လျှင်ကား မွန်ဂို သေနာပတိသည် ဒေါသအကြီးအကျယ်ဖြစ်ပေရော့မည်။

သေနာပတိ စီမာကမ်းစင်းကား အကွပ်အမျက် ပြင်းထန်ရက်စက်လွန်းသူ။ ရန်သူကိုမဆိုထားနှင့် သူမျက်ဖြိုကိုလျှင် သူ့တပ်ကော်အတွင်းမှ တပ်မှူး၊ တပ်ဗိုလ်များကိုပင် ရက်ရက်စက်စက် ကွပ်မျက်လေ့ ရှိသူ။ သူတို့လို လူမျိုးခြား လက်အောက်ခံဆိုလျှင်ကား မသေမီတွင် ဆိုးရွားစွာ အနှိပ်စက် ခံရပြီးမှ သေရပေလိမ့်မည်။

ဤစစ်ရေးကိစ္စကြီးတွင် မြို့စောင့် တပ်များ၏ အကြံအစည်ကို သူတို့ နည်းနည်းမျှ သတင်းမရခဲ့။ ဤအတွက် သူတို့နှစ်ယောက်ကို စီမာကမ်းစင်း ကျေနပ်လိမ့်မည်မထင်။ စီမာကမ်းစင်း မကျေနပ်လျှင် သေမင်းကို မျက်ခမှာက်ပြုသည်နှင့် အတူတူပင်ဖြစ်ပေလိမ့်မည်။

တုံးဆီတင်သည် စဉ်းစားရင်းပင် မွန်ဂိုများထံသို့ ပြန်တော့ရန် ဆုံးဖြတ်လိုက်သည်။

သူ့အနေဖြင့် ဤအမျိုးသမီးထံတွင်ရှိနေသော ခေါင်းကျွန်းဆဇာ မဟာသိုင်းကျမ်းကို အရယူမည်။ ပြီးလျှင် အသွင်ပြောင်းကာ မြို့တော်တွင်းမှာပင် ခဏမျှ ကိုယ်ယောင်ဖျောက်

နေမည်။ မွန်ဂိုများဝင်တိုက်လာလျှင် သို့မဟုတ် မြို့စောင့်တပ်များက ထွက်တိုက်၍ အခြေအနေများ ရှုပ်ထွေးလာလျှင် မြို့တော်အတွင်းမှ အသာလျှိုထွက်သွားမည်။

မြောင်စုပ်ဘက်သို့ တိမ်းရှောင်ကာ သိုင်းကျမ်းကို လေ့ကျင့်မည်။ ထို့နောက်တွင်ကား သူ့အတွက် တော်ရုံကိစ္စကို မှုစရာမလိုတော့။

တုံးဆိတင်သည် ဤသို့ဆုံးဖြတ်လိုက်ပြီး ချိန်တွင် အရှက်ဦးရောင်ခြည်ပင်ညန်းနေပြီ။

တုံးဆိတင်သည် အမျိုးသမီးအား အလျင်အမြန် မေးမြန်းရာ သူမ၏အိမ်သို့ ချက်ချင်းသွားယူရန် မဖြစ်နိုင်သေးသည်ကို တွက်မိသည်။ ထို့ကြောင့် အမျိုးသမီးကို ချုံတွင်းသို့ သွင်းလိုက်ကာ အိပ်ကြောကို ထိုးပိတ်လိုက်သည်။

အမျိုးသမီးသည် သူချထားသည့်အတိုင်းပင် အိပ်ပျော်သွားသည်။

ထိုအခါ ကိုယ်တိုင်လည်း အိပ်ချင်နေပြီဖြစ်သော တုံးဆိတင်သည် အမျိုးသမီးနှင့် မလှမ်းမကမ်းမှာပင် လှဲအိပ်ချလိုက်၏။

ဖြစ်သလိုနေ ဖြစ်သလိုစားသော အလေ့အကျင့်များပြီးဖြစ်သောကြောင့် သူလည်း ချက်ချင်းလိုပင် အိပ်ပျော်သွားလေသည်။

( ၃၃ )

ဖူးကိုးသည် မြို့မနောက်ဘက်တံခါးကိုဖြတ်၍ တာလေမြို့ဘက်သို့ ထွက်ခွာခဲ့ခြင်း ဖြစ်သည်။ ခံတပ်ရှေ့ဘက် ကိုက်လေးရာခန့် ခရီးမှာ သူ့အတွက် အလွန် ကြောက်မက်ဖွယ်ကောင်းသော ခရီးဖြစ်သည်။

ထိုခရီးအတွင်း၌ လျှို့ဝှက် ခြောင့်ကျင်းများသည် တင်းကြမ်း ပြည့်နေ၏။

ဖူးကိုးသည် သိုင်းပညာတွင် ထိပ်တန်းစာရင်းဝင်နိုင်သူ တစ်ယောက် ဖြစ်သော်လည်း ဤကိစ္စမျိုးတွင် အရဲမကိုးရဲပါချေ။ သူသည် ခွေးတစ်ကောင်ကဲ့သို့ လေးဘက်ထောက်

ကာလျှိုဝှက် ခြောင့်ကျင်းများကို ခက်ခဲစွာ ရှောင်ကွင်း၍ သွားခဲ့ရသည်။

သူသည် ဤခြောင့်ကျင်းများ၏ သတင်းကို သိပြီးသား ဖြစ်၏။ သို့သော် ဤမျှလောက် ပိရိသေသပ်၍ များပြားလိမ့်မည်ဟု မထင်ခဲ့။ ယခုကား မွန်ဂိုများသာ မြို့လေးသို့ တရကြမ်း ဝင်ရောက်တိုက်ခိုက်ခဲ့လျှင် ဤခြောင့်ကျင်း၊ ဆူးကျင်းများကြောင့် အပျက်အစီး အထိအခိုက်မှာ ကြောက်စရာကောင်းအောင် ရှိလိမ့်မည်ကို တွက်မိသ၏။

ဤအကြောင်းကို သေနာပတိ ဝိမာကမ်းစင်းအား ပြောဖြစ်အောင် ပြောရမည်ဟု သူ့စိတ်ထဲတွင် မှတ်လိုက်၏။

သူသည် ကိုက်လေးရာခန့်မျှ ခရီးကို လေးဘက်တွားကာ သတိကြီးစွာဖြင့် ကျော်ဖြတ်လာခဲ့ပြီးနောက် သန်းခေါင်ကျော် အချိန်လောက်တွင် မွန်ဂိုတပ်စခန်းအနီးသို့ ရောက်ရှိသွားသည်။

မွန်ဂိုကင်းသမားများသည် ကင်းစင်တွင် မရှိကြချေ။ သူတို့ကို မြို့စောင့်တပ်က လာရောက်တိုက်ခိုက်စရာအကြောင်း မရှိဟု ယူဆထားသောကြောင့် စိတ်ချလက်ချပင် ရှိနေကြသည်။

ဖူးကိုးသည် အော်ဟစ်သတိပေးပြီး တပ်စခန်းအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ ထိုအခါကျမှ မွန်ဂိုရဲမက်များ ပြေးလွှား ရောက်ရှိလာကာ သူ့ကို ဝိုင်းလိုက်ကြသည်။



ဖူးကိုးသည် သူ မည်သူမည်ဝါဖြစ် ကြောင်းနှင့် မည်သည့် တာဝန်ဖြင့် မြို့တော်တွင်းသို့ ဝင်ရောက်ရသည်တို့ကို ရှင်းပြ၍ တာဝန်ခံတပ်မှူးနှင့် တွေ့ခွင့်တောင်းရသည်။

မွန်ဂိုရဲမက်များသည် ပျံကျတစ်ဦးအသွင်ဖြင့် ရှိနေသော သူမျိုးကဲ့ ဖူးကိုးကို မယုံကြည်ကြပေ။ ထို့ပြင် အင်အားကြီးမားလှသော မွန်ဂိုတပ်တော်ကြီး တစ်ခုလုံးက ဖူးကိုးကို သိကြသည် မဟုတ်ရကား တာဝန်ခံတပ်မှူး ရောက်မလာမီ အခင် သုံ့ပန်းတစ်ဦးအလား သူ့ကို စောင့်ကြည့်နေကြ၏။

ခဏကြာသောအခါမှ အကြီးအကဲတစ်ဦး ရောက်လာသည်။ တာဝန်ခံတပ်မှူးကား မဟုတ်ချေ။ တပ်ဗိုလ်တစ်ဦးသာ ဖြစ်သည်။ သူက ဖူးကိုးကို တရားခံ တစ်ဦးကဲ့သို့ ကြည့်ရင်း....

'င၊ ယူဆောင်လာတဲ့ သတင်းတွေကို သေနာပတိကြီး ကိုယ်တိုင်နဲ့ တပ်မှူးချုပ်ကပဲ လက်ခံယူကြတယ်၊ ငါ့မှာ ပြောစရာတွေ ပါလာတယ်၊ မင်းက သူတို့ကိုယ်စား လက်ခံနိုင်မလား'

ခပ်မာမာပင် မေးလိုက်သည်။

'သေနာပတိကြီးရော တပ်မှူးချုပ်ရော မအားကြဘူး'

တပ်ဗိုလ်က အကြည့်လွှဲလိုက်ပြီး စကားကိုလည်း ဝေ့သည့် ကြောင်ပတ်နှင့် ပြောလိုက်၏။ ဖူးကိုးက...

'ဒါဆိုရင် ဝံပုလွေ ရောက်လာတဲ့အကြောင်း သတင်းပို့ပေးပါ'

'ကောင်းပြီ၊ ခင်ဗျား ဒီမှာပဲ စောင့်နေပါ'

တပ်ဗိုလ်သည် မကျေမနပ်နှင့် ခပ်ဆောင့်ဆောင့်ပြော၍ ထွက်သွားသည်။

ခဏကြာသောအခါ တပ်ဗိုလ်သည် ခပ်သုတ်သုတ် ပြန်လာလျ...

'လိုက်ခဲ့ပါ'

ပြောလျက် ရှေ့က ထွက်သွားသည်၊ ဖူးကိုးက ခပ်မှန်မှန်ပင် လျှောက်ကာ နောက်မှလိုက်သွားရာ ပေနှစ်ဆယ်ခန့်မျှ ကွာသွားသောအခါ တပ်ဗိုလ်သည် ရပ်စောင့်၏။ ဖူးကိုးနှင့် အေးချမ်းယှဉ်မိမှ ခပ်မှန်မှန် ဆက်လျှောက်ရင်း...

'သေနာပတိကြီးရော တပ်မှူးချုပ်ရော သူလျှိုသားအစ သုံးယောက် စစ်နေတယ်ဗျ၊ မြစ်ဟိုဘက်ကမ်း တာဝမ်မြို့က လို့ ပြောတယ်'

မမေးဘဲနှင့် ပြောသည်၊ ဖူးကိုးက...

'ကျုပ်တို့ဘက်က သူလျှိုလား'

'နှစ်ဖက်လွှတ်သွပဲ၊ အစကကတော့ မြို့စောင့် ဘပ်တွေ အတွက် လုပ်ပေးနေတာပေါ့၊ ဒီနေ့မနက်ကမှ ဝင်းချီမြို့ တပ်မှူးက ဖမ်းပြီး ပို့လိုက်တာ'

တပ်ဗိုလ်ကပြောပြီး ပခုံးတွန့်လိုက်၏။ ဖူးကိုးက ဘာမျှ ပြန်မပြောတော့။

အိပ်ဆောင် တန်းလျား များစွာကို ဖြတ်သန်းလာပြီးနောက် တပ်စခန်း၏ အလယ်ဗဟို နေရာသို့ ရောက်ရှိလာ၏။ ထိုနေရာတွင် စက်ဝိုင်းသဏ္ဌာန် ကွက်လပ်ကြီးတစ်ခုကို ဝါးလုံးများ ခိပ်စိပ်ကာရံလျက် ပြုလုပ်ထား၏။ စက်ဝိုင်းအလယ်



တွင် ဆိတ်သားရေများကို ဆက်၍ချုပ်ထားသော ဖျင်ဖြင့် မြေစိုက်တဲတစ်လုံး ပြုလုပ်ထားသည့် သေနာပတိကြီး၏ မြေစိုက် တဲနန်းပင် ဖြစ်သည်။

သေနာပတိကြီးသည် တဲနန်းရှေ့တွင် လက်တင်ပါသော ထိုင်ခုံ၌ ထိုင်နေ၏။ သူ့ရှေ့တွင် ခုံဝိုင်းငယ်တစ်ခု ရှိကာ အရက်ကရားတစ်လုံး၊ ကြွေကရားတစ်လုံးနှင့် မွေးဆတ်ငယ်ကို ကင်ထားသည့်အမြည်းမန်းကန်ကို တင်ထား၏၊ တပ်မှူးချုပ်သည် သေနာပတိကြီး၏ ညာဘက်တွင် လက်နှစ်ဖက်ကို ပိုက်၍ တောင့်တောင့် ရပ်နေ၏။

ခုံဝိုင်းငယ်၏ရှေ့ဘက် နှစ်လံခန့်မျှအကွာတွင် လက်ပြန်တုပ်ထားသော လူသုံးယောက် ရပ်နေ၏။ အသက်ကြီးကြီး ဝဝလူကြီး တစ်ယောက်နှင့် သူနှင့်ရုပ်ချင်းဆင်သော သက်လတ်ပိုင်းအရွယ် လူနှစ်ယောက်တို့ ဖြစ်၏။ သူတို့နောက်ဘွင် သေနာပတိကြီး၏ ကိုယ်ရံတော် တပ်ဗိုလ်သုံးယောက် ရှိ၍ သူတို့က တရားခံ သူလျှိုသုံးယောက်၏ လက်ပြန်ကြိုးစတစ်ဖက်စီကို ဆွဲကိုင်ထားကြသည်။

တရားခံများမှာ အင်္ကျီများ ချွတ်ထားသဖြင့် ကိုယ်ပေါ်မှ ဒဏ်ရာများစွာကို တွေ့မြင်နေရသည်။ သို့သော် တရားခံ သူလျှို သုံးယောက်စလုံးမှာ မျက်နှာခပ်တင်းတင်းနှင့်ပင် ရှိနေကြသည်။

ဖူးကိုး ရောက်သွားသောအခါ သေနာပတိကြီးက မြှင်ယောင် ပြုနေပြီး တပ်မှူးချုပ်ကသာ မေးဆတ်ပြသည်။

ဖူးကိုးက မြေကြီးပေါ်တွင် ဒူးထောက်၍ ဦးညွှတ် အ
အားသာ ပြုလိုက်ပြီး ထိုအတိုင်းပင် ထိုင်နေလိုက်သည်။
ဖူးကိုးကို ကြည့်နေသော တရားခံ သူလျှိုကြီးသည် ထူ
ကွဲရှတွင် ဒူးထောက် ဝိုက်သော တရုတ်အမျိုးသား ဖူး
ကို ရှုရှာသွားသည့်ဟန်ဖြင့် တံတွေးတစ်ချက် ထွေးထို
သည်။

'ကဲ....မင်း ခုနပြောတဲ့ အကြောင်းကို ဆက်ပြော
ပါဦး'

သေနာပတိကြီးက ပြောလိုက်၏။ သူလျှိုကြီးက....

'ဘာပြောစရာ လိုသလဲ၊ ကျုပ်တိုင်းပြည်နဲ့ ကျုပ်လူ
အတွက် လုပ်သင့်တယ်ထင်တဲ့ အလုပ်ကို ကျုပ်လုပ်တာ
အဲဒါ ခင်ဗျားတို့က သိသွားတယ်၊ ကျုပ်ကလဲ မငြင်းဘူး
ပြီးပြီပေါ့'

အလွန်တည်ငြိမ်သောအသံဖြင့် ပြောလိုက်၏။ ထိုအခါ
သေနာပတိကြီးကအလွန်နူးညံ့သော အသံဖြင့်....

'မဟုတ်သေးဘူးလေ၊ လွန်ခဲ့တဲ့လက စင်းချိုမြို့ဘက်
ရှိထားတဲ့ ကျုပ်တို့တပ်တွေကို ဖောက်ပြီးဝင်သွားတဲ့ လူရှုပ်
ယောက်အကြောင်းကို ပြောပါဦး'

အလွန်တော်တဲ့ တပ်မှူးတွေပဲ၊ ခင်ဗျားတို့ သေဝင်
တွေဆိုရင် မမှားပါဘူး၊ အဲဒီအထဲက တစ်ယောက်ထ
ခင်ဗျားမျက်လုံးတစ်လုံးကို ဖောက်ထုတ်ပစ်ခဲ့တဲ့ တပ်မှူးကြီး
ဟောင်း ဟိုမန်တာပဲ'



သူလျှိုလူကြီးက ပြောလိုက်ရာ သေနာပတိကြီး လှုပ်ရှား
သွားသည်။ သူသည် ဒေါ်ါးဝိုင်းသာသာ သားရေအနက်ဖြင့်
ဖုံးအုပ်ထားသော ဘယ်ဘက်မျက်လုံးကို ယောင်ယမ်း၍စမ်း
လိုက်ပြီး....

'ဟိုမန်တာ....ဒီကောင် မသေသေးဘူးလား'

မေးလိုက်၏။ သူလျှိုကြီးက....

'မျိုးချစ်ခေါင်းဆောင်တွေဟာ အမြဲတမ်း ရှင်သန်နေ
တာပဲ၊ ခုတစ်ခါ သူနဲ့ရင်ဆိုင်ရရင်တော့ ခင်ဗျားဟာ စုံလုံး
ကန်းဘဝနဲ့ တောင်းစားရတဲ့ဘဝကို ရောက်တော့မှာပဲ'

မကြောက်မရွံ့ ပြောလိုက်၏။ သို့သော် သေနာပတိကြီး
မှာ အမူအရာ ပျက်မသွားဘဲ....

'သူတို့ကို ခင်ဗျားပဲ ရှေ့ဆောင်လမ်းပြ လုပ်ပေးလိုက်
တယ်၊ ဒီလိုမဟုတ်လား'

'ဟုတ်တယ်'

'အင်း....အင်း....ဒါဖြင့်ရင် တခြားအချိန်တွေမှာ ကျုပ်
တို့တပ်တွေရဲ့ လှုပ်ရှားမှုတွေ ဆိုပါတော့လေ၊ စစ်ရေးသတင်း
တွေကို ဘယ်လိုပို့သလဲ'

'ဒါက ကျုပ်လိုလူတစ်ယောက်အတွက် ဖြေရမယ့်မေးခွန်း
မဟုတ်ဘူး၊ ဒါပေမယ့် ခင်ဗျား နားလည်ချင်ရင်တော့ ကျုပ်
နည်း ကျုပ်ဟန်နဲ့လို့ပဲ မှတ်လိုက်ပါ'

လူကြီးက ပြောပြီး နှုတ်ခမ်းတွန့်၍ပြုံးသည်။ ဆေနာ
ပတိကြီးက အရက်ကရားထဲမှ အရက်ကို ငှဲ့ဟန်ပြုလိုက်ရာ

တစ်မှုုးချုပ်က ကပျာကယာငွဲပေးလိုက်သည်။ သေနာပတိ
ကြီးက အရက်ခွက်ကိုကိုင်လိုက်ရင်း....

'ခင်ဗျားကိုယ်တိုင်တော့ ဟိုဘက်အထိမသွားနိုင်ပါ
ကြားခံ အဆက်အသွယ်နဲ့ပေါ့၊ ဟုတ်လား'

မေးလိုက်ရာ သူလျှိုလူကြီးက လှောင်ပြုံး ပြုံးလို
ပြီး....

'ကျုပ်ကို သငယ်နှပ်စားလေးလို့များ ထင်နေသ
သေနာပတိကြီး'

ပြန်၍မေးလိုက်၏။ ထိုအခါ သေနာပတိကြီးက
မဖြစ်သော်လည်း တစ်လျောက်လုံး ငြိမ်သက်စွာနားထော
နေခဲ့သော တပ်မှူးချုပ်မှာ ဒေါသကြောင့် မျက်နှာမေ
အကြောများ လှုပ်ရှားကာ နှုတ်ခမ်းမွှေးပင် တဆတ်ဆ
တုန်လာ၏။ သေနာပတိကြီးကမူ လေသံခပ်အေးအေး
ပင်....

'ကျုပ်တို့က ဇီဒလာက်တောင် စေ့စေ့စပ်စပ် ပိတ်
ထားလျက်နဲ့ ဖောက်ထွက်နိုင်အောင် စီစဉ်နိုင်တဲ့ ခင်ဗျာ
အရည်အချင်းကတော့ ချီးကျူးစရာပဲလေ၊ ဒါပေ
ဒါတွေကို ကျုပ်တို့မသိအောင်တော့ ခင်ဗျား မတတ်
ဘူး မဟုတ်လား၊ ဒီတော့ ကြားခံ အဆက်အသွယ်တေ
ခင်ဗျား ဖုံးကွယ်နေလို့လဲအပိုပဲလို့မှတ်လိုက်ပေတော့၊ကျုပ်
မှာပေါ ပေါ အောင်စစ်မှာကိုး'



ထိုအခါ သူလျှိုလူကြီးက ရင်ကော့လိုက်ပြီး တစ်စုံတစ်ခု
ပြောမည်ပြုသည်၊သို့သော်သေနာပတိကြီးကအလျင်ဦးအောင်
ပြောလိုက်သည်။

'နေပါဦးလေ၊ ကျုပ်ပြောတာ နားထောင်ပါဦး၊
ခင်ဗျားအနေနဲ့ အဆက်အရှယ်ကကြီးတော့ သခြင်းတရား
ကို ဆင်ခြင်နိုင်လို့ပဲဖြစ်ဖြစ်၊ တကယ် မကြောက်တတ်လို့ပဲ ဖြစ်
ဖြစ် သေဖို့အသင့်ပြင်ထားနိုင်ပါတယ်၊ ဒါပေမယ့်တယ်မိဘမှ
သားသမီးကို ဥပေက္ခာပြုနိုင်ဘူးလို့ ကျုပ်နားလည်ထား
ပါတယ်၊ ဒါပေမယ့် ဒီကိစ္စကို တစ်ကြိမ်မှစဉ်းသပ်မကြည့်ရ
သေးဘူးလေ၊ ပြီးတော့ အခု ကြုံကြိုက်တဲ့အချိန်မှာဒီကိစ္စကို
ကျုပ်က လက်တွေ့စမ်းသပ်ကြည့်ရတော့မှာပဲ'

'ကဲ'

သေနာပတိစီမာကမ်းစင်းက 'ကဲ' ဟုဆိုလိုက်သည်နှင့် အခန့်
ဆုံးတွင် ရပ်နေသော ကိုယ်ရံတော် တပ်ဗိုလ်က သူ့ရှေ့မှ
တရားခံသူလျှိုကို ရှေ့ဘက်သို့ ရုတ်တရက် တွန်းလိုက်သည်။
အတွန်းခံရသော တရားခံသူလျှိုမှာ ရှေ့ဘက်သို့ အရုပ်ကြီး
တစ်ရုပ်လို လဲကျသွားသည်။ ထိုသို့ ဖြစ်ရသည်မှာ တရားခံ
သူလျှိုများမှာ လက်ပြန်ကြိုး တုပ်ထားခြင်း ခံရသည့်အပြင်
ပေါင်ရင်းအထိ ရှည်သော ဝါးလုံးတစ်ချောင်းကို ခြေ
ထောက် နှစ်ဖက်ကြားတွင် ညှပ်၍ အချည်ခံထားရသော
ကြောင့် ဖြစ်သည်။

တရားခံသူလျှို အုန်းခနဲ မှောက်လျက် လဲသွားသည်နှင့်
တပ်ဗိုလ်က ဝါးပေါ်တွင် ညာခြေထောက်ကိုဖိနင်း၍တရားခံ

သူလျှို၏ ဆံပင်ကို ဘယ်လက်ဖြင့် ဆွဲဆုပ်ထားလိုက်သည်။ ထို့နောက် သူ့ခါးတွင်ရှိသော ဓားမြှောင်ကို ဆွဲထုတ်လိုက်ကာ တရားခံသူလျှို၏ ကျောကုန်းကို အလျားလိုက် ဆွဲရှလိုက်၏။

တရားခံသူလျှိုမှာ အားခနဲ တစ်ချက်အော်၍ ခါးကော့သွားသည်။

သို့သော် ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ခြင်းခံထားရသဖြင့် ထို့ထက် ပို၍လည်း မလှုပ်ရှားနိုင်ပေ။

ဖခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူကား အံကို တင်းတင်းကြိတ်ထားရင်း မျက်လုံးများကို မှိတ်လိုက်၏။

တပ်ဗိုလ်ကား ဤအလုပ်မျိုးကို အကြိမ်များစွာပြုလုပ်ဖူးသဖြင့် အထူးကျွမ်းကျင်သူဖြစ်ပုံရ၏။ ရှပ်ခနဲ သူ ခွဲချလိုက်သည်မှာ အရေပြားကိုသာခွဲသွားခြင်းဖြစ်၏။ တပ်ဗိုလ်သည် ထိုသို့ ခွဲချလိုက်ပြီးသည်နှင့် ဓားမြှောင်ကို ဓားအိမ်တွင်းသို့ ပြန်သွင်းလိုက်ကာ အရေပြားတစ်ဖက်ကို ဆတ်ခနဲဆွဲလှန်လိုက်သည်။

'အား'

တရားခံသူလျှိုမှာ မရုန်းနိုင်မကန်နိုင်နှင့် မချိမဆံ့ ခံစားလိုက်ရသဖြင့် စူးရှစွာအော်ဟစ်လိုက်၏။ အရေပြားမှာ တစ်ထွာခန့်မျှ လန်ထွက်သွားသည်ဖြစ်ရာ ဖွေးခနဲ ဖြစ်သွားသည်ကို မြင်ရသည်။ နောက်မှ ဆီးကင်းမျှရှိသော သွေးပေါက်များ စိမ့်ထွက်လာကာ ဆွဲအလှန်ခံရသော နေရာတစ်ပြင်လုံး သွေးများဖြင့် ဖုံးသွားသည်။



ထိုစဉ် သေနာပတိ စီမာကမ်းစင်းက အရက်ကို တစ်ငုံစာမျှ ငုံလိုက်ပြီး လှမ်း၍ထွေးထုတ်လိုက်၏။ သူ ထွေးထုတ်လိုက်သော အရက်သည် ရေပြွန်ငယ်ဖြင့် ပြင်းထန်စွာ မှုတ်ထုတ်လိုက်သကဲ့သို့ တရားခံသူလျှို၏ အရေပြား အလှန် ခံထားရသော နေရာသို့ တည့်မတ်စွာ ကျရောက်သွား၏။

'အား'

'အား....အား'

တရားခံသူလျှိုမှာ ဤမျှ ချုပ်ကိုင်ထားသည့်ကြားမှပင် ထွန့်ထွန့်လူးအောင် ရုန်းကန်ရင်း ထိတ်လန့်နာကျင်စွာအော်ဟစ်လိုက်သည်။

ထိုအခါ တပ်ဗိုလ်က လွှတ်ပေးလိုက်သည်။

တရားခံသူလျှိုသည် လိမ့်လိုက်၏။ ထိုအခါ အရေပြားအလှန်ခံထားရသောနေရာနှင့် အောက်မှ သဲများထိသဖြင့် လွန်မင်းစွာ စပ်ဖျဉ်းနာကျင်သွားရကာ ပြန်၍လိမ့်လိုက်ရပြန်၏။ တရားခံသူလျှိုမှာ မှောက်လျက်သားပင် ဖြစ်သွားရပြန်သည်။

တရားခံ သူလျှိုသည် နောက်ထပ် မလိမ့်ရဲ တော့ချေ။ တအင်းအင်းနှင့် ညည်းညူရင်း တစ်ကိုယ်လုံး တုန်ယင်နေသည်။

တရားခံသူလျှို၏ ဖခင်နှင့် အစ်ကိုဖြစ်သူမှာ မေးကြောကြီးများ ထောင်ထလာအောင် အံကိုကြိတ်ထားရင်းမျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ စီးကျနေသည်။

သေနာပတိ ဝိမာကမ်းစင်းက ခွက်ထဲတွင် ကျန်နေသော အရက်ကို မော့ချလိုက်ပြီး....

'ကျုပ် ခုနပြောတဲ့စကားတို့ ခွင်းချက်တောင် ထားရတော့မယ်နဲ့တူတယ်၊ နေပါဦး....ကျုပ် မေးစမ်းပါရစေဦး၊ အခုကောင်လေးက ခင်ဗျားနဲ့ရတဲ့သားပေါ့ ဟုတ်ရဲ့လား'

ပြောလိုက်ရာ သူလျှိုလူကြီးမှာ တစ်ကိုယ်လုံး တုန်ယင်သွားပြီးလျှင် သေနာပတိ ဝိမာကမ်းစင်းအား ဝါးစားတော့မည့်ကဲ့သို့ ကြည့်လိုက်၏။ သို့သော် စကားကိုကား တစ်ခွန်းမျှ ပြန်မပြောရချေ။

သေနာပတိ ဝိမာကမ်းစင်းက အရက်ခွက်ကို စားပွဲဝိုင်းပေါ်သို့ ပြန်တင်လိုက်ပြီး ဘာမျှ မထူးခြားသော မျက်နှာဖြင့်....

'အေးလေ....ခင်ဗျား ပြန်မပြောရင်လဲနေပါ၊ ဒါပေမယ့် ကျုပ်ကတော့ သေချာအောင် စမ်းသပ်ကြည့်ဦးမှာပေါ့၊ ကဲဟေ့....နောက်အရေပြားတစ်ဖက်ကို ဆွဲလှန်ပြီး စိုက်ထားတဲ့ မီးတိုင်တစ်ချောင်းက မီးနဲ့ ထိုးကြည့်လိုက်စမ်းပါဦး'

ခပ်အေးအေး ပြောလိုက်သည်။ ထိုအခါ တပ်ဗိုလ်က မှောက်လျက်သားပဲရှိနေသော တရားခံ၏ခါးပေါ်သို့ ညာခြေထောက်ကို တင်လိုက်သည်။ ထိုအခါ ပြောသမျှစကားများကို ကြားနေရသော တရားခံသူလျှိုမှာ ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်လိုက်သည်။ သို့သော် တပ်ဗိုလ်က လူ့ဆံပင်များကို ခေါင်းလန်သွားအောင် ဆောင့်ဆွဲလိုက်သောအခါတွင်မူ အော်သံရပ်သွား၏။



'ညီလေး....'

တရားခံသူလျှို၏အစ်ကိုက အက်ကွဲသောအသံဖြင့် ခေါ်လိုက်သည်။ ထိုလူမှာ မျက်ရည်များ စီးကျနေပြီဖြစ်၏။ သူက ခေါင်းအမောသားနှင့် မှောက်လျက်ဖြစ်နေသော ညီဖြစ်သူအားကြည့်ရင်း....

'ညီလေး....ဒီအလုပ်ကို စလုပ်ကတည်းက ကိုယ့်ကိုယ်ကို သေလူလို့ စာရင်းသွင်းပြီးသားပဲကွာ၊ ဘာပဲ ဖြစ်နေနေ သေခြင်းတရားလောက် ဘာမှ မဆိုးရွားပါဘူး၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် မြတ်သောသေခြင်းနဲ့သေပြီလို့သာ မှတ်ပြီး ခံလိုက်ပေတော့'

ပြောလိုက်၏။ ဤစကားများကား ခွန်အားသည်း ရှိလှ၏၊ တန်ဖိုးလည်း ကြီးလှ၏။ သို့သော် ပြောလိုက်သောစကားသံတွင် ငိုသံရောနေသောကြောင့် ဝါးနေ၏။

ဖခင်ဖြစ်သူမှာ အံကို အလွန်အမင်း ကြိတ်လေရာ တဂျစ်ဂျစ်အသံပင် ထွက်နေသည်။

လက်မရွံ့ တပ်ဗိုလ်ကား ဆွဲမလှန်ရသေးသော အရေပြားတစ်ဖက်ကို ဆွဲလှန်ရန်အတွက် ခါးကိုကုန်းလိုက်သည်။

'မလုပ်နဲ့....ရပ်လိုက်'

စူးရှအက်ကွဲသောအသံထွက်ပေါ်လာသည်။ လက်မရွံ့ တပ်ဗိုလ်က ခေါင်းကိုဆန့်၍ကြည့်လိုက်သည်။ အော်ဟစ်တားဆီးလိုက်သူကား ဖခင်ဖြစ်သူ အဘိုးကြီး ဖြစ်သည်။

သေနာပတိ ဝိမာကမ်းစင်းက မျက်နှာအပျက်ကြီးပျက်နေသော အဘိုးကြီးကိုကြည့်ရင်း....

'အင်း....ခင်ဗျားဟာ မျိုးချစ်တစ်ယောက် ဆိုတာသက် မိဘပိုပြီး ပီသတဲ့ လူပေပဲ၊ ကဲ....ကဲ....ခင်ဗျားရဲ့ ကြားခံ အဆက်အသွယ်ကို ကျုပ် သိပါရစေ'

လေသံအားကလေးနှင့် ပြောလိုက်၏။

'ကျုပ် ပြောပါ့မယ်ဗျာ၊ ပြောပါ့မယ်'

အဘိုးကြီးက အသက်ရှုမမှန်သော အသံမျိုးနှင့် ပြောလိုက်ပြီး ဆက်၍....

'သေနာပတိကြီးရဲ့တပ်တွေက မြို့တော်ပတ်ပတ်လည်မှာ အကြားအလပ်မရှိအောင်ကို ဖြစ်နေတာပဲ၊ ကျွန်တော့်အနေနဲ့ တင်းခေါက်နှင်းခေါက်ဖြစ်သွားဖို့ရတယ်သား၊ ထူးခြားတဲ့ စစ်ရေးသတင်းတွေရကိုင်း သွားပို့ဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး'

ထိုစဉ်....

'အဖေ....ကျွန်တော်တို့သုံးယောက်စလုံး သေရမှာပဲ၊ ဘာဖြစ်လို့ ဒါတွေကို ပြောရမှာလဲ၊ ကျွန်တော်ခံရပါတယ်၊ မပြောပါနဲ့'

ကျောကုန်းတစ်ဖက် အရေခွံ အလှန်ခံထားရသော သားငယ်က ဖျောက်လျက်သား ဖြစ်နေရာမှ ခေါင်းထောင်ကာ ပြောလိုက်သည်။ အဘိုးကြီးက သားငယ်ဘက်သို့ ခေါင်းလှည့်ကြည့်လိုက်ပြီး....

'မှန်တယ် သား'

ထို့နောက် သူက သေနာပတိ စီမာကမ်းစင်းဘက်သို့ လှည့်၍....



'အခုလို ဖွင့်ပြောတဲ့အတွက် ကျွန်တော့်ကို အခွင့်အရေး တစ်ခု တောင်းခွင့်ပြုပါ'

'ပြောပါလေ'

သေနာပတိ စီမာကမ်းစင်းက ခွင့်ပြုလိုက်သည်။ အဘိုးကြီးက....

'ကျွန်တော် သိသမျှအားလုံး အကုန်ဖွင့်ပြောခဲ့ရင်လဲ ကျွန်တော်တို့ကို သတ်မှာပဲဆိုတာ ကျွန်တော် သိပါတယ်၊ ဒီအတွက် အသက်ရှင်ခွင့်ကို မတောင်းချင်ပါဘူး၊ သတ်ပါ....ပါပမယ့် အဲဒီလို သတ်တဲ့နေရာမှာ ကျွန်တော့်ကို အရင်ဆုံး သတ်ပါ၊ ကျွန်တော့်သားတွေ အသတ်ခံရတာကို ကျွန်တော် မကြည့်ပါရစေနဲ့၊ ပြီးတော့ ကျွန်တော့်သားတွေကို အခုလို ညှဉ်းဆဲမနေဘဲ အမြန်ဆုံးသေအောင်သာ သတ်ပေးပါ'

ပြောလိုက်သည်။ စီမာကမ်းစင်းက....

'အင်း....တရားမျှတတဲ့ တောင်းဆိုချက်ပဲ၊ ကျုပ်က လိုက်လျောပါတယ်'

ပြောလိုက်ရာ အဘိုးကြီးက ကျေးဇူးတင်သော မျက်နှာဖြင့်....

'ဒါဟာ သေနာပတိကြီးရဲ့ ဆိုခဲ့စေ မြဲစေဆိုတဲ့ စကားကို ကျွန်တော် ယုံကြည်ပါတယ်၊ ကောင်းပါပြီ....ကျွန်တော် ဆက်ပြောပါမယ်'

အဘိုးကြီးက ပြောလိုက်ပြီး ဆက်၍....

'အဲဒီလို သေနာပတိကြီးတို့ကပ်တော့ ဝိုင်းရံထားတဲ့ မြို့လေးကို သတင်းပို့ဖို့ဆိုတာ ဟိုဘက်ဘယ်ကရော ဒီဘက်တစ်ကရော အသိအမှတ်ပြု လက်ခံနိုင်တဲ့ ကြားခံလူလိုပါတယ်၊ ကျွန်တော်ဟာ သေနာပတိကြီးတို့ရဲ့ ထူးခြားတဲ့ စစ်ရေးသတင်းတွေကို မပြတ်ပို့ဖို့အတွက် အဲဒီလိုလူမျိုးကိုပဲ အားကိုးရပါတယ်'

'ဟုတ်ပြီလေ....အဲဒီလို အသုံးပြုခဲ့တဲ့ လူတွေဟာ ဘယ်သူဆိုတာ ပြောပါ'

သေနာပတိ စီမာကမ်းစင်းက ဖြတ်ပြောလိုက်သည်။

အဘိုးကြီးက....

'ဒါကလဲ သူလျှိုလုပ်ငန်းဆိုတာ လူအများကြီးနဲ့လုပ်တော ပေါက်ကြားဖို့ လွယ်လေဆိုတာ သေနာပတိကြီး ပိုသိပါတယ်၊ စွမ်းရည်ထက်မြက်တဲ့ အတွင်းလူတစ်ယောက် နှစ်ယောက် ဒီလောက်ကိုပဲ အသုံးပြုတာ အကောင်းဆုံးပါပဲ'

'ဟုတ်ပါပြီ....ဘယ်သူလဲဆိုတာပဲ ပြောစမ်းပါ'

သေနာပတိကြီး စီမာကမ်းစင်းက စိတ်မရှည်တော့သလို ပြောလိုက်၏။ အဘိုးကြီးက....

'အဲဒီလူဟာ အခု သေနာပတိကြီးတို့ရှေ့မှာပဲ ရှိပါတယ်'

'ဘာ....ဘာပြောတယ်'

အဘိုးကြီး၏ စကားအဆုံးတွင် သေနာပတိ၏နှုတ်မှ တုန်လှုပ် အံ့ဩသည့်အသံမျိုး ထွက်ပေါ်လာသည်။ မည်သို့ပင်ဆိုစေ အဘိုးကြီး ပြောလိုက်သည့် စကားအဓိပ္ပာယ်မှာ ရှင်းနေသည်ဖြစ်ရာ ပြန်၍မေးလိုက်သော်လည်း မျက်လုံးအကြည့်



မှ အရှိန်ပြင်းစွာ ပစ်ခွင်းလိုက်သော မြားတစ်စင်းနှယ် ကိုးဆီသို့ ကျရောက်သွားလေတော့သည်။

ဖုးကိုးမှာ အံ့ဩမှုကြောင့် တောင့်တောင့်ကြီး ဖြစ်သွားသည်။ သူသည် သိုင်းကျမ်းစာအုပ် အရှုပ်တော်ပုံကြောင့် မျိုးကို သစ္စာဖောက်၍ မွန်ဂိုတို့နှင့် သွားရောက်ပူးပေါင်းသည်ကား မှန်သည်။

ယခု မွန်ဂိုတို့ကို သစ္စာဖောက်သော အလုပ်မျိုးကိုကား လုပ်ဘူးသေးချေ။ ထို့ပြင် သူ့အား နှစ်ဖက်ခွ သူလျှိုအဖြစ် ပြောဆိုလိုက်သော အဘိုးကြီးအား ယခုတစ်ကြိမ်သာလျှင် တွေ့ဖူးသေးသည် မဟုတ်ပါလော။

ထိုစဉ် အဘိုးကြီးက သူ့ဘက်သို့ ခက်ခက်ခဲခဲ လှည့်ကြည့်လိုက်ပြီး....

'ကျုပ်တို့ဘားအဖ သက်ငက်သာသာ သေရေးအတွက် ပ်များအပေါ်မှာ သစ္စာဖောက်လိုက်ရတာ စိတ်မကောင်း ဘူး၊ ကျုပ်ကို ကျုပ်ကို ခွင့်မလွှတ်ပါနဲ့ဗျာ'

အလွန့်စိတ်ထိခိုက်သောပုံဖြင့် ပြောလိုက်၏။

ဖုးကိုးမှာ ထိုအချိန်အထိ စကားမပြောနိုင်သေးချေ။ သာလျှင် မဟုတ်၊ တခြား ဘယ်သူမှလည်း စကားမပြော နိုင်ကြသေးချေ။

သေနာပတိ စီမာကမ်းစင်း၊ တပ်မှူးချုပ်နှင့် တပ်ဗိုလ် ယောက်တို့၏ အကြည့်များက ဖုးကိုး၏ မျက်နှာပေါ်သို့ ကျနေသည်။

ဖူးကိုး၏မျက်နှာမှာ ချက်ချင်း သွေးဆုတ် ဖြူရော်သွားသည်။ သူသည် တုံးဆီတင်လောက် ညာဏ်နီညာဏ်နက်များ ထက်သူ မဟုတ်ချေ။ ယခု မထင်မှတ်ဘဲ ဟုတ်တယ်လည်း မဟုတ်ရဘဲ နှစ်ဖက်ခွ သူလျှိုအဖြစ် စွပ်စွဲခြင်း ခံလိုက်ရသောအခါ မည်သို့ ရှင်းပြ၍ ဤအကျပ်အတည်းမှ မည်သို့ ရုန်းထွက်ရမည်ကို လုံးဝပင် မစဉ်းစားတတ်တော့ချေ။

'ခင်....ခင်ဗျား....ခင်ဗျား'

ကြာမှ ဖူးကိုးက အယောင်ယောင် အမှားမှား ပုံစံနှင့် အတိုးကြီးကို လက်ညှိုးထိုးရင်း ပြောလိုက်သည်။

အတိုးကြီးကား အလွန် ငယ်နေသော မျက်နှာသေကလေး နှင့်....

ခင်ဗျား ဒီကိုရောက်လာတာ ကျုပ်တို့ သားအဖ အုံးယောက်ကို ကယ်နိုင်မလားဆိုပြီး ရောက်လာတယ် ဆိုတာ ကျုပ် နားလည်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်ဘက်က စဉ်းစားကြည့်ပါ၊သားတစ်ယောက်လုံးကို....ဟင်း....ဟင်း ကျုပ်ဟာ သစ္စာဖောက်ပါ၊ သစ္စာဖောက်...သစ္စာဖောက်

အတိုးကြီးမှာ ပြောရင်း မချိတင်ကဲ ဖြစ်လာပုံဖြင့် နောက်ဆုံးစကားများကို ကျိတ်မနိုင် ခဲမရဖြစ်စွာ ပြောလိုက်၏။

'အင်း...ခင်ဗျားတို့သား အဖသုံး ယောက်ဟာ သက်သေ ...သာ ...သနိုင်ခွင့်နဲ့ ထိုက်တန်သွားပါပြီ'

မွန်ဂို သေနာပတိ စီမာကမ်းစင်းက အလွန် အေးစက်သော အသံဖြင့် ဖြည်းညင်းစွာ ပြောလိုက်၏။



'သေနာပတိကြီး....ကျွန်တော်မျိုးရှင်းပြပါရစေ၊ဒီလူ့ကို ကျွန်တော်မျိုး....'

ဖူးကိုးက လက်အုပ်ချီလျက် အကြောက်အကန် လေသံဖြင့် ပြောလိုက်၏။ သို့သော် သူ့စကားမဆုံးမီ သေနာပတိ စီမာကမ်းစင်းက လက်ကာပြလိုက်ပြီး

'တော်ပြီလေ....အသနားခံတဲ့ စကားတွေရော ရှင်းပြတာတွေရော မင်းပြောဖို့ မလိုတော့ပါဘူး၊ မင်းဘာတွေပြောရမယ် ဆိုတာကို တပ်မှူးချုပ်က မေးပါလိမ့်မယ်'

ပြောလိုက်ပြီး တပ်မှူးချုပ်ဘက်သို့ ခေါင်းငဲ့၍ ကြည့်လိုက်ပြီး....

'ခင်ဗျားဟာ လူယုတ်မာကြီးပဲ'

ဖူးကိုးက အတိုးကြီးကိုကြည့်၍ ပြောလိုက်ရင်း အတိုးကြီး ရှိရာသို့ ခုန်လိုက်ကာ မျက်နှာကို ညာလက်ဝါးဖြင့် အားကုန်ရိုက်ချလိုက်သည်။

သို့သော် ဤအခိုက်မှာပင် တပ်မှူးချုပ်ကလည်း ခုန်ထွက်သွားလိုက်ကာ ဖူးကိုး၏ ညာလက်ဝါးချက်ကို သူ့ညာလက်ဝါးနှင့် ခံဆောင်လိုက်၏။

'ဖုန်း....'

တစ်စုံတစ်ခု ပေါက်ကွဲသည့်အလား ပြင်းထန်သည့် ရိုက်ချက်သံ ထွက်ပေါ်လာသည်။ ထို့နောက် တပ်မှူးချုပ်ရော ဖူးကိုးပါ နောက်ဘက်သို့ နှစ်လှမ်းမျှ လွင့်စဉ်သွားသည်။

တပ်မှူးချုပ်၏မျက်နှာတွင် အံ့ဩသည့် အရိပ်အယောင် ချက်ချင်း ပေါ်လွင်လာ၏။

တပ်မှူးချုပ်သည် ဖူးကိုးကဲ့သို့ အမျိုးသစ္စာဖောက် တစ်ဦးအား များစွာအထင်မကြီးခဲ့ချေ။ ယခုကား ထိုသူ သည် ဘုန့်အတွင်းအားချင်း အဆင့်တူ ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် ယိုကဲ့သို့ ဖူးကိုး၏ အဆင့်မြင့်မားမှုကို တွေ့လိုက်ရ သောကြောင့် နှစ်ဖက်ခွသူလျှိုလုပ်သည်ဆိုသော အထင်မှာ လည်း ပိုမို၍ခိုင်မြဲသွားလေသည်။

'ခြေ...မင်းက မဒေပါလား'

တပ်မှူးချုပ်က ပြောရင်း ရှေ့သို့လှမ်းလိုက်၏။ ဖူးကိုးက ပတ်ဝန်းကျင်ကို စေ့စေ့ကြည့်လိုက်ပြီး နောက်သို့ ထပ် လှမ်း ဆုတ်လိုက်၏။

သေနာပတိစီမာကမ်းစင်းမှာ ဘာမျှမဖြစ်သကဲ့သို့ အရက် တစ်ခွက်ကို ခပ်အေးအေးငှဲ့လိုက်၏။ ထိုစဉ် အုန်းအုန်းဒိုင်းဒိုင်း အသံကြီးများ ရုတ်တရက် ထွက်ပေါ်လာသည်။ အထူး သွေးအေး၍ တည်ငြိမ်လှသော သေနာပတိ စီမာကမ်းစင်း ပင်လျှင် ထိုအသံကြီးကြောင့် ငှဲ့နေသော အရက်ကရားမှာ ခွက်အပြင်သို့ ချော်သွားသည်။ ဖူးကိုးနှင့် တပ်မှူးချုပ်မှာ လန့်၍ ခုန်မိသွားကြသည်။

လူပေါင်းများစွာ၏ မြေကြီးကို ဆောင့်နင်း၍ ပြေးလာ ကြသံ၊ ကြောက်မက်ဖွယ်ရာ အော်ဟစ်လိုက်သံများ၊ ဤအသံ များမှာ တစ်လုံးတည်းပေါင်းစည်းကာ မုန်တိုင်းနှင့် ထိုင်း လုံးကြီးများ တစ်ပြိုင်တည်းလိမ့်ဝင်လာသကဲ့သို့ ပေါ်ထွက် နေ၏။



လက်မ၌ တပ်ဗိုလ် သုံးယောက်မှာ ဘာမှန်းမသိဘဲ ကျိုး သို့ ကြောင်ကြည့်နှင့် ဟိုပြေးတော့မလို သည်ပြေးတော့ မလို ဖြစ်နေသည်။

ဘာဖြစ်သည်ကို ပထမဆုံးသိသူမှာ သေနာပတိ စီမာ ကမ်းစင်းပင် ဖြစ်သည်။ သူက အရက်ကရားကို ချလိုက်ပြီး...

'ရန်သူပဲ'

ပြောလိုက်၏။ ထို့နောက် ဤကိစ္စမှာ ဖူးကိုး၏ အကြံ အစည်ပင် ဖြစ်ရမည်ဟု တွက်လိုက်ပြီး....

'တယ်ဟုတ်တဲ့ ဝံပုလွေကောင်ပါလား၊ ဒီကောင့်ကို အမိ ဖမ်း'

အမိန့်ပေးလိုက်၏။ သို့သော် ထိုအခိုက်မှာပင် ဖူးကိုးမှာ ပျောက်နေသည်ကို သိလိုက်ပြီး ဖြစ်သောကြောင့် သူ့ရှေ့တွင် ရပ်နေသော တပ်မှူးချုပ်ကို အရှိန်ပြင့်ပြေးဝင်၍ ခေါင်း တိုက်လိုက်သည်။

'ဖုန်း....'

'အွန့်'

တပ်မှူးချုပ်မှာ ပက်လက်လန်ကျသွားကာ ခန္ဓာကိုယ် တစ်ခုလုံး ကွေးကောက်ပြီး လူးလိမ့်နေ၏။

ဖူးကိုးမှာမူ တွေးလုံးချစ်ပတ်ကျသွားရာမှ ခုန်ထလိုက်ကာ ရှိသားသော မီးတိုင်များနှင့် ဗားကာတန်းများကို ခုန် ကျော်ထွက်သွားသည်။

သေနာပတိ စီမာကမ်းစင်းက အရက်ခွက်ဖြင့် ပစ်ထိုး
သည်။ ပြင်းထန်းစွာ လွင့်ပျံသွားသော အရက်ခွက်
ဖူးကိုးကို ထိမှန်၏။

သို့သော် ထင်ပါးဆုံးနေရာကို ထိမှန်သောကြောင့်
မှာ ယိမ်းယိုင်သွားရုံမျှသာရှိပြီး လဲမကျဘဲ ဆက်၍ပြေး
သည်။

စီမာကမ်းစင်း ခုန်လွှား၍လိုက်သည်။

ထိုအခါ လက်ဖျံ့တပ်ဗိုလ် သုံးယောက်လည်း
သူလျှိုများကိုအား၍ စီမာကမ်းစင်းနောက်သို့ ပြေး
သွားကြတော့သည်။

'အဖေ'

သူလျှိုသား အကြီးကောင်က ခေါ်လိုက်သည်။

'သိတယ်သား'

အဘိုးကြီးက ပြောလိုက်ပြီး တောင့်တောင့်ကြီး
ရသည့် အာနအထားမှာပင် ခြေချောင်းကလေးများ၏
ဖြင့် ခုန်လိုက်ကာ ပြန်အကျတွင် ညွှတ်၍ ထိုင်ချလိုက်သည်။

အဘိုးကြီး ကိုးရိုးကားရား လဲကျသွား၏။

သို့သော် ခြေထောက်နှစ်ချောင်းကြားတွင် ညှပ်ချည်
သော ဝါးလုံးမှာ ခုန်၍ ဆောင့်ထိုင်ချလိုက်သော အ
အပေါ်သို့ နှစ်ပေခန့်မျှ တက်လာ၏။

ချည်ထားသော ကြိုးများမှာလည်း အနည်းငယ်
သွားရာ အဘိုးကြီးက ဒူးကိုကွေးလိုက်ပြီး ကျောဘက်
ချည်ထားခံရသော လက်နှစ်ဖက်ကို ရှေ့ဘက်သို့ရောက်



သုပ်လိုက်၏။ ထို့နောက် ဝါးလုံးကို ဆွဲနုတ်လိုက်ပြီး လက်
ကောက်ဝတ် နှစ်ဖက်မှ ကြိုးများကို သွားဖြင့်ကိုက်၍ ဖြေ
သည်။

ထိုအခါ ဖခင်ဖြစ်သူ၏ နည်းအတိုင်း သားကြီးဖြစ်သူက
သည်း လိုက်၍ ပြုလုပ်လေတော့သည်။

အဘိုးကြီးသည် လက်မှကြိုးများ ပြေသွားသည်နှင့် ခြေ
ထောက်မှ ကြိုးများကို လျှင်မြန်စွာဖြေလိုက်ပြီး မှောက်လျက်
သား ဖြစ်နေသော သားငယ်ဆီသို့ လျင်မြန်စွာ ပြေးသွား
နောက် ချည်နှောင်ထားသော ကြိုးများကို ဖြေတော့သည်။
သားငယ်၏ကိုယ်မှ ကြိုးများပြေသွားချိန်တွင် သားကြီးဖြစ်
လည်း သူ့ဘာသာပင် ကြိုးများကို ဖြေပြီးသွားပြီ ဖြစ်
သည်။

အဘိုးကြီးက သားငယ်ကို ထမ်းမည်ပြုသည်။

'ရတယ် အဖေ'

သားငယ်က ပြောလိုက်ပြီး ထရပ်လိုက်ပြီး သူ့ခြေထောက်
င် တွဲချည်ထားသည့် ဝါးလုံးကို ကောက်ကိုင်သည်။

ထိုအခါ အဘိုးကြီးနှင့် သားကြီးကလည်း ဝါးလုံးများ
ကောက်ကိုင်လိုက်ကြတော့သည်။

ထိုအချိန်တွင် အလစ်အငိုက် ဝင်တိုက်ခိုက်ခံရမှုကြောင့်
ဆောင်များအတွင်းမှ ထွက်ပြေးလာခဲ့ကြသူများမှာ ကာ
သော ဝါးလုံးတန်းများ၏ အပြင်ဘက်တွင် ဥဒဟို ပြေး
နေကြသည်။

သားအဖသုံးယောက် တစ်ယောက်ကိုတစ်ယောက် ပြုံး
လိုက်ကြသည်။

ထို့နောက်....

'အမျိုးယုတ်တွေ...သေပေတော့ဟေ့'

'ယား'

အော်ဟစ်ကြုံးဝါးလိုက်ကာ ရင်ပေါင်တန်း ပြေး
လျက် ဝါးလုံးတန်းကို ခုန်ကျော်ထွက်သည်။ ထို့နောက်
ဆိုင် တွေ့သမျှ မွန်ဂိုစစ်သည်များကို တရစပ် ရိုက်နှက်
ခုတ်ထစ် အော်ဟစ်သံများ ဆူညံနေသော တပ်စခန်းအ
ဘက်ဆီသို့ ပြေးသွားကြလေတော့သည်။

( ၃၄ )

ရန်သူ့တပ်စခန်းများကို လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်ပြီး ပြန်လာကြသော ရဲမက်များကို ခံတပ်သို့အရောက်တွင် စစ်ဆေးရေတွက်သောအခါ၌ တပ်မှူးရှင်ချိတင်သည် သူတို့အား ကူညီခဲ့ဖူးသော ဝန်ချီတိုင်တို့သားအဖသုံးယောက်နှင့် အံ့သြဝမ်းသာ တွေ့ရလေတော့သည်။

ဝန်ချီတိုင်တို့ သားအဖသုံးယောက်က ဖြစ်ခဲ့သမျှနှင့် သေကောင်းမပျောက်ကောင်းအကြောင်း တိုက်ဆိုင်ကာ လွတ်မြောက်လာခဲ့ကြပုံကို ပြောပြသည်။

သူတို့ သားအဖသုံးယောက် ပြောသမျှကို တပ်မှူး ရှင်ချိတင်နှင့် တပ်ဗိုလ်များအပြင် ဟိုမင်တင်နှင့် အဘချုပ်တို့ကပါ စိတ်တသတ်သတ်နှင့် နားထောင်နေကြသည်။ တပ်ဗိုလ်လေးယန်မှာ နားထောင်ရင်း စုတ်သပ်လိုက်၊ ထောက်ခေါက်လိုက်၊ ဆံရေးတိုင်းထွာလိုက်နှင့် ဖြစ်နေသည်။ ထိုစဉ် အကြုပ်ကြီးတစ်ဦးနှင့် ရဲမက်ငါးယောက်က လူတစ်ယောက် ခေါ်လာပြန်သည်။

'အဲဒီလူက ကျွန်တော်တို့ ဆုတ်လာတဲ့တပ်နဲ့အတူ ပါလာပြီး မြို့ထဲကို ထွက်ပြေးဖို့ လုပ်နေတုန်း ဖမ်းမိလို့ ခေါ်လာတာပါ တပ်မှူး'

အကြုပ်ကြီးက သတင်းပို့ပြီး ဆပ်သည်။

ထိုလူမှာ အလွန်စုတ်ချာညစ်နွမ်းသော အဝတ်အစားများကို ဝတ်ထားသည့် ဖူးကိုးပင်ဖြစ်သည်။

ဖူးကိုးကိုတွေ့ရသော ဝန်ချီဟွိုင်တို့ သားအဖသုံးယောက်မှာ အံ့အား သင့်နေသည်။ ဖူးကိုးမှာမူ ဤတစ်ကြိမ်တွင်တော့ သစ္စာဖောက်သူလျှိုလုပ်မှုကြောင့် သေဖြစ်ပြီဟု စိတ်တုံးတုံး ချလိုက်ပုံပေါ်သည်။ ခေါင်းငိုက်စိုက်ချ၍နေသည်။

တပ်မှူးရှင်ချိတင်မှာ ဖူးကိုးကို ပျံကျကြီးတစ်ဦးဟုပင် ထင်ကာ မစစ်ဆေးသေး။

အနေပြား အနှောင်ထားရစေသော ဒဏ်ရာကြီးနှင့် ရှိနေသည့် ဝန်ချီတိုင်၏သားငယ် ဝန်ချီ၏ဒဏ်ရာကို သူကိုယ်တိုင် ပြုစုပေးရန် ပြုလုပ်နေသည်။



'မင်းဒဏ်ရာက အရက်နဲ့ဆေးပစ်မှ ကောင်းမယ်နဲ့တူတယ်၊ နောက်တစ်ခေါက်ကပေါ့ကွာ စပ်တော့စပ်မှာပေါ့၊ မနက်ကျတော့ သမားတော်ကြီး တစ်ဦးဦးဆီ ပို့ပေးပါ့မယ်၊ ဘယ့်နှယ်လဲ'

ရှင်ချိတင်က မေးသည်။ ဝန်ချီက...

'မားနဲ့ခွဲပြီး အရေပြားတောင် အဆုတ်ခံခဲ့ပြီးပြီပဲတပ်မှူး ဆုလုပ်စမ်းပါ'

ရှင်ချိတင်က ဝန်ချီ၏ ဒဏ်ရာမှ သွေးစေးနှင့် သဲများကို အရက်နှင့် ဆေးချသည်။ သဲများမှာ အတော်ပင် ကပ်နေသည်ဖြစ်ရာ စင်ကြယ်အောင် အရက်ကို လောင်းချ၍ အဝတ်စတစ်ခုဖြင့် ပွတ်ပေးရသည်။ ဝန်ချီမှာ အံကြိတ်ထားရင်း အသားတဆတ်ဆတ် တုန်နေသည်။ မျက်နှာပေါ်တွင်လည်း ချွေးသီးချွေးပေါက်ကြီးများက ချက်ချင်း စို့ထွက်လာ၏။

တပ်ဗိုလ် လေးယန်မှာ ဝန်ချီကိုကြည့်ရင်း မွန်ဂိုသားနာပတိကို ရည်ရွယ်ကာ ညစ်ညစ်ညမ်းညမ်း ဆဲရေးတိုင်းထွာနေသည်မှာ ဒဏ်ရာမှ ဝေဒနာကို ကြိတ်မှိတ် ခံစားနေရသည့် ဝန်ချီပင် ရယ်မိလိုက်သည်အထိ ဖြစ်တော့သည်။

'နားငြီးလိုက်တာ လေးယန်ရာ တော်ရာသွားနေစမ်းပါ'

တစ်ယောက်နှင့်တစ်ယောက် အလွန် ခင်မင်ရင်းနှီးနေပြီဖြစ်သော အဘချုပ်က ပြောလိုက်သည်။

'မဟုတ်ပါဘူး အဘချုပ်ရယ်၊ ကြည့်စမ်းပါဦး၊ ဘယ်လောက်တောင် လူမဆန်သလဲလို့'

တင်ဗိုလ်လေးယန်ကားမလျှော့ တတွတ်တွတ် ပြောနေသည်။

ဝန်ချီ၏ ဒဏ်ရာပေါ်မှာ ဖုန်၊ သဲများ စင်သွားသော အခါ တပ်မှူးရှင်ချီတင်က ဆွဲအလှန်ခံရသော အရေပြားတို ပြန်ဆွဲဖုံးသည်။ သို့သော် အရေပြားနှစ်ဖက်မှာ ဓားနှင့် ခံရသည့်အတိုင်း ပြန်လည် ထိစပ်ခြင်းမရှိဘဲ လက်နှစ်လုံး လောက် ဟနေသည်။

'ဒီအတိုင်းလုပ်လို့ မရဘူးနဲ့တူတယ်'

တပ်မှူးရှင်ချီတင်က သူ့ဘာသာလုပ်ရင်း သံသယဖြင့် ပြောလိုက်သည်။

'အင်း....သမားတော်ဆီပို့တာ အကောင်းဆုံးဖြစ်မယ်'

အဘချွန်က ကြည့်နေရင်းပင် ဝင်ပြောသည်၊ တပ်မှူး ရှင်ချီတင်က သက်ပြင်းချရင်း....

'ဟုတ်တယ်၊ မိုးလဲ လင်းပါပြီ၊ ကဲ....ဒီလိုလုပ်၊ ကုချင်း ပန်နဲ့ ဟာရှမ်းရိက ဝန်ချီကို ခေါ်သွား၊ အာရှပိုင်းဈေးရှေ့ တောင်ဘက်လမ်းထဲမှာ သမားတော်ကြီးတစ်ဦး ရှိတယ်၊ နာမည်မကြီးပေမယ့် ဓားဝါးကိစ္စမှာ တကယ်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ပဲလို့ ငါ့ဆရာကိုယ်တိုင်က ပြောဖူးတယ်၊ မေးမြန်း ပြီး အဲဒီမှာ ကုခိုင်းပါ'

ရှင်ချီတင်က ပြောလည်းပြော၊ လက်ကလည်း ဝန်ချီ၏ ဒဏ်ရာကို အဝတ်စသန့်သန့် တစ်ခုဖြင့် တစ်ကိုယ်လုံး ပတ်၍ စည်းနှောင်ပေး၏။ ဝန်ချီတိုင်နှင့် ဝန်မင်ဘက်သို့လှည့်ကာ....

'ခင်ဗျားတို့ရော လိုက်သွားမလား'



'ဟင့်အင်း'

ဝန်ချီတိုင်က ပြောသည်။

'ကျွန်တော်လိုက်သွားပါရစေ တပ်မှူး'

ဟိုမင်တင်က ပြောလိုက်သည်။ ရှင်ချီတင်က ခဏမျှ စဉ်းစားပြီးမှ....

'အင်းလေ....ညီလေးလဲ ဒီရောက်မှ မြို့တော်ထဲကို တစ် ခေါက်တောင် မရောက်သေးဘူး မဟုတ်လား၊ လိုက်သွား ပေါ့'

ခွင့်ပြုလိုက်သည်။ ဟိုမင်တင်က....

'အဘချွန်ရော'

'ငါမလိုက်တော့ဘူးကွ လူလေးရ၊ အမှန်အတိုင်း ပြော ရရင် ငါတော်တော် ပင်ပန်းနေပြီ၊ ဒီမှာပဲ ကောင်းကောင်း နားလိုက်ဦးမယ်'

အဘချွန်က ပြောသည်။ သို့ဖြင့် ခဏကြာသောအခါ တင်ဗိုလ် ကုချင်းပန်၊ ဟာရှမ်းရီနှင့် ဟိုမင်တင်တို့က ဝန်ချီ ကို ခေါ်၍ ထွက်ခွာသွားကြသည်။

သူတို့လေးယောက် ထွက်ခွာသွားပြီး နောက်တွင်....

'တပ်မှူး....ဒီလူဟာ သူလျှိုတစ်ယောက်ပဲဗျ၊ ဒါပေမယ့် ဒီလူနဲ့ပတ်သက်လို့ တပ်မှူး တတ်နိုင်ရင် အပြစ်မလုပ်ဖို့ ကျုပ် တောင်းပန်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် အစောက ပြောပြခဲ့တဲ့အတိုင်းပဲ ကျုပ်တို့သားအဖတွေ အသက်ချမ်းသာရ ရခဲ့တာဟာ ဒီလူကြောင့်မို့ပါ'

အဘိုးကြီး ဝန်ချီတိုင်က ခေါင်းငိုက်စိုက်ချ၍ ထိုင်နေ သော ဖူးကိုးကို လက်ညှိုးထိုးရင်း ပြောလိုက်သည်။ ထိုစကား ကို ကြားလိုက်ရသော ဖူးကိုးမှာ အလွန်အံ့အားသင့်သွား ဖြင့် ဆတ်ခနဲ ခေါင်းမော့ပြီး အဘိုးကြီး ဝန်ချီတိုင်ကို ကြည့်နေသည်။

ဖူးကိုးမှာ တကယ်တွင် ဝန်ချီတိုင်ထက်ပင် အသက်ကြီး သေးသည်။ ဝန်ချီတိုင်ကို ကြည့်နေသော ဖူးကိုး၏မျက်လုံး များမှ မှိုင်းဝေ၍လာကာ နှုတ်ခမ်းများက တဆတ်ဆတ် တုန်လာသည်။ ထို့နောက် အလွန်ပင် စိတ်ထိခိုက်တုန်လှုပ် သော လေသံဖြင့်....

'ကျုပ် သိပ်မှားခဲ့ပြီ၊ ကျုပ်ဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် လောက်က ကျုပ်အသက်ဘေးအတွက် တွက်ပြေးရင်း မွန် တွေဘက်ကို ရောက်သွားတာပဲ၊ အခု မွန်ဂိုမြို့တော်ကို ချီတက်လာတော့ ကျုပ် ပါလာခဲ့တယ်၊ ကျုပ်ဟာ ဒီမြို့ တော်မှာ ကျင်လည်ခဲ့ဖူးတဲ့ တရုတ်အမျိုးသား တစ်ဦးပဲ တော့ ကျုပ်နဲ့ ဖုံးဆီတင်ဆိုတဲ့လူကို မြို့စောင့်တပ်တွေ စစ်သတင်းတွေ ယူဖို့ ပျံကျကြီးတွေ ပုံသဏ္ဍာန်နဲ့ မြို့တော် အတွင်းကို စေလွှတ်ခဲ့တယ်၊ ကျုပ်တို့နှစ်ယောက်က ဒီဘက် က စစ်သတင်းတွေကို မွန်ဂိုသေနာပတိနဲ့ တပ်မှူးချုပ်ဆီ ပို့ခဲ့တယ်၊ ကျုပ် ဝန်ခံပါတယ်၊ ကျုပ် သိပ်မှားခဲ့တယ်၊ တကယ်တော့ ကျုပ်ဟာ ကျုပ်အသက်တစ်ချောင်းကို ငဲ့ပြီး အမျိုးကို သစ္စာဖောက်ခဲ့တဲ့သူပဲ၊ ကျုပ် နားလည်သွားပါပြီ၊ ဒါပေမယ့် ကျုပ်အပြစ်တွေကို ခွင့်လွှတ်ဖို့ ကျုပ် မတောင်း



ပါဘူး၊ ဆန်ကုန်မြေလေး တိုင်းပြည်နဲ့လူမျိုးကို ဒုက္ခပေး တဲ့ ကျုပ်ကို သေဒဏ်ပဲ ပေးလိုက်ပါတော့'

ဆက်တိုက်ကြီး ပြောလိုက်သည်။ တပ်မှူး ရှင်ချီတင် က....

'စစ်ဖြစ်နေတဲ့ အချိန်မျိုးမှာ တပ်မှူးတစ်ယောက်အနေနဲ့ ဇွန်ကန်သစ္စာဖောက်မှု သူလျှိုမှုတွေအတွက် သေဒဏ်ပေး ကွပ်မျက်နိုင်တဲ့ အခွင့်အာဏာမျိုး ရှိပါတယ်၊ ဒါပေမယ့် နောင်တတရားနဲ့ ဝန်ခံပြောဆိုနေတဲ့ ခင်ဗျားလို လူမျိုးကို တော့ ကျုပ် အဲဒီလို မလုပ်ချင်ပါဘူး၊ ကျုပ်အနေနဲ့က ခွင့်လွှတ်ပြီး လွှတ်ပေးလိုက်ချင်တဲ့ စိတ်မျိုး ဖြစ်နေတာလဲ အမှန်ပါပဲ၊ ဒီက ကျုပ်မိတ်ဆွေကြီးကလဲ ခင်ဗျားအတွက် ပြောဆိုပေးနေတာကို၊ ဒါပေမယ့် အဲဒီလို လွှတ်ပေးနိုင်တဲ့ အခွင့်အာဏာမျိုးကျတော့ ကျုပ်မှာ မရှိပါဘူး၊ ဒီတော့ ခင်ဗျားကို သက်ဆိုင်ရာ အာဏာပိုင်တွေဆီကို အပ်ရမှာပဲဖြစ် ပါတယ်၊ ဒီလိုအပ်တဲ့အခါမှာတော့ ခင်ဗျားအတွက် အသက် ညှာဆုံး ဖြစ်နိုင်အောင် ကျွန်တော် တင်ပြပေးပါ့မယ်'

ပြောလိုက်သည်။ ရှင်ချီတင်၏ စကားအဆုံးတွင် ဖူးကိုး က မချီတင်ကဲ ပြုံးလိုက်ပြီး ခေါင်းကို ညိတ်လိုက်လေ၏။

( ၃၅ )

သမားတော်ကြီး ခေါ်ဖျူသည် အိပ်ရာမှ စောစီးစွာ ...လ ရှိသူဖြစ်၏။

သို့သော် သမားတော်ကြီး အိပ်ရာမှ နိုးထလာသော ...ချိန်တွင် သူ့မြေး မောင်နုမနုစ်ယောက်မှာ သိုင်းကွက်များ ...င် လေ့ကျင့်နေကြပြီဖြစ်သည်။

သူတို့မောင်နှမ အိပ်ရာထစောခဲ့ကြသည်မှာ လေးကျွန်း ...ာ မဟာသိုင်းကျမ်းဆိုသော သိုင်းစာအုပ်တွင်းမှ သိုင်း ...က်များကို လေ့ကျင့်သောအချိန်မှ စခဲ့ခြင်းဖြစ်သည်။

ယခင်ကဆိုလျှင်မူ ဘုတ်မောင်နှမမှာ အဘိုးဖြစ်သူ သခ… တော်ကြီးက သုံးလေးကြိမ်နှီးမှသာ အိပ်ရာမှ ထတတ်ကြ… များဖြစ်သည်။

သမားတော်ကြီးသည် မြေးမောင်နှမ၏ သိုင်းကွက်မျာ… လေ့ကျင့်ရင်း အားသွင်း အော်ဟစ်နေသံများကို ကြည်… စွာ နားထောင်နေမိသည်။

ထိုစဉ် မီးဖိုခန်းဆီမှ ရှူရှိုက်နေကြရန့်တစ်မျိုးကိုရလို… သည်။

ပွက်ပွက်ဆူနေသော ယာဂုအိုးမှ ထွက်လာသည့်အနံ့ … သည်။

'ဩော်.... မြေးမကာလေး ကွန်ကျင်ယံ တစ်ယော… အတော် စောစောကတည်းက အိပ်ရာမှထ၍ ယာဂုအိုး… တည်ထားပါလား'

ဟု တွေးရင်း သမီးခေါ်ကျင်ကို သတိရလိုက်ကာဆို့… နင့်နင့်ကြီး ခံစားလိုက်ရသည်။

သမားတော်ကြီးက ခေါင်းကိုခါယမ်းလိုက်ပြီး မျက်နှ… သစ်ရန် အတွက် ရေစင်ဆီသို့ လျှောက်လာခဲ့သည်။

မျက်နှာသစ်ပြီးနောက် မီးဖိုခန်းသို့သွားကာ ပွက်ပွက်… နေသော ယာဂုအိုးကိုချထားလိုက်သည်။ ထို့နောက်အိမ်… အပြင်ဘက်သို့ ထွက်ခဲ့သည်။

အိမ်ရှေ့မှ ခြံဝဆီသို့သွားသော လမ်းဘေးတစ်ဖက်တ… ပန်းပင်များရှိသည်။



နှင်းစက်ကလေးများတင်နေသော ပွင့်ရောင်စုံ ပန်းပွင့် …လေးများကို ပထမဆုံးကြည့်မိသည်။ ထို့နောက်မှ လမ်း …ဖက်ရှိ ဆေးဘက်ဝင် ဂမုန်းမျိုးစုံကိုကြည့်သည်။

သမားတော်ကြီးသည် ဘော်ရုံ ဝေဒနာရှင်များအား …ဂမုန်းပင်များထဲမှ သင့်ရာ အရွက်၊ အပွင့်၊ ဥ စသည်တို့ကို …ခေါင်းစပ်ကာ လိမ်းတန်လိမ်း၊ ကျွေးတန်ကျွေးဖြင့် ပျောက် …င်းအောင် ကုသပေးနေကျဖြစ်သည်။

ဤဂမုန်းပင်များတွင် အစွမ်းသတ္တိ အာနိသင်အမျိုးမျိုး …ကြသည်သာဖြစ်၏။ အချို့ ဂမုန်းပင်များသည် ကိုယ်ဝန် …ဆောင် မိန်းမများ ကျော်သွားမိရုံဖြင့် ကိုယ်ဝန်ပျက်ကျစေ …သော အစွမ်းသတ္တိရှိ၏။ အချို့ကား ကျော်လွှားမိသည် … အူကျဥ်ရောဂါဖြစ်စေသော အစွမ်းသတ္တိရှိသည်။

တချို့ ဂမုန်းပွင့်များကား အနံ့ကိုခဏမျှ ရှူမိလျှင် မူးမေ့ …ကျသွားစေနိုင်၏။

သို့သော် ဤသို့သော ဂမုန်းမျိုးသည်ငန်းဖမ်းကာအပြစ် …ားနေသော ရောဂါသည်များ အတွက် ဖော်စပ်သည့် …ဆေးတွင် မပါလျှင် မပြီးသော ဆေးအမည်တစ်မျိုး ဖြစ် …သည်။

တချို့သော အစွမ်းသတ္တိကြီးမားလှသည့်ဆေးဝါးများ …သည် အဆိပ်ပင်ဟုဆိုနိုင်သော အပင်များ၏အမြစ်၊ အခေါက်၊ …အရွက်၊ အပွင့်တို့ကို အချိုးကျအောင် ရောစပ်ထားခြင်းသာ …ဖြစ်သည်ကို ရောဂါရှင်များ မသိကြချေ။

သမားတော်ကြီးသည် ဤဆေးဘက်ဝင်ဂမုန်းပင်များအား ကြည့်နေရင်း ဤမျှ သိမ်မွေ့နက်နဲ၍ အမျိုးများလှသော ဆေးပညာကို မြေးများအား သင်ကြား မပေးလိုက်ရသေးသည်ကို စိတ်မကောင်း ဖြစ်လိုက်မိ၏။

ထိုစဉ် ခြံဝင်းတံခါးဆီမှ လူသံများကိုကြားလိုက်ရသည်။ ထို့ကြောင့် သမားတော်ကြီးက ခြံဝဆီသို့ မျှော်ကြည့်လိုက်၏။ ပေခြောက်ဆယ်ကျော်မျှ လှမ်းသော ခြံတံခါး အပြင်ဘက်တွင် လူလေးယောက်ရပ်နေသည်ကို မြင်ရသည်။

ထိုလူလေးယောက်ကလည်း သမားတော်ကြီးကို လှမ်းမြင်ကြသည်ဖြစ်ရာ တစ်ယောက်က လှမ်းမေးသည်။

'ဒါ သမားတော်ကြီး ဓေါ်ဖျူ့ရဲ့ ခြံလား ခင်ဗျ'

သမားတော်ကြီးက ဖြေဘဲ ခြံတံခါးဆီသို့ လျှောက်သွားသည်။ နေရောင်ပင် စင်စင်မလင်းသေးမီ ရောက်လာကြသည်ဖြစ်သောကြောင့် အရေးကြီးသော ဝေဒနာရှင် တစ်ယောက်အတွက် အပင့်အခေါ် ရောက်လာခြင်း ဖြစ်မည်ဟု တွေးသွားသည်။

သို့သော် အနီးသို့ရောက်သောအခါ လူလေးယောက်အနက် တစ်ယောက်မှာ မျက်နှာတွင် ဖူးရောင် ညိုမည်းနေသော ဒဏ်ရာများရှိနေလျက် ကျန်သည့်သုံးယောက်မှာမူ ဝတ်ဆင်ထားသည့် အဝတ်အစားများ၌ သွေးစွန်းသွေးကွက်ကြီးများ ရှိနေသည်ကို တွေ့လိုက်ရသည်။



သမားတော်ကြီးက ခြံတံခါးအတွင်းဘက်တွင်ရပ်လိုက်ပြီး ...လေးယောက်ကို မနှစ်မြို့သောအကြည့်ဖြင့် ကြည့်ရင်း....

'သမားတော်ကြီး ဓေါ်ဖျူ့ဆိုတာ ကျုပ်ပါပဲ၊ ဘာကိစ္စ ...လဲ'

တည်ငြိမ်အေးဆေးသော်လည်း မလိုလားဟန် ပေါ်လွင် ...သော အသံဖြင့် ပြောလိုက်၏။

ထိုအခါ လှမ်း၍မေးသူကပင် ဆက်၍ပြော၏။

'ဒါဆိုရင် ဒဏ်ရာရထားတဲ့ လူတစ်ယောက်ကို ပြချင် ...ါ'

'ကျုပ် ရောဂါ ဝေဒနာကိုပဲ ကုသပါတယ်၊ လူလူချင်း ...ါသလွန်ကဲလို့ ဖြစ်ရတဲ့ ဝေဒနာကို မကုပါဘူး'

သမားတော်ကြီးက ပြောလိုက်သော အခါ လူလေး ...ောက်စလုံး မျက်နှာတွေပြောင်းသွားသည်။

သို့သော် ရှေ့ဆုံးမှလူက ချက်ချင်းပင် မျက်နှာကို နဂို ...အတိုင်း ပြင်လိုက်ကာ...

'ကျွန်တော် ရှင်းပြပါရစေ သမားတော်ကြီး'

'ကျုပ် စကားနှစ်မျိုး မပြောတတ်ပါဘူး'

သမားတော်ကြီးက ပိုင်ပိုင်ထင်ထင် အသံဖြင့်ပြောလိုက်

ထို့နောက် အိမ်ဘက်သို့ ပြန်လှည့်မည် ပြင်လိုက် ...ည်။

'ကျွန်တော်တို့က ဘုရင့်တာဝန်မတော်က ရဲမက်တွေပါဗျာ၊ ...ကိစ္စက....'

ရွှေဆိုးမှလူက ခြံတံခါးကို တွန်းဖွင့်တော့မည်ကဲ့သို့ ကိုင်ကိုင်ရင်း ပြောလိုက်၏။ သို့သော် သူစကားမဆုံးမီ သမားတော်ကြီးက ထိုလူ့ဘက်သို့ တည့်တည့်ပြန်လှည့်လိုက် ကာ....

'ဘုရင့်တပ်မှက ရဲမက်တွေ ဟုတ်လား'

ပြောရင်း ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ထိုအခါ ရွှေဆိုးမှလူက ဝင်သာအောင် တွန်း၍ အတွင်းသို့ ဝင်ရင်း....

'ကျွန်တော် ရှင်းပြပါရစေ'

'မလိုတော့ဘူးလေ၊ ကဲ ..အားလုံးဝင်ခဲ့ကြ'

သမားတော်ကြီးက ပြောလိုက်ပြီး အိမ်ဘက်သို့ ပြန် လျှောက်သွားသည်။ လူလေးယောက်မှာ ခဏမျှ အံ့အားသင့် နေကြ၏။ ထို့နောက်မှ အပြင်ဘက်ရှိ လူသုံးယောက် အတွင်းသို့ဝင်လာပြီး သမားတော်ကြီးနောက်သို့ လိုက်လာ ကြ၏။

သမားတော်ကြီးက အိမ်တံခါးကိုဖွင့်၍ လူလေးယောက် အနားသို့ ရောက်လာသည်အထိ စောင့်နေပြီးမှ....

'အိမ်ထဲကိုလာကြပါ'

ထပ်မံ၍ခေါ်ပြန်၏။ လူလေးယောက်မှာ ဤတစ်ကြိမ် တွင် ဆိုင်းတွန့်နေခြင်းမရှိတော့။

အိမ်တွင်းသို့ ဝင်လိုက်ကြသည်၊ သမားတော်ကြီး ဆေးနံ့များမွှန်နေသည့်အခန်းသို့ ခေါ်သွားပြီး ခုံတန်းရှည် တစ်ခုတွင် ထိုင်ရန် လက်ဖြင့်ညွှန်ပြလိုက်သည်။



လူလေးယောက်စလုံး ခုံတန်းရှည်တွင်ဝင်ထိုင်လိုက်သော အခါ....

'အချင်းချင်း ခိုက်ရန်ဒေါသဖြစ်လာကြတာတော့ မဟုတ် ဘူးနော်'

'မဟုတ်ပါဘူးခင်ဗျာ ဒီလိုပါ'

တစ်ယောက်က ရှင်းပြမည်ပြုသည်။ သမားတော်ကြီးက ဖြတ်၍....

'ဆေးကုမယ် ဆိုတာက သူလား'

မျက်နှာတွင် အညိုအမည်းစွဲနေသော လူကို လက်ညှိုး ထိုး၍ မေးလိုက်သည်။

'မှန်ပါတယ်ခင်ဗျ'

ကုမည့်ဆိုသူက မပြောဘဲ ပထမလူကပင် ဝင်ပြောသည်။

'ပြပါ'

သမားတော်ကြီးက ပြောလိုက်သောအခါ ဝင်ပြောသူ ကပင် ကုမည့်ဆိုသူ၏ ကိုယ်ပေါ်၌ ဝတ်ဆင်ထားသော ယောင်းယောင်းနိုင်လှသည့်အင်္ကျီကိုချွတ်လိုက်၏။ ထိုအခါ ကိုယ်လုံးပေါ်တွင် အထပ်ထပ်ရစ်ပတ်ထားသောအဝတ်စကို ဖြေချပြန်၏။ သမားတော်ကြီးက လုပ်နေသမျှကို ကြည့်နေ ရင်း....

'ဓား ထိုးမိတဲ့ ဒဏ်ရာလား'

မေးလိုက်ရာ ပထမလူကပင်....

'မဟုတ်ဘူး၊ ဓားနဲ့ခွဲပြီး အရေပြား အလှန်ခံထားရ တာ'

'ဘယ်လိုကွယ့်'

သမားတော်ကြီးက နားမလည်သဖြင့် မေးလိုက်၏။

'သူက မွန်ဂိုတွေရဲ့ ဖမ်းဆီးနှိပ်စက်ခံထားရတဲ့ လူပါ၊ အရေပြားပြတ်ရုံ ဓားနဲ့ခွဲပြီးမှ အရေပြားကို ဆွဲအလှန်ခံထားရတာပါ'

'ဟော....'

သမားတော်ကြီး အံ့သြထိတ်လန့်သွားသည်။ မျက်နှာမပျက်သော ဒဏ်ရာ သူ့ကို ကြည့်လျက်နှင့်....

'ပြစမ်း'

ပြောလိုက်၏။

သို့သော် ပထမလူက ဒဏ်ရာပေါ်တွင် ရစ်ပတ် စည်းနှောင်ထားသော အဝတ်စကို ဖြေမည်ပြုလိုက်စဉ်မှာပင် ၎င်းကိုယ်တိုင် အဝတ်စကို ကိုင်လိုက်က....

'ဖယ်စမ်း'

ပြောပြောဆိုဆို သူကိုယ်တိုင်ဖြေသည်။ သမားတော်ကြီးသည် လူနာ၏ ရှေ့ဘက်မှ ရပ်၍ ပတ်ထားသောအဝတ်ကို ဖြေခြင်းဖြစ်သောကြောင့် အဝတ်စဆုံးသွားသော်လည်း ဒဏ်ရာကို မတွေ့ရသောကြောင့်....

'ဘယ်မှာလဲ'

မေးသည်။ နောက်ဘက်တွင် ရပ်နေသောလူက....

'ဒီမှာလေ'

လူနာ၏ ကျောကုန်းကို လက်ညှိုးထိုးပြသည်။ သမားတော်ကြီး ကြည့်လိုက်ပြီး စုတ်တစ်ချက် ထိုးလိုက်သည်။



ဒဏ်ရာသည် ရောင်ရမ်းနေ၏။ ဆွဲအလှန်ခံရသော အရေပြားမှာ နဂိုအတိုင်း မကပ်မိဘဲ လက်သုံးလုံးခန့်စာမျှ ပြဟနေရာ နီရဲနေသော အတွင်းသား ပေါ်လွင်နေ၏။

'ဘယ်လောက်ကြာပြီလဲ'

သမားတော်ကြီးက ဒဏ်ရာမှ မျက်စိမခွာဘဲ မေးသည်။ တစ်ယောက်တည်း ဒိုင်ခံပြောနေသောလူမှာ အချိန် အတိအကျမသိသောကြောင့် လူနာ၏ ပခုံးကိုကိုင်လိုက်၏။ လူနာက....

'ဒီည အရှက်မကွက်ခင်လေးကပဲ'

'မင်းကို ဘာလုပ်မလို့ ဒီလိုလုပ်ရတာလဲ'

သမားတော်ကြီးက မေးလိုက်ရာ လူလေးယောက်တည်းတွင် အငယ်ဆုံးဖြစ်သော လူရွယ်က....

'ကင်စားချင်လို့ ဖြစ်မှာပေါ့'

လွှတ်ခနဲ ပြောလိုက်၏။ သမားတော်ကြီးက ကျေမနပ်နှင့် မျက်လုံးထောင့်ကပ်၍ ကြည့်သည်။ ဘာမျှတော့မပြော။ ပြီးမှ လူနာကို ပြန်ကြည့်က....

'စိုးရိမ်စရာ မရှိပါဘူး၊ ခဏလေးနဲ့ ပျောက်သွားမှာပါ ဒါပေမယ့် လောလောဆယ်တော့ အနာခံရလိမ့်မယ် ခံနိုင်ပါ့မလား'

'အနာမခံရဘဲ ပျောက်အောင်လုပ်လို့ရရင်တော့ အနာမခံချင်တော့ဘူး၊ ဒီလိုဖြစ်အောင် အလုပ်ခံရတုန်းကလဲ တော်တော်နာခဲ့ပြီးပြီ'

လူနာက ပြန်ပြောသည်။ သမားတော်ကြီးက....

'မနာရဘဲပျောက်အောင် လုပ်ဖို့လဲ မခက်ဘူး၊ ဒါပေမယ့် ပျောက်ဖို့ကြာမယ်၊ ပြီးတော့ အနာရွတ်ကြီးကြီး ကျန်မယ်'

ပြောသည်။ လူနာက....

'သမားတော်ကြီးက ဘယ်လိုနည်းနဲ့ ကုချင်တာလဲ'

'ပထမနည်းနဲ့ ကုချင်တယ်၊ ပြုသွားတဲ့ အရေပြားနှစ်ဖက် ကို ဆွဲချုပ်လိုက်မယ်၊ ဒဏ်ရာက ရှည်တော့ ဆယ်လေးချက် လောက် ချုပ်ရမယ်၊ အဲဒီလိုဆိုရင် သုံးလေးရက်နဲ့ အနာ ကျက်ပြီး အနာရွတ်ကလဲ ဆူးနဲ့ခြစ်မိသလောက်ပဲ ကျန်ရစ် မယ်'

'သမားတော်ကြီး ကုချင်သလိုပဲ ကုပါ'

လူနာက ပြောသည်။ သမားတော်ကြီးက....

'ဒါဆိုရင် ဟောဟိုခုတင်ပေါ်မှာ မင်းမှောက်ပြီး အိပ် လိုက်၊ ကျန်တဲ့သုံးယောက်က ကျုပ်ကို ဝိုင်းကူကြ သူ့လက် နှစ်ဖက်နဲ့ ခြေထောက်ကို ချုပ်ထားပေးရလိမ့်မယ်'

'ဘာဖြစ်လို့လဲ ခင်ဗျာ'

လူနာက သမားတော်ကြီးကို မျက်လွှာလှန်ကြည့်ရင်း မေးသည်။

'နာမယ်လေ မင်းလှုပ်နေရင် ငါ ဘယ်လိုလုပ်ပြီး ချုပ် ပေးလို့ ရတော့မှာလဲ'

,သမားတော်ကြီးက ပြောလိုက်ရာ လူနာက မတ်တတ်ရပ် လိုက်ပြီး....

'စိတ်ချ ကျွန်တော် မရုန်းဘူး အော်လဲမအော်ဘူး'



ပြောပြီး သမားတော်ကြီးပြောသည့် ခုတင်ဆီသို့ လျှောက် သွားသည်။ ထိုအခါ သူနှင့်အတူပါလာသူ သုံးယောက် သူ့ နောက်သို့ လိုက်ကြရာ....

'အဲဒီမှာပဲ ထိုင်နေကြပါ၊ ကျွန်တော် တကယ်ပြောတာ ပါ'

လူနာက ပြန်လှည့်၍ ပြောသဖြင့် အတူပါလာသူ သုံး ယောက်မှာ လူနာထိုင်သွားသည့် ခုံတန်းရှည်မှာပင် ပြန်ထိုင် လိုက်ကြရသည်။

ခုံတန်းရှည်တွင် ပြန်ထိုင်လိုက်ကြသူ သုံးယောက်သည် ထို ခဏတွင် အခန်းတံခါး၏ တစ်ဖက်စီတွင် ခေါင်းပြူ၍ ကြည့်နေသူ နှစ်ယောက်ကို မြင်လိုက်ကြရသည်။

ထိုမျက်နှာနှစ်ခုမှာ ဆင်တူလှသည်။ တစ်ယောက်မှာ အသက် တစ်ဆယ့်လေးနှစ်အရွယ် လူငယ်လေးတစ်ယောက် ၏ မျက်နှာဖြစ်၍ တစ်ယောက်မှာ အသက် တစ်ဆယ့်ခြောက် နှစ်အရွယ် မိန်းမချောလေး တစ်ယောက်၏ မျက်နှာဖြစ်လေ သည်။

လူငယ်သုံးယောက်က ပြန်လှည့်ကြည့်လိုက်သော အခိုက် တွင်၊ မိန်းမချောလေး၏ မျက်နှာမှာ နံရံအကွယ်ဘက်သို့ တိုး ၍ ပျောက်သွားသည်။

လူငယ်လေးကား အရောင်တဝင်း ပြုံးနေချင်သော အပြုံး မျိုးကို ပြုံးလိုက်ကာ အခန်းတွင်းသို့ ဝင်လာ၏။

ထိုအချိန်တွင် သမားတော်ကြီးမှာ လူနာ၏ ဒဏ်ရာကို ဆေးရည်တစ်မျိုး သုတ်လိမ်းပေးပြီး ချုပ်ရန်အတွက် ဆေး

ရည် စိမ်ထားသော မြင်းမြီးကြိုးကို အပ်ဝင်တပ်နေဆဲ ဖြစ်သည်။ သို့သော် သမားတော်ကြီးသည် လူငယ်လေးအခန်းတွင်းသို့ ဝင်လာသည်ကို ပြန်မကြည့်ရဘဲနှင့် သိလိုက်ကာ—

'ဟေ့....ဟေ့....ခုချက်ချင်း ပြန်ထွက်သွားစမ်း၊ ဒီမှာ ဘာလုပ်နေတယ်ဆိုတာ နားမလည်ဘူးလား'

ပြောလိုက်၏။ ထိုအခါ သူငယ်လေးက....

'အို....ဘိုးဘိုးကလဲ ဘုရင့်တပ်မက ရဲမက်တွေဆိုလို့ လာကြည့်တာပေါ့'

ပြန်ပြောလိုက်ပြီး ခုံတန်းများတွင် ထိုင်နေသူ သုံးယောက်ကို ပြုံးပြပြန်၏။ သမားတော်ကြီးကလည်း ပြန်လှည့်မကြည့်ဘဲနှင့်....

'ဩော်....နင်တို့နှစ်ယောက်က ချောင်းနားထောင်ပြီးကြဲ ပြီပေါ့....ဟုတ်လား၊ တော်တော်ဟုတ်တဲ့ မောင်နှမ၊ သွား....သွား....မရှုပ်နဲ့'

'သွားပါမယ်ဗျာ....ဘိုးဘိုးကလဲ'

'သွားဆို....အခုသွား'

သမားတော်ကြီးက အော်လိုက်ရာ လူငယ်လေးက ဘာမှ မတတ်နိုင်တော့ဘူးဆိုသည့်ပုံဖြင့် ထိုင်နေသူ သုံးယောက်ကို လက်ဝါးနှစ်ဖက် ခါပြလိုက်ပြီး ထွက်သွားသည်။ သို့သော် အခန်းပေါက်ဝသို့ အရောက်တွင် ထိုင်နေသူ သုံးယောက်ထဲမှ အသက်အငယ်ဆုံး လူရွယ်ကို လက်ယပ်ခေါ်သည်။ လူငယ်လေး၏ ရုပ်ရည်နှင့်အမူအရာက ခင်မင်စရာကောင်းလှသော



ကြောင့် ထိုင်နေသောလူရွယ် ထသွားရာ လူငယ်လေးက သူ့လက်ကိုဆွဲ၍ အိမ်ရှေ့ခန်းဘက်သို့ ခေါ်သွား၏။

အိမ်ရှေ့ခန်းသို့ ရောက်သည်နှင့်....

'အစ်ကိုကြီးတို့က ဒီလူ့ကို သွားကယ်လာခဲ့တာလား'

မေးတော့သည်။ လူရွယ်က....

'အဲဒီလိုပဲ ဆိုပါတော့ကွာ'

'အစ်ကိုကြီးတို့ဘစ်တွေ ဟိုအကောင်စုတ်တွေကို တော်တော် ဆော်ပစ်ခဲ့တယ်နဲ့တူတယ်'

လူငယ်လေးက လူရွယ်၏ အဝတ်အစားများပေါ်တွင် စွန်းထင်းနေသော သွေးစွန်း သွေးကွက်များကို ကြည့်ရင်း ပြောနေ၏။

သူက အကောင်စုတ်ဟု ပြောသည်မှာ မွန်ဂိုများကို ပြောခြင်းဖြစ်ကြောင်း လူရွယ်က သဘောပေါက်သဖြင့် ပြုံးလိုက်ပြီး....

'မင်းက မွန်ဂိုတွေကို တော်တော်မုန်းသလား'

မေးလိုက်ရာ လူငယ်လေးက လက်သီးကို ရှင်တရက် ဆုပ်လျက်....

'မုန်းတာပေါ့ မပြောနဲ့၊ ဘုရင့်တပ်မက ခွင့်ပြုရင် ကျွန်တော် ကိုယ်တိုင်တောင် ဝင်တိုက်ချင်တာ'

'မင်း ဒီ့ထက် နည်းနည်းကြီး လာရင် ငါပြောပေးမယ် ကွာ'

လူရွယ်က ပြုံး၍ပြောလိုက်ရာ....

'အမှန်က ယော်တာကြီးတာ ပဓာန မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ မြို့ပြကာကွယ်ရေးတပ်ဖွဲ့က တပ်ဗိုလ်ကြီး ရဲကျော်နန်က ပြောတယ်၊ ဓားတစ်ချောင်း၊ တုတ်တစ်ချောင်း နိုင်တဲ့သူတိုင်း ရန်သူကို ခုခံကွန်းလှန်ရမယ်တဲ့၊ ကျွန်တော်က ရေပုံးနှစ်လုံးနဲ့ နေ့တိုင်း ချောင်းကနေ ရေခပ်ပြီး ဘိုးဘိုးရဲ့ ပန်းပင်တွေကို အများကြီး လောင်းပေးနေတာဗျ'

လူငယ်လေးက ပြောရင်း လက်မောင်းကြွက်သားများကို ညွှန်ပြနေသည်။ လူရွယ်က သဘောကျစွာရယ်ရင်း....

'ဟုတ်တယ်....မင်း တော်တော့်ကို သန်နေပြီ'

ပြောရင်း လူငယ်လေး၏လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်သည်။ လူငယ်လေးက ရှောင်လိုက်၏။ လူရွယ်အံ့အားသင့်သွားသည်။ သူက လူငယ်လေး၏လက်ကို လှမ်းဆွဲလိုက်သည်မှာ ထက်မြက်သော ချုပ်သိုင်းကွက်တစ်ကွက်ကို အသုံးပြု၍ ဖမ်းလိုက်ခြင်း ဖြစ်၏။

ဤမျှ လက်တစ်ကမ်းအကွာအဝေး၌ စာကလေး တစ်ကောင်ပင်လျှင် လွတ်အောင် ပျံနိုင်ရန် ခက်သော လျင်မြန်ခြင်းမျိုးနှင့်လည်း ဖြစ်၏။ သို့သော် လူငယ်လေးက အထူးသတိထားရခြင်းမရှိဘဲ သူငယ်ချင်းချင်း စိန်ပြေးတမ်းကစားရင်း ရှောင်တိမ်းလိုက်သကဲ့သို့ သက်တောင့်သက်သာနှင့် ရှောင်တိမ်း၍ သွားသည်။

လူငယ်လေးသည် လူရွယ်၏ ပြောင်းလဲသွားသော မျက်နှာရိပ်ကို ကြည့်ရင်း ရှုံ့တိုးရှုန်းတန့် ဖြစ်သွားပြီး ရှက်သွားသည့် အသံမျိုးဖြင့် ရယ်လိုက်၏။



'ဒါပေမယ့် အစ်ကိုကြီးလောက်တော့ ဘယ်သန်မလဲ'

လူငယ်လေးက ပြောလိုက်၏။ ထိုစဉ်....

'ဟဲ့ ကောင်လေး ကွ ယုတိုင် နင်က ဧည့်သည်ကို ဘယ့်နှယ်လုပ်ပြီး မတ်တတ်ရပ်ခိုင်းထားရတာလဲ'

အသံထွက်ပေါ်လာ၏။ လူရွယ် လှည့်ကြည့်လိုက်သောအခါ စောစောက ပျောက်ကွယ်သွားသော မိန်းမချောလေးကို မြင်ရသည်။

'မမကလဲ ဧည့်သည်ရှိနေမှန်းသိလျက်နဲ့ ဘာဖြစ်လို့ ယာဂုထည့်မယူလာတာလဲဗျ'

လူငယ်လေးက အစ်မဖြစ်သူကို ပြန်ပြောသည်။ မိန်းမပျိုလေးက အားနာသော အပြုံးမျိုးပြုံး၍....

'ထိုင်ပါရှင်၊ ဧည့်သည်တွေအားလုံးအတွက် ကျွန်မ စီစဉ်ထားပါတယ်'

ပြောပြီး သူတို့ရှိရာသို့ လျှောက်လာ၏။ လူရွယ်က နီးရာထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သောအခါ သူမက လူရွယ်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်သည်။

ထိုအခါ လူရွယ်သည် မရည်ရွယ်ဘဲနှင့် မိန်းမပျိုလေးကို သေသေချာချာ ကြည့်လိုက်မိသည်။ ထိုအခိုက်တွင် မိန်းမပျိုကလည်း သူ့ကို စေ့စေ့စပ်စပ် ကြည့်နေသည်နှင့် ဆုံ၏။ သူတို့နှစ်ယောက်စလုံး ရင်ခုန်သွားပုံရသည်။ သို့သော် မိန်းမပျိုလေးက မျက်လွှာအလျင်ချသွားသည်။

လူရွယ်သည် ထိုင်ခုံပေါ်တွင် ပြောင်းထိုင်လိုက်ပြီး....

'မှာ ရင် စိတ်မရှိနဲ့နော်၊ ညီမကို တစ်နေရာမှာ သေချာ မြင်ဖူးတယ်လို့ ထင်တယ်'

ပြောလိုက်ရာ မိန်းမပျိုလေးက လက်ခံနဲ့ တစ်ချက်မော့ ကြည့်လိုက်ကာ....

'ဟုတ်ပါတယ်၊ ဘယ်နေရာမှာလဲဆိုတာ အစ်ကို စဉ်းစား ကြည့်ပါဦး'

ပြောသည်။ မိန်းမပျိုပြောပုံမှာ ထိုသို့တွေ့ဖူးသည့်အချိန် ကို သေသေချာချာ မှတ်မိနေပုံရသည်။ လူရွယ် စဉ်းစား သည်။ ခေါင်းကုတ်သည်။ အဖြေကိုရပုံမပေါ်။

မိန်းမပျိုလေးက ပြုံးစိစိကြည့်နေသည်။ လူရွယ် အနေခက်လာ၏။

ထိုစဉ် သူတို့နှစ်ယောက်အား၌ ရပ်နေသော လူငယ်လေး ကွန်ယုတိုင်က....

'ဟိုလူကို ဘိုးဘိုးကချုပ်မယ်လို့ပြောတာ ချုပ်နေပြီ တွတယ်၊ အော်သံလဲ မကြားရဘူး၊ သွားချောင်းကြည့်ဦး မှပဲ'

ပြောပြောဆိုဆို သွားသည်။ အစ်မဖြစ်သော မိန်းမပျို က....

'နင့်ကို ဘိုးဘိုးအော်လွှတ်လိမ့်မယ်၊ မသွားနဲ့'

'အခန်းထဲမဝင်ပါဘူး မမရဲ၊ အပြင်က ကြည့်မှာပါ'

ကွန်ယုတိုင်ဆိုသော လူငယ်လေးက တားမရဘဲ ထွက် သွားသည်။ အခန်းထဲ၌ နှစ်ယောက်တည်းသာ ကျန်ရှိ သောအခါ မိန်းမပျိုလေးက....



'အစ်ကို စဉ်းစားလို့မရဘူးလား'

လူရွယ်က အားတုံ့အားနာပြုံးရင်း....

'ဟင့်အင်း၊ ကျွန်တော်ဟာ နေပြည်တော်ကိုရောက်တာ နှစ်လလောက်ပဲ ရှိသေးတယ်၊ မြို့တော်ထဲကိုလဲ တစ်ခါမှ နှံ့နှံ့စပ်စပ် မရောက်ဖူးသေးဘူး၊ ဒါကြောင့် ဘယ်မှာတွေ့ခဲ့ တယ်ဆိုတာ စဉ်းစားလို့မရဘူး'

ထိုအခါ မိန်းမပျိုက သိသိသာသာ ပြုံးလိုက်ပြီး....

'အဲဒီလို အစ်ကိုလာခဲ့တုန်းက ဝိုင်းထားတဲ့ ရန်သူတွေကို တောက်ဝင်လာရတာ မဟုတ်လား'

'အင်း...ဟုတ်တယ်'

လူရွယ်က မျက်ခုံးနှစ်ဖက်ကိုပင့်ကြည့်ရင်း ပြောလိုက် သည်၊ မိန်းမပျိုလေးက ပြုံးနေလျက်ပင်။

'အဲဒီတုန်းက ညဘက်ကြီးမှာ ရောက်လာကြတာနော်'

'ဗျာ'

လူရွယ်ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'အဲဒီတုန်းက အစ်ကိုတို့အားလုံး ခုနစ်ယောက်၊ ဘိုးဘိုး အခန်းထဲမှာရှိနေတဲ့ လူနှစ်ယောက်လဲပါတယ်၊ အစ်ကိုနဲ့ အသက်ကြီးတစ်ယောက်က ရိုးရိုးအဝတ်တွေနဲ့ပဲ၊ ကျန်တဲ့ ငါးယောက်က မွန်ဂိုစစ်သည်တွေရဲ့ အဝတ်တွေဝတ်ထား ကြလို့ ဟုတ်ရဲ့မဟုတ်လား'

'အင်း....အင်း၊ မင်းက ဘယ်လိုလုပ်ပြီး....'

လူရွယ်မှာ အံ့အားသင့်ပြီး စကားထစ်နေသည်၊ မိန်းမပျို လေးက ပြုံးရင်းပင်....

ပြီးတော့လဲ အစ်ကိုတို့မှာ ခေါ်းကိုယ်စီနဲ့ဆိုတော့ ကာကွယ်ရေး ကင်းကတုတ်မှာ ခဏအားများကြရသေး လေ၊ အစ်ကိုတို့ကိုလိုက်ပို့တဲ့ တပ်ဗိုလ်လေးတစ်ယော ဝင်ပြောလို့တော့ငအဆင်ပြေသွားကြတာ၊အဲဒီဗိုလ်လေး တာက အစ်ကိုတို့ဟာ ဘုရင့်တပ်မက တပ်မှူးနဲ့ တပ် တွေချည်းပဲတဲ့၊ အရေးကြီးတဲ့ ကိစ္စကို ဆောင်ရွက်ပြီး လာတာလို့ ပြောတယ်'

'ဟုတ်ပြီ'

လူရွယ်က ရေရွတ်လိုက်ရင်း လက်ဖျောက်တီးလိုက် မိန်းပျိုလေးကို ရွှန်းရွှန်းစားစား ညို့လိုက်ပြီး....

'ကျွန်တော်မှတ်မိပြီ'

ဝမ်းသာအားရ ပြောလိုက်ပြီးမှ ဆက်၍....

'အံ့ဩစရာကောင်းလိုက်တာဗျာ၊ အဲဒီတုန်းက လက် ဖက်ပြတ်ပြီး ခြေတစ်ဖက် ထော့နင်းဖြစ်နေတဲ့ လူကြီး ကျွန်တော်တို့တပ်ဗိုလ် စကားပြောတုန်း ညီမတို့က အစ် တို့ ဘေးမှာ ရှိနေတာမဟုတ်လား၊ ကျွန်တော် လှည့်ကြ လိုက်တော့ ညီမက ကျွန်တော့် ညာဘက်နံဘေးမှာ ရပ် တာ၊ ခေါင်းကို ပဝါအစင်းကလေးနဲ့ သိုင်းချည်ထားတယ် လေ'

'အစ်ကိုက မှတ်မိသားပဲ၊ ဒါနဲ့ဘောင် ကျွန်မကို မြင် မြင်ချင်း မမှတ်မိဘူးလား'

မိန်းမပျိုလေးက မကျေနပ်သံလေးနှင့် ပြောသည်။ လူရွယ်က....



'အဲ့ဒီတုန်းက ညာဘက်မှိုလားမသိဘူး၊ ညီမက ကလေး သေးလို့ပဲ ထင်ရတယ်လေ၊ အခုတော့....'

ပြောရင်း မည်သို့ ဆက်ပြောရမည်ကို မသိဘဲ စကားရပ် သွားသည်။

'အခုတော့ ဘာဖြစ်လို့လဲ အစ်ကိုရဲ့'

မိန်းမပျိုလေးက မေးသည်။ လူရွယ် ခေါင်းကုတ်သည်။ ာက်မှ မထူးတော့ဟု ပိုင်းဖြတ်လိုက်ပုံမျိုးနှင့်....

'အခုတော့ သေသေချာချာ မြင်ရတော့ အပျိုကြီး ချာချော ဖြစ်နေတော့ ဆက်စပ်လို့မရဘဲ ဖြစ်နေတာပေါ့ ညီမရယ်'

ပြောချလိုက်ရာ မိန်းမပျိုလေး၏ ပါးပြင်နှစ်ဖက်တွင် က်သွေးတက်၍ နီမြန်းသွားသည်။ သို့သော် သူမက ချ ချိုင်းပင် အသံလွင်လွင်ကလေးနှင့် ရယ်မောလိုက်တော....

'အစ်ကိုက မြှောက်ပြောနေပြန်ပြီ၊ အစ်ကိုက ဒီလိုမပြော င်လဲ ညီမက ယာဂုတိုက်မှာပါအစ်ကိုရဲ့၊ အခုအချိန်မှာ အစစရှားပါးနေတော့ ဒီထက်ကောင်းကောင်း မကျွေးနိုင် တာတော့ ခွင့်လွှတ်ပေါ့'

ရင်းရင်းနှီးနှီး ပြောလိုက်သည်။ လူရွယ်ကလည်း....

'ညီမပြောတာနဲ့ စားရမှာ အားနာပါတယ်၊ ဒါပေမယ့် အစ်ကိုတို့လေးယောက်စလုံး ဒီကိုအလာမှာ ဘာမှ စားမလာ ခဲ့ရသေးတော့ ကျွေးမယ်ဆိုရင်လဲ မြန်မြန်ကျွေးပါလို့ ပြောရ တော့မှာပဲ'

ပြောလိုက်ပြီး နှစ်ယောက်စလုံး ရယ်မောကြ
ထိုအခိုက်မှာပင် လူငယ်လေး ကွန်ယုတိုင်က အခန်း
ပြန်ဝင်လာရင်း....

ဘုရင့်တပ်မကလူတွေ သတ္တိကောင်းတာကတော့
ပဲဗျာ၊ ဟောဒီလို အပ်နဲ့ ဆွဲထဲ့ချုပ်ထားတော
ကလေးမှ မအောင်ဘူး၊ အံ့ရောပဲ'

ခြေဟန်လက်ဟန်နှင့် အားရပါးရ ပြောလိုက်
လူရွှယ်က....

'အချုပ်ပြီးသွားပြီလား'

'ပြီးပြီ၊ ဘိုးဘိုးက ဆေးထည့်ပြီး ပတ်တီး
တယ်၊ နောက်သုံးရက်ကြာရင် ချုပ်ထားတဲ့ကြိုးတွေကို
လာပြီး ဖြေရမယ်တဲ့'

ထို့နောက် ကွန်ယုတိုင်မှာ အနားသို့ရောက်လာ
လူရွှယ်၏လက်မောင်းကို ရင်းရင်းနှီးနှီးဆုပ်ကိုင်လိုက်ပြီး

'ဒါနဲ့ အစ်ကိုကြီးက ဘုရင့်တပ်မတော်က တပ်ဗိုလ်
မေး ည်၊ လူရွှယ်က....

'ညီလေးကို ဘယ်သူက ပြောတာလဲ'

ဟိုဦးလေးတစ်ယောက်က ပြောလိုက်တာ

'တပ်ဗိုလ်လေးပါကွာ၊ မနေ့တစ်နေ့ကမှ ခန့်လိုက်တာ
ပါ၊ ငါက အဲဒီလူတွေလို အတွေ့အကြုံမရှိသေးပါဘူး'

'ကျွန်တော်တော့ သိပ်အားကျတယ်ဗျာ၊ အစ်ကိုကြီးလို
သိပ်ဖြစ်ချင်တာပဲ'

ကွန်ယုတိုင်က တောင့်တောင့်တတ ပြောလိုက်၏။



အစ်ကို့နာမည်က'
မိန်းမပျိုလေးက မရဲတရဲနှင့်ပြောလိုက်ရာ လူရွှယ်က....
ဟိုမင်ထင်'
ပြောလိုက်ပြီး မိန်းမပျိုလေး၏မျက်လုံးများကို စိုက်ကြည့်
သည်။
မိန်းမပျိုက မျက်လွှာချရင်း....
ညီမနာမည်က ကွန်ကျင်ယီလို့ ခေါ်ပါတယ် အစ်ကို၊
ဟို တပ်ဗိုလ်ကြီးတွေ လာကြရင် သောက်ရေအောင် ညီမ
သွားထည့်လိုက်ဦးမယ်'
ပြောလိုက်ပြီး မီးဖိုခန်းဘက်သို့ ထွက်သွားသည်။
လူရွှယ် ဟိုမင်ထင်က ကွန်ကျင်ယီ အခန်းပြင်သို့ ရောက်
းသည်အထိ လိုက်ကြည့်နေသည်ကို မောင်ဖြစ်သူ ကွန်ယု
က သဘောကျနေ၏။

( ၃၆ )

ထိုအချိန်တွင် မြို့ပြကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဗိုလ်ကြီး ကျုနှန်သည် ပုံကျကြီး အယောင်ဆောင်၍ မြို့တော်တွင်းမှ တင်းများနှင့် ဘုရင့်တပ်မ၏ စစ်ရေးသတင်းများကိုစုံစမ်း ာ မွန်ဂိုများထံသို့ ပို့ခဲ့သည့် ဘူလျှီကြီး ဖူးကိုးအား နှစ်တကျ စစ်ဆေး မေးမြန်း၍ ပြီးစီးသွားပြီဖြစ်သည်။

အတွေ့အကြုံရင့်ကျက်သူ ရဲကျုနှန်သည် ယမန်နေ့ညက ပြကာကွယ်ရေးကင်းကို အတင်း ဖြတ်သန်း ဖောက်ထွက် သွားသူမှာ ဖူးကိုးဖြစ်ကြောင်းသာမက ထိုကဲ့သို့သွားရသည့် ကြောင်းရင်းကိုပါ သိရှိသွားပြီးဖြစ်သည်။

ထို့ကြောင့် ယမန်နေ့ ည သန်းခေါင်ကျော် အချိန်က ဝမ်ကျင်ယ ဆိုသော အမျိုးသမီးကို ဖမ်းဆီး ခေါ်ဆောင် သွားသူမှာ ဖူးကိုးနှင့် တွဲဖက် အယောင်ဆောင် ပုံကျကြီး တုံးဆီတင်ဖြစ် မည်ဟု ကောက်ချက် ဆွဲထုတ်နိုင်ခဲ့ပြီ လည်း ဖြစ်သည်။

သို့ဖြစ်၍ ဖူးကိုးနှင့် တုံးဆီတင်တို့ အချိန်း အချက်ပြုလုပ် ထားသော နေရာကို စစ်မေးလိုက်၏။ အမှန်တကယ်ပင် နောင်တရနေသော ဖူးကိုးက ဖုံးကွယ်ခြင်း မပြုဘဲ သူနှင့် တုံးဆီတင်တို့ ချိန်းဆိုထားခဲ့သည့် နတ်ဘုရားကျောင်းနေရာကို ပြောလိုက်သည်။

ရှဲကျူနန်က မြို့တော်ကြီးတစ်ခုလုံး ပြေပုံကို ကြည့်လိုက်သည်။

တွေ့ပြီ။

နတ်ဘုရားကျောင်း တည်ခနေရာမှာ မြို့စွန်တွင် ရှိ တောင်ကုန်းတစ်ခုပေါ်တွင် ဖြစ်သည်။ နတ်ဘုရားကျောင်း ရှိသော တောင်ကုန်း၏ တိုဘက် မလှမ်းမကမ်းတွင် အိုရန်လု ခံတပ်ရှိသည်။

ကောင်းပြီ။

တုံးဆီတင်ဆိုသော သူလျှိုကြီး သင်း ဘယ်ပြေးမည် နည်း။

ရှဲကျူနန်က မြို့ပြ ကာကွယ်ရေး တပ်ဖွဲ့ဝင်များထဲမှ အားကိုးနိုင်လောက်သော လူဆယ်ယောက်ကိုရွေးလိုက်သည်။ ထိုအထဲမှ တစ်ယောက်ကို အကျိုးအကြောင်း စာ ရေး၍



အစုံရေးကာ ခံတပ်မှူး ကပ်ဗိုလ် အိုရန်လုထံသို့ လွှတ် လိုက်၏။

ထို့နောက် ဖူးကိုးအား ဘုရင့်တပ်မ ဌာနချုပ်ကို အစောင့်အရှောက်များဖြင့် အပို့လွှတ်လိုက်ကာ ခေါ်ထား သော မြို့ပြ ကာကွယ်ရေး တပ်ဖွဲ့ဝင်ကိုးဦးကို ဦးဆောင်၍ နတ်ဘုရားကျောင်းရှိရာသို့ ချီတက်သွားခဲ့တော့သည်။

ရှဲကျူနန် ဝဲသနှင့်အတူ စေလွှတ်လိုက်သူမှာ အိုရန်လုခံတပ် သို့ အလျင်အမြန်ပင် သွားရောက်ခဲ့သည်။ သူ ရောက်ရှိသွား ချိန်၌ အိပ်တော့မည်ဟု အလုပ်များကို လက်စသတ်နေချိန် ဖြစ်၏။ အိုရန်လုမှာ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ရေး အစီအမံအဘွက် တစ်နေ့နှင့် တစ်ညလုံးလုံး ဆောင်ရွက် လုံးပန်းခံရသောကြောင့် ပင်ပန်း နွမ်းနယ်လျက်ရှိသည်။

အိပ်ရေးပျက်သော သူ၏ မျက်တွင်းနှစ်ဖက်မှာ ဟောက် ပက် ဖြစ်နေ၏။

စိတ်တိုချင်နေသော အိုရန်လုသည် အိပ်တော့မည်ဟု စိတ်ကူးချိန်ကျမှ ရောက်လာသော မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင်ကို ငေါက်တော့သည်။

'တို့က ဒီမှာ ရန်သူနဲ့ မျက်နှာချင်းဆိုင်တိုက်နေရတာကွ၊ တစ်နေ့နဲ့ တစ်ညလုံးလုံး ဒီမှာရှိတဲ့ လူတွေအကုန်လုံး တစ် ယောက်မှ အိပ်ကြရတာမဟုတ်ဘူး၊ မြို့တွင်းမှာ ဖြစ်တဲ့ ကိစ္စ တွေကို မင်းတို့ဘာသာ မရှင်း နိုင် ဘူး လား၊ တို့က ဒီ နောက်တန်းကိစ္စတွေပါ ပြန်လုပ်နေရရင် နားချိန်ဆိုတာ ရှိပါဦးမလားကွ'

မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင်မှာ သူ့ရှေ့တွင် မျက်နှာငယ်လေးနှင့် ရပ်နေရင်းမှ....

'ကျွန်တော့်ကို တပ်ဗိုလ်ကြီးက ခံတပ်မှူးရဲ့ နယ်နိမိတ်အတွင်းမှာ ဒီကိစ္စကို ဆောင်ရွက်ရမှာဖြစ်လို့ ခံတပ်မှူးရဲ့ အကူအညီ အထောက်အပံ့ပါမှ ဖြစ်မယ်ဆိုပြီး လွှတ်လိုက်တာပါ ခင်ဗျာ'

အသံတိုးတိုးနှင့်ပြောရင်း သူ့လက်တွင်းမှ စာကို လှမ်းပေးသည်။ အိုရန်လုက ဆောင့်ဆွဲယူလိုက်ပြီး စာကို ဖတ်လိုက်သည်။

စာ၏ အခတွင် ယာမန်နေ့ည သန်းခေါင်ကျော်ထာ ဝမ်ကျွင်ယီဆိုသော အမျိုးသမီးကို လူတစ်ယောက်က အဘင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကိစ္စကို ဖော်ပြထားရာ အိုရန်လု မျက်လုံးပြူးသွားသည်။ စာတစ်စောင်လုံးကို အေးသေ ချာချာနှင့် မြန်မြန်ဆန်ဆန် ဖတ်လိုက်သည်။

'နတ်ဘုရားကျောင်း တောင်ကုန်းကို ကျုပ်တို့က ဒီဘက်ကနေ တပ်ဖြန့်ပြီး ဝိုင်းပတ်ပေးရမယ် ဒီလိုမဟုတ်လား'

အိုရန်လု မေးရင်း အပေါ်အင်္ကျီကို ဝတ်သည်။

'မှန်ပါတယ် ခင်ဗျာ'

'ဒါဆိုရင် ခင်ဗျားပြန်တော့၊ ကျုပ်တို့ ခုချက်ချင်း လူဖြန့်ပြီး နေရာယူထားမယ်၊ ခင်ဗျားတို့ ရောက်လာရင် ကျုပ်ပါ နတ်ဘုရားကျောင်း တောင်ကုန်းပေါ်ကို တက်မယ်'

'ကဲ....သွားတော့လေ'

အိုရန်လုက ပြောသော်လည်း ရှေ့မှလူက မလှုပ်ဘဲ....



'ကျွန်တော်က ခံတပ်မှူးတို့နဲ့ အတူလိုက်ရမယ်လို့ မှာ[က်]ပါတယ်၊ ကျွန်တော့်ကို လွှတ်လိုက်တဲ့အချိန်မှာ ဝိုင်း[...]ပိတ်ဆို့ ရှာဖွေရေးကိစ္စကို စတင် ဆောင်ရွက်နေပြီဖြစ်[...]ခံတပ်မှူးတို့ဘက်က အလျင်အမြန် ဆောင်ရွက်ပေးဖို့[...]ာင်းပန်တဲ့အကြောင်းပါ ပြောလိုက်ပါတယ်'

ထိုလူက ပြောသည်။ အိုရန်လုက ဓားကိုလွယ်လိုက်ရင်း....

'ဒီလိုလား ဟုတ်ပြီ....ဟုတ်ပြီ....ဗျို့....တစ်ယောက် လာ[ခဲ့]'

အိုရန်လုက ခေါ်လိုက်ရာ အကြပ်ကြီး တစ်ယောက်[ဝင်]လာ၏။

'သွား....တို့အထဲက ရဲမက်သုံးဆယ်စုလိုက်၊ ငါနဲ့ အခု[ချက်]ချင်းထွက်မယ်'

အိုရန်လု၏ စကားအဆုံးတွင် အကြပ်ကြီး ပြေးထွက်[သွား]သည်။

• • •

တုံးဆီတင် ဖျတ်ခနဲ နိုးလာ၏။

လင်းချင်းသော နေရောင်က ချုံပင်၏ အကိုင်း[illegible]
များကြားမှ ကျဆင်းနေသည်ကို မြင်ရ၏။ တုံး[illegible]
ဖျတ်ခနဲ ထထိုင်သည်။

ဘာကြောင့်များ ဤမျှလောက် အိပ်ပျော်သွား[illegible]
လိမ့်။

ဘေးဘက်သို့ ကြည့်လိုက်သောအခါ အမျိုးသမီး[illegible]
မလှုပ်မယှက် အိပ်ပျော်လျက်သား ရှိနေသည်ကို တွေ့[illegible]
သည်။ အမျိုးသမီးသည် နေပြောက်တစ်ပြောက် [illegible]
ပေါ်သို့ တည့်တည့်ကျနေလျက် အိပ်ပျော်နေခြင်းဖြစ်[illegible]

သူက အမျိုးသမီး၏ သွေးကြောများ ပိတ်ထားခဲ့[illegible]
ကို သတိရသွားပြီး ပြန်ဖွင့်ပေးလိုက်သည်။

သွေးကြောများ ပိတ်ထားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ [illegible]
သောကြောင့်ပင်....

တုံးဆီတင်က အမျိုးသမီး၏ ခေါင်းအောက်သို့ လက်[illegible]
၍ ကုပ်ပိုးကို သုံးလေးကြိမ် ဆုပ်နယ်လိုက်သည်။ သို့[illegible]
အမျိုးသမီးသည် လှုပ်ရှားလူးလွန့်၍ လော။

အသက်ရှိနေသေးသည်ကား သေချာသည်။

သို့သော် အမျိုးသမီး၏ တစ်ကိုယ်လုံးမှာ အေးစက်[illegible]
သည်။

သောက်ကျိုးနည်း လေးကျွန်းရာဇာ မဟာသိုင်းကျမ်[illegible]
သိုင်းကွက်များကို တတ်မြောက်ထားသူက ဘာ ကြော[illegible]
အတွင်းအား လှည့်ပတ်မှု ဤမျှ အားနည်းရသလဲ။



တုံးဆီတင် အမျိုးသမီးကို စိုက်ကြည့်နေသည်။

[illegible] အမျိုးသမီး၏ မျက်ခတောင်များမှာ ရှည်သွယ်ကော့ပျံ
[illegible]သည်။ အမျိုးသမီးမှာ သေးသွယ်သော ခန္ဓာကိုယ်နှင့် ချော
[illegible] လှပသူပေပဲ။ တုံးဆီတင်၏ ခေါင်းထဲသို့ မှုန်ရိုတပ်
[illegible]ချုပ်၏ ရာဂ တူပြောမှုများအကြောင်း ရောက်ရှိလာ၏။
[illegible] ဤအမျိုးသမီးကလေးများ တပ်မှူးချုပ်လက်ထဲရောက်
[illegible]းလိုကတော့....

ထိုစဉ် အမျိုးသမီး၏ မျက်လုံးများ ရုတ်တရက် ပွင့်လာ
[illegible] သူမသည် သူမ၏ မျက်နှာပေါ်တွင် မိုး၍ကြည့်နေသော
[illegible]းဆီတင်၏ မျက်နှာကြီးကို မြင်လိုက်သောအခါ လန့်၍
[illegible]ဘ်ဟစ်လိုက်၏။

သို့သော် အချိန်ကြာမြင့်စွာ ပိတ်ထားခြင်းခံထားရသော
[illegible] ကြောများ ပွင့်ကာစဖြစ်၍ အသံဝင်နေသူ၏ အော်သံ
[illegible]းလောက်သာ ထွက်ပေါ်လာ၏။

တုံးဆီတင်က အမျိုးသမီးပါးစပ်ကိုပိတ်လိုက်ရင်း....

'မအော်နဲ့...အော်လို့လဲ ဒီနားမှာ ဘယ်သူမှ မရှိဘူး၊
[illegible]...ထထိုင်စမ်း'

ပြောလိုက်ပြီး အမျိုးသမီး၏ပါးစပ်အား ပိတ်ထားသည့်
[illegible]ကို ရုပ်လိုက်၏။ အမျိုးသမီး၏ မျက်နှာတွင် ဝေဒနာ
[illegible] ဖြတ်သန်းသွားသလိုမြင်လိုက်ရသည်။

'ထထိုင်လေ'

တုံးဆီတင်က ပြောလိုက်ပြန်၏။

'ကျွန်မတစ်ကိုယ်လုံး လှုပ်လို့မရတော့ဘူး'

'ဟေ'

တုံးဆီတင် အံ့ဩသွားပြီး....

'အေး... လှုပ်လို့ မရရင်လဲ အဲဒီအတိုင်း နေပြီး ငါမေးတာကို မှန်မှန်ပြော မြန်မြန်ပြော နားလည်ထား'

'ဟုတ်ကဲ့'

အမျိုးသမီးက အသံသဲ့သဲ့ဖြင့် ဖြေ၏။

'လေးကျွန်းရာဇာ မဟာသိုင်းကျမ်းစာအုပ် ဘယ်မှာ'

တုံးဆီတင်က အမျိုးသမီး၏မျက်လုံးများကို စိုက်ကြည့်ရင်း မေးလိုက်သည်။

အမျိုးသမီး၏မျက်လုံးများတွင် ရှုပ်ထွေးခြင်း လက္ခဏာများ ယှက်သန်းသွားသည်။ ပြီးတော့ မျက်ခုံးတောင်သုံး ကြိမ်ခတ်ကာ....

'ဘာစာအုပ်'

'သိုင်းကျမ်းစာအုပ်လေ၊ လေးကျွန်းရာဇာ မဟာသိုင်းကျမ်းစာအုပ်'

'ကျွန်မ နားမလည်ဘူး'

'ဘာကွ'

တုံးဆီတင်က လွတ်ခနဲ ပြောလိုက်ရင်း အမျိုးသမီး လည်ပင်းကို ညှစ်တော့မည့်ကဲ့သို့ ညာလက်ကို မြှောက်လိုက်၏။ အမျိုးသမီးက မတုန်မလှုပ်နှင့် ကြည့်နေသည်။ တုံးဆီ တင်က စိတ်ကို လျှော့လိုက်ပြီး....



'မင်း ငါ့ကို ဒေါသဖြစ်အောင် မလုပ်နဲ့နော်၊ ငါ့ကိုယ်ထဲကို စိတ်ရိုင်းတွေဝင်လာရင် မင်းဒုက္ခဖြစ်သွားလိမ့်မယ်၊ နားလည်လား'

'ကျွန်မ ရှင်ပြောတဲ့စာအုပ်ဆိုတာ ဘာမှန်းကိုမသိဘူး'

အမျိုးသမီးက စိတ်ရှုပ်ထွေးနေသော အသံဖြင့် ပြောသည်။

'ဒီမယ် ငါပြောပြမယ်၊ သေချာနားထောင်၊ မနေ့က မနက်ပိုင်းမှာ မင်းနဲ့ မင်းမောင်လေးဆိုတဲ့ ကောင်လေး ဈေးကိုသွားတယ်'

'ကျွန်မ....'

အမျိုးသမီးက ဖြတ်ပြောမည်ပြုသည်။

'ငါ့စကားကို ဖြတ်မပြောနဲ့ နားထောင်၊ အဲဒီလို မင်းတို့ ဈေးကိုအသွား ဈေးမရောက်ခင် ကောင်လေးငါးယောက်က မင်းတို့ကို နှောင့်ယှက်တယ်၊ မင်းတို့ မောင်နှမက ပြန်တိုက်ခိုက်လို့ အဲဒီကောင်လေးတွေ အထိနာပြီး ထွက်ပြေးသွားကြတယ်၊ အဲဒီလို မင်းတို့ မောင်နှမ ပြန်တိုက်ခိုက်ကြတော့ အသုံးပြုတဲ့ သိုင်းကွက်တွေဟာ လေးကျွန်းရာဇာ မဟာသိုင်းကျမ်းစာအုပ်ထဲက သိုင်းကွက်တွေပဲ၊ အဲဒီ သိုင်းကွက်တွေကို သင်ပေးနိုင်တဲ့လူတွေက အသက်ရှင်လျက် မရှိကြတော့ဘူး၊ သိုင်းကျမ်းစာအုပ်ကို ရမှပဲ အဲဒီသိုင်းကွက်တွေကို ထုတ်ဖော်နိုင်တဲ့အခြေအနေ၊ ဒီတော့ မင်း ဘူးခံပြီး ငြင်းနေလို့လဲ အပိုပဲ၊ သိုင်းကျမ်း ဘယ်မှာလဲဆိုတာသာ ပြောပေတော့'

'မင်းဘာဖြစ်ဦးမလဲ' ဆိုသော အလွန်ပိုင်နိုင်သည့် လေသံမျိုးဖြင့် ပြောလိုက်၏။

အမျိုးသမီးသည် ပိုင်ပိုင်နိုင်နိုင်ကြီးပြောနေသော တုံးဆီတင်ကို သေချာကြည့်နေရင်း တုံးဆီတင်၏ စကားအဆုံးတွင်....

'ကျွန်မ မှတ်မိပြီ'

ပြောလိုက်၏။ တုံးဆီတင်က...

မှတ်မိရမှာပေါ့၊ ကဲ....ပြော ဘယ်မှာထားသလဲ'

'ကျွန်မ မှတ်မိပြီဆိုတာက ရှင့်ကို မှတ်မိတာကိုပြောတာ၊ ရှင်ဟာ ကျွန်မ မနေ့မနက်က ဈေးထဲမှာ ငွေစတစ်စ ထည့်ပေးခဲ့တဲ့ ပျံကျကြီးပဲ'

'ဟုတ်တယ်....ငါက အဲဒီအတိုင်း အယောင်ဆောင်ပြီး မင်းပြန်တော့ မင်းနောက်က လိုက်ကြည့်ခဲ့လို့ မင်းအိမ်ကိုပါ သိခဲ့တာ'

'ကျွန်မက မုဆိုးမရှင့်၊ ကျွန်မမှာ မောင်လေးဆိုတာ မရှိဘူး'

'ဘာ....ငင် ငါ့ကို ငွေစတစ်စ ထည့်ပေးတဲ့ အချိန်မှာ မိန်းမကြီးတစ်ယောက်က မေးတော့ နင့်မောင်လေးသွားပြီလို့ နင်ကိုယ်တိုင် ပြောခဲ့တာပဲ'

'ဒါက ဟခြားပါ'

အမျိုးသမီးက စိတ်ညစ်ညူးစွာ ပြောလိုက်ပြီး ဆက်၍....



'ရှင်တွေ့ခဲ့တယ် ဆိုတဲ့သူဟာ ကျွန်မယောက် အဆက်ထက်....ကျက်ငယ်တဲ့သူပဲ၊ သူ့မှာ မောင်လေးတစ်ယောက် ရှိ....ယ်၊ အဲဒီကောင်လေးက လူကောင်ထွားပေမယ့် လူပျို....ကောင် မဝင်သေးဘူး၊ မိန်းကလေးကလဲ တကယ့်အပျို....ကကလေးပါ'

'မင်း ဘာတွေ လျှောက်ပြောနေတာလဲ'

တုံးဆီတင်က ဇဝေဇဝါနှင့် အော်လိုက်ရာ သူ့အသံ....နည်းငယ် ကျယ်သွားသည်။

'ရှင် လူမှားတာကို ပြောပြနေတာ၊ ကျွန်မ ရှင်ပြောတဲ့....င်းကွက်တွေကို မြင်လဲ မမြင်ဖူးဘူး၊ ကျွန်မ တတ်ထားတယ်....ရင်လဲ ရှင့်လိုလူကတောင် အသေအလဲ ....ချင်တဲ့သိုင်းကွက်....ဘူ ဆိုတော့ ခုလို ရှင် ဘယ်ဖမ်းနိုင်လိမ့်မလဲ၊ ရှင် လူမှား....ဘ ဖြစ်မယ်၊ သေချာ စဉ်းစားပါဦး'

အမျိုးသမီးက ပြောလိုက်ရာ တုံးဆီတင်မှာ မျက်မှောင်....ကြုတ်သွားရုံတင် မဟုတ်ဘဲ မျက်နှာကြီးတစ်ခုလုံးပါ ရှုံ့မဲ့....

'ငါ အကန်းမှ မဟုတ်ဘဲ၊ မှားပါဘူး'

ပြောသည်။ သို့သော် သူ့စကားကို သူကိုယ်တိုင်ပင်....ယုံကြည်သည့် လေသံမျိုး။

'ရှင် ကျွန်မနဲ့ မှားခဲ့တဲ့ မောင်နှမကို ကျွန်မကိုယ်တိုင်....မြင်လိုက်လို့ ပြောနေတာ၊ အဲဒီမောင်နှမက ကျွန်မ မျှစ်....ခြောက် ဝယ်နေတုန်း ကျွန်မနားက ဖြတ်ပြီး နောက်ဘက်

လမ်းက ပြန်သွားကြတာ၊ အဲဒါကြောင့် ရှင် မတွေ့လိုက်ရတာ'

'သူတို့က ဘယ်သူတွေလဲ'

တုံးဆိတ်က ခြောက်လက်ပန်းကျသော အသံနှင့်မေးသည်။

အမျိုးသမီးက....

'ကျွန်မက ရှင်ပြောတာတွေနဲ့ ဆက်စပ်ပြီး ပြောနေတာ။ ဈေးထဲမှာ လူတော်တော် ရှင်းနေလို့လဲ သတိထားမိထား။ သူတို့ ဘယ်သူဆိုတာတော့ ကျွန်မ ဘယ်သိပါ့မလဲ'

'ဒုက္ခပါပဲ'

တုံးဆိတ်က ညည်းတွားလိုက်ပြီး....

'ဒါဆိုရင် သူတို့ ဘယ်မှာနေတယ် ဆိုတာလဲ မင်းမသိဘူးပေါ့ ဟုတ်လား'

'ဒါပေါ့၊ မြို့တော်ကြီးဟာ အကျယ်ကြီးပဲဟာ၊ လူ တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင် မရှိဘူးဆိုရင် မျက်နှာချင်း ဆိုင်မိဖို့ လွယ်တာမှ မဟုတ်တဲ'

အမျိုးသမီးက နှစ်သိမ့်ဖျောင်းဖျသော အသံဖြင့် ပြောနေသည်။

သူ၏စကားအဆုံးတွင် တုံးဆိတ်က နီရဲရှုပ်ပွနေသော ဆံပင်များကို ဘြစ်းဖြစ်း ကုတ်လိုက်ပြီး....

'ဒါဆိုရင် နင့်ကို ဖမ်းခေါ်လာတာ ဘာအဓိပ္ပာယ်မှ မရှိဘူးပေါ့ ဟုတ်လား'



ပြောသည်။ အမျိုးသမီးမှာ မည်သို့ ပြန်ပြောရမည်ကို စဉ်းစားနေသောကြောင့် ရုတ်တရက် စကားမပြောနိုင်။ ထိုစဉ် တုံးဆိတ်မှာ မျက်နှာပြောင်းသွားပြီး....

'ဒီအတိုင်းတော့ အဓိပ္ပာယ်မဲ့ ဖြစ် မခံနိုင်ဘူးဟေ့၊ ပြီးတော့ နင်ပြောတာတွေလဲ ငါ မယုံဘူး၊ နင့်ကို နောက်ဆုံး စမ်းသပ်ကြည့်ရမှာပဲ'

အမျိုးသမီးမှာ တုံးဆိတ်၏ မျက်နှာနှင့်လေသံ ပြောင်းလဲလာသည်ကို ထိတ်လန့်သွားကာ....

'ရှင်.... ရှင်....ဘာလုပ်မှာလဲ'

တုံးဆိတ်က နီရဲသော မျက်နှာကြီးဖြင့် အမျိုးသမီးကို စိုက်ကြည့်ရင်း....

'အဓိပ္ပာယ်မရှိတဲ့ အလုပ်တစ်ခုပဲ၊ ဒါပေမယ့် နင် အမှန်အတိုင်းပြောရင်တော့ ငါ မလုပ်ဘူး'

'ကျွန်မ အမှန်အတိုင်း ပြောခဲ့တာပါရှင်၊ ရှင့်အသက်က ကျွန်မအဖေလောက် ရှိပါတယ်၊ ရှင် စဉ်းစားကြည့်ရင် သိပါတယ်'

အမျိုးသမီးက ထိတ်လန့်ကြောက်ရွံ့သော လေသံဖြင့် မြန်မြန်ပြောလိုက်သည်။

'ငါ စဉ်းစားရလွန်းလို့ ခေါင်းတွေ ပူနေပြီ၊ မစဉ်းစားတော့ဘူး'

တုံးဆိတ်က ပြောလိုက်ပြီး သူ့လက်ဝါးကြမ်းကြီးနှင့် အမျိုးသမီး၏ ရင်ဘတ်ပေါ်သို့ အုပ်ကိုင်လိုက်၏။ ထိုစဉ် ခပ်အုပ်အုပ် အော်သံတစ်ခု ထွက်လာ၏။

'တုံးဆီတင်'

'ဟ....'

တုံးဆီတင် လန့်ခုန်လိုက်သည်။ ထို့နောက် ချုံထဲတွင် ကုန်းကုန်းကွကွနှင့်....

'ဖူးကိုးလား'

'အေး....'

အသံက ဖူးကိုးအသံအစစ်ဖြစ်ကြောင်း တုံးဆီတင် သိသည်။ တဲဘုရားကျောင်းတံတိုင်း အတွင်းဘက်က ပြောနေခြင်းကြောင့်သည်း ခန့်မှန်းမိသည်။

'ဒီကိုလားလေကွာ'

တုံးဆီတင်က အမျိုးသမီးကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။

'ဒီကိုလာကွာ၊ ဒီမှာ ကျောင်းစောင့်ကြီးဆီက စားစရာတွေ တောင်းလာတယ်ကွ'

'ရှိုးတဲ့မှပဲ....ဒီမှာ ကောင်မလေးကို ဖမ်းခေါ်ထားတယ်ကွ'

တုံးဆီတင်က လွှတ်ခနဲ ပြောလိုက်ပြီးမှ သူမှားသွားပြီ ထင်ကာ တွေသွားသည်။

ညက မှန်ဂိုတပ်ကို မြို့စောင့်တပ်က ဝင်ရောက်တိုက်ခိုက်သည်။

ဤအခြေအနေမျိုးတွင် မှန်ဂိုတပ်ဆီသို့သွားသော ဖူးကိုးသည် မည်သည့်နည်းနှင့်မျှ မြို့တွင်းသို့ ယခုလို အချိန်မျိုးတွင် ပြန်ရောက်မလာနိုင်။



ပြီးတော့ သူက တခြားလူပိုခေါ်ခဲ့ဖို့မှာထားသည်။ ယခု ဖူးကိုးတစ်ယောက်တည်းဖြစ်ပုံရသည်။ တုံးဆီတင်က တွေးရင်း အမျိုးသမီး၏ဘားတွင် မုဆိုးဒူးကောက် ထိုင်ချလိုက်သည်။

'ဟေ့....တုံးဆီတင်'

ဖူးကိုး၏အသံက ပေါ်ကျယ်ကျယ် ပေါ်ထွက်လာပြန်၏။ တုံးဆီတင်က မထူးဘဲ ငြိမ်နေလိုက်သည်။

'ဟေ့ကောင်....ငါခေါ်နေတာ မကြားဘူးလား'

ဖူးကိုး၏အသံက ဆက်တိုက်ထွက်လာ၏။ တုံးဆီတင်က အမျိုးသမီး၏ ပခုံးနှစ်ဖက်ကို ကိုင်၍ ထိုင်နေသည့် အနေအထားမျိုး ဖြစ်အောင် ပြုလုပ်လိုက်၏။ အမျိုးသမီးကား ပျော့ခွေနေသည်။ သူ့ကြောကို ကြာကြာပိတ်ထားခဲ့သဖြင့် လေဖြတ်သလို ဖြစ်သွားပြီ ထင်သည်။ မတတ်နိုင်။ အကျပ်အတည်း ကြုံလာလျှင် အမျိုးသမီးကိုပင် ဓားစာခံလုပ်ကာ လွတ်မြောက်အောင် ကြိုးစားရတော့မည်။

တုံးဆီတင်က လျှို့ဝှက်၍ဆောင်ထားသော ဓားမြှောင်ကို ထုတ်လိုက်၏။

'ဟေ့ကောင်....မင်းဘာလုပ်နေတာလဲ၊ လာလေကွာ'

ဖူးကိုး၏အသံ ထွက်လာပြန်သည်။ တုံးဆီတင်က သွားချင်း စေ့ထားရင်း....

'မင်းက ဘာဖြစ်လို့ ဒီလောက်တောင် ခေါ်ထုတ်နေရတာလဲ၊ မင်းလာခဲ့ပါလား'

'ဒီမှာ စားစရာတွေနဲ့မို့ကွ'

'ဟေး....ဒီမှာလဲ ဖမ်းထားတဲ့ ကောင်မလေးနဲ့ကွ'

တုံးဆီတင်သည် ပြန်ပြောလိုက်ရင်း တံတိုင်းအတွင်းမှ လှုပ်ရှားသံများကို ကြားလိုက်ရသည်။

သူက အလွန်နားပါးသူ လူတစ်ယောက်တည်း၏ လှုပ်ရှားသံများ မဟုတ်ကြောင်း သူ ကောင်းကောင်းသိလိုက်သည်။ တုံးဆီတင်က ဆဲရေးလိုက်ပြီး....

'သစ္စာဖောက်'

တီးတိုး ရေရွတ်လိုက်ကာ အမျိုးသမီး၏ လည်ပင်းကို ဘယ်ဘက်မောင်းဖြင့်ပိုက်၍ မဟ်တတ်ရပ်လိုက်၏။

အမျိုးသမီးသည် ပျော့ခွေစွာပင် ပါလာသည်၊ တုံးဆီတင်က အမျိုးသမီးကို သူ့ကိုယ်ဖြင့်မေးလျက် ချုံပြင်သို့ ထွက်လိုက်၏။

နတ်ဘုရားကျောင်းတံတိုင်း အတွင်းဘက်တွင် မတ်တတ်ရပ်နေသော ဖူးကိုး၏မှင်တတ်အပေါ်ပိုင်းကို မြင်ရသည်။

'ဟေ့ ကောင်....ကောင်မလေး ကို ထား ခဲ့ လေ ကွာ၊ ကျောင်းစောင့်ကြီး မြင်သွားရင် ဘယ့်နှယ်လုပ်မလဲ'

ဖူးကိုးက မျက်မှောင်ကြုတ်၍ ကြည့်နေရင်း ပြောလိုက်၏၊ တုံးဆီတင်က ရှက်ဘရက် ရှုံးသွပ်သွားသကဲ့သို့ ရယ်လိုက်သည်။

'ဟား....ဟား....ဟား'

အထိန်းအချုပ်မရှိ ရယ်မောလိုက်သော တုံးဆီတင်၏ ရယ်မောသံက ကျယ်လောင်လှသည်။ ဖူးကိုးက မျက်နှာ အပျက်ပျက်နှင့် လှမ်းကြည့်နေရင်း....



'ဟေ့ကောင်....မင်းဘာဖြစ်နေတာလဲ'

'ဟား....ဟား....ဟား....ဖူးကိုးရာ ရယ်စရာကောင်းလိုက် ကွာ၊ မင်းနဲ့ငါ ပေါင်းလာတာ နှစ်ပေါင်း သုံးဆယ် ချော်ပါပြီကွာ၊ ကန္တာရဂိုဏ်းထဲမှာတုန်းကလဲ မင်းက ဘန္တာရ ပုလွေအဖွဲ့မှူး၊ ငါက သိမ်းငှက်အဖွဲ့မှူးပါကွ၊ အဖွဲ့မှူး င်း ဖတူတူပေမယ့် ငါက အထက်ကပါကွ၊ ပြီးတော့ းနဲ့ငါ ပေါင်းခဲ့တဲ့တစ်လျှောက်လုံး ငါလိုမ့်သမျှ မင်း ခံခဲ့ ာပါကွ၊ ယခုမှ မင်းက လိုမ့်ချင်လို့ ဘယ်ရမလဲ၊ ဟား.... ား'

'မင်း ဘာတွေလျှောက်ပြောနေတာလဲ'

ဖူးကိုးက မျက်နှာပျက်နေရင်း လှမ်းပြောလိုက်ပြန်၏၊ းဆီတင်က လက်ထဲမှဓားမြှောင်ကို မြင်သာအောင်ပြလိုက် င်း....

'အပိုတွေ ပြောမနေနဲ့ဟေ့ ဖူးကိုး၊ မင်းဘေးမှာ ပုန်း နေတဲ့ သူတွေက ဘယ်သူတွေလဲ၊ အဲဒါပဲပြော....ဒီမှာ မြင် ယ် မဟုတ်လား၊ ဒီကောင်မလေးရဲ့ ရင်ဝကို ခွဲချပစ်လိုက် ယ်'

တုံးဆီတင်ကပြောရင်း အမျိုးသမီး၏ရင်ဝတွင် ဓားမြှောင် ကို ထောက်လိုက်သည်။

ထိုစဉ် သူ့နောက်ဘက်မှ ဩဇာသံပါသော်လည်း တုန်လှုပ် နေသော အသံတစ်သံ ထွက်လာသည်။

'မလုပ်နဲ့'

တုံးဆီတင်က အမျိုးသမီးကို ချုပ်ကိုင်ထားရင်း ကျော တံတိုင်းနောက်မှ ဖူးကိုးကိုလည်း မြင်သာအောင် နေ ဆုတ်၍ လှည့်ရှုံမျှလှည့်ပြီး ကြည့်လိုက်၏။

ဘုရင့်တပ်မ၏ တပ်ဗိုလ်ဝတ်စုံနှင့် လူဘစ်ယောက်းအသ ယေသော်လည်း ကိုယ်ရေစိတ်ပါ ပ ပန်းနွမ်းနယ်မှုကြော များစွာ ရင့်ရော်နေသော ပုံစံမျိုးနှင့်။

တုံးဆီတင်က မဲ့ပြုံး ပြုံးလိုက်ပြီး....

'ဖူးကိုး....မင်းက ဒီလိုကိုးကွ၊ ဟင်....မင်းက သစ္စာဖော လိုက်တာပေါ့...ဟုတ်သား၊ ဟေ့ကောင်....ရွှေမတိုးနဲ့'

ဖူးကိုးကို မပြောရင်း ရွှေသို့တိုးလိုက်သော တပ်ဗိုလ် လှမ်း၍ ဟန့်လိုက်သည်။

တုံးဆီတင်၏ လက်တွင်းမှ အမျိုးသမီးမှာ လည်ပင်း လည်း တင်းတင်း အညှစ်ခံထားရပြီး ဓားနှင့်လည်း ရင် ကို အထောက်ခံထားရသောကြောင့် မရှုနိုင် မကယ်နိုင် မျိုး ဖြစ်နေ၏။

သို့သော် သူမက မျက်လုံးကို ထောင့်ကပ်၍ တပ်ဗိုလ် ဝတ်စုံနှင့် လူရွယ်ကို အသနားခံသလို ကြည့်နေသည်။

တပ်ဗိုလ်က တည်ငြိမ်စွာ ရပ်လိုက်ပြီး....

'ခင်ဗျား ပတ်ပတ်လည်မှာ ကျုပ်တို့ လူတွေအားလုံး ဝိုင်းထားပြီးသားပဲ၊ ခင်ဗျား ပြေးလို့မလွတ်တော့ဘူး'

ပြောလိုက်လေသည်။ တုံးဆီတင်က အက်ဖက်ကွဲကွဲ ရယ် လိုက်ပြီး....



'ဟား....ဟား....အဲဒီတော့ ဘာဖြစ်သလဲကွ၊ ဒီကောင်မ လေးကို ငါ သေရာခေါ်သွားလိုက်ရုံပဲပေါ့'

'ရှူးရှူးမိုက်မိုက် အလုပ်တွေ မစဉ်းစားစမ်းပါနဲ့ဗျာ၊ ကျုပ် တို့က ကိုယ့်အမျိုးသားချင်း သတ်ချင်ဖြတ်ချင်စိတ် မပြင်း ထန်ပါဘူး၊ ဟောဟိုက ခင်ဗျားလူကိုပဲ မေးကြည့်ပါ၊ ကျုပ်တို့ သူ့ကို ဘာမှကို မလုပ်ခဲ့ပါဘူး'

တပ်ဗိုလ်က ဆက်၍ပြောသည်။

တုံးဆီတင်က....

'ဒီကောင်နဲ့ ငါ့ကို နှိုင်းပြီးမပြောနဲ့၊ ငါက ဆင်းရင်လဲ တောက်လျှောက် ဆင်းမယ်၊ တက်ရင်လဲ တောက်လျှောက် တက်မယ်ဆိုတဲ့ကောင်၊ ကဲ....ငါမေးမယ်၊ မင်းက ဒီကိစ္စမှာ တာဝန်အရှိဆုံးကောင်လား....ပြောစမ်း'

'လောလောဆယ်မှာ ဟုတ်တယ်ပဲ ဆိုပါတော့ဗျာ'

တပ်ဗိုလ်က မသက်မသာနှင့် ပြောလိုက်သည်။ တုံးဆီတင် က....

'ဒါဆိုရင် ငါနဲ့ဒီကောင်မလေး နှစ်ယောက်စလုံး သေ သွားရင် ဘာအကျိုးရမလဲ ပြော'

'ဘာအကျိုးမှ မရှိပါဘူးဗျာ'

'ဒါဆိုရင် မင်းက အဲဒီလိုဖြစ်မှာကို မလိုလားဘူးပေါ့.... ဟုတ်လား'

'အမှန်ပါပဲ၊ ကျုပ် အဲဒီလိုဖြစ်မှာကို မလိုလားပါဘူး'

တပ်ဗိုလ်က အလွန်ခိုင်မာသော လေသံဖြင့် ပြောသည်။ တုံးဆီတင်က ပြုံးလိုက်ပြီး....

'ဒါဆိုရင် မင်းက ကျုပ်အကျိုးမယုတ်အောင် ဘယ်လို လုပ်ပေးနိုင်သလဲ ပြော'

'ခင်ဗျား ဘယ်လိုလုပ်ချင်သလဲဆိုတာ အလျှင်ပြောပါ'

တပ်ဗိုလ်အား အလွန်တည်ငြိမ်လာသော အသံဖြင့် ပြောသည်။ တုံးဆီဟင်က....

'မင်းတို့က ဒီလို အလျှော့အတင်း လုပ်ထားတာ ဒီကောင်မလေး အသက်ချမ်းသာစေချင်လို့ မဟုတ်လား၊ ဒီတော့ ငါက ငါ့အသက်ရှင် လွတ်မြောက်မယ်ဆိုရင် မင်းတို့လုပ်မယ့် အစီအစဉ်ကို လက်ခံရုံပဲပေါ့ကွာ'

'ကောင်းပြီလေ၊ ကျုပ်ဟာ ခံတပ်မှူး အိုရန်လုပဲ၊ ကျုပ် အခုလုပ်ပေးမယ့်အစီအစဉ်က စစ်စည်းကမ်းအရတော့ မညီဘူးဗျ၊ ဒါပေမယ့် ကျုပ်က လုပ်ဖို့ဆုံးဖြတ်လိုက်ပြီ၊ ခင်ဗျားကို ကျုပ်က လွှတ်ပေးလိုက်မယ်ဗျာ၊ ခင်ဗျားက အမျိုးသမီးကို အန္တရာယ် မပေးရဘူး'

'အိုရန်လု....ကျွန်မအတွက် အဲဒီလို မလုပ်နဲ့'

အမျိုးသမီးက အော်ဟစ်လိုက်သည်။ ထိုခဏပင် တုံးဆီတင်က အားနှင့်ညှစ်လိုက်သဖြင့် အမျိုးသမီးမှာ အသက်ရှူမရဘဲဖြစ်သွား၏။

'တိတ်စမ်း'

တုံးဆီတင်က အော်ဟစ်လိုက်ပြီး ဆက်၍....

'ငါ့ကို ဘယ်လိုလွှတ်ပေးမှာလဲပြော'

အိုရန်လုက အမျိုးသမီးကို စိုက်ကြည့်ရင်း....



'ကျုပ် ခံတပ်ရှေ့ဘက် ကိုက်လေးရာကို ကျုပ်ကိုယ်တိုင် ခင်ဗျားကို ခေါ်သွားမယ်၊ အဲဒီကျရင် ခင်ဗျားက အမျိုးသမီးကို လွှတ်ပေးရမယ်၊ ပြီးတော့ ခင်ဗျား သွားချင်ရာ သွား၊ ခင်ဗျားကို ဘယ်သူကမှ မဖမ်းစေရဘူး၊ ကျုပ် အာမခံတယ်'

'ဟား ...ဟား....ဟား....ဟား'

တုံးဆီတင်က ရယ်မောသည်။ အိုရန်လုက သူ့စကားတွင် အမှားပါသွားသည်ဟု ထင်သောကြောင့်....

'ခင်ဗျား ဘာရယ်တာလဲ'

တုံးဆီဘင်က အရယ်ရပ်၍....

'သဘောကျလို့၊ ဒီကောင်မလေးက ငါ့အသက်ကို ကယ်နိုင်တယ်ဆိုတာ သဘောကျစရာ ကောင်းတာပေါ့၊ ကောင်းပြီ၊ အဲဒီအစီအစဉ်ကို ငါလက်ခံတယ်၊ အခု ငါတို့ အဲဒီကို သွားကြမယ်၊ မင်းက ရှေ့ကသွား၊ ငါ့နောက်က ဘယ်သူမှ လိုက်မလာစေနဲ့၊ လိုက်လာရင် အမျိုးသမီးအတွက် ငါ တာဝန်မခံတော့ဘူး'

ပြောလိုက်၏။ အိုရန်လုက....

'တံတိုင်းထဲကလူတွေ သူ ပြောတာ ကြားတယ် မဟုတ်လား၊ အဲဒီအတိုင်းပဲလုပ်ပါ၊ အဲဒီအတွက် စစ်စည်းကမ်းနဲ့ အရေးယူရင် ကျုပ် ခံမယ်'

အော်ဟစ်ပြောဆိုလိုက်သည်။ ထိုစဉ် တုံးဆီတင်၏ ချုပ်ကိုင်ခြင်းခံထားရသော ဝမ်ကျင်ယီမှာ သူ့အတွက် အိုရန်လုက ဤမျှပင် အနစ်နာခံနိုင်ပါသလား ဆိုသော စိတ်ဖြင့်

ထိခိုက်လှုပ်ရှားကာ ကြာမြင့်စွာ ပီတိထားခံရသဖြင့် မလှုပ်ရှားနိုင်တော့သော ခြေလက်အကြောအခြင်များမှာ သွေးသစ်တိုး၍ လှုပ်ရှားနိုင်လာသည်။

## ( ၃၄ )

သူမသည် သိုင်းပညာတွင် မြင့်မားသူတစ်ယောက်မဟုတ်သည့်တိုင် အခြေခံထက် ဆာလွန်တတ်မြောက်သူကား ဖြစ်သည်။

ထို့ကြောင့် သူမကို မလှုပ်ရှားနိုင်သော လူတစ်ယောက်အဖြစ် အလေးမမူဘဲ တံတိုင်းဘက်သို့သာ အာရုံစိုက်နေသော တုံးဆီတင်၏ လက်ကိုင်မားကိုရုတ်တရက်ဆုပ်ကိုင်လိုက်ကာ သူ့ခန္ဓာကိုယ်ကို ရှေ့သို့ကုန်း၍ လျှပ်တစ်ပြက် ကိုင်ပေါက်လိုက်သည်။

'ဖုန်း....'

တုံးဆီတင်မှာ ဝမ်ကျင်ယိထက် သိုင်းပညာတွင် အဆင့်များစွာ ပိုလွန်တတ်မြောက်သူ ဖြစ်သည်။

သို့သော် သူက အမျိုးသမီးကို လုံးဝမလှုပ်ရှားနိုင်တော့ဟု တွက်ပြီး သတိမထားဘဲရှိခဲ့ရာ စနင်ထကျ ကိုင်ပေါက်ခြင်း ခံလိုက်ရသောအခါ၌ မည်သို့မျှမတတ်နိုင်ဘဲ ဖြစ်သွားသည်။

'ဖုန်း....'

တုံးဆီတင်မှာ ခြေပစ်လက်ပစ် ကျသွားကာ အိုရန်လုရှိရာသို့ တစ်ပတ်မျှ လိမ့်သွားသည်။

သို့သော် သိုင်းပညာ အဆင့်မြင့် တတ်မြောက်သူဖြစ်၍ ချက်ချင်းပင် ခုန်ထလိုက်သည်။

ဤအချိန်မှာပင် ဝမ်ကျင်ယိက သူမ၏ဆံထိုးဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်ရာ ထိတ်လန့်အံ့ဩနေဆဲ ရှိသေးသည့် တုံးဆီအင်၏ လက်ပြင်အတွင်းသို့ နက်ရှိုင်းစွာ နစ်ဝင်သွားတော့သည်။

'ရွှမ်း'

အိုရန်လုက ဓားရှည်ကိုဆွဲထုတ်ပြီး ခုန်ဝင်လာရင်း....

'မမ....နောက်ကိုဆုတ်နေလိုက်'

အော်ဟစ်လိုက်၏။ ထိုအချိန်တွင် တံတိုင်းနောက်ကွယ်တွင် ပုန်းအောင်းနေသော မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင်များဆော ခံတပ်မှ ရဲမက်များရော ထွက်လာကြကာ စက်ဝိုင်းသဏ္ဍာန် နေရာယူ ဝိုင်းရံလိုက်ကြပြီ ဖြစ်သည်။



တုံးဆီတင်က ရှုံ့ရင်းကြမ်းတမ်းစွာ ဆဲဆိုလိုက်ပြီး....

'လာကြစမ်း....လာကြစမ်း၊ မင်းတို့ကိုသတ်ပြီးမှ ငါသွားမယ်'

သွေးရူးသွေးတန်း အော်ဟစ်လိုက်၏။ အိုရန်လုက ရှေ့ဘက်မှပင် ဝင်ရောက်လာရင်း....

'မိန်းမတစ်ယောက်ကို ဓားစာခံလုပ်တဲ့လူမျိုးဟာ သတ္တိမရှိတတ်ပါဘူးဗျာ၊ ခင်ဗျားအစွမ်းထက်တယ်ဆိုရင် ကျုပ်ကိုပဲ အလျင်သတ်စမ်းပါ'

ပြောလိုက်၏။ ထိုအခါ မြို့ပြကာကွယ်ရေး ဗိုလ်ကြီးရဲ့ကျုံနန်နှင့်အတူ ထွက်လာသော ဖူးကိုးက....

'ဗိုလ်ကြီး၊ ဒီကောင်က အလွန်ကြောက်စရာကောင်းတဲ့လူဗျ၊ တပ်ဗိုလ်လေးတစ်ယောက်တည်းနဲ့ ဖြစ်မယ်မထင်ဘူး'

ဝင်ကူစေလိုသည့်ပုံနှင့် ပြောလိုက်၏။ ရဲ့ကျုံနန်က ပြုံးလိုက်ပြီး....

'တပ်ဗိုလ်လေးကို အထင်မသေးပါနဲ့လေ၊ သူ့ကိုတပ်ဗိုလ်ရာထူးလောက်နဲ့ ခံတပ်မှူးပေးထားတာ အကြောင်းမဲ့မဟုတ်ပါဘူး၊ ခင်ဗျားလဲ သိုင်းသမားဝါရင့်ကြီး တစ်ယောက်ပဲ၊ မြောက်ကျွန်းမဟူရာဓားရှင်ဆိုတာ ကြားဖူးမှာပေါ့'

'ဗျာ....ကြားဖူးတာပေါ့ဗျာ၊ ဒါပေမယ့် သူ့သေသွားတာက ကြာလှပြီပဲ'

ဖူးကိုးက ပြောလိုက်သည်။ ရဲ့ကျုံနန်က....

'ဟုတ်ပါတယ်၊ ဒါပေမယ့် အခု ခင်ဗျားမြင်နေရတဲ့ တပ်ဗိုလ်လေးက သူ့ရဲ့မြေးလေဗျာ'

ပြောလိုက်ရာ ဖူးကိုးမှာ တအံ့တသြဖြစ်သွားပြီး ဘာမျှ မပြောတော့ဘဲ ရှေ့ဘက်ရှိမြင်ကွင်းကိုသာ တအံ့တသြ ကြည့်နေတော့သည်။

ထိုအကြောင်းကို မသိသော တုံးဆီတင်ကား သူ့ရှေ့မှ အိုရန်လုကလေးကို အလွယ်နှင့် သတ်နိုင်မည်ဟု ထင်နေသည်။

သို့သော် သူ့ကို ဝိုင်းရံထားသော လူအင်အား၊ သူ ကျော်ဖြတ်ရမည့် အနေအထားတို့ကို တွက်မိသောကြောင့် အိုရန်လုကို သတ်နိုင်ရုံမျှဖြင့် သူ့အသက်ဘေးမှ မလွတ်မြောက်နိုင်ဟု ထပ်၍ တွေးမိပြန်၏။ သူလွတ်မြောက်ရန်မှာ စောစောကကဲ့သို့ပင် လူတစ်ယောက်ကို ဓားစာခံလုပ်နိုင်မှသာ ဖြစ်မည်ဟုတွေးကာ မျက်လုံးတစားစား၍ ကြည့်လိုက်၏။

အိုရန်လုက တုံးဆီတင်၏စိတ်အကြံကို သိသည့်အလား....

'မမ....လွတ်လွတ်ကင်းကင်း ဆုတ်နေလိုက်စမ်းပါ'

ဝမ်ကျင်ယီကို လှမ်းပြောလိုက်သည်။ ဝမ်ကျင်ယီက....

'မောင်လေးအိုရန်လု သူ့သိုင်းပညာက တော်တော်ကြောက်စရာကောင်းတယ်နော်'

စိုးရိမ်သည့်ဟန်ဖြင့် ပြောနေ၏။

'မမသာ လွတ်လွတ်ကင်းကင်း ဖယ်နေစမ်းပါ'

အိုရန်လုက ထပ်၍ပြောလိုက်ရာ အကြပ်ကြီးတစ်ယောက်က ရှေ့သို့ထွက်လာပြီး ဝမ်ကျင်ယီကို ဆွဲခေါ်သွားသည်။

တုံးဆီတင်က သူ့လက်ပြင်တွင် စူးဝင်နေသော ဝမ်ကျင်ယီ ပစ်လိုက်သည့် ဆံထိုးကို စမ်း၍ နုတ်လိုက်ပြီး....



'ဟား....ဟား....စိုး ရိမ် နေ လိုက် ကြတာ၊ အေး....နင့်ကောင်ကို နင့်ရှေ့မှာတင် သတ်ပြမယ်၊ ကြည့်နေ'

အော်ဟစ်၍ ပြောလိုက်သည်။ ထို့နောက် အသွား ည်ရှည် ရှစ်လက်မမျှရှိသော ဓားမြှောင်ကို ကြက်တောင်ပုံ င်ရင်း လှုပ်ရှားလိုက်သည်။

တက်နေရောင်တွင် ဓားရောင်က တလက်လက် တောက် ားသည်။

ထို့နောက်သူက ခြေကွက်ကို ဘယ်ညာနင်း၍ လှုပ်ရှား နေသည်။

အိုရန်လုက ဓားကိုင်လက်ကို ရှေ့သို့ဆန့်ထုတ်၍ တိုးဝင် သွားသည်။

တုံးဆီတင်မှာ အလွန်အလျင်မြန်ပါပေသည်။ ဘယ်ညာ မ်းနေသော သူ့ကိုယ်မှာ နှစ်ခုခွဲထွက်သွားအကဲ့သို့ ထင် က်ရကာ ရှေ့သို့လျှပ်တစ်ပြက် တိုးဝင်လာသည်။

အိုရန်လုက ပေါက်ဓားချက်များဖြင့် ခပ်ဆဆ ခုတ်၏။

တုံးဆီတင်က ထိုဓားချက်များကို လွတ်ရုံမျှ တိမ်းရင်း ိုရန်လု၏ ဘေးနှစ်ဖက်ဆီသို့ ဓားချက်များ ထိုးသွင်း က်လေသည်။

သိုင်းပညာ နိမ့်သူများထံမှ ဟာခနဲအသံကြီး ထွက်လာ ည်။

ထိုလူများ၏အမြင်တွင် လူရိပ်နှစ်ခုက ပူးသွားသလိုလို ွာသွားသလိုလို၊ ထိုလူရိပ်နှစ်ခုကို ဓားရောင်စက်ဝန်းကြီးက ွမ်းခြုံသွားသလိုလို....။

'ခြွမ်း....'

သံမဏိသားချင်းထိသံ ပြင်းထန်စွာ ထွက်ပေါ်လာ၏။ ထို့နောက် ရှတ်တရက်နောက်ဘက်သို့ ခုန်ထွက်သွားကြသော လူရိပ်နှစ်ခု။

ထိုလူနှစ်ယောက် ငြိမ်၍ရပ်လိုက်ကြမှ အရှေ့ဘက်မှလူမှာ အိုရန်လုဖြစ်၍ အနောက်ဘက်မှ ရပ်နေသူမှာ တုံးဆိတင် ဖြစ်ကြောင်း သိလိုက်ကြရသည်။

အိုရန်လုက ဓားရှည်ကို ရင်ဘတ်ရှေ့တွင် တည့်မတ်စွာ ထောင်၍ ကိုင်ထားသည်။

တုံးဆိတင်၏ လက်ထဲတွင် ဓားမြှောင်မရှိတော့ချေ။ ဓားမြှောင်မှာ အိုရန်လု၏ ဓားချက်ကို ခံဆောင်ရင်း လွင့်ထွက်သွားခဲ့ပြီ။

တုံးဆိတင်၏မျက်နှာ ညိုပုပ်နေသည်။

'မင်း ဘယ်သူလဲ'

တုံးဆိတင် မေးသည်။

'တပ်ဗိုလ်အိုရန်လုဆိုတာ ပြောခဲ့ပြီးပြီလေ'

အိုရန်လုက လေသံအေးအေးနှင့် ပြောသည်။ ထို့နောက် သူက ဆက်၍....

'ခင်ဗျား ဘာကြောင့် ထပ်မေးတယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ စောစောကတော့ ခင်ဗျားက ကျုပ်ကို လွယ်လွယ်နဲ့ အနိုင်ရမယ်လို့ ထင်ခဲ့တယ် ဟုတ်တယ်ခေ၊ အခုတော့ ကျုပ်နဲ့ ဆိုင်လိုက်တာနဲ့ ခင်ဗျားလက်ထဲကဓားလွတ်ထွက်သွားတော့ ခင်ဗျားကိုယ်ခင်ဗျား သံသယဝင်သွားပြီ၊ ဒါကြောင့် လက်နက်မရှိတော့တဲ့ ခင်ဗျားကို လက်နက်နဲ့ ဆက်မတိုက်ဖို့ ပြောချင်နေတယ် မဟုတ်လား'

'ယောကျ်ားချင်း စီးချင်းထိုးတယ်ဆိုတာ ညီမျှမှုရှိသင့်တာပဲ မဟုတ်လား'

တုံးဆိတင်က ပြောသည်။ အိုရန်လုက ပြုံးရင်း....

'ကျုပ်က စစ်သားဗျ၊ ကျုပ်နားလည်တာက စစ်တိုက်တဲ့နေရာမှာ မတရားတာမရှိဘူး၊ ဒါပေမယ့် ထားပါလေ'

ပြောလိုက်ပြီး ဓားကို ဓားအိမ်တွင်းသို့ ပြန်သွင်းလိုက်၏။ ထို့နောက် သူက လက်နှစ်ဖက်ကို ခါပြရင်း....

'ခင်ဗျားပြောတာ ဒီလိုမဟုတ်လား၊ ကျေနပ်တယ်နော်'

'သိပ်ကျေနပ်တာပေါ့ကွာ'

တုံးဆိတင်က အာလုတ်သံကြီးနှင့် ပြောလိုက်ပြီး ရှေ့သို့ ရှုတ်တရက် ခုန်တက်ကာ ညာဘက်လက်ချောင်းများကို ကတော့ပုံပြုလျက် အိုရန်လု၏ ရင်ဝဆီသို့ ထိုးသွင်းလိုက်၏။

( ၁၈ )

'ဟာ....'

ဖူးကိုးက ထိတ်လန့်သွားသည့်ပုံဖြင့် အသံပြုလိုက်သောကြောင့် သူ့ဘေးတွင်ရပ်နေသော ရှဲကျူနန်က ဖူးကိုးကို ငဲ့စောင်း၍ ကြည့်လိုက်သည်။

ဖူးကိုးမှာ တကယ့် တုန်လှုပ်နေပုံပင်ဖြစ်သည်။ သူသည် တုံးဆိတင်နှင့် နှစ်ပေါင်းများစွာ အတူနေခဲ့ရာ ယခု တုံးဆိတင် အသုံးပြုလိုက်သော သိုင်းကွက်ကို ကောင်းစွာ သိနေ၏။ ဤသိုင်းကွက်မှာ သံမဏိလေဖွေသိုင်းကွက်ဖြစ်၏။ ဤသိုင်းကွက်မှာ မာကျော ပြင်းထန်သလောက် ကြောက်စရာ

ကောင်းလောက်အောင်လည်း ပရိယာယ် များမြောင်လှသည် မဟုတ်ပါလား။

တုံးဆီတင်၏ညာလက်သည် ထိုးသွင်းလိုက်သည်နှင့် မြွေတစ်စင်းကဲ့သို့ ဝဲလ်ရောက်သွားခြင်းမဟုတ်ချေ။ ခလေးပွဲတစ်ခုကဲ့သို့ တဝိုးဝိုးမြည်အောင် လှည့်ပတ်နေပြီးမှ အိုရန်လု၏ မျက်လုံး၊ လည်မျိုနှင့် ရင်ဝနေရာများဆီသို့ တစ်ပြိုင်နက်တည်းလို ကျရောက်သွားသည်။

အိုရန်လုသည် မျက်လုံးနှင့်လည်မျိုဆီသို့ ကျရောက်လာသော ထိုးနှက်ချက်များကို အလွတ် တိမ်းရှောင်လိုက်ပြီး ရင်ဝဆီသို့ကျရောက်လာသော ထိုးနှက်ချက်ကိုမူ ဘယ် ထဲတောင်နှင့် ရိုက်ပယ်လိုက်ကာ ညာလက်နှင့် ကြက်ခြေခတ်ပြုလျက် အပေါ်သို့ ပင့်တင်လိုက်၏။ တစ်ပြိုင်တည်းတွင် တုံးဆီတင်၏ ဘယ်လက်သီးချက်က ကျရောက်လာသည်ဖြစ်ရာ အိုရန်လု၏ ကတ်ကြေးသဏ္ဍာန် ပြုလုပ်ထားသော လက်နှစ်ဖက်ကြားတွင် ညပ်သွားသည်။

အိုရန်လုက ဘယ်ခြေကိုတစ်လှမ်းဆုတ်လိုက်၏။ တစ်ပြိုင်တည်းလိုပင်ဘယ်ခြေကိုထောက်မိသည်နှင့်တုံးဆီတင်၏ခါးကို ညာဒူးဖြင့်ရိုက်လိုက်၏။

'ဟိတ်'

တုံးဆီတင်က အော်ဟစ်မာန်သွင်းရင်း ညာလက်ဖနောင့်ဖြင့် အိုရန်လု၏ ရိုက်ဒူးကို တားလိုက်၏။

အိုရန်လု၏တိုက်ခိုက်မှုမှာ ဤမျှနှင့်မပြီးချေ။ ကတ်ကြေးသဏ္ဍာန်ပြုထားသော လက်နှစ်ဖက်မှ လက်ချောင်းများဖြင့်



တုံးဆီတင်၏ ပခုံးနှစ်ဖက်ကို မြွေပေါက်သလိုပေါက်ချလိုက်သည်။

တုံးဆီတင်မှာ ဤအချိန်ထိ ဘယ်လက်မှာ ညပ်ထားခံရဆဲ ဖြစ်၍ နောက်သို့လည်း မဆုတ်သာမရှောင်သာ ငုံ့ရှောင်၍လည်း မလွတ်နိုင်ဘဲဖြစ်နေ၏။

ထို့ကြောင့် တုံးဆီတင်က မိုက်မိုက်ကန်းကန်းပင် ညာဒူးဖြင့် အိုရန်လု၏ရင်ညွန့်ကို ခုန်၍တိုက်လိုက်၏။

နှစ်ယောက်စလုံး ထိခိုက်နိုင်သော အခြေအနေမျိုး....

သို့သော် သူထိကိုယ်ထိ ထိကြလျှင် အိုရန်လုက ပို၍ အခြေအနေဆိုးပေမည်။ တုံးဆီတင် မိုက်သော်လည်း အိုရန်လု မမိုက်ပါချေ။

တုံးဆီတင်၏ပခုံးကို ထိအောင် မတိုက်ခိုက်တော့ဘဲ ညပ်ထားသော တုံးဆီတင်၏ ဘယ်လက်ကို တွန်းပစ်လိုက်သည်။ ထို့ကြောင့် တုံးဆီတင်၏ညာဒူးမှာ အိုရန်လုကို မထိတော့ဘဲ နောက်ဘက်သို့ယိမ်းယိုင်သွားသည်။

အိုရန်လုက တိုး၍လိုက်သွားသည်။

'ဟိုင်းယား'

တုံးဆီတင်က ကျယ်လောင်စွာ အော်ဟစ် မာန်သွင်းလိုက်ပြီး ခုန်ပျံ၍ဝင်လာသည်။

အိုရန်လုကလည်း ခုန်ပျံ၍ပင် ရင်ဆိုင်သည်။

သူတို့နှစ်ယောက်စလုံး လေထဲမှာပင် လက်ဝါးချက်ချင်းသုံးကြိမ်မျှ ပြိုင်၍ ရိုက်လိုက်ကြသည်။

'ဝုန်း....ဝုန်း'

'ဝုန်း'

ပေါက်ကွဲသံကြီးများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို့နောက် နှစ်ယောက်စလုံး အသင့်အနေအထားဖြင့် ပြန်ကျလာသည်။

'အံ့ဩစရာပဲ၊ တပ်ဗိုလ်လေးဟာ အဆက်ငယ်ငယ်လေးနဲ့ တုံးဆိတင်လိုလူကို အတွင်းအားချင်း တန်းတူပြိုင်နိုင်တာဟာ အံ့ဩစရာပဲ'

ဖူးကိုးက သူ့တစ်ယောက်တည်း တီးတိုးရေရွတ်နေ၏။ ရှဲကျူးနန်မှာ တိုက်ပွဲတွင် အာရုံနှစ်နေပုံရသည်။ ဖူးကိုးပြောသည်ကို မကြားသည့်အလား ကြည့်မြဲကြည့်နေ၏။

အိုရန်လုမှာ ဖူးကိုးပြောလျှင်လည်း ပြောစရာပင်၊ ဘာမျှ မဖြစ်သည့်အလား ရပ်မြဲရပ်နေ၏။ တုံးဆိတင်မှာ မျက်နှာ ဖြူရော်နေသည်။

မျက်နှာပေါ်တွင် ချွေးပေါက်များလည်း စီးထွက်နေ၏။ သူသည် အတွင်းအားတွင် တပ်ဗိုလ်လေးဖက် မနည်းတော့ သာသည်ကို သူ့ကိုယ်သူသိနေ၏။

သို့သော် အတွင်းအားကို အမြင့်ဆုံး အသုံးပြုလိုက်ရာတွင် ဆံထိုးဝူးဝင်ထားသောဒဏ်ရာမှ သွေးများ ပန်းထွက်လာခြင်းဖြစ်သည်။

ထို့ပြင် ဆံထိုးစူးဝင်ရာ၌ သွေးကြောတစ်ခုလည်း ပြတ်တောက် ထွက်သွားပုံရသည်။ ထိုနေရာမှ အလွန်နာကျင်လာသည်။ အတွင်းအားကို အမြင့်ဆုံး ထုတ်လိုက်ရာတွင်အား ထိုနေရာမှ ပို၍ပင် နာကျင်လာသေးသည်။



တည်ငြိမ်စွာ ရပ်နေသော အိုရန်လုမှာ အသက်ရှူမှု ကက်ခဲသွားသောကြောင့် ယန်မပျက်အောင် ရပ်နေခြင်းဖြစ်သည်။

## ( ၃၉ )

သူ့ရင်ထဲတွင် ပွက်ပွက်ဆူသွားသလို ခံစားလိုက်ရသည် ဟုတ်ပါလား။ သူသည် ရန်သူကို အထင်သေးကာ ခေးကို သိမ်းလိုက်မိသည်မှာ မှားလေပြီဟုတွက်မိနေ၏။ သို့သော် ခေးကိုသိမ်းပြီးကာမှ ပြန်ထုတ်ရန်လည်း မဖြစ်နိုင်တော့ပြီ။ သူသည် ထိုအတိုင်းပင် ဆက်လက် ယှဉ်ပြိုင်ရန် ဆုံးဖြတ်၍ စိတ်ကိုတင်းလိုက်၏။

သူကပင် ရှေ့သို့ အလျင်တိုးဝင်သွားသည်။

တုံးဆိတင်ကလည်း အတွင်းအားကို အပြည့်သုံး၍ လျင်မြန်စွာ အနိုင်ယူလိုက်ရန် ဆုံးဖြတ်ထားပြီးပုံ ရသည်၊ အိုရန်လု ရှေ့သို့ တိုးဝင်လာသည်နှင့်....

'ဟိုင်းယား'

နက်ကျောကျယ်လောင်လှသော အသံဖြင့် ဝန်သွင်း အော်ဟစ်လိုက်ပြီး မိုးကြိုးမုန်တိုင်း လက်သီးသိုင်းကွက်ဖြင့် တရစပ် ထိုးနှက်တိုက်ခိုက်လေတော့သည်။

အိုရှန်လုမှာ မည်သို့ စိတ်ကူးလေသည်မသိ။ တုံးဆီတင်၏ လက်သီးချက်တိုင်းကို သူ၏ လက်ဝါးနှစ်ဖက်ဖြင့် ပိတ်ဆို့ခံဆောင်လျက် ရှိသည်။

သူသည် တုံးဆီတင်၏ ပြင်းထန်လှသော လက်သီးချက်များကို အရှိန်သတ်၍ ဖမ်းသကဲ့သို့ အလိုက်သင့် လျှော့၍ ခံဆောင်နေသည်ဖြစ်ရာ လက်သီးနှင့် လက်ဝါး ထိသံမှာ စောစောကကဲ့သို့ ပြင်းထန်စွာ အသံမြည်ခြင်းမရှိတော့ဘဲ ဂွမ်းပုံကို ခဲနှင့်ပစ်သလို အသံမျိုးသာ ထွက်နေ၏။

သို့သော် အိုရှန်လုမှာ တုံးဆီတင် လှုပ်ရှားသကဲ့သို့ လျင်မြန်စွာ လှုပ်ရှားနေရသည်ဖြစ်ရာ စောစောက အတွင်းအားချင်းပြိုင်၍ လက်ဝါးချင်းဆိုင်ရိုက်ခဲ့ရာမှ ရရှိခဲ့သော အတွင်းဒဏ်ကြောင့် နှာခေါင်းမှ သွေးများ စီးထွက်လာတော့သည်။

တုံးဆီတင်ကား အိုရှန်လု၏ နှာခေါင်းမှ သွေးများစီးကျလာသည်ကို မြင်သောအခါ အိုရှန်လုတွင် အတွင်းဒဏ်ရနေပြီဟု တွက်မိပြီး အလွန်အားတက်သွား၏။ ထို့ကြောင့် အတွင်းအားကို ရှိသမျှညှစ်ထုတ်ကာ မိုးသီးမိုးပေါက်ရွာသကဲ့သို့ လက်သီးချက်များကို ပစ်လွှတ်နေတော့သည်။



သို့သော် အတွေ့အကြုံများလှသော တုံးဆီတင်မှာ ဤတစ်ချက်တွင် သတိလက်လွှတ် ဖြစ်သည်ဟု ဆိုရပေတော့မည်။

အဘယ်ကြောင့်ဆိုသော် သူ၏ အတွင်းအား အပြည့်သုံးထားသော လက်သီးချက်များကို အိုရှန်လုက အလိုက်သင့် ဖျော့၍ လျှော့၍ ခံဆောင်နေသည်ကို သူသတိမပြုမိသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် တုံးဆီတင်၏ ပြင်းထန်သော လက်သီးအားမှာ အိုရှန်လုအား မည်သို့မျှ ထိခိုက်စေနိုင်သော အစွမ်းသတ္တိမရှိတော့ဘဲ တုံးဆီတင်သာလျှင် အတွင်းအားကို အစွမ်းကုန်ထုတ်၍ သုံးနေသဖြင့် ဆံထိုးစူးဝင်သော ဒဏ်ရာမှ သွေးပေါက်ပေါက် ပန်းထွက်ကာ ဝတ်ထားသော ချည်ကြမ်း အင်္ကျီ နောက်ကျောတစ်ခုလုံး သွေးဖြင့် နီမောင်းရွှဲစိုနေတော့သည်။ ထို့ပြင် သွေးကြော ပြတ်ထားသော ဒဏ်ရာတစ်ဝိုက်မှာ မခံသာအောင် နာကျင်လာတော့သည်။

ခဏမှာပင် မိုးသီးမိုးပေါက် ရွာကျသကဲ့သို့ ထိုးနှက်နေသော တုံးဆီတင်၏ လက်သီးချက်များမှာ အနည်းငယ် ကျဲသွားသည်။

အတွင်းအားကလည်း အစပိုင်းကလောက် မရှိတော့။

ထိုအခါမှာပင် တုံးဆီတင်က မွှေ့ယမ်းလိုက်သည့် ဘယ်လက်ကြားမှ ညာလက်သီးချက်ကို ဆင့်၍ ထိုးလွှတ်လိုက်သည်။

အိုရန်လုက ယိုလက်သီးချက်ကို ညာခြေတစ်လှမ်းဆုတ်ရင်း ညာလက်ဝါးဖြင့် လျှော့၍ ခံဆောင်လိုက်ပြီးမှ တုံးဆီတင်၏ ထိုးအားကုန်ဆုံးလုအချိန်တွင် ဆုတ်ထားသောညာခြေကို ပြန်တက်ရင်း ဆတ်ခနဲ ပြန်တွန်းထုတ်လိုက်သည်။

ဖြောက်ခနဲ အရိုးကျိုးသံမျိုး ကြားလိုက်ရသည်။

တုံးဆီတင်မှာ သူ၏ ထိုးအားကုန်ဆုံးလုလု အချိန်တွင်မှ အိုရန်လုက အတွင်းအားကုန် အသုံးပြုလျက် ရုတ်တရက် ပြန်တွန်းထုတ်လိုက်ခြင်း ခံလိုက်ရသောကြောင့် တံတောင်အဆစ်ရှိနေရာလေး ကျိုးသွားသဖြင့် ပြန်အတွန်းခံရသော အရှိန်ဖြင့် နောက်ဘက်သို့ တစ်လံခန့်မျှလွင့်ကာ ပက်လက်လန် လဲကျသွားသည်။

တုံးဆီတင်က ရှက်ဒေါသနှင့် ချက်ချင်းပြန်ထသည်။

သို့သော် သူ့ညာလက်မှာ တွဲလောင်းကျနေ၏။

အိုရန်လုက လမ်းလျှောက်သွားသည့်ပုံမျိုးဖြင့် ရှေ့သို့တိုးဝင်သွားပြန်၏။

မထူးစိတ် ပိုင်းလိုက်ပုံရသော တုံးဆီတင်က အံကြိတ်ရင်း ဘယ်လက်သီးနှင့် အိုရန်လု၏ ရင်ဝကို ပြေးထိုးသည်။

အိုရန်လုက ရုတ်တရက် ဘယ်ခြေကိုဆုတ်လိုက်ကာ သူ၏ ဘယ်လက်ဖြင့် တုံးဆီတင်၏ ညာဘက်လက်ကောက်ဝတ်ကို ဆီးဖမ်းလိုက်ကာ တစ်ပြိုင်တည်းပင် ညာဘက်လက်ဖနောင့်ဖြင့် တုံးဆီတင်၏ တံတောင်ဆစ်နေရာကို ပင့်တင်လိုက်သည်။

'ဂျွတ်....'



အရိုးကျိုးသံနှင့်အတူ တုံးဆီတင်က အီးခနဲ အော်ဟစ်လိုက်၏။ အိုရန်လုက တုံးဆီတင်၏ လက်ကိုလွှတ်လိုက်ပြီး နောက်ဘက်သို့ ဆုတ်ထွက်လာသည်။

တုံးဆီတင်မှာ မချိမဆံ့ မျက်နှာနှင့် ကိုင်းကိုင်းကြီး ကျန်ရစ်၏။

သူ့လက်နှစ်ဖက်လုံးမှာ သုံးမရတော့ပြီ။

'သက်ဆိုင်ရာကိုပို့အပ်ဖို့ သူ့ကို ခေါ်သွားနိုင်ပါပြီဗျာ'

အိုရန်လုက ဆက်လက် တိုက်ခိုက်ရန် မလိုတော့သည့်သဘောဖြင့် ပြောလိုက်၏။

ထိုအခါ ရဲကျူနန်နှင့် မြို့ပြ ကာကွယ်ရေး တပ်ဖွဲ့ဝင်များက တုံးဆီတင်ကို ဖမ်းဆီးရန် ရှေ့သို့ တိုးလာကြသည်။

'ဟေ့....ငါ့ကို ဒီလိုဖမ်းလို့ ရမယ် ထင်သလား'

တုံးဆီတင်က ရှေ့သို့ တိုးလာသူများကို စူးစူးဝါးဝါး ကြည့်ရင်း ပြောလိုက်၏။

'သူငယ်ချင်း....မင်း ဘာလုပ်ဦးမှာလဲ၊ အေးအေး ဆေးဆေး အဖမ်း ခံလိုက်စမ်းပါ၊ အမြင်မှန် ရစမ်းပါ သူငယ်ချင်းရာ၊ မင်း မှန်ဂိုတွေဘက် ပြန်ရောက်သွားရင်လဲ သူတို့က မင်းကို သတ်မှာပဲ၊ ငါပြောတာ ယုံစမ်းပါကွာ'

ဖူးကိုးက အက်ကွဲသောအသံဖြင့် ပြောရင်း ရှေ့သို့ တိုးလာသည်။

'ဟေ့ကောင်....တော်စမ်း၊ ခွေးဖြစ်တဲ့ဘဝမှာ သခင် နှစ်ယောက် မထားဘူးကွ၊ တစ်ယောက်တည်းက အို့....အို့....

ခေါ်တာကို ခံတော့မယ်၊ ဟော့ကောင်တွေ....ရှေ့မတိုးနဲ့နော်'

တုံးဆီတင်က ရှေ့သို့ တရွေ့ရွေ့ တိုးလာကြသော မြို့ပြလုံခြုံရေး တပ်ဖွဲ့ဝင်များကို ကြည့်ရင်း စူးရှသော အသံဖြင့် ပြောလိုက်သည်။

'ကျုပ်တို့ အကြမ်းမဖက်ပါရစေနဲ့ဗျာ၊ ခင်ဗျား ပြေးလို့လဲ မလွတ်တော့ပါဘူး၊ အေးအေးဆေးဆေး အဖမ်းခံပါ'

ရဲ့ကျူနန်ကလည်း ဝင်ပြောသည်။ သို့သော်....

'ဟား....ဟား....ဟား'

တုံးဆီတင်က ရုတ်တရက် ရူးသွပ်သွားသကဲ့သို့ ရယ်မောလိုက်ပြီး....

'ဒီလောက်တောင် ဖမ်းချင်တဲ့ကောင်တွေ၊ ဖမ်းပေတော့ ဟေ့'

အော်ဟစ် ပြောဆိုလိုက်ပြီး အပေါ်ဘက်သို့ အားကုန်ခုန်လိုက်သည်။ ထိုအခါ တုံးဆီတင်မှာ လေထဲသို့ တစ်ဆယ့်ငါးပေခန့်မျှ မြင့်တက်သွားသည်။

မြို့ပြကာကွယ်ရေး တပ်ဖွဲ့ဝင်များမှာ တုံးဆီတင် ထွက်ပြေးတော့မည် ထင်သောကြောင့် တစ်ဦးနှင့်တစ်ဦး အော်ဟစ်သတိပေးရင်း လက်နက်များကို အသင့် ပြင်လိုက်ကြသည်။

သို့သော် လေထဲသို့ ခုန်တက်သွားသော တုံးဆီတင်သည် လေထဲမှာပင် ခန္ဓာကိုယ်ကို လှည့်လိုက်ကာ ဦးစိုက် အနေအထားဖြင့် ပြန်ကျလာ၏။



'ဟာ....'

'ဟေ့....ဟေ့'

အော်သံများ ဆူညံသွားသော အခိုက်မှာပင် တုံးဆီတင်သည် ဦးစိုက် အနေအထားဖြင့် မြေပေါ်သို့ အရှိန်ပြင်းစွာ ကျသွားတော့သည်။

'ခွမ်း....'

'ဖုန်း....'

ကျောက်သားရောသော တောင်ကုန်းမြေမာနှင့် ပြင်းထန်စွာ ဆောင့်မိ၍ ဦးခေါင်းခွံ အက်ကွဲသွားသံ၊ ထို့နောက် ခန္ဓာကိုယ်ကြီး ပစ်ကျသွားသံ။

တုံးဆီတင်၏ ခန္ဓာကိုယ်ကြီးမှာ မြေပေါ်သို့ စင်းစင်းကြီး ကျသွားပြီးနောက် ခြေထောက်တစ်ဖက် အကြောဆွဲနေသေးသည်။ ထို့နောက် လုံးဝ ငြိမ်သက်သွားသည်။

ဝိုင်းထားကြသူတွေမှာ ခဏမျှ မှင်တက်မိသလို ဖြစ်နေကြသည်။ ထို့နောက်မှ ဖူးကိုးက ပြေးဝင်သွားကာ အနားတွင် မုဆိုးဒူးထောက် ထိုင်ချလိုက်ရင်း....

'တုံးဆီတင်ရာ....ဘာတဲ့အထိ မိုက်လုံးကြီးရသလဲကွာ'

မချိတရိအသံနှင့် ပြောလိုက်၏။ ဤမြင်ကွင်းကို မမြင်လိုသော အိုရန်လုက တောင်ကုန်း၏ ကမ်းပါးစွန်းဘက်သို့ လျှောက်လာခဲ့သည်။

သူ့နောက်မှ ဝမ်ကျင်ယီက ပြေးလိုက်လာသည်။

အိုရန်လုက ကမ်းပါးစွန်းတွင်ရပ်၍ အောက်ဘက်သို့ ငုံ့ကြည့်သည်။ သစ်ပင်၊ ချုံပင်နှင့် မြက်ခင်းစိမ်းတို့ကို မြင်ရ

သည်။ သို့သော် အိုရန်လု၏ မျက်လုံးထဲတွင် သွေးကွက်တွေ ကို မြင်ရသလို ဖြစ်နေသည်။

အိုရန်လုက မျက်လုံးများကို မှိတ်ထားလိုက်သည်။

ဝမ်ကျင်ယီက အိုရန်လု၏ နောက်ဘက်တွင် ရပ်လိုက် ပြီး....

'အစ်မ မောင်ရယ်'

အိုရန်လု မျက်လုံးများကို ပြန်ဖွင့်ကာ နောက်ဘက်သို့ လှည့်လိုက်၏။ သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်မိကြသည်။

'အစ်မဖြင့် စိုးရိမ်လိုက်ရတာကွယ်'

ဝမ်ကျင်ယီက ပြောရင်း အိုရန်လု၏ နှာခေါင်းမှ ထွက် နေသော သွေးများကို သုတ်ပေးလိုက်သည်။ အိုရန်လုက ဝမ်ကျင်ယီ၏ မျက်လုံးများကို ငေးကြည့်နေသည်။ တွယ်မှီ လိုသော အငွေ့ကို ထိတွေ့ခံစားရသလို ရှိ၏။

'ပြန်မတွေ့ရတော့ဘူးလို့ ထင်နေတာ'

အိုရန်လုက ပြောလိုက်သည်။ ဝမ်ကျင်ယီက အိုရန်လု၏ ပခုံးနှစ်ဖက်ပေါ်သို့ သူမ၏လက်များကိုတင်လိုက်ပြီး မျက်နှာ ကို တရှိုက်မက်မက် ကြည့်နေသည်။

'အစ်မရဲ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးမယ့်သူ ရှိဖို့လိုနေပြီဆိုတာ အစ်မ နားလည်ပါပြီကွယ်၊ အဲဒီညတုန်း က မင်းအကြောင်းကို အစ်မ တိုင်တွေးနေခဲ့တာ'

အိုရန်လုက နွမ်းနွမ်းနယ်နယ် ပြုံးရင်း....

'အစ်မအိမ်ကို ကျွန်တော် လာလည်လို့ ရပြီပေါ့နော်'



ဝမ်ကျင်ယီက ခေါင်းငုံ့လိုက်သည်။ အိုရန်လုက မချင့် ရဲ့နှင့် ဝမ်ကျင်ယီ၏ပခုံးကို ပြန်လည်ဆုပ်ကိုင်ရင်း....

'အစ်မ အိမ်လေးကို လာရရင် ကျွန်တော် ပင်ပန်းခဲ့သမျှ တွေ ပြေမှာပါ အစ်မရယ်'

အိုရန်လု၏ စကားအဆုံးတွင် ဝမ်ကျင်ယီက နောက် ဘက်သို့ ဆုတ်လိုက်ပြီး....

'မင်း မလာတော့ဘူးလို့ ထင်ပြီး အစ်မ စိတ်ဆင်းရဲရတဲ့ နေ့တွေ ဘယ်လောက်များနေပြီ ဆိုတာရော သိရဲ့လား'

ပြောပြီး နောက်ဘက်သို့ လှည့်ထွက်သွားသည်။

'အစ်မ ယီ'

အိုရန်လု ခေါ်သည်။ ဝမ်ကျင်ယီက လှည့်မကြည့်၊

'ကျွန်တော်က အခုတစ်ခါတည်း လိုက်ခဲ့မှာနော်'

အိုရန်လုက ပြောလိုက်ပြီး ခြေလှမ်းကျဲကြီးများနှင့် လိုက် သွားသည်။

* * *

နောက်တစ်နေ့တွင် တပ်မှူးကြီး ဟိုမန်တာ၏ အစီအမံ ဖြင့် မြို့စောင့်တပ်များမှ အထူးတပ်ဖွဲ့သုံးဖွဲ့က မွန်ဂိုတို့၏ တပ် စခန်းသုံးနေရာကို လျှပ်တစ်ပြက် ထိုးစစ်ဆင် တိုက်ခိုက်ရာ

ရန်သူနှင့်ထောင်ကျော်မျှ သေဆုံးဒဏ်ရာရကြပြီး တပ်စခန်း များကိုလည်း မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းသည် မြို့တော်ကြီးအတွင်း၌ ပျံ့နှံ့သွားလေသည်။

ထိုသတင်းကြောင့်မြို့တော်သားတို့၏ ညှိုးချုံးကျနေသော စိတ်ဓာတ်များမှာ တစ်ဟုန်ထိုး ပြန်လည်မြင့်တက်လာသည်။ မြို့တော်၏နေရာအနှံ့တွင် အောင်ပွဲခံသည့် ဆိုင်းဝိုင်း ဗုံသံများ ပေါ်ထွက်နေသည်။ မြို့တော်သူ မြို့တော်သား မှန်သမျှသည် ထိုအကြောင်းကိုသာ အားရရွှင်လန်းစွာ ပြောဆိုနေကြ

ထိုကဲ့သို့ မြို့တော်သူ မြို့တော်သားများအောင်ပွဲသတင်း ကြောင့် ပျော်ရွှင်နေစဉ် မြို့တော်၏အပြင်စည်း၌တာဝန် ထားကြရသော စစ်သည်ဗိုလ်ပါ အပေါင်းတို့မှာမူ ထိုကဲ့ ပျော်ရွှင်မနေအားကြပါချေ။

မြို့တော်ကြီးအား အဘက်ဘက်မှ ဝိုင်းရံထားကြသော ရန်သူ မွန်ဂိုတို့အင်အားမှာ အလုံးအရင်းနှင့် ကြီးမားလှ ကား ယခုကဲ့သို့ တိုက်ခိုက်မှု ပြုလိုက်ခြင်းဖြင့် ပုရွက်ဆိတ် တုတ်နှင့် ဆွသကဲ့သို့ ဖြစ်ကာ မြို့တော်ကို အတင်းဝင်ရောက် တိုက်ခိုက်လေမည်လား၊ သို့တည်းမဟုတ် လျှပ်တစ်ပြက် အလစ်အငိုက်တိုက်ခိုက်ခံရ၍ အထိနာခဲ့ရခြင်းအတွက် မွန် စစ်သေနာပတိသည် မည်သို့သော အစီအမံများဖြင့် တုံ့ ပြန်လာလေမည်နည်း။ စသည်ဖြင့် ဖြစ်လာနိုင်သမျှသော အချက်တို့ကို စဉ်းစားကာ ပြင်ဆင်နေကြရသည်။

ထိုအထဲတွင် ခံတပ်မှူးများမှာနားချိန်ဟူ၍မရှိသလောက် အလုပ်များကြ၏။



သူတို့မှာ တပ်မဌာနချုပ်သို့ ပြေးလိုက်၊ တပ်မှူးကြီး များ၊ တပ်မင်းများ၏ ညွှန်ကြားချက်များ ခံယူလိုက်ကြ၊ ပြီးလျှင် ခံတပ်သို့ ပြန်ပြေးရကာ ညွှန်ကြားချက်များအတိုင်း အသစ်ဟင်းရအောင် စီမံရနှင့် ဗျာများ နေကြရရှာသည်။

ဤအချိန်တွင် ရန်သူ မွန်ဂိုတို့မှာ အလွန် ငြိမ်သက်နေ သည်။ မွန်ဂိုများဘက်သို့ မပြတ်အမြဲ စောင့်ကြည့်အကဲခတ် သော်လည်း ထူးခြားသော လှုပ်ရှားမှုဟူ၍ မတွေ့ရ။ မွန်ဂို မှာ မြို့တော်ကို ပတ်ခွေ၍ထားသော ရေနန့်စွာ မြေကြီး င်ကောင်အလား မြို့စောင့်တပ်တို့က လျှပ်တစ်ပြက် ဝင် က် တိုက်ခိုက်မှုကို မည်သို့မျှ မထိခိုက်သည့်ပုံဖြင့် မတုန် ပ်တည်နေဟန်မျိုးဖြစ်နေ၏။

ထိုအခြေအနေမျိုးဖြင့် သုံးရက်မျှကြာခဲ့၏။

အဘက်ဘက်မှ တေးတောပြင်ဆင် စောင့်ကြည့်နေကြရ သော မြို့စောင့်တပ်မှ ရဲမက်များ၏စိတ်ထဲတွင် သူတို့ လျှပ် စ်ပြက် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းအတွက် မွန်ဂိုများ မည်သို့ တုံ့ပြန်ခြင်း မပြုတော့ဟုပင် ထင်မှတ်လာကြရသည်။ သို့သော် မွန်ဂိုတို့ တိတ်ဆိတ်နေသည်ကား ကြီးမားသော ကြံအစည်ကြောင့်သာဖြစ်၏။

လေးရက်မြောက်နေ့။

နေမွန်းတိမ်းစအချိန်တွင် မြို့တော်၏တောင်ဘက်ရှိ မွန်ဂို ပ်စခန်းဆီမှ လှုပ်ရှားမှုများ ဖြစ်ပေါ်လာသည်။

မြို့စောင့်ခံတပ် မျှော်စင်ပေါ်မှ ကင်းသမားသည် ထို ရှားမှုများကို မြင်တွေ့လိုက်ရသည်နှင့် ကျွဲချို ခရာကို

စူးစူးရှရှမှတ်လိုက်၏။ 'ကင်းသမားရဲမက်သည် ခရာကိုအသံ မပြတ်မှုတ်နေရာ သူ့ခရာသံမဆုံးမီမှာပင် ခံတပ်မှူး တပ်မှူး တန်ငိုဟင်းက မျှော်စင်ပေါ်သို့ရောက်ရှိလာသည်။

တပ်မှူးတန်ငိုဟင်းက ရန်သူ့စခန်းဘက်သို့ သေချာ ကြည့်သည်။

အဝါရောင်စစ်တံခွန်နှင့် အလံများကို မြင်ရသည်။

ခံတပ်နှင့် ရန်သူ့စခန်း ကြားနယ်မြေမှာ ကိုက် ထောင်ခကျော် ငါးထောင်နီးပါးမျှရှိသည်ဖြစ်ရာ လှုပ်ရှားမှု များကို မြင်ရသော်လည်း မသဲကွဲ။ လှုပ်ရှားမှု အကျယ် အဝန်းကို ခန့်မှန်းရသည်ကလည်းမလွယ်။ ရှေ့ဦးတွင် ကိုယ် ငါးရာခန့်မျှရှိမည်ဟုပင် အကြမ်းအားဖြင့် ခန့်မှန်းရသည်။ ပြီးတော့ မိမိတို့ခံတပ်ဆီသို့ ဦးတည်၍ ချီတက်လာနေသည် မှာ သေချာသည်။

'ဒီကောင်တွေ တို့ဆီကို လာနေကြတာကတော့ သေချာ ပဲဟေ့'

တန်ငိုဟင်းက သူ့ဘေးတွင် ရပ်နေသော တပ်မှူးလေး ကို ပြောလိုက်ပြီး ဆက်၍....

'ဆင်တပ်၊ မြင်းတပ်တွေ ပါမလာတာ သေချာတယ် ခုလိုအချိန်မှာ ပြောင်ဝင်တိုက်တာဆိုတော့ အင်အားများ လိမ့်မယ်၊ ကဲ....မင်းသွား တပ်မဟာနချုပ်ကို သတင်းပို့ ပြီးတော့ မြို့တော်ရဲ့ တခြားဘက်တွေအရေ ဒီကောင်တွေ ချီတက်လာသလားဆိုတာ မေးလာခဲ့'

ပြောလိုက်၏။ တပ်ဗိုလ်လေးက....



'တပ်မှူး တခြားလူတစ်ယောက်ကို လွှတ်ပါရစေ'

ရင်ဆိုင်ရတော့မည့်တိုက်ပွဲမှ မခွာချင်သောစိတ်နှင့် ပြော လိုက်၏။ တန်ငိုဟင်း ဒေါ်ပွသွားသည်။

'ဟေ့ကောင်....ဒါစစ်မြေပြင်ကွ၊ အမိန့်မှာ ခြွင်းချက် မရှိဘူး၊ ပြီးတော့ မင်းကို ခိုင်းတဲ့အလုပ် ဘယ်လောက် အရေးကြီးတယ်ဆိုတာ မင်းနားမလည်ဘူးလား'

တန်ငိုဟင်း၏ စကားအဆုံးတွင် တပ်ဗိုလ်လေးက ခြေစုံ ရပ်၍ အရိုအသေပြုသည်။ ထို့နောက် မျှော်စင် တစ်ခုလုံး သိမ့်သိမ့်တုန်သွားသွားအောင် ပြေးဆင်းသွားသည်။

တပ်ဗိုလ်လေးဆင်းသွားသောအခါ တန်ငိုဟင်းက ရန်သူ ချီတက်လာရာဘက်သို့ မျက်နှာပြန်မူသည်။

ရန်သူ ချီတက်လာရာလမ်းသည် ရိုးပြတ်လယ်ကွင်းဖြစ်၏။ ထို့ကြောင့် ဖုန်လုံးများထနေခြင်းမရှိ။ ရန်သူ၏ ချီတက်မှုမှာ နှေးကွေးသည်။

'ဟေ့ကောင်....မင်းမျက်လုံး ကောင်းတယ်မဟုတ်လား၊ သေချာကြည့်စမ်း'

တန်ငိုဟင်းက ကင်းသမားရဲမက်ကို ပြောလိုက်၏။ ကင်း သမား ရဲမက်က....

'ရန်သူတွေချီတက်လာတာ သေချာပါတယ် တပ်မှူး'

တန်ငိုဟင်း ဆဲရေးလိုက်ပြီး....

'မင်းကြီးတော်ကြီးမှုပဲ၊ အဲဒါတော့ ငါလဲ မြင်တာပေါ့ ကွ၊ ဒီကောင်တွေတပ်ဦးမှာ ဘာကြီးတွေလဲ မသိဘူး၊ အဲဒါ ကို မေးတာ'

'ဘာကြီးတွေမှန်း မသိဘူး တပ်မှူး၊ တစ်ခုခုတော့ ထစ်ခုခုပဲ'

တန်ငိုဟင်း ဆဲရေးလိုက်ပြန်ကာ မျှော်စင် အောက်သို့ ပြေးဆင်းသွားပြန်သည်။

ခံတပ်တစ်ခုလုံးရှိ ရဲမက်များမှာ စနစ်တကျ နေရာယူပြီး ထားကြပြီ။ တပ်မှူး တန်ငိုဟင်းသည် ခံတပ်တွင်းမှ ထွက်၍ ရှေ့ဆုံးခံကတုတ်ဆီသို့ သွားသည်။ သူဖြတ်သွားရာလမ်းရှိ ခံကတုတ်များ အတွင်း၌လည်း လေးမြား ကိုင်ဆွဲထားသော စစ်သည်ရဲမက်များမှာ တိုက်ပွဲဝင်ရန် တတ်ကြွကြွ ပုံစံမျိုးနှင့် အားလုံးအသင့်ဖြစ်နေကြပြီ။

'မင်းတို့စောင့်နေတဲ့ ဧည့်သည်တွေတော့ လာပြီဟေ့၊ ကောင်းကောင်းမွန်မွန် ဧည့်ခံလိုက်ကြပါဟေ့'

တပ်မှူး တန်ငိုဟင်းက အော်သွားသည်။

'စိတ်ချ တပ်မှူး၊ ဟင်းပွဲတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ တစ်ချီတည်း အီသွားအောင် ကျွေးလိုက်မယ်'

ကင်းကတုတ် တစ်ခုအတွင်းမှ သေနတ်သမားကြီးတစ်ဦးက ပြန်အော်ပြောသည်။

'အေး....အေး.... အကုန်လုံးတော့ မကျွေးလိုက်နဲ့ဦး၊ အိမ်အတွက် ချန်သင့်တာလဲ ချန်ထားဦး'

တန်ငိုဟင်းက ပြောရင်း လျှို့ဝှက် အမှတ်အသားများ အတိုင်း လျင်မြန်စွာ လျှောက်သွားရာ သူ့နောက်ဘက်တွင် ရယ်သံများ တအုန်းအုန်းကျန်ရစ်ခဲ့၏။



ရှေ့ဆုံး ခံကတုတ်တွင် မြားကိုင်ရဲမက်သုံးဆယ်နှင့် တပ်ဗိုလ်လေး ကောင်လ°ကို တွေ့ရသည်။ ကောင်လ°က တန်ငိုဟင်း ရောက်လာသည်နှင့် အရိုအသေပြုလိုက်ပြီး....

'ကျွန်တော် မြေကြီး တုန်သံကို နားထောင်နေတာ တပ်မှူး၊ အခုလာနေတာ ဆင်တပ်၊ မြင်းတပ်တွေ မပါဘူး'

ထို့နောက် သူက မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး....

'အခုလို မြင်မြင်ထင်ထင် နေ့ဘက်ကြီးမှာလဲ ဝင်တိုက်သေးတယ်၊ ဆင်တပ် မြင်းတပ်တွေကိုလဲ မသုံးဘူးဆိုတော့ ဥာဏ်စားစရာကောင်းနေတယ် တပ်မှူး'

အတွေးရ ခက်နေသော အမူအရာမျိုးနှင့် ပြောလိုက်သည်။ တန်ငိုဟင်းက ခံကတုတ် အတွင်းသို့ ခုန်ဆင်းလိုက်ပြီး....

'တို့ဘက်က ဝင်တိုက်တဲ့ညက သူလျှိုတွေဖမ်းမိတဲ့သတင်းတွေ မင်းတို့လဲ ကြားသားပဲ၊ ဒီကောင်တွေလဲ တို့ဘက်က သတင်းတွေ သိနေတာ ရှိမှာပေါ့၊ အခု ဆင်တပ်၊မြင်းတပ်တွေ ပါမလာဘူးဆိုရင် တို့ဘက်က ရေတွင်းတွေအကြောင်း သိထားလို့ ဖြစ်မှာပေါ့ကွာ'

ခပ်ပေါ့ပေါ့ လေသံဖြင့် ပြန်ပြောလိုက်၏။ ကောင်လ°က....

'တပ်မှူး မျှော်စင်ပေါ်က ကြည့်ခဲ့ပြီလား'

'အေး....မျှော်စရာကြီး နေမှာပဲကွ၊ လာနေလိုက်ကြတာ တစ်အုပ်တစ်မကြီးပဲ'

'ကျွန်တော်တော့ မြှုပ်ကွက်တစ်ခုရှိနေပြီလို့ထင်နေတယ်'

တပ်ဗိုလ်လေးကောင်လီက မျက်မှောင်ကြုတ်ထားရင်း ပြောသည်။

'ထားလိုက်စမ်းပါကွာ၊ သူတို့မှာ အကြံရှိသလို တို့မှာလဲ ကြံစည်ထားတာ ရှိတာပဲ မဟုတ်လား၊ ပြီးတော့ ဒီကောင်တွေ မြေလျှိုးမိုးပျံပြီး မလာနိုင်ပါဘူး၊ မျက်နှာချင်းဆိုင်ပဲ ပြိုင်ခုတ်ကြရမှာပါ'

တပ်မှူး တန်ငိုဟင်း တကယ်ပင်ပျော်ရွှင်နေသည့် လေသံဖြင့် ပြောလိုက်သည်။ တပ်ဗိုလ်လေးက တစ်စုံတစ်ခု ပြန်ပြောမည် ပြုသေး၏။ သို့သော် ထိုအခိုက်တွင် ချီတက်လာသော မွန်ဂိုတပ်ဦးမှာ ကိုက်သုံးထောင်ခန့်မျှအကွာသို့ ရောက်ရှိလာပြီ ဖြစ်သောကြောင့် အသံကြီးများကို ပိုမို ပီသစွာကြားလာရသည်ဖြစ်ရာ တပ်ဗိုလ်လေးက နားကိုစွင့်လိုက်ပြီး....

'တပ်မှူး ပြန်တော့လေ၊ ရန်သူတွေ တော်တော်နီးလာပြီ၊ ကျွန်တော်တို့ကို စိတ်ချပါ'

ပြောလိုက်၏။

တန်ငိုဟင်းက....

'ခအေးပါကွာ....ဒါနဲ့ ဒီကောင်တွေ အလုံးအရင်းရဲ့ ဖိဝင်လာရင် ဘာလုပ်ရမယ်ဆိုတာ မမေ့နဲ့နော်'

'ဟုတ်ကဲ့ပါ တပ်မှူး'

ထိုစဉ် ခံတပ်မျှော်စင်ဆီမှ စူးရှသော ခရာသံသုံးချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'ဟာ....ငါ့ကိုခေါ်တဲ့အသံပါလား'



တပ်မှူး တန်ငိုဟင်းက ပြောလိုက်သည်။ ကောင်လီက....

'ဟုတ်တယ် တပ်မှူး'

'အေး....တပ်မဌာနချုပ်က အမိန့်များ ရောက်လာပြန်ပြီလား မသိဘူး၊ ငါ သွားဦးမယ်ကွ'

'ဟုတ်ကဲ့ တပ်မှူး'

ရဲမက်များကပါ ပြောလိုက်ကြသည်။ တပ်မှူး တန်ငိုဟင်းက ကတုတ်ပေါ်သို့ ခုန်တက်ရန် ပြင်လိုက်ပြီးမှ မတက်သေးဘဲ....

'သိပ်လဲ အတင့်မရဲကြနဲ့နော်၊ လောလဲမကြီးကြနဲ့ကွ၊ ချွဲသားတဲ့ အစီအစဉ်တွေကိုလဲ မမေ့နဲ့၊ အမှားတကာထဲမှာ စစ်တိုက်တုန်းမှားတဲ့အမှားဟာ သိပ်ဆိုးတာကွနော်'

'စိတ်ချပါ တပ်မှူး'

တပ်ဗိုလ်လေးနှင့် ရဲမက်များ၏ စကားသံ ဆုံးသောအခါ တန်ငိုဟင်း အပေါ်သို့ ရောက်သွားပြီး၊ ထို့နောက်သူ တပ်ဗိုလ်လေးနှင့် ရဲမက်များကို မေးတစ်ချက်ဆတ်ပြပြီး ခံတပ်ဆီသို့ ပြန်လျှောက်သွားသည်။

( ၄၀ )

ကင်းမျှော်စင်ပေါ်မှ တာဝန်ကျ ရဲမက်သည် ကိုက် သုံးထောင် ကွာအတွင်းသို့ ချဉ်းကပ် ရောက်ရှိလာသော မွန်ဂို တပ်ဦးတွင် ထူးခြားမှုများကို မြင်နေရသောကြောင့် အချက်ပေး ခရာသံဖြင့် တပ်မှူးကို ခေါ်လိုက်ခြင်းဖြစ်သည်။

ရှေ့က ကတုတ်မှ ပြန်လာသော တန်ငိုဟင်းသည် ခဏအကြာတွင် ကင်းမျှော်စင်ပေါ်သို့ ရောက်ရှိလာသည်။ တာဝန်ကျ ရဲမက်က ထူးခြားမှုကို ပြောနေစဉ်မှာပင် ဟန်ငိုဟင်းမှာလည်း မျှော်ကြည့်ရင်း သတိပြုမိသွားပြီဖြစ်သည်။

ထိုအရာများသည် ချီတက်လာသော မွန်ဂိုရဲမက်များ၏ ရှေ့ဘက်မှ လိမ့်၍လာနေခြင်း ဖြစ်သည်။ ထိုအရာကြီးများသည် လူများ အမြန်လမ်းလျှောက်သည့်နှုန်းမျိုးဖြင့် လိမ့်လာနေခြင်းလည်း ဖြစ်သည်။

'ဘာကြီးတွေလဲဟ'

တန်ငိုဟင်းက မျက်မှောင်ကြုတ်၍ ကြည့်နေရင်း ရေရွတ်လိုက်သည်။ ထို့နောက်၌....

'သစ်ပင်ကြီးတွေခုတ်ပြီး လှိမ့်၍လာရအောင်ကလဲ ဒီလောက်ကြီးတဲ့ သစ်ပင်ကြီးတွေ ဒီနားမှာ မရှိပါဘူး၊ ပြီးတော့လဲ သစ်လုံးကြီးတွေဆိုရင်လဲ ဒီသလောက် မမြန်နိုင်ဘူးကွ'

သူ့ဘာသာ ပြောသလို ပြောဆိုနေ၏။

ထို့နောက် တန်ငိုဟင်းသည် ဤအရာများမှာ ငိုမိတို့ခံစစ်စည်း၏ ရှေ့ဘက်တွင် ပြုလုပ်ထားသော လျှို့ဝှက် မြောင်းကျင်း ဆူးကျင်းများကို ဖြတ်သန်းနိုင်ရန် ကြံစည် ပြုလုပ်လာကြောင်း သဘောပေါက် နားလည်သွားသည်။

ဤသို့ တွေးမိသည်နှင့် တန်ငိုဟင်းသည် မျှော်စင်အောက်သို့ လျင်မြန်စွာ ပြေးဆင်းသွားပြန်ကာ ရှေ့က ကတုတ်များရှိရာသို့ ဆက်၍ ပြေးသွားလေသည်။

တန်ငိုဟင်းသည် လျင်မြန်စွာပင် ကောင်လီရှိနေသော ရှေ့ဆုံး ကတုတ်ကျင်းသို့ ပြန်လည်ရောက်ရှိလာ၏။

'တပ်မှူး ခံတပ်ကိုပြန်ပါ၊ ရန်သူတွေ နီးလာပြီ'



တန်ငိုဟင်း မရောက်မီကပင် ကောင်လီက အရေးတကြီး လှမ်းအော်ပြောသည်။

တန်ငိုဟင်းက ဆက်၍ပြေးရင်း ကတုတ်ကျင်းထဲသို့ ခုန်ဆင်းလိုက်ရင်း....

'ပြောစရာရှိလို့ဟေ့'

ထို့နောက် သူက ကတုတ်ကျင်းထဲရှိ ရဲမက်များကို ကြည့်လိုက်သည်။

ရဲမက် သုံးဆယ်ခန့်မှာ လေး မြားတို့ကို အသင့်ပြင်ဆင်လျက် စိတ်အားတက်ကြွစွာ ရန်သူများ ချီတက်လာရာသို့ မျှော်ကြည့်နေကြသည်။

တန်ငိုဟင်းက သူ မြင်တွေ့ခဲ့ရသည်ကို ပြောပြလိုက်ကာ....

'ဒီတော့ မင်းတို့ မြားတစ်ကမ်းမှီတဲ့နေရာကို ရောက်လာရင် အတည့်ပစ်လို့ရမှာ မဟုတ်ဘူး၊ အဲဒါကြီးတွေက ဘာမှန်း မသိသေးဘူးကွ၊ ခြေကျင်တက်လာကြတဲ့ ကောင်တွေက အဲဒါကြီးတွေ နောက်ဘက်က တက်လာကြတာဆိုတော့ ကျော်ပစ်မှ ရလိမ့်မယ်၊ ဒါပေမယ့် မင်းတို့ ကတုတ်က ရှေ့ဆုံးက ဖြစ်နေတော့ ထိရောက်မှု ရှိမရှိ စမ်းသပ်ကြည့်ဖို့ အန္တရာယ်များတယ်'

'ကျွန်တော်တို့ ထွက်တိုက်ပစ်မယ်'

တပ်ဗိုလ်လေးက ပြောသည်။ တန်အိုဟင်းက ခေါင်းခါရင်း....

'မဖြစ်ဘူး၊ ငါပြောတဲ့အတိုင်းလုပ်၊ အခုမြင်ရတဲ့အတိုင်းဆိုရင် ဒီကောင်တွေက ဒါကြီးတွေကို ရှေ့ကတင်ပြီး ဝင်လာ

ကြမှာပဲ၊ သဘောက တို့ရဲ့လျှို့ဝှက်မြောင်းကျင်းတွေကို ကျော်နိုင်ဖို့ပေါ့၊ ဒီတော့မင်းတို့က သူတို့ဝင်လာရင် နောက်ဘက်ထလိုက်လာတဲ့ မြေလျှင်တပ်ကိုရောက်အောင် ကျော်ပစ်ပြီးရင်ဘာတီယကတုတ်ကိုဆုတ်၊ မင်းတို့ဆုတ်ပြီးတာနဲ့ ဒီကတုတ်ထဲက သေနတ်စာတွေကို မီးရှို့ပစ်ခဲ့၊ ဒါအမိန့်ပဲ ကြားရဲ့လား'

ပြောလိုက်ရာ ကောင်လီက သက်မသာလေသံဖြင့်....

'ကြားပါတယ် တပ်မှူး'

ထိုစဉ် ချီတက်လာသော မွန်ဂိုတပ်များမှာ အလွန်နီးကပ်လာနေပြီဖြစ်၍ အော်ဟစ်ကြိမ်းမောင်းသံ၊ လူအင်အားအလုံးအရင်းဖြင့် ချီတက်လာသံတို့မှာ သွေးပျက် ချောက်ချားလောက်အောင် ထွက်ပေါ်နေ၏။

'ရန်သူ တော်တော်နီးလာပြီ၊ တပ်မှူးပြန်ပါတော့'

ကောင်လီက ပြောသည်။ တန်ငိုဟင်းက....

'မင်းက ငါမရှိမှ မင်းဆောင်ရာတွေလုပ်ရအောင် ငါ့ကို နှင်နေတာလားကွ၊ ခံတပ်အတွက် ပူစရာမရှိပါဘူး၊ အားလုံးစီစဉ်ပြီးသားပဲဟာ၊ ဒီကောင်တွေ လိုမ့်လာတဲ့ဟာကြီးတွေဘာလဲဆိုတာ ကြည့်စမ်းပါရစေဦးကွ'

ပြောပြီး ရဲမက်တစ်ဦးဆီမှလေးနှင့်မြားကိုယူကာ လေးညှို့ကို ဆ၍ ဆွဲကြည့်သည်။

'တပ်မှူး၊ သူတို့တပ်မှူးချုပ်ပါ ပါလာတာကိုးဗျ'

ကောင်လီက တလူလူလွင့်ထူလာသော အလံများကြားမှ ရွှေဝါရောင်အလံကြီးကို ညွှန်ပြရင်း ပြောလိုက်၏။ ရွှေဝါရောင်အလံ၏ အလယ်တွင် အနက်ရောင် ကျားခေါင်းပုံပါရှိ



သည်ဖြစ်ရာ ထိုအထိမ်းအမှတ်မှာ တပ်မှူးချုပ်၏ အထိမ်းအမှတ်ပင် ဖြစ်သည်။

'ဒီကောင်က တပ်လယ်ကနေ ထွက်မယ်ကောင် မဟုတ်ပါဘူးကွာ'

တန်ငိုဟင်းက ပြောလိုက်ပြီး လေးညှို့ကို အဆုံးထိ ဆွဲကြည့်သည်။ ဘေးမှရဲမက်မှာ မြားလွှတ်သွားမည် စိုးသောကြောင့် တွန့်သွားသည်။ သို့သော် တန်ငိုဟင်းက သက်သက်သာသာပင် လေးညှို့ကို လျှော့လိုက်ပြီး....

'လေးကိုင်းက ပျော့တယ်ကွာ'

ပြောလိုက်၏။ ရဲမက်ကလေးမှာ မြားကိုပြန်ပေးမည်ထင်သော်လည်း တန်ငိုဟင်းက ပြန်မပေးဘဲကိုင်ထားပြီး ကတုတ်အပြင်သို့ ကြည့်နေ၏။

ခဏကြာလာသောအခါ ချီတက်လာသော မွန်ဂိုတပ်ဦးသည် လျှို့ဝှက်မြောင်းကျင်းများရှိရာ ကုန်းလျှောလေးအောက်ခြေအစပ်သို့ ရောက်ရှိလာကြတော့သည်။

ထိုအခါတွင် ကုက်တင်ရာ့ငါးဆယ်ခန့်မျှသာ ဝေးသော ခံကတုတ်ငယ်အတွင်း၌ ရှိနေသော တပ်မှူးတန်ငိုဟင်းမှာ ရန်သူများ တွန်းလှိမ့်ယူလာသည့်အရာကို မည်သည့်အခါမှ ၍ သိနိုင်လေတော့သည်။

ရန်သူမွန်ဂိုများဆီမှ တွန်းလှိမ့်ယူလာသည့် အရာမှာ ယောကျ်ားကြီးသုံးဖက်စာမျှ လုံးပတ်ရှိ၍ အရှည်တစ်ဆယ့်ငါးပေခန့်မျှရှိသော ဝါးဖြင့် ရက်လုပ်ထားသည့် ခြင်းကြီးများပင် ဖြစ်လေ၏။

ရန်သူများသည် ထိုဝါးခြင်းကြီးများအတွင်း၌ ကောက်ရိုးများ အပြည့်အသိပ်ထည့်၍လှိမ့်လာခြင်းအားဖြင့် လေးမြားလက်နက်ကိုကာကွယ်နိုင်သည့်အပြင် ထိုခြင်းကြီးများကိုလှိမ့်ယူလာရင်း ပြောင့်ကျင်းကြီးများအတွင်းသို့ ကျသွားလျှင်လည်း ထိုခြင်းကြီးများကိုပင်နင်း၍ ဆက်လက်ချီတက်နိုင်ရန် ကြံစည်ပြုလုပ်လာကြခြင်းပင် ဖြစ်လေသည်။

ထိုခြင်းကြီးများမှာ မွန်ဂိုတပ်ဦးတွင် တစ်တန်းကြီးပင်ဖြစ်သည်။ မွန်ဂိုတို့သည် ဤခြင်းကြီးများကို အကာအကွယ်အဖြစ် တွန်းယူလာကာ ပြောင့်ကျင်းကြီးများအတွင်းသို့ချ၍ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့သို့တိုးကာ ခံတပ်ကို လုပ်ကြံကြတော့မည်။

ထိုအကြံကို မည်သို့တားဆီးမည်နည်း။

လူအင်အားချင်းပြိုင်၍ တိုက်ရန်လည်း မဖြစ်နိုင်....

ထိုကောက်ရိုးခြင်းကြီးများကို မီးမြားနှင့်ပစ်၍ လောင်ကျွမ်းအောင် ပြုလုပ်ရန် ၁ည်း လွယ်မည်မဟုတ်။ လှိမ့်လာသည်ဖြစ်သောကြောင့် မီးမှာ ချက်ချင်းငြိမ်းသွားမည်။ ထို့ပြင် ခြင်းကြီးများမှာ ဝါးခြမ်းများကို စိပ်စိပ်ရက်၍ပြုလုပ်ထားရာ အတွင်းမှကောက်ရိုးကို ထိဖို့ပင် မလွယ်။

မွန်ဂိုတပ်ဦးသည် ကုန်းလျှောလေး၏ အောက်ခြေတွင်ခေတ္တမျှ ရပ်တန့်သွားပြီးနောက် စစ်ချီစစ်မောင်းသံများတစ်ခဲနက် ထွက်ပေါ်လာသည်။ ထို့နောက်....

'တက်....တက်'

'တက်....'



'တစ်ယောက်မှ မလွတ်စေနဲ့ဟေ့'

'ဝိုင်းဟေ့....တိုက်ဟ'

တစ်ယောက်စီက ကိုယ့်အော်ချင်သည့် စကားကို တစ်ပြိုင်နက် အော်ဟစ်လိုက်ကြရာ ပွက်ပွက်ညံသော အသံကြီးမှာ ရှဘ်တရ၊ အမှ္တာကြီး ပြိုပျက်သွားသကဲ့သို့ ထွက်ပေါ်လာတော့သည်။

## ( ၄၁ )

ထို့နောက်တွင် အမြင့်ခြောက်ပေခန့်မျှရှိသော ခြင်းကြီးများသည် နောက်မှတွန်းသူကို မမြင်ရဘဲ ကုန်းမော့ကို လှိမ့်ဆက်လာနေကြလေပြီ။

‘တပ်မှူး ပြန်ပါတော့’

ဆောင်လီက ပြောလိုက်သည်။

‘အေးပါကွာ၊ နေစမ်းပါဦး’

တန်ငိုဟင်းက ပြောရင်း လေးကိုဆွဲလိုက်သည်။

ထိုစဉ်....

‘ဖုန်း....ဂျိမ်း’

ရှေ့ဆုံးမှ လိမ့်တက်လာသော ခြင်းကြီးတစ်လုံး ခြောင့်ကျင်းထဲသို့ ကျသွားသည်။

ခြောင့်ကျင်းများသည် အကျယ် ရှစ်ပေမှ ဆယ်ပေ အလျားအားဖြင့် ပေနှစ်ဆယ်မှသုံးဆယ်။ အနက်အားဖြင့် ခြောက်ပေမှရှစ်ပေအထိ အသီးသီးရှိကြ၏။ အတွင်း၌ တစ်ပေမှ သုံးပေအထိရှည်သော မီးသင်းထားသည့် ဝါးချွန်များကို စိုက်ထားသည်ဖြစ်ရာ ကျသွားသော ခြင်းသည် ခြောင့်ကျင်း နှုတ်ခမ်းနှင့်ကညီ ဖြစ်သွား၏။

ခြောင့်ကျင်းအတွင်းသို့ ကျသွားသောခြင်းကြီးကို တွန်းလာသူ ဆယ်ယောက်သည် နောက်ဘက်သို့ပြန်ပြေးသွားကြကာ နောက်မှပါလာသည့်ခြင်းကြီးများ၏နောက်တွင် မှီ၍ နေရာယူလိုက်ကြ၏။

ထို့နောက် ကျသွားသည့်ခြင်းပေါ်မှ နောက် ခြင်းကြီး တစ်လုံးကို လိမ့်၍တက်လာကြပြန်သည်။

'ဂျမ်း....ဖုန်း'

'ဖုန်း'

'ဟေး....တက်ဟေ့၊ တက်ကွ'

မွန်ဂိုများမှာ ပေသုံးရာကျော်မျှ စစ်မျက်နှာဖြန့်၍ တက်လာကြသည်ဖြစ်ရာ ခြောင့်ကျင်းများအတွင်းသို့ ခြင်းကြီးများ ကျသံက အဆက်မပြတ် ထွက်ပေါ်လာသည်။ မွန်ဂိုများမှာ ခြောင့်ကျင်းများက သူတို့ကို အန္တရာယ်မပြုနိုင်မှန်း သိရှိသွားကြ၍ဖြင့် ဝမ်းသာအားရ အော်ဟစ်ကာ နောက်



ဘက်မှ ခြင်းကြီးများကို အတင်း လိမ့် တက်လာနေကြသည်။

ပေသုံးရာ....

ပေနှစ်ရာ....

ပေတစ်ရာ့ငါးဆယ်....

ရှေ့ဆုံးခံကတုတ်များနှင့် မွန်ဂိုတပ်ဦးထိပ်မှာ လျင်မြန်စွာ နီးကပ်လာသည်။ ထိုစဉ် ခံတပ်ဆီမှ ထူးနက်သိုက်သော စည်သံကို ကြားရ၏။

'ပစ်'

တန်ငိုဟင်းက အော်ဟစ်လိုက်ရင်း သူ့လက်တွင်းမှ လေးကို ဆွဲ၍ပစ်လိုက်၏။ ရဲမက်များကလည်း အမိန့်သံအဆုံးတွင် တစ်ပြိုင်တည်း ပစ်ခတ်လိုက်ကြရာ မြားတံများသည် ခြင်းကြီးများကိုကျော်လျက် နောက်ဘက်မှ ချီတက်လိုက်ပါလာကြသော မွန်ဂိုတပ်များဆီသို့ ဝဲပျံကျဆင်းသွားသည်။ အော်ဟစ် ချီတက်လာသောမွန်ဂိုတပ်၏အသံရုတ်တရက် ရပ်တန့်သွားသည်။ ထိခိုက်အော်ဟစ်သံများ၊ အမိန့်ပေးသံများ ထွက်ပေါ်လာ၏။

'ပစ်'

တန်ငိုဟင်းက နောက်တစ်ကြိမ် အမိန့်ပေးလိုက်ပြီး လေးနှင့် မြားကို ရဲမက်အား ပြန်ပေးလိုက်ကာ....

'ဆုတ်'

ခပ်ကြိတ်ကြိတ် အမိန့်ပေးလိုက်၏။ ရဲမက်များခံကတုတ်အတွင်းမှ ခုန်ထွက်၍ နောက်ဘက်သို့ ပြေးကြသည်။

'တပ်မှူး သွားလေ'

ကောင်လီက ကတုတ်ကျင်းမှ လောင်စာများကို မီးတို့ရင်း ဖော်သည်။ တန်ငိုဟင်းက ကောင်လီ၏ လက်ကိုဆွဲ၍ ကတုတ်အပေါ်ဘက်သို့ခုန်တက်လိုက်သည်။ ထိုစဉ် အဘော အသောင်းမျှရှိသော ပိတုန်းအုပ်ကြီး ပျံသန်းလာသကဲ့သို့ အသံကြီးထွက်ပေါ်လာ၏။

လေးမြားအတတ်တွင် အလွန်ထက်မြက်ကြသော မွန်ဂိုတို့၏ မြားတံများက မိုးသီးမိုးပေါက်များကဲ့သို့ ကျဆင်းလာသည်။

တန်ငိုဟင်းက ကောင်လီ၏လက်ကိုဆွဲရင်း သုံးပေမျှနက်သော မြောင်းထဲသို့ လှိမ့်ချလိုက်သည်။ ထို့နောက် မြားတံများ အကျရပ်သွားသည်နှင့် ဒုတိယကတုတ်ဆီသို့ပြေးပြန်၏။ သူတို့နှစ်ယောက် ဒုတိယကတုတ်အတွင်းသို့ လှိမ့်ဆင်းလိုက်ချိန်တွင် ဒုတိယအသုတ် မြားတံများက ကျရောက်လာပြန်၏။

သို့သော် ထိုမြားတံများသည် ဒုတိယကတုတ်နှင့် ဆယ်ပေမျှ အကွာသို့သာ ကျရောက်လာကြသည်။

ထိုအချိန်တွင် လျှိုဝှက်မြောင်းကျင်းများအတွင်း၌ရှိ ရှေ့ဆုံးခံကတုတ်ကျင်းများအတွင်းမှ မီးတောက်နှင့်မီးခိုးများတက်လာနေကြပြီဖြစ်သည်။

မွန်ဂိုများသည် ထို ခံကတုတ်များအတွင်းသို့ ကောက်ရိုးခြင်းကြီးများကို လှိမ့်ချကာ နောက်ခြင်းများကိုဖြတ်ကျော်လျက် အထင်း ချီတက်လာနေကြသည်။



မြို့စောင့်တပ်ကတုတ်များသည် နှစ်ကြိမ်သုံးကြိမ်စီမျှ ပစ်ခတ်ပြီး နောက်ဘက်သို့ စနစ်တကျ ဆုတ်ခွာကာ ပင်မခံတပ်ကြီး၏ ရှေ့ဘက် သစ်လုံးကာ ကတုတ်ဆီသို့ အားလုံး ဆုတ်ခွာလာကြသည်။

ရန်သူများမှာ ကတုတ်များအတွင်းမှ ပစ်ခတ်ခံရခြင်းကြောင့် အထိအခိုက်အကျအဆုံး ရှိကြသော်လည်း မှုလောက်သော အရေအတွက် မဟုတ်သဖြင့် ရှေ့သို့ အတင်းသွန်၍ တက်လာနေကြသည်။

တပ်မှူးတန်ငိုဟင်းသည် ခံတပ်အတွင်းသို့ အပြေးဝင်ရောက်သွားသည်။

ရန်သူများသည် အလွန်လျင်မြန်သောအလျင်ဖြင့် လျှိုဝှက်မြောင်းကျင်းနယ်မြေကို အတင်း ကျော်ဖြတ်လာကြသည်။ သူတို့ တွန်းယူလာသော ခြင်းကြီးများမှာ အရေအတွက်များလှသည်ဖြစ်ရာ မြောင်းကျင်းများအားလုံးမှာထိုခြင်းကြီးများဖြင့် ဖို့လိုက်သလို ဖြစ်သွားသည်။

တပ်မှူးတန်ငိုဟင်းသည် ခံတပ်မျက်နှာစာ သစ်တပ်အတွင်းသို့ ချက်ချင်းပြန်ရောက်လာသည်။ ထိုအချိန်တွင် မွန်ဂိုများသည် သစ်တပ်ရှေ့ဘက် ပေတစ်ရာကျော်မျှအကွာသို့ ရောက်ကာ တန့်နေကြသည်။ အဘယ်ကြောင့်ဆိုသော် သစ်တပ်ရှေ့ဘက် ပေတစ်ရာအတွင်း၌ အရှည်နှင့်အမြင့် အမျိုးစုံရှိသော သစ်ချွန် ဝါးချွန်များကို ရန်သူဘက်သို့ ဦးတည်၍ ခင်လုံ့လုံ့စိုက်ထောင်ထားခြင်းကြောင့် ဖြစ်၏။

ရှေ့ဘာကတုဘ်မှ ဘုတ်ခုလာသော ရဲမက်များနှင့် သစ်တပ်အတွင်း၌ ရှိနှင့်သော အင်အား စုစုပေါင်းမှာ အစ်ထောင့်နှစ်ရာခန့်မျှသာရှိသည်။ ပင်မ ခံတပ်အတွင်းမှ ဆင်အားနှင့်ပေါင်းလျှင် သုံးထောင်ခန့်မျှ ရှိသော်လည်း ချီတက်လာသော မွန်ဂိုအင်အားနှင့် နှိုင်းယှဉ်လျှင် သုံးပုံ တစ်ပုံခန့်မျှပင် ရှိမည် မထင်ချေ။

သစ်တပ်အတွင်းမှ စစ်သည်များသည် ရန်သူဘက်သို့ မြားတံများကို အဆက်မပြတ်ပစ်ခတ်လျက် ရှိကြသကဲ့ ရန်သူ ဘက်မှလည်း သစ်တပ်ဆီသို့ မြားနှင့် အဆက်မပြတ် ပစ်ခွင်း လျက် ရှိသည်။

တပ်မှူးတန်ငိုဟင်းက သူပြုလုပ်မည့် အစီအစဉ်သစ်ကို အဆင့်ဆင့် လျင်မြန်စွာ ရှင်းပြနေသည်။ ရဲမက်များ တစ်ယောက်ချင်းစီအထိ သိရှိအောင် ပြုလုပ်ရခြင်းဖြစ်ရာ အတန်ကြာသည်။

ထိုအချိန်တွင် မွန်ဂိုတပ်များ၏ နောက်ဘက်မှ ဆင်သံ မြင်းသံများ အပြင်း ချီတက်လာသံ ကြားရပြန်သည်။ မျှော်စင်မှ ရဲမက်တစ်ယောက် ရောက်လာပြီး တန်ငိုဟင်းထံ သို့ ထိုအကြောင်းသတင်းပို့ပြန်သည်။

မွန်ဂိုများ၏ ကြံအစည်မှာ ပေါ်လွင်လာချေပြီ။ သူတို့ သည် ကောက်ရိုးခြင်းကြီးများကို ရှေ့တန်းတင်ကာ ခြေလျင် တပ်ကို ပထမဦးစွာ ချီတက်စေသည်။ ကောက်ရိုးခြင်းကြီး များဖြင့် လျှိုဝှက်ခြောင်းကျင်းများ၏ အန္တရာယ်ကို ကာကွယ် ပြီး ဖြစ်သွားချိန်တွင် နောက်ချန်၍ ကျန်နေရစ်သော



မြင်းတပ်၊ ဆင်တပ်တို့က လျင်မြန်စွာ ချီတက်လာကာ အတင်း ဝင်ရောက်ထိုးဖောက် တိုက်ခိုက်ရန် စီမံထားကြ ခြင်းပေတည်း။

## ( ၄၂ )

'အေး....ကောင်းပြီ၊ ငါပြောတဲ့ အစီအစဉ်အတိုင်းပဲ ဆက်လုပ်မယ်လို့ပြောလိုက်၊ လက်ဆောက် ခံတပ်မှူးကို ငါ့ဆီက အချက်ပေးလိုက်တာနဲ့ ပစ်လို့ဟုတ်လား'

တန်ငိုဟင်းက ဆက်သားအဖြစ် လာရောက်အကြောင်းကြားသော ရဲမက်ကို ပြောလိုက်သည်။ ရဲမက်က ခံတပ်ဆီသို့ ပြန်ပြေးသွားသည်။

ဤအချိန်တွင် ခံကတုတ်ကျင်းများအတွင်းရှိထားခဲ့သော မီးမှာ မသေဘဲ အတွင်းသို့ လှိမ့်ချထားသည့် ကောက်ရိုးခြင်းကြီးများကိုစွဲကာ မီးများ လောင်နေပြီဖြစ်သည်။

တန်ငိုဟင်းက ခံတပ်အတွင်းသို့ ဆက်သားရဲမက် ပြန်ရောက်သွားချိန်လောက်ကို စောင့်နေကာ ခရာကို စူးရှစွာမှုတ်လိုက်သည်။ ထိုအခါ ခံတပ်ဘွင်းမှပါ စူးရှသော ခရာသံထွက်ပေါ်လာပြီးလျှင်....

'ထုန်း....ဝိုး'

'ထုန်း... ထုန်း.... ထုန်း'

'ဝိုး....ဟိုး....ဟိုး'

ကြီးမားလှသော လောက်လွှဲကြီးများဖြင့် ကျောက်တုံးကြီးများကို ပစ်လွှတ်လိုက်သဖြင့် ကြောက်စရာအသံကြီးများထွက်ပေါ်လာသည်။ ဤလောက်လွှဲများသည် လျှို့ဝှက်ခြောင့်ကျင်းများကိုပင် ကျော်လွန်အောင် ပစ်ခတ်နိုင်သော လောက်လွှဲကြီးများ ဖြစ်သည်။

ယခု အလွန်နီးကပ်သော အနေအထားတွင် ခံတပ်ထိပ်မှ ပစ်ခတ်ရသည်ဖြစ်ရာ တစ်ရာခန့်မျှသော အရေအတွက်ရှိ လောက်လွှဲကြီးများမှ ကျောက်တုံးကြီးများသည် ပြင်းထန်သော အရှိန်အဟုန်ဖြင့် မွန်ဂိုတပ်တွင်းသို့ ကျဆင်းလေတော့သည်။

'ဝုန်း....ဝုန်း'

'ဖုန်း'

မြေကြီးမှာ အဆက်မပြတ် တုန်ဟည်းနေ၏။ ကြောက်ရွံ့ ထိတ်လန့်စွာ အော်ဟစ်လိုက်သံများမှာ ငရဲပွက်သလိုဖြစ်နေသည်။

မန်ဂိုတပ်များ ဖရိုဖရဲ ဖြစ်သွားသည်။



ကျောက်တုံးကြီးများဖြင့် တိုက်ရိုက်ထိမှန်ခြင်းခံရသော ကောက်ရိုးခြင်းကြီးများမှာ လွင့်စဉ်ကာ သူ့လူသူ တိုက်လှဲဖိကြိတ်သွားသည်။

လောက်လွှဲတစ်ခုလျှင် ငါးကြိမ်မျှ ပစ်ခတ်သည်ဖြစ်ရာ အထိအခိုက်မှာ ကြောက်စရာပင် ဖြစ်၏။ မွန်ဂိုတပ်မှာ အအုပ်အစီးမဲ့ ပြန့်ကျဲသွားသည်။ ဤအချိန်မှာပင်....

'ထွက်တိုက်'

တပ်မှူး တန်ငိုဟင်းက အသံကုန်အော်ဟစ် အမိန့်ပေးလိုက်သည်။ ထိုအခါ စစ်တပ်၏ တံခါးသုံးပေါက်မှနေ၍ ရဲမက်တစ်ထောင်ခန့်က လေးဖြင့် ပစ်ခွင်းလိုက်သော မြားကဲ့သို့ အဟုန်ပြင်းစွာ ပြေးထွက်သွားကာ ဖရိုဖရဲဖြစ်နေသော မွန်ဂိုများကို တရကြမ်း ဝင်ရောက် တိုက်ခိုက်တော့သည်။

အော်ဟစ် မာန်သွင်းသံများ၊

လက်နက်ချင်းထိခိုက်သံများ၊

နာကျင်ထိတ်လန့်စွာ အော်ဟစ်သံများ။

အသံပေါင်းစုံ ပွက်ပွက်ညံသွားသည်။ နေ့ဘက်ပင်ဖြစ်လျက် ဘာကိုမျှ ခွဲခွဲခြားခြားမမြင်ရအောင် ရှုပ်ထွေးလှသော တိုက်ပွဲကြီး ဖြစ်သွားသည်။

ထိုကဲ့သို့ ကြောက်ခမန်းလိလိ တိုက်ခိုက်နေကြစဉ်မှာပင် ခံတပ်တွင်းမှ ထွက်လာသော မြို့စောင့်စစ်သည် တချို့သည် မွန်ဂိုတို့ တွန်းယူလာသော ကြိမ်ခြင်းများ၊ ခြောင့်ကျင်းများအတွင်း ကျနေသော ခြင်းများကို ကညင်ဆီဖျန်း၍

မီးရှို့နေသည်ဖြစ်ရာမီးခိုးနှင့်မီးတောက်မီးလျှံများကလည်း နေရာအနှံ့မှ ထွက်ပေါ်နေ၏။

မွန်ဂိုများမှာ သုံးဆတစ်ဆ အင်အားသာသည်မှန်သော်လည်း ဖရိုဖရဲ ဖြစ်နေချိန် သေးပျက်သောအဖြစ်ကို ရင်ဆိုင်လိုက်ရချိန်တွင် တိုက်ခိုက်ခံရခြင်း ဖြစ်သောကြောင့် စစ်တပ်အတွင်းမှ ထွက်လာသော ရဲမက်များ၏ လက်ချက်ဖြင့် အထွေထွေ လဲပြိုကာ ခြောင့်ကျင်းများ၏ နယ်နိမိတ်အဆုံးဖြစ်သော ကုန်းဆင်း ဆင်ခြေလျှောကလေး၏ ဟိုဘက်အထိ ထွက်ပြေးကြတော့သည်။

မြို့စောင့်တပ်များသည် ကုန်းဆင်း ဆင်ခြေလျှောအစပ်ထိ မိမိနယ်မြေကို ပြန်လည် သိမ်းပိုက်မိကြလေပြီ။

ထိုစဉ် နောက်ချန်၍ အပြင်းချီတက်လာသော ဆင်တပ်မြင်းတပ်များသည် ဆုတ်ခွာထွက်ပြေးသော မွန်ဂိုများ၏ နောက်သို့ ရောက်ရှိလာ၏။

'သေနာပတိကြီးကိုယ်တိုင် ချီလာတယ်ဟေ့'

'တက်....တက်'

'ပြန်ဆုတ်တဲ့ကောင် အသေပဲ'

မွန်ဂိုတပ်မှူး တပ်ဗိုလ်များ၏ အမိန့်ပေးသံများ လျှံထွက်လာသည်။ ထိုအခါ ထွက်ပြေးလာသော မွန်ဂိုရဲမက်များမှာ ခေါင်းပြန်၍ လှည့်လာကြသည်။ သူတို့သည် သစ်တပ်အတွင်းမှ ထွက်လာသော မြို့စောင့် တပ်သားများကို တိုက်ခိုက်ရန် ပြန်လည်ကာ စုလိုက်ကြသည်။



ထိုအချိန်တွင် တပ်မှူး တနံ့ငိုဟင်းသည် ရှေ့သို့ စူးထွက်သွားသော ရဲမက်များကို ပြန်လည်စုစည်းကာ ခြောင့်ကျင်းအားလုံးအတွင်းမှ ကောက်ရိုးခြင်းကြီးများကို အကုန်လုံးမီးရှို့ထားခဲ့ရင်း တချို့မီးလောင်နေသော ကောက်ရိုးခြင်းကြီးများကို မွန်ဂိုများရှိရာ အောက်ဘက်သို့ တွန်းချဖြစ်ခဲ့သည်။

ထိုမီးလောင်နေသောကောက်ရိုးခြင်းကြီးများသည် အနိမ့်ဘက်သို့ လိမ့်ဆင်းသွားပြီး ပြန်လည်တိုက်ခိုက်ရန်ထစုနေကြသော မွန်ဂိုစစ်သည်များကို ဖရိုဖရဲ ဖြစ်စေပြန်သည်။

တနံ့ငိုဟင်းဦးဆောင်သော ရဲမက်များ သစ်တပ်အတွင်းပြန်လည်ရောက်ရှိချိန်တွင် အပြင်းချီတက်လာသော မွန်ဂိုဆင်တပ် မြင်းတပ်သည် ပြန့်ကျဲနေရာမှ စုစည်းကာစ ဖြစ်သော မွန်ဂိုခြေလျင်တပ်ကြားမှ ဖြတ်ကာ ခံတပ်ရှိရာသို့ တစ်ရှိန်ထိုး ဝင်ရောက်လာ၏။

သို့သော် ခြောင့်ကျင်းများကို ဖို့ထားသကဲ့သို့ဖြစ်နေသော ကောက်ရိုးခြင်းများမှာ မီးလောင်ကျွမ်းခဲ့ပြီဖြစ်၍ ဆင်နှင့်မြင်းနင်းဒဏ်ကို မခံနိုင်တော့ဘဲ အထွေထွေ ကျဆင်းကုန်တော့သည်။

ထိုအခါ အတွင်းမှ ခြောင့်များမှာ မီးလောင် ပြာကျသွားသည်မဟုတ်ဘဲ မီးသင်းရုံမျှသာ ရှိသေးသည်ဖြစ်ရာ ထိုမီးစူးမိကုန်တော့သည်။

အရှိန်ဖြင့် အတင်းဝင်လာသော ဆင်နှင့် မြင်းများ အတော်ပင် ခြောင့်ကျင်းများအတွင်းသို့ ကျကုန်၏။

အော်သံ ဟစ်သံ သတိပေးသံများကား မစဲတော့။

ထိုခဏ၌....

'ရှိ....ရှိ....ရှိ'

ခံတပ်ဆီမှ အချက်ပေးခရာသံများ ပေါ်ထွက်လာပြန်ကာ....

'ထုန်း....ဝှီး... ဟား....ဟား'

'ထုန်း ..ဝှီး....ထုန်း'

'အုန်း....

'ဝုန်း....ဝုန်း'

ဆင့်၍ ဆင့်၍ ဝစ်လွှတ်လိုက်သော လောက်လွှဲကြီးတစ်ခုစန့်မှ အရှိန်ပြင်းစွာ ပြေးထွက်လာသော ကျောက်တုံးကြီးများက ဂပ်နယ်မီသမျှ အတွင်းရှိ ပစ်ကွင်းများကို အနှံ့ပြန့်၍ ပစ်ခတ်လေတော့ရာ ထိမှန်နေသော အသံကြီးများမှာ မြေတုန်အောင်ပင် အဆက်မပြတ် ထွက်ပေါ်နေလေတော့သည်။

ကျောက်တုံးကြီးများ တိုက်ရိုက်ထိမှန်ခံရသော စစ်မြင်းကြီးမှာ လွင့်စဉ်လဲကျကာ အသက်ငင်နေကြသည်။ ဆင်ကြီးများလည်း ဝေခံနိုင်ချေ။

ကျောက်တုံးကြီးများ တိုက်ရိုက်ထိမှန်ခံရသည်နှင့် ဆင်ကြီးများမှာ ယိမ်းယိုင်သွားကာ နာကျင်ထိတ်လန့်စွာ အော်ဟစ်ရင်း ထိန်းမနိုင်သိမ်းမရနှင့် ကိုယ့်တပ်ကိုယ်နင်း၍ ဦးတည်ရာ ပြေးတော့သည်။



ခံတပ်ထိပ်တွင် ဆောက်ထားသော လောက်လွှဲစင်များမှ မြင်ကွင်းကို ကောင်းစွာမြင်နေရသော လောက်လွှဲပစ်သူများကလည်း မှန်ကိုထင်သားများ ထူထူစုစုရှိရာသို့ ရွေး၍ပစ်ခတ်နေကြသည်ဖြစ်ရာ မှန်ကို တပ်သားများမှာ အဆက်မပြတ်ထိမှန်ခြင်းခံရကာ မရှုမလှ သေကျေနေကြတော့သည်။

( ၄၃ )

မြင်ကွင်းက ကမ္ဘာပျက်နေသည့် မြင်ကွင်းမျိုး။

မွန်ဂိုမျှဒ်းအား ညီသည့်အမိန့်ကိုမျှ နာခံခြင်းမပြုတော့။ ာက်လွှဲမျာ။ မမီရာသို့ သူ့ ထက်ငါဦး ဆုတ်ခွာ ထွက်ပြေး ားကြစေတော့သည်။

တိုက်ပွဲမြေမှာ အသံများ လျော့ပါးသွားသည်။

လောက်လွှဲကြီးများသည် ပစ်ကွင်းမမီတော့သဖြင့် မပစ် တော့။

မြေခင့်ကျင်းများ အတွင်းသို့ကျ၍ မသေမရှင် ဖြစ်နေ သာ ဆင်ကြီးများ၏ အော်ဟစ်သံများက သွေးပျက်စရာ တ်ပေါ်နေသေးသည်။

မသောမရှင်ဖြစ်နေသော စစ်မြင်းကြီးများ...

လူးလွန့်လှုပ်ရှားနေသော ဒဏ်ရာနှင့်လူများ၊ ပြန့်ကျဲပြီး ထက်နေသော အလောင်းများကြားတွင် လှုပ်ရှားမှုတည် ထိုမျှသာ ရှိတော့သည်။

မွန်ဂိုတပ်သည် ကိုက်ခြောက်ရာခန့်သို့ ဆုတ်၍ တပ်ကို စု စည်းနေသည်။ သို့သော် ဆင်ကြီးများမှာ ထိုအချိန်ထိ ထိန်း မရသေး။ ပဲ့နင်းမရှိသော ဆင်သုံးကောင်မှာ စုနေသော တပ်တွင်းသို့ တိုးဝင်လာရာ တပ်မှာ ဖရိုဖရဲ ဖြစ်သွားပြန်တော့ သည်။

ထိုအချိန်တွင် နေကပူနေသည်ဖြစ်ရာ မွန်ဂိုတပ် ဖြစ်နေသူ မှာ ရေခဲနေရသည်နှင့် တူလှတော့သည်။

'ဒီကောင်တွေ တပ်ဦးကျိုးသွားပြီကွ'

တန်ငိုဟင်းက မွန်ဂိုတပ်၏ မြင်ကွင်းကိုကြည့်ရင်း ပြော လိုက်သည်။

'တစ်ချီတစ်မောင်းလောက် ထပ်ပြီး တိုက်လိုက်ချင်သေး တော့ တပ်မှူးရာ'

ကောင်လီက မချင့်မရဲနှင့် ပြောသည်။ သူသည် မွန်ဂို တပ်များကို ထွက်တိုက်စဉ်က ပခုံးနှင့်လက်မောင်းတွင် ဓား ဒဏ်ရာများ ရရှိလာသည်။ သို့သော် ယခုအချိန်ထိ ထို ဒဏ်ရာများကို သူ သတိပြုမိပုံမပေါ်။ ဒဏ်ရာမှ သွေးများ စီးထွက်ကျနေရာ သူ့တစ်ကိုယ်လုံး သွေးများစိုနေ၏။

'ဒီဗျူဟာက မြို့တော်ကို ကာကွယ်ဖို့ အကောင်းဆုံး ဗျူဟာပဲလေ'



တပ်မှူးက ပြန်ပြောသည်။

ထိုစဉ် အကြပ်ကြီးတစ်ဦးက....

'ကျွန်တော်တို့အင်အား အခုထက် နည်းနည်းပဲ ပိုစမ်းပါ တပ်မှူးရာ၊ ဒီကောင်တွေကို တစ်တပ်လုံး ဖြုတ်ပြပါမယ်၊ တောက်....တပ်မဌာနချုပ်ကလဲ ရန်သူ လာတိုက်တယ်လို့ အကြောင်းကြားတာတောင် တပ်ကူမပို့ဘူး'

ပြောလိုက်သူ အနီးရှိ အကြပ်ကြီးတစ်ဦးက....

'ဟ....ခွေးကောင်ရ၊ မင်းဉာဏ်ချို့ လ နှစ်သစ်လောက် နဲ့ ဒီလိုပြောလို့ ရသလားဟ၊ ရန်သူက မြို့တော်ပတ်ပတ်လည် မှာ ဝိုင်းထားတာ၊ ဒီဘက်ကို တပ်ကူပို့လိုက်တုန်းက ဟိုဘက် ကနေ ရုတ်တရက် ဝင်လာရင် ဘယ့်နှယ်လုပ်မတုံး၊ ငါ့လခွေး တဲ့မှပဲ'

ပယ်ပယ်နယ်နယ်ကြီး ဝင်ပြောလိုက်သည်။

မွန်ဂိုတပ်မှာ တန်ငိုဟင်း ပြောသကဲ့သို့ပင် တပ်ဦးကျိုး သွားခဲ့ပြီဖြစ်ရာ သွေးပျက် ချောက်ချားနေသော တပ်ကို စုစည်း၍ ညနေစောင်းအချိန်တွင် ပြန်လည် ဆုတ်ခွာသွား သည်။

'တောက်....ဒီအတိုင်းပြန်လွှတ်ပေးလိုက်ရတာ နာသကွာ'

မကျေမချမ်း ပြောကြသူက ပြောသည်။

'ခွေးသူခိုးတွေ၊ ငါတို့ အလုပ်ရှုပ်အောင် လာလုပ်တာ' အသက်ကြီးကြီး သွေးသောက်ကြီးတစ်ဦးက ပြောလိုက် ရာ အသက်ငယ်ငယ် ရဲမက်တစ်ယောက်က....

'ဘာဖြစ်လို့လဲ အဘရ'

'ဘာဖြစ်ရမှာလဲကွ ....ဒီကောင်တွေအာ ကိုယ့်အလောင်း ကိုယ် ပြန်မှ စောက်မသွားကြတဲ့ဟာ၊ တို့ပဲ ရှင်းရတော့မှာ ပေါ့'

သေူးသောက်ကြီးက ပြောလိုက်၏။ ထိုအခါ ပျော်တထ သော ရဲမက်ကလေးက....

'ဒါကတော့ အဘရာ၊ ဒီလောက် ရှားပါးနေတဲ့ အချိန် မှာ မြင်းကောင်လုံး ကင်ပြီး စားရမှာနဲ့ထေရင် ကျေပါ တယ်၊ ဒီကောင်တွေ သေကျန်ခဲ့တဲ့ မြင်းတွေက နည်းတာမှ မဟုတ်ဘဲ၊ ဒီကြားထဲ အဘစားချင်ရင် ဆင်ကောင်လုံးကင် စောင် စားချင်ရင် ရသေးတယ်'

'ဒီကောင်ကွာ....ပေါက်ပေါက်ရှာရှာ'

သေူးသောက်ကြီးက ပြောပြီး ထွက်သွားသည်။ ရဲမက် ကလေးက ရယ်မောနေ၏။

( ၄၄ )

တကယ်တွင်လည်း မွန်ဂိုတို့၏ သေရစ်သော မြင်းသား၊ ဆင်သားတို့ကို စားကြသည်သာ ဖြစ်သည်။

သေကျန်ရစ်သော ဆင်ငါးကောင်နှင့် မြင်းအကောင် သုံးရာနီးပါးကို တပ်စခန်း အသီးသီးသို့ ခွဲဝေပေးခဲ့ရာ တပ် စခန်းများတွင် ညှိစော်နံကုန်သည်ဟု ပြောရတော့မလောက် ဖြစ်သွားသည်။

ထိုမြင်းသား ဆင်သားများသည် တပ်စခန်း အသီးသီး သို့ပါ ခွဲဝေရောက်ရှိသွားသည်။ ကလေး စစ်သည် ရဲမက်များ မှ တစ်ဆင့် မြို့တော်အတွင်းသို့ပါ ရောက်ရှိ သွားပြန်ရာ

မြို့တော်တစ်ခွင်လုံး ဟင်းနုံ့ ဖုံးနေသည်ဟုပင် ဆိုရပေတော့မည်။

မွန်ဂိုများ လာရောက်တိုက်ခိုက်ပြီး နောက်တစ်နေ့ မနက်တွင် ဟိုမင်တင်သည် ငှက်ပျောရွက်များဖြင့် ထုပ်ထားသော မြင်းသားထုပ်ကို ကိုင်၍ သမားတော်ကြီး ခေါ့်ဖျူ၏အိမ်သို့ ရောက်သွားသည်။

သူသည် ဤသုံးလေးရက် အတွင်းမှာပင် ဝန်ချီ၏ဒဏ်ရာကို ဆေးလာကုသည့်ကိစ္စမှ စ၍ သမားတော်ကြီး ခေါ့်ဖျူနှင့် ခင်မင် ရင်းနှီးခဲ့ပြီ ဖြစ်သည်။ ထို့ပြင် လူပျိုပေါက်ကလေး ကွန်ယုတိုင်ကလည်း သူ့ကို အစ်ကိုကြီး တစ်ယောက်နှယ် ခင်မင်ကာ ဘုရင်တပ်မမှ တပ်ဗိုလ်ကလေး တစ်ဦးအဖြစ်လည်း အလွန်အထင်ကြီး လေးစားနေသည်။

ဟိုမင်တင် ကိုယ်တိုင်ကလည်း သမားတော်ကြီး ခေါ့်ဖျူကို လေးစား၍ ကွန်ယုတိုင်ကလေးကို ညီအရင်းနှယ် တကယ် ချစ်ခင်ပါသည်။

သို့သော် ဟိုမင်တင် တကယ်တမ်း တွယ်တာနေသည်ကား ကွန်ကျင်ယိ ဖြစ်သည်။ ဟိုမင်တင်သည် အလိုလိုက်ခံရသော တစ်ဦးတည်းသော သားအဖြစ် ဆိုးမိုက် တေပေခဲ့ကာ အထီးကျန် ဘဝတွင်မှ ထို့ထက်ပင် ဆိုးမိုက် ပေတေနေခဲ့သူ ဖြစ်သည်။



သူ့ဘဝတွင် ရည်မှန်းချက် ဟူ၍လည်း မရှိခဲ့။
အတွယ်အတာ သံယောဇဉ်ဟူ၍လည်း မရှိခဲ့။

သို့သော် ယခုအချိန်တွင်မူ သူ့ရင်ထဲ၌ အမျိုးကို ထိကမချိအောင်နာတတ်သည့် ဇာတိမာန် ရှိနေပြီ။
ပြီးတော့ ဆန့်ကျင်ဘက် မိန်းမတို့၏ ခံစားချက် အထိအတွေ့ ကင်းရှင်းခဲ့သော သူ့နှလုံးသားတွင် ကွန်ကျင်ယိ ဆိုသော သံယောဇဉ်လည်း ရှိနေပြီ။

သူက အသက် နှစ်ဆယ့်နှစ်နှစ်။
ကွန်ကျင်ယိက တစ်ဆယ့်ခြောက်နှစ်သာသာ။

ကွန်ကျင်ယိ၏အရွယ်ကို ကလေးသာသာ အရွယ်ဟု ဆိုကြပါသည်။ သို့သော် ဟိုမင်တင်က အချစ်ဟု မြင်နေသည်။
ချစ်တတ်သော နှလုံးသား ဟူသည် အချစ်ရှိရာ အရပ်သို့ လာစမြဲ။

ဟိုမင်တင်မှာ အားလပ်သည်နှင့် ကွန်ကျင်ယိရှိရာ အရပ်သို့ ရောက်လာတတ်သူ ဖြစ်ခဲ့ပြီ။
ဟိုမင်တင်သည် မြင်းသားထုပ်ကလေးကို ဆွဲကာ ကွန်ကျင်ယိတို့ ခြံဝသို့ ရောက်လာ၏။

ခြံတံခါး စေ့ရုံသာ စေ့ထားသည်။
ဟိုမင်တင်သည် လှမ်းခေါ်ဦးမည် ပြုပြီးမှ အိမ်ဘေးတစ်ဖက်ဆီမှ ကွန်ကျင်ယိတို့ မောင်နှမ၏ အသံများကို

ကြားနေရသောကြောင့် မခေါ်တော့ဘဲ ခြံတံခါးကို အသာတွန်း၍ အတွင်းသို့ ဝင်ခဲ့သောသည်။

ထို့နောက် အိမ်ဘက်သို့ မသွားသေးဘဲ အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်၏။

ဟိုမင်တင် အံ့သြသွားသည်။

ကွန်ကျင်ယဓိတို့ မောင်နှမ သိုင်းကွက်များ လေ့ကျင့်နေကြသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ဟိုမင်တင် အလွန်စိတ်ဝင်စားသွားကာ ရှေ့ဘက်သို့ ခြေသံမကြားအောင် လျှောက်လာပြီး ဂမုန်းပင်များ စိုက်ထားသည့်နေရာတွင် အသာထိုင်၍ ကြည့်နေလိုက်သည်။

ဟိုမင်တင်မှာ အတွင်းအား ကိုယ်ဖော့ပညာ သိုင်းပညာတို့တွင် ဖခင်ထံမှ အမွေကောင်း ရခဲ့သူဖြစ်၏။ သူ၏ပညာရပ်အဆင့်များသည် ထိပ်တန်း အဆင့်ရှိသော တပ်မှူးကြီးတစ်ဦးက သူ၏ တစ်ဦးတည်းသော သားကို လက်ထပ် သင်ကြားပေးခဲ့ခြင်း ဖြစ်သောကြောင့် အဆင့်မြင့်ပါ၏။ သူ့အနေဖြင့် သိုင်းလောကမှ ထိပ်တန်းဆိုသော မည်သည့် သိုင်းသမားကို မဆို ယှဉ်ပြိုင်နိုင်သောစွမ်းရည်လည်း ရှိပါ၏။

ထို့ပြင် သိုင်းကွက်တစ်ခုကို မြင်လိုက်သည်နှင့် ထိုသိုင်းကွက်၏ စွမ်းရည်အတွက်ကို အနီးစပ်ဆုံး ခန့်မှန်းနိုင်သောအရည်အချင်းမျိုးလည်း ရှိပါသည်။



ယခု ကွန်ကျင်ယဓီတို့မောင်နှမ လှုပ်ရှား လေ့ကျင့်နေသော သိုင်းကွက်များကို မြင်သောအခါ ဟိုမင်တင် အလွန်အံ့သြသွားရသည်။

အဘယ်ကြောင့်ဆိုသော် ထိုသိုင်းကွက်မျိုးနှင့် ဆင်ဆင်တူသော သိုင်းကွက်မျိုးကိုပင် သူမမြင်ဖူးသောကြောင့် ဖြစ်သည်။

ကွန်ကျင်ယဓီတို့ မောင်နှမ လှုပ်ရှား လေ့ကျင့်နေသော သိုင်းကွက်များကား သီးခြားဖြစ်သော စွမ်းရည် နှစ်ရပ်ကို ပေါင်းစပ်ထားသော သိုင်းကွက်များ ဖြစ်နေသည်။ အလွန်ရှင်းလင်းစွာ လှုပ်ရှားခြင်းနှင့် မထင်မှတ်လောက်သော ဆန်းပြားခြင်းတို့ ပေါင်းစပ်နေခြင်းပင် ဖြစ်သည်။ ဤသည်ကား အလွန်ထူးခြားသောအချက်ပင် ဖြစ်သည်။

ထို့ပြင် ဟိုမင်တင်သည် မောင်နှမနှစ်ယောက် လှုပ်ရှားမှုကို ကြည့်နေရင်းနှင့်ပင် ဤမောင်နှမ နှစ်ယောက်လုံးသည် သိုင်းကွက်များကို အလွန်ကျွမ်းကျင်စွာ တတ်မြောက်နေကြလင့်ကစား ကိုယ်ဖော့ပညာလည်း တတ်ကျွမ်းခြင်းမရှိ၊ အတွင်းအားဟူ၍လည်း မရှိကြသိုသောအချက်ကို သိမြင်သွားခဲ့၏။

ဤသိုင်းကွက်များကို သမားတော်ကြီး ခေါ်ဖျူကပင် သင်ကြားပေးထားခြင်း ဖြစ်မည်ဟု ဟိုမင်တင်တွေးလိုက်

သည်။ သို့ဆိုလျှင် သမားတော်ကြီးသည် မြေးနှစ်ယောက်အား ကိုယ်ဖော့ပညာနှင့် အတွင်းအား ပညာကိုပါ အာ ကြောင့် သင်ကြားမပေးလေသနည်း။

ဟိုမင်တင်သည် တွေးရင်းပင် ဤအိုးသို့ သူ ပထမဆုံးအကြိမ် ရောက်ခဲ့စဉ်က ကွန်ယုတိုင်ကလေး၏လက်ကို ဖမ်းဆွဲခဲ့ရာ၌ ကွန်ယုတိုင်ဟာလေးက သက်သက်သာသာ ရှောင်တိမ်းသွားခဲ့သည်ကို သတိရသာသည်။

ကိုယ်ဖော့ပညာနှင့် အတွင်းအားပညာ မရှိပါဘဲနှင့်ပင် သိုင်းကွက်၏ စွမ်းရည်သည် ဤမျှ ထက်မြက်နေပါက ထိုပညာရပ်များနှင့်သာ ပေါင်းစပ်လိုက်ပါက ကြောက်ပါးလိလိ အစွမ်းထက်ပေမည်ကို တွေးမိလာသည်။

ဟိုမင်တင် ဆုံးဖြတ်လိုက်သည်။

သူ့အား ဤသိုင်းပညာများ သင်ကြားပေးရန်အတွက် သမားတော်ကြီးအား ဟောင်းပန်းတော့မည်။ ကျွန်ခံရမည်ဆိုစေ၊ သူသင်ကြားခွင့်ရအောင် ကြိုးပမ်းမည်ဟူ၍…

ထိုစဉ် ကွန်ကျင်ယီတို့ မောင်နှမသည် သိုင်းကွက်များကို လေ့ကျင့်ပြီးသွားကြဟန်ဖြင့် ရပ်နားလိုက်ကြသည်။

ဟိုမင်တင်သည် သူ၏ဆုံးဖြတ်ချက်ကို ကွန်ကျင်ယီတို့ မောင်နှမအား အလျှင်ဦးစွာ ပြောပြရန်အတွက် သူ့ရှေ့မှ ဂမုန်းပင်တန်းကို လှမ်းကျော်လိုက်သည်။

ဟိုမင်တင် မိုက်ခနဲ ဖြစ်သွားသည်။

ထို့နောက် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ဂမုန်းပင်တန်း၏ တစ်ဖက်တွင် ဟပ်ထိုးပြီး လဲကျသွားတော့သည်။



ဟိုမင်တင် နောက်ဆုံးသတိပြုလိုက်မိသည်မှာ ကွန်ကျင်ယီတို့ မောင်နှမ၏ အလန့်တကြား အော်ဟစ် သံများပင် ဖြစ်၍ ထို့နောက်တွင် ဘာမျှ မသိပါတော့ချေ။

## ( ၄၅ )

ဟိုမင်းတင်သွားသည်မှာ ကြာလှ္မန်း၍ အာဘချွန်လိုက်လာသော အချိန်တွင် ဟိုမင်းတင်မှာ သမဝးတော်ကြီး ခေါ်ချုး၏ ခုတင်ပေါ်တွင် သတိမေ့နေဆဲ ဖြစ်၏။

'သူက ကျုပ်ရဲ့ ဂမုန်းပင်တွေနားမှာ အကြာကြီး နေခဲ့ပုံရတယ်၊ အဲဒီထဲက သူမေ့သွားရမှာဗျ၊ မဒမ့တာက သူ့ရဲ့ အတွင်းအားအစံကြောင့်ပဲ၊ တော်တော်ကောင်းတဲ့ အတွင်းအားကိုး၊ ဒါပေမယ့် အဲဒီဂမုန်းပင်တွေကိုလဲ ကျော်လွန်ရော သူမေ့လဲတော့တာပေါ့၊ ကျုပ်မြေးတွေ အော်သံကြား

လို့ ကျုပ်ရောက်သွားတော့ သူလုံးလုံး သတိမရတော့ဘူး။ ဒါနဲ့ ဒီကို ပွေ့ယူလာခဲ့ရတာ'

သမားတော်ကြီး ခေါ့ဖျူက ရှင်းပြသည်။ အဘချွန်က....

'စိုးရိမ်ရောများ ရှိသလား သမားတော်ကြီး'

သမားတော်ကြီးက ပြုံးရွှင်သော မျက်နှာဖြင့်....

'မရှိပါဘူး၊ သူအိပ်ဆေးဝေျပါပဲ၊ သူအိပ်ဆေးတော်တော် ပျက်နေပုံရလို့ ကျုပ်က ဒီအတိုင်းထားတာ နှာရှူဆေး ပွတ်ပေးလိုက်ရင် ခုချက်ချင်း နိုးလာမှာပါ၊ ဘယ့်နှယ်လဲ လုပ်လိုက်ရမလား'

မေးသည်။ အဘချွန်က....

'ထားလိုက်ပါလေ အိပ်ရေးပျက်တာကတော့ ကျုပ်တို့ မွန်ဂိုကောင်တွေကို သွားတိုက်တဲ့နေ့ကစပြီး ဒီနေ့အထိ ကောင်းကောင်း အိပ်ရတယ်မှ မရှိဘဲ'

ပြောလိုက်ပြီး နှာခေါင်းကို ရှုံ့မဲ့ ရှုံ့မဲ့လျက်....

'ဒါနဲ့ သမားတော်ကြီးတို့အိမ် ဟင်းနံ့မွှေးလှချည်လား။ ဘာဟင်းများ ချက်ခဲ့ကြတာလဲ'

မေးလိုက်ရာ သမားတော်ကြီးက....

'မြင်းသားနဲ့တူတယ်၊ ဒီသူငယ်ယူလာတာလေ၊ သူ မေ့လဲသွားတော့ ကျသွားတဲ့အထုပ်ထဲက တွေ့တာ၊ အဲဒါတွေ တာနဲ့ ကျုပ်မြေးနှစ်ယောက်က ပြောမရတော့ဘူး တစ်ခါ တည်း ချက်ကြတော့တာပဲ၊ ခင်ဗျားလဲ ထမင်းစားမလာရ သေးရင် စားပြီးမှပြန်ပေါ့'



'ဟင်းနံ့ရတည်းက စားချင်တယ်၊ ဒီမှာက ရှားပါးနေ တယ်ဆိုတော့ အားလဲနာတယ်'

အဘချွန်က ရိုးရိုးနှင့်ရှင်းရှင်းပင် ပြောသည်။

'ဘာမှအားမနာနဲ့ စားသာသွား၊ ကျွန်တော်တို့မှာ သိမ်းထားတဲ့ ဆန့်တွေရှိသေးတယ်၊ ဒါပေမယ့် အဘချွန်ပဲ နောက်တစ်ခါလာရင် အစ်ကိုကြီး ဟိုမင်ဘင်လို မြင်းသား ယူလာခဲ့'

အခန်းထဲသို့ ရုတ်တရက်ဝင်လာသော ကွန်ယုတိုင်ကလေး က ပြောလိုက်ခြင်းဖြစ်ရာ သမားတော်ကြီး ခေါ့ဖျူက....

'တယ်....ဒီကောင်လေးဟာ လူကြီးကို ဒီလိုပဲပြောရ သလား'

မာန်သည်။ အဘချွန်ကမူ ရယ်မောရင်း....

'မြင်းသားက မနေ့ကလာတိုက်တဲ့ မွန်ဂိုကောင်တွေ ပေးသွားတာကွ၊ အမြဲတမ်းရတာမဟုတ်ဘူး၊ တို့တပ်စခန်း မှာ အမြဲကမ်းစားနေရတာက မင်းတို့ထက်တောင် ဆိုးသေး တယ်'

ပြောလိုက်ရာ ကွန်ယုတိုင်လေးမှာ နားမလည်နိုင်ဖြစ်သွား ပြီး....

'မွန်ဂိုတွေက မြင်းသားတွေလာပေးတယ် ဟုတ်လား'

'အေးလေကွာ မြင်းသားရော ဆင်သားရော အလျှံပယ် ပဲ၊ ဒါကြောင့် ဟိုမင်တင်က မင်းတို့အတွက် ယူလာနိုင်တာ ပေါ့'

'မဟုတ်တာဗျာ၊ ဘာကြီးကလဲ'

'အဟုတ်ကွ၊ မင်းကမယုံဘူးလား၊ ဒီခကောင်တွေက တပ်မှူးထန်ဂိုဟင်းရဲ့ ခံတပ်ကို လာတိုက်ကြတာ၊ တပ်မှူးထန်ဂိုဟင်းက အင်မတန် လက်သံပြောင်တဲ့လူ၊ မွန်ဂိုတပ်မှူးချုပ် ဦးစီးလာတဲ့တပ်ကို ချလိုက်တာ ရစရာကိုမရှိဘူး'

'ဒါနဲ့ပဲ သူတို့က ဆင်သား မြင်းသားတွေ ပေးရောတဲ့လား'

ကွန်ယုတိုင်ကလေးက သဘောမပေါက်နိုင်သေးဘဲ မေးသည်။

အဘချွန်က ရယ်မောလိုက်ရင်း....

'ဒီလိုလေကွာ၊ ဒီကောင်တွေက ဆင်တွေ မြင်းတွေနဲ့လာတာဆိုတော့ အဲဒီ ဆင်တွေ မြင်းတွေဟာ ပြောင့်ကျင်းထဲကျသေလိုသေ၊ လောက်လွဲနဲ့ပစ်လို့ သေလိုသေ ဖြစ်ကုန်တာပေါ့၊ ဆင်ငါးကောင်နဲ့ မြင်းအကောင် သုံးရာကျော်နီးပါးကွ လူကလေးရ၊ နည်းတာမှမဟုတ်ဘဲ၊ အဲဒါတွေကို ဝေပေးတာပေါ့ကွာ၊ မဟုတ်ဘူးလား'

'ဒါ သေကျန်တဲ့ မြင်းသားတွေပေါ့ ဟုတ်လား'

'အေးလေကွာ'

'ဒီလိုလား၊ ကျွန်တော်ဖြင့် အဲဒီလိုမှန်း မသိပါဘူးဗျာ'

'သိတော့ ဘာဖြစ်လဲကွ၊ မင်းက သေကျန်ခဲ့တဲ့မြင်းသားဆိုရင် မသားချင်ဘူးလား'

'ဆင်ငါးကောင်နဲ့ မြင်းအကောင်သုံးရာကို ဒီလောက်ပဲယူလာရသလားလို့ ပြောမလို့ပါဗျာ'



ကွန်ယုတိုင်၏စကားက အဘချွန်ကိုသာမဟုတ် မျက်လုံးမြူးကြည့်နေသော အဘိုးဖြစ်သူကိုပါ ရယ်မောသွားစေလေသည်။

## ( ၄၆ )

အဘချွန်မှာ ကွန်ယုတိုင်ကလေးကို သဘောကျသွားကာ....

'အေး....အေး....မင်းဖို့ အဘချွန်က သတ်သတ် ယူလာခဲ့ဦးမယ်၊ အဲဒီတော့ မင်း တဝကြီး စားပေါ့'

ပြောလိုက်ရာ ကွန်ယုတိုင်ကအလောသကြီးဖြင့်....

'ဘာလဲ....မြင်းသားတွေပဲလား'

'မဟုတ်ဘူးကွ၊ ဆင်ခွာခေါ့'

'ဟာဗျာ....အဘချွန်ကလဲ'

ကွန်ယုတိုင်က ပြောရင်း အဘချုန်ရင်ခွင်ထဲသို့ ဝင်ကာ အဘချုန်၏ ရင်ဘတ်ကိုထုသည်။

'ဟာ....ဟေ့....ဟေ့ကောင်လေး'

သမားတော်ကြီးက အော်သည်။ အဘချုန်အ တဟား ဟားရယ်ရင်း ကွန်ယုတိုင်လေးကိုပွေ့ချီ၍ အခန်းတွင်းမှ ထွက်သွားလေ၏။

* * *

သမားတော်ကြီး ခေါ့်ဖျူ၊ အဘချုန်နှင့် ကွန်ယု တိုင်တို့မောင်နှမ မနက်စာ စားနေသော အချိန်ကျမှ ဟိုမင် တင် သတိရလာသည်။ သူသတိရလာသည်ကို မည်သူမျှမသိ။ သူ့ဘာသာ ထလာပြီး ထမင်းစားခန်းတွင်းသို့ ဝင်လာမှ သိကြခြင်း ဖြစ်သည်။

ဟိုမင်တင်ဝင်လာသည်ကို အလျင်ဆုံးသိသူမှာ အဘချုန် ဖြစ်သည်။ သို့သော် လှမ်း၍စကားပြောသူမှာ သမားတော် ကြီး ဖြစ်၏။



'ဘယ်နှယ်လဲဟေ့၊ အိမ်ရေးဝသွားပြီလား'

ဟိုမင်တင်က သူ့ကုပ်ပိုးကိုသူဆုပ်နယ်ရင်း....

'ကျွန်တော် ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ အားလုံး မနည်းပါဘူး၊ အိပ်ရေးလဲ ဒီလောက်ပျက်တာ မဟုတ်ဘဲနဲ့'

သမားတော်ကြီးက မျက်နှာကို တည်တည်ထားလျက်....

'မင်းက ငါ့ဂမုန်းပင်တွေကို ကျော်တာကိုးကွယ့်၊ ကဲ ကဲ အဲဒီအကြောင်း နောက်မှရှင်းပြပါ့မယ်၊ အခု ထမင်း တစ် ခါတည်း ဝင်စားလိုက်ဦး'

ပြောလိုက်၏၊ ထိုအခါ ကွန်ကျင်ယီက....

'အို... ဘိုးဘိုးကလဲ'

'ဘာလဲဟဲ့မြေးရဲ့၊ ထမင်းမလောက်လို့လား'

သမားတော်ကြီးက မြေးဖြစ်သူကိုမေးသည်။ ကွန်ကျင် ယီက ဟိုမင်တင်အတွက် ပန်းကန်လုံး တစ်ခုထဲသို့ ထမင်း ထည့်ရင်း....

'မဟုတ်ပါဘူးဘိုးဘိုးရဲ့ ထမင်းကအများကြီးပါ၊ ကျွန်မ ပြောတာက အစ်ကိုအခုမှနိုးလာတာ မျက်နှာမသစ်ရသေးလို့ သစ်ဖို့ပြောမလို့ပါ'

ပြုံးရင်း ပြောလိုက်၏၊ ထိုအခါမှ သမားတော်ကြီးက....

'ဟုတ်သားပဲ ငါ မေ့သွားတယ်၊ ကဲ....မင်း မျက်နှာ သစ်လိုက်ဦး'

ဟိုမင်တင် ပြန်ထွက်သွားသည်။ ခဏအကြာတွင် မျက်နှာ သစ်ပြီး ပြန်လာ၏။ သူက ကွန်ကျင်ယီတို့မောင်နှမကြားတွင် ဝင်ထိုင်ပြီး....

'ဆရာကြီးကို ကျွန်တော် တစ်ခုပြောပါရစေ၊ ကျွန်တော်ဟာ မိဘနှစ်ပါး ကွယ်လွန်သွားတဲ့အချိန်မှာ ဟောဒီက အဘချွန်ကိုပဲ မိဘလို သဘောထားခဲ့တာကြောင့် အဘချွန်ရှေ့မှာပဲ ပြောပါရစေ'

အလွန်လေးနက်သော မျက်နှာ၊ လေသံတို့ဖြင့် ပြောလိုက်ရာ သမားတော်ကြီးနှင့် အဘချွန်သာမဟုတ် ကွန်ကျင်ယိတို့ ခေါင်နမပါ အံ့အားသင့်သွားကြသည်။ ကွန်ကျင်ယိမှာမူ အသက်ပေါ်ရှယ်သော်လည်း အလွန် ပါးနပ် လိမ္မာသူ ဖြစ်သဖြင့် ဟိုမင်တင်က သူ့ကိုချစ်နေကြောင်း ရိပ်မိနေသည်ဖြစ်ရာ ယခုကဲ့သို့ ဟိုမင်တင်ပြောလိုက်သောအခါ၌ တလွဲတွေးမိသွားပုံဖြင့် မျက်နှာတင် ရှက်သွေးဖြန်းလျက် အနေခက်သော အသွင်မျိုး ဖြစ်သွား၏။

သမားတော်ကြီးက ရီးသားပွင့်လင်းသူပီပီ....

'မင်းစကားက တယ်ဆန်းပါလား၊ ဘာများတုံးကွယ့် ပြောစမ်းပါဦး'

ပြောလိုက်၏။ ဟိုမင်တင်က....

'ကျွန်တော် မေ့လဲကျမသွားခင်မှာ ဒီကညီလေးနဲ့ ညီမလေးတို့ သိုင်းကွက်တွေလေ့ကျင့်နေတာတွေ့ခဲ့ရပါတယ်၊ ဒီသိုင်းကွက်တွေဟာ အလွန်ထူးခြားတဲ့ သိုင်းကွက်တွေဖြစ်ပါတယ်၊ ကျွန်တော့်ကို တပည့်အဖြစ်လက်ခံပြီး ဒီသိုင်းကွက်တွေ သင်ကြားပေးဖို့ ကျွန်တော့်ရဲ့မိဘသဖွယ်ဖြစ်တဲ့အဘချွန်ရှေ့မှာ တောင်းပန်ပါရစေ ဆရာကြီး'



အလွန်သင်ကြားတတ်မြောက်လိုသော လေသံ ဘန်ပန်ဖြင့် ပြောလိုက်၏။ ကွန်ကျင်ယိမှာ ထိုစကားကြားရသောအခါ သူထင်သကဲ့သို့မဟုတ်သဖြင့် ပို၍ပင် ရှက်သွေးမွှန်သွားပုံရ၏။ ခေါင်းကိုငုံ့ထားလိုက်သည်။ ကွန်ယုတိုင်ကမူ ထမင်းစားနေရင်းပင် ရယ်မောလိုက်ကာ....

'ဟား....ဟား....အစ်ကို့လို ဘုရင့်တပ်မက တပ်ဗိုလ် တစ်ယောက်က ကျွန်တော်တို့ လေ့ကျင့်နေတဲ့ သိုင်းကွက်တွေကို များ သင်ချင်ရတယ်လို့ဗျာ'

'ဟာ....ဒီကောင်လေး နေရာတကာ'

သမားတော်ကြီးက ကွန်ယုတိုင်ကို မာန်လိုက်ပြီး တည်ကြည်သော မျက်နှာဖြင့်....

'မင်းပြောမယ့်စကားက ဘာများလဲလို့ကွာ၊ သိုင်းကွက်တွေ သင်ဖို့ဆိုရင်တော့ ငါက သင်မပေးနိုင်ဘူးကွ'

ပြောလိုက်ရာ ဟိုမင်တင်မှာ ရင်ဝကို အထိုးခံလိုက်ရသကဲ့သို့ ဖြစ်သွားပြီး....

'ဆရာကြီး ကျွန်....ကျွန်တော်က....'

သို့သော် သူ့စကားမဆုံးမီပင် သမားတော်ကြီးက....

'နေဦးလေ၊ ငါ့စကား ဆုံးအောင် နားထောင်ဦးလေ၊ မင်းကို ငါက သင်မပေးနိုင်ဘူးဆိုတာက အဲဒီ သိုင်းကွက်တွေကို ငါကမှတတ်တာမဟုတ်ဘဲ၊ ဒီသိုင်းကွက်တွေ တတ်တာက သူတို့မောင်နှမကွယ့်၊ မင်းပြောရမှာက သူတို့ကိုပြောရမှာ သူတို့မောင်နှမက သင်ပေးမယ်ဆိုရင် မင်း သင်ရုံပဲ'

ပြောလိုက်ပြီးမှ ဆက်၍....

'တစ်ခုတော့ရှိတာပေါ့လေ၊ ငါ့အနေနဲ့က သိုင်းကျွမ်းကိုတော့ မင်းတို့သင်တဲ့အခါမှာ မချွတ်ချော် မတိမ်းစောင်းရအောင် ပြန်ပြောနိုင်တာပေါ့'

ပြောလိုက်ရာ ဟိုမှင်တင်က တအံ့တသြဖြင့်...,

'သိုင်းကျွမ်း ဟုတ်လား ဆရာကြီး'

'အေးကွယ်....ကဲ....ကဲ....တို့တစ်တွေ ထမင်းပြီးအောင်စားလိုက်ကြဦးစို့၊ ပြီးမှ ရေနွေးသောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့'

သမားတော်ကြီးက ပြောပြီး ထမင်းကိုလက်စသတ်အောင် ငုံ့စားနေသဖြင့် ဟိုမင်တင်မှာလည်း မမေးသာ မပြောသာတော့ဘဲ ကွန်ကျင်ယံ ထည့်ပေးသောထမင်းကို ခေါင်းငုံ့၍ စားလိုက်ရလေတော့သည်။

## ( ၄၃ )

ထမင်းစားသောက်ပြီး၍ ရေနွေးကြမ်းဝိုင်းသို့ ရောက်သောအခါ သမားတော်ကြီးက လေးကျွန်းရာဇာ မဟာသိုင်းကျွမ်း အမည်ရှိ သိုင်းစာအုပ်ဆီသို့ ရောက်လာခဲ့ပုံ အလုံးစုံကို ပြောပြလိုက်၏။

ထို့နောက် ဆက်၍....

'ကျုပ်အနေနဲ့က လူ့အသက်ကို ကယ်တင်ခဲ့တဲ့ အတတ်ပညာကိုပဲ သင်ယူခဲ့တဲ့သူဆိုတော့ ဒီလိုအတတ်ပညာမျိုးကို သင်ကြားလိုစိတ်လဲ မရှိဘူး၊ စုံမက်တဲ့စိတ်လဲ မရှိဘူး၊ ပြီးတော့

ဒီအရှုပ်အထွေးတွေ ကြားထဲမှာ ညပ်ပါသွားမှာ စိုးလို့သာ ဒီအကြောင်းတွေကို နှစ်ပေါင်းများစွာ လျှို့ဝှက်ထားခဲ့ပါတယ်။

'ဒါပေမယ့်....'

သမားတော်ကြီးသည် စကားကို ခေတ္တရပ်လိုက်ကာ မြေးကလေး နှစ်ယောက်၏ မျက်နှာကို ကြည့်လိုက်၏။ ထို့နောက် သက်ပြင်းချလိုက်ပြီး....

'ခုမှတော့ မထူးတော့ပါဘူးလေ၊ ကျုပ် ပြောပါတော့မယ်၊ မွန်ဂိုတွေ နေပြည်တော်ကို တက်လာပြီဆိုတဲ့ သတင်းတွေ ထွက်လာတော့ ဒီမှာ အရပ်သားတွေစု၊ မြို့လေးပတ်ပတ်လည်မှာ ခံကတုတ်တွေ၊ ငြောင့်ကျင်းတွေ တူးပေါ့၊ အဲဒီလို လုပ်ကြရာမှာ ကျုပ်သမီးပါ ပါသွားတယ်၊ အဲဒီမှာ မွန်ဂိုတွေက အလစ်ဝင်တိုက်လို့ ကျုပ်သမီး သေသွားပြီဆိုတာ အမျိုးသမီးတစ်ယောက်က လာပြောတော့....'

'ဗျာ....မေမေသေပြီ ဟုတ်လား'

ယခုမှ ဤအကြောင်းကို သိရသော ကွန်ယုတိုင်က အထိတ်တလန့်နှင့် မေးသည်။ သမားတော်ကြီးက သက်ပြင်းရှိုက်ရင်း....

'ဟုတ်တယ် မြေး၊ အဲဒီတုန်းက မင်းအဒေမက ငါရော မင်းရော စိတ်မကောင်းမှာစိုးလို့ မပြောဘဲနဲ့ မျိုသိပ်ထားခဲ့တယ်၊ ဘိုးဘိုးကတော့ အဲဒီအချိန်ကတည်းက သိလိုက်တာပါပဲ၊ ဒါပေမယ့် မင်းတို့တွေ ပိုပြီး စိတ်မကောင်းဖြစ်ကြမှာစိုးလို့ မသိယောင်ဘဲ ဆောင်နေခဲ့ပါတယ်'



ပြောနေရာ ကွန်ယုတိုင်မှာ ကလေးသာသာ အရွယ်ဖြစ်၍ တရှုံ့ရှုံ့နှင့် ငိုကြွေးလေတော့သည်။ ထိုအခါ ကွန်ကျင်ယီမှာလည်း ယခုမှ ဤသတင်းကို သိရသကဲ့သို့ သူ့မောင်လေးကို ဖက်ထားရင်း မျက်လုံးအိမ်တွင်းမှ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်နှင့် စီးဆင်းလာနေတော့သည်။

'မငိုကြနဲ့တော့ မြေးတို့ရေ၊ ဒီလိုကြုံရတာဟာ တို့မြေး အဘိုးတင်မှ မဟုတ်ကြဘဲ မွန်ဂိုတွေ တိုက်ခိုက်ချီတက်လာကြတဲ့ လမ်းတစ်လျှောက်က မိသားစုတွေ ကြုံတွေ့ခံစားရတဲ့ ဒုက္ခပဲ၊ တချို့ မိသားစုတွေဆိုရင် ဘိုးဘိုးတို့ထက် အပုံကြီးဆိုးကြတယ်ကွယ့်'

သမားတော်ကြီးက သူ့မြေးနှစ်ယောက်ကို နှစ်သိမ့်လိုက်သည်။ တကယ်တွင်ကား သမားတော်ကြီးမှာ သူ့ကိုယ်သူ နှစ်သိမ့်လိုက်ခြင်း ဖြစ်သည်။

သမားတော်ကြီးသည် ခဏကြာမျှ သက်ပြင်းရှူနေပြီးမှ....

'အဲဒီသတင်းကို သိရတဲ့အချိန်မှာက အုပ်ချုပ်ရေး ကင်းမဲ့သလို ဖြစ်နေတယ်၊ စစ်သည်ရဲမက်တွေ အားလုံးက ချီတက်လာတဲ့ မွန်ဂိုတွေကို ရင်ဆိုင်နိုင်ဖို့အတွက် မြို့တော်ရဲ့ ပတ်ပတ်လည်မှာ စစ်ရေးအစီအမံတွေလုပ်ရင်း အလုပ်ရှုပ်နေကြတယ်၊ အဲဒီအချိန်မှာ တောကြောင်တွေက ခိုး၊ ဆိုး၊ လုယက်၊ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြတယ်၊ အခုလို မြို့ပြကာကွယ်ရေး တပ်ဖွဲ့ဆိုတာကလဲ မရှိသေးတော့ တောကြောင်တွေ ထင်တိုင်းကြဲနေတဲ့ချိန်....။

'ဒီအချိန်မှာ ကျုပ်စဉ်းစားတယ်လေ။

'ကျုပ်ကလဲ အိုကြီးအိုမအရွယ်၊ ကျုပ်တတ်တဲ့ ပညာက လဲ လူ့အသက်ကယ်တဲ့ပညာ၊ အရေးကြုံလာလို့မှ ကိုယ့်ကို ကိုယ် မကာကွယ်နိုင်တဲ့သူ၊ အရွယ်ရောက်စ ဒီမြေးကလေး နှစ်ယောက် အတွက် ကျုပ် ပူတယ်လေ၊ ဒီတော့ ဒီလို ကသောင်းကနင်း အချိန်ကြီးမှာ ကျုပ် ဘာလုပ်နိုင်သလဲ စဉ်းစားတော့ ကျုပ်လက်ထဲမှာ နှစ်ပေါင်းများစွာ သိမ်း ထားတဲ့ ဒီသိုင်းကျမ်းစာအုပ်ကို သွားသတိရတယ်၊ ကျုပ် သိခဲ့ရသ‌ဲ့ အကြောင်းတွေအရ ဒီသိုင်းကျမ်းထဲက သိုင်းကွက် တွေဟာ အလွန်အစွမ်းထက်တယ်ဆိုတော့ ဒါတွေကို ကျုပ် မြေးလေးတွေကို သင်ပေးလိုက်ရင် သူတို့ကိုယ်တိုင် သူတို့ ကာကွယ်နိုင်ကောင်းရဲ့လို့ စဉ်းစားမိတယ်။

'ဒါနဲ့ သူတို့ကို မေးကြည့်တော့လဲ သူတို့ကလဲ ဆင်မယ် ပေါ့လေ၊ ဒါပေမယ့် ကျုပ်က ခြေမြောက် လက်မြောက် တော့ဝ် ကောင်းကောင်းကတ်တာမှ မဟုတ်တော့ ဘယ်သင် နိုင်မလဲ၊ ဒါပေမယ့် သိုင်းကျမ်းစာအုပ်ထဲမှာက သိုင်းကွက် အပြောင်းအလဲတွေကို ရုပ်ပုံနဲ့ ဖော်ပြထားရုံတင် မဟုတ်ဘူး၊ စာနဲ့ပါ ရှင်းလင်းရေးသားထားတော့ ကျုပ်တို့ မြေးအဘိုး သုံးယောက် စာအုပ်ကိုဖောချပြီး အဲဒီအထဲက အရုပ်ကြည့် လိုက်၊ ရှင်းပြတဲ့စာဖတ်လိုက်နဲ့ စမ်းတဝါးဝါး လေ့ကျင့် ရင်းနဲ့ တဖြည်းဖြည်း သဘောကို နားလည်သွားပြီးအားလုံး ကို လေ့ကျင့်နိုင်တဲ့အဆင့်ကိုရောက်ခဲ့တာပဲ။ ခုတော့ သူတို့



မောင်နှမနှစ်ယောက် နေ့တိုင်းလေ့ကျင့်ကြရင်းနဲ့ စာအုပ်ကို ပြန်ကြည့်စရာမလိုတော့အောင် ကျွမ်းကျင်နေကြပါပြီ။

'ဒါကြောင့် မောင်ရင်လေးအနေနဲ့ ဒီသိုင်းကွက်တွေကို တတ်ချင်ရင် သူတို့မောင်နှမကိုပြောလို့ ကျုပ်က ပြောတာ ပေါ့'

## ( ၄၈ )

သမားတော်ကြီးက မြွေရင်း သူ့စကားကိုအဆုံးသတ်လိုက်သည်။ သမားတော်ကြီး၏ စကားအဆုံးတွင် ဟိုမင်းတင်က ကွန်ကျင်ယမ်တို့ မောင်နှမဘက်သို့လှည့်ကာ....

'အစ်ကို့ကို သင်ခွင့်ပြုကြပါနော်'

ခယတောင်းပန်သောအသံဖြင့် ပြောလိုက်သည်။ ထိုအခါ မျက်ရည်အရွှဲသားနှင့်ဖြစ်နေသော ကွန်ယုတိုင်က....

'သင်ပေးမယ်၊ ဒါပေမယ့် ကျွန်တော့်ဒယ်မေကိုသတ်ခဲ့တဲ့ ဒီ မွန်ဂိုတွေကို ပြန်သတ်ပေးမှ သင်ပေးမှာ'

စူးရှသော အသံဖြင့် ပြောလိုက်၏။ ဤတစ်ကြိမ်တွင် ထမာ တော်ကြီးက သူပြောလိုသမျှ မပြောတော့ဘဲ ထိုင်ရာမှ ထလိုက်ပြီး....

'ကဲ သူတို့နဲ့ အဆင်ပြေအောင် သာပြောပေတော့၊ ကျုပ် သိမ်းထားတဲ့ သိုင်းကျမ်းဘာအုပ်ကို သွားယူလိုက်ဦးမယ်'

ပြောလိုက်ပြီး ထ ထားသည်။ ဟိုမင်တင်က ကွန်ယုတိုင် ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍....

'အစ်ကို အဖေကလဲ နယ်ချဲ့လေတဲ့ မွန်ဂိုတွေကို တိုက် ထုတ်ခဲ့တဲ့ တပ်မှူးကြီးတစ်ယောက်ပါကွာ၊ အစ်ကိုကလဲ အဖေ သွားနဲ့ပါ၊ ညီလေးတို့ကသာ သိုင်းကွက်တွေ အင် ပေးရင် ဒီ မွန်ဂိုတွေကို အများကြီးသတ်ပြပါ့မယ်'

'ကျွန်တော်လဲ သတ်ချင်တယ်အစ်ကိုကြီးရာ'

'အေးပါ၊ နောက်တော့ မင်း ဘုရင့်တပ်မထဲ ဝင်ခွင့်ရ အောင် အစ်ကိုပြောပေးပါ့မယ်၊ အခုတော့ အစ်ကို့ကိုပဲ မင်းတတ်ထားတဲ့သိုင်းကွက်တွေ သင်ပေးပါဦး'

'အစ်မ သဘောတူတယ်မဟုတ်လား'

ကွန်ယုတိုင်က သူ့အစ်မကို လှည့်မေးသည်။ ကွန်ကျင် ယီက....

'ဘာဖြစ်လို့ သဘောမတူရမှာလဲ မောင်လေးရလဲ၊ အစ်ကို တို့တွေက အစ်မတို့တွေအတွက် ရန်သူကို အသက်စွန့်ပြီး ရင်ဆိုင်နေကြရတဲ့သူတွေပဲ၊ အစ်မတို့က တတ်နိုင်သမျှကူညီ ကြရမှာပေါ့'



သူ့မောင်ကိုသာ ပြောနေသလို ပြောလိုက်၏။ ဟိုမင်တင် က....

'ဒါဆို အစ်ကိုသင်ရမှာပေါ့နော်'

သချာစေလိုသော သဘောမျိုးဖြင့် ပြောလိုက်သည်။ ကွန်ကျင်ယီက....

'သင်ပေးပါ့မယ်၊ အစ်ကိုက ဘယ်တော့ သင်ချင်တာ လဲ'

'ဝမ်းသာလိုက်တာညီရမယ်၊ အစ်ကို သင်ချင်တယ်ဆိုတာ က အခုသင်ပေးရင် အခုသင်ချင်တာပါ'

'ဟင်း....ဒါကတော့ လွန်ပြီ'

'မလွန်ဘူးညီမ၊ တကယ်ပြောတာ'

ထိုအခါ ကွန်ကျင်ယီက ဟိုမင်တင်ကို ရှက်ရွံ့သည့် ဟန် မျိုးဖြင့် ကြည့်ရင်း....

'ဒါနဲ့အစ်ကိုရယ် ဘုရင့်တပ်မက နာမည်ကျော် တပ်ဗိုလ် တစ်ယောက်ကို ညီမတို့လို မြို့ပြ အာကွယ်ရေး တပ်ဖွဲ့ဝင် ကလေးသာသာအရွယ်တွေက သိုင်းပညာ သင်ပေးတယ် ဆိုတာ လူကြားရင် ရယ်စရာကြီးဖြစ်မနေဘူးလား၊ ပြီးတော့ အစ်ကိုက ညီမတို့ကို ရယ်စရာလုပ်နေတာရော မဟုတ်ဘူး လား'

'လုံးဝမဟုတ်ဘူး'

ဟိုမင်တင်က အလွန်ခိုင်မာသောလေသံဖြင့် ပြောလိုက် သည်။ ထို့နောက် ဆက်၍ ...

'အစ်ကိုပြောပြမယ်'

'မပြောနဲ့ဦးဟေ့၊ ငါ ထမင်း စားကောင်းကောင်းနဲ့ စားလိုက်တာ ဗိုက်အင့်နေပြီ၊ မင်းတို့စကားတွေ စောင့် နားမထောင်နိုင်တော့ဘူး၊ အိမ်ခေါင်းရင်းက ကွပ်ပျစ်ပေါ်မှာ တစ်ချးလောက် မှေးလိုက်ဦးမယ်၊ လူလေး ပြန်တော့မယ်ဆိုရင် နှိုး'

အဘချွန်က ဖြတ်၍ပြောလိုက်ပြီး သူတို့ စကားဝိုင်းထဲမှ ထွက်သွားသည်။

ထိုအခါ ကွန်ကျင်ယံက....

'အစ်ကို့စကား ဆက်ပါဦး'

စိတ်ဝင်စားနေသည့်လေသံဖြင့် ပြောလိုက်၏။ ဟိုမင်ဘင်က....

'အစ်ကိုက ညီမတို့ခမောင်နှမ သိုင်းကွက်တွေ လေ့ကျင့်နေတုန်း ရောက်လာပြီး မရည်ရွယ်ဘဲကြည့်မိခဲ့တယ်၊ အစ်ကိုမြင်ခဲ့ရသမျှ ညီမလေးတို့ လေ့ကျင့်နေတဲ့သိုင်းကွက်တွေသာ အစ်ကို့အနေနဲ့ ခပ်ဆင်ဆင်တောင် တစ်ကြိမ်တစ်ခါမှမမြင်ဘူးတဲ့ သိုင်းကွက်တွေပဲ၊ ပြီးတော့ သိပ်ပြီးတော့ ထက်မြက်တဲ့ သိုင်းကွက်တွေဆိုတာလဲ သိလိုက်ရတယ်၊ အစ်ကိုက ဒီလိုပြောတော့ ညီမတို့ဘက်က မေးနိုင်တယ်၊ ဒီလိုဆိုရင် အစ်ကိုနဲ့ ညီမတို့ တိုက်ခိုက်ရင် ဘယ်သူနိုင်မလဲလို့'

'ဒါကတော့ အစ်ကိုက နိုင်မှာပေါ့'

ကွန်ယုတိုင်က ရှတ်တရက် ဝင်ပြောသည်။ ဟိုမင်တင်က....



'ဘာဖြစ်လို့လဲ'

'အစ်ကိုက ဘုရင့်တပ်မက အပ်ဗိုလ်ပဲဟာ'

ကွန်ယုတိုင်က မဆိုင်းမတွဘဲ ဖြေသည်။

( ၄၉ )

'အဲဒီအဖြေက မပြည့်စုံဘူး ညီလေး၊ ဘာကြောင့်လဲ ဆိုတော့ အစ်ကို ပြောပြမယ်၊ သိုင်းကွက် အနေအထားဖြင့် အစ်ကို တတ်မြောက်ထားတဲ့ သိုင်းကွက်တွေဟာ ညီလေးတို့ လေ့ကျင့်နေတဲ့ အစ်ကိုမြင်ရသမျှ သိုင်းကွက်တွေကိုတောင် လုံးဝမယှဉ်နိုင်လောက်အောင် ညီလေးတို့ သိုင်းကွက်တွေက အဆင့်မြင့်တယ်'

'ဒါပေမယ့် ခုနက အစ်ကိုပြောသလို အရှုံးအနိုင် တကယ်တမ်း အစ်ကိုနဲ့ ညီမတို့ ယှဉ်ပြိုင်ကြမယ် ဆိုရင်တော့ ညီမတို့ အနေနဲ့ အစ်ကို့ကို နိုင်စရာ မရှိသေးဘူး'

'အင်း… အစ်ကို့စကားက ရှုပ်လာပြီ'

ကွန်ကျင်ယံက စူးစိုက်၍ နားထောင် နေသော်လည်း ကွန်ယုတိုင်အာ ကြားဖြတ်၍ ပြောသည်။ ဟိုမင်တင်အာ…

'အစ်ကို ရှင်းပြမယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ တကယ်တမ်း ယှဉ်ပြိုင်ကြမယ်ဆိုရင် သိုင်းကွက်စွမ်းရည်အရ ညီမတို့က အဆမတန် မြင့်မား သာလွန်နေပေမယ့် အရှုံးအနိုင် ပြိုင်ကြတဲ့အခါမှာ သိုင်းကွက်ကောင်းရုံ တစ်ခုတည်းနဲ့ ပြီးတာမှ မဟုတ်ဘဲ၊ ညီလေးတို့က သိုင်းကွက်မှာ သာပေမယ့် အတွင်းအားတို့၊ ကိုယ်ဖော့ပညာတို့မှာ အစ်ကိုက အများကြီး သာနေတော့ အစ်ကိုကပဲ နိုင်မှာပေါ့၊ ညီလေးတို့မှာသာ အစ်ကို့မှာရှိတဲ့ အတွင်းအားတစ်ဝက်၊ ကိုယ်ဖော့ပညာစွမ်း တစ်ဝက်လောက်သာရှိရင် ညီလေးတို့ တယ်မြောက်ထားတဲ့ သိုင်းကွက်ရဲ့ စွမ်းရည်နဲ့ဆိုရင် အစ်ကို့အနေနဲ့ ညီလေးအနားတောင်ကပ်နိုင်မှာမဟုတ်ဘာသေချာတယ်ကွာ'

'အတွင်းအားတို့၊ ကိုယ်ဖော့ပညာတို့က ဘယ်လိုသင်ရတာလဲ'

ကွန်ကျင်ယံက တွေးနေရင်း မေးသည်။ ဟိုမင်တင်က…

'ပထမ အတွင်းအားဆိုတဲ့သဘောကို အစ်ကိုရှင်းပြမယ်၊ လူရဲ့ရုပ်ခန္ဓာ၊ စိတ်ခန္ဓာဆိုတဲ့ ခန္ဓာနှင်ခုအတွင်းမှာ ထုတ်သုံးရမှန်းမသိဘဲ ထုတ်မသုံးလို့ ငုပ်နေတဲ့အားတွေ အများကြီး ရှိကြတယ်၊ ဥပမာ ဆိုကြပါစို့၊ လူနေ ရပ်ကွက်တစ်ခုမှာ မီးလန့်ပြီ ဆိုပါစို့၊ အသက်ခြောက်ဆယ်လောက် အဘွားအို ကြီးတစ်ယောက်ဟာ လန့်ဖျပ်ပြီး ယူမိယူရာယူပြီး ပြေးလာ



တယ်၊ မီးငြိမ်းသွားလို့ ဖြစ်စေ၊ တကယ်တမ်း မီးမလောင်ဘူးလို့ သိတဲ့အခါမှာဖြစ်စေ သူယူလာတဲ့ ပစ္စည်းကို ကြည့်လိုက်တော့ အိမ်မှာ ပစ္စည်းမျိုးစုံ ထည့်သိမ်းထားတဲ့ ဗီရိုကြီး တစ်လုံးဖြစ်နေတယ်၊ အခု အိမ်ကို ပြန်သယ်သွားဖို့ လုပ်တော့ ကြွအောင်တောင် မကြွ၊ မ,မနိုင်တော့ဘူး၊ အဘွားကြီး လန့်ပြီး သယ်ပြေးလာတုန်းက သုံးခဲ့တဲ့အားဟာ ခုန အစ်ကိုပြောခဲ့တဲ့ အတွင်းမှာ ငုပ်နေတဲ့အားပဲ။

'ပြီးတော့ တစ်ခါ ကိုယ်ဖော့ပညာ၊ ဒါကို အလွယ်ဆုံးသိအောင် ပြောရရင် သူခိုးတွေ ခြေသံမထွက်အောင် လျှောက်တဲ့နည်းဟာ ကိုယ်ဖော့ပညာရဲ့ အစပဲလို့ ပြောရမယ်၊ မိမိခန္ဓာကိုယ်ကြီးကို ပေါ့ပေါ့ပါးပါး လျင်လျင်မြန်မြန် လှုပ်ရှားနိုင်အောင် လေ့ကျင့်တဲ့ပညာ၊ ဒီပညာရဲ့ပြယုဂ်က တချို့ခန္ဓာကိုယ် ကြီးထွားပြီး ခြေချည်သာတယ်၊ တချို့လူက သေးသေးကလေး၊ ခြေနင်းလိုက်ရင် တဒုန်းဒုန်းနဲ့ ဒါလဲ အလေ့အကျင့်ပဲ။

'ဒီတော့ အစ်ကိုတို့ရဲ့ ရုပ်ခန္ဓာနဲ့ စိတ်ခန္ဓာနှစ်ခုအတွင်းမှာ ရှိတဲ့အင်အားတွေကို လိုအပ်တဲ့အခါမှာ လိုအပ်သလို အသုံးပြုနိုင်တဲ့ပညာတွေလို့ပဲ အကြမ်းဖျင်း မှတ်ကြပါ။

'အစ်ကို့အနေနဲ့ ညီတို့ လေ့ကျင့်တာကို မြင်ရကတည်းက ညီမတို့မှာ သိုင်းကွက်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တယ်၊ ဒါပေမယ့် ညီမတို့မှာ အတွင်းအားနဲ့ ကိုယ်ဖော့ပညာ မတတ်ကြဘူးဆိုတာကို သိလိုက်ရတယ်'

'အဲဒါတွေထတ်ရင် သိပ်ကောင်းမှာပေါ့....ဟုတ်လား အစ်ကိုကြီး'

ကွန်ယုတိုင်က မေးပြန်၏။

'သိပ်ကို ကောင်းသွားမှာပေါ့ ညီလေးရာ'

ဟိုမင်တင်က အားရပါးရ ပြောလိုက်သည်။ ကွန်ယုတိုင်က ထိုင်ရာမှ ထလိုက်ပြီး....

'ဒီလိုဆိုရင် အဲဒီပညာတွေကို အစ်ကို ပြန်သင်ပေးဗျာ၊ ကဲ....အခုပဲ စပေါ့၊ အဲဒီပညာတွေရဲ့ အစွမ်းကို အစ်ကို ကတ်သမျှ ပြစမ်းပါ'

'အို....မောင်လေးကလဲ၊ ထမင်းစားပြီး ာခစကြီးကို'

ကွန်ကျင်ယိကာ ဟန့်သည်။ ဟိုမင်တင်က မြုံးလိုက်ပြီး....

'ကိစ္စမရှိပါဘူး၊ အစ်ကိုက ခုအချိန်မှာ သူ့တပည့် ဖြစ်သွားပြီ၊ သူခိုင်းရင် လုပ်ပြရမှာပေါ့၊ ကဲ....ခြံထဲ သွားကြရအောင်'

ပြောလိုက်ကာ ထိုင်ရာမှ ထလိုက်၏။

'အခု အတွင်းအားပညာကို အစ်ကို ပြမယ်'

ဟိုမင်တင်က ပြောလိုက်ပြီး ခြေထောက်နှစ်ချောင်းကို စု၍ ရပ်လိုက်၏၊ ကွန်ကျင်ယိတို့ မောင်နှမမှာ ဟိုမင်တင်နှင့် ကိုးပေခန့်မျှအကွာတွင်ရပ်၍ စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။

ဟိုမင်တင်သည် လက်နှစ်ဖက်ကွေးကွေး ပုံသဏ္ဍာန်ဖြင့် ရှေ့ဘက်သို့ ဆန့်ထုတ်ထားသည်၊ ထိုလက်နှစ်ဖက်သည် တဖြည်းဖြည်း တင်းတောင့်ကာ ကြွက်သားမြှောင်းများ



ပေါ်ထွက်၍လာ၏၊ ရှေ့ဆက်၍ စူးစိုက်ကြည့်ရှုနေသော ဟိုမင်တင်၏ မျက်လုံးများမှာ အလှုပ်အရှားမရှိ။

'ဒီလိုကြွက်သားထုတ်တာတော့ ကျွန်တော်တောင် လုပ်တတ်သေးတယ်'

ကွန်ယုတိုင်က ခပ်တိုးတိုးပြောလိုက်ရာ ကွန်ကျင်ယိက....

'ကြည့်နေစမ်းပါ'

ခပ်ကြိတ်ကြိတ် သတိပေးလိုက်၏။

ဟိုမင်တင်မှာ မောင်နှမနှစ်ယောက် ပြောနေသည်ကို ဂရုစိုက်ပုံမရှိ၊ တစ်စုံတစ်ခုတွင် အာရုံနှစ်ထားပုံဖြင့် ငြိမ်သက်လျက် ရှိ၏။ ခဏအကြာတွင် ဟိုမင်တင်၏ ခန္ဓာကိုယ်မှာ ဖားပြုပ်ကဲ့သို့ ခုံးကြွရှန်းထလေသည်လားမသိ၊ သူဝတ်ဆင်ထားသော ခပ်ပွပွအင်္ကျီမှာ လေသွင်းထားသကဲ့သို့ ဖောင်းပွလာသည်၊

( ၅၀ )

ထိုသို့ ဟိုမင်တင်ပြုလုပ်နေသောအချိန်မှာမွန်းတည့်အချိန်ဖြစ်သည်။ သို့သော် ဟိုမင်တင်ရော ကွန်ကျင်ယာတို့ မောင်နှမနှစ်ယောက် ရပ်နေကြသည်မှာ မက်မန်းပင်ကြီးများ၏ အရိပ်အောက်တွင် ဖြစ်သည်၊ သို့သော် နေခြည်ပြောက်တစ်ခုသည် ဟိုမင်တင်၏ခေါင်းပေါ် တည့်တည့်သို့ ကျရောက်နေ၏။

ကွန်ကျင်ယာတို့ မောင်နှမမှာ ဟိုမင်တင်၏မျက်နှာကိုသာ စူးစိုက်လျက် ထူးခြားလာမည့်အရာကို သတိထား၍ ကြည့်နေကြသည်။

ခဏအကြာတွင် ဟိုမင်တင်၏ခေါင်းပေါ်မှ ဆံပင်များ ထောင်ထလာသည်လိုလို၊ အရိုးအဆစ်များ လွင့်ပျံတက်နေသလိုလို မြင်လိုက်ကြရသည်။ သို့သော် ထိုအချိန်တွင် လေညင်းက တသုန်သုန် တိုက်ခိုက်နေရာ ထူးခြားမှုကို အမှန်တကယ်ဟု မထင်ကြချေ။

ထို့နောက် ဟိုမင်တင်က ပါးစပ်တွင်းမှ လေများကို ရှည်လျားစွာ မှုတ်ထုတ်လိုက်သည်။ အကြောအခြင်များကို လျော့ချလိုက်သည်။ ပြီးလျှင် ရှေ့သို့ တစ်လှမ်းတက်၍ ရပ်လိုက်၏။

'ပြီးပြီလားအစ်ကို'

ကွန်ယုတိုင်က မေးသည်။ ဟိုမင်တင်က ခေါင်းညိတ်သည်။ ထိုအခါ အစ်မဖြစ်သူကို စောင်းငဲ့၍ ကြည့်လိုက်၏။ သူ့မကြည့်က ဘာမှလည်း မထူးပါလားဆိုသော အဓိပ္ပာယ်ကို ဆောင်နေသည်။

ကွန်ကျင်ယီမှာလည်း မည်သည့်ထူးခြားမှုကိုမှ မမြင်ရသောကြောင့် ဟိုမင်တင်၏မျက်နှာကို ဇဝေဇဝါနှင့် ကြည့်နေ၏။

လူငယ်လေးမျှသာဖြစ်သော ကွန်ယုတိုင်မှာ သူ့ခံစားမှုကို အောင့်မထားနိုင်ချေ။

'အစ်ကို့ဟာကလဲ ဘာမှလဲ မထူးပါလား'

ဟိုမင်တင်က ပြန်မပြောချေ၊ ပြုံးလိုက်ပြီး သူတို့နှစ်ယောက်ဆီသို့ တည့်တည့် လျှောက်လာသည်။ ထို့နောက် သူတို့နှစ်ယောက်ရှေ့တွင်ရှိနေသော ဂဝံခဲတစ်လုံးကို ကောက်



လိုက်ပြီး နောက်ဘက်သို့ ပြန်လျှောက်သွားသည်။ ပြီးလျှင် စောစောက မှပ်ခဲ့သောနေရာ၏ ဟိုဘက်တွင်ရပ်လိုက်ပြီး ထန်းသီးလုံးမျှရှိသော ဂဝံခဲကို လက်ဝါးနှစ်ဖက်ဖြင့် ညှစ်လိုက်၏။

ဂဝံခဲ ကြေမွသောအသံ ထွက်လာပြီး အစအန အကြေအမွများက အောက်ဘက်သို့ ကျလာ၏။ ထိုအခါ ကွန်ကျင်ယီတို့ မောင်နှမနှစ်ယောက်စလုံး မျက်လုံးပြူးသွားသည်။

အဘယ်ကြောင့်ဆိုသော် ဂဝံခဲအကြေအမွများ ကျနေသည့်နေရာတွင် ထင်ရှားသော ခြေရာကြီးတစ်ခု ရှိနေသောကြောင့် ဖြစ်သည်။ ထိုခြေရာမှာ ဆိပ်သားရေဖိနပ်ကိုစီးထားသည့် ဟိုမင်တင်၏ခြေရာပင် ဖြစ်သည်၊ စောစောက ရပ်နေရင်း ထိုသို့ချိုင့်ခွက်ကို ထင်သွားခြင်းပင် ဖြစ်သည်။

"ကွန်ယုတိုင်က သူ့ခြေထောက်အောက်မှ မြေကြီးကို ဖနှောင့်နှင့် ပေါက်လိုက်သည်၊ မြေမှာ ကျောက်သားစပ်သောမြေမျိုး ဖြစ်၏။

'အား'

ဖနှောင့်နာသွားသဖြင့် ကွန်ယုတိုင် အော်လိုက်သည်၊ သူ ပေါက်လိုက်သော နေရာတွင်မူ ဖနှောင့်ရာကလေးက ငုံ့ကြည့်မှ မြင်ရရုံမျှသာ။

မတိုင်ပင်ရဘဲ မောင်နှမ နှစ်ယောက်စလုံး ဟိုမင်တင်အနားသို့ ပြေးသွားပြီး ကြည့်ကြသည်၊ ဟိုမင်တင်ရပ်ခဲ့သော နေရာတွင် ထင်နေသောခြေရာမှာ လက်နှစ်လုံးမျှနက်သည်၊

ယခု ဟိုမင်တင်က ဂဝံခဲကို အတွင်းအားဖြင့် ညှစ်ခြေ၍ ထို နေရာခွက်ထဲသို့ ချနေခြင်းပင် ဖြစ်သည်။

ဂဝံခဲဆိုသည်ကလည်း လက်ပါးနှစ်ဖက်ဖြင့် ဖိကြိတ်ခြေမွရန် လွယ်ကူသောအရာမျိုး မဟုတ်။

ထိုခဏမှာပင် ဟိုမင်တင်က ဂဝံခဲတစ်ခုလုံးကို ခြေမွပြီးသွားသဖြင့် သူ့လက်ဝါးနှစ်ဖက်ကို ရိုက်၍ ခါလိုက်သည်။

'အဲ့ဆရာဗျာ၊ အစ်ကို ဘယ်လိုလုပ်လိုက်တာလဲ'

ကွန်ယုတိုင်က အလွန်ထူးဆန်းသော ပဉ္စလက်ပြကွက်ကို ကြည့်လိုက်သကဲ့သို့ တအံ့တဩနှင့် ပြောလိုက်ခြင်း ဖြစ်၏။

ဟိုမင်တင်က ပြုံးချင်း....

'အဲဒါ အစ်ကိုပြောတဲ့ အတွင်းအားနည်းနဲ့ လုပ်လိုက်တာပဲလေ'

'ကိုယ်ဖော့ပညာကိုလဲ ပြပါဦး အစ်ကို'

ကွန်ကျင်ယီက ပြောလိုက်သည်။ ဟိုမင်တင်က ဘေးဘက်သို့ လှည့်ကြည့်သည်။ ထိုအခါ လက်ျာဘက်ရှိ မက်မန်းပင်တစ်ပင်၏ အထက်ကိုင်းဖျားတွင် အထီးကျန်အဖြစ် ရှိနေသော မက်မန်းသီးကလေး တစ်လုံးကို လက်ညှိုးထိုးပြ၏။

'ကြည့်နေ....အဲဒီအသီးကို အစ်ကို ခူးပြမယ်'

ဟိုမင်တင်က ပြောလိုက်ပြီး အပင်အောက်သို့ ခပ်ဖအားအား လျှောက်သွားသည်။ ထို့နောက် အသီးရှိရာ အောက်ဘက်တည့်တည့်သို့ ရောက်သောအခါ ဒူးနှစ်ဖက်ကို ညွတ်၍ ခုန်လိုက်သည်။ ထိုအခါ ဟိုမင်တင်၏ ခန္ဓာကိုယ်မှာ မှုတ်ပြောင်းကိုထောင်၍ မှုတ်လွှတ်လိုက်သော မြားတစ်စင်း



နှယ် ဖ ထက်သို့ တက်သွားသည်။ မက်မန်းသီးကလေးမှာ တစ်ဆယ့်ငါးပေနီးပါး အမြင့်ရှိသော ကိုင်းဖျားတွင် ရှိသည် ဖြစ်ရာ ထိုနေရာသို့အထိ မြင့်တက်သွားပြီး ညာလက်ကို လှုပ်ရှားလိုက်သည်ကို မြင်ရသည်။ သို့သော် သစ်ကိုင်းလှုပ်ရှားသွားခြင်းကား မရှိ။

ကြည့်နေစဉ်ပင် ဟိုမင်တင်သည် မြေပေါ်သို့ ပြန်ကျလာသည်။ ညင်သာစွာဖြင့် ခြေသံထွက်ပေါ်လာခြင်း မရှိဘဲ ပြန်ကျလာခြင်း ဖြစ်သည်။

ဟိုမင်တင်က ကွန်ကျင်ယီတို့ မောင်နှမဘက်သို့ ပြန်လှည့်၍ ပြုံးပြလိုက်ပြီး မက်မန်းသီးကလေးကို လက်ညှိုးနှင့်လက်မ ညှပ်၍ ပြလိုက်သည်။ ထို့နောက် ရုတ်တရက် သူ့ပါးစပ် အတွင်းသို့ သွင်းလိုက်ပြီး....

'ဖူး....'

ဘေးဘက်သို့လှည့်၍ မှုတ်ထုတ်လိုက်သည်။ ထို့နောက် ကွန်ကျင်ယီတို့မောင်နှမကို လက်ယပ်ခေါ်လိုက်ပြီး မှုတ်လိုက်သည့်ဖက်သို့ လျှောက်သွားသည်။

ဟိုမင်တင်သည် ပေးသုံးဆယ်မျှအကွာရှိ ငှက်ပျောခုံဆီသို့ လျှောက်သွားပြီးလျှင် သူ့အနားသို့ ရောက်နေသော ကွန်ကျင်ယီတို့ မောင်နှမကို လက်ညှိုးထိုးပြလိုက်သည်။

'ဟင်....'

ကွန်ကျင်ယီ၏ ထိတ်လန့် အံ့ဩသံထွက်လာသည်။

'ဟာ....ဒေါ်ကြီးတော့ တကယ့်ကို မျက်လှည့်ပြတာနဲ့ တူနေပြီ'

ကွန်ယုတိုင်ကမူ မယုံကြည်နိုင်သကဲ့သို့ ပြောလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဟိုမင်တင် လက်သုံးထိုးပြသည့် ငှက်ပျောပင်ကြီး၏ ပင်စည်တွင် နစ်ဝင်နေသော ခူးပြီးခါစ မက်မန်းသီးကလေးကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ဟိုမင်တင်က ခါးဆန့်၍ ရပ်လိုက်ပြီး....

'ဒါက အတွင်းအားပညာနဲ့ ပေါင်းစပ်ထားတဲ့ လက်နက်ပုန်းပညာပဲ'

ကွန်ယုတိုင်က ပြုံးဖြီးရင်း ပြောလိုက်သည်။

'အစ်ကိုကြီးက ဒီလောက်တောင် တတ်နေတဲ့ဟာ ကျွန်တော်တို့ဆီက သိုင်းကွက်တွေကို သင်ဖို့ လိုသေးလားဗျ'

ကွန်ယုတိုင်က မကျေနပ်သံမျိုးနှင့် ပြန်ပြောသည်။ ဟိုမင်တင်က....

'ဟော...ညီလေးက ရှင်းပြနေရင်းနဲ့ နားဝေးသွားပြန်ပြီ၊ သိုင်းကွက်ရဲ့ စွမ်းရည်မှာ ညီလေးတို့ တတ်ထားတဲ့ သိုင်းကွက်တွေက ပိုပြီး ထက်မြက်တယ်ဆိုတာလေ'

ထိုအခါ ကွန်ယုတိုင်က လက်ဖျောက်တီးကာ....

'ဟုတ်ပြီ....ဒါဆိုရင် အစ်ကိုကြီးကို ကျွန်တော်တို့က သိုင်းကွက်တွေ သင်ပေးမယ်၊ အစ်ကိုကြီးက ကျွန်တော်တို့ကို အခုပြသွားတဲ့ပညာမျိုး ပြန်သင်ပေးရမယ်'

'အေးလေ....အစ်ကို သိုင်းကွက်တွေ တတ်ပြီးရင် ပြန်သင်ပေးမှာပေါ့'

ဟိုမင်တင်က ရျေးဆစ်သည့်လေသံမျိုးဖြင့် ပြောလိုက်၏။ ကွန်ယုတိုင်က....



'မရဘူး တစ်ပြိုင်တည်း ပြန်သင် ပေးရမယ်'

ထိုအခါ ကွန်ကျင်ယီက မနေသာတော့ဟန်ဖြင့်....

'အို....မောင်လေးကလဲ သူကသောင် ငါသူသင်နဲ့ဆိုရင် ဘယ်လိုလုပ်ပြီး ခရီးတွင်တော့မှာလဲ၊ ပြီးတော့ အခုချိန်က အစ်မတို့ မြို့တော်ကြီးကို ရန်သူက ဝိုင်းထားပြီး၊ နေ့ဝင်တိုက်တော့မလို၊ ညဝင်တိုက်တော့မလို တကဲကဲ ဖြစ်နေတဲ့အချိန် အစ်မတို့က ဒါတွေတတ်လို့လဲအသက်ငယ်လို့စစ်ထဲဝင်တိုက်ခွင့် ရမှာလဲမဟုတ်ဘူး၊ အစ်ကိုက မြန်မြန်တတ်သွားရင်မေမေ့ကို ဆတ်သွားတဲ့ ရန်သူတွေကို အမေတို့ကိုယ်စား မြန်မြန်ပြန်သတ်နိုင်တာပေါ့၊ အဲဒါက ပိုပြီးကောင်းပါတယ်'

ဝင်၍ ပြောလိုက်ရာ ကွန်ယုတိုင်မှာ မိခင်သေဆုံးခဲ့ပြီကို ချက်ချင်း သတိရသွားပြီး မျက်ရည်များ လည်လာကာ....

'ကောင်းပြီ....အစ်ကို့ကို အရင်သင်ပေးမယ်'

ပြောလိုက်ပြီး အိမ်ဘက်သို့ ပြန်လှည့်လျှောက်သွားသည်။ ထိုအခါမှ နှစ်ယောက်သည်း ကျန်ရစ်ခဲ့သော ဟိုမင်တင်နှင့် ကွန်ကျင်ယီတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

သူတို့အနေဖြင့် ကွန်ယုတိုင်၏ အပြုအမူမှာ ကလေးဆန်နေသော်လည်း မရယ်မောရက်ကြပါချေ။

'အစ်ကို....မနက်ဖြန်ကျမှ စသင်နော်၊ အခု ဘိုးဘိုးဆီက သိုင်းကျမ်းစာအုပ်ကို သွားကြည့်ကြရအောင်'

ကွန်ကျင်ယာက ပြောလိုက်သည်။ ထို့နောက် နှစ်ယောက်စလုံးပင် သမားတော်ကြီးရှိရာ အိမ်ဘက်သို့ တိတ်တဆိတ် လျှောက်လာခဲ့ကြသည်။

* * *

မွန်ဂိုတပ်သည် မအောင်မြင်သော တိုက်ခိုက်မှု ပြီးဆုံးသွားသည်နှင့် နောက် လဝက်မျှကြာအောင်အထိ လုံးလုံးကြီး ငြိမ်သက်နေခဲ့သည်။

ထို့နောက် လှုပ်လှုပ်ရှားရှားနှင့် စစ်ပြင်သည့် လက္ခဏာများ တွေ့လာရပြန်၏။ မွန်ဂိုများသည် ရက်သတ္တပတ်ကြာမျှ လှုပ်လှုပ်ရှားရှား ဖြစ်နေခဲ့ပြီးနောက် မြို့တော်ကြီးကို အဘက်ဘက်မှ ဝိုင်းရံထားသော မွန်ဂိုတပ်များကို မြို့အဘက်ဘက်သို့ ကိုက်ပေါင်း တစ်ထောင့်ငါးရာခန့်မျှအထိတိုး၍ ချဉ်းကပ်ကာ တပ်စွဲချရပ်လိုက်ကြပြန်သည်။

ထိုအခါ ရန်သူတပ်ဦးနှင့် မြို့စောင့်တပ်တို့မှာ တစ်ဖက်မှ လှုပ်ရှားမှုကို တစ်ဖက်မှ လှမ်းမြင်သာအောင် နီးကပ်လာပြီဟု ဆိုနိုင်သော အနေအထားမျိုးသို့ ရောက်ရှိလာ၏။

မြို့စောင့်တပ်သည် ရန်သူတို့အား အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် တစ်ကြိမ် လာရောက်တိုက်ခိုက်သော မွန်ဂိုတပ်ကို တပ်ဦးကျိုးအောင် တိုက်ထုတ်ပစ်လိုက်ခြင်းဖြင့် တစ်ကြိမ်၊ နှစ်ကြိမ် နှစ်ခါမျှ အထိနာအောင် တိုက်ခိုက်ပစ်ခဲ့ပြီ



ဖြစ်သော်လည်း မွန်ဂိုတပ်၏ အင်အားမှာ ကြီးမားလှသောကြောင့် ပေါ့ပေါ့ဆဆ မနေရဲကြပါချေ။ မြို့တော်လူထုမှာလည်း မွန်ဂိုတပ်များ ရှေ့တိုး ချဉ်းကပ်လာမှုကြောင့် ဖြောင့်ဖြောင့်ပင် မအိပ်ရဲကြတော့၊ ကြီးလန့်စာစား ဘဝမျိုးသို့ ဆိုက်ရောက်နေကြရှာလေသည်။

ထိုသို့ ဖြစ်နေဆဲတစ်ရက်တွင် မွန်ဂိုများဘက်မှ အဖြူရောင် အလံကို ကိုင်ဆောင်၍ မြင်းစီးစေတမန်တစ်ဦးက မြို့အရှေ့ဘက်ရှိ ခံတပ်သို့ ချဉ်းကပ်လာခဲ့သည်။ အလံဖြူ ကိုင်ဆောင်၍ တစ်ယောက်တည်း ချဉ်းကပ်လာသော ထိုမြင်းစီးစေတမန်ကို ခံတပ်မှူးကိုယ်တိုင် ထွက်၍ တွေ့ခဲ့၏။

ထိုမြင်းစီးစေတမန်သည် ခံတပ်မှူးအား မြို့စောင့်တပ်များ၏ သေနာပတိကြီးအား ပေးရန်ဟုပြောကာ စာ တစ်စောင်ကို အပ်၍ပြန်သွားခဲ့သည်။

ခံတပ်မှူးကလည်း ထိုစာကို ချက်ချင်းပင် သေနာပတိထံသို့ သူကိုယ်တိုင် သွားရောက်ပို့ဆောင်ခဲ့သည်။

အသက် ခြောက်ဆယ်ကျော်ပြီး ဖြစ်သော သေနာပတိကြီး ကွမ်းကျန့်ဟုန်းသည် ထိုစာကိုဖတ်ပြီးနောက် သူတစ်ယောက်တည်း ဆုံးဖြတ်ရန် ခက်ခဲဟန်ဖြင့် တပ်မှူးများအားလုံးကို တပ်မဌာနချုပ်သို့ ဆင့်ခေါ်လိုက်သည်။

ထို့နောက် တပ်မှူးအားလုံး၏ ရှေ့မှောက်တွင် မွန်ဂိုသေနာပတိထံမှ ပေးပို့လိုက်သောစာကို သူကိုယ်တိုင် ဖတ်ပြလေသည်။

မွန်ဂိုသေနာပတိ၏စာမှာ....

'မြို့စောင့်တပ်များ၏ ဘောနံဘတိကြီးသိစေရန် လေးနက်သော စိတ်အကြံဖြင့် ဤစာကို ကျွန်ုပ် ရေးသားအပ်ပါ၏။

'ကျွန်ုပ်သည် စစ်ချီခဲ့သည့်နေ့မှ ယနေ့အထိ နှစ်တစ်ပတ်လည်နေပြီ ဖြစ်ပါ၏။ ဤကာလအတွင်း ကျွန်ုပ်တို့ ချီတက်ခဲ့ရာ လမ်းကြောင်း၌ ဘေနာပတိကြီးတို့၏ တပ်များကို ချေမှုန်းလျက် ဘေနာပတိကြီးတို့၏ တိုင်ကား ပြည်ရွာတို့ကို ကျွန်ုပ်တို့၏ မြင်းသံခွာအောက်တွင် ပြားပြားရောက်စေခဲ့ပြီးဖြစ်သည်ကိုလဲ ကျွန်ုပ် ထပ်မံပြောကြားရန်ပင် မလိုတော့ပါ။

'ကျွန်ုပ်တို့အနေဖြင့် နန်ကင်းနေပြည်တော်ကို သိမ်းပိုက်နိုင်ရန် လက်တစ်လုံးသာ လိုတော့သော အနေအထားသို့ရောက်ရှိနေသည်မှာလည်း ဘေနာပတိကြီး မျက်ဝါးထင်ထင် ဖြစ်ပါသည်။

'ကျွန်ုပ်တို့ဘက်မှ အသက်ပေါင်းများစွာကို ထပ်မံရင်းနှီး၍ မြို့တော်ကြီးကို တိုက်ခိုက်လျှင် အသက်ပေါင်းများစွာကို ရင်းစားပြန်ရမည့်အပြင် မြို့တော်ကြီးကို သိမ်းပိုက်နိုင်ရမည် ဟုလည်း ကျွန်ုပ် ယုံကြည်နေကြောင်း ဘေနာပတိကြီး သိစေချင်ပါသည်။

'သို့သော် ကျွန်ုပ်ပင် စိတ်၌ ဤအခြေအနေသို့ရောက်မှ မြို့တော်ကြီးကိုရလျှင်ရော ကျွန်ုပ်၏စိတ်အကြံ ပြည့်မြောက်တင်းတိမ်ပါမည်လားဟု တွေးလာမိပါသည်၊ ထို့ပြင် မြို့တော်ကြီးကို ရလျှင်လည်း ကျွန်ုပ်၏စိတ်အကြံ ပြည့်မြောက်တင်းတိမ်လိမ့်မည် မဟုတ်သည်ကို ကျွန်ုပ် စဉ်းစားလာမိပါသည်။



'အဘယ်ကြောင့်ဆိုသော် ယနေ့ ကျွန်ုပ်စစ်ချီခဲ့ခြင်း၏ အဓိက အာသီသမှာ နန်ကင်းနေပြည်တော်ကြီးကို သိမ်းပိုက်နိုင်ရုံမျှသာ မဟုတ်ဘဲ ကျွန်ုပ်အပေါ်တွင် ကြွေးကျန်တင်၍ ထားခဲ့သော သင်တို့၏ တပ်မှူးကြီး ဟိုမန့်တာအား မျက်နှာချင်းဆိုင်လျက် တင်ခဲ့သောကြွေးကို ပြန်ဆပ်လိုသော စိတ်ဆန္ဒသာ အဓိကဖြစ်သောကြောင့် ဖြစ်ပါသည်။

'ဤသဘောကို ယောကျ်ားကောင်းဖြစ်သော ဘေနာပတိကြီး နားလည်နိုင်လိမ့်မည်ဟု ယုံကြည်ယူဆပါသည်။

'ထို့ကြောင့် လူပေါင်းကောင်းဆောင်းချီ၍ သေကျေကြသော်လည်း ပြည့်ဝမည်မဟုတ်သော ကျွန်ုပ်၏ စိတ်ဆန္ဒအတွက် မြို့တော်ကို သိမ်းပိုက်ရန် ကျွန်ုပ်၏ စစ်ရေးအစီအမံတို့ကို ရပ်ဆိုင်း၍ ထားပါမည်။

'ဘေနာပတိကြီးတို့ဘက်တွင် ကျွန်ုပ်ဆပ်ရန် ကြွေးချန်၍ထားသူ တပ်မှူးကြီးဟိုမန့်တာ မသေမပျောက်နှင့် ဦးဆောင်၍ ရှိနေဆဲဟု ကျွန်ုပ် အခိုင်အမာ ကြားသိထားရပါသည်။

'တပ်မှူးကြီး ဟိုမန့်တာမှာ ယောကျ်ားကောင်းဟု ကျွန်ုပ် လုံးဝ ယုံကြည်ပါသည်။

'တပ်မှူးကြီး ဟိုမန့်တာကို ပြောပြပါလေ။

'သင့်တို့ ငဲ့သွာရမည့် လက်အောက်ငယ်သားများ သင်တို့ စောက်ထားရမည့် နေပြည်တော်ရှိ လူထု၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ထပ်မံဆုံးရှုံးရန် မသင့်ဟု ယူဆပါက ကျွန်ုပ်နှင့် တစ်ယောက်ချင်း စီးချင်းထိုးပါရန် ကျွန်ုပ်က တောင်းဆိုပါသည်။

'အဘိုးကြီး ဟိုမန်တာအနေဖြင့် ကျွန်ုပ်၏ တောင်းဆို
ချက်ကို လိုက်လျောပါက စီးချင်းထိုးပွဲ၏အဖြေ မည်သို့ပင်
ဖြစ်စေ စီးချင်းထိုးပွဲပြီးလျှင် ကျွန်ုပ်တပ်ခွဲ ချရပ်နေသော
ယာခုနေရာမှ ကျွန်ုပ်တို့လာရင်းဒေသသို့ ဦးလှည့်၍ ပြန်မည်ဖြစ်
ကြောင်း ကျွန်ုပ်ကောင်းစွာ စီမံမှာကြားပြီး ဖြစ်သည်ကို
ကတိပြုပါသည်။

'ကျွန်ုပ်၏ တောင်းဆိုချက်ကို တပ်မှူးကြီးဟိုမန်တာက
လက်ခံမည်ဟု ယုံကြည်ပါသည်။ ထိုယုံကြည်သည့်အတိုင်း
လက်ခံလျှင် ကျွန်ုပ်၏ စာလွှာကို လာရောက်ပို့သည့် ခံတပ်
ထိပ်၌ ယခုနေ့ညနေတွင်ပင် အလံဖြူတင်ပါ၊ သို့ဆိုလျှင် ဤ
စာရသည့်နေ့မှ သုံးရက်မြောက်နေ့နံနက်တွင် ကျွန်ုပ်တစ်ဦး
တည်း အလံဖြူတင်သည့် ခံတပ်ရှေ့ နှစ်ဖက်တပ်များ၏ကြား
ကွက်လပ်တွင် စီးချင်းထိုးရန် အသင့်စောင့်နေပါမည်။

'အကယ်၍ ကျွန်ုပ်၏ဆန္ဒကို တပ်မှူးကြီးဟိုမန်တာက
လက်ခံခြင်းမပြုလျှင် ကျွန်ုပ်၏ လာခဲ့ရင်း စိတ်အကြံ ပြည့်
မြောက်စေရန်အတွက် ကျွန်ုပ်တွင် ရှိသမျှ အင်အားဖြင့်
သေနာပတိကြီး၏ မြို့တော်ကို ဝင်ရောက်သိမ်းပိုက်ကာ တပ်
မှူးကြီး ဟိုမန်တာကို ဖြေလျှော့ရမည်ဖြစ်ကြောင်း....

စီမာကမ်းစင်း

မွန်ဂိုတပ်များ၏ သေနာပတိကြီး

စာဖတ်သံ ဆုံးသွားသောအခါ အစည်းအဝေးခန်းမ
အတွင်း သက်ပြင်းချသံများ ညည်းညူသံများ ညံသွား
သည်။



သေနာပတိကြီး ကွမ်းကျန့်ဟုန်းသည် ပြန်ထိုင်လိုက်ပြီး
လျှင် တပ်မှူးများအားလုံး၏ ဆန္ဒ သဘောထားကို သိရှိနိုင်
ရန်အတွက် ငြိမ်သက်စွာ နားစွင့်နေသည်။

တပ်မှူးအများစုမှာ မိမိတို့ဘက်မှ အရှုံးမရှိ အမြတ်ချည်း
သာ ဖြစ်သောကြောင့် တစ်ယောက်ချင်း စီးချင်းထိုး တိုက်
ခိုက်သင့်ကြောင်း၊ သို့သော် တပ်မှူးကြီး ဟိုမန်တာမှာ
အိုးချုံးကျနေသော ရဲမက်စစ်သည် အပေါင်းနှင့် မြို့တော်နေ
ပြည်သူအများ စိတ်အား ပြန်လည်တက်ကြွလာစေရန်၊ ထို့
ပြင် ကျန်မွန်ဂိုစစ်သည်များအကြားတွင် ထိုအတင်း ပျံ့နှံ့
စိမ့်ဝင်သွားပြီး စိတ်ဓာတ်ကျဆင်းစေရန်တို့အတွက် သားဖြစ်
သူ ဟိုဝင်တင်အား ရုပ်ဖျက်ကာ ဖန်တီး ရုပ်ပြထားခြင်းမျှ
ဖြစ်ရကာ ယခုကဲ့သို့ တကယ့်အရေးတွင် အသုံးချ၍ မရနိုင်
တော့ကြောင်းများကို ငါးတိုး ပြောဆိုနေကြသည်။

အချို့ကမူ ဤကိစ္စကို မွန်ဂိုသေနာပတိထံ အမှန်အတိုင်း
ပြန်ကြားသင့်ကြောင်း ပြောနေကြ၏။

ထိုအခါ အချို့က ထိုသို့ဆိုလျှင် မွန်ဂိုသေနာပတိမှာ သူ
လှည့်စားခံရသည့် သတင်းအတွက် ရှက်ဒေါသဖြင့် မြို့တော်
ကို တိုက်ခိုက်လိမ့်မည် ထင်ကြောင်း....

'တိုက်တော့ ဘာဖြစ်လဲဗျ၊ ပြန်ချပစ်ရုံပေါ့'

တပ်မှူးအချို့က ဒေါသဖြင့် ပြောကြသည်။ တကယ်
တွင်ကား မလွဲသာသော အခြေအနေ၌ တိုက်ကြခိုက်ကြရမည်
မှာ မဆန်း၊ သို့သော် တပ်မှူးကြီး ဟိုမန်တာ တကယ်မရှိ
ဘူးဆိုသော သတင်းကြောင့် မွန်ဂိုစစ်သည်များ အားတက်

သွားနိုင်သောကြောင့် အကြောင်းနှင့် မိမိတို့၏ စစ်သည်ရဲမက်များနှင့် လူထုအကြား စိတ်ပျက် အားငယ်သွားနိုင်သည့် အချက်မှာ အလွန်စဉ်းစားရမည့်အချက် ဖြစ်သည်။ ထို့ပြင် ထိုမြို့တော် မကျဆုံးရေး တိုက်ပွဲကြီးကို ဆင်နွှဲရပြီဆိုပါက ဆုံးရှုံးပျက်စီးရတော့မည့် အသက်အိုးအိမ် စည်းစိမ်တွေက သောက်သောက်လဲ ရှိတော့မည်။

'စီးချင်းထိုးပွဲရဲ့ အဖြေ မည်သို့ပင်ရှိသည်ဖြစ်စေဆိုတာက ဘာဆေးဓိပ္ပာယ်လဲ'

သူ့ဘက်က ရှုံးရှုံးနိုင်နိုင်လို့ ပြောတာပေါ့ကွ'

ဒါဆိုရင် သူရှုံးပြီး သေသွားရင်လဲ သူ့လူတွေအားလုံး တပ်ခေါက်ပြီး ပြန်သွားအောင် အမိန့်ပေးထားတယ်လို့ ဆိုလိုတာပေါ့....ဟုတ်လား'

'အေး....ဟုတ်တယ်၊ အဓိပ္ပာယ်ကတော့ အဲဒီ အဲတိုင်းပဲ'

အစည်းအဝေး ခန်းမအတွင်း၌ တပ်မှူးများ၏ အချင်းချင်း တီးတိုးပြောဆိုနေသံမှာ အချိန်ကြာလာသည်နှင့် ပိုမို၍ ဆူညံလာသည်။

ထိုအခိုက်တွင် တပ်မှူးတစ်ယောက် မတ်တတ်ရပ်လိုက်သည်ကို မြင်ရသည်။ တပ်မှူးကြီး ဟိုမန်တာ၏သား ဟိုမင်တင်ကို ခေါ်လာခဲ့သူ တပ်မှူး ရှင်ချိတင်ဖြစ်သည်။ သူက....

'ကျွန်တော်တို့ ဒီကိစ္စကို ကာယကံရှင်နဲ့ပါ ဆွေးနွေးကြည့်ဖို့ မကောင်းဘူးလား'



အစည်းအဝေး ခန်းမအတွင်းမှ တပ်မှူးများ၏အသံများ ငြိမ်ကျသွားကာ....

'တပ်မှူးဆိုလိုတာက ကာယကံရှင် တပ်မှူးကြီးရဲ့သားက ဒီကိစ္စကို လက်ခံမယ်ဆိုရင် စိန်ခေါ်တဲ့အတိုင်း ယှဉ်ပြိုင်ချင်တဲ့ သဘောလား'

တပ်မှူး တန်ငိုဟင်းက ထမေးသည်။ တပ်မှူး ရှင်ချိတင်က တည်ကြည်သော မျက်နှာဖြင့်....

'အဲဒီအတိုင်းပဲ'

'သူ့ကို ကျုပ်တွေဖူးတာပဲ သိမ်ငယ်တယ်၊ မှန်ကို သေနာပတိဟာ သူ့ဖခင်နှင့် ယှဉ်ပြိုင်ခဲ့သူဖြစ်တယ်ဆိုတာမစဉ်းစားသင့်ဘူးလား'

တပ်မှူး တန်ငိုဟင်းက ထပ်ပြောသည်၊ ရှင်ချိတင်ကလည်း....

'စဉ်းစားပြီးပါပြီ၊ ကျုပ်စဉ်းစားတဲ့အထဲမှာ စီးချင်းထိုးပွဲရဲ့အဖြေ မည်သို့ပင်ဖြစ်စေ စီးချင်းထိုးပွဲပြီးလျှင် ကျွန်ုပ်တပ်စုချုပ်နေသော ယခုနေရာမှ ကျွန်ုပ်တို့ လာရင်းဒေသဆီ ဦးလှည့်၍ ပြန်မည်ဖြစ်ကြောင်းဆိုတဲ့ အချက်ကိုပါထည့်ပြီး စဉ်းစားပြီးပါပြီ၊ ဒီတော့ မေးစရာ ရှိလာပါပြီ၊

'ကျုပ်အနေနဲ့ ဒီလို စဉ်းစားတာဟာမှန်ကိုတွေက မြို့သိမ်းတိုက်ပွဲ ဆင်နွှဲလာမှာကြောက်လို့ အတွေ့အကြုံနဲ့ အသက်အရွယ် ကွာခြားတာကိုဂရုမစိုက်တော့ဘဲ ရှုံးရှုံးနိုင်နိုင်ပြိုင်မယ်၊ တစ်နည်းအားဖြင့် အသက်ပေါင်းများစွာ အတွက် တပ်မှူးကြီး ဟိုမန်တာရဲ့သား ဟိုမင်တင်ဆိုတဲ့ လူငယ်

လေးရဲ့အသက်ကို ကျွားစာကျွေးတာလားလို့မဟုတ်ပါဘူး.... လုံးဝမဟုတ်ပါဘူး၊ ကျုပ်မှာ ယုံကြည်ချက် တစ်ခုရှိနေလို့ ခုနလို ပြောတာပါ၊ ဘာ့ကြောင့်လဲဆိုတော့ တိုမင်တာင်ဟာ ဖခင်ဖြစ်တဲ့ တပ်မှူးဆီက ပညာကုန်အမွေရထားသူဖြစ်တဲ့အပြင် ရက်များကြာခင်က သူ အသစ်ထစ်မံတာတ်မြောက်ထားတဲ့ သိုင်းပညာအရအလွန်အတန် ထက်မြက်တဲ့ သိုင်းပညာရှင်တစ်ယောက် ဖြစ်နေလို့ပါ၊ ဒါကို ကျုပ်ကိုယ်တိုင် စမ်းသပ်ကြည့်ခဲ့ပါတယ်၊ ကျုပ်ဟာ သူ့ရဲ့ သိုင်းကွက် သုံးကွက် မပြည့်မီမှာပဲအရှုံးပေးလိုက်ရပါတယ်၊ ဒီမှာခင်ဗျားတို့က ထပ်ပြီး မေးစရာ ရှိလာပါတယ်၊ မင်းကရော ဘယ်လောက်များ အစွမ်းရှိလို့လဲ့လို့'

ထို့နောက် တပ်မှူး ရှင်ချီတင်က ခန်းမအဘွင်းရှိ တပ်မှူးများ အားလုံးကို လှည့်ပတ်ကြည့်လိုက်ပြီး....

'ဒါကိုတော့ ဒီမှာရှိနေကြတဲ့ တပ်မှူးများထဲက မည်သူမဆို ကျုပ်ကို စမ်းသပ်ကြည့်နိုင်ပါတယ်'

ပြောလိုက်ရာ ခန်းမကြီးတစ်ခုလုံး အလွန်တိတ်ဆိတ်ငြိမ်သက်သွားသည်။

တပ်မှူးအချို့က အေးစက်သော အကြည့်ဖြင့် ရှင်ချီတင်ကို လှမ်းကြည့်နေကြသည်။ တပ်မှူး တန်ငိုဟင်းကမူ ကျေနပ်သွားသလို ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

သေနာပတိကြီး ကွမ်းကျန့်ဟုန်းက ထိုင်ရာမှ ဖြည်းညင်းစွာ ထ လိုက်၏။



'ကောင်းပြီ...ကျုပ်တို့အားလုံး ဒီသူငယ်ရဲ့ သဘောထားကို နားထောင်ရအောင် တပ်မှူးကြီး ကိုယ်တိုင်ပဲ ဒီသူငယ်ကို သွားခေါ်လိုက်ပါ'

သေနာပတိကြီး၏ စကားအဆုံးတွင် တပ်မှူးရှင်ချီတင်က သေနာပတိကြီးကို အရိုအသေပြုလိုက်ပြီး အခန်းထဲမှ လျင်မြန်စွာ ပြေးထွက်သွားတော့သည်။

* * *

ပွင့်သစ်စနေရောင်သည် နှင်းစက်များသီးနေသောရိုးမြတ်လယ်ကွင်းပေါ်သို့ လှမ်းဖြိုးကျဆင်းနေသည်။

နံနက်ခင်းလေပြည်က တသုန်သုန်တိုက်ခတ်နေသည် ဖြစ်ရာ နှစ်ဖက်တပ်ဦးတွင် စိုက်ထူထားသော တံခွန်နှင့်အလံများမှာ တဖျပ်ဖျပ် လွင့်မြူးနေကြသည်။

နှစ်ဖက်တပ်မှ တပ်မှူးနှင့် အထက်အဆင့် ရှိကြသော စစ်ဘက်ဆိုင်ရာအကြီးအကဲ တစ်ရာကျော်ခန့်မျှသည် ပေ တစ်ရာပတ်လည်မျှရှိသော ဝါးလုံးတန်းများ ကာရံထားသည့် ကွက်လပ်ကိုဗဟိုပြု၍ မျက်နှာချင်းဆိုင်ရပ်နေကြသည်။

ထိုစစ်ဘက် အကြီးအကဲအားလုံးမှာ အကောင်းဆုံးသော ဝတ်စုံများတွင် ဘွဲ့ထူးဂုဏ်ထူး အဆောင်အယောင် တံဆိပ်တို့ကို ပြည့်စုံစွာတပ်ဆင်ထားကြသည်ဖြစ်ရာ ပွဲ သစ်စနေရောင်တွင် မလှုပ်မရှားဘဲနှင့်ပင် တပြောင်ပြောင် တလက်လက် တောက်ပနေကြသည်။

အရှေ့ဘက်က မွန်ဂိုစစ်ဘက်ဆိုင်ရာ အကြီးအကဲများဖြစ်သည်။

အနောက်ဘက်က မြို့စောင့်တပ်များ၏ စစ်ဘက်ဆိုင်ရာ အကြီးအကဲများဖြစ်သည်။

သူတို့အားလုံး၏မျက်နှာတွေက နှင်းတောထဲမှ ကျောက်သား မျက်နှာပြင်လို တင်းမာအေးစက်နေကြသည်။

တစ်ယောက်ချင်း စီးချင်းထိုးကြမည့် မွန်ဂိုတပ်များ၏ သေနာပတိ စီမာကမ်းစင်းနှင့် မြို့စောင့်တပ်များဘက်မှ တပ်မှူးကြီး ဟိုမန့်တာတို့မှာ ရောက်မလာကြသေး။

အတန်ကြာသောအခါ တပ်စခန်းအသီးသီး ရှိရာဘက်မှ စစ်ချီအောင်စည်အောင်မောင်းများ တီးခတ်သံ၊ စစ်ခရာမှုတ်သံများနှင့် ကြွေးကြော်အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ထို့နောက်တွင် နှစ်ဖက်စလုံးမှ မြင်းကိုယ်စီနှင့်လူ တစ်ယောက်စီ ထွက်လာ၏။

မြို့စောင့်တပ်များဘက်မှထွက်လာသူ တပ်မှူးကြီး ဟိုမန့်တာမှာ ကကြိုးတန်ဆာ စုံလင်စွာ ဝတ်ဆင်ထားသည့် အုန်းခွံရောင်မြင်းကြီးကို စီးနှင်း၍လာ၏။



မွန်ဂိုတပ်များဘက်မှ ထွက်လာသော မွန်ဂို သေနာပတိ စီမာကမ်းစင်းမှာမူ ကျောက်မျက်ရတနာများ မြှုပ်နှံထားသော ကကြိုးတန်ဆာများ အပြည့် တပ်ဆင်ထားသည့် ဖောင်းဝတဲရောင်မြင်းကြီးကို စီးနှင်း၍လာသည်။

တပ်မှူးကြီး ဟိုမန့်တာ ဝတ်ဆင်လာသည်မှာ ကျောက်စိမ်းရောင် ကိုယ်ကျပ်ဝတ်ရုံဖြစ်၍ မွန်ဂိုသေနာပတိ စီမာကမ်းစင်းက နီလာရောင် ကိုယ်ကျပ်ဝတ်စုံကို ဝတ်ဆင်လာသည်။

နှစ်ယောက်စလုံးသည် မြင်းများ ခပ်မှန်မှန် အသွားကျနှင်၍ လာခဲ့ပြီး သူ့ဘက်ကိုယ့်ဘက် စစ်ဘက်အကြီးအကဲများ ရှိရာသို့ လျှောက်၍ ရောက်ရှိလာကြသည်။

နှစ်ဖက်စလုံးမှ အကြီးအကဲများက သူတို့၏ ကိုယ်စားပြုသူရဲကောင်းကို ကိုယ့်ထုံးစံနှင့်ကိုယ် အရိုအသေပြု၍ ကြိုဆိုကြပြီး နှစ်ဖက်ညှပ်၍ ဝါးလုံးကန်းများ ကာရံထားသော သတ်ကွင်းအတွင်းသို့ ပို့ဆောင်ကြသည်။

လေးထောင့်ပုံစံ သတ်ကွင်း၏ ဗဟိုတွင် စားပွဲရှည်ကြီး တစ်လုံးရှိသည်။

ထိုစားပွဲပေါ်တွင် ဓားလှံလက်နက်အမျိုးစုံ တစ်စုံစီ တင်ထားသည်။

သတ်ကွင်းအတွင်းသို့ စစ်ဘက်အကြီးအကဲ နှစ်ယောက်စီ ခြံရံ၍ ဝင်လာသော မွန်ဂိုသေနာပတိ စီမာကမ်းစင်းနှင့် တပ်မှူးကြီး ဟိုမန့်တာတို့သည် ထိုစားပွဲကြီး၏ တစ်ဖက်စီတွင် မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

ထို့နောက် တစ်ယောက်ကိုတစ်ယောက် ဦးညွတ်၍ နှုတ်ဆက် လိုက်ကြပြီး မျက်လုံးချင်းဆိုင်၍ ကြည့်နေကြသည်။ မွန်ဂို သေနာပတိ၏ အကောင်းပကတိရှိနေသော ညာဘက်မျက်လုံးမှာ တလက်လက်တောက်ပနေသည်။

တပ်မှူးကြီး ဟိုမန်တာ၏ မျက်လုံးများမှာမူ အေးစက်ကာ အစိမ်းရောင်သမ်းနေကြသည်။

'ခင်ဗျား သိပ်ပြီးတော့ အရွယ်ကျမသွားသေးပါလား ဟိုမန်တာ'

မွန်ဂိုသေနာပတိက နှုတ်ခမ်းလှုပ်ရုံမျှဖြင့်ပြောသည်။ သို့သော် အသံမှာ ဝေးသွားလို စူးရှလှသည်။

'အင်း....ခင်ဗျားလဲ အတူတူပါပဲ'

တပ်မှူးကြီး ဟိုမန်တာက ပုံမှန်အသံနှင့်ပင် ပြန်ပြောသည်။ သေနာပတိ ဇီမာကမ်းစင်းက ဘယ ဘက်မျက်လုံးပေါ်တွင် ဖုံးထားသော သားရေချပ်ကို ဘယ်လက်ဖြင့်နေရာ အနည်းငယ်ရွှေ့လိုက်ရင်း....

'ခင်ဗျားနဲ့ ပြန်တွေ့ရဦးမယ်ဆိုပြီး ကိုယ့်ကိုယ်ကို ပြုပြုပြင်ပြင် နေခဲ့ရတာပဲ'

'ကျုပ်လဲ အဲ့ဒီလိုပါပဲဗျာ'

တပ်မှူးကြီး ဟိုမန်တာကလည်းချက်ချင်းပြန်ပြောသည်။ မွန်ဂိုသေနာပတိက....

'ဒါဆိုရင် အားလုံးကို ခင်ဗျား မှတ်မိနေတုန်းပဲပေါ့၊ ဟုတ်လား'

တပ်မှူးကြီး ဟိုမန်တာက....



'ကျုပ်က အခဲမကျေဖြစ်ရတဲ့လူမှမဟုတ်ဘဲ၊ အနိုင်နဲ့ ကျန်ခဲ့ရတဲ့လူဆိုတော့ ကိစ္စ အတော်များများကို မေ့သွားတာ အမှန်ပဲ၊ ပြီးတော့ အချိန်ကလဲကြာပြီကော'

'ကျုပ်ကတော့ အားလုံး မှတ်မိနေတယ်၊ မနေ့ကတင် ဖြစ်ထားသလိုပဲလေ'

မွန်ဂိုသေနာပတိက ခါးသီးသောအသံဖြင့် ပြောလိုက်၏။ တပ်မှူးကြီး ဟိုမန်တာက မတုန်မလှုပ် မျက်နှာဖြင့်ပင်....

'ခင်ဗျားအဖြစ်မျိုးကို ကျုပ်က မကြုံဖူးသေးတော့ ကိုယ်ချင်း စာမကြည့်နိုင်တာ ခွင့်လွှတ်ပါဗျာ'

ပြောလိုက်ရာ သေနာပတိဇီမာကမ်းစင်း၏ မျက်နှာမှာ အကြောတစ်ချက်ဆွဲလိုက်သကဲ့သို့ တွန့်သွားပြီး....

'ခင်ဗျား အသက်အရွယ်နဲ့ ဘဝဆိုတာ အောင်ပွဲချည်းပဲ ရနိုင်တဲ့ နေရာ မဟုတ်ဘူးဆိုတဲ့ သင်ခန်းစာမျိုး မရဘူးလား'

မေးလိုက်၏။ တပ်မှူးကြီး ဟိုမန်တာက....

'ကြားဖူးတာမြင်ဖူးတာနဲ့ ကိုယ်တွေ့ဆိုတာ မတူဘူးဆိုရင် အဲ့ဒီသင်ခန်းစာမျိုးကို ကျုပ် မရဖူးသေးဘူးလို့ပြောရတော့မှာပဲ'

သေနာပတိ ဇီမာကမ်းစင်းက ခေါင်းညိတ်လိုက်ပြီး....

'အင်း....တော်တော် ခါးသီးတဲ့ အတွေ့အကြုံပဲဗျာ၊ ဒါကြောင့်လဲ ကျုပ်ရဲ့ရင်ထဲမှာ စွဲနေတာပေါ့၊ ဒါကြောင့်ပဲ

ခါးသီးလှတဲ့ နာကြည်းချက်မျိုးကို ခင်ဗျား ခံစားစေရမယ်လို့ ကျုပ် ဆုံးဖြတ်ခဲ့တာပေါ့’

‘ခင်ဗျားဆုံးဖြတ် မှားမယ်လို့ မထင်ဘူးလား’

တပ်မှူးကြီး ဟိုမန်တာက မေးသည်။ သေနာပတိ စီမာကမ်းစင်းက အလွန်အေးဆေးသောအသံဖြင့်....

‘မထင်ပါဘူး’

ပြောလိုက်သည်။ တပ်မှူးကြီး ဟိုမန်တာက ဦးညွှတ်လိုက်ပြီး....

‘ကျုပ်က အဲ့ဒီသင်ခန်းစာကို ထပ်ပြီး ပေးပါ့မယ်’

သေနာပတိ စီမာကမ်းစင်း၏မျက်နှာ အနည်းငယ် တင်းသွားကာ....

‘ဟုတ်ပြီ၊ ခင်ဗျား ကြိုက်ရာလက်နက်ယူလိုက်’

ပြောလိုက်၏။ တပ်မှူးကြီးဟိုမန်တာက....

‘အလျင်တစ်ခါကလိုပဲပေါ့၊ ခင်ဗျာ့ အလျင်ယူပါ’

ထိုအခါ သေနာပတိ စီမာကမ်းစင်းက ခွဲခြားမရအောင် တူညီသော ဓားရှည်နှစ်လက်အနက်မှ တစ်ချောင်းကိုကောက်ကိုင်လိုက်သည်။

သေနာပတိ စီမာကမ်းစင်းက....

‘ကျေနပ်ပြီလား’

‘အခုကိစ္စက ခင်ဗျားကျေနပ်အောင် လုပ်ကြရတဲ့ကိစ္စပဲ၊ ဒီမေးခွန်းကို ကျုပ်ကပဲမေးရမှာပါ’

တပ်မှူးကြီး ဟိုမန်တာက ပြန်ပြောလိုက်သည်။ စီမာကမ်းစင်းက ခေါင်းညိတ်လျက်....



‘ဟုတ်ပြီလေ....ဒီလိုဆိုရင် ကျုပ်တို့ ကြစို့’

ပြောလိုက်ရာ သူ့စကားအဆုံးတွင် သူတို့နှစ်ယောက်ကို ရံ၍ လိုက်ပါလာကြသော အကြီးအကဲ လေးယောက်က တခြားလက်နက်များရှိနေသေးသည့် ဓားမွဲရှည်ကြီးကို သူတို့နှစ်ဦးကြားမှနေ၍ မ,ထုတ်သွားကြသည်။

ယခုအခါ လေးထောင့်ကွက်လပ်ဘတွင်း၌ တိုက်ခိုက်ကြမည့် လူနှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ကြတော့သည်။

ရန်သူတော်ကြီးနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြည့်ရင်းငိုက်ထူထားသော ကျောက်တိုင်ကဲ့သို့ ရပ်နေကြသည်။

ထိုခဏအတွင်းတွင် လေသည် ဟူးဟူးမြည်အောင် တိုက်ခတ်လာလျက် တိုက်ခိုက် ယှဉ်ပြိုင်ကြတော့မည့်သူ နှစ်ဦးကိုအားပေးအားမြှောက်ပြုလိုက်၏။

စီမာကမ်းစင်းက ညာခြေကို လှမ်းတက်၍ ဓားကို ဆန့်လိုက်၏၊ သူ့လက်တွင်းမှ ဓားက နေရောင်တွင် ပါးပျဉ်းထောင်လိုက်သည့် မြွေဟောက်နှယ် လက်ခနဲ ဝင့်သွားသည်။ ဟိုမန်တာက ညာခြေကို သေးသို့ခွဲ၍ ညာလက်ကို ဘေးဘက်သို့ အတည့်ဆန့်ထုတ်ကာ ဓားကို ငှက်တောင်ပံပုံစံပြု၍ ကိုင်ထား၏။

ထိုစဉ် စီမာကမ်းစင်း၏ ဆန့်ထားသော ဓားဦးသည် ကိုင်ထားသည့်လက် လှုပ်ရှားခြင်းမရှိဘဲ ဆတ်ဆတ်တုန်လာ၏။ ဟူးဟူးမြည်အောင် တိုက်ခတ်နေသော လေထဲတွင် ထိုကဲ့သို့ ဓားဦး တဆတ်ဆတ် လှုပ်ခတ်နေခြင်းကြောင့် ထူးဆန်းသော အသံတစ်မျိုး ထွက်ပေါ်လာသည်။

ဘေးနှစ်ဖက်တွင် ရှိနေသော သူ့ဘက် ကိုယ့်ဘက်မှ စစ်ဘက်ဆိုင်ရာ တပ်ချုပ်၊ တပ်မင်း၊ တပ်မှူးတို့မှာ ငြိမ်သက်လျက် မျက်တောင်မခတ်စတမ်း ကြည့်နေကြသည်။

'ဟိတ်....'

စီမာကမ်းစင်းက မာန်သွင်းသံသဲ့သဲ့ ပြုလိုက်ပြီး ရှေ့သို့ ဆတ်ခနဲတိုးကာ ဓားချက်သုံးချက်ခုတ်ချလိုက်သည်၊ သက်တံ ဝက်ပါ ဓားချက်များဟုခေါ်သော ထိုဓားချက်များသည် စူးရှသော ရောင်ခြည်လိုင်း တစ်ခုကဲ့သို့ တပ်မှူးကြီး ဟိုမန် တာကို လွှမ်းခြုံသွားသည်။

ဖခင်ဖြစ်သူ၏အသွင်ကို ခံယူထားရသော ဟိုမင်တာင်သည် အလွန်သတိကြီးစွာဖြင့် လေးကျွန်းရာဇာ သိုင်းကွက်များထဲမှ တောင်ကြား နဂါးဝင်သိုင်းကွက်ဖြင့် တိမ်းရှောင်လိုက်သည်။ စီမာကမ်းစင်း၏ ဓားချက်များ လွဲချော်သွားသည်။

သို့သော်ဓားချက်များကို အသုံးပြုလိုက်သည့် အတွင်းအား မှာ ကြီးမားလှသောကြောင့် လေပွေတစ်ခုက စုပ်ယူလိုက်သကဲ့သို့ ဟိုမင်တင်၏ဆံပင်များ တောင်ကြွ၍သွားသည်။

စီမာကမ်းစင်းသည် အနှစ်နှစ် အလလ ကျိတ်မနိုင် ခဲမရ ဖြစ်ခဲ့ရသော သွေးကြွေးကို အလျင်အမြန် ပြန်လည် ပေးဆပ်လိုပုံရသည်။

'ဟိုင်း....'

သံပြတ်ဖြင့် မာန်သွင်းသံပြုလျက် ရှေ့နောက်ခွထားသော ခြေနှစ်ဖက်ကိုညှိတ်ကာ တိုက်ခိုက်လိုက်ပြန်သည်။ စီမာကမ်း



စင်းသည် မွန်ဂိုနန်းတွင်း မဟာဝက်ပါ သိုင်းကွက်များထဲမှ ခြေရာပျောက်သိုင်းကွက်ကို အသုံးပြုလိုက်ခြင်းပင်ဖြစ်သည်။

ဟိုမင်တင်က တောင်ကျော်နဂါး သိုင်းကွက်ဖြင့် ခုန် လိုက်သည်။

သို့သော် စီမာကမ်းစင်း၏သိုင်းကွက်သည် အောက်ဘက် သို့ အဓိကထား၍ တိုက်ခိုက်သော သိုင်းကွက် မဟုတ်ချေ။

ဟိုမင်တင် ခုန်ရှောင်လိုက်သည်နှင့် စီမာကမ်းစင်း၏ ဓားချက်များက လေခွင်းသံပြင်းပြင်း ထွက်လာသည်အထိ မွှေ့လိုက်၏။

သိုင်းသမားတစ်ယောက်အဖို့ရာ၌ တိမ်းရှောင်လှုပ်ရှားရန် အခက်ခဲဆုံးသော အချိန်မှာ ခြေထောက်နှစ်ဖက် မြေကြီးနှင့် ကင်းလွတ်နေသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် ကိုယ် ဖော့ပညာ မည်မျှပင် ကောင်းမွန်သူဖြစ်စေ ထောက်ကန် အားကို မရနိုင်သောကြောင့် မူလ လှုပ်ရှားမှုမှဆက်၍ ဆင့် ၍ လှုပ်ရှားရန် အလွန်အင်မတန် ခက်ခဲပေသည်။

ဟိုမင်တင်မှာ အတွေ့အကြုံအားဖြင့် မွန်ဂို သေနာပတိ စီမာကမ်းစင်းထက် များစွာနုနယ်သည်ဖြစ်ရာ စီမာကမ်းစင်း၏ ပရိယာယ်ကို မတွက်ဆမိဘဲ အောက်ပိုင်းသို့ ဟန်ပြ တိုက်ခိုက်လိုက်သည်နှင့် ထိုကဲ့သို့ တိမ်းရှောင်လိုက်မိခြင်းဖြစ် ရာ ရှုံးတရက် မျက်လုံးပြူးစရာဖြစ်သွားလေပြီ။

သို့သော် ဟိုမင်တင်မှာ အတွေ့အကြုံ ကြွယ်ဝလှသော ဖခင်ဖြစ်သူထံမှ ပညာကုန်ရခဲ့သူဖြစ်သည်။

ထို့ပြင် ယခုလာလောဆယ်၌လည်း အလွန် ကြောက်စရာ ကောင်းသော သိုင်းကွက်များကို တတ်မြောက်ထားသူ ဖြစ်၏၊ ထို့ပြင် ဟိုမင်တင်မှာ အလွန်ခေါင်းမာသူဖြစ်ရာ ခြေထောက်နှစ်ဖက်လွတ်နေသော အနေအထားမှာပင် ပင့်၍ ဝှေ့၍ ဘက်ဆားသော စီမာကမ်းစင်း၏ ဓားချက်ကို သူ့ဓားဖြင့်ခံလျက် ထိုဓားချင်းထိအားကို အထောက်အကူပြုကာ လေထဲမှာပင် ကျွမ်းပစ်လျက် ဘေးဘက်သို့ ခုန်ထွက်သွားခဲ့သည်။

'ထန်း....'

ဓားချင်း ထိသံကား ပြင်းထန်လှသည်။ နေရောင်ခြည်အောက်တွင် မီးပွင့်မီးပွားများလည်း လက်လက်စဉ်သွားသည်။

စီမာကမ်းစင်း၏ အတွင်းအားကား နက်ရှိုင်းပေစွ။

ဟိုမင်တင်၏ ဓားကိုင်ထားသော လက်မှာ ထုံကျဉ်သွားသည်။

ဟိုမင်တင်သည် စီမာကမ်းစင်း၏ အတွင်းအားမှာ သူ့ထက်ဝက်မျှပင် ကြီးမားပေလိမ့်မည်ဟု တွက်မိလိုက်၏။ သို့ဆိုလျှင် သူ့အနေဖြင့် ဓားကိုဓားချင်း၊ အားကိုအားချင်း ပြိုင်နေလျှင် ကေန် ရှုံးနိမ့်ရတော့မည်ဟု ထိုခဏမှာပင် တွက်ဆမိလိုက်၏။

ထိုအခိုက်မှာပင် စီမာကမ်းစင်းသည် ဝက်ပါတဲတိုင်းသိုင်းကွက်ကို အသုံးပြုလျက် ထပ်မံ၍ ဝင်ရောက်တိုက်ခိုက်လာပြန်သည်။



စီမာကမ်းစင်း၏ ကိုယ်ရိပ်များသည် သုံးလေးခုခွဲထွက်သွားသကဲ့သို့ ဖြစ်သွား၏။ ဟိုမင်တင်၏ ပတ်ပတ်လည်တွင် စီမာကမ်းစင်း သုံးလေးယောက်ရှိ၍ တိုက်ခိုက်နေသကဲ့သို့ပင် ဖြစ်၏။

ဓားချက်များသည် လျင်မြန်လွန်းသောကြောင့် ဟိုမင်တင်၏ ပတ်ပတ်လည်တွင် တောက်ပသော သံမဏိပြားဖြင့် ကာရံလိုက်သကဲ့သို့ ဖြစ်သွားသည်။

ဟိုမင်တင်မှာ သိပ်သည်းလှသော နှင်းမှုန်တိုင်းအောက်တွင် မှုန်ဝါးပျောက်ကွယ် သွားတော့သည့်ပမာ ဖြစ်သွားသည်။

ပြင်းထန်သော အားအဟုန်ကြောင့် လေထုမှာ ကျာပွတ်ချေါင်း များစွာဖြင့် တစ်ပြိုင်နက် ရိုက်ခတ်နေသကဲ့သို့ ရွှန်းရွှန်းမြည်ကာ ဟူးဟူးထ လှုပ်ရှားလာ၏။

နှစ်ဖက်စလုံးမှ ကြည့်နေကြသူ အားလုံးမှာ စီမာကမ်းစင်း တိုက်ခိုက်မှုကို ရပ်လိုက်သောအခါတွင် သူ့ဓားချက်များကြောင့် အတုံးအတစ် ဖြစ်နေသောတပ်မှူးကြီး ဟိုမင်တင်ကို တွေ့ကြရတော့မည်ဟုပင် ထင်နေကြသည်။

မြို့စောင့်တပ်များဘက်မှ အယောင် ဆောင်ထားမှုကို သိနေကြသော တပ်မှူးများမှာမူ စိတ်မကောင်းခြင်းနှင့်ရောကာ အသက်ပင် မရှူနိုင်ကြတော့။

ဘစ်ရှိန်ထိုး တိုက်ခိုက်နေမှုမှာ အလွန် ကြာနေသည်ဟု ထင်နေကြသည်။

တကယ်တွင် အသက်မရှူနိုင်ဘဲ ဖြစ်နေကြသူများမှာ ကြည့်နေကြသူများချည်းသာ မဟုတ်၊ ပြီးတော့ ဖခင်၏ အားယောင်ဆောင်ထားသည့် ဟိုမင်တင် တစ်ဦးတည်းလည်း မဟုတ်။ မွန်ဂိုသေနာပတိ စီမာကမ်းစင်းသည်လည်း အသက်မရှူအားပါချေ။

တိုက်ပွဲ၏အမြင်မှာ မွန်ဂိုသေနာပတိ စီမာကမ်းစင်းက တစ်ဖက်သတ်ကြီး ဖိ၍ အပြင်းအထန် တိုက်ခိုက်နေသည်ဟု ထင်ရ၏၊ သို့ရာတွင် စီမာကမ်းစင်းနှင့် ဟိုမင်တင်၏တကယ့် အဖြစ်မှာ အမြီးကို ဆွဲခံထားရသော ကျားနှင့် ကျားမြီးကို ဆွဲထားသူပမာ ဖြစ်နေသည်။

စီမာကမ်းစင်းက ရှိသမျှ အတွင်းအားကို သွန်၍ အပြင်း အထန် အထက်အမြက်ဆုံးသော သိုင်းကွက်ကို ထုတ်၍ တိုက်ခိုက်လိုက်သည်နှင့် ဟိုမင်တင်ကလည်း လေးကျွန်းရာဇာမဟာ သိုင်းကျမ်းထဲမှ သံမဏိကွန်ချာ သိုင်းကွက်ကို အသုံးပြု၍ ကာကွယ်လိုက်သည်။

သို့သော် ဟိုမင်တင်သည် ထိုသံမဏိကွန်ချာ သိုင်းကွက်ကို အသုံးပြု ကာကွယ်ခဲ့ရာ၌ သာမန်ရိုးရိုး အသုံးပြုခြင်းမျိုး အသုံးပြုခဲ့ခြင်း မဟုတ်ချေ။

ခားချက်ချင်း တစ်ကြိမ်မျှ ဆိုင်လိုက်မိရုံနှင့် ဟိုမင်တင်မှာ စီမာကမ်းစင်းကသူ့ထက် အတွင်းအားအရာတွင် ဆဝက်မျှ သာလွန်နေသည်ဟု သိရှိခဲ့သည်၊ သူ့ဖခင်နေပြင့် သံမဏိကွန်ချာ သိုင်းကွက်ကို ရိုးရိုး အသုံးပြု ကာကွယ်ခဲ့လျှင် စီမာကမ်းစင်း၏ ခားချက်များ တိုးမပေါက်နိုင်သော်လည်း မိုးဆီးမိုးပေါက်ပမာ ကျဆင်းနေသော စီမာကမ်းစင်း၏ ခားချက်များနှင့် စေ့စပ်လုံခြုံစွာ ဝိုင်းပတ် ကာကွယ်ထားသော သူ့ခားချက်တို့ တွေ့ဆုံထိခိုက်ကြပေလိမ့်မည်။



သို့ဆိုလျှင် အတွင်းအား ဆဝက်မျှ သာနေသော စီမာကမ်းစင်း၏ ခားချက်များကြောင့် ဟိုမင်တင်မှာ လက်ထဲမှ ခားကို မြဲအောင် ကိုင်နိုင်စွမ်းမရှိဘဲ လွင့်ထွက်သွားပေလိမ့်မည်၊ ထိုသို့အဖြစ်မခံဘဲ အံကြိတ်ခဲ၍ ကိုင်ဆွဲထားလျှင်လည်း အတွင်းဒဏ် သင့်ပေလိမ့်မည်၊

ထိုသို့ စဉ်းစားမိခဲ့သော ဟိုမင်တင်သည် သံမဏိကွန်ချာ သိုင်းကွက်ကို အသုံးပြုရာတွင် သူ့ဖခင် အသေအချာ သင်ပြလေ့ကျင့်ပေးခဲ့သည့် အားပြောင်းအားလွှဲ သိုင်းပညာကို ပူးတွဲ၍ အသုံးချခဲ့လေသည်။

ထိုအားပြောင်းအားလွှဲ သိုင်းပညာ၏ သဘောထားက ရန်သူ အသုံးပြုလိုက်သော အားကို အသုံးချ၍ ရန်သူကို ပြန်လှန်တိုက်ခိုက်ခြင်းပင် ဖြစ်သည်၊ ထိုအားပြောင်းအားလွှဲသိုင်းပညာကို အသုံးချခြင်းဖြင့် ရန်သူ၏ အားကို တိုက်ရိုက်ခံဆောင်ရာလည်း မရောက်တော့။

ရန်သူ၏ တိုက်ခိုက်မှု လမ်းကြောင်းများကိုလည်း ရန်သူ အသုံးပြုလိုက်သော အားအရှိန်ကိုပင် အသုံးပြု၍ လွှဲပစ်လိုက်နိုင်၏၊

ယခု နှစ်ဖက် ကြည့်နေသူများ၏ အမြင်၌ ပြင်းထန်သော လေပွေဝဲတစ်ခုက သစ်ပင်ငယ်တစ်ပင်ကို ဝိုင်းပတ်တိုက်ခိုက်နေသကဲ့သို့ စီမာကမ်းစင်းက ပြင်းထန်ကြီးမားသော အား

အရှိန်ဖြင့် တပ်မှူးကြီး ဟိုမန်တာအား အဆက်မပြတ် ဝိုင်းပတ် ဖိနှိပ်တိုက်ခိုက်နေသည်ဟု ထင်ရ၏။

သို့သော် ထိုအမြင်မှာ တစ်ဝက်မျှသာ မှန်ပေ၏။

စီမာကမ်းစင်းက အဆက်မပြတ် ဝိုင်းပတ်တိုက်ခိုက်နေသည်မှာ မှန်သည်၊ သို့သော် သူ့သဘော သူ့အားနှင့်ချည်း ဤမျှ ကြာရှည်စွာ တိုက်ခိုက်နေသည် မဟုတ်။

( ၅၁ )

ဟိုမင်တင်က အားပြောင်းအားလွှဲ သိုင်းပညာဖြင့် စီမာကမ်းစင်း၏ ဓားချက်များကိုသူ့ဓားဖြင့် ခံယူထိန်းကျောင်းလျက် လွှဲထုတ်ပေးနေသောကြောင့် စီမာကမ်းစင်းမှာ သူ့အားအရှိန်ကို သူမထိန်းနိုင်တော့ဘဲ အဆက်မပြတ် ဝိုင်းပတ်တိုက်ခိုက်နေသကဲ့သို့ ဖြစ်နေခြင်း ဖြစ်၏။

ဟိုမင်တင်မှာ စီမာကမ်းစင်း၏ဓားချက်များကို သူ့ဓားဖြင့် ခံဆောင်နေသော်လည်း အားပြောင်းအားလွှဲသိုင်းပညာ၏ အာနိသင်ကြောင့် အတွင်းအား မိစီးမှုကို မခံစားရ၊ ထို့ပြင် မှားလွှဲလိုက်ခြင်း သဘောကြောင့် ဓားချက်ခြင်း

ထိုသံကလည်း နဖာဏလေ်ချင်း ရိုက်ခတ်သံမျှလောက်ပင် ကျယ်လောင်ခြင်း မရှိ။

ခဏမျှ ကြာလာသည်။

စီမာကမ်းစင်းမှာ အင်အားကြီးမားသူ လူကြီး တစ်ယောက်က ကလေးတစ်ယောက်၏ လက်မောင်းတစ်ဖက်ကို ဆွဲ၍ မွှေ့ယမ်းလှည့်ပတ်ခြင်း ခံနေရသကဲ့သို့ဖြစ်နေရာ ထိတ်လန့်လာသည်။

သူ ရပ်တန့်ပစ်ချင်နေပြီ။

သို့သော် သူအသုံးပြုနေသော အားအရှိန်ကြောင့် ရပ်တန့်၍မရဘဲ ဖြစ်နေ၏။ သူသည် လျင်မြန်စွာ လှည့်ပတ်နေရသောကြောင့် မူးဝေဝေလည်း ပြုနေပြီဖြစ်သည်။ စီမာကမ်းစင်းသည် ဘာကြောင့် ထိုသို့ဖြစ်နေရသည်ကို စဉ်းစား မရနိုင်ဘဲ သွေးရူးသွေးတန်း ဖြစ်လာ၏။

ထို့ကြောင့် ကျားဟိန်းသံမျိုးနှင့် မာန်သွင်း အော်ဟစ် လိုက်ရင်း ဓားကို တစ်ဆုံးဆန့်ကာ ထိုးမွှေလိုက်တော့သည်။

ထိုအခါ ဟိုမင်တင်ကလည်း သူ့ဓားကို တစ်ဆုံးဆန့် လျက် စီမာကမ်းစင်း၏ ဓားပေါ်တွင် သူ့ဓားကိုတင်၍ အားပြောင်းအားလွှဲ သိုင်းပညာကို အသုံးပြုလိုက်၏။ ထို အခါ စီမာကမ်းစင်းမှာ သူ့လက်ကိုသူ ထိန်း၍မရတော့ သဖြင့် ထိတ်လန့်တကြားဖြစ်ကာ နောက်ဘက်သို့ ဆောင့်၍ ရုပ်လိုက်သည်။

ဟိုမစ်တင်က စီမာကမ်းစင်း၏ ဓားရုပ်ရာနောက်သို့ အလိုက်သင့်မွေးကာ ဓားဦးကိုရစ်သည်ဆိုရုံမျှ ရစ်လိုက်၏။



'အား....'

စီမာကမ်းစင်းထံမှ ခပ်ကြိတ်ကြိတ်အော်သံ ထွက်လာ၏။ ထို့နောက် သူက နောက်ဘက်သို့ ခုန်ဆုတ်လိုက်ပြီး ဓားကို လွှတ်ချလိုက်ကာ ညာဘက်မျက်လုံးကို လက်နှစ်ဖက် နှင့် အုပ်လိုက်၏။ ထိုအခါ စီမာကမ်းစင်း၏ လက်ချောင်း များကြားမှ သွေးစများ စီးကျလာသည်ကို တွေ့ရသည်။

မွန်ဂိုတပ်မှူးများ ထိတ်လန့်သွားသည်။

သူတို့သေနာပတိကြီး၏ အကောင်းပကတိ ရှိနေသော မျက်လုံးတစ်လုံး ဆုံးရှုံးသွားရပြန်ပြီ။ သူတို့ သေနာပတိ ကြီးမှာ စုံလုံးကန်းဘဝသို့ ရောက်ရပြီဟု....

သို့သော် ထိုအခိုက်မှာပင် သေနာပတိကြီး စီမာကမ်းစင်း က ညာဘက်မျက်လုံးကို အုပ်ထားသော လက်များကို ဖယ် ရှားလိုက်ရင်း ဟိုမန်တာဟု ထင်နေသော ဟိုမင်တင်ကို ကြည့်လိုက်၏။

စီမာကမ်းစင်း၏ ညာဘက်မျက်လုံးမှာ မကန်းပါချေ။

သို့သော် သူ့ညာဘက်မျက်လုံး ပတ်ပတ်လည်တွင် ဟို မင်တင်က ဓားဦးဖြင့်ရုပ်၍ ရစ်လိုက်သဖြင့် သွေးစက်ဝိုင်း တစ်ခုကဲ့သို့ အရေပြားပေါက်ရုံမျှ ဒဏ်ရာတစ်ခု ဖြစ်နေ၏။

ထိုသည်ကိုမြင်ရသော မွန်ဂိုတပ်မှူးတို့မှာ ဩဘာ မပေးမိအောင် သူတို့လျှာကိုသူတို့ ဖိကိုက်ထားကြသည်။

မွန်ဂိုသေနာပတိကြီး စီမာကမ်းစင်းသည် ဟိုမန်တာဖာ ဝင် သူအမှတ်ပြုထားသော ဟိုမင်တင်ကို တွေတွေကြီး ကြည့်နေ၏။

ထို့နောက် ဦးခေါင်းကို လေးလေးကြီးညွတ်၍ နှုတ်ဆက်လိုက်ပြီး သူစီးလာသည့် မြင်းကြီးရှိရာသို့ ပြန်လျှောက်သွားသည်။

မွန်ဂိုတပ်မှူးများက လမ်းဖယ်ပေးကြသည်။

သေနာပတိကြီး စီမာကမ်းစင်းက မည်သူ့ကိုမျှ ဂရုမစိုက်တော့ဘဲ မြင်းပေါ်သို့တက်လိုက်ပြီး ခပ်သော့သော့နှင်၍ ထွက်သွားသည်။

မွန်ဂိုတပ်များက ခေါင်းငိုက်စိုက်ချ၍ နောက်မှလိုက်သွားကြသည်။

သူတို့ အဝေးတော် ဝေးဝေးသို့ ရောက်သောအခါ....

'ဟေး....'

မြို့စောင့် တပ်မှူးများက စီမာကမ်းစင်း ထွက်သွားရာသို့ တွေတွေကြီး ရပ်ကြည့်နေသော ဟိုမင်တင်ရှိရာသို့ ပြေးဝင်လာကြကာ ဝမ်းပန်းတသာ ပွေ့ဖက်၍ ဂုဏ်ပြုကြသည်။ ထို့နောက် သူတို့ကိုယ် သူတို့ မထိန်းချုပ်နိုင်ကြတော့ဘဲ ပွေ့ဖက်ထားသော ဟိုမင်တင်ကို အပေါ်သို့မြှောက်တင်လိုက်ကြ၏။



'ဟား....ဟား....ဟား'

ဟိုမင်တင်က ရယ်မောသံကြီးနှင့် အော်ဟစ်လိုက်လေသည်။

( ၇၂ )

အောင်စည်အောင်မောင်း သံများ ခြိမ့်ခြိမ့်ညံနေသည်။

အုန်းခွံရောင် မြင်းကြီးကို စီးလာသော ဟိုမင်တင်အား လမ်းဘေးဝဲယာမှ မြို့တော်သူ မြို့တော်သားတို့က ကောင်း ချီးသြဘာပေးကြသံမှာ ဘဝင်တိုင်အောင်မျှဟု ဆိုရတော့မည်။

သက်ကြီးရွယ်အို အဘွားအိုတွေက ဆုတွေ တတွတ်တွတ် ပေးနေကြသည်။

မြို့တော်သူ အပျိုချောတွေကမူ ပန်းများ ကြဲဖြန့်ပစ် ပေါက်၍ လည်းကောင်း၊ ရေမွှေးနံ့သာတို့ဖြင့် ကြဲပက်၍ လည်းကောင်း အပြုံးပန်းတွေ တဝေဝေနှင့် ကြိုဆိုနေကြသည်။

မိန်းမချောလေး လှည့်ပြေးသွားသည်။

ကြည့်နေသူများ၏ လက်ခုပ်ဩဘာသံများက ဘဝဂ်သို့ လျှံတက်သွားပြန်သည်။

* * *

တပ်မှူးကြီးဟိုမန်တာမှာ တပ်မဌာနချုပ်သို့ ပြန်ရောက်သွားလောက်ပြီ။

ကြိုဆိုသောပရိသတ်မှာလည်း သူရဲကောင်း တပ်မှူးကြီး၏ အကြောင်းကို အံ့ဩဘနန်း ပြောဆိုကြရင်း ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ကြပြီဖြစ်သည်။

ကွန်ကျင်ယာ ◌ီ တို့မောင်နှမနှင့် သမားတော်ကြီး ခေါ်ဖျူ၊ အဘချွန်တို့က အိမ်သို့ လမ်းလျှောက် ပြန်လာကြသည်။

'ဒီနေ့ကျမှပဲ အစ်ကိုကြီးက မအားရဘူးလို့ဗျာ'

ကွန်ယုတိုင်ကလေးက တပ်မှူးကြီးအား ကြိုဆိုရာတွင် ဟိုမင်တင် ပါမလာသည့်အတွက် မချင့်မရဲနှင့် ပြောနေ၏။ ကွန်ကျင်ယာ ◌ီ ကမူ မျက်မှောင်ကလေးချီ၍ တွေးနေရင်း....

'ဘိုးဘိုး'

သူ့အဘိုးကို ခေါ်လိုက်သည်။



သမားတော်ကြီးက သူ့မြေးကို ငဲ့ကြည့်ရင်း....

'ဘာလဲမြေး'

'တပ်မှူးကြီးကို မြေးက ပန်းကုံး စွပ်လိုက်တုန်းမှာ တပ်မှူးကြီးက ကျွန်မကို မင်းကမှလေးကျွန်းကေရီအစစ်တဲ့ တိုးတိုးလေးပြောသွားတယ်'

'ဟုတ်လားကွယ့်'

သမားတော်ကြီးက ခပ်ပေါ့ပေါ့ပြောသည်။ ကွန်ကျင်ယာ ◌ီ က သူ့အဘိုး၏ လေသံကို ဂရုမစိုက်ဘဲ....

'ပြီးတော့ ပြောသေးတယ်၊ ဒီနေ့ ညနေကျရင် မင်းတို့အိမ်ကို ဟိုမင်တင် လာလိမ့်မယ်တဲ့'

ဤအခါ သမားတော်ကြီးက သူ့မြေးမမြင်အောင်ပြုံး၍ အဘချွန်ကို လှမ်းကြည့်သည်။

အဘချွန်က မရယ်မိအောင် သူ့နှုတ်ခမ်းများကို တင်းတင်းခဲ့ထားသည်။

မိန်းမချောလေး ကွန်ကျင်ယာ ◌ီ က ဆက်ပြောပြန်သည်။

'တပ်မှူးကြီးက ဒီအကြောင်းကို ဘယ်လိုလုပ်ပြီး သိနေတာလဲ မသိဘူးနော်'

'ဟိုမင်တင်ကများ ညည်းကိုသွားပြီး တောင်းရမ်းစေ့စပ်ပေးဖို့များ တပ်မှူးကြီးကို ပြောထားသလားမှ မသိဘာ'

အဘချွန်က ခပ်တည်တည်ကြီး ပြောလိုက်သည်။

'အို....'

ကွန်ကျင်ယာ ◌ီ ၏မျက်နှာတွင် ရှက်သွေးရဲရဲ ဖြန်းသွား၏။

'ဟုတ်လိမ့်မယ်'

ကွန်ယုတိုင်က ဝင်ပြောလိုက်သည်။ ပြီးမှ ဆက်၍....

'ဒါကြောင့် သူရဲကောင်း တပ်မှူးကြီးစာ အစ်မကို မျက်စိတစ်ဖက် မှိတ်ပြသွားတာ ကျွန်တော် မြင်လိုက်ရတာကိုး၊ အိုး....အိုး'

အော်လိုက်သည်။

'မောင်လေးနော်'

ကွန်ကျင်ယီကပြောရင်း သူ့မောင်ငယ်၏ ကျောပြင်ကို ထုလိုက်သည်။ ကွန်ယုတိုင်က ကျွမ်းကျင်စွာ ရှောင်တိမ်းလိုက်ပြီး....

'သူ့ကိုယ်သူများ လေးကျွန်းကြေရိတဲ့၊ ဟား....ဟား'

အော်ဟစ်ရယ်မောကာ ထွက်ပြေးသွားသည်။ ကြည်နူးစိတ်နှင့် ရှက်စိတ်ရောနေသော ကွန်ကျင်ယီက နောက်မှ ပြေးလိုက်သွားသည်။

အဘချွန်နှင့် သမားတော်ကြီးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အားရပါးရ ရယ်မောနေကြလေ၏။

ဇာတ်သိမ်းပိုင်းပြီး။

ရဲမာန်အောင်